# မြန်မာနိုင်ငံစာရေးဆရာအသင်း

၁၃၇၈ ခုနှစ်

# မြန်မာနိုင်ငံ စာဆိုတော်နေ့ အခမ်းအနား

## ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်း

## မြန်မာနိုင်ငံ စာရေးဆရာအသင်း

၁၃၄၈ ခုနှစ်

# မြန်မာနိုင်ငံ စာဆိုတော်နေ့

## အခမ်းအနား

ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများ၏

အတ္ထုပ္ပတ္တိအကျဉ်း

# မြန်မာနိုင်ငံ စာရေးဆရာအသင်း

မြန်မာနိုင်ငံစာဆိုတော်နေ့အခမ်းအနား
ကန်တော့ခံသက်ကြီးပညာရှင်ကြီးများ၏
အတ္ထုပ္ပတ္တိအကျဉ်း

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ -

ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)
(အတွင်းရေးမှူး)
မြန်မာနိုင်ငံစာရေးဆရာအသင်း
အမှတ် (၁၇၃/၁၇၅)၊ (၇ လွှာနှင့် ၈ လွှာ)၊
မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား
(ပန်းဆိုးတန်းလမ်းမကြီး) က
ထုတ်ဝေသည်။

"အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်"

(WE SHALL UPLIFT PRIDE OF HERITAGE AND LITERATURE)

# စာပွဲစည်းမှု

၁။ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၏ သဝဏ်လွှာ

၂။ စာဆိုတော်နေ့ သမိုင်းအကျဉ်း

၃။ ကန်တော့ပွဲအစဉ်အလာ

၄။ ၁၃၇၈ ခုနှစ်၊ ပူဇော်ကန်တော့ခံသက်ကြီးစာပေ

ပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်း

၅။ ၁၃၇၈ ခုနှစ်၊ ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများ

အသစ်တိုးစာရင်း

၆။ ၁၃၇၇ ခုနှစ်၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများ

အနက် ကွယ်လွန်သူများစာရင်း

၇။ ၁၃၇၈ ခုနှစ်၊ ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများ

ကန်တော့ပွဲအတွက် လှူဒါန်းသည့် အလှူရှင်များစာရင်း

**(နှစ်စဉ် ကန်တော့ပွဲနေ့ လက်ကမ်းကြော်ငြာအဖြစ် ဖြန့်ဝေပါသည်။)**

# ၁၃၇၈ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် နတ်တော်လဆန်း(၁)ရက် နေ့ကို "စာဆိုတော်နေ့"အဖြစ် ၁၃၀၆ ခုနှစ်မှ စတင်သတ်မှတ်၍ စာပွဲသဘင်များ ဆင်ယင်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၇၂) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

ရှေးမြန်မာမင်းများ လက်ထက်ကပင် နတ်တော်လတွင် ထူးချွန်ထက်မြက်သော စာဆိုတော်ကြီးများကို ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခဲ့သည့် အစဉ်အလာ ရှိခဲ့ပါသည်။

ယခုမျက်မှောက်ကာလမှာလည်း နှစ်စဉ်နတ်တော်လဆန်း (၁)ရက်နေ့တွင် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်မှ ချီးမြှင့်သည့် အမျိုးသားစာပေဆုပေးပွဲနှင့်စာပေဗိမာန်စာမူ ဆုပေးပွဲများကို ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလျက် ရှိပါသည်။

ထိုသို့ နိုင်ငံတော်မှ စာပေဆုပေးပွဲများ ချီးမြှင့်ပြီးသည်နှင့် တစ်ဆက်တည်းမှာပင် ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ဆရာဝန်တင်ရွှေ စာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ သုတစွယ်စုံစာပေဆု၊

ရွှေအမြုတေစာပေဆုစသော ပုဂ္ဂလိက စာပေစေတနာရှင်များက လည်း ထူးချွန်သော စာပေပညာရှင်များကို ထိုက်တန်စွာ ချီးမြှင့်ခြင်း ဖြင့် စာပေဂုဏ်ကို မြှင့်မားစေကြပါသည်။

စာဆိုတော်နေ့သည် သုတ၊ ရသစာပေများ ရေးသားကြသည့် စာရေးဆရာ၊ စာပေပညာ ရှင်များ အမြတ်တနိုးတန်ဖိုးထား ဂုဏ်ယူသော နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

ထိုနေ့ထူးနေ့မြတ်ကို ဂုဏ်ပြုလျက် မြန်မာနိုင်ငံစာရေးဆရာ အသင်းသည် သက်ကြီးစာပေ ပညာရှင်များ ကန်တော့ပွဲကို နှစ်စဉ် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ စာပေဖြင့် နိုင်ငံအကျိုး၊ အများပြည်သူအကျိုးသယ်ပိုးရွက်ဆောင်ခဲ့ကြသည့်အပြင် ဂုဏ်အား ဖြင့် ကြီးမြတ်သူ၊ အသက် အရွယ်အားဖြင့် ကြီးမြင့်သူ စာပေပညာရှင်ကြီး များအား စာပေဂုဏ်ကို ရည်မှန်းလျက် ရိုသေစွာ ပူဇော်ကန်တော့ ကြခြင်း ဖြစ်ပါသည်။

ခေတ်အဆက်ဆက်မှ စာဆိုတော်ကြီးများ၊ စာပေပညာရှင် ကြီးများသည် အလိမ္မာရှိသောစာ၊ နိုင်ငံလူမျိုးကို ချစ်မြတ်နိုးစေသော စာ၊ ကမ္ဘာနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေသောစာများစွာတို့ကို ရေးသားပြုစုခြင်းဖြင့် လက်ဆင့်ကမ်းအမွေ ကျေပွန်ခဲ့ကြပေပြီ။

စာပေသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို အကဲဖြတ်ရာတွင် စာပေသည် အဓိကအခြေခံဖြစ်သည်။ စာပေ မြင့်မှ လူမျိုးတင့်သည်။ စာပေသည် လူတို့၏ ဘဝအတွက် အလင်းရောင် ဖြစ်သည်။ အသိ အလိမ္မာ ဉာဏ်ပညာကို ကြီးမြင့်စေသည်။

ထို့ကြောင့် မျက်မှောက်ခေတ် စာပေပညာရှင်များ၊ စာပေချစ်မြတ်နိုးသူများအားလုံးသည် စာပေတာဝန် ကျေပွန်ခဲ့ကြသော စာဆိုတော်ကြီးများ၊ စာပေပညာရှင်ကြီးများကို ဂုဏ်ပြုပူဇော်လျက် လက်ဆင့်ကမ်းအမွေခံယူရင်း အလိမ္မာရှိသောစာ၊ တိုင်းပြည်နှင့် လူမျိုးဂုဏ်ကို မြှင့်တင်နိုင်သောစာ၊ လူတို့၏ ဘဝအတွက် အလင်းရောင်ပေးနိုင်သော စာများစွာကို ရေးသား၍ စာပေတာဝန်ကျေပွန်အောင် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း အလေးအနက် တိုက်တွန်းကာ ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဥက္ကဋ္ဌ
ဦးကျော်ဝင်း (မနုဿကျော်ဝင်း)
မြန်မာနိုင်ငံစာရေးဆရာအသင်း

ရက်စွဲ၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း(၁)ရက်
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်

# စာဆိုတော်နှင့် စာဆိုတော်နေ့ သမိုင်းအကျဉ်း

ဂျပန်ခေတ်၊ ပညာတံခွန်အသင်းသည် ကွမ်းခြံကုန်းမြို့၌ အဘိဓာန်နှင့် ပညာစွယ်စုံကျမ်းများပြုစုရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် ဦးပုညနေ့ကျင်းပရေး အစီအစဉ်တစ်ရပ် ချမှတ်လုပ်ဆောင်ခဲ့ကြ၏။ ထိုအကြောင်းကို ရန်ကုန်မြို့ရှိ ပညာတံခွန်အသင်းကြီးသို့ အကြောင်းကြားခဲ့သည်။ ထိုအခါ ပညာတံခွန်အသင်းကြီးက စာဆိုတော်တစ်ဦးအတွက် နေ့တစ်နေ့ သတ်မှတ်ကျင်းပသည်ထက် စာဆိုတော်အများနှင့် သက်ဆိုင်သော နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ကျင်းပရန် စာပေပညာရှင်များ၊ ပညာတံခွန်အသင်းက ပုဂ္ဂိုလ်ကြီးများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းက ပုဂ္ဂိုလ်များသည် ၁၉၄၄ ခုနှစ်၊ မေလ (၈) ရက်တွင် စာဆိုတော်နေ့ကျင်းပရေး အစည်းအဝေး တစ်ရပ်ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးကြီးက ဦးပုညနေ့ အစား "ဗမာ့စာဆိုတော်နေ့" အဖြစ် ကျင်းပရန်နှင့် စာဆိုတော်နေ့ ကို နှစ်စဉ်မြန်မာနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ကြ၏။

ထိုဆုံးဖြတ်ချက်အရ ပထမအကြိမ် စာဆိုတော်နေ့ အခမ်းအနားကို ၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ (၁၃၀၆ ခုနှစ်) မှ စတင် ကျင်းပသည်။ ရန်ကုန်မြို့တွင် မြန်မာနိုင်ငံစာရေးဆရာ အသင်းက ဝိဇယပြဇာတ်ကခဲ့သည်။ အနယ်နယ်အရပ်ရပ်၌ စာဆိုတော်နေ့ အထိမ်းအမှတ် အဖြစ် စာပေဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ စာပေသရုပ်ဖော်ပွဲများ၊ စာပေပြိုင်ပွဲများ၊ စာပေ ဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

ထိုအခါမှစ၍ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့တိုင်း

စာဆိုတော်နေ့ အခမ်းအနားများကျင်းပခဲ့သည်။ စာဆိုတော်နေ့ အခမ်းအနားများကို မြန်မာနိုင်ငံ စာရေးဆရာအသင်းက ဦးစီး ကျင်းပသည်။ စာဆိုတော်နေ့ အခမ်းအနား၌ သက်ကြီးဝါကြီး စာရေးဆရာကြီးများကို ကန်တော့ခဲ့ကြ၏။ စာပေဟောပြောမှုများ လုပ်ခဲ့၏။ ညပိုင်းတွင်မူ ရှေးစာဆိုတစ်ဦးဦး၏ အတ္ထုပ္ပတ္တိကို ဇာတ်အိမ်ဖွဲ့ကာ ပြဇာတ်ကခဲ့ကြ၏။ ယင်းသို့ ပြဇာတ်ကခြင်းမှာ စာပေသဘောအရ စာဆိုတော်ကြီး များကို ဂုဏ်ပြုခြင်းဖြစ်သည်။ နေ့ပိုင်းအခမ်းအနားများမှာ စာရေးဆရာများသာ ပါဝင်ဆင်နွှဲ နိုင်သော အခမ်းအနားသက်သက်သာဖြစ်ခဲ့ပြီး၊ ညပိုင်းပြဇာတ်များ မှာမူ ပြည်သူအများကြည့်နိုင်သော ပြဇာတ်များဖြစ်၏။ ထို့အပြင် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် 'စာရေးဆရာ' 'စာပေ' စသည့် စာစောင်များ၊ မဂ္ဂဇင်းများ ထုတ်ခဲ့ကြ၏။ ၁၃၁၂ စာဆိုတော်နေ့ (၁၀-၁၂-၅၀) တွင် စာဆိုတော်နေ့ အခမ်းအနားကို လူထု အစည်းအဝေး အခမ်းနားကြီးအဖြစ် လှုံ့ဆော်စည်းရုံး ကျင်းပခဲ့၏။ ထိုအခါမှစ၍ စာဆိုတော်နေ့ကို တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော နေ့တစ်နေ့အဖြစ် ကျင်းပနိုင်ရန် စတင်ဆောင်ရွက်ခဲ့ကြ၏။

စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာဆိုတော်တစ်ဦးဦး အကြောင်းကို ပြဇာတ်ကပြခဲ့သော အစဉ်အလာကို ၁၃ဝ၆ မှစ၍ ၁၃၁၇ အထိ ဆက်လက်ကျင့်သုံးခဲ့၏။ ၁၃၁၉ မှစ၍ ပြဇာတ် ကခဲ့သော အစီအစဉ်ကို ဖျက်ခဲ့သည်။

ထိုသို့ရန်ကုန်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းက စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပသည့်နည်းတူ နိုင်ငံအနယ်နယ်အရပ်ရပ် တွင်လည်း စာဆိုတော်နေ့ အခမ်းအနားများ ကျင်းပခဲ့ကြ၏။ နယ်စာဆိုတော်နေ့ အခမ်းအနားများကို စာပေဝါသနာရှင်များ၊ ကျောင်းသူလူငယ်များ၊ သတင်းထောက်

များနှင့် ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များက ဦးစီးကျင်းပလေ့ရှိ၏။ ထိုစာဆိုတော်နေ့အခမ်းအနားသို့ စာပေပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ဟောပြောပွဲများနှင့် ရန်ကုန်နည်းတူ ပြဇာတ်များ၊ ပဒေသာကပွဲများ ပါဝင်လေ့ ရှိသည်။ တချို့ ဒေသများ၌ စာအုပ်ပြပွဲများ ကျင်းပခဲ့ကြ၏။

နောက်ပိုင်းတွင် နယ်များ၌ ကျင်းပသော စာဆိုတော်နေ့ အခမ်းအနားများ အသွင် ပြောင်းလာ၏။ အထူးသဖြင့် ရန်ကုန်ရှိ စာရေးဆရာများကို ဖိတ်ကြား၍ စာပေဟောပြောပွဲများ ကျင်းပသော အလေ့အထ ထွန်းကားလာ၏။ စာပေ ဟောပြောပွဲများမှတစ်ဆင့်တက်ကာ စာရေးသူ၊ စာဖတ်သူ ဒူးတိုက်တွေ့ဆုံ ဆွေးနွေးသော စာပေဆွေးနွေးပွဲများပါ ပြုလုပ်လာကြ၏။ ထိုအခါ စာဆိုတော်နေ့ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများ ကျင်းပမှု အစဉ်အလာ ထွန်းကားလာ၏။

စာဆိုတော်နေ့အခမ်းအနားကျင်းပသော ကာလမှာ ရက်သတ္တတစ်ပတ်ကာလထက် ပိုမိုရှည်လျား၏။ နတ်တော်လ တစ်လလုံးလုံး ကျင်းပရသည်အထိ နယ်များ ပိုများလာ၏။ အချိန်ကာလလည်း ပိုရှည်လာ၏။ စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲ ကျင်းပသော ကာလသည် စာဆိုတော်နေ့အကြိုနှင့် စာဆိုတော်နေ့ နောက်ပိုင်းကာလအထိ တစ်လကျော်ကျော် ကျင်းပသည်အထိ အချိန်ကာလ ရှည်လျားလာခဲ့သည်။ ဟောပြောပွဲ၊ ဆွေးနွေးပွဲ လုပ်ငန်းများအပြင် လေ့လာရေးလုပ်ငန်းများကိုပါ ပူးတွဲလုပ်ဆောင်လာကြသည်။

(မလိခရေးသားပြုစုသည့် မြန်မာအဘိဓာန် (၂) မှ ကောက်နုတ်ဖော်ပြပါသည်)

ဒုတိယအကြိမ် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီ (၁၆-၆-၂၀၁၂)

| | | |
|---|---|---|
| ၁။ | ဦးကျော်ဝင်း(မနုဿကျော်ဝင်း) | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ချိုချိုတင် (မစန္ဒာ) | ဒုတိယ ဥက္ကဋ္ဌ(၁) |
| ၃။ | ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) | ဒုတိယ ဥက္ကဋ္ဌ(၂) |
| ၄။ | ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) | ဒုတိယ ဥက္ကဋ္ဌ(၃) |
| ၅။ | ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) | အတွင်းရေးမှူး |
| ၆။ | ဦးမြတ်ဝေတိုး(မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်) | တွဲဖက်အတွင်းရေးမှူး(၁) |
| ၇။ | ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး) | တွဲဖက်အတွင်းရေးမှူး(၂) |
| ၈။ | ဦးကြည်စိန်(မှော်ဝန်းကြည်မြတ်) | တွဲဖက်အတွင်းရေးမှူး(၃) |
| ၉။ | ဦးကြိုင်မြင့် (မောင်ရန်ရှင်း) | ဘဏ္ဍာရေးမှူး |
| ၁၀။ | ဦးမြတ်စိုး(မြတ်စိုး-လှိုင်) | စာရင်းစစ်ခေါင်းဆောင် |
| ၁၁။ | ဒေါက်တာတင်အောင်မွှေ (ဟင်အောင်မွှေ-သုဓေသတီ) | ပြန်ကြားရေးမှူး |
| ၁၂။ | ဒေါ်မြမြသန်း(မနှင်းဖွေး) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၁၃။ | ဦးမောင်မောင်ဦး(သန်လျင်မောင်မောင်ဦး) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၁၄။ | ဦးကျော်စိုး(မောင်ကျေးရူး) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၁၅။ | ဦးစိန်ဝင်း(မောင်စိန်ဝင်း-ပုတီးကုန်း) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၁၆။ | ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၁၇။ | ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၁၈။ | ဒေါက်တာမြင့်သန်း(ဒေါက်တာမြင့်သန်း-ညောင်လေးပင်) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၁၉။ | ဦးသန်းလှိုင်(တက္ကသိုလ်သစ်) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၂၀။ | ဦးခင်ဆွေ(ရွှေစွန်ညို) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၂၁။ | ဒေါ်သန်းသန်းမြင့်(သျှိ-အင်ကြင်း) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၂၂။ | ဦးစိန်လှ(သိပ္ပံစိုးမြင့်နိုင်) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၂၃။ | ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၂၄။ | ဦးအောင်သန်းဦး(ပုသိမ်အောင်သန်းဦး) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၂၅။ | ဦးမင်းရွှေ(မင်းရွှေမင်း-တောင်ကုတ်) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၂၆။ | ဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၂၇။ | ဦးလှထွန်းအောင်(မောင်မောင်ထွန်းအောင်-ကျန်းမာရေး) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၂၈။ | ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၂၉။ | ဒေါက်တာအေးမင်း(ဒေါက်တာအောင်ထက်-ဆေး၁) | ဗဟိုအမှုဆောင်ကော်မတီဝင် |
| ၃၀။ | ဦးစိုးမြင့်(စိုးမှူး) | ဗဟိုအမှုဆောင်ကော်မတီဝင် |

# မြန်မာနိုင်ငံ စာရေးဆရာအသင်း
# သက်ကြီးစာပေပညာရှင်များအား
# ငွေခေါ်ကန်တော့ပွဲအစဉ်အလာ

သက်ကြီးစာပေပညာရှင်များအား စာဆိုတော်နေ့ အနီးကပ်ဆုံးဝန်းကျင်တွင် ကန်တော့လေ့ရှိသော အစဉ်အလာကို ပြည်ထောင်စုမြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီးက စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ပထမဦးစွာ စတင်ကန်တော့ခဲ့သော မြန်မာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ ကမ္ဘာသုံးနှစ် ၁၉၈၀ ပြည့်နှစ်က ကန်တော့ခံသက်ကြီး စာပေပညာရှင် ၁၀ ဦးသာ ရှိခဲ့ပါသည်။ ထိုစဉ်က ရန်ကုန်တိုင်းအတွင်းရှိ သက်ကြီးစာပေပညာရှင်များကိုသာ ကန်တော့ခြင်း ဖြစ်ပါသည်။ စာပေလုပ်သားအဖွဲ့ကြီးက သက်ကြီးစာပေပညာရှင်များအား ကန်တော့ခဲ့သော အကြိမ်ပေါင်း၊ ကန်တော့ခဲ့သည့် ခုနှစ်နှင့် နှစ်အလိုက် ကန်တော့ခံ စာပေပညာရှင်ကြီးများ၏ အရေအတွက်တို့ကို အောက်တွင် ဖော်ပြအပ်ပါသည်-

| အကြိမ် | မြန်မာသက္ကရာဇ် | ကမ္ဘာသုံးနှစ် | ကန်တော့ခံသက်ကြီး စာပေပညာရှင်ဦးရေ |
|---|---|---|---|
| ၁ | ၁၃၄၂ | ၁၉၈၀ | ၁၀ |
| ၂ | ၁၃၄၃ | ၁၉၈၁ | ၁၀ |
| ၃ | ၁၃၄၄ | ၁၉၈၂ | ၉ |
| ၄ | ၁၃၄၅ | ၁၉၈၃ | ၉ |
| ၅ | ၁၃၄၆ | ၁၉၈၄ | ၂၁ |
| ၆ | ၁၃၄၇ | ၁၉၈၅ | ၂၅ |
| ၇ | ၁၃၄၈ | ၁၉၈၆ | ၂၇ |
| ၈ | ၁၃၄၉ | ၁၉၈၇ | ၂၅ |

၁၉၈၉ ခုနှစ်တွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးကို ပြန်လည်ဖွဲ့စည်းပြီးနောက် ရန်ကုန်တိုင်းအတွင်းရှိ အသက် (၈၀) နှင့်အထက် သက်ကြီးစာပေပညာရှင်များအား ကန်တော့ သည့်အစဉ်အလာကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးက မြန်မာသက္ကရာဇ် ၁၃၅၆ ခုနှစ် (၁၉၉၄ ခုနှစ်)နှင့် ၁၃၅၇ ခုနှစ် (၁၉၉၅ ခုနှစ်)တွင် ပြန်လည် ပြုလုပ်ခဲ့ပါသည်။ ထို့နောက်ပိုင်းတွင် ရန်ကုန်တိုင်းအဆင့် ကန်တော့ခြင်းမှ မြန်မာတစ်နိုင်ငံလုံးအဆင့်ဖြင့် သက်ကြီးစာပေပညာရှင်များအား ကန်တော့ခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ် (၁၉၉၆ ခုနှစ်)တွင် ကျင်းပသော ဒုတိယအကြိမ် သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲမှစ၍ အောက်ပါစာရင်းအတိုင်း ကန်တော့ခဲ့ကြပါသည် –

| အကြိမ် | မြန်မာ သက္ကရာဇ် | ကမ္ဘာသုံးနှစ် | ကန်တော့ခံသက်ကြီး စာပေပညာရှင်ဦးရေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၃၅၆ | ၁၉၉၄ | ၃၆ | ရန်ကုန်တိုင်း |
| ၂ | ၁၃၅၇ | ၁၉၉၅ | ၄၂ | ရန်ကုန်တိုင်း |
| ၃ | ၁၃၅၈ | ၁၉၉၆ | ၆၆ | တစ်ပြည်လုံး |
| ၄ | ၁၃၅၉ | ၁၉၉၇ | ၈၂ | တစ်ပြည်လုံး |
| ၅ | ၁၃၆၀ | ၁၉၉၈ | ၉၅ | တစ်ပြည်လုံး |
| ၆ | ၁၃၆၁ | ၁၉၉၉ | ၁၀၈ | တစ်ပြည်လုံး |
| ၇ | ၁၃၆၂ | ၂၀၀၀ | ၁၁၈ | တစ်ပြည်လုံး |
| ၈ | ၁၃၆၃ | ၂၀၀၁ | ၁၂၇ | တစ်ပြည်လုံး |
| ၉ | ၁၃၆၄ | ၂၀၀၂ | ၁၂၂ | တစ်ပြည်လုံး |
| ၁၀ | ၁၃၆၅ | ၂၀၀၃ | ၁၁၉ | တစ်ပြည်လုံး |
| ၁၁ | ၁၃၆၆ | ၂၀၀၄ | ၁၁၁ | တစ်ပြည်လုံး |
| ၁၂ | ၁၃၆၇ | ၂၀၀၅ | ၁၀၇ | တစ်ပြည်လုံး |
| ၁၃ | ၁၃၆၈ | ၂၀၀၆ | ၁၁၁ | တစ်ပြည်လုံး |
| ၁၄ | ၁၃၆၉ | ၂၀၀၇ | ၁၂၀ | တစ်ပြည်လုံး |
| ၁၅ | ၁၃၇၀ | ၂၀၀၈ | ၁၃၁ | တစ်ပြည်လုံး |
| ၁၆ | ၁၃၇၁ | ၂၀၀၉ | ၁၃၁ | တစ်ပြည်လုံး |
| ၁၇ | ၁၃၇၂ | ၂၀၁၀ | ၁၃၅ | တစ်ပြည်လုံး |
| ၁၈ | ၁၃၇၃ | ၂၀၁၁ | ၁၆၂ | တစ်ပြည်လုံး |
| ၁၉ | ၁၃၇၄ | ၂၀၁၂ | ၁၆၉ | တစ်ပြည်လုံး |
| ၂၀ | ၁၃၇၅ | ၂၀၁၃ | ၁၇၁ | တစ်ပြည်လုံး |
| ၂၁ | ၁၃၇၆ | ၂၀၁၄ | ၁၈၀ | တစ်ပြည်လုံး |
| ၂၂ | ၁၃၇၇ | ၂၀၁၅ | ၁၈၆ | တစ်ပြည်လုံး |
| ၂၃ | ၁၃၇၈ | ၂၀၁၆ | ၂၀၀ | တစ်ပြည်လုံး |

ယခုမြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ ကမ္ဘာသုံးနှစ် ၂၀၁၆ ခုနှစ်တွင် သက်ကြီး စာပေပညာရှင် (၂၀၀) ဦးအား ပူဇော်ကန်တော့ပွဲကို အစဉ်အလာ မပျက် ဆက်လက်ကျင်းပမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## ၁၃၃၀ ခုနှစ်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ကန်တော့ခံသက်ကြီးစာပေပညာရှင်များစာရင်း


| စဉ် | အမည်/ ကလောင်အမည် | မြို့နယ် | စာမျက်နှာ |
|---|---|---|---|
| | **ကချင်ပြည်နယ်** | | |
| ၁ | ဆရာမကြီး ဒေါ်ခင်သန်းမြင့် (ခင်လေးမြင့်-မြစ်ကြီးနား) | မြစ်ကြီးနား | ၂၃ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | | |
| ၂ | ဆရာကြီး ဦးတိုးဝေ (မုံရွာတိုးဝေ) | မုံရွာ | ၂၅ |
| ၃ | ဆရာကြီး ဦးအုံမောင် (အုံမောင်) | မုံရွာ | ၂၇ |
| ၄ | ဆရာကြီး ဦးကျော်သောင်း (ကျော်သောင်း-ဘုတလင်) | ။ | ၂၉ |
| ၅ | ဆရာကြီး ဦးအောင်ခန့် (ဝဏ္ဏသိရိ) | ။ | ၃၁ |
| ၆ | ဆရာကြီး ဦးစိုးလှိုင် (ရေနံ့သာ-စိုးလှိုင်) | စစ်ကိုင်း | ၃၅ |
| | **မကွေးတိုင်းဒေသကြီး** | | |
| ၇ | ဆရာကြီး ဦးချစ်လွင်(တောသားကြီးလူနိုင်) | မင်းလှ | ၃၇ |
| ၈ | ဆရာကြီး ဦးသိန်းအောင် (မြင့်ရည်-တမာမြေ) | ပခုက္ကူ | ၃၈ |
| ၉ | ဆရာကြီး ဦးရွှေသန်း (ကန်တော်) | ။ | ၄၀ |
| ၁၀ | ဆရာကြီး ဦးကျော်ဆန်း (သကျဘုန်းမော်) | မကွေး | ၄၂ |
| ၁၁ | ဆရာကြီး ဦးမြင့်သိန်း (ပင်လုံခွန်) | မကွေး | ၄၄ |
| ၁၂ | ဆရာကြီး ဦးအေးဝေ (အေးဝေ-သရက်) | မကွေး | ၄၆ |
| | **ပဲခူးတိုင်းဒေသကြီး** | | |
| ၁၃ | ဆရာကြီး ဦးစိုးတင့် (ဟံသာ စိုးတင့်) | ပဲခူး | ၅၀ |
| | **မန္တလေးတိုင်းဒေသကြီး** | | |
| ၁၄ | ဆရာကြီး ဦးမောင်မောင်(ခ)မောင်မောင်သက် | ပုသိမ်ကြီး | ၅၁ |
| ၁၅ | ဆရာကြီး ဦးအောင်မြင့်(မောင်သိင်္ဂီ-ရွှေဘို) | ချမ်းမြသာစည် | ၅၃ |
| ၁၆ | ဆရာကြီး ဦးဘထိန်(ထီလာဖိုးဘထိန်) | မိတ္ထီလာ | ၅၅ |

| စဉ် | အမည်/ ကလောင်အမည် | မြို့နယ် | စာမျက်နှာ |
|---|---|---|---|
| ၁၇ | ဆရာကြီး ဦးအုန်းမောင် (မောင်အောင်မြင်-မိတ္ထီလာ) | မိတ္ထီလာ | ၅၇ |
| ၁၈ | ဆရာကြီး ဦးသန်းထွန်း(သတင်းထောက်) | ကျောက်ဆည် | ၆၀ |
| ၁၉ | ဆရာကြီး ဦးမြသောင်း(စာရေးဆရာ) | ချမ်းအေးသာစံ | ၆၁ |
| ၂၀ | ဆရာကြီး ဦးအောင်သူ(သံမဏိမောင်မောင်) | အောင်မြေသာစံ | ၆၂ |
| ၂၁ | ဆရာကြီး ဦးကျော်မြင့် (ကျော်ကျော်-ဥတ္တံ) | 〃 | ၆၃ |
| ၂၂ | ဆရာကြီး ဦးဆန်နီ (မောင်စိုးရ - မလှိုင်) | မလှိုင် | ၆၅ |
| ၂၃ | ဆရာကြီး ဦးထွန်းဝေ (တက္ကသိုလ် မောင်ထွန်းဝေ) | ပုသိမ်ကြီး | ၆၆ |
| ၂၄ | ဆရာကြီး ဦးမြစိန် (မြစိန်) | ချမ်းအေးသာစံ | ၆၈ |
| ၂၅ | ဆရာကြီး ဦးလှမြင့် (တက္ကသိုလ်လှမြင့်) | ပျဉ်းမနား | ၇၀ |


## မွန်ပြည်နယ်


| | | | |
|---|---|---|---|
| ၂၆ | ဆရာကြီး ဦးငွေလှိုင် (ဘီလူးကျွန်း-ငွေလှိုင်) | ချောင်းဆုံ | ၇၂ |
| ၂၇ | ဆရာကြီး ဦးတင်ထွန်း (မောင်သပ်ရပ်) | ကျိုက်ထို | ၇၄ |
| ၂၈ | ဆရာကြီး ဦးတင်လှိုင် (ရာမညအောင်နိုင်သူ) | မော်လမြိုင် | ၇၆ |
| ၂၉ | ဆရာကြီး ဦးကြီးစိန် (မောင်ကြီးစိန်-ရာမည) | မော်လမြိုင် | ၇၈ |
| ၃၀ | ဒေါက်တာတင်စိုး | မော်လမြိုင် | ၈၁ |


## ရန်ကုန်တိုင်းဒေသကြီး


| | | | |
|---|---|---|---|
| ၃၁ | ဆရာကြီး ဦးကျော်ဆန်း(သုခိအောင်) | ကမာရွတ် | ၈၃ |
| ၃၂ | ဆရာကြီး ဦးမောင်မောင်စိုးတင့် | 〃 | ၈၅ |
| ၃၃ | ဆရာကြီး ဦးတင်ထွန်း (သထုံတင်ထွန်း) | 〃 | ၉၀ |
| ၃၄ | ဆရာကြီး ဦးသန်းထွတ် (ပါမောက္ခ-ငြိမ်း) | 〃 | ၉၆ |
| ၃၅ | ဒေါက်တာတင်အောင် | 〃 | ၉၈ |
| ၃၆ | ဆရာကြီး ဦးမင်းသူ(တက္ကသိုလ်မင်းသူ) | ကျောက်တံတား | ၁၀၀ |
| ၃၇ | ဆရာမကြီး ဒေါ်ခင်မြဆွေ(တင်တင်လတ်) | 〃 | ၁၀၂ |
| ၃၈ | ဆရာကြီး ဦးခင်မောင်ချို (စာချောက်ရုပ်) | ကျောက်တံတား | ၁၀၅ |
| ၃၉ | ဆရာကြီး ဦးသိန်းနိုင် (ဂုဏ်ထူးဦးသိန်းနိုင်) | 〃 | ၁၀၇ |
| ၄၀ | ဆရာကြီး ဦးစိုးဝင်း (မှော်ဝန်းဝင်းမြတ်) | ကျောက်တန်း | ၁၂၀ |

| စဉ် | ဆရာ / ကလောင်အမည် | မြို့နယ် | စာမျက်နှာ |
|---|---|---|---|
| ၄၁ | ဆရာကြီး ဦးဘုန်းအောင်ကျော်(ဦးဘုန်း) | စမ်းချောင်း | ၁၁၃ |
| ၄၂ | ဆရာမကြီးဒေါ်ခင်မြင့်(ခင်ဝင်းလှဲ့မြူ) | ။ | ၁၁၆ |
| ၄၃ | ဆရာကြီး ဦးခင်မောင်ကြည် (မောင်ကမ္ဘာ) | ။ | ၁၁၇ |
| ၄၄ | ဦးတင်မောင်ထွေး (နတ်ရေကန်) | ။ | ၁၁၉ |
| ၄၅ | ဆရာကြီး ဦးသာဒင် (မင်းသိင်္ခ) | ။ | ၁၂၀ |
| ၄၆ | ဆရာကြီး ဦးမောင်ကလေး<br>(သောကြာ ဦးမောင်ကလေး) | တာမွေ | ၁၂၂ |
| ၄၇ | ဆရာမကြီး ဒေါ်ခင်ကြည် (တက္ကသိုလ်ကြည်မာ) | ။ | ၁၂၄ |
| ၄၈ | ဆရာကြီး ဦးသိန်းထွန်း(ခ)ဦးသိန်းကြည် | ။ | ၁၂၆ |
| ၄၉ | ဆရာကြီး ဦးသောင်းလွင်(ဘီအေ) | ။ | ၁၂၈ |
| ၅၀ | ဆရာကြီး ဦးမြင့်စိုး(မြင့်စိုးအနုပညာ) | ။ | ၁၃၀ |
| ၅၁ | ဦးအောင်ကြိုင် (ပညာတန်ဆောင်) | ။ | ၁၃၂ |
| ၅၂ | ဦးမောင်မောင်သန်း (မိုးနတ်သျှင်-အောင်သစ္စာ) | ။ | ၁၃၄ |
| ၅၃ | ဆရာကြီး ဦးတင်မောင်(ဖိုးအေး-မြန်မာ့အသံ) | ။ | ၁၃၆ |
| ၅၄ | ဆရာကြီး ဒေါက်တာခင်မောင်ဆွေ<br>(တက္ကသိုလ် မောင်သချာ) | ။ | ၁၃၈ |
| ၅၅ | ဆရာကြီး ဦးထွန်းတင် (တက္ကသိုလ်သက်ပန်) | တောင်ဥက္ကလာပ | ၁၄၂ |
| ၅၆ | ဆရာကြီး ဦးသောင်းနိုင် (သမားတော်ကြီး) | ။ | ၁၄၄ |
| ၅၇ | ဆရာကြီး ဦးစိန်ထွန်း (စိန်ထွန်းအောင်) | ။ | ၁၄၆ |
| ၅၈ | ဆရာကြီး ဦးညွန့်ဝေ (မင်းသူရိန်) | ။ | ၁၄၉ |
| ၅၉ | ဆရာကြီး ဦးစိန်မောင် (မောင်ဗမာစိန်မောင်) | ။ | ၁၅၁ |
| ၆၀ | ဆရာကြီး ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း) | ။ | ၁၅၂ |
| ၆၁ | ဆရာကြီး ဦးမင်းဖေမြင့် (မင်းဖေမြင့်-မုဒုံ) | ။ | ၁၅၄ |
| ၆၂ | ဆရာကြီး ဦးတင်ရီ (စိန်သွေး) | ။ | ၁၅၇ |
| ၆၃ | ဆရာကြီး ဦးခင်မောင်သန်း (ခင်မောင်သန်း-ရွှေဆောင်) | | ၁၆၁ |
| ၆၄ | ဆရာကြီး ဦးစောလွင် (ရွှေဘိုစောလွင်) | ။ | ၁၆၃ |
| ၆၅ | ဆရာကြီး ဦးစောစိန် (ကပ္ပတိန်သာစိန်) | ။ | ၁၆၅ |

| စဉ် | အမည်/ ကလောင်အမည် | မြို့နယ် | စာမျက်နှာ |
|---|---|---|---|
| ၆၆ | ဆရာကြီး ဦးထွန်းတင် (မောင်မောင်ထွန်း) | တွံတေး | ၁၆၇ |
| ၆၇ | ဆရာကြီး ဦးခင်မောင်သောင်း (မိုးမိုးတာရောစန်) | ဒဂုံမြို့နယ် | ၁၇၀ |
| ၆၈ | ဗိုလ်မှူးကြီးမြင့်စိုး(ငြိမ်း) (မှူးစိုး) | ။ | ၁၇၂ |
| ၆၉ | ဒေါက်တာမင်းတင်မွန် | ။ | ၁၇၅ |
| ၇၀ | ဦးမြင့်သိန်းထွန်း (နေမျိုးထွန်း/ထွန်းသစ်) | ဒဂုံမြောက် | ၁၈၀ |
| ၇၀ | ဦးမောင်မောင်အေး (မာတ်ပုံမောင်မောင်အေး) | ။ | ၁၈၃ |
| ၇၂ | ဦးအောင်ကြည် (တက္ကသိုလ်ညိုတင်) | ။ | ၁၈၅ |
| ၇၃ | ဆရာကြီး ဦးချစ်ရီ (မင်းစိုး) | ။ | ၁၈၇ |
| ၇၄ | ဆရာကြီး ဦးညွန့်မောင် (မောင်မောင်ညွန့်-မန်းတက္ကသိုလ်) | ။ | ၁၈၉ |
| ၇၅ | ဆရာကြီး ဦးတင်စိန်ငယ် | ။ | ၁၉၁ |
| ၇၆ | ဆရာမကြီး ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး) | ။ | ၁၉၃ |
| ၇၇ | ဆရာကြီး ဦးမြသိန်း (မြသိန်း၊ဦးဦးသိန်း) | ။ | ၁၉၅ |
| ၇၈ | ဆရာကြီး ဦးခင်ကျော် (မွှောစရိယ B.A) | ။ | ၁၉၇ |
| ၇၉ | ဆရာကြီး ဦးသိန်းမောင် (မောင်ယဉ်နွယ် (ခ) သုသုက) | ။ | ၁၉၉ |
| ၈၀ | ဆရာကြီး ဦးသက်တင် (ထိပ်တင်သက်) | ။ | ၂၀၁ |
| ၈၁ | ဆရာကြီး ဦးစိန်တင် (တက္ကသိုလ်စိန်တင်) | ။ | ၂၀၃ |
| ၈၂ | ဆရာမကြီးဒေါ်တင်စိန် (စိမ့်-ပညာရေး) | ။ | ၂၀၅ |
| ၈၃ | ဒေါက်တာထွန်းတင့် (ထွန်းတင့်) | ။ | ၂၀၇ |
| ၈၄ | ဆရာကြီး ဦးရဲထွန်း (တပ်မတော် မင်းရဲထွန်း) | ။ | ၂၀၈ |
| ၈၅ | ဆရာကြီး ဦးသိန်းအောင် (သိန်းအောင်-ဗာရာဏသီ) | ။ | ၂၁၀ |
| ၈၆ | ဆရာကြီး ဦးကျော်သန်း (ကျော်သန်း-တိုင်းရင်းဆေး) | ။ | ၂၁၃ |
| ၈၇ | ဆရာကြီး ဦးလွင်ထွန်း (ကျော်ထက်ထွန်း) | ။ | ၂၁၅ |
| ၈၈ | ဆရာကြီး ဗဟိုသိမ်းဆောင် | ဒဂုံမြောက် | ၂၁၇ |
| ၈၉ | ဆရာမကြီး ဒေါ်ကြွယ်ကြွယ် | ဒဂုံအရှေ့ | ၂၁၉ |
| ၉၀ | ဒေါက်တာတင်တင် (မင်းလဲ့ရှိ) | ။ | ၂၂၂ |

| စဉ် | အမည် / ကလောင်အမည် | မြို့နယ် | စာမျက်နှာ |
|---|---|---|---|
| ၁၁၆ | ဆရာကြီး ဦးသောင်းမြင့် (မောင်သောင်းမြင့်) | ။ | ၂၈၇ |
| ၁၁၇ | ဆရာကြီး ဦးအုန်းမြင့် (ဝိဇ္ဇာခရ ဇဝနလုလင်) | ။ | ၂၈၉ |
| ၁၁၈ | ဆရာကြီး ဦးလှသောင်း (မောင်လှသောင်း-ဘဏ်) | ။ | ၂၉၁ |
| ၁၁၉ | ဆရာကြီး ဦးတင့်ဆွေ(တင့်ဆွေ-ဖျာပုံ) | ။ | ၂၉၄ |
| ၁၂၀ | ဆရာကြီး ဦးအုန်းလွင် (ဂီတနက်သန်ဦးအုန်းလွင်) | ။ | ၂၉၆ |
| ၁၂၁ | ဆရာမကြီးဒေါ်တင်တင်စိန်(ကမ္ဘာလှည့်တင်တင်စိန်) | ။ | ၂၉၈ |
| ၁၂၂ | ဆရာကြီး ဦးအေးကို (မောင်အေးကို-ယမုံနာ) | ။ | ၃၀၂ |
| ၁၂၃ | ဆရာကြီး ဦးမျိုးညွန့်(ရဲဘော်မျိုးညွန့်) | ။ | ၃၀၅ |
| ၁၂၄ | ဆရာကြီး ဦးထွန်းလွင် (ဗိုလ်လုံ) | ။ | ၃၀၇ |
| ၁၂၅ | ဆရာကြီး သိန်းမြင့် (ရဲဘော်ဘခက်) | ။ | ၃၀၉ |
| ၁၂၆ | ဆရာကြီး ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း) | မင်္ဂလာတောင်ညွန့် | ၃၁၂ |
| ၁၂၇ | ဆရာကြီး ဦးမောင်မောင်လတ် (နောင်) | ။ | ၃၁၅ |
| ၁၂၈ | ဆရာကြီး ဦးချမ်းအေး (မောင်စူးစမ်း) | ။ | ၃၁၆ |
| ၁၂၉ | ဆရာကြီး ဦးသက်ဆွေ (ရှေ့ဆောင်တင်ဆွေ) | ။ | ၃၁၉ |
| ၁၃၀ | ဆရာကြီး ဦးလှမြင့် (မောင်မဟာ) | ။ | ၃၂၀ |
| ၁၃၁ | ဆရာကြီး ဒေါက်တာမင်းသိမ်း (မျက်စိ) | ။ | ၃၂၃ |
| ၁၃၂ | ဆရာကြီး ဦးလေးမြိုင် (လေးမြိုင်) | မ/ဥက္ကလာ | ၃၂၆ |
| ၁၃၃ | ဆရာကြီး ဦးဌေးမောင် (ဌေးမောင်) | ။ | ၃၂၈ |
| ၁၃၄ | ဆရာကြီး ဦးမြင့် (ကျိုက်လတ်မိုးမြင့်) | ။ | ၃၃၀ |
| ၁၃၅ | ဆရာကြီး ဦးဌေးအောင် (အောင်ကျော်ကျော်) | ။ | ၃၃၂ |
| ၁၃၆ | ဆရာကြီး ဦးတင်ရှိန် (မင်းကြော့ရှိန်) | ။ | ၃၃၃ |
| ၁၃၇ | ဆရာကြီး ဦးညိုန်းထွေး (သိပ္ပံညိုထွေး) | မင်္ဂလာဒုံ | ၃၃၅ |
| ၁၃၈ | ဆရာကြီး ဦးထိန်လင်း (အယ်ဒီတာချုပ်) | ရန်ကင်း | ၃၃၇ |
| ၁၃၉ | ဆရာကြီးဦးကျော်ဝင်း (ညိုဝင်း) | ။ | ၃၃၉ |
| ၁၄၀ | ဆရာမကြီးဒေါ်သန်းရှိန် (ခင်သန့်စင်-ရေး) | ။ | ၃၄၂ |
| ၁၄၁ | ဆရာကြီး ဦးအောင်သန့် (အငြိမ်းစားသံအမတ်ကြီး) | ။ | ၃၄၄ |

| စဉ် | အမည်/ ကလောင်အမည် | မြို့နယ် | စာမျက်နှာ |
|---|---|---|---|
| ၁၄၂ | ဆရာမကြီး ဒေါ်ကြည်တိုး (တိုးတိုး) | ရန်ကင်း | ၃၄၇ |
| ၁၄၃ | ဆရာမကြီး ဒေါ်ခင်မိမိ (ကြည်သင်း-ရမည်းသင်း) | ။ | ၃၄၉ |
| ၁၄၄ | ဆရာကြီး ဦးမြင့်ကြည်(တက္ကသိုလ်မြတ်စိုး) | ။ | ၃၅၀ |
| ၁၄၅ | ဆရာကြီး ဗိုလ်မှူးကြီးခင်မောင်အေး (ခင်မောင်အေး မန္တလေး) | ။ | ၃၅၃ |
| ၁၄၆ | ဆရာကြီး ဦးဝင်းမြင့်(မင်းသားကြီး) | ။ | ၃၅၅ |
| ၁၄၇ | ဆရာမကြီး ဒေါ်တင်နွဲ့အေး (တင်နွဲ့အေး ပညာရေးတက္ကသိုလ်) | ။ | ၃၅၇ |
| ၁၄၈ | ဆရာကြီး ဦးမြထွေး (မင်းလှ-မြတ်ထွေး) | ။ | ၃၅၉ |
| ၁၄၉ | ဆရာကြီး ဦးခင်မောင်ကို (ရဲခေါင်ဗလ) | ။ | ၃၆၂ |
| ၁၅၀ | ဆရာကြီး ဦးအောင်ကျော် (မောင်ကြာညို) | ။ | ၃၆၅ |
| ၁၅၁ | ဆရာမကြီး ဒေါ်မာလေး (တက္ကသိုလ်ဝင့်မာ) | ။ | ၃၆၈ |
| ၁၅၂ | ဆရာကြီး ဦးဖေသိန်း (ဖေသိန်း-BSc Engg Elect) | ။ | ၃၇၀ |
| ၁၅၃ | ဆရာကြီး ဦးမြင့်အောင် (ရှေးဟောင်းသုတေသီ) | ။ | ၃၇၄ |
| ၁၅၄ | ဆရာကြီး ဦးဟန်ညွန့် (ရှင်စိုးမိုး) | ။ | ၃၇၇ |
| ၁၅၅ | ဆရာကြီး ဦးမြင့်ဆွေ (မြတ်လင်းဆွေ) | ။ | ၃၇၉ |
| ၁၅၆ | ဆရာမကြီး ဒေါ်နီနီ (နီနီ-ဗ. လ. စ) | ။ | ၃၈၁ |
| ၁၅၇ | ဆရာကြီး ဦးတင်အေး (တောင်တွင်းတင်အေး) | ။ | ၃၈၃ |
| ၁၅၈ | ဆရာကြီး ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်) | ရွှေပြည်သာ | ၃၈၅ |
| ၁၅၉ | ဆရာကြီး ဦးလှမြိုင် (မောင်တက္ကသိုလ်) | ။ | ၃၈၇ |
| ၁၆၀ | ဆရာကြီး ဦးလှဝင်း (နိုင်ဘောဂလှဝင်း) | ။ | ၃၉၀ |
| ၁၆၁ | ဆရာကြီး ဦးစိုးပိုင် (စိုးပိုင်-ကညွတ်ကွင်း) | ။ | ၃၉၄ |
| ၁၆၂ | ဆရာကြီး ဆိုက်ကျင်(ဆိုက်ကျင်-သတင်းထောက်) | သုံးခွ | ၃၉၇ |
| ၁၆၃ | ဒေါက်တာချစ် (ထပ်ဆင့်အမျိုးသားစာပေဆုရ) | သဃ်န်းကျွန်း | ၃၉၈ |
| ၁၆၄ | ဆရာကြီး ဦးရဲမြင့် (ရဲဘော်ရဲမြင့်) | ။ | ၄၀၀ |
| ၁၆၅ | ဆရာကြီး ဦးဘသန်း (ဦးဘသန်း မဟာဝိဇ္ဇာ) | ။ | ၄၀၂ |
| ၁၆၆ | ဆရာကြီး ဦးလှမြင့် (တက္ကသိုလ်လှမြင့်ဦး) | ။ | ၄၀၅ |

| စဉ် အမည်/ ကလောင်အမည် | မြို့နယ် | စာမျက်နှာ |
|---|---|---|
| ၁၆၇ ဆရာကြီး ဦးရဲမြင့် (ရဲမြင့် သစ်တော) | ။ | ၄၀၉ |
| ၁၆၈ ဆရာကြီး ဦးစိုင်းအောင်ထွန်း | ။ | ၄၁၁ |
| ၁၆၉ ဆရာကြီး ဦးဟန်ငွေး (ဟန်ငွေး-သုတေသန) | ။ | ၄၁၃ |
| ၁၇၀ ဆရာကြီး ဗိုလ်မှူးကြီးညွန့်ဆွေ(ငြိမ်း) (မောင်ဆွေသက်) | သယ်န်းကျွန်း | ၄၁၅ |
| ၁၇၁ ဆရာမကြီး သရက် မသက်ဆွေ | သယ်န်းကျွန်း | ၄၁၇ |
| ၁၇၂ ဆရာကြီး ဦးရဲဒွေး | | ၄၁၉ |
| ၁၇၃ ဆရာကြီး ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း (ငြိမ်း) ကျော်စောဟန် | ။ | ၄၂၀ |
| ၁၇၄ ဆရာမကြီး ဒေါ်ကြန် (မကြန်) | လှိုင် | ၄၂၄ |
| ၁၇၅ ဆရာကြီး ဦးတင်မောင်ငွေး (ငွေးမောင်တင်ဦး) | ။ | ၄၂၅ |
| ၁၇၆ ဆရာကြီး ဦးလှရွှေ (လှရွှေ-လှည်းကူး) | လှည်းကူး | ၄၂၈ |
| ၁၇၇ ဆရာကြီး ဦးမောင်မောင် (ဂုရုအောင်) | လှိုင်သာယာ | ၄၃၀ |
| ၁၇၈ ဆရာကြီး ဦးတင့်အောင်(ဗိုလ်ကလေးတင့်အောင်) | လမ်းမတော် | ၄၃၂ |
| ၁၇၉ ဆရာကြီး ဦးဖိုးကျား (ဖိုးကျား-ဆေးဝါး) | ။ | ၄၃၄ |
| ၁၈၀ ဆရာကြီး ဦးချစ်သန်းမြင့်(ချစ်သန်းမြင့်) | သန်လျင် | ၄၃၆ |
| ၁၈၁ ဆရာကြီး ဦးအောင်ဇေယျ (ဧညဝတီအောင်ဇေယျ) | ။ | ၄၃၉ |
| ၁၈၂ ဆရာကြီး ဦးကြည်အေး(ဆင်ဖြူကျွန်းအောင်သိန်း) | သာကေတ | ၄၄၀ |
| ၁၈၃ ဆရာကြီး ဦးလှသွင်(မင်းလှ လှသွင်) | ။ | ၄၄၃ |
| ၁၈၄ ဆရာမကြီး ဒေါ်ကြည်ကြည်လှ | ။ | ၄၄၅ |
| ၁၈၅ ဦးတိုး (တက္ကသိုလ်) | ။ | ၄၄၈ |
| ၁၈၆ ဆရာကြီး ဦးစောလွင် (ညိမ်းလွင်ဦး-ဝေါ) | ။ | ၄၅၀ |
| ၁၈၇ ဆရာကြီး ဦးမြခင် (နှစ်တစ်ရာ ကိုသံချောင်း) | ။ | ၄၅၂ |
| ၁၈၈ ဆရာကြီး ဦးထွန်းရီ (ထွန်းရီ-ရှေးဟောင်းသုတေသီ) | ။ | ၄၅၄ |
| ၁၈၉ ဆရာကြီး ဦးသောင်းတင် (ရွှေမြိတ်သောင်းတင်) | အင်းစိန် | ၄၅၆ |
| ၁၉၀ ဆရာကြီး ဦးတင်မောင် (တက္ကသိုလ်ဇော်မင်း) | ။ | ၄၅၈ |
| ၁၉၀ ဆရာကြီး ဦးသန်းဦး (ပြည်စိုးမင်း) | ။ | ၄၅၉ |

| စဉ် | အမည်/ ကလောင်အမည် | မြို့နယ် | စာမျက်နှာ |
|---|---|---|---|
| ၁၉၂ | ဆရာကြီး ဦးရှိန်အောင်ဗိုလ် | အင်းစိန် | ၄၆၁ |
| ၁၉၃ | ဆရာကြီး ဦးထွန်းအောင်ချိန် | ။ | ၄၆၃ |
| ၁၉၄ | ဆရာကြီး ဦးချစ်ညွန့် (ချစ်ညွန့်ကျော်) | ။ | ၄၆၅ |
| ၁၉၅ | ဆရာကြီး ဦးကျော်ခင် (မောင်သာဆွေ-အင်းစိန်) | ။ | ၄၆၇ |
| ၁၉၆ | ဆရာကြီး ဦးထွန်းလှိုင် (ဓာတ်ပုံ/ဒါရိုက်တာထွန်းလှိုင်) | အလုံ | ၄၆၈ |

## ရခိုင်ပြည်နယ်

| | | | |
|---|---|---|---|
| ၁၉၇ | ဆရာကြီး ဦးအောင်ချစ် (ဆရာချစ်) | စစ်တွေ | ၄၇၀ |

## ရှမ်းပြည်နယ်

| | | | |
|---|---|---|---|
| ၁၉၈ | ဆရာကြီး ဦးသိန်းသန်းထွန်း (သိန်းသန်းထွန်း) | တောင်ကြီး | ၄၇၂ |

## ဧရာဝတီတိုင်းဒေသကြီး

| | | | |
|---|---|---|---|
| ၁၉၉ | ဆရာကြီး ဦးဘဟိန်း (မအူပင်ဗိုဟိန်း) | မအူပင် | ၄၇၄ |
| ၂၀၀ | ဆရာကြီး ဦးစိန်လှိုင် (မုဒိတာ-ကျိုက်လတ်) | ကျိုက်လတ် | ၄၇၅ |



## ဆရာမကြီး ဒေါ်ခင်သန်းမြင့်
## (ခင်လေးမြင့် -မြစ်ကြီးနား)

အဖ ကျောင်းအုပ်ဆရာကြီး ဦးဗဟိန်း၊ အမိ ဒေါ်မြကြည် တို့က ၁၂၉၀ ပြည့်နှစ်၊ နတ်တော်လဆန်း (၁၅) ရက်နေ့တွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့၌ မွေးဖွားသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် မိဘများနှင့်မြစ်ကြီးနားမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ စာပေလောကသို့ ၁၉၅၂ ခုနှစ်မှ စတင် ဝင်ရောက်ခဲ့၏။ တိုင်းရင်းမေဂျာနယ်မှ "အိုဘယ့်မာလာ" နှင့် "ဆွေးကွယ့်နွေဦး" ကဗျာနှစ်ပုဒ်မှာ ပထမဦးဆုံးလက်ရာဖြစ်သည်။

၎င်းနောက် စုံထောက်မဂ္ဂဇင်းတွင် "ငြိမ်းဆုညောင်ရေ" ကဗျာနှင့် မျက်နှာစာတွင် နေရာပေးခံရပြီး ဝတ္ထုတိုများ ရေးသားခဲ့ရသည်။ ၁၉၈၂ ခုနှစ်၊ နိုဝင်ဘာလထုတ် မိုးဝေမဂ္ဂဇင်းအမှတ် (၅၈) တွင် "ကြုံသေးတယ်" ပြဇာတ်တိုရေးသားခဲ့သည်။

လူထုဂျာနယ်၊ မြတ်မင်္ဂလာ၊ လပြည့်ဝန်း၊ သောင်းပြောင်းထွေလာ၊ နက္ခတ္တရောင်ခြည်၊ သုရဋ္ဌ၊ နွယ်နီ၊ သိဒ္ဓိတိုးနှင့်ဒေသခံ မဂ္ဂဇင်း စာစောင်များတွင် ရေးသားခဲ့သည်။



## ဆရာကြီး ဦးတိုးဝေ
## (မုံရွာတိုးဝေ)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မအူကျေးရွာ၌ (၂၄-၁၁-၁၉၃၄) ရက်နေ့က အဖ ဦးလူထွား၊ အမိ ဒေါ်ဖွားစိန်တို့က မွေးဖွားခဲ့သည်။

(၄) နှစ်အရွယ်တွင် ဖခင်ကြီး ကွယ်လွန်သဖြင့် မိခင်၏ အုပ်ထိန်းမှုကို ခံယူကာ (၅) နှစ်အရွယ်တွင်မြန်မာစာ စတင်သင်ကြားခဲ့ပြီး သင်ပုန်းကြီးမှစ၍ သဂြိုလ်-သဒ္ဒါ စသည်တို့ကို သင်ကြားရင်း မှန်ကျောင်းဆရာတော် ဦးပညိန္ဒ၏ ပညာဒါနအရ (၇)တန်းဖြေဆိုနိုင်သည့်အဆင့်ထိ တတ်မြောက်ခဲ့သည်။

ဂျပန်ခေတ်၌ လှည်းအဆင့်ခံလိုက်ခဲ့ရရာ ဆီမီးခုံရွာ၌ လှည်းရော နွားပါ ဂျပန်က သိမ်းဆည်းသွားသဖြင့် မိခင်ကြီးက ပဲလှော်ရောင်း၍ ရှာဖွေကျွေးမွေးသည်ကို စားသောက်ရင်း ပညာသင်ကြားခဲ့ရသည်။ ၁၃၁၂ ခုနှစ်တွင် မုံရွာမြို့၏ တောင်ဘက် အလံနီနယ်မြေတွင် အလံနီများနှင့် အစိုးရပုလိပ်များ မကြာခဏ တိုက်ပွဲများဖြစ်ပွားသည့် ရန်ကြောင့် မြို့တွင်း၌ ခိုလှုံ၍ ပန်းရန်ပညာ သင်ယူခဲ့သည်။ ပန်းရန်လုပ်ကိုင်ရင်း ဝါသနာအရ စာတိုစာစများ

မလွတ်စတမ်းကြည့်ရှုခဲ့ရာမှ မှတ်စုများရေးဖြစ်ခဲ့သည်။ **အတီးအမှုတ်** ပညာကိုလည်း အနည်းငယ်တတ်မြောက်ခဲ့သည်။ ကဗျာတို၊ စာတိုများရေးသားရင်း ဇာတ်သဘင်လောက၌ နောက်ပိုင်းဇာတ်ထုပ်များကရာတွင် သမိုင်းနှင့် လွဲချော်မှုများ၊ ပန်တျာ-ပန်ကြာ ခေါ်ဝေါ်ပုံလွဲချော်မှုများကို နားထောင်ခံစားရသဖြင့် "ဇာတ်သဘင်ပညာရှင်များ၌ ရှိသင့်သော စာပေ " ဟူသော ဆောင်းပါးကို ဗဟိုမှ ရောက်ရှိလာသော ရိုးရာပန်း-စည်းရုံးရေးပုဂ္ဂိုလ်များထံမှ တစ်ဆင့် သဘင်မဂ္ဂဇင်းသို့ ပို့ရာ ၁၉၈၆ ခုနှစ်၊ ဇွန်လ၊ အမှတ် (၃၂) တွင် ဖော်ပြခြင်းခံရသည်မှစ၍ စာပေရေးသားမှု စတင်ခဲ့သည်။

ဆက်လက်၍ ၁၉၈၈ ခုနှစ်၊ မုံရွာမြို့ ရာပြည့်မဂ္ဂဇင်းတွင် "သလ္လာမြေမှ ပွင့်သောပန်း"နှင့် မုံရွာမြို့နယ်မှ ထုတ်ဝေသော မဂ္ဂဇင်းများ၌ ဆောင်းပါးများ၊ ဂျာနယ်များ၌ ဆောင်းပါးများ ရေးသားရင်း ပန်းရန်လုပ်ငန်းလုပ်ကိုင်ကာ ပန်းရန် ပညာနှင့် ပတ်သက်သော မှတ်စုများမှ အနှစ်များထုတ်၍ " မြန်မာ့ရိုးရာ ပန်းရန်၊ ပန်းတော့ပညာများ" စာမူကို သရုပ်ပြပုံများဖြင့် စာပေဗိမာန်၌ ယှဉ်ပြိုင်ရာ၊ ၂၀၀၁ ခုနှစ်တွင် စာပေဗိမာန်စာမူ ပထမဆုကို ရရှိခဲ့သည်။ ၎င်းစာမူကို စာအုပ်အဖြစ် ထုတ်ဝေခဲ့ရာ ၂၀၀၄ ခုနှစ် ခုနှစ်အတွင်း အမျိုးသားစာပေဆုကို ရရှိခဲ့သည်။ ယနေ့အချိန်ထိ အလျဉ်းသင့်သလို စာမူများ၊ ဆောင်းပါးများ၊ ကဗျာများ ရေးသားလျက်ရှိပါသည်။

**နေရပ်လိပ်စာ** - မအူကျေးရွာ၊ မုံရွာမြို့နယ်။



## ဆရာကြီး ဦးအုံးမောင် (အုံးမောင်)

အဖ ဦးငွေး၊ အမိ ဒေါ်သ တို့မှ ၁၂၉၄ ခုနှစ်၊ နတ်တော်လဆန်း (၇)ရက် (၄-၁၂-၁၉၃၂)နေ့တွင် မုံရွာမြို့နယ်၊ လယ်ဇင်ရွာ၌ မွေးဖွားခဲ့သည်။

၁၉၄၉ ခုနှစ်၌ ချင်းတွင်းကျောင်းသားဂျာနယ်တွင် ဆောင်းပါးများနှင့် တော်ဝင်မဂ္ဂဇင်းတွင် ကဗျာများရေးသားခြင်းဖြင့် စာပေနယ်သို့စတင်ဝင်ရောက်ခဲ့သည်။ ထို့နောက် လူထုဂျာနယ်၊ လင်းယုန်ဂျာနယ်၊ ရန်ကျော်ဂျာနယ်နှင့် ပြည်တော်သစ်ဂျာနယ်များတွင် ၁၉၅၀-၅၇ ခုနှစ်အထိ ကဗျာများ ရေးသားခဲ့သည်။ ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်းတို့တွင် ဆောင်းပါး၊ ကဗျာနှင့် ဘာသာပြန်များကို ၁၉၅၂-၁၉၆၀ ခုနှစ်အတွင်းရေးသားခဲ့သည်။ စာပေဗိမာန်မဂ္ဂဇင်းတွင် မြန်မာနိုင်ငံ သတင်းစာသမိုင်းနှင့် သွေးသောက်မဂ္ဂဇင်းတွင် ဘာသာပြန်ဝတ္ထုများနှင့် ပုံပြင်များရေးသားခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် "ပုရှကင်၏ ဒူဘရောစကီး" ဝတ္ထုနှင့် ၁၉၆၃ ခုနှစ်တွင် "ဗီယက်နမ်မှ မကြေညာသောစစ်ပွဲ" ဘာသာပြန်စာအုပ်များကို ထုတ်ဝေခဲ့သည်။ ဆင်ဟွာ သတင်းဌာန ဘာသာပြန်အဖြစ်နှင့်

မော်ကွန်းသတင်း မဂ္ဂဇင်းအယ်ဒီတာချုပ်အဖြစ်ဆောင်ရွက်ခဲ့သည်။

၁၉၇၃ ခုနှစ်တွင် "ရေသူမကလေး အန်းဒါးဆင်းပုံဝတ္ထုများ" စာအုပ်ဖြင့် အမျိုးသားစာပေဆု ဘာသာပြန်ဆု ချီးမြှင့်ခြင်းခံရသည်။

၆၀ ကဗျာ၊ ၆၃ ကဗျာ၊ ၆၅ ကဗျာ၊ စိန်ပွင့် မြပွင့် ပတ္တမြားပွင့်များ ကဗျာစာအုပ်များကိုလည်း ထုတ်ဝေခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် "မမွေးဖွားရသေးတဲ့ သားကလေးရဲ့အသံ" ဘာသာပြန်စာအုပ် ထုတ်ဝေခဲ့သည်။

ယနေ့အထိ ဆောင်းပါးနှင့် ကဗျာများ ရေးသားထုတ်ဝေဆဲဖြစ်သည်။

နေရပ်လိပ်စာ - အမှတ်(၉)၊ ညောင်တပင်လမ်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။



9438

## ဆရာကြီး ဦးကျော်သောင်း
## ကျော်သောင်း (ဘုတလင်)

စစ်ကိုင်းတိုင်းဒေသ ကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ကွမ်းခြံကျေးရွာအုပ်စု၊ ကွမ်းခြံ ကျေးရွာ၌ အဖ ဦးချစ်လှ၊ အမိ ဒေါ်သိန်းတင်တို့က (၁၁-၆-၁၉၃၇) ရက်နေ့ ၁၂၉၉ခု၊ ပထမဝါဆို လဆန်း (၄) ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ သားသမီး (၅) ဦး အနက် ဒုတိယသားဖြစ်သည်။ ၁၉၄၄ ခုနှစ်တွင် မိဘများက စာပေ သင်ကြားရန်အတွက် ကွမ်းခြံကျေးရွာ တောရကျောင်းဆရာတော် ဦးပဏ္ဍိစ္စထံသို့ အပ်နှံခဲ့ပါသည်။ ၁၉၅၂ ခုနှစ်တွင်း ဘုန်းတော် ကြီးကျောင်းတွင် (၈) နှစ်ကျော်ကျောင်းနေပြီး ဘုန်းတော်ကြီး ကျောင်းမှ ထွက်ခဲ့ကာ နွားအငှားကျောင်းလုပ်ခဲ့ပါသည်။ ၁၉၅၃ ခုနှစ်တွင် ဖခင်ကြီးနှင့်အတူ သစ်ဖောင်သမားဘဝကို စတင်၍ အလုံ၊ မုံရွာမှ မနုဖြူမြို့သို့ စုန်မျှောပို့ဆောင်ပေးခဲ့ရပါသည်။

၁၉၅၄ ခုနှစ်တွင် မစိန်အိနှင့်အိမ်ထောင်ကျပြီး ဖောင်သမား ဘဝ၊ ဆိုက္ကားသမားဘဝ၊ လယ်ယာလုပ်သားဘဝဖြင့် လုပ်ကိုင် စားသောက်ခဲ့ပါသည်။ ၁၉၆၀ ခုနှစ်တွင် ကျေးရွာအုပ်စုတစ်စု လျှင် လယ်ယာနှင့်လုပ်ငန်းပေါင်းစုံ သမဝါယမအသင်းများ ဖွဲ့စည်းစေခဲ့ ရာ သမဝါသမအသင်းအမှုဆောင်အဖြစ် ရွေးချယ်ခံခဲ့ရပါသည်။

၁၉၆၇ ခုနှစ်၊ မတ်လမှစတင်၍သစ်ဖောင်သမားဘဝ (၁၅) နှစ်ခန့် လုပ်ကိုင်လာခဲ့ပြီးနောက် ကျေးရွာသမဝါယမ အသင်းဆိုင်

တာဝန်ခံအဖြစ် ခန့်ထားခြင်းခံရပါသည်။ စနစ်သစ်အုပ်ချုပ်ရေး ဖော်ဆောင်ရာတွင် ဘုတလင်မြို့နယ် ကိုယ်စားပြု စစ်ကိုင်းတိုင်း အယူခံတရားသူကြီးအဖြစ် ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါသည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပထမအကြိမ် ပြည်သူ့ ကောင်စီ သက်တမ်းကာလ ဘုတလင်မြို့နယ်၊ ပြည်သူ့ကောင်စီ၊ မြို့နယ်တရားသူကြီးအဖွဲ့ဝင်အဖြစ် အချိန်ပြည့် တာဝန်ပေးအပ်ခြင်းခံရပြီး ၁၉၇၈ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ အချိန်ပိုင်းသာမန် မြို့နယ်ကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

၁၉၆၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဘုတလင်မြို့နယ်၊ ဖောင်ပို့အလုပ်သမားကောင်စီဖွဲ့စည်းရာတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၈ ခုနှစ်နောက်ပိုင်း ဖောင်သမားဘဝပြန်လည်လုပ်ကိုင်ရင်း ၁၉၈၂ ခုနှစ်တွင် မုံရွာမြို့သို့ ပြောင်းရွှေ့၍ ကွမ်းယာဆိုင်၊ အကြော်သည်၊ ဖောင်သမား၊ မော်တော်ဈေးသည်၊ ကပ်ဝါးရောင်းဝယ်ရေး၊ အမျိုးသမီးဘော်ဒါဆောင်စသည့် လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

ဘုန်းကြီးကျောင်းသားဘဝမှစတင်၍စာပေကို ဝါသနာပါခဲ့သူဖြစ်ပြီး စာရေးခြင်း၊ စာဖတ်ခြင်းတို့ကို ယခုတိုင်ပြုလုပ်လျက်ရှိပါသည်။ တရားသူကြီးဘဝအတွေ့အကြုံ၊ ဖောင်သမားဘဝအတွေ့အကြုံ၊ လောကတွင် တွေ့ကြုံခဲ့ရသော အတွေ့အကြုံများစွာတို့ကို ၂၀၀၆ ခုနှစ်က စတင်ရေးသားပြီး မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ ပေးပို့ခဲ့ရာ စာမူပေါင်း ရှစ်ဆယ်ကျော် ဖော်ပြခြင်းခံခဲ့ရပြီး ထိုဖြစ်ရပ်မှန်များထဲမှ စုစည်းပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် "ငွေမားလျက်ချက် ပက်လက်မှောက်လျက်နှင့် အခြားဖြစ်ရပ်မှန်များ" လုံးချင်းစာအုပ် တစ်အုပ်ကိုလည်း ထုတ်ဝေနိုင်ခဲ့ပါသည်။

ယခုအချိန်အခါတွင် ဇနီးဒေါ်စိန်အိနှင့် သားသမက်တို့ ကွယ်လွန်ခဲ့ကြပြီး သမီးဖြစ်သူ မခင်အုန်းမြင့်နှင့်အတူ မုံရွာမြို့၊ ဘုန်းဖိုးရပ်ကွက်၊ ခရေလမ်းတွင် နေ ထိုင်လျက် ဝါသနာအလျောက် စာပေများကို ရေးသားပြုစုလျက် ရှိပါသည်။

## ဆရာကြီး ဦးအောင်ခန့် (ဝဏ္ဏသိရိ)

၁၂၉၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁) ရက်၊ တနင်္ဂနွေနေ့တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ် ကြာပိုင်ရွာ၊ ကျီတွင်းရပ်ကွက်၌ အဖ ဦးကြိုင်၊ အမိ ဒေါ်စိန်ရင်တို့က ဖွားမြင်ခဲ့သည်။ ငယ်မည် မောင်ရွှေဖဲဟု တွင်ခဲ့သည်။ ငယ်စဉ်က ကျောင်းသားအဖြစ်၊ ကိုရင်အဖြစ်ဖြင့် ကြာပိုင်ရွာရှေ့၊ ရွှေကျောင်းဘုန်းတော်ကြီး ဦးပဏ္ဏဝ ထံတွင် ပရိယတ်အခြေခံစာပေများ သင်ယူခဲ့သည်။

၁၃၁၅ ခုနှစ်၊ ဝါဆိုလဆန်း (၁၀) ရက်နေ့တွင် မုံရွာမြို့၊ မဟာဇေတကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသို့ ရှင်ဣန္ဒဝံသဟူသော ဘွဲ့အမည်ဖြင့် ရောက်ရှိခဲ့သည်။ မဟာဇေတကာရာမတိုက် နာယက ဆရာတော်ကြီး ဦးဥတ္တမသာရ (အဂ္ဂမဟာပဏ္ဍိတ) နှင့်တကွ တိုက်အုပ်တိုက်ကြပ်၊ စာချဆရာတော်များထံတွင် ပထမပြန်စာမေးပွဲဆိုင်ရာ ကျမ်းစာများ သင်ယူခဲ့သည်။ ထိုနှစ်တွင် မုံရွာမြို့၊ ပရိယတ္တိသာသနဟိတကာရီအသင်းက ကျင်းပသော တိုက်တွင်းစာမေးပွဲ၊ မူလတန်းတွင် ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည်။

တိုက်တွင်းစာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့နှင့် အစိုးရပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၃၁၆ ခုနှစ်၊ နိုင်ငံ

တော်အစိုးရ ပထမငယ်တန်း စာမေးပွဲ၌ တစ်နိုင်ငံလုံးတွင် ဒုတိယ အမှတ်အများဆုံးရ၍ အောင်မြင်ခဲ့သည်။

၁၃၁၈ ခုနှစ်၊ နယုန်လဆုတ် (၁) ရက်နေ့တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြသိန်းတန်ကျောင်းတိုက်ခဏ္ဍသိမ်၌ မန္တလေးမြို့၊ တောင်ပြင်ဘုရားကြီးကျောင်းတိုက် ရွှေဘုန်းရှိန်ကျောင်း ဆရာတော် ဦးကြယ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့၊ အင်းယားမြိုင်လမ်း၊ ဗိသုကာအင်ဂျင်နီယာကြီး ဦးအုန်းသန်းနှင့် ဒေါ်တင်မေတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

၁၃၂၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ကျင်းပသော ဓမ္မာစရိယစာချတန်းစာမေးပွဲကို ပါဠိဂုဏ်ထူး၊ မြန်မာဂုဏ်ထူးဆောင်ကျမ်းများနှင့်တကွ အောင်မြင်၍ သာသနဓဇသီရိပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူဘွဲ့ကို ရခဲ့သည်။ ထိုနှစ်သင်္ကြန်မတိုင်မီ ဇာတိရပ်ရွာ ရွှေကျောင်းသို့ ပြန်လာ၍ ကျောင်းထိုင်ပုဂ္ဂိုလ်တာဝန်များ ထမ်းဆောင်ခဲ့ရသည်။

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင်၌ တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးပထမတွဲကို ဆရာတော် ဦးသီလာနန္ဒာဘိဝံသ၏ လက်ထောက်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့သော ခရမ်းမြို့၊ ဓမ္မိကာရာမတိုက်မှ ဆရာတော် ဦးနန္ဒဝံသ၏ အကူအညီဖြင့် ၁၃၆၄-၆၅ ခုနှစ်၊ ဝါပအချိန်များတွင် ဇမ္ဗူဒီပကျောင်းဆောင်၌ နေထိုင်၍ တိပိဋကလမ်းညွှန်ကျမ်းပြုစုရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည်။ တိပိဋကလမ်းညွှန်ကျမ်းပြုရေးအဖွဲ့တွင် ပုသိမ်မြို့၊ မောင်းထောင်ကျောင်းတိုက်ဆရာတော်ကြီးနှင့် မြစ်သားမြို့၊ မင်းကျောင်းဆရာတော်ကြီး ဦးပါလိတတို့ ပါဝင်ကြသည်။ အဖွဲ့၏ တာဝန်ခံပုဂ္ဂိုလ်မှာ ဆရာတော် ဦးတိလောကသာရ (ရဝေထွန်း) ဖြစ်သည်။

ကမ္ဘာအေးမှာရှိနေစဉ် ဇမ္ဗူဒီပကျောင်းဆောင် အလယ်ထပ်အရှေ့မျက်နှာ အခန်းအမှတ် (၁၃) ၌ ဖွင့်လှစ်ထားသော စာကြည့်တိုက်သို့ လုပ်ငန်းတာဝန်မှ အားလပ်ခွင့်ရတိုင်း ဝင်၍ စာကြည့်ခဲ့သည်။ ထိုစာကြည့်ခန်းနှင့် ကျောချင်းကပ်အထက်ပိုင်းက သံဇကာ

ကြုကြသာ ကာထားသော တစ်ဖက်ခန်းမှာ ဆရာတော် ဦးတိလောကသာရ အခန်းဖြစ်နေ၍ ထိုအခန်းထဲက စာစကား ပေစကားများကို မကြာခဏကြားခဲ့ရသည်။ ဆရာတော်ဦးတိလောကသာရ၏ အခန်းသို့ ကြွရောက်၍ စာစကားပေစကားပြောကြားသူများမှာ ဆရာတော် ဦးသီလာနန္ဒာဘိဝံသ (အမေရိကန်သာသနာပြု အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ယခု ပျံလွန်တော်မူ) နှင့် ဆရာတော် ဦးကောလိနိယ (ဆရာကြီး ခမ္မစရိယ ဦးဌေးလှိုင်၊ ယခုကွယ်လွန်) တို့ဖြစ်ကြသည်။ထိုကလောင်ကျော် ဆရာတော်များ၏ စာစကား ပေစကားတို့ကို မကြာခဏ ကြားနာခွင့်ရပြီးလျှင် ကလောင်ကျော် ဆရာတော်များနှင့်လည်း သိကျွမ်းခင်မင်ခွင့်ရလာသဖြင့် မိမိကိုယ်တိုင် စာပေရေးသားရန် စိတ်ညွတ်လာခဲ့သည်။

စာပေလောကကြီးထဲသို့ တိုးဝင်ရန် ကြိုးစားရာတွင် ပထမဦးစွာ စာရေးဆရာ သော်တာဆွေ၏ အဟာစာစောင်တွင် "ဖုန်းဖုန်း" ကလောင်အမည်ဖြင့် ကလောင်သွေးခဲ့သည်။ တောလက်ကျေးရွာ၊ ဘုန်းကြီးကျောင်းပတ်ဝန်းကျင်က ရယ်စရာဖြစ်ရပ် ဇာတ်လမ်းကလေးများကို ဟာသဝတ္ထုတိုပုံစံဖြင့် ရေးသားခဲ့သည်။

ထို့နောက် ၁၉၆၈၊ ၆၉၊ ၇၀ ခုနှစ်များတွင် မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းကြီးများ၌ ဖုန်းဖုန်းကလောင်အမည်ဖြင့် ဘဝသရုပ်ဖော်ဝတ္ထုများ ရေးသားခဲ့သည်။ တောလက်ကျေးရွာ ကျောင်းထိုင် ဘုန်းကြီးတစ်ပါးအနေဖြင့် ထိတွေ့ရှုမြင်သုံးသပ်ခဲ့ရသော ဖြစ်ရပ်ဇာတ်လမ်းများကို အခြေခံ၍ ရေးသားခဲ့သည်။ မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခံခဲ့ရသော "လူတို့ဘောင်ဝယ်" ဝတ္ထုတိုနှင့် "ဘဝမဆုံးသရွေ့" ဝတ္ထုတိုများအတွက် ထိုစဉ်က လုပ်သားပြည်သူ့နေ့စဉ်သတင်းစာကြီး၏ ပင်တိုင်ဆောင်းပါးရှင် ဆရာကြီး သာဂဒိုးက "စာပေအောင်ပင်လယ်ကန်ကြီးကျိုးချိန်ဝယ်" ဟူသော ခေါင်းစဉ်ဖြင့် ခိုးကျူးရေးသားခဲ့သည်။

ပထမပိုင်းတွင် ဝတ္ထုတိုအရေးအသားကိုအားပြု၍ ရေးသား

ခဲ့ရာမှ သာသနာ့ဝန်ထမ်းရဟန်းတစ်ပါး၏ တာဝန်ပိုင်းကို အလေးထားသောအားဖြင့် ဘာသာရေးစာပေများဖက်သို့ ဦးလှည့်လာခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ပထမဦးစွာ "ဝိမုတ္တိသာသနာ" စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ဘာသာရေးစာအုပ်နှင့် လိုက်လျောစေရန် ကလောင်အမည်ကို အရှင်ဝဏ္ဏာသီရိဟု တပ်ခဲ့သည်။ ထိုအမည်ဖြင့်ပင် "ဗုဒ္ဓ၏ လောကကြေးမုံစာအုပ်" ရေးသားထုတ်ဝေခဲ့သည်။

၁၉၇၆ ခုနှစ်၊ အောက်တိုဘာလတွင် ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်းပထမတွဲကို ရေးသားထုတ်ဝေခဲ့သည်။ ပဥ္စမမြောက်၊ နောက်ဆုံးအတွဲကို ၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေနိုင်ခဲ့သည်။ အရှင်ဝဏ္ဏာသီရိကလောင်အမည်ဖြင့် "မြတ်ဗုဒ္ဓ၏ သားတော်ရာဟုလာ" စာအုပ်ကလေး ရေးသားထုတ်ဝေခဲ့သည်။

၁၉၈၁ ခုနှစ်၊ နွေဦးပေါက်တွင် မိမိစိတ်ဆန္ဒအလျောက် သာသနာ့ဘောင်မှ ဆင်းသက်လာခဲ့သည်။ လူ့ဘဝသို့ ရောက်လာသည်တွင် ယခင်က အသုံးပြုခဲ့သော အရှင်ဝဏ္ဏာသီရိအမည်ကို ဆက်လက်၍ ခံယူရန် မငံ့မရဲရှိနေသဖြင့် ကိုယ်ပိုင်စာပေများ မရေးဖြစ်ဘဲ သူတစ်ပါးအတွက် ဘာသာရေးစာအုပ် သုံးအုပ်ရေးသားပေးခဲ့သည်။ ထို့နောက်မှ ဆရာမင်းယုဝေ၏ အကြံပြုချက်အရ ယခင်ကလောင်အမည်မှ သာသနာတော်၏အထိမ်းအမှတ်ဖြစ်သော အရှင်စကားလုံးကို ဖြုတ်ပယ်ကာ ဝဏ္ဏာသီရိအမည်ဖြင့် ရေးသားခဲ့သည်။

ယခုအခါ ဇနီး အထက်တန်းပြဆရာမ (ငြိမ်း) ဒေါ်ပြုံးကြည်နှင့်အတူ မုံရွာမြို့၊ ထန်းတော၊အောင်ရတနာရပ်၊ ဇေတိကလမ်းနေအိမ်၌ တိုင်းရင်း ဆေးထုတ်လုပ်ရေးလုပ်ငန်းငယ်ကလေးနှင့် တွဲဖက်ကာစာပေများ ရေးသားလျက်ရှိသည်။

နေရပ်လိပ်စာ - ထန်းတော၊ အောင်ရတနာရပ်၊ ဇေတိကလမ်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။



## ရေနံ့သာစိုးလှိုင်

၁၉၃၂ ခုနှစ်တွင် ရေနံချောင်းမြို့၊ သံကံကုန်းရပ်ကွက်တွင် အဖ ဦးသံတိုင်၊ အမိ ဒေါ်အေးလူတို့က မွေးဖွားခဲ့ပါသည်။ မန္တလေးမြို့တော်၊ စည်ပင်သာယာရေးဌာန (အကြံပေးပုဂ္ဂိုလ်) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ရှုမဝမဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်း၊ သွေးသောက်၊ ပေဖူးလွှာ၊ ချိုတေးသံမဂ္ဂဇင်း၊ မဟေသီ၊ ရုပ်ရှင်တေးကဗျာ၊ ပေါ်ပြူလာမဂ္ဂဇင်း များတွင် စာပေများရေးသားခဲ့သည်။

စစ်ကိုင်းတိုင်း "ဓမ္မစကြာ" စာအုပ်၊ တိုင်းဗေဒ္ယာမဂ္ဂဇင်း၊ ဗေဒ္ယာဦးမဂ္ဂဇင်း၊ နိုင်ငံ့ရင်သွေး (ကဗျာ) စာအုပ် (ပညာရေးသုတေသန)၊ ယဉ်ကျေးမှုအနုပညာစာတမ်း၊ ပညာရေးသုတေသနစာတမ်း (တီတီစီ) တို့တွင် ရေးသားခဲ့သည်။

၁၉၆၀ ပြည့်နှစ်က မန္တလေးတက္ကသိုလ် (ဦးရာဇာတ်ခန်းမ) ကြီး၌ ဒေါက်တာသန်းထွန်း၊ ဦးသိန်းနိုင် (ဂုဏ်ထူး၊ ဒေါ်မေသစ် (ရုပ်ရှင်) တက္ကသိုလ်မောင်ပေါက်စီ၊ ဦးတင်မိုး (ကဗျာ) တို့နှင့် စာပေဟောပြောခဲ့သည်။

မန္တလေး၊ အမရပူရမြို့ (စာဆိုတော်နေ့) တွင် ဒေါက်တာသန်းထွန်း၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးမောင်မောင်တင် (သမိုင်း) တို့နှင့်ဟောပြောခဲ့သည်။

၁၉၆၇ မိတ္ထီလာ (တီတီစီ) တွင် စာရေးဆရာကြီးဦးသုခ၊ နန်းညွန့်ဆွေတို့နှင့်ဟောပြောခဲ့သည်။

၁၉၆၈ စစ်ကိုင်းစာဆိုတော်နေ့တွင် ဆရာကြီးဦးသုခ၊ ဦးသောဘိတ (ရွှေကိုင်းသား) တို့နှင့် ဟောပြောခဲ့သည်။

၁၉၇၂ ခုနှစ်တွင် မုံရွာမြို့၊ ရွှေဘို၊ ခင်ဦးမြို့နှင့် တက္ကသိုလ်ကျောင်းများ၌ "အကယ်ဒမီဗိုလ်မှူးဗကို" နှင့် (၃) နှစ် ဟောပြောခဲ့သည်။

ဝက်လက်မြို့ (စာဆိုတော်နေ့) တွင် စာရေးဆရာကြီးမောင်အောင်၊ ရွှေဘိုဒေါ်မိမိကြီး၊ တင်လှဝင်းတင် (ပန်းချီ) တို့နှင့်ဟောပြောခဲ့သည်။

စစ်ကိုင်းမြို့၊ ဒီဇယ်စက်ခေါင်းစက်ရုံ (သူကျွန်မခံ) ရုပ်ရှင်ဇာတ်ကားရိုက်စဉ်က စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၊ ချစ်ဦးညို၊ ကြည်စိုးထွန်း (ဒါရိုက်တာ) တို့နှင့်ဟောပြောခဲ့သည်။

နေရပ်လိပ်စာ - ဃ/၇၁၊ ပါရမီရပ်၊ စစ်ကိုင်းမြို့။



## ဆရာကြီး ဦးချစ်လွင် (တောသားကြီး လူနိုင်)

(၁၂၉၁) ခုနှစ်၊ နတ်တော်လဆန်း၊ (၄) ရက်၊ (၄-၁၂-၁၉၂၉) တွင် အဖ ဦးဘခင်၊ အမိ ဒေါ်အေးတို့မှ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ နတ်မော် တိုက်နယ်၊ လဟာကျော်ကျေးရွာတွင် မွေးဖွားခဲ့သည်။

တပ်တွင်း အသုံးလုံး သင်တန်းတွင် တတ်ရောက်ပညာသင်ကြားခဲ့သည်။ (၁၉၅၀) ပြည့်နှစ်တွင် ခလရ (၅)တွင် တပ်ကြပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ (၁၉၆၇) ခုနှစ်အထိ ဖြစ်သည်။

စာပေရေးသားရာတွင် တောသားကြီးလူနိုင် ကလောင်အမည်ဖြင့်လည်းကောင်း၊ သတင်းထောက်ချစ်လွင် ကလောင်အမည်ဖြင့်လည်းကောင်း ရေးသားခဲ့သည်။

(၁၉၆၃) ခုနှစ်တွင် "ကျေးလက်တောရွာ ကဗျာများ" (၁၉၆၄) ခုနှစ်တွင် "ကျေးလက်ဘုံမြေ ကဗျာများ" ဖြင့် အမျိုးသားစာပေဆု (၂) ကြိမ် ဆွတ်ခူးရရှိထား ပြီး ဖြစ်သည်။

ယခု မင်းလှမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ် (၅)၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး၊



## ဆရာကြီး ဦးသိန်းအောင် (မြင့်ရည်-တမာမြေ)

အဖ ဦးဘိုးအေး၊ အမိ ဒေါ်ကြီးစိုးတို့မှ (၁၂၈၉) ခုနှစ်၊ သီတင်းကျွတ်လပြည့် ကျော် (၃) ရက် (၁၃-၁၀-၁၉၂၇) နေ့တွင် ပခုက္ကူမြို့၊ ဝါးတန်းရပ်၌ မွေးဖွားသည်။ အမည်ရင်း ဦးသိန်းအောင် ဖြစ်ပြီး ကလောင်အမည်ခွဲများမှာ မြင့်ရည်-တမာမြေ နှင့် ဇမ္ဗူစိုးတို့ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး လွတ်လပ်ရေးအကြိုခေတ်၌ ဝါးတန်းရပ်ကွက်ဆိုင်ရာ ဗမာနိုင်ငံလူငယ်များ အစည်းအရုံးတွင် စာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက် ခဲ့သည်။

(၁၉၅၂) ခုနှစ်တွင် ပခုက္ကူမြို့ နိုင်ငံတော်အစိုးရတန်း မြင့်ကျောင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ပထမအဆင့်မှ အောင်မြင်ပြီး တစ်ပြည်လုံးတွင် တတိယရသဖြင့် နိုင်ငံတော် အစိုးရက ချီးမြှင့်သော ပညာသင်ထောက်ပံ့ငွေကို ရန်ကုန်တက္ကသိုလ် တွင် ပညာသင်ကြားသည့် (၅) နှစ်တာကာလလုံး ရရှိခဲ့သည်။ မန္တလေးဆောင် သဟာယနှင့် စာဖတ်အသင်းတွင် စာကြည့်တိုက်မှူး အဖြစ် ဆောင်ရွက်ခဲ့သည်။

(၁၉၅၆) ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး (၁၉၅၇) ခုနှစ် ဝိဇ္ဇာ ဂုဏ်ထူးစာမေးပွဲကို အောင်မြင်သည်။ ထိုနှစ်တွင်ပင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းတွင် စာပြု အဖြစ် တာဝန်ထမ်းဆောင် သည်။ (၁၉၅၈) ခုနှစ်တွင် မြန်မာနိုင်ငံစာရင်းနှင့် စာရင်းစစ် ဝန်ထမ်း (အကြီးတန်း) နှင့် လက်ထောက်ငွေစာရင်းဝန် (ကာကွယ်ရေး) အဖြစ် ဆောင်ရွက်ခဲ့ပြီး (၁၉၆၂-၆၃)တွင် မြေယာကျေးလက် ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းတွင် ငွေစာရင်းအရာရှိအဖြစ် ဆောင်ရွက်သည်။ (၁၉၆၄) မှ (၁၉၆၆) အထိ လျှပ်စစ်ဓါတ်အား ပေးရေးအဖွဲ့တွင် ဒုတိယငွေစာရင်းအရာရှိချုပ်အဖြစ် တာဝန်ထမ်း ဆောင်ကာ (၁၉၆၇) ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

(၁၉၆၈) ခုနှစ်တွင် မြင့်ရည် (တမာမြေ) ကလောင် အမည်ဖြင့် " အစီခံနှင့် အခြားဝတ္ထုတိုများ" ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေဆု (စတုတ္ထ) ရရှိခဲ့သည်။ "ရွှေဘုံထီးနှင့် အပုံကြီးကွာသည်" ဝတ္ထုတိုပေါင်းချုပ်ကိုလည်း ရေးသား ထုတ်ဝေခဲ့သည်။

"ဇမ္ဗူဖိုး" ကလောင်အမည်ဖြင့် နိုင်ငံခြားသား စာရေးဆရာ များ၏ ဝတ္ထုတိုများ၊ ဝတ္ထုရှည်များကို မြဝတီမဂ္ဂဇင်းနှင့် ဒေသ ထုတ်မဂ္ဂဇင်းများအတွက် ဘာသာပြန် ရေး သားခဲ့သည်။

ဒေသထုတ် မဂ္ဂဇင်းများတွင်လည်း စာတည်းအဖြစ် တာဝန်ယူဆောင်ရွက် ခဲ့သည်။

နေရပ်လိပ်စာ - အမှတ် (၉၀)၊ (၁၀) လမ်း၊ အမှတ် (၁၁) ရပ်ကွက်၊ ပခုက္ကူမြို့။



## ဆရာကြီး ဦးရွှေသန်း (ရွှေသန်း-ကန်တော်)

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ် ကန်တော်ရွာ၌ အဖဦးဘိုးရေ အမိဒေါ်ဖွားမြစ်တို့က ၁၂၉၈ ခု၊ သီတင်းကျွတ်လဆန်း (၉) ရက် ဗုဒ္ဓဟူးနေ့တွင် မွေးဖွားခဲ့သည်။ မူလ နာမည်မှာ ဦးရွှေသားဖြစ်ပါသည်။ လူရင်း လူခင်များက ယခုတိုင် ရွှေသားဟုပင် ခေါ်ကြရာ မိမိကလည်း "ရွှေသား" ဟူသော နာမည်ကိုနှစ်သက်သဖြင့် "ရှင်ပင်ရတနာ ဆုတောင်းပြည့်" မြတ်စွာ ဘုရားဝိုင်းအတွင်း "သိမ်ကျောင်း" ဆောက်လုပ်လှူဒါန်းရာတွင် "ရွှေသား" ဟုပင် ကမ္ပည်းတင်ခဲ့ပါသည်။

ပညာသင်ကြားရာတွင် သင်ပုန်းကြီးမှ မင်္ဂလသုတ်အထိ ကန်တော်ရွာ ပစ္ဆိမာရုံကျောင်း ဆရာတော်ဦးရာဇိန္ဒထံတွင် သင်ယူခဲ့ပါသည်။ ထို့နောက် ကန်တော်ရွာရှိ ဆရာကြီးဦးအုန်းရွှေ၏ မူလတန်းကျောင်းသို့ ပြောင်းရွှေ့လာရာ ဒုတိယတန်းမှ စ၍နေရပြီး အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ ပရိတ်ကြီး၊ လောကနီတိတို့ကိုပါ အတန်းပညာနှင့်တွဲဖက်သင်ယူခဲ့ရာ၌ လေးတန်းအောင်ခဲ့သည်။ သာမဏေဝတ်သည့်အခါ ပစ္ဆိမာရုံကျောင်း ဆရာတော် ဦးကောဝိဒထံတွင် သဂြိုဟ်တစ်ဝါမျှ သင်ယူခဲ့ရပြီး ရှင်လူထွက်သည့်အခါ မိဘများနှင့်အတူ တောင်သူနှင့်ဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်ခဲ့ပါသည်။ နောင်အခါတွင် ပခုက္ကူမြို့သို့

စာအုပ်တိုက်က ၁၉၉၈ **ခုနှစ်တွင် ပထမအ**ကြိမ်အဖြစ် ထုတ်ဝေခဲ့သည်။

၂၀၀၆ ခုနှစ်တွင် "ပုံပြင်ဖြင့်ပြောပြသော ဝိပဿနာတရားတော်များ" စာအုပ်ဖြင့် "ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု" ကို ရရှိခဲ့သည်။ ယင်းစာအုပ်ကို မင်္ဂလာရောင်ခြည် စာပေတိုက်က ၂၀၀၆ ခုနှစ်၊ ဩဂုတ်လတွင် ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့သည်။

၂၀၁၁ ခုနှစ်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ ၁၀ နှစ်ပြည့် မင်္ဂလာအခါသမယကို ဂုဏ်ပြုသောအားဖြင့် "ဂီတမိခင်ကြီး-အလက်၁ကျော်စွာ ဒေါ်စောမြကြေည်(ဘီအေ)"စာအုပ်ကို ထုတ်ဝေခဲ့သည်။

ဆောင်းပါးပုဒ်ရေ ၁၀၀ ကျော်နှင့် ကဗျာပုဒ်ရေ ၅၀ ကျော် ရေးသားခဲ့ပြီးဖြစ်သည်။

ပခုက္ကူမြို့ရှိ "ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်"တွင် နာယကအဖြစ် ဆောင်ရွက်လျက်ရှိသည်။ အမည်ရင်းမှာ ဦးမြင့်သိန်းဖြစ်သည်။ ဖုန်းနံပါတ်-၀၉ ၇၈၈၀၀၆၇၇၉ ယနေ့ ၅. ၈. ၂၀၁၅ နေ့ထိ သက်ရှိထင်ရှားရှိပါသည်။

**နေရပ်လိပ်စာ**-ပခုက္ကူမြို့အမှတ် (၇) ရပ်ကွက် မြဟော၀န်လမ်း၊ အိမ်အမှတ်(၂၀)တွင် နေထိုင်လျက်ရှိသည်။



## ဆရာကြီး ဦးကျော်ဆန်း (သကျဘုန်းမော်)

ရေနံချောင်းမြို့နယ်၊ညောင်ပင်ဝန်းရွာတွင် အဖ **ဦးစံကဲ**၊ အမိ ဒေါ်သင်းကြည်တို့မှ မြန်မာသက္ကရာဇ် ၁၂၉၃ ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက်၊ (၁၅-၂-၁၉၃၂) တနင်္လာနေ့၌ မွေးဖွားခဲ့ပါသည်။

ဦးရွှေပြည့်ကျောင်း (ညောင်ပင်ဝန်းရွာ)၊ သရက်တောကျောင်း၊ (ရေနံချောင်းမြို့နယ်)၊ ပြည်စိုးကုန်းကျောင်း (ဆင်ဖြူကျွန်း)၊ ရွှေတောင်ပါဠိတက္ကသိုလ် (ရေနံချောင်း)ပဌာန်မြားကျောင်း၊ မြင်းဝန်မင်းကြီးတိုက်၊ မန္တလေးမြို့များတွင် ပညာသင်ကြားခဲ့ပါသည်။

သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပရိယတ္တိသာသနဟိတ (သကျသီဟ) ဓမ္မာစရိယဘွဲ့များရရှိခဲ့သည်။

ရန်ကုန်ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ မကွေးတက္ကသိုလ်တို့တွင် မြန်မာစာနည်းပြ၊ လ/ထ ကထိက ရာထူးတို့ဖြင့် တာဝန်ထမ်းဆောင်လုပ်ကိုင်ခဲ့သည်။

ကလောင်အမည်များမှာ "ရေနံ့သာဘုန်းမော်၊ သကျ ဘုန်းမော်၊ သကျဘုန်းရှိန်" တို့ဖြစ်သည်။

ဦးထွန်းလှအောင်၏ ဗုဒ္ဓဓမ္မလောကစာစောင်၊ ဓမ္မဗျူဟာ မဂ္ဂဇင်းတို့တွင် ဘာသာရေးကဗျာများ၊ ရန်ကုန်ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် မြန်စာဂုဏ် မဂ္ဂဇင်း၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ မြဝတီ၊ ငွေတာရီ မကွေးကောလိပ်နှစ်လည်မဂ္ဂဇင်းတို့တွင် စာပေဆောင်း ပါးများ၊ သာသနာ့ရောင်ခြည်စာစောင်၊ ဓမ္မရံသီ၊ ဓမ္မရတနာ၊ အတွေးအမြင်၊ သစ္စာမဂ္ဂဇင်းတို့တွင် ဘာသာရေးဆောင်းပါးများ၊ (၁၀)နှစ်တာ ဆိုရှယ်လစ်ခရီး၊ မြန်မာ့အသံစာစောင်တွင် "လုပ်သား နှင့်ပေါင်းသင်းဆက်ဆံရေး" ဆောင်းပါးတို့ကို ရေးသားခဲ့ပါသည်။ သီးခြားစာအုပ်အဖြစ် ဗုဒ္ဓဘာသာဆိုင်ရာ အဆင့်မြင့်ပြဿနာများ ခေါင်းစဉ်ဖြင့် ဆောင်းပါးပေါင်းချုပ်ကို ထုတ်ဝေခဲ့ပါသည်။

နေရပ်လိပ်စာ - တိုက် (၉)၊ အခန်း(၆)၊ ပြည်တော်သာ တိုက်၊ မကွေးမြို့။ ဖုန်း -၀၉-၄၀၁၅၁၉၈၂၆

လယ်သမားကောင်စီနှင့် မြန်မာနိုင်ငံအားကစားနှင့် ကာယပညာ ကော်မတီတို့ ပေါင်းစပ်ဖွင့်လှစ်သည့် ကျေးရွာအားကစားခေါင်း ဆောင်သင်တန်း သင်တန်းကာလ (၁)လ ကျိုက္ကဆံကွင်း ရန်ကုန် မြို့ တက်ရောက်ခဲ့သည်။ (၁-၃-၆၆ မှ ၃၁-၃-၆၆)

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်သူ့ကောင်စီအဆင့်ဆင့် ပထမအကြိမ် မြို့နယ်တရားသူကြီး အဖွဲ့ဝင် (၁၉၇၄ မှ ၁၉၇၈)ထိ၊ တစ်ဖန် (၁၉၇၈ မှ ၁၉၈၈) ထိ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်သည်။ ထိုကာလအတွင်း အလွန်ရေရှားပါး သည့် သရက်မြို့နယ် ဘော်တိုက်နယ်အတွက် ကျေးလက်ဒေသ ပြည်သူများ သောက်သုံးရေးရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုး ကျေးရွာလူထု၏ လုပ်အားကိုရယူသော ကိုယ်တိုင်ဦးစီးဦးဆောင် ပြု၍ ဆည်နှင့် သောက်ရေကန်ကြီးများကို ပွန်းကြီး၊ ဖောင်းကအိုင့်၊ သူကြီးစား၊ ဇီးတော၊ ညောင်နီ၊ မန်ကျည်းရုံ၊ ညောင်ဝိုင်း (ရွှေပန်းကိုင်း)၊ စမ်းမကြီး၊ အုပ်ပုံ၊ တောမွန်၊ ကျောက်မဲ ဆည်နှင့် ကန်များ ပြည်သူ့အကျိုးပြုလုပ်ငန်းကို ထိထိရောက်ရောက် သမိုင်း မှတ်တိုင်များအဖြစ် စိုက်ထူခဲ့သည်။

၁၉၇၄ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်တွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌတာဝန်များ ဆောင်ရွက်ပြီး အားကစားပြိုင်ကွင်း အထူးတန်းပွဲကြည့်စင်ဆောက်လုပ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၈ ခုနှစ်ထိ တံခွန်သင်းစာတွင် အားကစား

ပြောင်းရွှေ့နေထိုင်ခဲ့ပြီး အရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်ပါသည်။

အသက် (၂၀) အရွယ်၊ ၁၃၁၈ခုနှစ်မှာ တစ်ရွာတည်းနေ ဒေါ်အုန်းကြင်နှင့် အိမ်ထောင်ပြု၍ သားသမီးငါးယောက် ထွန်းကားခဲ့သည်။ ကိုဌေးဝင်း၊ မသက်မွန်၊ ကိုကြည်စိုး၊ မမွန် (ခေါ်) မမြတ်ရည်မွန်၊ မလွင် (ခေါ်) မမြတ်ရည်လွင် တို့ဖြစ်ကြပါသည်။

ဝါသနာအလျောက် စာပေများရေးသားခဲ့ရာ ဓမ္မရံသီမဂ္ဂဇင်း၊ ဓမ္မရတနာမဂ္ဂဇင်း၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ လစဉ်ထုတ် မဇ္ဈိမအလင်းမဂ္ဂဇင်း၊ ခရိုင်၊ မြို့နယ်မဂ္ဂဇင်းများ၊ ရွှေရတု၊ ငွေရတုမဂ္ဂဇင်းများ၊ ဂုဏာဝိသိဋ္ဌပူဇာ၊ ဝိဇာတပူဇာ မဂ္ဂဇင်းများတို့တွင် ရေးသားပါဝင်ခဲ့သည်။ ဗဟိုအဆင့်၊ မြို့နယ်အဆင့် စာပေပြိုင်ပွဲများတွင် AIDS ရောဂါကာကွယ်တားဆီးရေး၊ မူးယစ်ဆေးဝါး နှိမ်နင်းတိုက်ဖျက်ရေး၊ မင်္ဂလာတရားတော်ပြန့်ပွားရေးစာပေပြိုင်ပွဲများတွင် ဆုများရရှိခဲ့ဖူးသည်။

"ပုဂံအနော်ရထာနှင့် ကန်တော်ရွာ" သမိုင်းစာတမ်းကို ၂၀၁၀ ခုနှစ်ကလည်းကောင်း၊ "လောကကြေးမုံ" ကဗျာပေါင်းချုပ်နှင့် "အလှုပုံရိပ်" ကဗျာပေါင်းချုပ်တို့ကို ၂၀၁၆ ခုနှစ်၌လည်းကောင်း ရေးသားထုတ်ဝေခဲ့သည်။

ရွှေသန်း (ကန်တော်) ကလောင်အမည်အပြင် "ကေတီလင်းလက်" ဟူသော ကလောင်အမည်ခွဲကိုလည်းခံယူထားသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း (ပခုက္ကူမြို့နယ်) တွင်အသင်းဝင်တစ်ဦးဖြစ်ပါသည်။

ယခုအချိန်တွင် ပခုက္ကူမြို့၊ အမှတ် (၁၅) ရပ်ကွက်၊ (၄) လမ်း၌ နေထိုင်လျက်ရှိပြီး မိမိနေအိမ်နှင့် ကပ်လျက်ရှိသော မူလတန်းကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်ကလေးကို အဖွင့်အပိတ်ပြုလုပ်ပေးခြင်း၊ ထိုင်စောင့်ပေးခြင်း၊ စာအုပ်စာစောင်များကို ကူညီပြုပြင်ချုပ်လုပ်ပေးခြင်းတို့နှင့် ရပ်ရေးရွာရေးတို့၌ တတ်စွမ်းသမျှ ကုသိုလ်ဖြစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။



## ဦးအေးဝေ (အေးဝေ-သရက်)

သရက်ခရိုင်၊ သရက်မြို့၊ တောင်မင်းတည်းရပ်၊ လမ်းရှည်လမ်း၊ အဖ ဦးမောင်တင်၊ အမိ ဒေါ်ပန်းမြင့်တို့က ၁၂၉၇ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ငယ်စဉ်က တောင်မင်းတည်းရပ် ဆရာဦးလှမောင်ကျောင်းတွင် မူလတန်းပညာသင်ကြားပြီး ၁၉၅၁ ခုနှစ်တွင် အောင်လံမြို့ တန်းမြင့်ကျောင်း (ကျောက်တိုင်) နှင့် သရက်မြို့ တန်းမြင့်ကျောင်း၌ တက္ကသိုလ်ဝင်တန်းထိ ပညာသင်ကြားခဲ့သည်။ အားကစား ထူးချွန်သူမို့ ကျောင်းအုပ်ဆရာကြီး ဦးမူ(တောင်တွင်း) က နိုင်ငံတော်ဆရာအတတ်သင်သိပ္ပံကျောင်း အထူးကာယနည်းပြဆရာ တစ်နှစ်သင်တန်းရန်ကုန်မြို့တွင် တက်ရောက်စေသည်။ (၁၉၅၆-၅၇)ခုနှစ် သင်တန်းပြီးနောက် သရက်ခရိုင်အတွင်း အလက(၁)သရက်မြို့၊ စံပြချောင်းကောက်ရွာ အလက ဆင်ပေါင်ဝဲမြို့နယ်၊ အောင်လံမြို့နယ် ပြလို့ရွာ အလက၊ ညောင်

ပင်ဆိပ် အထကမှ သရက်မြို့ အလက (၂) ဘီလပ်မြေစက်ကျောင်းများတွင် ကာယနည်းပြ ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၆ ခုနှစ်မှစ၍ မကွေးတိုင်း၏ ဘောလုံး၊ ဘော်လီဘောနှင့် ပြေးခုန်ပစ်လက်ရွေးစဉ်၊ မကွေးတိုင်းဂုဏ်ဆောင်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှစ၍ မကွေးတိုင်းဘောလုံး၊ ဘော်လီဘော နည်းပြဆရာအဖြစ် တာဝန်ယူခဲ့သည်။ အားကစားတွင် ထူးချွန်စွာဆောင်ရွက်သကဲ့သို့ လူမှုရေးလုပ်ငန်းများတွင်လည်း ဘက်စုံဆောင်ရွက်ပြီး ပြည်သူ့အကျိုးပြု လူမှုရေးနည်းပြသင်တန်းများတက်ရောက်ကာ သင်တန်းနှင့်လိုက်ရောညီထွေရှိသော လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ပဲခူးတိုင်း ပြည်-သရက်-သာယာဝတီခရိုင် အခြေခံကင်းထောက်ဆရာဖြစ်သင်တန်း အမှတ်(၁)ကို ခေတ္တရာတောစခန်း ပြည်မြို့တွင် ၁၉၅၉ ခုနှစ် အောက်တိုဘာလ ၁၀ ရက်မှ ၁၆ ရက်ထိ တက်ရောက်ခဲ့သည်။

တော်လှန်ရေးကောင်စီအစိုးရ ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီမှ ဖွင့်လှစ်သည့် ခရိုင်ဘော်လီဘောနည်းပြဆရာသင်တန်းကို အောင်ဆန်းအားကစားပြိုင်ဝန်း ရန်ကုန်မြို့ သင်တန်းကာလ(၁)လ (၁-၁၀-၆၅) တက်ခဲ့သည်။

မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုနိုင်ငံရေးသိပ္ပံကျောင်း အလုပ်သမားရေးရာသင်တန်း အမှတ်စဉ်(၁၆) ကို ၈-၅-၆၇ မှ ၁၇-၇-၆၇ ထိ တက်ရောက်ပြီး၊ ၁၉၇၃ ခုနှစ် ဗဟိုတောင်သူ



## ဦးမြင့်သိန်း (ပင်လုံခွန်)

အဖ ဦးစိန်တင့်+အမိ မမွကထိက ဆရာမကြီး ဒေါ်လှပြောင်တို့က ၁၉၃၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်မြစ်ခြေမြို့ မြို့မရပ်၌ မွေးဖွားခဲ့သည်။

၁၉၅၂ ခုနှစ်တွင် ပခုက္ကူမြို့ အ. ထ. က(၁) မှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။

၁၉၅၆ ခုနှစ် အောက်တိုဘာလထုတ် "ကလေးဂျာနယ်"တွင် မြစ်ခြေ-မောင်မြင့်သိန်း"ကလောင်အမည်ဖြင့်" "ကလေးစာဆို" ဟူသော ကဗျာကို စတင်ရေးသားလျက် စာပေနယ်သို့ဝင်ရောက်ခဲ့သည်။

၁၉၉၅ ခုနှစ်တွင် စာပေဗိမာန် စာမူဆုပြိုင်ပွဲ၌ "ရှမ်းပြည်နယ်" တိုင်းရင်းသား၏ နယ်ချဲ့ဆန့်ကျင်ရေးမှတ်တမ်းစာမူဖြင့် နိုင်ငံရေးဆိုင်ရာစာပေပထမဆုကို ရရှိခဲ့သည်။ ယင်းစာအုပ်ကို စာပေဗိမာန်

တင့်မှလူမျိုးမြင့်မည်ဆောင်းပါးဖြင့် စာပေနယ်ဝင်ခဲ့သည်။ တံခွန်နှင့် စာရေးဆရာအဖွဲ့ဝင်အမှတ် (၃၂၄၀) ဖြစ်သည်။

သရက်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မှသည် ၂၀၁၂ ခုနှစ် မြို့နယ်စာရေးဆရာအသင်း (ဥက္ကဋ္ဌ) တာဝန်ဖြင့် စာပေတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ယခုတိုင်တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ပထမ) အကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ၂၂ နိုဝင်ဘာ ၂၀၁၄ (စနေနေ့)မြို့တော်ခန်းမ ရန်ကုန်မြို့တွင် ကျင်းပရာ ကိုယ်တိုင်တက်ရောက်ပူဇော်ကန်တော့ခံခဲ့ပါသည်။

**လုံးချင်းစာအုပ်ထုတ်ဝေ**

၁။ အေးဝေ(သရက်)ဆန္ဒတူညီသော ဘဝပုံတင်သံများ(၂၀၀၇) ခုနှစ်

၂။ အေးဝေ(သရက်) သရက်ခရိုင်၏ နယ်ချဲ့ဆန့်ကျင်သမိုင်း ၂၀၁၅ ခုနှစ် ဩဂုတ်လ ယခုသရက်မြို့အနောက်ရပ်တောပိုင်း သတ္တဌာန ဘုရားလမ်း လင်းယုန်ကျီ(ကုန်စုံဆိုင်)ဇနီး ဒေါ်ခင်ဦးမြင့် (ပညာရေးငြိမ်း)သားသမီးများနှင့်အတူ အေးဝေ(သရက်) အမည်ဖြင့် စာပေများ ရေးသားလျက်ရှိသည်။

**နေရပ်လိပ်စာ**-သတ္တဌာန ဘုရားလမ်း၊ အနောက်ရပ်တောင်ပိုင်း၊ **သရက်မြို့**



**ဆရာကြီး ဦးစိုးတင့်**
**(ဟံသာစိုးတင့်)**

ဆရာကြီး ဦးစိုးတင့် (ဟံသာစိုးတင့်)ကို ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်နဲ့စံပြကျေးရွာကြီး၌ ၁၂၉၆ ခုနှစ်၊ ကဆုန်လဆန်း (၁၂) ရက်နေ့တွင် ဖခင် ဦးသိန်းကြည်၊ မိခင် ဒေါ်အေးလှိုင်တို့မှ မွေးဖွားခဲ့သည်။

အုန်နဲ့အစိုးရ အလယ်တန်းကျောင်းနှင့် ပဲခူးအမျိုးသားတန်းမြင့်ကျောင်းတို့၌ ပညာသင်ကြားပြီး ရန်ကုန်တက္ကသိုလ် တက်ရောက်ခဲ့ပါသည်။ ပဲခူးမြို့နယ်၊ နလက အတွင်းရေးမှူး၊ ဗဟိုနိုင်ငံရေးတက္ကသိုလ် လက်ထောက်ကထိက (ရေးရာမှူး)၊ ပဲခူးပါတီယူနစ် ဥက္ကဋ္ဌ စသည်ဖြင့် နိုင်ငံတာဝန်များထမ်းဆောင်ခဲ့ပါသည်။

ပဲခူးရွှေမော်ဓောစေတီတော် ဂေါပက ဒုတိယဥက္ကဋ္ဌနှင့် ကလျာဏီကုန်းတော်ပြုပြင်ရေး၊ ရွှေတိဂုံလေးစေတီ ဘက်စုံပြုပြင်ရေးတို့နှင့် သာသနာရေး၊ ဘာသာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး စာရေးဆရာအသင်းဝင်အမှတ် ၃၅၇၄ ဖြစ်သည်။

**နေရပ်လိပ်စာ** - ၂၀၀/ သနပ္ပင်လမ်း၊ လိပ်ပြာကန်ပိုင်း၊ ပဲခူးမြို့။



## ဆရာကြီး ဦးမောင်မောင် (ခ) မောင်မောင်သက်

(၁၂၈၉) ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက် (၉-၁၁-၁၉၂၇) နေ့တွင် အဖ ဦးဘလှိုင်၊ အမိ ဒေါ်တိုးတို့မှ ဈေးချိုဝါးတန်း မန္တလေးမြို့၌ မွေးဖွားသည်။

ရန်ကုန်မြို့၊ မြို့မကျောင်းတို့တွင် (၁၀) တန်းအထိ ပညာသင်ကြားခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံခြားဘာသာသင်တန်းကျောင်းမှ ဂျပန်ဘာသာဒီပလိုမာ ရရှိခဲ့သည်။

ရန်ကုန်မြို့၊ မြန်မာ့တပ်မတော် ထုတ်လုပ်ရေးတပ်တွင် အရာခံဗိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အထူးစစ်ပင်စင် အငြိမ်းစား ယူခဲ့သည်။

(၁၉၅၃) ခုနှစ်မှစ၍ ဂျပန်ဘာသာနည်းပြသင်တန်းဆရာအဖြစ် ဆောင်ရွက်ရင်း ကာတွန်းဆွဲခြင်း၊ စာရေးခြင်းအလုပ်များကို လုပ်ကိုင်လျက်ရှိသည်။ မောင်မောင် သက် (ဂျပန်)၊ မောင်မောင် သက် (ပုသိမ်ကြီး)၊ ဗသက် (မန္တလေး)၊ မင်းသက်ထွန်း စသည့် ကလောင်အမည်များဖြင့် ကာတွန်း၊ ဆောင်းပါး၊ ဂျပန်ဘာသာပြန် ပုံပြင်၊ မြန်မာ-ဂျပန် အဘိဓာန်၊ ကိုယ်တွေ့လက္ခဏာပညာ၊

ဘာသာရေးဆောင်းပါး၊ မြန်မာသမိုင်းဆောင်းပါးများကို မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာများတွင် ရေးသားလျက်ရှိသည်။

အခြေခံပန်းချီရေးဆွဲနည်း၊ ကာတွန်းရေးဆွဲနည်း၊ စီးပွားရေး ပန်းချီရေးဆွဲ နည်း၊ တိုင်းရင်းသားပုံရေးဆွဲနည်း အစရှိသော စာအုပ် (၁၀) အုပ် ရေးသားထုတ်ဝေခဲ့ ပြီးဖြစ်သည်။ စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာများတွင် ဆောင်းပါးပေါင်း (၄၂)ပုဒ် ရေးသားခဲ့ပြီး ဖြစ်သည်။

**နေရပ်လိပ်စာ** - ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။



## ဆရာကြီး ဦးအောင်မြင် (မောင်သိင်္ဂီ - ရွှေဘို)

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ သံဘိုကျေးရွာ၌ အဖ ဦးစံထ၊ အမိ ဒေါ်ရွှေဖွဲ့တို့မှ (၁၂၉၂) ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၀)ရက်၊ (၁၈-၈-၁၉၃၀) တွင် မွေးဖွားခဲ့သည်။ အမည်ရင်း ဦးအောင်မြင် ဖြစ်သည်။

လုပ်သားများကောလိပ်၊ ပိုလ်တထောင်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ရရှိခဲ့ပြီး H.G.P အောင်မြင်ခဲ့သည်။

(၁၉၅၀) ပြည့်နှစ်၌ မန္တလေး ပဟိုရ်စည်သတင်းစာတွင် "သာဝအထင်" ကဗျာ ဖြင့် စာပေနယ်သို့စတင်ဝင်ရောက်ခဲ့သည်။ မန္တလေးလူထုဂျာနယ်၊ လူထုသတင်းစာနှင့် ပဟိုရ်စည်သတင်းစာများတွင် ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ (၁၉၅၅) ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ လစဉ်ထုတ်ဝေခဲ့သော ယဉ်ကျေးမှုစာစောင် တွင် ပါရှိသည့် "သကရစ်နှင့် သက္ကရာဇ်" သုတေသနဆောင်းပါးတွင် မောင်သိင်္ဂီ (ရွှေဘို) ကလောင်အမည်ကို စတင်သုံးစွဲခဲ့သည်။ ရှုဒေါင့်ဂျာနယ်၊ ဒိုးဝေသတင်းစာ၊ ဟံသာဝတီသတင်းစာ၊ ပိုလ်တထောင်သတင်းစာနှင့် မန္တလေးသတင်းစာများနှင့် မြဝတီ၊ ငွေတာရီ၊ နိုင်ငံ့ဂုဏ်ရည် စသည့်

မဂ္ဂဇင်းများတွင် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးများ ရေးသားခဲ့သည်။

(၁၉၇၃-၁၉၇၇) ခုနှစ်အထိ Y.M.B.A အသင်းမှ ထုတ်ဝေသော ရတနာမွန် ဓမ္မစာစောင်တွင် တာဝန်ခံအယ်ဒီတာ အဖြစ် ဆောင်ရွက်ခဲ့သည်။ (၁၉၇၇) မှ (၁၉၉၃) ခုနှစ်အထိ တိုင်းသာသနာရေးဦးစီးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးတို့တွင် တာဝန် ထမ်းဆောင်ခဲ့သည်။ ယခုအချိန်အထိ ဓမ္မစာစောင်များတွင် ဦးအောင်မြင့် (ဓမ္မာစရိယ၊ B.A.H.G.P) ကလောင်အမည်ဖြင့် "သာသနာရေးဆိုင်ရာ ဆောင်းပါးများ ရေးသား ဆဲဖြစ်သည်။

မြန်မာနိုင်ငံသမိုင်း၏ အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်များတွင် နှစ်ပေါင်းများစွာ သာသနာတော်ဆိုင်ရာ အငြင်းအခုံ အငြင်းပွားမှုတွင် အဓိကပုဂ္ဂိုလ်အဖြစ် ပါဝင်ခဲ့သော အလောင်းဘုရားခေတ် သာသနာပိုင် မဟာအတုလယသမဓမ္မရာဇာဂုရု ဘွဲ့ခံအရှင် အတုလယသ စီရင်သည့် "အတုလ ဖြတ်ထုံး" ကျမ်းကို သမိုင်းဆိုင်ရာ ကျမ်းစာ စာစောင်အဖြစ် ဖော်ထုတ်တင်ပြရန် စီစဉ်ဆောင်ရွက် ဆဲဖြစ်သည်။ (၁၉၇၇) ခုနှစ်တွင် "စိုးမိုးအောင်" စာပေတိုက်က လုံးချင်းဝတ္ထု (၅) အုပ်နှင့် ကာတွန်းဇာတ်လမ်း (၄) အုပ် ထုတ်ဝေ ခဲ့သည်။ ထိုစာအုပ်များအနက် "ရဲရဲတောက် ဗိုလ်ဖျော်" ဟူသော သမိုင်းဝင်နယ်ချဲ့ဆန့်ကျင်ရေးဇာတ်လမ်းကို (၁၉၈၈) ခုနှစ်တွင် စပယ်ဦးရုပ်ရှင်မှ ရုပ်ရှင် ရိုက်ကူးခဲ့သည်။

နေရပ်လိပ်စာ - တိုက် (၁၁)၊ အခန်း (၆၊ ၇)၊ ချမ်းသာ တိုက်ခန်းများ၊ ကန်တော်ကြီးအရှေ့အိမ်ရာ၊ သန်တောရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေ သကြီး၊ ဖုန်း - ၀၂-၉၁၀၁၁၉၆၁



## ဆရာကြီး ဦးဘထိန် (ထီလာ-ဖိုးဘထိန်)

•

အဖ ဦးဘိုးသာ၊ အမိ ဒေါ်လှသွယ်တို့မှ ၁၂၉၃ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၆) ရက် (၂၁-၁၁-၁၉၃၀) နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ မြစ်ဆုံရွာ ၌ မွေးဖွားခဲ့သည်။

(၁၉၄၈) ခုနှစ်တွင် မြစ်ဆုံရွာ မူလတန်းကျောင်းမှ ပဥ္စမတန်း အောင်မြင်ခဲ့ ပြီး (၁၉၅၃) ခုနှစ်တွင် မြင်းခြံမြို့ ဂါးတားမင်း အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင် တန်းအောင်မြင်ခဲ့သည်။ ရန်ကုန်ပညာရေးတက္ကသိုလ်မှ (အဝေးသင်) ဝိဇ္ဇာဘွဲ့နှင့် ဘီအီးဒီဘွဲ့များ ရရှိခဲ့သည်။

မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ပန်းအိုင်အထိုးရ အလယ်တန်းကျောင်းတွင် P.E.T ၊ မလှိုင်မြို့နယ်၊ မုံ့ပင်အစိုးရအလယ်တန်းကျောင်းတွင် တာဝန်ခံကျောင်းအုပ်၊ မိတ္ထီလာမြို့၊ အ. ထ. က (၁) တွင် အလယ်တန်းပြဆရာ၊ မိတ္ထီလာမြို့၊ အ. ထ. က (၂) တွင် အထက်တန်းပြဆရာအဖြစ် အမှုထမ်းခဲ့ပြီး (၁၉၈၅) ခုနှစ်တွင် လုပ်သက် ပြည့်အငြိမ်းစားယူခဲ့သည်။

(၁၉၆၅) ခုနှစ်မှစပြီး ကလေးဂျာနယ်တွင် ကလေး

ကဗျာများ၊ ဂါဒီးယန်း မဂ္ဂဇင်းတွင် အင်္ဂလိပ်ကဗျာများကို မြင်းခြံထိန်လင်းကလောင်အမည်ဖြင့် ရေးသားခဲ့သည်။ သီလဝ စာစောင်၊ အဟိ စာစောင်နှင့် သောကြာ စာစောင်တို့တွင် "ထီလာဖိုး ဘထိန်" ကလောင် အမည်ဖြင့် ဟာသစာပေများကို ရေးသားခဲ့သည်။ ဆရာဦးဘထိန် အမည်ရင်းဖြင့် မြတ်ဆုမွန်နှင့် မြစ်မခ ဓမ္မစာသဝဏ်မဂ္ဂဇင်းတို့တွင် ဘာသာရေး ဆောင်းပါးများ ရေးသားခဲ့သည်။ ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတွင် အိန္ဒိယပုံပြင်များကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့သည်။ မနုစာရီ မဂ္ဂဇင်း၊ လျှို့ဝှက် ဆန်းကြယ်မဂ္ဂဇင်းနှင့် မြင်ကွင်းစုံမဂ္ဂဇင်းတို့တွင် ဘာသာရေးဆောင်းပါးများနှင့် ဂမ္ဘီရ စာပေများကို ရေးသားလျက်ရှိသည်။ စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ မြစ်ဆုံရွာမှ မဟာဗောဓိပင်သမိုင်းနှင့် ဆရာတော် ဦးစိန္တာမုနိ၏ ထေရုပ္ပတ္တိစာအုပ်နှင့် မလှိုင်မြို့နယ်၊ အဆုံကျေးရွာရှိ အဆုံခြေတော်ရာဘုရားသမိုင်းနှင့် သက်တော် (၉၃) နှစ်ရှိ သက်တော်ရှည် ဆရာတော် ဦးစန္ဒိမာ ထေရုပ္ပတ္တိစာအုပ်ကို ပြုစုရေးသားခဲ့သည်။

မှုခင်းရှုထောင့်ဂျာနယ်၊ မိတ္ထီလာခရိုင် ရုံးခွဲတာဝန်ခံအဖြစ် ဆောင်ရွက်ရင်း မှုခင်းသတင်း၊ မှုခင်းကဗျာနှင့် မှုရင်းပဟေဠိဝတ္ထုတိုများ ရေးသားလျက်ရှိသည်။ ပထမအကြိမ် စာပေညီလာခံမှ ပဉ္စမအကြိမ် စာပေညီလာခံသက်တမ်းအထိ မိတ္ထီလာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

**နေရပ်လိပ်စာ** - ဥက္ကဋ္ဌ၊ မြို့နယ်စာရေးဆရာအသင်း၊ မိတ္ထီလာမြို့။



## ဦးအုံးမောင် (မောင်အောင်မြင်)

၁၉၃၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် မိတ္ထီလာမြို့နယ်၊ ရှမ်းတဲကျေးရွာ၌ အဘ ဦးပု၊ အမိ ဒေါ်မမကြီးတို့က မွေးဖွားခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် (၁၀) တန်းအောင်မြင်ပြီး၊ ၁၉၅၂ ခုနှစ်တွင် ကျန်းမာရေးမှူးသင်တန်းတက်၍ ၁၉၅၄ ခုနှစ်တွင် ကျန်းမာရေးမှူးသင်တန်းပြီးပါသည်။ ၁၉၅၄-၇၂ ခုနှစ်ထိ ကျေးလက်ကျန်းမာရေးဌာနများတွင် ကျန်းမာရေးမှူးတာဝန်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ရာ ၁၉၆၈-၇၁ ခုနှစ်ထိ စစ်ကိုင်းတိုင်း၊ ခန္တီးခရိုင် (နာဂတောင်တန်း) တွင် မိမိဆန္ဒဖြင့်လျှောက်၍ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၂-၁၉၉၃ ခုနှစ်၊ သက်ပြည့်ပင်စင်ယူသည်အထိ မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်နှင့် မိတ္ထီလာ၊ မြင်းခြံခရိုင်၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေး (ရပကန) အဖွဲ့တွင် ငှက်ဖျားမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံရပြီး မိတ္ထီလာမြို့နယ်အသင်း၊

ဆောင်းပါးများ၊ ဝတ္ထုတိုများ၊ ရောင်ပြန်မဂ္ဂဇင်းတွင် သုတရသ၊ ဂမ္ဘီရဆောင်းပါး၊ ဝတ္ထုတိုများ၊ ကျန်းမာရေးမှူးမဂ္ဂဇင်းတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ကိုယ်တွေ့ဆောင်းပါး၊ ဝတ္ထုတိုများကို (မောင်အောင်မြင်၊ မိတ္ထီလာ) အမည်ဖြင့် ရေးသားလျက်ရှိသည်။

ယခုအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ကျန်းမာရေးမှူး အသင်းဥက္ကဋ္ဌတာဝန်၊ ကျန်းမာရေးမှူးမဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ တာဝန်များထမ်းဆောင်ရင်း ပြည်သူ့အကျိုးပြုစာပေများကို အချိန်ရသမျှ ပြုစုရေးသားရင်း သားသမီးများနှင့်အတူ မိတ္ထီလာမြို့တွင် နေထိုင်လျက်ရှိသည်။

နေရပ်လိပ်စာ - သမုန်းကုန်းရပ်၊ အောင်ဆန်းနယ်မြေ၊
ဗဟို ပို့/ဆက်စာတိုက်၊ မိတ္ထီလာမြို့၊
မန္တလေးတိုင်း။



## ဆရာကြီး ဦးသန်းထွန်း (သတင်းထောက်)

(၁၂၈၂) ခုနှစ်၊ ကဆုန်လဆန်း (၄) ရက်၊ (၂၀-၄-၁၉၂၀) နေ့တွင် ကြက်တွန်ရပ်ကွက်၊ ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်တွင် မွေးဖွားသည်။

ကျောက်ဆည်မြို့၊ မြူနီစပယ်အလယ်တန်းကျောင်းတွင် သတ္တမတန်းအောင်သည်အထိ ပညာသင်ကြားပြီး (၁၉၃၈) ခုနှစ်မှစ၍ မြန်မာ့အလင်း၊ တိုးတက်ရေး သတင်းစာတို့တွင် သတင်းထောက်အဖြစ် ဆောင်းပါးများ စတင်ရေးသားသည်။

စစ်ပြီးခေတ်တွင် ရန်ကုန်ထုတ် မြန်မာ့အလင်း၊ ဗိုလ်တထောင်၊ ကြေးမုံ၊ ရှေ့ဆောင်၊ အိုးဝေ၊ အထောက်တော်၊ ဇဝန၊ ထွန်း နေ့စဉ်၊ ဒီးဒုတ်၊ ပြည်သူ့ဟစ်တိုင်၊ အင်္ဂလိပ်နေးရှင်းသတင်းစာတို့နှင့် မန္တလေးထုတ်မြန်မာ့လမ်းစဉ်၊ လူထုသတင်းစာတို့၌ နယ်သတင်းထောက်နှင့် ဖြန့်ချိရေးပါ ဆောင်ရွက်ခဲ့သည်။

(၁၉၆၂) ခုနှစ်၊ သတင်းထောက်သင်တန်း (ကမ္ဘာအေးကုန်းမြေ)ကို တက်ရောက်ခဲ့သည်။ (၁၉၆၆-၆၇) တွင် ကျောက်ဆည်ခရိုင် သတင်းထောက် အသင်းဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။

**နေရပ်လိပ်စာ - ဆူးကုန်းရပ်၊ ကျောက်ဆည်မြို့။**



## ဆရာကြီး ဦးမြသောင်း (စာရေးဆရာ မြသောင်း)

အဖ ဦးအုန်းရွှေ အမိ ဒေါ်ဖွားညွန့်တို့မှ (၁၂၈၇) ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၃) ရက် (၆-၈-၁၉၂၅) နေ့တွင် မန္တလေးမြို့၌ မွေးဖွားခဲ့သည်။

အသက် (၃၀) ခန့်မှစ၍ စာပေဆောင်းပါးများရေးသားခဲ့ရာ စာရေးသက်နှစ်ပေါင်း (၅၀)ကျော် ရှိခဲ့ပြီဖြစ်သည်။ မန္တလေးထုတ် ဂျာနယ်များတွင် ဆောင်းပါးများစွာ ရေးသားခဲ့သည်။ မဟေသီ မဂ္ဂဇင်း၊ကလျာမဂ္ဂဇင်း၊ ပိတောက်ပွင့်သစ် မဂ္ဂဇင်း၊ ရုပ်ရှင်အမြုတေ မဂ္ဂဇင်းနှင့် ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းများတွင် အနုပညာရေးရာ၊ ဂီတအနုပညာ ရေးရာနှင့် စာပေရေးရာ ဆောင်းပါးပေါင်းများစွာ ရေးသားခဲ့သည်။ မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ အမှတ် (၁၅) အ. မ. က တွင် မူလတန်းကျောင်းအုပ်အဖြစ် အမှုထမ်းခဲ့သည်။ ယခုစာရေး ဆရာအဖြစ် ရပ်တည်ဆဲ ဖြစ်သည်။

**နေရပ်လိပ်စာ** - (၃၅) လမ်းနှင့် (၅၈) လမ်းအတွင်း၊ ရွှေယဉ်မွန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။



## ဆရာကြီး ဦးအောင်သူ (ခ) သံမဏိမောင်မောင်

(၁၉၈၂) ခုနှစ်၊ တော်သလင်းလဆုတ် (၆)ရက်တွင် တောင်သာမြို့နယ်၊ ကန်တော်ရွာ၌ အဘဦးဖိုးအို၊ အမိ ဒေါ်စံယူ တို့မှ မွေးဖွားခဲ့သည်။

**I.Sc** အဆင့် ပညာသင်ကြားခဲ့ပြီး အငြိမ်းစားတိုင်းဦးစီးမှူးတာဝန်အထိ ထမ်းဆောင်ခဲ့ကာ အငြိမ်းစားယူခဲ့သည်။

လုံးချင်း လေးအုပ်ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - ငြိမ်းဆုဝေလမ်း၊ မင်္ဂလာဥယျာဉ်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး။



## ဆရာကြီး ဦးကျော်မြင့်(ကျော်ကျော်-ဥက္ကံ)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဇီးပင်ဆိပ်ရပ်ကွက်တွင် ၁၉၃၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် အဖဦးဖိုးကျား(သစ်၊ ဝါး၊ စပါး ကုန်သည်)၊ အမိဒေါ်ဖွားစိန်(ပွက်ကုန်း) တို့မှမွေးဖွားသည်။

၁၉၃၈ ခုနှစ်တွင် ဥက္ကံမြို့၊ ကျောင်းလမ်း၊ ဆရာဦးစောကဲ(မြန်မာစာ) ကျောင်းတွင်လည်းကောင်း၊ ၁၉၄၀ ပြည့်နှစ်တွင် ဘုရားကြီးလမ်း၊ ဆရာကြီးဦးဖိုးသာ(ဗုဒ္ဓဘာသာ မြန်မာစာအထက်တန်းကျောင်း) တွင်လည်းကောင်း၊ ၁၉၄၆ ခုနှစ်တွင် လမ်းချိုး၊ ABMကျောင်းတွင်လည်းကောင်း မြန်မာစာ (၇) တန်းထိ ပညာသင်ကြားခဲ့သည်။

၁၉၅၇ ခုနှစ်၊ ကြေးမုံသတင်းစာ စတင်ထုတ်ဝေသည့်အချိန်မှစ၍ ယနေ့အထိ ဥက္ကံမြို့နယ် ကြေးမုံသတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ အခြားသတင်းစာများဖြစ်သော ဒိုးဝေ၊ အထောက်တော်၊ ပြည်တော်စိုး၊ ပြည်ကျော်၊ မဏ္ဍိုင်၊ ထွန်းနေ့စဉ်၊ လမ်းစဉ်၊ မီးတုတ်သတင်းစာများတွင် ဥက္ကံမြို့နယ် သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ အစိုးရလက်ထက်၊

ကမ္ဘာအေးကုန်းမြေတွင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီမှ ကြီးမှူးပြုလုပ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ သတင်းထောက်များ ရက်တိုသင်တန်းကိုတက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ စာရေးဆရာများနှီးနှောဖလှယ်ပွဲသို့ ကျော်ကျော်(ဥက္ကံ) အမည်ဖြင့် တက်ရောက်ခွင့်ရရှိခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ပြည်မြို့တွင်ပြုလုပ်သည့် ပြည်၊ သာယာဝတီ၊ မော်ဘီ သုံးခရိုင် သတင်းထောက်များနှီးနှောဖလှယ်ပွဲသို့ ဗဟိုကော်မတီဝင်အဖြစ် တက်ရောက်ခဲ့သည်။

၁၉၇၆ ခုနှစ်၊ ဧပြီ ၂၂ ရက်မှ ၂၆ ရက်နေ့အထိ ရှမ်းပြည်တောင်ကြီးကောလိပ်ခန်းမတွင်ပြုလုပ်သည့် မြန်မာနိုင်ငံ သတင်းထောက်များနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ခဲ့သည်။

၁၉၈၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တိုက်ကြီးမြို့နယ်၊ စာပေလုပ်သားအဖွဲ့တွင် အတွင်းရေးမှူး၊ ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၆၀ ခုနှစ်မှစ၍ ကဗျာစာပေနယ်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ တိုင်းရင်းမေ၊ ချိုတေးသံ၊ ချိုတေးရှင်၊ မြန်မာ့အသံသောတရှင်၊ ဖလင်စတား၊ ဥဩ၊ သစ်ဆန်း၊ ယနေ့ရုပ်ရှင်၊ အကယ်ဒမီ၊ ယု ဝတီ၊ ခေတ်သစ္စာ၊ အထောက်တော်၊ ဣတ္ထိယကဏ္ဍ၊ ကဗျာသစ်၊ စံပယ်ဦး စသည့်မဂ္ဂဇင်းများတွင် ကဗျာများကို ရေးသားခဲ့သည်။

၁၉၅၁ ခုနှစ်မှစ၍ ၂၀၀၀ ပြည့်နှစ်အထိ မြို့ရွာစာပေပြန့်ပွားရေး(စာကြည့်တိုက်များဖွင့်ခြင်း)၊ မီးဘေးကာကွယ်ရေး(မီးသတ်)၊ မြို့ရွာလုံခြုံရေး ကာကွယ်ရေး၊ စည်ပင်ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေး၊ သမဝါယမအသင်းစသည်တို့တွင် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ သည်။

**နေရပ်လိပ်စာ** - အခန်း T-12,SY တိုက်တန်း၊ ၈၁ လမ်း၊ ၂၆-၂၇ ကြား၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၅၆၀၀



## ဆရာကြီး ဦးဆန်နီ (မောင်စိုးရ-မလှိုင်)


မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ် ဖျောက်ဆိပ်ကုန်းရွာ၌ (၇-၂-၁၉၃၄) ရက်နေ့တွင် အဖ ဦးဖိုးခင်၊ အမိ ဒေါ်မြရီတို့က မွေးဖွားခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် မိတ္ထီလာ အ. ထ. က မှ တက္ကသိုလ်ဝင်တန်းအောင်၍ မန္တလေးတက္ကသိုလ်မှ ၁၉၆၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် ပညာရေးတက္ကသိုလ် ရန်ကုန်မှ ဘီအီးဒီဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

ပညာရေးဌာနတွင် အလယ်တန်းပြမှ အလယ်တန်းကျောင်းအုပ်နှင့် အထက်တန်းကျောင်းအုပ်အထိ ၁၉၅၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ တာဝန်ထမ်းခဲ့သည်။

၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မလှိုင်မြို့ပါတီယူနစ်တွင် ကော်မတီဝင် နှင့် အတွင်းရေးမှူးအဖြစ် ပါတီတာဝန်ယူခဲ့သည်။

၁၉၇၂ ခုနှစ်တွင် "မိတ်ကပ်လိမ်း၍ ဇာတ်မသိမ်းချင်" ဝတ္ထုဖြင့် ဝတ္ထုရှည် ဒုတိယဆု၊ ၁၉၇၆ ခုနှစ်တွင် "နွေဆည်းဆာ" စာမူဖြင့် ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆု၊ ၁၉၇၈ ခုနှစ်တွင် "လေပွေရိုင်း" စာမူဖြင့် ဝတ္ထုရှည် ဒုတိယဆုတို့ကို ရရှိခဲ့ပါသည်။

**နေရပ်လိပ်စာ** - အမှတ် (၁၀)၊ ရပ်ကွက်ကြီး (၂)၊ မလှိုင်မြို့။



## ဆရာကြီး ဦးထွန်းဝေ
## (တက္ကသိုလ်မောင်ထွန်းဝေ)

အဖ ဦးရှင်း၊ အမိ ဒေါ်အမတို့က ၁၂၉၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၁) ရက်နေ့ (၁၄-၁၀-၁၉၃၃) ရက်နေ့တွင် မန္တလေးမြို့၌ မွေးဖွားသည်။

မူလတန်းပညာကို စိန့်ဂျိုးဇက်ကွန်းဗင့်ကျောင်း (ယခု အထက-၁၁)၊ အလယ်တန်းပညာကို စိန့်ပီတာ (ယခု အထက-၉)၊ အထက်တန်းပညာကို အေဘီအမ်ကျောင်း (ယခု အထက-၁၃) တို့၌ ပညာသင်ကြား၍ မန္တလေးတက္ကသိုလ်တွင် ၁၉၅၂ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ဝိဇ္ဇာဘွဲ့သင်ကြားအောင်မြင်ခဲ့သည်။ ဥပဒေဝိဇ္ဇာ (ဘီအေ-ဘီအယ်လ်) အောင်မြင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်၊ စာဆိုတော်စာစောင်၌ "လူမွဲဘဝ" ကဗျာဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့ပြီး မန္တလေးတက္ကသိုလ်ကလောင်ရှင်အသင်း မဂ္ဂဇင်းအယ်ဒီတာ တာဝန်ယူ၍ ဘဝကဗျာများ လုံးချင်းစာအုပ်ကို ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ၌ မန်းတက္ကသိုလ်ကလောင်ရှင်အသင်းနှင့် မိုးစာပေမှ ထုတ်ဝေခဲ့သည်။ မြဝတီ၊ သွေးသောက်၊ ငွေတာရီ၊ မိုးဝေမဂ္ဂဇင်းများ၊ တိုင်းရင်းမေ၊ ယုဝတီ၊ မြတ်ရတနာ၊

လူထုဂျာနယ်၊ လူထုသတင်းစာ၊ မြန်မာ့လမ်းစဉ်၊ ဗဟိုစည်၊ ဟံသာဝတီသတင်းစာများ၌ ကဗျာပုဒ်ရေ ၂၀၀ ခန့်၊ ဆောင်းပါး ပုဒ်ရေ ၁၀၀ ခန့်၊ ဝတ္ထုတိုပုဒ်ရေ ၁၀ ပုဒ်ခန့် ရေးသားခဲ့ပြီး ယခု မန္တလေးနေ့စဉ်သတင်းစာ၊ အထက်မြန်မာဂျာနယ်နှင့်ပုသိမ်ကြီး မဂ္ဂဇင်း၌ ကဗျာများရေးသားလျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ် (၁၁၀)၊ နန်းဦးလွင်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်။



## ဦးမြစိန်

ဦးမြစိန်သည် မန္တလေးမြို့ ကုန်သည် ဦးဆင် + ဒေါ်ဖွားရင်တို့၏ သားသမီး ငါးယောက်အနက် အကြီးဆုံးဖြစ်သည်။ ၁၉၂၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင်ဖွားသည်။ ၁၉၄၁ ခုနှစ်၊ မန္တလေးမြို့၊ ဗဟိုအမျိုးသားအထက်တန်းကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့သည်။ ၁၉၄၂-၁၉၄၃ ခုနှစ်တွင် အရှေ့အာရှ လူငယ်များအစည်းအရုံး၊ မန္တလေးမြို့ အရှေ့ပိုင်းတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရပြီး ၁၉၅၂ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ရသည်။ ၁၉၅၂ ခုနှစ်တွင် ကသာမြို့ ရွှေနေကြီး ဦးထွန်းလှ+ဒေါ်သုန်တို့၏သမီး ဒေါ်မိမိလေးနှင့်လက်ထပ်ခဲ့သည်။ မန္တလေးတက္ကသိုလ်၊ ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် ပါမောက္ခအဖြစ်မှ လုပ်သက်ပြည့် အငြိမ်းစား ယူခဲ့သည်။ ချမ်းအေးသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် ၁၂ နှစ်၊ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ မန္တလေး တက္ကသိုလ်တွင် အကြံပေးအရာရှိအဖြစ် သုံးနှစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဒေါ်မိမိလေးသည် မန္တလေးမြို့ ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်း

တွင် သုံးနှစ်မျှ ဥက္ကဋ္ဌတာဝန်ယူ ဆောင်ရွက်ခဲ့သည်။ "ဖြတ်သန်းခဲ့သမျှ"၊ "အမျိုးသမီးစာဆိုလောကနှင့် ဘဝကြေးမုံ" (အမျိုးသားစာပေဆုရ)၊ "တွေးမိသည်နှင့် ရေးမိသည်" စာအုပ်များ ရေးသားခဲ့သည်။ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ သုံးရက်နေ့တွင် ကွယ်လွန်သည်။

ဦးမြစိန်သည် ၁၉၅၃ ခုနှစ်မှစ၍ ရှေ့နေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့သည်။ ဦးမြစိန်သည် ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ မန္တလေးတက္ကသိုလ် ကောင်စီ (အုပ်ချုပ်ရေးအဖွဲ့) တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၄-၆၅ ခုနှစ်တွင် အထူးရာဇဝတ်တရားသူကြီး အဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၃ ခုနှစ်မှစ၍ ၂၀၀၄ ခုနှစ်အထိ အမျိုးသားညီလာခံတွင် သဘာပတိ အဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀-၁၀-၂၀၀၃ ရက်နေ့တွင် ကျင်းပသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး၊ ပုဂ္ဂလ်ထုအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ်မှစ၍ ၂၀-၄-၂၀၁၂ အထိ တရားလွှတ်တော်ရှေ့နေများကောင်စီတွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၅ ခုနှစ်မှစ၍ ဥပဒေစာအုပ်များ ရေးသားခဲ့သည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ ၁၁ ကြိမ်မြောက် ပြင်ဆင်ဖြည့်စွက် ရေးသားခဲ့သည်။ အသုံးချဥပဒေ ပေါင်းချုပ် (ပထမတွဲ၊ ဒုတိယတွဲ)၊ ပြည်သူ့တရားခွင်မှ အသုံးချ ဥပဒေများ၊ တရားမလမ်းညွှန်စီရင်ထုံးများနှင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ အခြေခံမှုများကို ရေးသားခဲ့သည်။

နေရပ်လိပ်စာ - အမှတ် ၈၊ ၃၂ နှင့် ၆၈ လမ်းထောင့်၊
ချမ်းအေးသာဇံရပ်၊ မန္တလေးမြို့။



**ဆရာကြီး ဦးလှမြင့်**
**တက္ကသိုလ်လှမြင့်**

၁၉၃၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် ပျဉ်းမနားမြို့နယ်၊ နေပြည်တော် (ယခု ဇေယျာသီရိမြို့နယ်)၊ စည်ပင်သာယာကျေးရွာ၌ အဖ ဦးဘသော် (ကျောင်းအုပ်ဆရာကြီး)၊ အမိ ဒေါ်ပန်းခင်တို့က ဖွားမြင်ခဲ့သည့် သားသမီး (၆) ယောက်အနက် အထွေးဆုံးသားဖြစ်ပါသည်။

ငယ်စဉ်မူလတန်းပညာကို စည်ပင်သာယာကျေးရွာ မူလတန်းကျောင်းတွင် ပညာရည်နို့သောက်ခဲ့ပြီး အလယ်တန်းပညာနှင့် အထက်တန်းပညာကို ပျဉ်းမနားမြို့၊ အေဘီအမ်ကျောင်း (ယခု အ. ထ. က -၂) နှင့် ကေအီးအမ် (KEM) (Post Primary) ကျောင်း (ယခု အ. ထ. က-၁) တို့တွင် ပညာဆက်လက်ဆည်းပူးခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့ပါသည်။

၁၉၅၄-၅၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် ပညာဆက်လက်တက်ရောက်သင်ကြားရာတွင် ဥပစာသိပ္ပံတန်းကို ၁၉၅၆ - ၅၇ ခုနှစ်တွင် သိပ္ပံတွဲဖြင့် အောင်မြင်ခဲ့ပါသည်။

တက္ကသိုလ်မှာနေစဉ် ပျဉ်းမနားမြို့နယ်အသင်း၊ အတွင်းရေးမှူးဥက္ကဋ္ဌ ဖြစ်ခဲ့သည့်အပြင် သထုံဆောင်သဟာရနှင့် စာဖတ်အသင်း၊ သထုံမီးပွားစာစောင်တာဝန်ခံ၊ တက္ကသိုလ် ဒီမိုကရက်တစ်

ကျောင်းသားအဖွဲ့ (D.S.O) တွင် စာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ ၁၉၅၈ ခုနှစ်၊ တက္ကသိုလ်ကျောင်းသားသမဂ္ဂ (တကသ) အမှုဆောင်အဖြစ် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ပါသည်။

၁၉၅၉ ခုနှစ်တွင် ဘီအက်စ် (အထက်တန်း) မှ ကျောင်းထွက်ခဲ့ပြီး ဖက်စပ်ကော်ပိုရေးရှင်း အမှတ် (၂) မန်နေဂျာ၊ နောက်ပိုင်း ကုန်သွယ်ရေးမန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ဝန်ထမ်းအဖြစ်မှ ဆေးလက်မှတ်ဖြင့် အငြိမ်းစားယူခဲ့ပါသည်။ ဝန်ထမ်းဘဝမှာ အထက်တန်းရှေ့နေ (H.G.P) စာမေးပွဲကိုလည်းကောင်း၊ အငြိမ်းစားယူပြီးနောက်ပိုင်းတွင် အဘိဓမ္မာဋီကာကျော်ဝိသုဒ္ဓိမဂ်စာမေးပွဲမှာ ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ကျောင်းသားဘဝတွင် ရှုမဝမဂ္ဂဇင်း 'စိန်ပန်းနီနီ' ကဗျာဖြင့် စတင်ရေးသားခဲ့ပြီး ဝန်ထမ်းဘဝတွင် ဆောင်းပါး၊ ကဗျာ၊ ပြဇာတ်၊ သံချပ်များ ရေးသားကာ စာရေးဆရာဘဝ ခံယူခဲ့ပါသည်။

၂၀၁၄ ခုနှစ်တွင် ပျဉ်းမနားသမိုင်းပုံရိပ် (ပထမပိုင်း)၊ ၂၀၁၅ ခုနှစ်တွင် ပျဉ်းမနားသမိုင်းပုံရိပ် (ပ+ဒု) ဒုတိယအကြိမ်ရေးသားပြီး စာအုပ်ထုတ်ဝေခဲ့ပါသည်။ ယခုအခါ စာရေးဆရာသက်တမ်းတစ်လျှောက်မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်တို့တွင် ရေးသားခဲ့သည့်ဆောင်းပါးပေါင်းစုံကို စုစည်းကာ 'တွေ့ကြုံခဲ့သမျှဘဝပုံရိပ်များ' ဆောင်းပါးပေါင်းချုပ်ကို ရေးသားထုတ်ဝေလိုက်ပါသည်။

စာရေးသူသည် ပျဉ်းမနားမြို့တွင် နေထိုင်လျှက်ရှိပြီး ပျဉ်းမနားစာရေးဆရာအသင်းတွင် နာယကအဖြစ် ဆောင်ရွက်လျှက်ရှိပြီး စာပေများကို မပြတ်ရေးသားလျှက်ရှိပါသည်။ စာရေးသူ၏ စာရေးဆရာအသင်းဝင်နံပါတ်မှာ (၇၁၁၀) ဖြစ်ပါသည်။

**နေရပ်လိပ်စာ** - ၁၅/၅၇၊ ကျေးရူးရိပ်မွန်၊ ဥတ္တံတားလမ်း၊ မစိုးရိမ်၊ ပျဉ်းမနားမြို့။



ဆရာကြီးဦးဖွေလှိုင် (ဘီလူးကျွန်းဖွေလှိုင်)

၁၂၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်၊ (၂၂-၁၁-၁၉၂၆) နေ့တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တော်ကနာ ကျေးရွာ၌ အဖ ဦးဝင်း၊ အမိ ဒေါ်ငြိမ်းရင်တို့က မွေးဖွားသည်။

ရွာလွတ်ကျေးရွာ ဆရာကြီးဦးစံဒွန်း၏ တိုင်းရင်းမြန်မာ အလယ်တန်းလွန်ကျောင်း၌ နဝမတန်းထိ ပညာသင်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် တက္ကသိုလ်စာမေးပွဲကို အလွတ်ဝင်ရောက် ဖြေဆို အောင်မြင်ခဲ့သည်။

မော်လမြိုင်မြို့၊ ဆရီဒေဝီပုံနှိပ်တိုက်၏ မော်လမြိုင်သတင်း စာတွင် အပတ်စဉ်ဆောင်းပါးများ စတင်ရေးသားခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် နယ်ခြားဒေသ အုပ်ချုပ်ရေး၏ ဘာဘစ်ဆင်ရေး အစီ အစဉ်ဖြင့် နယ်ခြားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၅ ခုနှစ်တွင် မိမိနေရပ် ရွာလွတ်သို့ပြန်လည် ရောက်ရှိ လာပြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းအဖြစ် ရာဘာဖိနပ်ကို စတင်ထုတ်လုပ်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် "လူတိုင်းအမျိုးသားမှတ်ပုံတင်ရမည်" နှင့် "သမဝါယမစီမံကိန်းအောင်ရမည်" ဆိုသည့် ပတ်ဝန်းကျင်ကာလအတွင်း သတင်းစာများဖြင့် ဗိုလ်တထောင်၊ ကြေးမုံ၊ မြန်မာ့အလင်း၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာများ၏ သတင်းထောက်အဖြစ် စာပေနယ်တွင် ကျင်လည်ခဲ့သည်။

စာပေလုပ်သားအဖွဲ့နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တို့တွင် ချောင်းဆုံမြို့နယ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတာဝန်များကို အခါအားလျော်စွာ ဆောင်ရွက်ခဲ့သည်။ ညီလာခံ ကိုယ်စားလှယ်အဖြစ်လည်း တက်ရောက်ခဲ့သည်။

ယခုအခါ မြို့နယ်စာရေးဆရာအသင်းတွင် (နာယက) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

နေရပ်လိပ်စာ - အမှတ် (၃၇၅)၊ ဇောတိကလမ်း၊
ရွာလွတ်ရွာ၊ ချောင်းဆုံမြို့နယ်၊
မွန်ပြည်နယ်။



ဆရာကြီး ဦးတင်ထွန်း (မောင်သပ်ရပ်)

အဖ ကျောင်းအုပ်ဆရာကြီး ဦးညိုမြ၊ အမိ ဒေါ်စိန်မေတို့မှ ဆင်ပေါင်ဝဲမြို့နယ်၊ ဇောင်းတန်းကလေးကျေးရွာတွင် (၁၂၉၀) ပြည့်နှစ် ပြာသိုလပြည့်ကျော် (၁၁) ရက် (၅-၁-၁၉၂၉) နေ့တွင်ဖွားမြင်သည်။

ဂျပန်ခေတ်လယ်တွင် သတ္တမတန်းအောင်မြင်ခဲ့သည်။ စစ်ကြီးပြီးချိန်တွင် ကျောင်းပြန်တက်ပြီး တက္ကသိုလ်ဝင်တန်း၌ စာသင်ခဲ့သည်။

ဆင်ပေါင်ဝဲမှ ရန်ကုန်သို့ပြောင်းရွှေ့ခဲ့ရာ စာရေးဆရာကြီး ဦးရန်အောင်၏ ကူညီမှုဖြင့် စာအုပ်ရောင်းခဲ့သည်။

(၁၉၅၉) ခုနှစ်မတိုင်မီက ကွန်မြူနစ်ဝါဒကို ယုံကြည်ခဲ့သူဖြစ်သော်လည်း တပ်မတော်က အိမ်စောင့်အစိုးရတာဝန်ယူစဉ်ကာလ၌ တပ်မတော်သို့ ပြန်လည်ဝင်ရောက်ခဲ့သည်။

နောက်ပိုင်းတွင် နိုင်ငံရေးမှ အနားယူစဉ်ကာလ၌ (၅၁)လမ်းတွင် "သက်တံရောင်စာပေ" ဖွင့်လှစ်၍ စာအုပ်များပုံနှိပ်ထုတ်ဝေခဲ့သည်။ သရော်စာနှင့် ဆောင်းပါးများလည်း ရေးသားခဲ့သည်။

(၁၉၆၄) ခုနှစ် နောက်ပိုင်းတွင် ကုန်သွယ်ရေးဝန်ထမ်းအဖြစ်

တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

(၁၉၄၀) ခုနှစ်၊ မတ်လထုတ် "တပ်နီဂျာနယ်" တွင် ဝတ္ထုတိုတစ်ပုဒ် စတင်ဖော်ပြခြင်းခံရသည်။ "ပြည်သူ့ဂျာနယ်" တွင်လည်း ရေးသားခဲ့သည်။ "ပန်းတိုင်ဂျာနယ်" နှင့် မန္တလေးမြို့မှ ထုတ်ဝေသော "ခေတ်" ဂျာနယ်တို့တွင် "မောင်သပ်ရပ်" ကလောင်အမည်ဖြင့် ရေးသားခဲ့ပြီး (၁၉၇၀) ပြည့်နှစ်မှစ၍ တင်ထွန်း (အင်းစိန်) အမည်ဖြင့် ဗိုလ်တထောင်၊ လုပ်သားပြည်သူ့နေ့စဉ်၊ ဟံသာဝတီသတင်းစာများတွင် ဆောင်းပါးများ ရေးသားခဲ့သည်။ လျှို့ဝှက်ဆန်းကြယ်၊ ဖြစ်ရပ်မှန်မှုခင်း၊ သောင်းပြောင်းထွေလာ၊ စိုက်ပျိုးရေးဂျာနယ်တို့တွင်လည်း ရေးသားခဲ့သည်။

ကျိုက်ထိုမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် အတွင်းရေးမှူး၊ နာယက စသည့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။ နိုင်တင်ထွန်းကလောင်အမည်ဖြင့် ဘာသာရေး၊ သာသနာရေး စာပေများရေးသားပြုစု ထုတ်ဝေခဲ့သည်။

နေရပ်လိပ်စာ - အောင်ဆန်း (၄) လမ်း၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်၊ မွန်ပြည်နယ်။



ဆရာကြီး ဦးတင်လှိုင် (ရာမညအောင်နိုင်သူ)

၁၂၉၃ ခုနှစ်၊ ကဆုန်လဆုတ် (၃)ရက်၊ (၁၂-၅-၁၉၃၁)တွင် အဖ ဦးဘသစ်၊ အမိ ဒေါ်ကျင်ဟန်တို့မှ အင်းစိန် (ယခင်ခရိုင်) မှော်ဘီမြို့၊ သရက်တောလမ်းတွင် ဖွားမြင်သည်။

ဝါးနက်ချောင်းကျေးရွာ ဆရာဦးဖိုးချစ်၏ မူလတန်းကျောင်းတွင် မူလတန်းပညာသင်ကြား၍ မှော်ဘီဆရာကြီး ဦးဖိုးလင်း၏ အထက်တန်းကျောင်းတွင် မြန်မာ/အင်္ဂလိပ် အထက်တန်းပညာများသင်ယူခဲ့ပါသည်။

ဂျပန်ခေတ်၊ ဝါးနက်ချောင်း၊ မီးရထားခေါင်းစက်ရုံ၊ နီပွန်ကိုကပ်ကုတွင် စကားပြန်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ဦးဝိစာရရပ်ကွက် (ယခုတော်လှန်ရေးပန်းခြံ) မြန်မာနိုင်ငံလူငယ်များအစည်းအရုံးတွင် စာကြည့်တိုက်မှူး၊ ၁၉၅၀ ပြည့်နှစ်တွင် မြန်မာ့တပ်မတော် ဆက်သွယ်ရေးတပ်ဖွဲ့သို့ ဝင်ရောက်ကာ စစ်ရုံး၊ တပ်မတော် သက်သာချောင်ချိရေး၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်လှည့်ရုပ်ရှင်၊ အမှတ်(၂) လူမှုဆက်ဆံရေးတပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အမှတ် (၅) ဆက်သွယ်ရေးတပ်ရင်း တို့တွင်

ရုပ်ရှင်/မဂ္ဂဇင်း - သတင်းဖြန့်ချိရေး တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ပြည်ပရန်နိုင်တံဆိပ်၊ ပြည်သူ့ စစ်တိုက်ပွဲဝင်တံဆိပ်နှင့် နိုင်ငံတော်စစ်မှုထမ်းကောင်းတံဆိပ်များ ချီးမြှင့်ခြင်းခံရပြီး တပ်မတော်မှ တပ်ကြပ်ကြီးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။

ထို့နောက် ရတနာတပ်နယ် ဒုတိယအကြိမ်နှင့် တတိယအကြိမ်ရွေးချယ်တင်မြှောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ မုဒုံမြို့နယ်၊ ဗိုလ်တထောင်သတင်းစာ သတင်းထောက်၊ စာပေလုပ်သားအဖွဲ့၊ မုဒုံမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် အတွင်းရေးမှူးအဖြစ်လည်းကောင်း ထမ်းဆောင်ရင်း ပြည်မြန်မာ သတင်းဂျာနယ်၊ Good News (ကောင်းသတင်းဂျာနယ်)၊ 24/7 News ဂျာနယ်များတွင် သတင်းဆောင်းပါးများရေးသားခဲ့ပြီး ကြေးမုံ သတင်းစာမြို့နယ်သတင်းထောက် (၄၁၄)၊ မှုခင်းရှုထောင့် ဂျာနယ် (မွန်ပြည်နယ်ရုံးခွဲတာဝန်ခံ)အဖြစ်ဆောင်ရွက်ကာ မြို့နယ်သတင်း၊ ဆောင်းပါးများ ယနေ့တိုင်ရေးသားလျက်ရှိသည်။ လူမှုရေးလုပ်ငန်းအဖြစ်ရန်ကုန်မြို့၊ ရွှေတိဂုံ၊ ဝေနေယျသုခ ရေချမ်းစင်အသင်း၊ မွန်ပြည်နယ်သတင်း ထောက်အကျိုးဆောင် ကော်မတီ၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ စာရေးဆရာများအသင်းနှင့် မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း (မွန်ပြည်နယ်) နာယကအဖြစ် ယနေ့တိုင်ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**နေရပ်လိပ်စာ** - ရတနာတပ်နယ်၊ ကော့ခနိလမ်း၀၊ မော်လမြိုင်မြို့နယ်။ ဖုန်း - ၀၉-၄၉၈၀၃၆၃၇



## ဦးကြီးစိန် (မောင်ကြီးစိန်၊ ရာမည)

ဦးကြီးစိန် (မောင်ကြီးစိန်၊ ရာမည) သည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ တံခွန်တိုင်ရွာတွင် မွန်လူမျိုး၊ ဗုဒ္ဓဘာသာဝင် ဖခင် ဦးဘော၊ မိခင် ဒေါ်စိန်ငုံတို့က ၁၉၃၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် မွေးဖွားခဲ့သည်။

ငယ်စဉ်က တံခွန်တိုင်ရွာ၊ တိုင်းရင်းဘာသာအထက်တန်းကျောင်း၌ စတင်၍ ပညာသင်ကြားခဲ့ပြီး၊ ဆက်လက်၍ မုဒုံမြို့ ရှင်အရဟံအထက်တန်းကျောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့သည်။ ပညာအရည်အချင်းမှာ ဘီအေအီးဒီ၊ ဘီအီးဒီ ဖြစ်သည်။

ပညာရေးဌာနတွင် ၁၉၅၃ ခုနှစ်မှစ၍ အထက်တန်းပြဆရာ၊ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်နှင့် မြို့နယ်ပညာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မုဒုံမြို့ ရှင်အရဟံအထက်တန်းကျောင်းသားဘဝတွင် မုဒုံမြို့နယ်၊ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌနှင့် ကျောင်းသားရဲဘော်

အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် သံဖြူဇရပ်မြို့နယ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပြီး၊ ၁၉၇၄ ခုနှစ် အလုပ်သမားဆန္ဒပြမှု စုံစမ်းရေးကော်မရှင်အဖွဲ့ဝင်၊ ပြည်သူ့ကိုယ်စားလှယ်များ၏ လစာစရိတ်နှင့် ခံစားခွင့်များ စိစစ်ရေးကော်မရှင်အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲဗဟိုကော်မရှင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဒုတိယအကြိမ် ပြည်သူ့ကောင်စီသက်တမ်းတွင် မွန်ပြည်နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် စတုတ္ထအကြိမ် ပြည်သူ့ကောင်စီသက်တမ်းတွင် မွန်ပြည်နယ်ကောင်စီအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

စာပေလုပ်ငန်းနှင့်စပ်လျဉ်း၍ ၁၉၅၁ ခုနှစ်၊ တနင်္သာရီတိုင်းကျောင်းသားသမဂ္ဂမဂ္ဂဇင်း ထုတ်ဝေရာတွင် စာတည်းမှူးအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်၊ မုဒုံမြို့ ရှင်အရဟံအထက်တန်းကျောင်း စိန်ရတုမဂ္ဂဇင်းထုတ်ဝေရာတွင် စာတည်းမှူးချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ မဂ္ဂဇင်း၊ ဂျာနယ်များတွင် နိုင်ငံအကျိုးပြု လူမှုအကျိုးပြုဆောင်းပါးများကို ရေးသားပြုစုခဲ့၊ ရေးသားပြုစုနေဆဲဖြစ်ပြီး ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် "ယခင်ယခု မော်လမြိုင်" စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ လက်ရှိတွင် မော်လမြိုင်မြို့နယ်၊ စာရေးဆရာအသင်း ၏ နာယကအဖြစ်လည်းကောင်း၊ ဒေါက်တာလှဘေ ပညာပါရမီ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ၏ နာယကအဖြစ်လည်းကောင်း ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်သည်။

မောင်ကြီးစိန် (ရာမညာ) စာရေးဆရာအသင်းဝင်အမှတ်သည် ၆၂၆၀ ဖြစ်ပြီး နေရပ်လိပ်စာမှာ အမှတ် (၃၆)၊ တောင်ဝိုင်းလမ်း၊ တက္ကသိုလ်ရွှေ၊ ဈေးကြီးရပ်၊ မော်လမြိုင်မြို့ ဖြစ်သည်။



## ဒေါက်တာတင်စိုး (ခ) ဒေါက်တာတင်စိုး

အဘ ဦးစိန်ညွန့် (ကွယ်လွန်) နှင့် အမိ ဒေါ်မူ (ကွယ်လွန်) တို့က ၁၉၃၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့မှာ ရေနံချောင်း မြို့တွင် ဖွားမြင်ခဲ့သည်။

တက္ကသိုလ်ဝင်တန်းကို ရန်ကုန်ကျူရှင်ကျောင်းမှ ၁၉၅၂ ခုနှစ်တွင် အောင်မြင်ခဲ့သည်။ ချက်နိုင်ငံ၊ Prague မြို့ရှိ Charles' University မှ MD ဘွဲ့ကို ၁၉၆၃ ခုနှစ်တွင် ရရှိခဲ့သည်။ ဆက်လက်၍ ယင်း University မှပင် Candidate of Science (equivalent to PhD) ကို ၁၉၆၆ ခုနှစ်တွင် ရရှိခဲ့သည်။

၁၉၈၇ မှ ၉၁ အထိ ဘူတန်နိုင်ငံတွင် UN Volunteer အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

ဝါသနာနှင့် အတွေ့အကြုံများကို အခြေခံ၍ ဆောင်းပါး များ ရေးသားခဲ့ပြီး ကြေးမုံ၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊

ချင်းတွင်းဂျာနယ်နှင့် မဂ္ဂဇင်းများတွင် ထည့်သွင်းဖော်ပြခဲ့သည်။ "ကင်ဆာသည် ကြောက်စရာ သို့သော်" (၁၉၆၇)၊ "လူမှုရေးနှင့် စီးပွားရေးရှုထောင့်မှ ပြည်သူ့ကျန်းမာရေး" "အမျိုးသမီးတို့ဘဝ" "သူနာပြုအခြေခံ" စသည့် စာအုပ်များ ရေးသားခဲ့သည်။

ယခုအခါ မော်လမြိုင်မြို့၊ ဝွေးကုန်း၊ ရွာလမ်းမကြီး၊ ခြံအမှတ် (၄) တွင် နေထိုင်လျက်ရှိသည်။ ဖုန်း ၀၉၅၁၈၃၁၁၁၊ email:tinsoe.burma@gmail.com သို့ ဆပ်သွယ်နိုင်သည်။



## ဆရာကြီး ဦးကျော်ဆန်း (သုခိအောင်)

•

မော်လမြိုင်မြို့၊ ထားဝယ်စုရပ်၊ ကျားတံတားလမ်းတွင် (၁၂၈၄) ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၉)ရက်၊ (၁၇-၇-၁၉၂၂) တွင် အဖ ဦးသက်ဝင်း (အနုပညာကထိက) ဆရာအတတ်သင်သိပ္ပံကျောင်း၊ အမိ ဒေါ်မြယဉ်တို့မှ မွေးဖွားသည်။ ငယ်စဉ်က ကျောက်ဆည်မြို့ရှိ ရေနားဘုန်းတော်ကြီးကျောင်းတွင် ပညာစတင်သင်ကြားသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အသံလွှင့်ဌာန အစီအစဉ်လက်ထောက်အဖြစ် အမှုထမ်းသည်။ စစ်ပြီးနောက် အရှေ့ပေါ်တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးသည်။ (၁၉၅၀) ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ရကာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၅)သို့ တက်ရောက်ပြီး ကြည်းတပ်မတော်ဗဟိုစစ်ကျောင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ စိတ်ဓာတ်စစ်ဆင်ရေးဌာန၊ မြဝတီမဂ္ဂဇင်းတွဲဖက်အယ်ဒီတာ၊ စစ်နှလုံးဂျာနယ်နှင့် ရောင်ခြည် ဂျာနယ် အယ်ဒီတာချုပ် (၁၉၆၂) ခုနှစ်တွင် တော်လှန်ရေးကောင်စီ သတင်းစဉ်အယ်ဒီတာချုပ်၊ (၁၉၆၄) ခုနှစ်တွင် မြန်မာ့အသံ ညွှန်ကြားရေးမှူးစသည့် တာဝန်များကို

အသီးသီးထမ်းဆောင်ခဲ့သည်၊ ၁၉၆၆ ခုနှစ်တွင် မြန်မာသတင်းစာဆရာ (၅)ဦးကို ဦးဆောင်ကာ ဂျာမနီ နိုင်ငံတွင် Journalism Diploma ဘွဲ့သင်တန်းတက်ရောက်ခဲ့သည်။ ၁၉၆၈ခုနှစ်တွင် ပြန်ကြားရေး ဝန်ကြီးဌာန၊ သတင်းစာပညာ သင်တန်း၌ ကျောင်းအုပ်ကြီးတာဝန်၊ ၁၉၇၄ ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သုတေသန ဌာနတွင် စစ်ဦးစီးမှူး ပထမတန်း၊ ဒုတိယ ဗိုလ်မှူးကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၉ ခုနှစ်တွင် လမ်းစဉ်လူငယ် စည်းရုံးရေးဗဟို ကော်မတီ တွဲဖက်အတွင်းရေးမှူး တာဝန်ထမ်းဆောင်သည်။ ၁၉၈၈ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၈၉ခုနှစ်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ အစိုးရ၏ သတင်းထုတ်ပြန်ရေး အဖွဲ့ကို ဦးဆောင်၍ သွားရောက်ခဲ့သည်။

၁၉၉၃ခုနှစ်မှစ၍ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလအထိ ပြန်ကြားရေးဝန်ကြီးဌာနတွင် အကြံပေးအရာရှိအဖြစ် တာဝန်ထမ်း ဆောင်ခဲ့သည်။ 'သွေးက ပြောသောအခါ (ပြဇာတ်)'၊ 'မိုးပြာရောင် ပေါ်က ကြယ်ဖြူတစ်ပွင့် (ရုပ်ရှင်)'၊ 'အဖြူရောင်မေတ္တာ(ရုပ်ရှင်)'၊ 'အပြန်လမ်းကချစ်မေတ္တာ (ရုပ်ရှင်)'၊ 'နှစ်ငါးဆယ်ပြည့်ရွှေရတု တပ်မတော် စစ်ချီစစ်ရေးတေးသီချင်းများ (စာအုပ်)'Morality of Myanmar', 'English Speaking & Mass Media' စာအုပ်များနှင့် ထင်ရှားသောတိုင်းကျိုးပြည်ပြု တေးသီချင်းများရေးခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် ၁၁၇ (ဂျီ)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



## ဆရာကြီး ဦးမောင်မောင်စိုးတင့်
## (အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်)

အဖ အမျိုးသားကျောင်း ဆရာကြီး ဦးမောင်မောင်၊ အမိ ဒေါ်သိန်းတို့မှ ၁၂၉၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁)ရက် (၁၁-၃-၁၉၃၃)နေ့တွင် ကျိုက်လတ်မြို့၌ ဖွားမြင်သည်။

၁၉၅၃ ခုနှစ်တွင်၊ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (ပညာ)ဘွဲ့ ရရှိခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဟာဝိုင်အီ တက္ကသိုလ်မှ မဟာပညာဘွဲ့ ရရှိခဲ့သည်။

နိုင်ငံ့ဝန်ထမ်းအဖြစ် ကျောင်းအုပ်ဆရာကြီး အ. ထ. က (၂) မုံရွာ၊ ၁၉၅၃-၆၁ (မြန်မာနိုင်ငံတွင် အသက် ၂၀ နှစ်ဖြင့် အသက်အငယ်ဆုံး အထက်တန်းကျောင်းအုပ်ကြီး)။ ကျောင်းအုပ်ဆရာကြီး၊ အ. ထ. က (၁) မြောက်ဥက္ကလာပ၊ ၁၉၆၃။ ကျောင်းအုပ်ကြီး၊ ဆရာအတတ်သင်ကျောင်း၊ မိတ္ထီလာ၊ ၁၉၆၃-၆၅။ ခရိုင်ပညာဝန် (၂)ရန်ကုန်၊ ၁၉၆၅-၆၉။ ယဉ်ကျေးမှုရေးရာသံမှူး၊ မြန်မာသံရုံးကြီး၊ မော်စကိုမြို့၊ ၁၉၆၉-၇၃။ ယဉ်ကျေးမှုရေးရာသံမှူး၊ မြန်မာသံရုံးကြီး၊

လန်ဒန်၊ ၁၉၇၃-၇၉။ ပညာရေးအရာရှိ ပညာရေးဝန်ကြီးဌာန၊ ၁၉၇၉-၈၀။ ဒု-ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန၊ ၁၉၈၀-၈၂။ ညွှန်ကြားရေးမှူး၊ မြန်မာစာအဖွဲ့ ဦးစီးဌာန၊ ၁၉၈၂-၈၅။ သံအမတ်ကြီး၊ မြန်မာသံရုံးကြီး၊ ကင်ဘာရာမြို့၊ ဩစတေးလျ၊ ၁၉၈၅-၈၉။ ၂၀၀၅ခုနှစ်တွင်ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင် ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ချီးမြှင့်ခံခဲ့ရသည်။

စာပေရေးရာနှင့်ပတ်သက်၍ လုံးချင်း (၇)ပုဒ် ထုတ်ဝေခဲ့ရာ (၁) ကင်းဝန်မင်းကြီး၏ မြစ်မြန်မာသံအမတ်ကြီး (မိမိကိုယ်ရေးအတ္ထုပ္ပတ္တိ)၊ (၂) တွေးခေါ်ခံစားသည်၊ (၃) အတွေးသစ်နှင့်အချစ်၊ (၄) လူတိုင်းအတွက် ပိဋကတ်သုံးပုံ၊ (၅) သနားလိုက်တာညီလေးရာ၊ (၆) ပိဋကတ်တော်လာ အေးငြိမ်းခြင်းနိဗ္ဗာန်၊ (၇) လွတ်လပ်စွာတွေးခေါ်ခံစားသည်စသည့် လုံးချင်း (၇)အုပ် ရေးသားထုတ်ဝေခဲ့ပြီး ဆောင်းပါးပေါင်း ၁၅၀ ကျော်လည်းရေးသားပြီး ဖြစ်သည်။

အနုပညာဆိုင်ရာဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မုံရွာမြို့၊ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသည့် ဝိဇယပြဇာတ်တွင် ဒါရိုက်တာ (၁၉၅၈)၊ ပထမဆုံးသော အစိုးရအဖွဲ့အစည်းမဟုတ်သည့် မြန်မာ့ယဉ်ကျေးမှုအဖွဲ့"ပန်းသဘင်" ကို ဦးဆောင်၍ စင်္ကာပူတွင်ကျင်းပသည့် "အာရှယဉ်ကျေးမှုပွဲတော်" သို့ ခေါင်းဆောင်တက်ရောက်ခြင်း၊ A.M Singapore ရုပ်မြင်သံကြားအစီအစဉ်မှ မြန်မာ့ယဉ်ကျေးမှုအကြောင်း ဟောပြောအသံလွှင့်ခဲ့ခြင်း (၁၉၉၅)၊ နိုင်ငံတော်အစိုးရ၏ တာဝန်ပေးချက်အရ စင်္ကာပူ ဆန်တိုဆာဥယျာဉ်တွင် မြန်မာယဉ်ကျေးမှုအဖွဲ့ "မြန်မာဂုဏ်ရည်" (နိုင်ငံကျော်မင်းသမီး မြင့်မြင့်ကြည်နှင့် သန္တာလင်းတို့ဦးဆောင်သော အဖွဲ့ဝင် ၁၃ဦး ပါဝင်သည့်အဖွဲ့နှင့် ဆိုင်းဆရာဦးစိန်လှငွေ ဦးဆောင်

သော မြန်မာ့ဆိုင်းဝိုင်းကြီးအဖွဲ့တို့ပါဝင်သည်)နှင့် "မြန်မာထွက်ကုန်ပစ္စည်းပြပွဲ" (မြန်မာလက်မှုပစ္စည်းများ ဖြစ်သည့် ပိုးထည်၊ ယွန်းထည်၊ ငွေထည်၊ ပန်းချီ၊ ပန်းပုနှင့် ပရိဘောဂများ၊ စိုက်ပျိုးရေးထွက်ကုန်များ၊ သစ်တောထွက်ပစ္စည်းများပါဝင်သည် )ကို ၁၄ ရက်တိုင်ယှဉ်တွဲကျင်းပရန် ဦးဆောင်ခြင်း(၁၉၉၆)တို့ကို ဆောင်ရွက်ခဲ့သည်။


လူမှုရေးအသင်းအဖွဲ့များနှင့် ပတ်သက်၍ ပြည်တွင်း၌ မုံရွာမြို့နယ်၊ ဆရာများအသင်းဥက္ကဋ္ဌ၊ မုံရွာ (၁၉၅၆-၅၉)၊ အောက်ချင်းတွင်းခရိုင် လခစားများ သမဝါယမအသင်းဥက္ကဋ္ဌ၊ မုံရွာ (၁၉၆၀-၆၁)၊ ခရိုင်ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ မိတ္ထီလာ (၁၉၆၄-၆၅)၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး လှုပ်ရှားမှုလုပ်ငန်း၊ မိတ္ထီလာခရိုင်၌ ရှေ့ဦးစွာ စတင်ဦးဆောင် ပြုလုပ်၊ (၁၉၆၄-၆၅)၊ ပညာရည်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန် (၁၉၆၇-၆၉)၊ ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရ "ပညာရေးဆိုင်ရာ လုပ်ငန်စီမံချက်များစိစစ်ရေးအဖွဲ့" အတွင်းရေးမှူး (၁၉၇၉-၈၀)၊ ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရ "ဝန်ကြီးဌာနအလိုက် လုပ်ငန်းအတတ်သင် ပညာသင်ကျောင်းများ ဖွင့်လှစ်ရေးစီမံချက်"၊ အတွင်းရေးမှူး (၁၉၈၀)၊ မြန်မာနိုင်ငံတော် စာတတ်မြောက်ရေး ဗဟိုကော်မတီဝင် (၁၉၈၁-၈၅)၊ စာဖတ်ရှုမြှင့်တင်ရေး စာကြည့်တိုက်များဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး (၁၉၈၁-၈၅)၊ချင်းတွင်းအသင်းနာယ၊ ကျိုက်လတ်အသင်းနာယက၊ ဆင်းရဲသောလူနာများအား ကူညီပံ့ပိုးပေးသည့် "မေတ္တာရေစင်" လုပ်ငန်းအကျိုးဆောင် (၁၉၉၇မှ ယနေ့ထိ) FMI ကုမ္ပဏီ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးရေးဆွေးနွေးပွဲတွင် တင်သွင်းသည့်

"ကုန်သွယ်မှု မူဝါဒများ မှန်ကန်စွာချမှတ် အကောင်အထည်ဖော်ရေး" စာတမ်းရှင် (၁၉၉၈)၊ ဥက္ကဋ္ဌ၊ ဆူပရီး (မ်)သမဝါယမအသင်း လီမိတက် (နိုင်ငံခြားငွေဒေါ်လာ (၃)သိန်းကျော် ရှာဖွေပေးခဲ့)၊ လယ်တီဆရာတော်ကြီး ဩဝါဒခံအနာဂါမ်ဆရာသက်ကြီး၏ ဝိပဿနာတရားရှု့နည်း ပြန့်ပွားရေးအဖွဲ့ချုပ် နာယက၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး ဥပဋ္ဌာက အလုပ်အမှုဆောင်အဖွဲ့ အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်၊ ရန်ကုန်မြို့ နာယက၊ ဆုတောင်းပြည့်ဘုရား ဂေါပကအဖွဲ့၊ ဝဲပုံကျောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ ၂၀၀၄ မှ ယနေ့ထိ၊ ဥက္ကဋ္ဌ၊ နယ်စပ်နှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး အတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဦးဆောင် ဆောင်ရွက်ပေးသည့်အပြင် နာဂစ်နှင့် ဂီရိမုန်တိုင်းသင့် ဒေသများရှိ ဒုက္ခသည်များ ပြန်လည် ထူထောင်ရေးအတွက် International Donors များနှင့်ပူးပေါင်း၍ ကျပ်သိန်းပေါင်း ၂၀၀၀ကျော် ကူညီပံ့ပိုးပေးခဲ့သည်။ မြန်မာ အန်ဂျီအိုများအရေးပေါ် တုံ့ပြန်မှု စီမံချက်ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ၊ ဤစီမံချက်ကို ဦးဆောင်၍ သဘာဝဘေးအန္တရာယ်များ ကျရောက်သည့် ဒေသများတွင် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးကို ပြည်တွင်းပြည်ပရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် ပူးပေါင်း၍ ကျပ်သိန်းပေါင်း ၁၀၀၀ ကျော် စီမံချက်များကို ဆောင်ရွက်လျက်ရှိခြင်း စသည်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။

ပြည်ပ လူမှုရေးအသင်းအဖွဲ့များနှင့်ပတ်သက်၍ ၁၉၆၂တွင် ဟာဝိုင်အီတက္ကသိုလ် East-West Centre ပညာသင်များသမဂ္ဂ အမှုဆောင်၊ (၁၉၆၆)၊ တိုကျိုမြို့ ဂျပန်ယူနက်စကို အမျိုးသား ကော်မရှင်က ကျင်းပသည့် သင်ရိုးညွှန်းတမ်း ဆွေးနွေးပွဲသို့ မြန်မာ ကိုယ်စားလှယ်အဖြစ်တက်ရောက် မြန်မာအသင်းကြီး (ယူကေ) လန်ဒန်၊ဥက္ကဋ္ဌနှင့် နာယက၊ (၁၉၇၃-၇၉)၊ ဗြိတိန်-မြန်မာ ချစ်ကြည်ရေးအသင်းအမှုဆောင်၊ လန်ဒန်၊ အနုပညာတော်ဝင် အသင်းအဖွဲ့ဝင် (အက်ဖ်အာအက်စ်အေ) လန်ဒန်၊ (၁၉၇၈)၊ (၁၉၇၀၊၁၉၇၄၊၁၉၇၈)ခုနှစ်များတွင် ယူနက်စကို အထွေထွေ ညီလာခံသို့ တက်ရောက်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ၁၉၈၅-၈၇ခုနှစ်တွင် ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန် နိုင်ငံများသို့ လာရောက်သည့် မြန်မာအစိုးရကိုယ်စားလှယ်များ၏ အဖွဲ့ဝင် ၁၉၈၆ခုနှစ်တွင် ၁၁ ကြိမ်မြောက် ကိုလံဘိုစီမံကိန်း တိုင်ပင် ညှိနှိုင်းရေးအစည်းအဝေးသို့ တက်ရောက်သည့် မြန်မာကိုယ်စား လှယ်အဖွဲ့ကိုယ်ခွဲခေါင်းဆောင်၊ ၁၉၈၇ခုနှစ်၌၊ ဩစတေးလျနိုင်ငံတွင် ပထမဦးဆုံးသော "မြန်မာထွက်ကုန်ပစ္စည်းပြပွဲ"ကို ဦးစီးတာဝန်ခံ ကျင်းပခြင်း (နိုင်ငံတစ်နိုင်ငံမှ မြန်မာနိုင်ငံကိုသီးသန့် ဖိတ်ကြားပြီး ကျင်းပသည့် ပထမဆုံးအကြိမ်ပြပွဲ)၁၉၈၇ ခုနှစ်တွင် ဆစ်ဒနီမြို့၌ ကျင်းပသော အာရှ-ပစိဖိတ် ဒေသဆိုင်ရာ တယ်လီဖုန်း ဆက်သွယ် ရေးအဖွဲ့အစည်းသို့ တက်ရောက် သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်၊ (၁၉၈၇-၈၈)ခုနှစ်တွင် ဩစတေးလျနိုင်ငံ၊ ကင်ဘာရာ မြို့တွင် မြန်မာ့သံရုံးအဆောက်အအုံသစ် ဆောက်လုပ်ရန် အစိုးရထံ အဆိုပြုတင်ပြခွင့်ပြုချက်ရယူပြီး ဦးဆောင်၍ တာဝန်ခံတည်ဆောက်ခြင်း တို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

ယနေ့တိုင် လူမှုရေးနှင့် သာသနာရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး ဇနီး ဒေါ်ခင်ကြည်၊ သမီး(၂)ဦးတို့နှင့်အတူ နေထိုင်လျက်ရှိသည်။

နေရပ်လိပ်စာ - ၁၃၅၊ အယ်လ်၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



## ဆရာကြီး ဦးတင်ထွန်း
## ဒေါက်တာတင်ထွန်း / သထုံတင်ထွန်း

အဖ ဦးစံမောင်၊ အမိ ဒေါ်ဝင်းတို့က ၁၂၉၉ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက် (၃၁-၇-၁၉၃၇) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့၌ မွေးဖွားခဲ့သည်။ ပညာရေးဌာန၊ လူငယ်ရေးရာပညာရေးမှူး၊ လူငယ်ရေးရာညကျောင်းအုပ်ချုပ်ရေးမှူး၊ သတင်းထောက်၊ (ခလရ (၆) အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ ပဲခူးရိုးမပြည်သူ့စစ်ဆင်ရေးလူမှုရေးစစ်ကြောင်းမှူး တာဝန်များ ထမ်းဆောင်ခဲ့သည်။

တက္ကသိုလ်ဝင်တန်း၊ မက်ထရစ်၊ (ကုလသမဂ္ဂနှင့် WHO အသိအမှတ်ပြု The Open International University For Complementary Medicines (OIUCM) တက္ကသိုလ်မှ ချီးမြှင့်သော Doctor of Science (D.Sc) ဂုဏ်ထူးဆောင်သိပ္ပံပါရဂူလက်မှတ်ကို ၁၉၉၆ ခုနှစ် နိုဝင်ဘာလ၌ ရရှိပါသည်။) The Open International University For Complementary Medicines (OIUCM) တက္ကသိုလ်မှ ချီးမြှင့်သော Doctor of Pholosoply (Ph.D) ဂုဏ်ထူးဆောင်ပါရဂူလက်မှတ်ကို ၁၉၉၈ ခုနှစ် ဇူလိုင်လ၌ ရရှိပါသည်။ FRCP (Medicina Alternativa) ဆေးပညာလက်မှတ်ချီးမြှင့်ခံရပါသည်။

သထုံခရိုင်၊ ကျောင်းသားသမဂ္ဂ၊ သတင်းထောက် အသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပြည်သူ့လူငယ်အဖွဲ့ချုပ် တနင်္သာရီတိုင်း ကော်မတီအတွင်းရေးမှူး၊ သထုံခရိုင် ပမညတ အတွင်းရေးမှူး၊ တောင်သူလယ်သမားညီညွတ်ရေးအစည်းအရုံး (တလညစ)၊ သထုံခရိုင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ကရက်အတွင်းရေးမှူး၊ ကိုရီးယား မြန်မာ ချစ်ကြည်ရေးအသင်း၊ ဆိုဗီယက် မြန်မာချစ်ကြည်ရေး အသင်း၊ ဆိုဗီယက်သံရုံးယဉ်ကျေးမှုဌာနတွင် စာကြည့်တိုက်မှူး၊ ချက်ကိုစလိုဗားကီးရား သံရုံးနှင့် ဗီယက်နမ်ဆိုရှယ်လစ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတို့၌ ဘာသာပြန်ဆရာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး၌ ဘာသာပြန်ကော်မတီ (၁၉၆၇-၆၈) ၌ တာဝန်ယူခဲ့သည်။ အိန္ဒိယနိုင်ငံ နယူးဒေလီ အခြေစိုက်အာရှဟိုမီိုပက်သစ်ဆေးပညာအဖွဲ့ချုပ်၊ (Asian Homoeo pathic Medical League (AHML) ၌ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယ ဥက္ကဋ္ဌအဖြစ် ၁၉၈၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်ထိ တာဝန်ယူ ထမ်းဆောင်ခဲ့သည်။

တော်လှန်ရေးအစိုးရ လက်ထက်နှင့် နဝတလက်ထက်၌ မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ဝင်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဝင်၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ အမိန့်ပြန်တမ်းအရ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။

ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ဗီယက်နမ်နိုင်ငံများသို့ သွားရောက်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ဗဟိုစည်သတင်းစာ၊ လူထုသတင်းစာ၊ အထောက်တော်သတင်းစာ၊ The Nation အင်္ဂလိပ်သတင်းစာ၊ အိုးဝေသတင်းစာများတွင် မြို့နယ်သတင်းထောက်၊ ခရိုင်သတင်းထောက်တာဝန်ယူခဲ့သည်။

နိုင်ငံပိုင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာနှင့် ဗိုလ်တထောင်သတင်းစာတို့တွင် ဆောင်းပါးများရေးသားခဲ့သည်။

၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလတွင် ခေတ်သစ်သတင်းစာထုတ်ဝေသူ/အယ်ဒီတာ တာဝန်ယူခဲ့သည်။ ၁၉၆၇-၆၉ တွင် ဗိုလ်တထောင်သတင်းစာ၌ လုပ်အားပေးအယ်ဒီတာ၊ ၁၉၆၈-၆၉ တွင် ရှုထောင့်ဂျာနယ် အမှုဆောင်အယ်ဒီတာ၊ ၁၉၇၀/၇၁ ၌ (Asia Homoeopathic Medical League (AHML) မှ ထုတ်ဝေသော (Asian Homoeopathic Medical League) ဂျာနယ်တွင် အထွေထွေအယ်ဒီတာဝန်ယူခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် The Central Institute of Homoeopathic Medical Scienec (IHMS) ကို ထူထောင်၍ ကျောင်းအုပ်ကြီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် မျိုးမင်းစိုးစာပေတိုက်ကို ထူထောင်ခဲ့သည်။

၁၉၈၈ ခုနှစ်အရေးခင်းကာလတွင် ခေတ်သစ်သတင်းစာ The New Age သတင်းစာတာဝန်ခံအယ်ဒီတာအဖြစ် ထုတ်ဝေခဲ့ဖူးသည်။ မန္တလေးမှထုတ်ဝေသော ဂရိတ် Alternative ဆေးပညာဂျာနယ်တွင် အတိုင်ပင်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ခေတ်သစ်သတင်းစာကို ယနေ့ထိ ထုတ်ဝေသူ/ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူထမ်းဆောင်လျက်ရှိသည်။

နေရပ်လိပ်စာ - အမှတ် (၅၀၂)၊ တိုက်အမှတ် (၁၄)၊ အနောက်အောင်မြေသာစည်အိမ်ရာ၊ အမှတ် (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။ ဖုန်း ၀၉ ၄၃၀၅၄၆၁၁

"အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်"

(WE SHALL UPLIFT PRIDE OF HERITAGEAND LITERATURE)

မြန်မာနိုင်ငံ စာရေးဆရာအသင်း

MYANMAR WRITERS ASSOCIATION

"ကြည်နူးနှစ်သက်မှုအတွက် စာဖတ်ခြင်း (အပျော်ဖတ်ခြင်း) သည် အထုံဝါသနာ ဖြစ်နိုင်သည်။ လောကသဘာဝ၊ လူ့သဘာဝကို ကြားတတ်၊ မြင်တတ်၊ ဆင်ခြင်တတ်စေသော အဖွဲ့အနွဲ့များကို ဖတ်ခြင်းသည်သာ တကယ့်စာဖတ်ဝါသနာဖြစ်သည်။ စာဖတ်ဝါသနာပါသူသည် ဇာတ်လမ်းကောင်း၊ လူ့စရိုက်၊ အဖွဲ့ကောင်းနှင့်စာပေအရည်အသွေးကောင်းကို ဖတ်သည်။ အပျင်းပြေဖတ်ခြင်း၊ အဖော် အပျော် သက်သက်စာဖတ်ခြင်း ၊ ဗဟုသုတရအောင် စာဖတ်ခြင်းသည် စာဖတ်ဝါသနာမဟုတ်၊ စာဖတ်ဝါသနာ၏ အပိုထုတ်ပစ္စည်း (By-product) သာဖြစ်သည်။"

တိုက်စိုး



## ဦးသန်းထွတ် (ပါမောက္ခ-ငြိမ်း)

•

ရောဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၌ အဖ ဦးသာဆင်၊ အမိ ဒေါ်ငွေဥတို့က ၁၉၃၅ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၁၉၅၉ ခုနှစ် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ ၁၉၆၂ ခုနှစ် ဘီအီးဒီဘွဲ့၊ ၁၉၇၈ ခုနှစ် ပညာရေးတက္ကသိုလ် M.Ed ၊ မြန်မာနိုင်ငံသုတေသန အသင်းက ဆရာကြီးဦးဘ အထိမ်းအမှတ် အကောင်းဆုံးမဟာ ပညာရေးဘွဲ့. ကျမ်းပြုဆုချီးမြှင့်ခဲ့သည်။ ကျမ်းအမည်မှာ "မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်း"ဖြစ်သည်။ ၎င်းကျမ်းကို ၁၉၈၀ ပြည့်နှစ် တွင် ပထမအကြိမ်၊ ၂၀၁၁ တွင် ဒုတိယအကြိမ် ပုံနှိပ်။ ၁၉၆၂ မှ ၁၉၉၅ ခုနှစ် အငြိမ်းစားယူသည် အထိ အထက်တန်းပြ၊ ဆရာအတတ်သင်လက်ထောက်ကထိက၊ ပညာရေးတက္ကသိုလ် လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခဌာနမှူးအဖြစ် ထမ်းဆောင်ခဲ့သည်။

မြန်မာနိုင်ငံစာတတ်မြောက်ရေး ဗဟိုကော်မတီဝင်၊ ပညာလောကစာစောင်စာတည်းအဖွဲ့ဝင်၊ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ဝင်၊ မြန်မာစာသင်ရိုးအဖွဲ့ဝင်၊ မင်္ဂလာမောင်မယ် စာစီစာကုံးဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ ဓမ္မဗိမာန်စာပေဆုရွေးချယ်

ရေးအဖွဲ့ဝင်၊ ကျောင်းပြင်ပမူလတန်းပညာရေးအဖွဲ့ NFPE အဖွဲ့ဝင် အဖြစ် ဆောင်ရွက်ခဲ့သည်။ ပညာရေး၊ စာပေရေးဆိုင်ရာ စာပေဆောင်းပါး၊ လုံးချင်းစာအုပ်များ ရေးသားပြုစုခဲ့သည်။

ပညာတန်ဆောင် အထူးစာစဉ်များအဖြစ် ပညာမင်းကြီးများ အတ္ထုပ္ပတ္တိစာအုပ်များနှင့် မြန်မာစာသင်ကြားရေးစာအုပ်များ ပြုစု ထုတ်ဝေခဲ့သည်။

ဆရာကြီးပြုစုခဲ့သော အတ္ထုပ္ပတ္တိကျမ်းများမှာ(၁) ပထမမြန်မာ ပညာမင်းကြီးဦးချို၊ (၂) သီရိပျံချီ ဆရာကြီး ဦးဘိုးသုန်၊ (၃) မဟာသရေစည်သူဒေါက်တာဦးဘ၊ (၄) ပညာမင်းကြီး စည်သူ ဦးကောင်း၊ (၅) ဆရာကြီး ဦးသောင်းထွန်း ဘဝနှင့် အတွေးအမြင်၊ (၆) ပညာတန်ဆောင် ဆီမီးကို စတင်ထွန်းညှိသူ ဆရာကြီး ဦးထွန်းအောင်၊ (၇) ဒေါက်ရှာငှက်ပျံလောကဓံ၊ (၈) မြန်မာနိုင်ငံ ဘုန်းတော်ကြီးပညာရေးသမိုင်း၊ (၉) မြန်မာ့ရိုးရာစကားပုံ ပုံပြင်၊ (၁၀) မူလတန်း မြန်မာစာသင်ကြားရေး၊ (၁၁) ၃၈ ဖြာ မင်္ဂလာ၊ (၁၂) အလယ်တန်း မြန်မာစာသင်ကြားရေး၊ (၁၃) အထက်တန်း မြန်မာစာ သင်ကြားရေး၊ (၁၄) မြန်မာပုဂ္ဂိုလ်ကျော်လေးဆယ်၊ (၁၅) လူငယ့် ဂုဏ်ရည်၊ (၁၆) မူကြိုပညာရေးနှင့် မြန်မာကလေးများ၊ (၁၇) ဂန္ဓီ၏ လောကအမြင်၊ (၁၈) ပခုက္ကူ ဦးအုံးဖေ စာပေဆုရ အမျိုးသားပညာ ရေးမဂ္ဂဇင်းများကို လေ့လာချက်၊ (၁၉) ဇော်ဂျီ မင်းသုဝဏ် စာပေ စကား၊ (၂၀) ကျွန်တော်နှစ်သက်မိသော ကဗျာများ၊ (၂၁) မြန်မာ ဖတ်စာနှင့် အီစွတ်ပုံပြင်၊ (၂၂) အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါရစေ၊ (၂၃) တပည့်နှင့်ဆရာ ရေနှင့်ကြာ၊ (၂၄) ပညာနှင့် ဆရာ စသည်တို့ ဖြစ်ကြသည်။

**နေရပ်လိပ်စာ**-တိုက်(၂) အခန်း(၄-B)၊ (၃) ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့



## ဆရာကြီး ဒေါက်တာတင်အောင်

အဖ ဦးရီ၊ အမိ ဒေါ်မမလေးတို့မှ ၁၉၃၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် အမရပူရမြို့၌ ဖွားမြင်သည်။

မူလတန်းပညာကို မုံရွာမြို့နှင့် အမရပူရမြို့တွင်လည်းကောင်း၊ အလယ်တန်းနှင့်အထက်တန်းပညာကို ပြင်ဦးလွင်မြို့တွင်လည်းကောင်း သင်ကြားခဲ့သည်။

ယင်းနောက် ဥပစာ (သိပ္ပံတန်း) ကို မန္တလေးတက္ကသိုလ်၊ သိပ္ပံဘွဲ့ (ဂုဏ်ထူး) ကို ရန်ကုန်တက္ကသိုလ်၊ မဟာသိပ္ပံဘွဲ့ကို Wisconsin University၊ ပါရဂူဘွဲ့ (Ph.D) ကို Berkeley မြို့ရှိ Califoria University တို့မှ ရရှိခဲ့သည်။

၁၉၅၅ ခုနှစ်မှစတင်၍ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနတွင် အမှုထမ်းခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ပါမောက္ခတာဝန်မှ အငြိမ်းစားယူခဲ့သည်။

ယင်းနောက် ၁၉၉၁ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ Papua New Guinea ရှိ University of Technology တွင် ဧည့်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဆရာကြီးရေးသားခဲ့သောစာအုပ်များမှာ-

၁။ နှစ်ဆယ်ရာစု ရူပဗေဒသူရဲကောင်းများ

၂။ ရူပဗေဒ/အီး (e) သုတ/ဟာသ

၃။ အထွေထွေရီလေတီဗီတီ ရာပြည့်ဂုဏ်ပြုစာစောင်

တို့ဖြစ်သည်။

၎င်းပြင် ပညာတန်ဆောင်မဂ္ဂဇင်း၊ ပညာပဒေသာမဂ္ဂဇင်း၊ ချင်းတွင်းမဂ္ဂဇင်းတို့တွင် ဆောင်းပါးပေါင်း ၁၀၀ ကျော်ကိုလည်း ရေးသားခဲ့သည်။

၎င်းပြင် Working People's Daily၊ Knowledge နှင့် Computer Magazine တို့တွင်လည်း အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများစွာရေးသားခဲ့သည်။

ဆရာကြီးသည် စကားပြေအရေးအသားအပြင် ရူပဗေဒ သုတနှင့် ပညာပေးရုပ်ပြကာတွန်းစာအုပ် ၅ အုပ်ရေးဆွဲခဲ့ပြီး Global New Light of Myanmar စာစောင်တွင် အင်္ဂလိပ်ဘာသာဖြင့် ကာတွန်းများကို ယနေ့တိုင် ပုံမှန်ရေးဆွဲလျက်ရှိသည်။

ဆရာကြီးသည် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် တီတီစီ ရိပ်သာလမ်း၊ အိမ်အမှတ် ၅၀၁/ E-2 တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိသည်။



## ဦးမင်းသူ (တက္ကသိုလ်မင်းသူ)

၁၂၉၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် (ကြာသပတေးနေ့၊ ၁၉၃၅ ခုနှစ် ဩဂုတ်လ (၈) ရက်နေ့) တွင် ဖျာပုံခရိုင် ဒေးဒရဲမြို့၌ မွေးဖွားပြီး ငယ်နာမည်မောင်မြင့်ဆွေ ဖြစ်သည်။

ဒေးဒရဲမြို့ အ. ထ. က ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ရန်ကုန်မြို့အလွတ် ပညာသင်ကျောင်းမှ ၁၉၅၅ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။ ၁၉၅၇ ခုနှစ်တွင် ဥပစာအထက်တန်းကို အထူးမြန်မာစာဖြင့် အောင်မြင်ပြီး ထိုနှစ်မှာပင် မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် စာပေဗိမာန်တို့မှ ကြီးမှူးဖွင့်လှစ်သည့် "သတင်းစာပညာဒီပလိုမာ" ဘွဲ့ကို တက်ရောက်အောင်မြင်ခဲ့သည်။

ထိုနှစ်များအတွင်းမှာပင် "ဗမာ့ခေတ်" သတင်းစာအထူးထုတ်များနှင့် "ဗားမားစတား" စာစောင်များတွင် "တက္ကသိုလ်မင်းသူ" အမည်ဖြင့် "ကျေးဇူးရှင် အိုကဗျာ" "သူချစ်" "ကျွန်စိတ်" စသည့် ဝတ္ထုတိုများဖြင့် စာပေလောကသို့ စတင်အခြေချခဲ့သည်။

ထိုနှစ် ၁၉၅၇ ခုနှစ်မှာပင် လူဝင်မှုကြီးကြပ်ရေးဌာနသို့ လူဝင်မှုကြီးကြပ်ရေး အင်စပက်တော်ရာထူးဖြင့် ၁၉၆၂ ခုနှစ်အထိ တာဝန်ထမ်းခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မြန်မာဘာသာရပ်ဆိုင်ရာ အနုစာပေ "Burmese Literature" အထူးပြုဖြင့် "ဝိဇ္ဇာဘွဲ့ (B.A (B.litt)" ဘွဲ့ရရှိခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ထိုင်းမြန်မာနယ်စပ် မြဝတီမြို့သို့ ပြောင်းရွှေ့ရကာ နယ်ခြားဒေသကြီးကွပ်ကဲရေး တာဝန်ခံနှင့် နိုင်ငံခြားသားများ မှတ်ပုံတင်ရေးရုံး တာဝန်ခံအဖြစ်လည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် မြိတ်သို့ပြောင်းရွှေ့ရကာ မြိတ်ခရိုင်အုပ် ချုပ်ရေးကော်မတီတွင် " အတွင်းရေးမှူး" တာဝန်ဖြင့် လည်းကောင်းတာဝန်ထမ်းဆောင်ခဲ့သည်။ မြိတ်မြို့လူငယ်ရေးရာ ညကျောင်းတွင် စေတနာ့ဝန်ထမ်း "မြန်မာစာနှင့် အင်္ဂလိပ်ဘာသာဆရာ" အဖြစ် လေးနှစ်တိုင်တိုင် သင်ကြားပြသခဲ့သည်။

ထိုနှစ်များအတွင်းမှာပင် "ဒေါနကိုကျော်၍" နှင့် "အဏ္ဏဝါဆုံးစေ" ဝတ္ထုရှည်ကြီးများကို ရေးသားခဲ့သည်။

၁၉၇၈ ခုနှစ်က ဘင်္ဂါလီများ တိုင်းပြည်အတွင်း နည်းမျိုးစုံနှင့်ဝင်ပြီး သွေးနှောပုံ၊ နောက်ကွယ်မှ ကြိုးကိုင်ကာ ငွေကြေးထောက်ပံ့ပုံများစသည့် အစွန်းရောက် ဘာသာရေးသမားၔ မဟာဗျူဟာကို ဖွင့်ချသည့် "မေယုကိုစုတ် တံခါး" ဝတ္ထုထွက်ခဲ့သည်။ ၁၉၈၉ ခုနှစ်မှစ၍ ယနေ့အထိ လုံးချင်း (၂၅) အုပ် ရေးသား ခဲ့သည်။

နေရပ်လိပ်စာ - အမှတ် (၁၈၈) ဒုတိယထပ်၊ (၃၈) လမ်း (အလယ်)၊ (၆) ရပ်ကွက်၊ ကျောက်တံတား မြို့နယ်။



ဆရာမကြီး ဒေါ်ခင်မြဆွေ (တင်တင်လတ်)

အဖ အရေးပိုင် ဦးဘရှင်၊ အမိ ဒေါ်တင်တင် တို့မှ (၉-၄-၁၉၃၀)ခု တွင် ပခုက္ကူမြို့၌ မွေးဖွားခဲ့သည်။ (၃)တန်းအထိ ပဲခူးမြို့ (Mackertish Private School) တွင် စတင်ပညာသင်ကြား ခဲ့ပြီး (၇)တန်းအထိ ရန်ကုန်မြို့ (ST. Philomena Convent) တွင် ပညာသင်ကြားခဲ့သည်။

(၁၉၄၆) ခုနှစ်တွင် အခြေခံပညာတန်းမြင့် စာမေးပွဲကို မတ်လတွင်လည်းကောင်း၊ ယင်းနှစ်ဧပြီလတွင် ဆယ်တန်းစာမေးပွဲ (High School Final) ကို မြန်မာစာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဇွန်လတွင် မက်ထရစ်စာမေးပွဲ (Matriculation) ကို လည်းကောင်း၊ အသီးသီးအောင်မြင်ခဲ့သည်။ (၁၉၅၁)ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာပေနှင့်ဝေါဟာရ မြန်မာစာပေနှင့်ဝေါဟာရ အနောက်တိုင်း သမိုင်းဘာသာရပ်တွဲဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာပေဌာနတွင် အချိန်ပြည့်နည်းပြ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး (၁၉၅၂) ခုနှစ်တွင် UNESCO ပညာတော်သင်အဖြစ် ဖြင့် အင်္ဂလန်နိုင်ငံ (London School Of

Economics London University) တွင် Social Science ဘာသာရပ်ကို လေ့လာဆည်းပူးခဲ့ပြီး (၁၉၅၃) ခု၊ မတ်လတွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တက္ကသိုလ်မှာပင် ဆက်လက်တာဝန် ထမ်းဆောင်ခဲ့သည်။

(၁၉၅၄) ခုနှစ်တွင် ရန်ကုန်မြို့ U.S.I.S ၌ ဖွင့်လှစ်သော စာကြည့်တိုက်သင်တန်း (Intensive Course of Librarianship) ကို တက်ရောက်ဖြေဆိုရာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ (၁၉၅၅) ခုနှစ်တွင် သာသနာရေးဌာနလက်အောက်တွင် ဖွင့်လှစ်ခဲ့သော ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ (International Institute of Advanced Buddhists Studies) တွင် လက်ထောက်စာ ကြည့်တိုက်မှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ (၁၉၅၈) ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

(၁၉၇၃) ခုနှစ်တွင် ကျန်းမာရေးချို့တဲ့သဖြင့် လက်ထောက် ညွှန်ကြားရေးမှူးအဖြစ်မှ နာမကျန်းပင်စင်ယူခဲ့သည်။

တက္ကသိုလ်ကျောင်းသူဘဝကပင် စာပေကို ဝါသနာပါကာ စာပေဗိမာန်မှ စာမူများကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားပေး ခဲ့သည်။ တက္ကသိုလ်မဂ္ဂဇင်းများတွင်လည်း ဝတ္ထုတိုများကို ရံဖန် ရံခါ ရေးသားခဲ့ပါသည်။ (၁၉၆၈) ခုနှစ်တွင် 'တင်တင်လတ်' ကလောင်အမည်ခံယူကာ 'အေးရိပ်ငြိမ်' (လုံးချင်း) ဝတ္ထုဖြင့်စာပေ နယ်ထဲသို့ ဝင်ရောက်ခဲ့သည်။ စန္ဒာ၊ လုံမလေး၊ ပန်းဝေသီ၊ ရွှေ အောင်လံ၊ ကလျာ စသည့် မဂ္ဂဇင်းများတွင် ဝတ္ထုတို၊ ဝတ္ထုလတ်၊ ဝတ္ထုရှည် များအပြင် ဘာသာပြန်စာမူများကို 'တင်တင်လတ်'၊ 'တက္ကသိုလ်ရှင်စောခက်'၊ 'သုန္ဒြီဆွေ' ကလောင်အမည်များဖြင့် ရေး သားခဲ့သည်။

ထို့အပြင် ကလေးပုံပြင်၊ ဘာသာပြန်စာအုပ်ကလေးများကိုလည်း ရေးသားထုတ်ဝေခဲ့သည်။ ရေးသားထုတ်ဝေခဲ့ပြီးသော (လုံးချင်း)ဝတ္ထုများမှာ အုပ်ရေ (၁၀၀) ကျော်ရှိသည်။

လူမှုရေးအနေဖြင့် ရန်ကုန်တက္ကသိုလ်တွင် ရှိစဉ်ကပင် ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ နေ့ကျောင်းသူ၊ ကျောင်းသားအသင်းနှင့် ရန်ကုန်တက္ကသိုလ် မွတ်စလင်ကျောင်းသူ၊ ကျောင်းသားအသင်းများတွင် အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်းတွင်လည်း ယနေ့တိုင် ဆင်းရဲနွမ်းပါးသော မိဘမဲ့ဂေဟာများ၊ ပရဟိတကျောင်းများတွင် လူမျိုး၊ ဘာသာမရွေး ပညာရေး၊ လူမှုရေးတို့တွင် တစ်နိုင်တစ်ပိုင် ကူညီထောက်ပံ့ပေးခဲ့သည်။

**နေရပ်လိပ်စာ** - ခေတ္တ - အခန်း (၁)၊ (၁၁) ထပ်၊ ကန်တော်ကြီးတာဝါ၊ တာမွေမြို့နယ်၊ ရန်ကုန်။



## ဦးခင်မောင်ချို (စာချောက်ရုပ်)

ဦးခင်မောင်ချိုကို ၁၂၉၃ ခု နယုန်လဆန်း (၁၀) ရက် (၁၉၃၁ ခုနှစ် မေလ ၂၅ ရက်) နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ကမ္ဘဲ့ရွာ၌ အဖ ဦးသွယ်+အမိ ဒေါ်ငွေကိုင် (ခ) ဒေါ်ဘသန်းတို့က (၂၅-၅-၁၉၃၁) နေ့တွင် မွေးဖွားခဲ့သည်။

၁၉၃၈ ခုနှစ်တွင် ရေစကြိုမြို့နယ်၊ သာစည်ရွာမြောက်ကျောင်း (သရက်ပင်) ကျောင်း ဆရာတော် ဦးဇောတိကထံတွင် ပညာသင်ကြား၍ ယင်းကျောင်းမှပင် ၁၉၄၆ ခုနှစ်တွင် ပဋ္ဌမတန်း အောင်မြင်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် မန္တလေးမြို့ ကင်းဝန်မင်းကြီးတိုက် ဘုန်းတော်ကြီးကျောင်းတွင် နေထိုင်၍ ပညာသင်ကြားခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိဇ္ဇာယာရာမတိုက် ဘုံကျော်ကျောင်းတွင် နေထိုင်၍ ပညာသင်ကြားခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စလင်းကျောင်းတိုက်တွင် နေထိုင်၍ အစိုးရစာချတန်းကို ဖြေဆိုအောင်မြင်၍ သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

၁၉၆၀ ခုနှစ် တွင် ဆရာကြီးဦးအောင်ကိုး အလွတ်ပညာသင်ကျောင်းမှ (၁၀) တန်း အောင်မြင်ခဲ့သည်။ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ် (ယခု MFTB) တွင် အမှုထမ်းခဲ့သည်။ သက်ကြီးတက္ကသိုလ်တွင် ပညာသင်ကြားခဲ့၍ သက်ကြီးတက္ကသိုလ် မြန်မာစာပေအသင်းမှ ကြီးမှူးကျင်းပသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ဝတ္ထုတိုပထမဆု ရရှိခဲ့သည်။ သက်ကြီးတက္ကသိုလ် IAတန်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ ပထမရရှိခဲ့သည်။

သက်ကြီးတက္ကသိုလ်မှ ဝတ္ထုတိုပထမရရှိပြီးနောက် သောကြာစာစောင်တွင် စာခြောက်ရုပ်ကလောင်အမည်ဖြင့် ဟာသဝတ္ထုများကို ရေးသားခဲ့သည်။ စာပေလုပ်သားအဖွဲ့ဝင်ဖြစ်၍ အမှတ်မှာ (ဝ၅၄၄) ဖြစ်သည်။ လုံးချင်းနှစ်အုပ်ရေးသားခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် MFTBမှ လက်ထောက်မန်နေဂျာရာထူးဖြင့် အငြိမ်းစားယူပြီးနောက် ဦးခင်မောင်ချို မဗ္ဗာစရိယ B.Aပြင်သစ်ဒီပလိုမာ၊ ဦးခင်မောင်ချို (ရေစကြို) ကလောင်အမည်များဖြင့် လပြည့်ဝန်းမဂ္ဂဇင်း၊ ဂန္ဓာရီမဂ္ဂဇင်း၊ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၊ မေတ္တာရှင်မဂ္ဂဇင်းနှင့် ဂျာနယ်များတွင် ရေးသားလျက်ရှိသည်။

ယခုအခါ ကျောက်တံတားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်၍ ကန်တော့ခံသက်ကြီး စာပေပညာရှင်လည်း ဖြစ်သည်။ အဖွဲ့၏နာယကလည်းဖြစ်၍ အဖွဲ့ဝင်အမှတ်များ (၂၅၁၂) ဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် ၂၁၀/ခ(၃၆)လမ်းအထက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။



## ဦးသိန်းနိုင် (ဂုဏ်ထူးဦးသိန်းနိုင်)

အဘ မြန်မာတိုင်းရင်းသမားတော်ကြီး ဦးခနဲ၊ အမိ မူလတန်းကျောင်းအုပ် ဆရာမကြီး ဒေါ်အေးစိန်တို့က ၁၉၃၆ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ဆင်ကျွန်းကျေးရွာတွင် ဖွားမြင်သည်။ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ထန်းပုရွာနှင့် ဘုတလင်မြို့နယ်၊ စည်ပါရွာတို့တွင် ကြီးပြင်းသည်။

မုံရွာမြို့၊ အမှတ် (၂) အထကမှ (၁၉၅၅) ခု၊ တက္ကသိုလ်ဝင်တန်းတွင် "မြန်မာစာဂုဏ်ထူး"နှင့် အောင်သည်။ အလယ်တန်း၊ အထက်တန်းကျောင်းသားဘဝ စာပေပြိုင်ပွဲများ၌ ပထမဆုပေါင်း (၂၀) ကျော်ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ်၊ စာဆိုတော်နေ့စာပေပြိုင်ပွဲတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌဆရာကြီး ဦးသိန်းဖေမြင့်၏ "စာဆိုမောင်"ဆုငွေဒိုင်းကို ချီးမြှင့်ခြင်းခံရသည်။

အသက် (၁၇) နှစ်သားမှစ၍ စာနယ်ဇင်းများတွင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများကို ရေးခဲ့သည်။ မန္တလေးတက္ကသိုလ် ကလောင်ရှင်အသင်း၏ အတွင်းရေးမှူးအဖြစ် တစ်ကြိမ်၊ ဥက္ကဋ္ဌ

အဖြစ် နှစ်ကြိမ် တာဝန်များထမ်းဆောင်ခဲ့သည်။ မန္တလေး တက္ကသိုလ်ကျောင်းသားဘဝ စာပေပြိုင်ပွဲများ၌ ပထမဆု (၁၁) ဆု ရရှိခဲ့ဖူးသည်။ အတန်းအသီးသီး၌ မြန်မာစာဂုဏ်ထူး ရရှိခဲ့သည်။

အထက်မြန်မာနိုင်ငံစာရေးဆရာအသင်း၏ အမှုဆောင် အဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တာဝန်များကို အဆင့်ဆင့် ယူခဲ့သည်။ နိုင်ငံတော်၏ အမြင့်ဆုံးစာပေဆုဖြစ်သော အနုပညာ စာပေဆုကို "မြန်မာ့ဇာတ်သဘင်သမိုင်း"ဖြင့် ၁၉၆၃ ခုနှစ် တွင်လည်းကောင်း၊ အမျိုးသားစာပေဆုကို "မြန်မာရုပ်စုံသဘင်" ဖြင့် ၁၉၆၅ ခုနှစ်တွင်လည်းကောင်းရရှိခဲ့သည်။ "မြန်မာ့စာဋီကာ" ကျမ်းကို ၁၉၆၈ ခုနှစ်၌ ထုတ်ဝေခဲ့သည်။

မြန်မာစာပေတွင် "ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ အခန်းကဏ္ဍ"၊ "မြန်မာ့တောင်သူလယ်သမား ဝတ္ထုတွေထဲက ဇာတ်ဆောင်များ"၊"ယနေ့မြန်မာစကားပြေအရေးအသား"ဆရာ ကြီးမြမျိုးလွင်၏ဘဝနှင့်စာပေဟူသော စာတမ်းများကို ၁၉၆၅-၆၆- ၆၇ ခုနှစ်များတွင် မန္တလေးမြို့၊ အနောက်ကျုံးလမ်း၊ ဓမ္မဗိမာန်၌ ကျင်းပသောအထက် မြန်မာနိုင်ငံစာရေးဆရာအသင်းစာဆိုတော် နေ့ စာတမ်းဖတ်ပွဲများတွင် တင်သွင်းဖတ်ကြားခဲ့သည်။ "မြန်မာ့ ရုပ်သေးဆင့်ကဲဖြစ်စဉ်"စာတမ်းကို ၁၉၈၇ ခုနှစ်တွင် စာပေဗိမာန်၌ ဖတ်ကြားတင်သွင်းခဲ့သည်။

မန္တလေးသက်ကြီးတက္ကသိုလ်၊ မန္တလေးစိုက်ပျိုးရေးတက္ကသိုလ် ကထိကနှင့် ဌာနမှူး၊ မန္တလေးဆေးတက္ကသိုလ်၊ မန္တလေးစိုက်ပျိုး ရေးတက္ကသိုလ်တို့၌ မြန်မာစာပြ ဆရာအဖြစ် နှစ်ပရိစ္ဆေဒကြာမြင့်စွာ ထမ်းရွက်ခဲ့သည်။

ပညာရေးဖောင်ဒေးရှင်း၏ နာယကအဖြစ်လည်းကောင်း၊ YMBA (ဗုဒ္ဓကလျာဏယုဝ) အသင်းကြီး၏ ဂုဏ်ထူးဆောင် နာယကအဖြစ်လည်းကောင်း၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်း၏နာယကအဖြစ်လည်းကောင်း တာဝန်များကို ထမ်းဆောင်နေဆဲဖြစ်သည်။

**နေရပ်လိပ်စာ** - ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ယနေ့အထိ မြို့နယ်သတင်းထောက်အဖြစ် ဆောင်ရွက်ခြင်းနှင့်အတူ ဆောင်းပါး၊ ကဗျာများ ရေးသားလျက်ရှိသည်။

၁၉၈၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ စာပေလုပ်သားအဖွဲ့၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့တွင် မြို့နယ်ဥက္ကဋ္ဌ (ဗဟိုဦးစီးအဖွဲ့ဝင်) အဖြစ်၊ မြို့နယ်သတင်းစာဆရာအသင်း နာယက၊ မြို့နယ်စာရေးဆရာအသင်းနာယကနှင့် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မြို့နယ်မှထုတ်ဝေသော ရွှေမော်ဝန်းမဂ္ဂဇင်း အမှတ် (၁) (၂) နှင့် ပါဒင်းထပ်ဘုရားကြီးရာပြည့်အထိမ်းအမှတ် သီဟနန္ဒရသ စာသဝဏ်စာစောင်များတွင် အယ်ဒီတာ/စာတည်းအဖြစ် ဆောင်ရွက်ခဲ့ပြီး မိမိရေးသားခဲ့သော ဆောင်းပါးများကို စုစည်း၍ ဆောင်းပါးပေါင်းချုပ် စာအုပ်များထုတ်ဝေခဲ့သည်။ ကျောက်တန်းမြို့ရှေးဟောင်းသမိုင်းဝင် ကျိုက်မော်ဝန်းရေလယ်စေတီတော် ဂေါပက (စာရင်းစစ်) လက်ရှိတာဝန်ဖြင့် စေတီတော်သမိုင်းမှတ်တမ်းထုတ်ဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ် (၆၃၅)၊ မဟာသုခလမ်း၊ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့နယ်။
ဖုန်း-၀၉၇၉၉၄၄၅၁၆၁၊ ၀၉၉၇၀၇၀၉၁၀၈



## ဆရာကြီး ဦးဘုန်းအောင်ကျော် (ဦးဘုန်း)

ပြည်ခရိုင်၊ ပန်းတောင်းမြို့၌ (၁၉၃၀)ပြည့်နှစ်၊ ဇန်နဝါရီလ (၂၆)ရက်၊ မြန်မာသက္ကရာဇ် (၁၂၉၁)ခု ပြာသိုလကွယ်၊ (၁၃)ရက်တွင် အဖ တောအုပ်ကြီး ဦးအောင်ချမ်းနှင့် အမိ ဒေါ်စိန်မြတို့မှ ဖွားမြင်ခဲ့သည်။

မူလတန်းပညာကို ပန်းတောင်းမြို့ ပေါင်းတည်ဘုန်းကြီးကျောင်းနှင့် သရက်မြို့ အေဘီအမ်ချင်းကျောင်းတို့၌ သင်ကြားခဲ့ပြီး အလယ်တန်းနှင့် အထက်တန်းပညာကို ပြည်မြို့အစိုးရတန်းမြင့်ကျောင်းတွင်သင်ကြားခဲ့သည်။ (၁၉၅၁)ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ သတင်းစာဆရာအတတ်သင်ဒီပလိုမာဘွဲ့၊ မှတ်ပုံတင်ရှေ့နေဘွဲ့များရရှိပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စီမံအုပ်ချုပ်မှုဒီပလိုမာ ဘွဲ့များ ရရှိခဲ့သည်။

(၁၉၅၅) ခုနှစ် တက္ကသိုလ်မှ ဘွဲ့ရရှိသောအခါ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန၌ စာပြနည်းပြဆရာအဖြစ်လည်းကောင်း၊ ပြည်သူ့ထောက်ပံ့ရေးအုပ်ချုပ်မှုအဖွဲ့ဝင် မြင်းခြံခရိုင်ထောက်ပံ့ရေး

အရာရှိအဖြစ်လည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာန သတင်းနှင့် ပြန်ကြားရေးဌာနတာဝန်ခံ အရာရှိအဖြစ်လည်းကောင်း၊ စက်မှုဝန်ကြီးဌာန အမှတ်(၁)ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်းတွင် ဌာနခွဲမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး (၁၉၇၈)ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၎င်းနောက် တရားလွှတ်တော်ရှေ့နေအဖြစ် ယနေ့တိုင်ဆောင်ရွက်လျက်ရှိပါသည်။

(၁၉၄၅)ခုနှစ်၊ ဂျပန်ဖက်ဆစ်တော်လှန်ရေးတွင် တိုင်းအမှတ်(၇)ပန်းတောင်းစစ်နယ်မြေ ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၊ ပြည်ခရိုင်(အနောက်ခြမ်း) အာရှလူငယ်အစည်းအရုံး အဖွဲ့ဝင်အဖြစ် ပါဝင်တိုက်ခိုက်ခဲ့သည့်အတွက် လွတ်လပ်ရေးမော်ကွန်းဝင် (တ) တံဆိပ်ကို နိုင်ငံတော်က ချီးမြှင့်ခဲ့သည်။

အလုပ်သမားဝန်ကြီးဌာနက ဖွင့်လှစ်ခဲ့သော အလုပ်သမားပညာပေးသင်တန်းများတွင်လည်းကောင်း၊ ဗဟိုကုန်သွယ်ရေးစေတနာညကျောင်းများတွင်လည်းကောင်း၊ စမ်းချောင်းစေတနာညကျောင်းများတွင်လည်းကောင်း၊ စမ်းချောင်းတက္ကသိုလ်စာပေးစာယူသင်တန်းတို့တွင်လည်းကောင်း၊ စေတနာဆရာအဖြစ် ပညာဒါနများ ပြုလုပ်ခဲ့သည်။

(၁၉၅၈)ခုနှစ်မှစ၍ 'ထွန်း' နေ့စဉ်သတင်းစာ၊ အထောက်တော်သတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ပညာရေးစာပေဆောင်းပါးများ ရေးသားခဲ့သည်။ ငွေတာရီမဂ္ဂဇင်းတွင် ဝတ္ထုတိုရေးသားခဲ့သည်။ အလုပ်သမားဂျာနယ်နှင့် ရှေ့သို့ဂျာနယ်တို့တွင် တစ်ခန်းရပ်ပြဇာတ်များရေးသားခဲ့သည်။ ဓမ္မဝီရဂျာနယ်တွင် ဗုဒ္ဓဒဿနနှင့်ဆိုင်သောဆောင်းပါးများကို ယနေ့တိုင်ရေးသားလျက်ရှိသည်။ ရန်ကုန်တိုင်းမ်ဂျာနယ်တွင် ဆောင်းပါးများနှင့် တစ်ခန်းရပ်

ပြဇာတ်များရေးသားခဲ့ပြီး ယင်းပြဇာတ်များကို စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။ ၎င်းအပြင် Northern Star ဂျာနယ်တွင် "ဆင်ခြင်မိခဲ့သည့် အတိတ်တစ်ခွင်မှ ဖြစ်စဉ်" ဆောင်းပါးများကို ရေးသားခဲ့သည်။

စာပေရေးသားရာတွင် "ဘုန်းအောင်ကျော်"၊ "ဇာတ်ဆရာ -ဆရာဘုန်း"၊ "ကိုဘုန်းဥပဒေ"၊ "မောင်ကိုကြီး (လွတ်လပ်ရေး မော်ကွန်းဝင်)" ဟူသောကလောင်အမည်များသုံး၍ စာရေးပါသည်။

**နေရပ်လိပ်စာ - တိုက် (၃၆)၊ (၃)လွှာ၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**



## ဆရာမကြီး ဒေါ်ခင်မြင့် (ခင်ဝင်းလဲ့မြူ)

(၁၉၃၂)ခုနှစ်၊ ဇူလိုင်လ (၄)ရက်၊ မြန်မာသက္ကရာဇ် (၁၂၉၄) ခုနှစ်၊ ဝါဆိုလဆန်း (၂)ရက်တွင် အဖဦးမောင်သိန်း၊ အမိ ဒေါ်လှခင်တို့မှ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်းတွင် မွေးဖွားခဲ့သည်။

မူလတန်းပညာကို မကျည်းတန်းမူလတန်းကျောင်း၊ အလယ်တန်းပညာကို ကွမ်းခြံကျောင်း၊ အထက်တန်းကို အလွတ်ပညာသင်ကျောင်း၊ စမ်းချောင်းမြို့နယ်တို့တွင် ပညာသင်ကြားခဲ့သည်။

စာရေးဆရာတက္ကသိုလ်မင်းညိုနှင့် အိမ်ထောင်ကျခဲ့ပြီး အနုပညာစာပေတိုက်၊ စုစုဝင်းစာပေတိုက်၊ နုနုဝင်းစာပေတိုက်နှင့် အနန္တငါးဖြာမဂ္ဂဇင်းတိုက်များကို တည်ထောင်ခဲ့ပြီး စာပေလောကထဲသို့ (၁၉၇၃-၇၄)ခုနှစ်မှစတင်ဝင်ရောက်ခဲ့သည်။ လုံးချင်း (၂၂) အုပ်ရေးသားခဲ့ပြီး ကိုယ်တိုင်ထုတ်ဝေခဲ့သည်။

စမ်းချောင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် အဖွဲ့ဝင်အမှတ် (ဝ၄၉၅)ဖြစ်ပြီးမြို့နယ်စာရေးဆရာအသင်း၏ လှုပ်ရှားမှုများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သည်။

**နေရပ်လိပ်စာ** - စမ်းချောင်းမြို့နယ်၊ သရဝဏ်ရိပ်သာ (၁) လမ်း၊ အိမ်အမှတ် (၂)တွင် နေထိုင်လျက်ရှိသည်။



## ဆရာကြီး ဦးခင်မောင်ကြည်
## (မော့င်ကမ္ဘာ)

အဖ ဦးသူငယ်၊ အမိ ဒေါ်သိန်းမြတို့က (၃-၆-၁၉၂၉) မြန်မာသက္ကရာဇ် ၁၂၉၁ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၂) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကွင်းမြို့နယ်၌ မွေးဖွားခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း စစ်ကွင်းမြို့တွင် အမျိုးသားအထက်တန်းကျောင်း၌ သတ္တမတန်းအထိ သင်ယူခဲ့ပြီး ရန်ကုန်မြို့ ယခင်ဗားကရာတိုက်နယ်၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းရှိ စပယ်ရှယ်ကောလိပ်၌ အထက်တန်းပညာကို သင်ယူခဲ့သည်။

ပါဠိပထမပြန်စာမေးပွဲကို အောင်မြင်ခဲ့ပြီး (၁) ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု (ပ-ဒု-တ-စ-ပ)၊ (၂) ဓမ္မပဒဝတ္ထုတော်ကြီး (ပ-ဒု)၊ (၃) ဇိနတ္ထပကာသနီကျမ်း၊ (၄) သံယုတ်ပါဠိတော်၊ (၅) မိလိန္ဒပညာဝတ္ထု၊ (၆) သင်္ဂဟစကားပုံပေါင်းချုပ်၊ (၇) မကာရလောပအကျော် မန်လည်ဆရာတော် ဦးဇဝနမဃဒေဝလင်္ကာကျမ်း၊ (၈) တောင်တွင်းကြီးဆရာတော် ခင်ကြီးဖျော်၏ (အ-သု-ခ) အဓိပ္ပာယ်ဖွင့်ဆိုပဟာပြောချက်ကျမ်းများ၊ (၉) ခေတ်မီပါဠိမြန်မာအဘိဓာန်၊ (၁၀) လယ်တီဆရာတော်ဘုရားကြီး၏ ဝိပဿနာဒီပနီပေါင်းချုပ်

(ပ-၃)၊ (၁၀) အလင်္ကာရမတ္တမေဒနီ စသည်များ၏ အနှစ်သာရများကို စစ်တမ်းထုတ်ရေးသားပူဇော်ခဲ့သည်။

ဘာသာရေးစာစောင်များဖြစ်ကြသည့် "မြတ်မွန်ရတနာ"၊ "မြတ်မင်္ဂလာ"၊ "မမွှရံသီ"၊ ရတနာမွန်"၊ "ရတနာ့တံခွန်" စသည့် ဘာသာရေးစာစောင်များတွင် ဘာသာရေးဆောင်းပါးဝတ္ထုများကို နှစ်ရှည်လများ ရေးသားခဲ့ရာ ယနေ့အထိပင် ဖြစ်သည်။

လုံးချင်းစာအုပ်များအဖြစ် (၁) အောင်ခြင်းရှစ်ပါးအနက် အဓိပ္ပာယ်ဖွင့်ဆိုချက် (၁၉၅၉ ခုနှစ်၊ အောက်တိုဘာလထုတ်) ဒေါ်ကြင်ပိဋကတ်စာပေဖြန့်ချိရေး၊ ရွှေတိဂုံဘုရားအရှေ့ဘက် စောင်းတန်း၊ (၂) ၁၂ လရာသီဘာသာရေးပွဲများ (၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလထုတ်) ဦးရွှေပိဋကတ်စာပေဖြန့်ချိရေး၊ ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း၊ (၃) ရွှေတိဂုံဘုရားသမိုင်း (၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ) ဦးဘိုးကြွယ်၊ စန္ဒာဝင်းစာပေ၊ ၁၅၇ လမ်း၊ တာမွေမြို့၊ ရန်ကုန်၊ (၄) ဘဝပုံရိပ်များစာအုပ် (၂၀၁၂ ခုနှစ်၊ ဇူလိုင်လထုတ်) ထုတ်ဝေသူ အမေ့သားထိုက်စာပေများကို ထုတ်ဝေခဲ့ပါသည်။ ဘဝပုံရိပ်များစာအုပ် (ဒုတိယတွဲ) နှင့် (တတိယတွဲ) များကို ဆက်လက်ထုတ်ဝေရန် စီစဉ်နေဆဲဖြစ်သည်။

၁၉၆၀ ပြည့်နှစ်၊ ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓစာပေ ပြန့်ပွားရေးအသင်းတွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ရာမှ အိန္ဒိယ နိုင်ငံနှင့်ထိုင်းနိုင်ငံသို့ ဗုဒ္ဓစာပေလေ့လာရေးခရီးသွားခဲ့သည်။

၁၉၅၇ ခုနှစ်တွင် အင်းစိန်မောင် (ပထမ)၊ ၁၉၆၀ ပြည့်နှစ်တွင် ပဲခူးတိုင်းဒေသကြီးမောင် (ပထမ)၊ ထိုနှစ်မှာပင် မောင်ဒဂုံ (ဒုတိယ)၊ ၁၉၈၈ ခုနှစ်တွင် ရန်ကုန် Y.M.C.A ကာယဗလမောင် သက်ကြီးတန်းပထမဆုများကို ရခဲ့သည်။

**နေရပ်လိပ်စာ** -၁၃/က၊ (၃/၄ လွှာ) ရွှေလဝင်းလမ်း၊ ကျွန်းတောတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။




## ဦးတင်မောင်ထွေး (နတ်ရေကန်)

အဖ ဦးထွေးအောင်+အမိ ဒေါ်သက်ရှည်တို့က (၂၀-၅-၁၉၃၃) နေ့တွင် မြိတ်မြို့၌ မွေးဖွားခဲ့သည်။

တက္ကသိုလ်ကျောင်းသားဘဝတွင် ဗမာ့ခေတ် ဓာတ်ပုံသတင်းထောက်လုပ်ခဲ့သည်။ ဗမာ့ခေတ်ဦးအုန်းခင်၊ ဆရာဇဝန၊ ဦးသောင်း(အောင်ဗလ)၊ ဦးစိန်ခင်မောင်ရီ ဦးဖိုးသောကြာ၊ ဦးသိုက်(ဓာတ်ပုံ)တို့မှာ လက်ဦးဆရာများဖြစ်ကြသည်။

ဆိုရှယ်လစ်ခေတ်တွင် နတ်ရေကန်မဂ္ဂဇင်း (၁၂၅) အုပ်ထုတ်ဝေခဲ့၍ ထိပ်တန်း(၁၀)အုပ်စာရင်းဝင်ခဲ့သည်။ နအဖ ခေတ်တွင် နတ်ရေကန်၏ ဖြတ်သန်းခဲ့ရသည့် ဘဝနှင့် အတ္ထုပ္ပတ္တိစာအုပ်ကြီး(၃)အုပ် ထုတ်ဝေခဲ့သည်။ ယနေ့ခေတ်တွင် သူရိယနေဝန်းဂျာနယ်၌ စနေနေ့တိုင်းကြော်ငြာဆောင်းပါးများရေးလျက်ရှိပါသည်။

နေရပ်လိပ်စာ-၁၇/၂၀ ဇမ္ဗူရာဇ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ (ဖုန်း-၀၁-၃၅၃၅၈၆)



## ဆရာကြီး ဦးသာဒင် (မင်းသိဒ္ဓိ/ကာတွန်းမောင်ဒင်)
## လွတ်လပ်ရေးမော်ကွန်းဝင် (ပ) ဆင့်၊ နိုင်ငံ့ဂုဏ်ရည် (ဒု)ဆင့်၊
## ပြည်သူ့ဝန်ထမ်းကောင်း

၁၂၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ (၁၂-၁၀-၁၉၂၃) ၊ ရန်ကုန်ရေကျော်မက်သဒစ် (ဗိုလ်တထောင် ထ-၃) ကျောင်းဆရာဦးဘမောင်၊ ဒေါ်နှင်းသင်တို့က ထိုကျောင်းပေါ်တွင် ဖွားမြင်သည်။

၁၉၂၈/၄၀ ခုနှစ် ရန်ကုန်ရေကျော်မက်သဒစ်၊ ကန်တော်ကလေးမြူနီစပါယ် (မင်္ဂလာတောင်ညွန့် ထ-၁)၊ ပုဇွန်တောင်နေရှင်နယ် ကျောင်းများတွင် ၁၀ တန်းအထိ ပညာသင်ယူခဲ့သည်။ ကျောင်းနေစဉ် စာရေးဆရာကြီး ဦးရန်အောင်ထံတွင် စာပေကဗျာ၊ ဆရာကြီး ဦးဗကြည်ထံတွင် အခြေခံပန်းချီပညာ၊ အတန်းပိုင် ဆရာဦးလှမောင် (ဒုမှူးကြီး ရဲ-လှမောင်) ထံတွင် နိုင်ငံရေးနှင့်စစ်ပညာများ သင်ယူခဲ့သည်။ ရန်ကုန်ကျောင်းသားသံမဏိရဲတပ်သို့ ဝင်ခဲ့သည်။

၁၉၃၈ ခုနှစ်၊ ၁၃၀၀ ပြည့် အရေးတော်ပုံ ကျောင်းသားသပိတ်စခန်း မြို့မကျောင်း (ဒဂုံ ထ-၂) မှ အတွင်းဝန်များရုံး (ဝန်ကြီးများရုံး) ဝင်ပေါက်တံခါးများတွင် ထိုင်သပိတ်ထားခဲ့သည်။ အာဇာနည်ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရာလမ်းတွင် လှည့်လည်ဆန္ဒပြကြွေးကြော်ရာတွင် မြင်းစီးပုလိပ်များ တုတ်ချက်ဖြင့် ဒဏ်ရာ

ရခဲ့သည်။ ၁၉၄၂ ခုနှစ်၊ ဘီအိုင်အေတပ်မဟာ ၃၊ ရုံးချုပ် တပ်ထောက်ဗိုလ်၊ ၁၉၄၂/၄၅ ခုနှစ်၊ ဘီဒီအေ ခြေလျင်တပ်ရင်း ၁၊ ခွဲ ၄ ရုံးအုပ်အရာခံဗိုလ်၊ ၁၉၄၅ ခုနှစ်၊ ပီဘီအပ်ဖ မြစ်ဝကျွန်းပေါ် စစ်ကိုင်း ၂ တပ်ရင်း ၈၆၊ ဒု/ရင်းမှူးအဆင့်နှင့် စစ်မှုထမ်းခဲ့သည်။ ၁၉၄၆/၄၇ ခုနှစ်၊ ရန်ကုန်ခရိုင်၊ တာမွေတိုက်နယ် (မြို့နယ်) ပြည်သူ့ရဲဘော်တပ်ဖွဲ့စစ်ခေါင်းဆောင်၊ ၁၉၄၇/၄၈ ခုနှစ် သောင်းကျန်းမှုနှိမ်နင်းရေးတပ်ရင်း ၂ (2 nd Striking Fores A-coy) တပ်ခွဲ ၁ မှူး၊ ဗိုလ်ကြီးအဆင့်၊ ၁၉၄၈-၅၀ ခုနှစ် စစ်ရဲတပ်ရင်း ၁၆ (16 th UMP) ဒု/ရင်းမှူး ဗိုလ်မှူးအဆင့်နှင့် စစ်မှုထမ်းခဲ့သည်။ ၁၉၅၀ ခုနှစ် ချိုးဖြူရွာတွင် သောင်းကျန်းသူများနှင့် ညတိုက်ပွဲဖြစ်၊ စိန်ပြောင်းကျည်သင့်၍ မင်္ဂလာဒုံစစ်ဆေးရုံတွင် ကုသမှုခံယူပြီး တပ်မှ ထွက်ခွင့်ရသည်။

၁၉၅၂/၇၇ ခုနှစ် မြဝတီမဂ္ဂဇင်းတွင် အယ်ဒီတာ (၂၅) နှစ် တာဝန်ထမ်းခဲ့သည်။ ထိုနှစ်များအတွင်း ပြည်ထောင်စု၊ အထောက်တော်၊ မီးတုတ်သတင်းစာများ၊ စစ်နှလုံး၊ စစ်ပညာ၊ ရှေ့ဆောင်လူငယ်၊ တံခွန်၊ သက်လုံ၊ တေဇရုပ်စုံ၊ ရုပ်ရှင်အလင်း၊ ဘဂျမ်းဂျာနယ်ပြောင်၊ ကလေးဂျာနယ်များနှင့် မြဝတီ၊ စန္ဒာ၊ သပြေ တေးမဂ္ဂဇင်းများတွင် မင်းသိဒ္ဓိအမည်နှင့်ဆောင်းပါးများ ရေးသားသည်။ ကာတွန်းမောင်ဒင်အမည်နှင့် ကာတွန်းဆွဲသည်။ ၁၉၆၉ ခုနှစ် "ဘီဒီအေတပ်ရင်း ၁၊ ပီဘီ အက်ဖတိုင်း-၂ မှတ်တမ်းများ စုဆောင်း ပြုစု၍ တပ်မတော်မော်ကွန်းတိုက်သို့ လှူခဲ့သည်။ တပ်မတော်သမိုင်းပထမတွဲ ပုဂ္ဂိုလ်ကိုးစာရင်းမှတ်စဉ် ၃၁ တွင် မင်းသိဒ္ဓိအား ရည်ညွှန်းထားသည်။ ၁၉၇၀ ပြည့်နှစ် စစ်ပြန်စစ်မှုထမ်းဟောင်း အဖွဲ့မှ ပြည်သူ့ကြယ်ဂျာနယ်အယ်ဒီတာအဖွဲ့ဝင်ဖြစ်သည်။ နှစ် (၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြု (ရန်ပုံခွင်းတပ်မတော်) စာစောင် တာဝန်ခံစီစဉ်ပြုစု၍ စာပေဗိမာန်မှ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကာတွန်းမောင်ဒင် ရေး/ဆွဲသည့် "နိုင်ငံတင်းဂုဏ်တီး တပ်တွင်းဖြစ်ရှင်များ" စာတိုစုအား လုံးချင်းထုတ်ဝေရန် ပြင်ဆင်ထားသည်။

နေရပ်လိပ်စာ - ၁၈/၁၃၄ လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း-၂၁၉၆၄၀၇



## ဆရာကြီး သောကြာဦးမောင်ကလေး

ညောင်ဦးမြို့နေ သစ်စက်စာရေးကြီး အဖ ဦးဖိုးထွန်း+ အမိဒေါ်ကရင်မတို့က သောကြာဦးမောင်ကလေးကို (၁၂၈၅) ခု၊ ပြာသိုလပြည့်ကျော် (၄) ရက်၊(၂၄-၁-၁၉၂၄) ရက်နေ့တွင် ဖွားမြင်သည်။ ၁၉၄၈ ခုနှစ်တွင် ဝတ္ထုဆောင်းပါးများ ရေးသား၏။ ညဘက်တွင် အလွတ်ပညာသင်ကျောင်းတက် ၍ ပညာဆည်းပူး၏။

(၁၉၅၂) ခုနှစ် မတ်လထုတ် ရှုမဝရုပ်စုံမဂ္ဂဇင်းတွင် "သူတို့ဘဝ" ဟူသော ဝတ္ထုတိုကို "အောင်စွာ" ဟူသော ကလောင်အမည်ဖြင့် ရေးသားပါရှိကာ စာပေနယ်သို့ စတင်ဝင်ရောက်၏။ ဟံသာဝတီ သတင်းစာ တနင်္လာနေ့ထုတ် မဂ္ဂဇင်းကဏ္ဍ ဝတ္ထုတိုနှင့် ဆောင်းပါးများရေးသားခဲ့သည်။ ရှုမဝ မဂ္ဂဇင်းတွင် စာပြင်ဆရာ၊သင့်ဘဝ မဂ္ဂဇင်းတွင် တွဲဖက်အယ်ဒီတာ၊ ၁၉၅၆ ခုနှစ်တွင် ဗမာဒိုင်ဂျက်စာစောင် တာဝန်ခံ အယ်ဒီတာ (၁၉၅၇) ခုနှစ်တွင် မေ့တွက်တာ မဂ္ဂဇင်းတွင် အယ်ဒီတာလုပ်၍ (၁၉၅၈) ခုနှစ်တွင်

မေအမျိုးသမီး မဂ္ဂဇင်း အယ်ဒီတာလုပ်ခဲ့သည်။

(၁၉၆၂) ခုနှစ် ဇန်နဝါရီလမှစ၍ သောကြာစာစောင်ကို ကိုယ်ပိုင် ကိုယ်တိုင်အယ်ဒီတာလုပ်၍ ထုတ် ဝေလာသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

မိမိသည် လုံးချင်းစာအုပ် (၅) အုပ်ရေးသားပြီး၊ ဝတ္ထုတို (၁၀၀) ကျော် ဆောင်းပါး (၁၀၀၀) ကျော် ရေးသားခဲ့သည်။

ယခုအခါ တာမွေမြို့နယ် စာရေးဆရာအသင်းတွင် နာယကအဖြစ်နှင့် သတင်းစာဆရာအသင်း နာယကတင်မြှောက်ခံရ၍ စာပေအကျိုးသယ်ပိုးလျက်ပင်ရှိပါသည်။

၂၀၁၅ ခုနှစ် ပခုက္ကူဦးအုန်းဖေစာပေ တစ်သက်တာစာပေဆု ချီးမြှင့်ခံရပါသည်။

နေရပ်မှာ အမှတ် (၁၅)၊ ဩဘာလမ်း၊ ကျောက်မြောင်း အထက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့တွင် ဇနီး။ သားသမီးမြေးများနှင့် အတူနေထိုင်လျက်ရှိပါသည်။



## ဆရာမကြီးဒေါ်ခင်ကြည် (တက္ကသိုလ် ကြည်မာ)

၁၂၉၁ ခုနှစ် နတ်တော်လဆုတ် (၈)ရက် (၂၃-၁၂-၁၉၂၉) ခုနှစ်တွင်အဖဦးလှဖေ၊ အမိဒေါ်ငွေရင်တို့မှ အင်းစိန်မြို့နယ်တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဒေါ်ခင်ကြည်ဖြစ်သည်။

ငယ်စဉ်က အင်းစိန်မြို့ အစိုးရအထက်တန်းကျောင်းတွင် စာသင်ခဲ့ရာ ၁၉၄၉ ခုနှစ်တွင် ၁၀တန်းအောင်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေအောင်ခဲ့သည်။

၁၉၅၁ ခုနှစ်မှ စတင်ပြီး ဟံသာဝတီ သတင်းစာမဂ္ဂဇင်းကဏ္ဍတွင်လည်းကောင်း၊ ဗမာ့ခေတ်သတင်းစာ ယုဝတီကဏ္ဍနှင့် တိုင်းရင်းမေကဏ္ဍနယ်တို့တွင်လည်းကောင်း ကဗျာများ ရေးသားခဲ့သည်။

တက္ကသိုလ်ကျောင်းမှ ဘွဲ့ရပြီးသောအခါ စာပေဗိမာန်တွင် စာပြုအဖြစ်အလုပ်ဝင်ခဲ့သည်။ ၁၉၅၉ ခုနှစ်အထိ လက်ထောက်စာတည်းတာဝန်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုစဉ်က ထုတ်ဝေသော စာပေဗိမာန်စာစောင်တွင် တစ်လလျှင်ဆောင်းပါးနှစ်ပုဒ်ကျပင်တိုင်ရေးသားခဲ့သည်။ အသုံးပြုခဲ့သောကလောင်အမည်များမှာ တက္ကသိုလ်ကြည်မာ၊ ခင်ထားရှင်၊ ကြည်ယဉ်၊ ကြည်ခင်၊ အောင်ချမ်း၊


ခိုင်ခိုင်၊ ဒေါ်ခင်ကြည်တို့ ဖြစ်သည်။

ထို့မှတစ်ဖန် အိမ်ထောင်ဖက်၏ ပြောင်းရွှေ့ရာ မော်ဘီမြို့သို့ လိုက်ပါရသဖြင့် တပ်နယ်ကလေးများ စံပြကျောင်းတွင် ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ခုနှစ်အထိ ကျောင်းအုပ်ဆရာမကြီးတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ယုဝတီဂျာနယ် သီးခြားထုတ်ဝေသောအခါတွင် ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး၏ တာဝန်ပေးချက်အရ ယုဝတီဂျာနယ်၏ အယ်ဒီတာ၊ အိုးဝေ ဦးညိုမြ၏ တာဝန်ပေးချက်အရ အိုးဝေ စာပေတိုက် စာအုပ်ထုတ်ဝေရေးတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယုဝတီဂျာနယ်တွင် "ကမ္ဘာ့တစ်လွှားမှ အားကျဖွယ်အမျိုးသမီးများ" နှင့် "ကမ္ဘာကျော်အချစ်ဇာတ်လမ်းများ" ကို ပင်တိုင် ရေးသားခဲ့သည်။

ထုတ်ဝေခဲ့သောစာအုပ်များမှာ နိုင်ငံတော်အလံ (စာပေဗိမာန် တိုက်ထုတ်)၊ ငရုပ်နံ့ဖျက်တော (မူးယစ်ဆေးဝါးဆန့်ကျင်ရေးအကြောင်း)၊ တောင်ပံဖြန့်၍ ကလေသော် (ကွန်မြူနစ်ဝါဒ ဆန့်ကျင်ရေး)၊ မုသားသစ္စာ (ဘာသာပြန်)၊ အသိအလိမ္မာကဗျာများ (ကလေးကဗျာ ကလေးစာပေ)အတွက် ၁၉၆၇ခုနှစ် အမျိုးသားစာပေဆု ရရှိခဲ့သည်။ မြန်မာအမျိုးသမီးလောက ၁၉၇၅ခုနှစ် နိုင်ငံတကာအမျိုးသမီးနှစ်အတွက် စာပေဗိမာန်က ထုတ်ဝေခဲ့သည်။

**နေရပ်လိပ်စာ** - တိုက် (ဘီ၂)၊ အခန်းအမှတ် ၀၀၂ မေတ္တာလမ်း၊ မင်းရဲကျော်စွာအိမ်ရာ၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။



## ဆရာကြီး ဦးသိန်းထွန်း (ခ) ဦးသိန်းကြည်

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၊ လက်ဝဲရွာတွင် အဘ ဦးမောင်တာ၊ အမိ ဒေါ်မြင့်ရှိန်တို့မှ ၁၂၈၇ခုနှစ်၊ တပေါင်းလဆန်း (၂)ရက်၊ သောကြာနေ့ (၁၂-၂-၁၉၂၆)တွင် ဖွားမြင်ခဲ့သည်။ မွေးဇာတိကျောင်းမှ (၇)တန်းအောင်မြင်ခဲ့ပြီး ကိုရင်ဝတ်ပြီး မန္တလေး မစိုးရိမ်ကျောင်းထွက်တွင် အစိုးရစာမေးပွဲ ပထမတန်းအောင်မြင်ခဲ့သည်။ ထိုနောက်လူထွက်ကာ ဂျပန်ခေတ်တွင် မေမြို့မြို့နယ် တရားရုံးနှင့် အမရပူရမြို့နယ် တရားရုံးတို့တွင် အမှုထမ်းခဲ့သည်။

မန္တလေးကျော်သွေးတန်း (အိုကေ) ရုပ်ရှင်နှင့် ဓာတ်ပုံလုပ်ငန်းလုပ်စဉ် မိတ္ထီလာတပ်ရင်း (၁၈)မှ လုပ်ငန်းများ၊ အခမ်းအနားများ၊ အရေးကြီးသတင်းမှတ်တမ်းများ၊ ရှေ့တန်းသတင်းမှတ်တမ်းများနှင့် ရန်ကြီးအောင် စစ်ဆင်ရေးမှတ်တမ်းများ ရိုက်ကူး၍ သတင်းရေးသားခဲ့သည်။

လုပ်သားပြည်သူ နေ့စဉ်သတင်းစာ စတင်ထွက်ရှိစဉ် မန္တလေးမြို့၊ ကော်လံစားသတင်းထောက် လခစားအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မန္တလေးတိုင်းသတင်းထောက် တာဝန်ပေးစဉ်

**မန္တလေး**တွင် စာပေလုပ်သားအဖွဲ့ဝင်ခဲ့သည်။ ဆရာစံပုန်ကန်မှုတွင်ပါဝင်ခဲ့ကြသည့် နောင်ချိုတစ်ဝိုက်မှ ပုဂ္ဂိုလ်များအကြောင်းကို ရှာဖွေမှတ်တမ်းပြုလုပ်ပြီး ရန်ကုန်မြို့သို့ပေးပို့ခဲ့သည်။သတင်းစာအမှတ်စဉ် (၃) တက်ရောက်အောင်မြင်ခဲ့သည်။ ရှေ့သို့စာစောင်တွင် ဓာတ်ပုံဆောင်းပါးများကို သိန်းကြည်မန္တလေး အမည်ဖြင့် ရိုက်ကူးဖော်ပြခဲ့သည်။

မြန်မာသတင်းစဉ်ပြည်တွင်းသို့ အကြီးတန်းသတင်းထောက်တာဝန်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ကိုရီးယားသမ္မတချွဒူးဝမ်ပန်းခွေချသတင်းယူစဉ် ဗုံးပေါက်ကွဲဒဏ်ရာရ၍ (၂) လခန့်ဆေးရုံတက်ရောက်ရသည်။

သတင်းစဉ်မှ ပင်စင်ယူပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနတွင် အမှုထမ်းခဲ့ပါသည်။ ရန်ကုန်မြို့တော် တိုးတက်မှုဓာတ်ပုံများနှင့် မြို့တော်မဂ္ဂဇင်း၊ မြို့တော်သတင်းစာ၊ မြို့တော်ဥယျာဉ်စာအုပ်၊ ရွှေတိဂုံနိုင်ငံတော်အဆင့်မီ ဓာတ်ပုံစာအုပ်များ ထုတ်ခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၁၉) (၄)လွှာ၊ ၁၆၅လမ်း၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။



## ဆရာကြီး ဦးသောင်းလွင် (ဘီအေ)

အဖ ဦးပေါ်ထွန်း၊ အမိ ဒေါ်သွယ်တို့မှ ၁၂၉၀ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက် (၁၈-၁-၁၉၂၈)နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ကြို့ပင်ရွာ၌ မွေးဖွားခဲ့သည်။

ကြို့ပင်မြောက်ကျောင်း ဘုန်းတော်ကြီးထံတွင် အခြေခံ ပညာသင်၍ (၁၄)နှစ်သားတွင် သာမဏေဝတ်ကာ ပိဋကတ်အခြေခံစာပေများကို ရွှေကျင်မြို့ လေးထပ်ကျောင်းဆရာတော်ထံတွင် သင်ယူခဲ့ပါသည်။ အသက် (၂၀)တွင် ရဟန်းဘောင်သို့ကူးပြီး မန္တလေးမြို့၊ တောင်ပြင်ထီးလင်းတိုက် ပါဠိတက္ကသိုလ်တွင် (၄)နှစ် ပညာသင်ကြားပြီး အစိုးရငယ် လတ် ကြီး ဓမ္မာစရိယတန်း၊ မန္တလေးသကျသီဟစာသင်တန်း စာချတန်း၊ စာမေးပွဲ (၆)ပွဲကို (၄) နှစ်အတွင်း အောင်မြင်ခဲ့သည်။

၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ၁၉၆၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။

၁၉၆၂ ခုနှစ်တွင် သာသနာဘောင်မှ လူ့ဘောင်သို့ပြောင်းပြီး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်အရာရှိအဖြစ် တာဝန်ထမ်း

ဆောင်ခဲ့သည်။ သာသနာရေးဌာန၌ အမှုထမ်းစဉ် ဘာသာရေး၊ သာသနာရေးနှင့်ဆိုင်သော စာအုပ်များ၊ မြန်မာသဒ္ဒါ၊ အင်္ဂလိပ်သဒ္ဒါနှင့် ဆိုင်သော စာအုပ်များစုစုပေါင်း (၉)အုပ်ရေးသားထုတ်ဝေခဲ့သည်။

သာသနာရေးဦးစီးဌာန၌ အမှုထမ်းစဉ် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ မြန်မာသဒ္ဒါကျမ်းပြုစုရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် (၇)နှစ်ကျော်ပါဝင်၍ 'အခြေပြု မြန်မာသဒ္ဒါကျမ်းကြီး' နှင့် ယနေ့အလယ်တန်းနှင့် အထက်တန်းကျောင်းသုံး မြန်မာသဒ္ဒါ (၆)အုပ်ကို ပါဝင်ရေးသားခဲ့သည်။

သာသနာရေးဦးစီးဌာနမှ အငြိမ်းစားယူပြီးနောက် သာသနာရေးဝန်ကြီးဌာန၏ အကြံပေးပညာရှင်အဖြစ် တာဝန်ထမ်းဆောင်စဉ် အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဗုဒ္ဓဘာသာတရားတော်အခြေခံအဆင့်၊ အထက်တန်းအဆင့်၊ အဆင့်မြင့်တန်းအဆင့်တို့ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားခဲ့သည်။

မဟာစည်သြဝါဒခံ ဗဟုဇနဟိတဓန ဓမ္မကထိက ညောင်ကန်အေးဆရာတော်၏ 'သတိပဋ္ဌာန် ကြွေးကြော်သံ' စာအုပ်ကို THE MESSAGE OF SATIPATTHANA အမည်ဖြင့် အင်္ဂလိပ်ဘာသာပြန်ခဲ့သည်။ ညောင်ကန်အေးဆရာတော်နှင့်အတူ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊ နီပေါ၊ အိန္ဒိယ၊ ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုများသို့ သာသနာပြုခရီး သွားရောက်ခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် ၂၂၈၊ ကျိုက္ကဆံလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



ဆရာကြီး ဦးမြင့်စိုး (မြင့်စိုး အနုပညာ)

မွန်ပြည်နယ်၊ ဘီလင်းမြို့တွင် အဖ ဦးငွေစိုး (မီးရထားရုံး စာရေးကြီး) နှင့် အမိ ဒေါ်ဖွားစိန် (ရှေးခေတ် စစ်ကြိုခေတ် မြန်မာ့ အလင်းသတင်းစာ သတင်းထောက်နှင့် ကုမ္ဘာရီအမျိုးသမီး အသင်းဥက္ကဋ္ဌ) တို့မှ ၁၂၉၁ခုနှစ်၊ ဝါခေါင်လဆုတ် (၁)ရက် (၂၀-၈-၁၉၂၉)နေ့တွင် မွေးဖွားခဲ့သည်။


၁၉၄၇ ခုနှစ်တွင် ဗဟိုစာတိုက်ကြီး၌ အမှုထမ်းခဲ့သည်။ ၁၉၅၀ခုနှစ်တွင် ရေဒီယိုအဆိုတော်ဖြစ်ခဲ့ပြီး ကျောင်းပြဇာတ်ကပွဲများနှင့် သမဝါယမပြဇာတ်ပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် (၁၀)တန်းအောင်မြင်ပြီး ရန်ကုန်ရဲတပ်ဖွဲ့တွင် အမှုထမ်းခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်မင်းသားဖြစ်ခဲ့သည်။

၁၉၅၇ ခုနှစ်မှ စတင်၍ ရုပ်ရှင်အောင်လံ၊ ရုပ်ရှင်ပဒေသာ မဂ္ဂဇင်းများနှင့် အိုးဝေဂျာနယ်၊ ရှုထောင့်ဂျာနယ်များတွင် ဆောင်းပါးများနှင့်ဝတ္ထုတိုများ ရေးသားခဲ့သည်။ ၁၉၆၀ပြည့်နှစ်တွင် ရုပ်ရှင်ဒါရိုက်တာဖြစ်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ရဟန်းဘောင်သို့ ဝင်ခဲ့သည်။ ထိုအချိန်တွင် ကြေးမုံသတင်းစာ၊ လုပ်သားသတင်းစာနှင့် စာပေ

ဗိုမာန်မြန်မာစွယ်စုံကျမ်းနှစ်ချုပ်များ၌ ဆောင်းပါးများရေးသား ခဲ့သည်။ ၁၉၈၀ ပြည့် နှစ်တွင် ရဟန်းဘောင်မှထွက်ခဲ့ပြီး ရုပ်ရှင် ကောင်စီစာနယ်ဇင်းဌာန ၌ အယ်ဒီတာအဖြစ် အမှုထမ်းရင်း ရုပ်ရှင် မဂ္ဂဇင်း၊ သတင်းစဉ်၊ ဂီတ ပဒေသာမဂ္ဂဇင်းနှင့် စန္ဒာမဂ္ဂဇင်းများ၌ ဆောင်းပါးများရေး သားခဲ့သည်။

ယနေ့အချိန်အထိ သောကြာစာစောင်၊ ကလျာမဂ္ဂဇင်း၊ ရွှေအမြုတေမဂ္ဂဇင်း၊ အလင်းတန်း၊ ပေါ်ပြူလာ၊ အတွေးသစ်၊ ပြည်မြန်မာ၊ ရန်ကုန်ခရီးသွား၊ Weekly Eleven စသည့် ဂျာနယ် များနှင့် အခြားစာစောင်များတွင် ဆောင်းပါးများ ရေးသားလျက် ရှိသည်။

နေရပ်လိပ်စာ - အမှတ် ၂၈/၁၄၇ လမ်း၊ ဒုတိယလွှာ (ဝဲဘက်)၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



## ဦးအောင်ကြိုင်
## (ပညာတန်ဆောင် ဦးအောင်ကြိုင်)

ဦးအောင်ကြိုင်ကို အဖ ဦးဘမောင်+အမိ ဒေါ်စိန်ပုတို့ ၃-၁၂-၁၉၃၆ နေ့တွင် နှဲကြီးရွာ၊ မနူဖြူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၌ B.A Ed. B.Ed ဘွဲ့ရခဲ့သည်။ ထမ်းဆောင်ခဲ့ဖူးသောတာဝန်များမှာ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူးအဖြစ် ပညာရေးလုပ်သက် ဆယ်နှစ် ထမ်းဆောင်ခဲ့သည်။ ၁၉၈၁ ခုနှစ်၊ ဇွန်လထုတ် ပညာတန်ဆောင်မဂ္ဂဇင်းတွင် မှန်းဆကြည့်တော့ လမ်းစသိစာမူဖြင့် စာပေလောကသို့ဝင်ရောက်ခဲ့သည်။

နာယက၊ မနောရမ္မ နိုင်ငံတကာ ဘာသာသင်ပညာဒါန ဘုန်းတော်ကြီးကျောင်း၊ စမ်းချောင်းမြို့နယ်၊ နာယက၊ ပစ္ဆိမာရုံ နိုင်ငံတကာဘာသာသင် ပညာဒါန ဘုန်းတော်ကြီးကျောင်း၊

တာမွေမြို့နယ်။ နာယက၊ ရတနာသိဒ္ဓိနိုင်ငံတကာဘာသာသင် ပညာဒါနဘုန်းတော်ကြီးကျောင်း၊ သယ်န်းကျွန်းမြို့။ နာယက၊ Top spesking class၊ ၁၅၄၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။ အကြံပြုနာယကအဖွဲ့ဝင် "The Lighf English" ၁၉၈-၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ဂုဏ်ထူးဆောင် နာယက, ဟက်ပီးဝါး (Happy World) အပန်းဖြေစခန်းမြေ၊ ကန်တော်မင်ပန်းခြံ၊ ဒဂုံမြို့နယ်၊

ဂီတစာပေ ညီမျှပါစေ ဆောင်ပုဒ်နှင့်အညီ ဂီတနှင့်စာပေကို အချိုးညီလေ့လာလျက် ယခုအခါ စောင်ရေလေးသောင်းကျော် ထုတ်ဝေလျက်ရှိသော၊ ပညာတန်ဆောင်မဂ္ဂဇင်းနှင့် အခြားသော အင်္ဂလိပ်၊ မြန်မာ ပညာပေးမဂ္ဂဇင်းများတွင် လူငယ်အကျိုးပြု ဆောင်းပါးများကို လစဉ်ရေးသားလျက်ရှိပါသည်။

ရေးသားထုတ်ဝေခဲ့သောစာအုပ်များမှာ-

၁။ မြန်မာတွေဆင်ခြင်ဖွယ်ရာအတွေးလှိုင်းများ

၂။ ဆရာ့ဘဝ-ဘဝဆရာနှင့်ဆင်ခြင်ပြင်ဆင်ဖွယ်ရာ အတွေးလှိုင်း များ ဖြစ်သည်။

**နေရပ်လိပ်စာ**- ၈၄၈ သမာဓိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။



## ဦးမောင်မောင်သန်း
## (မိုးနတ်သျှင်-အောင်သစ္စာ)

ဆန်စက်ပိုင်ရှင် အဖ ဦးဘဦး၊ အမိ ဒေါ်တင်လှတို့က ပြည်ခရိုင်၊ ပေါင်းတည်မြို့၌ (၃. ၁၀. ၁၉၃၅) နေ့တွင် မွေးဖွားခဲ့သည်။ ရန်ကုန်မြို့၊ မြို့မကျောင်း၊ မက်သဒစ်ကျောင်းတွင်နေခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် (၁၀) တန်းအောင်သည်။ ရန်ကုန်တက္ကသိုလ်တွင် ကျောင်းတက်နေရာမှ မိဘများပိုင် နတ္တလင်းမြို့ စိန်ဟံသာညွန့်ဆန်စက်တွင် ဝင်ရောက်လုပ်ကိုင်ပြီး ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ပြန်တက်ခဲ့သည်။

နိုင်ငံတကာ ဆက်သွယ်ရေးအသင်း (၁၉၆၂) ခုနှစ်၌ ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ ၁၉၆၅ ခုနှစ်၊ မေလမှစ၍ (မဆလ) ပါတီဌာနချုပ် ပညာရေးဌာနကြီး နိုင်ငံခြားရေးတွင် သုတေသနအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် (နိုင်ငံသစ်ဒီမိုကရေစီပါတီ)ကို မှတ်ပုံတင်ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ ဒီမိုကရေစီအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ကျူရှင်ဆရာအဖြစ် အင်္ဂလိပ်စကားပြောနှင့် စာပေသင်ကြားခဲ့သည်။ မက်သဒစ်ကျောင်းပေါင်းစုံပြုလုပ်သော ဆောင်းပါးပြိုင်ပွဲတွင် (မိဘမေတ္တာ)ခေါင်းစဉ်ဆောင်းပါးဖြင့် ဝင်ပြိုင်ရာ ပထမဆုရ၊ စိုက်ပျိုးရေးဌာန ညွှန်ကြားရေးမှူး ဆရာကြီး ဦးသာမြတ်ချီးမြှင့်သော ရွှေတံဆိပ်နှင့် ငွေဖလားဆု။ တက္ကသိုလ်ရောက်သောအခါ အင်္ဂလိပ်နှင့် မြန်မာဆောင်းပါးပြိုင်ပွဲများတွင် မြန်မာစာပါမောက္ခ ဦးအေးမောင်၊ သက်ကြီးတက္ကသိုလ်မြန်မာစာပါမောက္ခ ဒေါက်တာ စိန်ဝင်းတို့၏ ဆုများရခဲ့သည်။

**နေရပ်လိပ်စာ** - (၅၈)ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။



## ဦးတင့်မောင် (ကိုဖိုးအေး)

အဖ ဦးကောက်၊ အမိ ဒေါ်ဖွားချစ်တို့မှ (၁၉၃၁) ခုနှစ်၊ ဩဂုတ်လ (၁) ရက်တွင် တောင်သာမြို့နယ်၊ လက်ပံတောရွာတွင် ဖွားမြင်ခဲ့သည်။

(၁၉၅၃-၅၄) ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည်။ (၁၉၅၈) ခုနှစ်တွင် မြန်မာဘာသာနှင့်အနုစာပေ ဘာသာတွဲအပါအဝင် ဝိဇ္ဇာတန်းကို အောင်မြင်ခဲ့သည်။

(၁၉၆၀) ပြည့်နှစ်တွင် မြန်မာ့အသံတောင်သူလယ်သမား ကဏ္ဍအသံလွှင့်ကော်မတီ၌ အတွင်းရေးမှူးအဖြစ် တိုးမြှင့်ခန့်ထား ခြင်းခံရကာ ဩစတြေးလျနိုင်ငံရှိ ABC အသံလွှင့်ဌာနက ပို့ချသော ကျေးလက်အသံလွှင့်အစီအစဉ် (Rural Broadcast) သင်တန်းသို့ တက်ရောက်အောင်မြင်ခဲ့သည်။

(၁၉၇၉) ခုနှစ်တွင် မလေးရှားနိုင်ငံတွင် 'အက်ဗဒူ ရာဇာတ်' သင်တန်းကျောင်း၌ ပို့ချသော ရုပ်သံလွှင့်ဆိုင်ရာ

ပညာရေးရုပ်သံလွှင့်ရေးဆွဲရေးနှင့် ထုတ်လုပ်ရေး Educational Media Planning and Production (T.V) သင်တန်းတက်ရောက်အောင်မြင်ခဲ့သည်။and Production (T.V) သင်တန်းတက်ရောက်အောင်မြင်ခဲ့သည်။

(၁၉၈၅) ခုနှစ်တွင် ဂျပန်နိုင်ငံ ဟတ်ချီ၊ ဟန်ချီအပြည်ပြည်ဆိုင်ရာ သင်တန်းကျောင်းမှ ပို့ချသော ရုပ်မြင်သံကြား စီမံခန့်ခွဲမှုသင်တန်း (T.V.Boradcasting Management Course) သင်တန်းသို့ တက်ရောက်အောင်မြင်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်မြင်သံကြား လ/ထ ညွှန်ကြားရေးမှူးဖြင့် အငြိမ်းစားယူခဲ့သည်။

(၁၅) နှစ်သားမှစ၍ မြန်မာ့အလင်းသတင်းစာတိုက် မြန်မာစာပေ ပြဿနာအခန်းတွင် စတင်ဝင်ရောက်၍ ဆောင်းပါးများရေးခဲ့သည်။ လုံးချင်းစာအုပ် (၄) အုပ်တွင် အထင်ရှားဆုံးစာအုပ်မှာ 'အသံလွှင့်အနုပညာ' ဖြစ်ပြီး 'စိမ်းရောင်စိုပုံရိပ်များ'၊ 'မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး' နှင့် ပုံနှိပ်ဆောင်းပါးဝတ္ထုအပါအဝင် စုစုပေါင်း (၅၄၇) ပုဒ် ရေးသားခဲ့သည်။

ယခုအခါ ဆောင်းပါး၊ ဝတ္ထု၊ ကျောင်းစာအုပ်များဆက်လက်ရေးသား၍ ရန်ကင်းမြို့နယ်၊ မိုးကောင်း၊ သဲအင်းဂူဝိပဿနာစခန်းတွင် သမထဝိပဿနာ တရားအားထုတ်လျက်ရှိသည်။

**နေရပ်လိပ်စာ-အမှတ် (၈၂)၊ ၁၆၄ လမ်း၊ တာမွေ**



## ဆရာကြီး ဒေါက်တာခင်မောင်ဆွေ
## (တက္ကသိုလ်မောင်သန်းချော)

အဖဦးဘအောင်၊ အမိ ဒေါ်တင်မြတို့က ၁၂၉၈ နတ်တော်လပြည့်ကျော် ၁၁ အင်္ဂါနေ့ (၈-၁၂-၁၉၃၆) တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျောက်ကာရွာ၌ ဖွားမြင်သည်။ ဖြစ်သည်။

ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ရှင်သာမဏေဘဝဖြင့် အခြေခံပုဒ္ဓစာပေများကို ပါဠိနှင့် နိဿယယှဉ်တွဲသင်ယူခွင့်ရခဲ့သည်။

၁၉၅၃ တွင် ဝဲလောင်-ရွာသစ်အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး မန္တလေးတက္ကသိုလ်ကောလိပ်သို့ တက်ရောက်ခဲ့သည်။ ထိုအချိန်ကပင် ဆရာအောင်သျှံတို့ ဦးစီးထုတ်ဝေသော စာစောင်တွင် စတင်၍ ကလောင်သွေးခွင့်ရခဲ့သည်။

၁၉၅၅ တွင် I.Sc မပြီးမီ တက္ကသိုလ်မှအနားယူလျက် ဝဲလောင်အစိုးရအထက်တန်းကျောင်း၌ အလယ်တန်းပြဆရာအဖြစ် ၂ နှစ်၊ လှိုင်ကော်မြို့ စိန့်ဂျေရိုဇာကွန်ဗင့်ကျောင်း၌ အထက်တန်း

ပြ ဆရာအဖြစ် ၁ နှစ်ထမ်းဆောင်သည်။

၁၉၅၈ တက္ကသိုလ်သို့နောက်တစ်ကြိမ်ပြန်ရောက်သောအခါ ပွင့်သစ်စကလောင်ရှင်များနှင့် တွေ့ဆုံပြီး စာပေနယ်ထဲသို့ ဝင်ရောက်ခဲ့သည်။ မန္တလေးတက္ကသိုလ်ကလောင်ရှင်အသင်း အမှုဆောင် ဖြစ်ခဲ့ပြီး ၁၉၅၈ မန္တလေးတက္ကသိုလ်နှစ်ပတ် လည်မဂ္ဂဇင်းတွင် "ဘဝဗေဒါ" မဂ္ဂဇင်း ဝတ္ထုရှည်ရေးသားရာ၌ 'တက္ကသိုလ်ဆွေဝင်း' အမည်ကို စတင်သုံးစွဲခဲ့သည်။ ထိုအချိန်တွင် ရှိုင်တန်ဆောင်မဂ္ဂဇင်းနှင့် ဒို့ကျောင်းသားစာစောင်တို့တွင် ဝတ္ထု တိုများ ရေးသားလျက် ကလောင်စမ်းခွင့်ရခဲ့သည်။

B.Sc (၁၉၆၂)ဘွဲ့နှင့် M.Sc (၁၉၆၈)ဘွဲ့တို့ကို ရန်ကုန်တက္ကသိုလ်မှလည်းကောင်း၊ နောက်ထပ် (၁၉၇၁) ဘွဲ့ကို အင်္ဂလန်နိုင်ငံ လစ်ဗာပူးတက္ကသိုလ်မှလည်းကောင်း၊ Ph.D (၁၉၇၃) ဘွဲ့ကို လန်ဒန်တက္ကသိုလ်မှလည်းကောင်း အသီးသီးရရှိခဲ့သည်။ ၁၉၈၂ တွင် အမေရိကန်နိုင်ငံ အီလင်နွိုင်တက္ကသိုလ်တွင် Post Doctorate Research ကို လုပ်ဆောင်ပြီးမြောက်ခဲ့သည်။

၁၉၆၂ သိပ္ပံဘွဲ့ကို သင်္ချာ ၂ ဘာသာဂုဏ်ထူးဖြင့် အထူးအောင်မြင်ပြီး ပထမရသည့်အတွက် မဟာသိပ္ပံအရည်အချင်းစစ်တန်းသို့ တက်ရောက်ခွင့်ရခဲ့သည်။ ၁၉၆၃ တွင် ရန်ကုန်တက္ကသိုလ်သင်္ချာဌာန၌ နည်းပြဆရာဖြစ်လာခဲ့သည်။ ရာထူးအဆင့်ဆင့်တိုးမြှင့်လျက်၊ ပညာရေးတက္ကသိုလ်၊ ရန်ကုန်စက်မှုတက္ကသိုလ်၊ ပုသိမ်ဒီဂရီကောလိပ်၊ မော်လမြိုင်တက္ကသိုလ်တို့၌ ဆက်လက်တာဝန်ထမ်းဆောင်ပြီး ၁၉၉၅ တွင် သင်္ချာပါမောက္ခဌာနမှူးတာဝန်မှ သက်ပြည့်အငြိမ်းစားယူခဲ့သည်။

အငြိမ်းစားယူပြီးနောက် ရန်ကုန်တက္ကသိုလ် သင်္ချာဌာန၌

ဂုဏ်ထူးဆောင်ပါမောက္ခ (Emeritus Professor)၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်အသီးသီးတွင် အချိန်ပိုင်းပါမောက္ခ၊ သိပ္ပံ နှင့်နည်းပညာဝန်ကြီးဌာနတွင် အကြံပေးပုဂ္ဂိုလ်စသည့်တာဝန်များကို ထမ်းဆောင်ရင်း မြန်မာနိုင်ငံ သင်္ချာပါရဂူဘွဲ့သင်တန်းဦးစီး ကော်မတီတွင် ပါဝင်ဆောင်ရွက်ခဲ့ရသည်။ ဆောင်ရွက်ဆဲလည်း ဖြစ်သည်။

၁၉၉၉ မှစ၍ ယခုအချိန်အထိ မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်လျက်ရှိသည်။ Journal of Myanmar Academy of Technology အင်္ဂလိပ်မြန်မာ ဂျာနယ်အယ်ဒီတာအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

၁၉၆၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး တက္ကသိုလ် သင်္ချာဂျာနယ်ထုတ်ဝေရာ၌ အတွင်းရေးမှူး အဖြစ်ဆောင်ရွက်ခဲ့ပြီး၊ ပညာရပ်ဆိုင်ရာသုတစာပေများကို ဆက် လက်ရေးသားလျက် အင်္ဂလန်၊ အမေရိကန်၊ အိန္ဒိယ၊ ထိုင်းစသည့် နိုင်ငံများတွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ Conference များ၊ Workshop များသို့ တက်ရောက်၍ စာတမ်းများတင်ပြဆွေးနွေး နိုင်ခဲ့သည်။

တက္ကသိုလ်ဘွဲ့ကြို ဘွဲ့လွန်ပြဋ္ဌာန်းစာအုပ် ၈ အုပ်ရေးသား နိုင်ခဲ့သည့်အပြင် ပါရဂူဘွဲ့အပါအဝင် မဟာနှင့်မဟာသုတေသနဘွဲ့များအတွက် ကျမ်းကြီး ၁၁၈ ကျမ်းပြုစုရာ၌ ကြီးကြပ်ကွက်ကဲ ပေးနိုင်ခဲ့သည်။ အင်္ဂလိပ်မြန်မာ ပြည်တွင်းပြည်ပဂျာနယ်များတွင် လည်း သုတေသနစာတမ်းများ ဆောင်းပါးများရေးသားနိုင်ခဲ့သည်။

ဒေါက်တာခင်မောင်ဆွေ၊ တက္ကသိုလ်မောင်သင်္ချာ၊တက္ကသိုလ်ဆွေဝင်း၊ ကပ္ပိယပေစိ၊ ကလောင်အမည်လေးမျိုးဖြင့် ပညာရပ်ဆိုင်ရာစာတမ်းများ၊ သုတရသဆောင်းပါးနှင့် ဝတ္ထုတို-ရှည်များ၊ စုစုပေါင်း ၁၀၀ ကျော်ရေးသားခဲ့ရာ၊ ပညာပဒေသာ၊

ပညာလောက၊ ပညာတန်ဆောင်၊ မြတ်ပညာ၊ မြဝတီ၊ မဟေသီ၊ အနော်မာ၊ တော်ဝင်ပန်း၊ သံတော်ဆင့်၊ မြန်မာတိုင်း၊ ဒီမိုကရေစီ တူဒေး၊ တောင်သာ၊ မြင်းခြံ စသည့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ၊ တက္ကသိုလ်သဓ္ဓါဂျာနယ်နှင့် ပညာရေးတက္ကသိုလ်၊ ပုသိမ်၊ ဟသ်ာတ၊ မိတ္ထီလာ၊ လားရှိုးစသည့် တက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်းများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ယခုအချိန်အထိ သုတရသစာအုပ် ၆ အုပ်ကိုလည်း ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။

"သဓ္ဓါအမြင် သဓ္ဓါအတွေး" စာအုပ်သည် သုတပဒေသာ (ရိုးရိုးသိပ္ပံ) ကဏ္ဍတွင် ၂၀၁၁ ခုနှစ်အတွက် အမျိုးသားစာပေဆုချီးမြှင့်ခြင်းခံရသော စာအုပ်ဖြစ်သည်။

ယခုအချိန်အထိ စာများဆက်လက်ရေးသားလျက်ရှိသည်။

ဇနီးဒေါ်မြင့်မြင့်ခိုင် (အငြိမ်းစားသဓ္ဓါပေါ်မောက္ခ)၊ သားသုံးဦးနှင့်အတူ နေထိုင်လျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ် (၁၀)၊ လမ်းဆက်လမ်း၊ တာမွေ စာတိုက်၊ ရန်ကုန်။ ဖုန်း (၀၁) ၅၄၁၅၉၉



## ဆရာကြီး ဦးထွန်းတင် (တက္ကသိုလ်သက်ပန်)

သံတွဲခရိုင်၊ တောင်ကုတ်မြို့၌ အဖဦးဘိုးစိန်၊ အမိ ဒေါ်ညွန့်တို့မှ ၁၂၈၄ ခုနှစ်၊ တပို့တွဲလဆန်း (၁၁)ရက်၊ (၂၇-၁-၁၉၂၃)နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးထွန်းတင်ဖြစ်ပြီး ကလောင်အမည်များမှာတက္ကသိုလ်သက်ပန်၊ တက်ထွန်းအောင်တို့ဖြစ်သည်။

၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ပညာသင်ကြားသည်။ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့များရရှိခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာ့အလင်းသတင်းစာ၊ နဂါးနီဂျာနယ်၊ ဂန္ထလောကစာစောင်တို့တွင် ဆောင်းပါးနှင့်ဝတ္ထုတိုများ ရေးသားခဲ့သည်။ မြန်မာ့အလင်းသတင်းစာ၏ တက္ကသိုလ်သတင်းထောက် အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

၁၉၄၃-၄၄ ခုနှစ်တွင် ဂျပန် ဒိုမေသတင်းဌာနလက်ထောက်သတင်းအယ်ဒီတာ၊ ၁၉၄၄ခုနှစ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော်အချက်ပြ ဆက်သွယ်ရေးတပ်၊ နိုင်ငံခြားသတင်းဌာနအယ်ဒီတာ၊ ၁၉၄၆ခုနှစ်တွင် သတင်းစုံဂျာနယ် အမှုဆောင်အယ်ဒီတာ၊ ၁၉၄၇ခုနှစ်တွင် ဗြိတိသျှသတင်းပြန်ကြားရေးဌာန

နေ့စဉ်ထုတ်သတင်းလွှာ မြန်မာသတင်းအယ်ဒီတာ၊ ၁၉၅၃ ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့၍ တတိယအတွင်းဝန်အဖြစ် ထမ်းဆောင်ပြီး၁၉၈၃ ခုနှစ်တွင် ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူပြီးနောက် စာပေဗိမာန်ထုတ် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များတွင် ကုလသမဂ္ဂ နှစ်ပတ်လည် အထွေထွေညီလာခံအကြောင်း၊ ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်များအကြောင်းနှင့် နိုင်ငံတကာရေးရာများကို ယနေ့တိုင် ရေးသားဆဲဖြစ်သည်။

၁၉၃၉ခုနှစ်၊ ရန်ကုန်တက္ကသိုလ် ဥပစာတန်းစာမေးပွဲတွင် မြန်မာစာ (အထူး)ဘာသာရပ်အတွက် 'သာဒိုးအောင်'ဆုရရှိခဲ့ပြီး လွတ်လပ်ရေးမော်ကွန်းဝင် တတိယအဆင့်၊ လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်၊ ၁၉၆၁ ခုနှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့၊ ၁၉၈၅ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်တို့ ရရှိခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် ၉၄၊ ဗဟိုလမ်း၊ ၃ရပ်ကွက်၊ တောင် ဥက္ကလာပ၊ ရန်ကုန်မြို့။



# ဆရာကြီး ဦးသောင်းနိုင်
# (သမားတော်ကြီး ဦးသောင်းနိုင်)

သမားတော်ကြီး ဦးသောင်းနိုင်ကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၊ ဆားတောင်တိုက်နယ်၊ ထန်းဖူးတောကျေးရွာနေ ဘုရားဒါယကာကြီး ဦးကျော်၊ ဘုရားဒယိကာမကြီး ဒေါ်သန်းတို့က ၁၉၂၆ ခု၊ တပေါင်းလဆန်း ၁၂ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ မွေးချင်း လေးယောက်တို့တွင် ဒုတိယမြောက်သားရတနာဖြစ်သည်။

မန္တလေးမြို့၊ မိုးကောင်းတိုက်သာသနာလင်္ကာရကျောင်း စာချဘုန်းတော်ကြီးအဖြစ် ဆောင်ရွက်သည်။

၁၃၂၃ ခု၊ နယုန်လတွင် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ပါဠိတ္တသိုလ်ကျောင်းတိုက်တွင် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဝိမလ၊ အဘိဓဇ မဟာရဋ္ဌဂုရု စသောဆရာတော်များ၊ ၁၃၂၄ ခုနှစ် တွင် မော်လမြိုင်မြို့၊ စိန်မမပါဠိတက္ကသိုလ် ဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု) ပခုက္ကူမြို့ အလယ်တိုက် ကြီး ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု) မန္တလေးမြို့ မိုးကောင်းတိုက် ဒေးဝန်းဆရာတော် ဘဒ္ဒန္တ ဇောတိ



## ဆရာကြီး ဦးစိန်ထွန်း
## (သတင်းစာဆရာ၊ စာရေးဆရာ ဦးစိန်ထွန်းအောင်)

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၌ (၁၀-၄-၁၉၃၄) ရက်နေ့တွင် မိဘများဖြစ်ကြသည့် ဦးဖေ + ဒေါ်စောခင်တို့က မွေးဖွားခဲ့သည်။

ဥက္ကံမြို့၌ ငယ်ရွယ်စဉ်မှ အသက် (၁၆) နှစ် (၇-တန်းအောင်) အထိပညာသင်ကြားခဲ့သည်။ ထို့နောက် တိုက်ကြီးမြို့အစိုးရအထက်တန်းကျောင်း၌ ကျောင်းထွက်လက်မှတ်နှင့် တက္ကသိုလ်ဝင်စာမေးပွဲ (၈-တန်း နှင့် ၉-တန်းအောင်) အောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ထို့နောက် ၁၉၅၂-၅၃ ခုနှစ် ပညာသင်နှစ်မှစ၍ ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ယူခဲ့ရာ (မြန်မာဝေါဟာရနှင့် အနုစာပေ၊ ဗုဒ္ဓကျမ်းစာ၊ သမိုင်း၊ အင်္ဂလိပ် ဘာသာရပ်တို့ဖြင့်) ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ သတင်းစာပညာ ဒီပလိုမာသင်တန်း (၁၉၅၈)၊ ပညာရေးဒီပလိုမာသင်တန်း (၁၉၆၃)၊ အခြေခံနိုင်ငံရေးသင်တန်း အမှတ်စဉ် -၉ (၁၉၆၆)၊ အလုပ်သမားကောင်စီ၊ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် -၈ (၁၉၆၈) စသည့်သင်တန်းများ တက်ရောက်ဆည်းပူးခဲ့သည်။

ဒု-ဥက္ကဋ္ဌ (တိုက်ကြီး အ. ထ. က ကျောင်းသားများသမဂ္ဂ)၊ စည်းရုံးရေးမှူး (ရန်ကုန်တက္ကသိုလ် အင်းစိန်ခရိုင် ကျောင်းသားများအသင်း)၊ အတွင်းရေးမှူး (ရန်ကုန်တက္ကသိုလ် ဗုဒ္ဓကျမ်းစာအသင်း)၊ ဥက္ကဋ္ဌ (လူငယ်တပ်ဦး (ဗမာနိုင်ငံ) အင်းစိန်ခရိုင်)၊ သဘာပတိ (ရန်ကုန်မြို့တော်၊ အမှတ် (၇) နယ်မြေ ဝါဏိဇ္ဇပဋိပက္ခ ခုံရုံး၊ အမှုဆောင် (တောင်ဥက္ကလာပမြို့နယ် စာပေလုပ်သားအဖွဲ့))၊ ဒု-ဥက္ကဋ္ဌ (တိုက်ကြီးမြို့နယ်စာရေးဆရာအသင်း (ရန်ကုန်))၊ ဥက္ကဋ္ဌ (ဥက္ကံမြို့မလူမှုရေးအသင်း (ရန်ကုန်))၊ နာယက (တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက်၊ သာသနဝှဟိတဓမ္မာရုံ) အစရှိသည့် အသင်းအဖွဲ့တာဝန်များ ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်သည်။

၁၉၅၆ ခုနှစ် တက္ကသိုလ်ပညာရေးသင်ယူမှုအပြီးတွင် နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်၌ အထက်တန်းစာရေးအဖြစ် တစ်နှစ်ခန့်လုပ်ကိုင်ခဲ့သည်။ အထောက်တော်သတင်းစာ စတင်ထုတ်ဝေပြီး နှစ်လခန့်အကြာ ၁၉၅၇ ခုနှစ်၊ ဧပြီလတွင် အထောက်တော်သတင်းစာတွဲဖက်အယ်ဒီတာအဖြစ် ခန့်ထားခြင်းခံရချိန်မှစ၍ စာပေစာနယ်ဇင်းနယ်ပယ်၌ ခြေချခဲ့သည်။ ၁၉၅၇ ခုနှစ်မှ ၁၉၆၄ ခုနှစ်အတွင်း အထောက်တော်၊ ပြည်ကျော်၊ နိုင်ငံသစ်သတင်းစာများ၌ တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ထို့နောက် သတင်းစာထုတ်ဝေမှုလုပ်ငန်းများ၊ မတည်မငြိမ်ဖြစ်နေချိန် ၁၉၆၄ - ၁၉၆၅ ခုနှစ်တွင် အလွတ်ပညာသင်ကျောင်း အထက်တန်းဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။

ယင်းနောက် ပြည်သူ့ပိုင်အသွင် ကူးပြောင်းလာသည့် ကြေးမုံသတင်းစာတွင် ၁၉၆၆ ခုနှစ်မှစ၍ ၁၉၉၂ ခုနှစ်အငြိမ်းစားယူသည်အထိ (၂၆) နှစ်ကြာ အယ်ဒီတာ (စာတည်းတာဝန်ခံ)

အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အငြိမ်းစာမယူမီ နောက်ဆုံး (၃) နှစ်ကာလအတွင်း မူရင်းတာဝန်အပြင် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ၏ နိုင်ငံခြားသတင်း ဘာသာပြန်တာဝန်ခံ အယ်ဒီတာအဖြစ်လည်းကောင်း၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း) အမှုဆောင် အယ်ဒီတာအဖြစ်လည်းကောင်း တွဲဖက်တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

သတင်းစာတိုက်အသီးသီးတွင် တာဝန်ယူဆောင်ရွက်ခဲ့သည့် နှစ်ပေါင်း (၃၀) ကျော် ကာလအတွင်း သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါး၊ ခရီးသွားဆောင်းပါး၊ ဝတ္ထု၊ ကဗျာ စသည်တို့ကို စာနယ်ဇင်းများတွင် ကလောင်အမည် အထောက်တော် စိန်ထွန်းအောင်၊ မောင်ညာဏ်ရှိန်၊ လင်းရောင်ဟူသော ကလောင်ခွဲများဖြင့် ပြုစုရေးသားဖော်ပြခဲ့သည်။ တာဝန်ခံအယ်ဒီတာ တာဝန်အရ သတင်းစာခေါင်းကြီး (အယ်ဒီတာ့အာဘော်)များ ရေးသားဖော်ပြခဲ့သည်မှာလည်း မရေမတွက်နိုင်အောင် ရှိခဲ့သည်။

လက်ရှိအနေအထားတွင် ဌာနဆိုင်ရာ သတင်းစာပညာ သင်တန်းများ၌ တာဝန်ကျရာ ဘာသာရပ်များ ပါဝင်ပို့ချသင်ကြားပေးခြင်း၊ ဂျာနယ်၊ မဂ္ဂဇင်းအချို့၌ ဘာသာရေး၊ လူမှုရေးဆောင်းပါးများ ရေးသားခြင်းကို ပြုလုပ်လျက်ရှိပါသည်။

ဗုဒ္ဓဓမ္မ သမထ၊ ဝိပဿနာရှုပွားခြင်း၊ တိုင်းရင်းဆေးပညာ လေ့လာဆည်းပူးခြင်း၊ ကုသခြင်းများ ပြုလုပ်လျက်ရှိသည်။ (တိုင်းရင်းဆေးပညာ လေးဘာသာအောင် မှတ်ပုံတင်အသိအမှတ်ပြု ဆေးဆရာတစ်ဦးလည်း ဖြစ်ပါသည်။)

**နေရပ်လိပ်စာ -** အမှတ် (၁၆၇)၊ ရာဇသင်္ကြန် (၄) လမ်း၊ (၁၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။



ဆရာကြီး ဦးညွန့်ဝေ (မင်းသုရိန်)

၁၂၉၁ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက် (၂၁-၁၁-၁၉၂၉)နေ့တွင် အဖ ဦးဘမြိုင်၊ အမိ ဒေါ်သိန်းသိန်းတို့မှ စစ်ကိုင်းမြို့တွင် မွေးဖွားခဲ့သည်။

စစ်ကိုင်းမြို့ ABM ဟိုက်စကူးကျောင်း၊ မန္တလေးမြို့ ဝက်စလီအထက်တန်းကျောင်း၊ ပျဉ်းမနားမြို့ KEM အစိုးရ အထက်တန်းကျောင်း၊ မန္တလေးမြို့ အထက (၁)ကျောင်းများတွင် ပညာသင်ကြားခဲ့ပြီး ၁၉၄၈ခုနှစ်တွင် အထက (၁)မန္တလေးမှ ကျောင်းထွက်လက်မှတ်ရအောင်ခဲ့သည်။

အထက (၁)မန္တလေးတွင် အလယ်တန်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၅၈ခုနှစ်အထိ မြန်မာနိုင်ငံ အကျဉ်းဌာနထောင်မှူးအဖြစ် အင်းစိန်ထောင်နှင့် မန္တလေးထောင်တို့တွင် အမှုထမ်းခဲ့သည်။ ထို့နောက် ပြည်သူ့ရဲဌာနချုပ် မှုခင်းမဂ္ဂဇင်းတွဲဖက်အယ်ဒီတာ (၁၉၆၂ခုနှစ်)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လုပ်သား ပြည်သူ့နေ့စဉ် သတင်းစာလက်ထောက် အယ်ဒီတာ (၁၉၆၃ခုနှစ်) ပြန်ကြားရေးဌာန၊ ကျမ်းပြုအရာရှိ ရွှေသို့အယ်ဒီတာ၊ တို့ကျောင်း

သားအယ်ဒီတာ (၁၉၆၄ခုနှစ်)လမ်းစဉ်သတင်းစာဂျာနယ်၊ တောင်သူ လယ်သမားဂျာနယ်၊ အယ်ဒီတာ (၁၉၇၀ခုနှစ်) စသည် ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၇ခုနှစ်တွင် ကလေးဂျာနယ်၌ 'စစ်ဒဏ်' ဝတ္ထုဖြင့် ပထမဆု ရခဲ့သည်။

၁၉၆၄ခုနှစ်၊ 'ဘဝကြေးမုံ' စာအုပ်ဖြင့် အမျိုးသားစာပေဆု အနုပညာစာပေဆု ရရှိခဲ့သည်။

ဝတ္ထုနှင့်ဆောင်းပါးအပုဒ် (၄၀၀)ခန့်နှင့် လုံးချင်းစာအုပ် (၁၁)အုပ် ရေးသားထုတ်ဝေခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် ၁၀၃/၁ နံ့သာဖြူလမ်း၊ ၁၄/၃ ရပ်ကွက် (မြင်သာ)၊ တောင်ဥက္ကလာပ၊ **ဖုန်း - ၅၇၂၅၅၄**



## ဆရာကြီး ဦးစိန်မောင် (မောင်ပမာစိန်မောင်)

အဖ ဦးဘိုးသော်၊ အမိ ဒေါ်ဖြူသွယ်တို့မှ မြန်မာသက္ကရာဇ် ၁၂၉၁ခုနှစ်၊ နတ်တော်လဆန်း ၁၄ရက်၊ စနေနေ့ (၁၄-၁၂-၁၉၂၉) တွင် ဖွားမြင်သည်။

မွေးရာဇာတိမှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသ ဟင်္သာတ အပိုင် မဲဇလီကုန်းမြို့၊ ကွန်းပင်ဆိပ်ကျေးရွာတွင် မွေးဖွားပါသည်။ မွေးချင်း (၃)ဦးအနက် အငယ်ဆုံးသားဖြစ်သည်။ ၁၉၄၉ ခုနှစ်တွင် (၇)တန်းမှ ကျောင်းထွက်ပြီး UMP ပြည်ထောင်စုစစ်ရဲတပ်ရင်း (၁၆) သို့ဝင်ရောက်အမှုထမ်းခဲ့သည်။ ၁၉၅၀ပြည့်နှစ်တွင် UMP စစ်ရဲ စစ်တပ်များကို ဖျက်သိမ်း၍ ခြေလျင်တပ်ရင်းများ ပြန်လည်ဖွဲ့စည်း သောအခါတွင် ခြေလျင်တပ်ရင်း (၅)သို့ ပြောင်းရွှေ့အမှုထမ်း ခဲ့သည်။

**နေရပ်လိပ်စာ -**



## မောင်ပေါ်ထွန်း

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ရေမျက်ဝရွာတွင် အဘ ဦးမောင်ပု၊ အမိ ဒေါ်အေးသာတို့က ၁၉၃၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးခင်မောင်စိုး ဖြစ်သည်။

မူလတန်းပညာကို ဇာတိရပ်ရွာ၊ ဘုန်းတော်ကြီးကျောင်းနှင့် အစိုးရမူလတန်းကျောင်းများတွင် သင်ယူခဲ့သည်။ ၁၅ နှစ်သားတွင် ရန်ကုန်မြို့သို့ရောက်လာခဲ့ပြီး အလွတ်ပညာသင်ကျောင်းတက်ခဲ့သည်။ ၁၉၅၅ တွင် စာပေဗိမာန်၌ လက်ရေးတိုလက်နှိပ်စက် စာရေးအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၇၃ တွင် ဝိဇ္ဇာ (သမိုင်း) ဘွဲ့ ရခဲ့သည်။ ၁၉၇၉ တွင် စာပေဗိမာန်စာအုပ်အသင်းကြီးကြပ်ရေးမှူး အဖြစ်မှ အငြိမ်းစားယူခဲ့သည်။

ငွေတာရီ မဂ္ဂဇင်းတွင် စာအုပ်လောက ကဏ္ဍကို ၁၉၆၇ ခုနှစ်မှစ၍ ခြောက်နှစ်နီးပါး ဆက်တိုက်ရေးသားခဲ့သည်။ စာအုပ်လောက စာစောင်၊ ပန်မဂ္ဂဇင်း၊ ချယ်ရီမဂ္ဂဇင်း၊ မြန်မာ့ဓနစီးပွား

ရေးမဂ္ဂဇင်းတို့တွင် အယ်ဒီတာ၊ အယ်ဒီတာချုပ်နှင့် အတိုင်ပင်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

လုံးချင်းဘာသာပြန်စာအုပ်အဖြစ် နိုင်းမြစ်ဝှမ်းမှ တော်လှန်ရေး (စာပေဗိမာန်၊ ၁၉၇၄) ကို ထုတ်ဝေခဲ့ပြီး ဘာသာပြန်စာအုပ်များကို အစဉ်တစိုက် ပြန်ဆိုထုတ်ဝေခဲ့ရာ ယနေ့အထိ စုစုပေါင်း ဝတ္ထု ၂၈ အုပ်၊ နိုင်ငံရေး ၄ အုပ်၊ အတ္ထုပ္ပတ္တိ ၃ အုပ်၊ စီးပွားရေးလုပ်ငန်းနှင့် ရောင်းဝယ်ရေး ၁၄ အုပ်၊ ကြီးပွားတိုးတက်ရေးနှင့် အထွေထွေ ၂၆ အုပ်၊ အင်္ဂလိပ်သဒ္ဒါ ၃ အုပ် ပြန်ဆို ထုတ်ဝေခဲ့သည်။ ယင်းတို့အနက် ကန္တာရစမ်းရေအိုင် (Annie by Thomas Meeham) ဝတ္ထုဖြင့် ၁၉၉၇ အမျိုးသားစာပေဆု (ဘာသာပြန်ရသ) ကိုလည်းကောင်း၊ ကံကြမ္မာအကျဉ်းသား (Mera Naam Joker by K.A.Abbas) ဝတ္ထုဖြင့် ၂၀၀၆ အမျိုးသားစာပေဆု (ဘာသာပြန်ရသ) ကိုလည်းကောင်း ရရှိခဲ့သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း (တောင်ဥက္ကလာပမြို့နယ်) အသင်းဝင် (၃၀၈၈) ဖြစ်ပြီး အမျိုးသားစာပေစိစစ်ရွေးချယ်ရေးကော်မတီဝင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

တောင်ဥက္ကလာပမြို့နယ်၊ ၁၀ ရပ်ကွက်၊ ဇေယျာလမ်းသွယ် (၈) လမ်း၊ အိမ်အမှတ် ၃၄၉ တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိသည်။



မင်းဗေမြင့် (မုံ)

မွန်ပြည်နယ်၊ ကျိုက္ကမိရောမြို့နယ်၊ ကျုံမနင်းကျေးရွာ၌ ၁၉၃၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ ယင်းကျေးရွာရှိ မူလတန်းကျောင်းတွင် မူလတန်းပညာကို သင်ကြားခဲ့ပြီးနောက် အလယ်တန်းပညာကို မော်လမြိုင်မြို့ အမှတ် (၁)၊ အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းပညာကို မော်လမြိုင်မြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းများတွင် ပညာသင်ကြားခဲ့ရာ ၁၉၅၃ ခုနှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။

၁၉၅၃ ခုနှစ်တွင် မော်လမြိုင်မြို့ ဥပစာကောလိပ်ကျောင်း၌ ဥပစာတန်းသိပ္ပံကို သင်ကြားခဲ့ပြီးနောက် (ရန်ကုန်တက္ကသိုလ်သို့) ပြောင်းရွှေ့ဆက်လက်သင်ကြားခဲ့ရာ ဝိဇ္ဇာသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၊ ကြေးတိုင်နှင့်မြေစာရင်း ဝန်ထမ်း၊ အကြီးတန်းအလုပ်သင် လယ်ဝန်အဖြစ်ဖြင့် နိုင်ငံတော်မှ ခန့်အပ်ခြင်းခံခဲ့ရသည်။

၁၉၆၃ ခုနှစ်မှစ၍ ခရိုင်လယ်ဝန်အဖြစ် မော်လိုက်ခရိုင်၊ သထုံခရိုင်၊ မော်လမြိုင်ခရိုင်တို့တွင် ခန့်အပ်ခြင်းခံရပြီးနောက် ၁၉၇၂ ခုနှစ် အုပ်ချုပ်ရေးစနစ်သစ်ဖွဲ့စည်းပုံအရ ပြည်နယ်/တိုင်း အဆင့်များ တိုးချဲ့ဖွဲ့စည်းလိုက်သဖြင့် ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ပြည်နယ်မြေစာရင်းဦးစီးဌာနမှူးအဖြစ် တာဝန်ယူ အမှုထမ်းဆောင်ခဲ့ရသည်။

၁၉၉၁ ခုနှစ်တွင် ရန်ကုန်မြို့ ကြေးတိုင်နှင့်မြေစာရင်းဦးစီး ဌာနရုံးချုပ်သို့ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ရာထူးတိုးမြှင့် ခန့်ထား ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရသည်။

၁၉၉၄ ခုနှစ်တွင် ရှမ်းပြည်နယ်၌ ဒုတိယညွှန်ကြားရေးမှူး နေရာ လစ်လပ်ပေါ်ပေါက်လာသည့်အတွက် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့သို့ ပြောင်းရွှေ့အမှုထမ်းဆောင်ခဲ့ရာမှ ၁၉၉၅ ခုနှစ် တွင် သက်ပြည့်အငြိမ်းစားယူခဲ့ရသည်။

ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့ပြီးနောက် -

(၁) ဗုဒ္ဓဝင်အကျဉ်း (The Narrative of Lord Buddha in Brief) (မြန်မာ - အင်္ဂလိပ်)
(၂) မြန်မာ့ယဉ်ကျေးမှုနှင့် ပေါင်းသင်းဆက်ဆံနည်း (Myanmar Civilization and Social way) (မြန်မာ - အင်္ဂလိပ်)
(၃) အချိန်၏တန်ဖိုး
(၄) ဘုရားဝတ်ပြုခြင်းနှင့် ကြည်ညိုဖွယ်ကောင်းသော ဝတ်ရွတ်စဉ်များ (The Devotional Services and Recitation of the Holy doctrines) (မြန်မာ - အင်္ဂလိပ်)

(၅) မိဘတို့၏ ဂုဏ်ကျေးဇူး
(၆) မွန်ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံ။

လုံးချင်းစာအုပ်များကို ထုတ်ဝေခဲ့ပြီးနောက် ဓမ္မဝီရ ဂျာနယ်မဂ္ဂဇင်း၊ လပြည့်ဝန်းမဂ္ဂဇင်း၊ ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းနှင့် ရောင်ပြန်မဂ္ဂဇင်းတိုက်အသီးသီးတို့တွင် ဘာသာရေး ဆောင်းပါး မြောက်မြားစွာကို ယနေ့အထိ ရေးသားပြုစုပေးပို့ နေလျက်ရှိ သည်။

နေရပ်လိပ်စာ - အမှတ် ၁၃၅ (ခ)၊ အနော်မာလမ်း၊
၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့။



## ဦးတင်ရီ
## (စိန်သွေး)

အဖ ဦးကျော်စိန်၊ အမိ ဒေါ်မြတင်တို့က ၁၉၃၁ ခုနှစ်တွင် မကွေးခရိုင်/တောင်တွင်းကြီးမြို့၌ မွေးဖွားခဲ့သည်။ စစ်ကြိုခေတ်တွင် တောင်တွင်းကြီး အစိုးရအထက်တန်းကျောင်း၌ စတင်ပညာသင်ကြားခဲ့ပြီး စစ်ပြီးလွတ်လပ်ရေးခေတ်၌ တောင်တွင်းကြီးမြို့၊ ရန်ကုန်မြို့နှင့် ပခုက္ကူမြို့တို့တွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်။

စစ်ကြိုခေတ် ငယ်စဉ်ကပင် ဂီတကို ဝါသနာပါခဲ့သည်။ ဂျပန်ခေတ်နှင့် စစ်ပြီးခေတ်၌ အစ်ကိုဖြစ်သူနှင့် သူ၏ဂီတမိတ်ဆွေ အပေါင်းအသင်းတို့စုစည်း၍ အပျော်တမ်းတီးမှုတ်ကြသည်ကို နားယဉ်ခဲ့ပြီး ကိုယ်တိုင်လေ့ကျင့်ခဲ့ရာ ဘင်ဂျို၊ ဂီတာ၊ မယ်ဒလင်နှင့် တယော စသည့် ကြိုးတပ်တူရိယာများကို အတော်အသင့် တီးမိ

ခေါက်မိရှိခဲ့သည်။ နောင်တွင် ဂီတာကို နိုင်နင်းစွာတီးခတ်နိုင်ပြီး တယောကို ဂီတမိတ်ဆွေများနှင့် အတော်အသင့် တွဲဖက်တီးနိုင်ခဲ့သည်။

၁၉၅၅ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ပြည်ထောင်စုစစ်ရဲတပ်တွင် တပ်စုမှူး (ဒု-ဗိုလ်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ မော်လမြိုင်မြို့ စစ်ရဲတပ်ရင်း (၅) ၌ရှိစဉ် ကော့ကရိတ်နှင့် ဖာပွန်မြို့များတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ စစ်ရဲတပ်ရင်း (၅) မြိတ်မြို့သို့ ပြောင်းရွှေ့သည့်အခါ ဘုတ်ပြင်းမြို့၌ တာဝန်ထမ်းဆောင်ခဲ့သည်။ စစ်ရဲတပ်၌ရှိစဉ် မန္တလေးမြို့ ပြည်ထောင်စု စစ်ရဲလေ့ကျင့်ရေးကျောင်းတွင် တပ်မှူးငယ်သင်တန်းနှင့် ယခုမလေးရှားနိုင်ငံ ကွာလာလန်ပိုမြို့ရှိ စစ်ရဲသင်တန်းကျောင်းတွင် (Jungle Warfare Course) တောတွင်းတိုက်ပွဲသင်တန်းများ တက်ရောက်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် တောင်ပိုင်းစစ်ရဲဌာနချုပ်သို့ ပြောင်းရွှေ့ထမ်းဆောင်ခဲ့ပြီး ၁၉၅၉ ခုနှစ် ဒီဇင်ဘာလတွင် စစ်ရဲတပ်ဖွဲ့မှ နုတ်ထွက်ခဲ့သည်။

၁၉၆၀-၆၁ ခုနှစ်တွင် တောင်ဥက္ကလာပမြို့၌ ကိုယ်ပိုင်အလွတ်သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်သင်ကြားခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးအစိုးရလက်ထက်၌ တောင်ဥက္ကလာ လူငယ်ရေးရာညကျောင်းတွင် ပါဝင်သင်ကြားခဲ့သည်။

၁၉၆၉ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ် ပညာရေးရာဌာနကြီးတွင် စာပြု စာပြုတာဝန်ခံအဖြစ် တာဝန်

ထမ်းဆောင်ခဲ့ပြီး ပြည်သူ့ပါတီအဖြစ် ပေါ်ပေါက်ခဲ့ရာ ပညာရေးရာဌာနကြီးမှ ပညာပေးရေးဌာန၊ သုတေသနဌာန၊ စာနယ်ဇင်းဌာနကြီးများ ခွဲခြားဖွဲ့စည်းခဲ့ရာ သုတေသနဌာနတွင် လက်ထောက်အထက်တန်းသုတေသနအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ပညာပေးရေးဌာနတွင် စာပြုအဖြစ် တာဝန်ထမ်းဆောင်စဉ် လစဉ်ထုတ် "ပါတီရေးရာ" စာစောင်တွင် လူထုရေးရာကဏ္ဍမှ လူထုရေးရာကော်မီတီဝင် ဗိုလ်မှူးရဲထွတ်၏ လမ်းညွှန်မှုကို ခံယူ၍ လစဉ်ဆောင်းပါးများ ရေးသားခဲ့ပါသည်။

၁၉၈၂-၈၃ ခုနှစ်တွင် တောင်ဥက္ကလာပမြို့နယ် ပါတီယူနစ် မျက်နှာစုံညီအစည်းအဝေးမှ ပါတီယူနစ် အရန်ကော်မီတီဝင်အဖြစ် အရွေးခံရပြီး ၁၉၈၄-၈၅ ခုနှစ်တွင် အချိန်ပြည့်ကော်မီတီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ပါတီဌာနချုပ်တွင်ရှိစဉ်က အခြေခံနိုင်ငံရေးသင်တန်းနှင့် ပါတီယူနစ်ကော်မီတီဝင်အဖြစ် စည်းရုံးရေးမွမ်းမံသင်တန်း တက်ရောက်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်ခန့်က ဗိုလ်တထောင်သတင်းစာတွင် ဖော်ပြပါရှိသော "ခေတ်ဟောင်းတေးနှင့် မျက်မှောက်ခေတ်အဆိုတော်" ဆောင်းပါးဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။

ငွေတာရီနှင့် မြဝတီမဂ္ဂဇင်းတို့တွင် ဆောင်းပါးများ ဆက်လက်ရေးသားခဲ့ပြီး ၁၉၇၈ ခုနှစ်မှစ၍ သပြေတေးမဂ္ဂဇင်း၌ "ခေတ်ဟောင်းတေးဟု ဆိုရာဝယ်" ပင်တိုင်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ငွေတာရီမဂ္ဂဇင်း၌ "ခေတ်ဟောင်းတေးလောကမှ ဤသုံးဦး" ပင်တိုင်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "ခေတ်မြန်မာ"

ဂျာနယ်တွင် "မထင်မရှားဆုံးပါသွားသော ထင်ရှားကျော်ကြားသူများ" ပင်တိုင်ခေါင်းစဉ်ဖြင့်လည်းကောင်း ဆောင်းပါးများ ရေးခဲ့သည်။ ထို့ပြင် ဂီတရေးရာဆောင်ပါးများ၊ ယဉ်ကျေးမှုနှင့် စာပေရေးရာဆောင်းပါးများကို ခေတ်ပြိုင်မဂ္ဂဇင်းများဖြစ်ကြသော စစ်ပြန်သဘင်၊ ဂီတပဒေသာ၊ ရုပ်ရှင်၊ လုံမလေး၊ ချယ်ရီနှင့် စန္ဒာ မဂ္ဂဇင်းတို့တွင် ရေးသားခဲ့သည်။ မောင်လူထွန်း၊ သန်းညိန်းကျော် ကလောင်အမည်ခွဲများဖြင့် နိုင်ငံတကာရေးရာ ဆောင်းပါးများ ရေးခဲ့သည်။

ချယ်ရီမဂ္ဂဇင်းတွင် "စာပေနယ်ပယ်မှ ဂီတဝါသနာရှင်များ" ပင်တိုင်ခေါင်းစဉ်ဖြင့် ရေးသားခဲ့သော ဆောင်းပါးများကို ယခုအခါ ခေတ်ရန့်မဂ္ဂဇင်းတွင် ဆက်လက်ရေးသားလျက်ရှိသည်။

ထွန်းဖောင်ဒေးရှင်းစာပေကော်မတီ၏ ပဉ္စမအကြိမ် (၂၀၁၀) စာပေဆုတွင် "ခေတ်ဟောင်းတေးနှင့် အောက်မေ့ဖွယ်" စာမူကို (စာပဒေသာစာမူဆု) အဖြစ် ရွေးချယ်ဂုဏ်ပြုခံခဲ့ရသည်။ ယင်းစာမူကို နန်းဒေဝီစာပေတိုက်မှ ၂၀၁၃ ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

**နေရပ်လိပ်စာ** - တောင်ဥက္ကလာ



## ဆရာကြီး ဦးခင်မောင်သန်း (ရွှေ့ဆောင်စာတည်းချုပ်)

ဆရာ ဦးခင်မောင်သန်း (ရွှေ့ဆောင်) ကို ကျုံပျော်မြို့နယ်၊ အင်းမကျေးရွာ၌ အဖ ဦးပန်းနွယ်၊ အမိ ဒေါ်ငွေမြင့်တို့က ၅-၁၀-၁၉၃၇ ခုနှစ်တွင် မွေးဖွားသည်။


မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ အဖွဲ့ဝင်အမှတ် (၀၁၄၁) ဖြစ်သည်။ တောင်ဥက္ကလာပမြို့နယ် စာပေစာနယ်ဇင်းအဖွဲ့ စတင်ဖွဲ့စည်း သည့် (၁၉၉၃) ခုနှစ်မှစတင်၍ ဘဏ္ဍာရေးမှူးတာဝန်ကို (၂၀၀၁) ခုနှစ်အထိ (၈) နှစ်တိတိ ထမ်းဆောင်ခဲ့သည်။ ယခု နာယကအဖွဲ့ ဝင်တစ်ဦးဖြစ်သည်။

ကျောင်းဆရာအလုပ်ကို ၁၉၅၈ ခုနှစ်မှစ၍ လုပ်ကိုင်ခဲ့ပြီး ၁၉၆၅ ခုနှစ်မှ ဆရာကြီး Dr. မောင်မောင်ပြေနှင့် တွဲဖက်၍ စာရေးဆရာ၊ စာပေထုတ်ဝေဖြန့်ချိသည့် အလုပ်ကို လုပ်ကိုင်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ဆရာကြီး Dr. မောင်မောင်ပြေ အင်္ဂလိပ်စာ သင်တန်းမှ (အင်္ဂလိပ်စာ၊ ဘာသာပြန် အထူးဆု) ကို ရရှိခဲ့သည်။

စာရေးသက် နှစ် (၅၀) အတွင်း စာအုပ် (၄၀) ကျော် ရေးသားထုတ်ဝေခဲ့သည်။ ရေးသားခဲ့သော စာအုပ်များမှာ အင်္ဂလိပ်သဒ္ဒါများ၊ အင်္ဂလိပ် စကားပြောများ၊ အက်ဆေး၊ လက်တာ၊ ဟိုတယ်စကားပြော၊ ဗဟု သုတဒိုင်ယာရီများ၊ လုပ်ငန်းခွင် ဗဟုသုတဘဏ်နှင့် ကမ္ဘာ့နိုင်ငံများ အဘိဓာန်၊ နိုင်ငံတကာ အရေးကြီးသော အသင်းအဖွဲ့များ (UN) ဆိုင်ရာ ဆောင်းပါးများ၊ (English Digest) အင်္ဂလိပ်စာပဒေသာ အလယ်၊ အထက်တန်း၊ သချ်ာစာအုပ်များ စသည်ဖြင့် ရေးသားခဲ့သည်။

*

နေရပ်လိပ်စာ - ၆၃/၁ လမ်း၊ (၁၁) ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်။



**ဆရာကြီး ဦးစောလွင်**
**ရွှေဘိုစောလွင်**

အဖ ဦးဘတုတ်၊ အမိ ဒေါ်အေးရင်တို့က (၁၅-၃-၁၉၃၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၁၉၅၈ ခုနှစ်၊ ဇွန်လထုတ် "အနော်ရထာ" မဂ္ဂဇင်းတွင် "စာပေ၏ သရုပ်အမှန်' စာမူဖြင့် စာပေလောကသို့ စတင်ဝင် ရောက်ခဲ့သည်။ ပထမဦးဆုံး ဝတ္ထုစာမူမှာ ၁၉၅၉ ခုနှစ် "မဟာ မိတ်မဂ္ဂဇင်း" တွင် ဖော်ပြခဲ့သော "လူ့ဘဝ တိုက်ပွဲဝယ်" ဝတ္ထုစာမူ ဖြစ်သည်။

၁၉၈၄ ခုနှစ်မှစ၍ တောင်ဥက္ကလာပမြို့နယ်၊ စာပေလုပ်သားအဖွဲ့တွင် အတွင်းရေးမှူးအဖြစ် (၄) နှစ် သက်တမ်းပြည့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်း (၄) နှစ်တာသက်တမ်းတွင် (၂၅) နှစ်ပြည့်ငွေရတုမဂ္ဂဇင်းကို ထုတ်ဝေရာ၌ တောင်ဥက္ကလာပမြို့နယ် စာပေလုပ်သားအဖွဲ့နှင့်အတူ ပါဝင်လုပ်ကိုင်ခဲ့သည်။

မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ (ဗဟို) မှ ကြီးမှူးကျင်းပခဲ့သော စာပေညီလာခံများတွင် တက်ရောက်ခဲ့ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်

ဝေသော မြို့တော်ရန်ကုန် (မြို့တော်မဂ္ဂဇင်း) စတင်ထုတ်ဝေရာ၌ အမှုဆောင်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ဓမ္မရံသီ၊ ဓမ္မရတနာ ဘာသာရေးမဂ္ဂဇင်းများတွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ်၊ မဂ္ဂဇင်းအမှုဆောင်အဖြစ် (၄) နှစ်ခန့်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါတွင် အနန္တဂုဏ်ရည် ဘာသာရေးမဂ္ဂဇင်းတွင် စာတည်းမှူးချုပ်တာဝန် ထမ်းဆောင်လျှက်ရှိပါသည်။

မြဝတီ၊ ငွေတာရီ၊ သွေးသောက်၊ စစ်ပြန်၊ လျှို့ဝှက်ဆန်းကြယ်၊ နွယ်နီ၊ ဓမ္မရံသီ၊ ဓမ္မရတနာ၊ အနန္တဂုဏ်ရည်စသော မဂ္ဂဇင်းများ၌ ဝတ္ထုတို၊ ဝတ္ထုရှည်ကြီးများကို ရေးသားခဲ့သည်။ အိုးဝေ၊ ဗိုလ်တထောင်၊ လုပ်သားပြည်သူနေ့စဉ်သတင်းစာများ၌ စာပေဆောင်းပါးများ ရေးသားခဲ့သည်။

စတုဘုမ္မိက ငှက်တွင်းဆရာတော်ဘုရား ထေရုပတ္တိ စာအုပ်၊ မဟာဗောဓိဆရာတော်စာအုပ်၊ ကြို့ရပ်သာ ဆရာတော်စာအုပ် စသည်တို့အပြင် "မရဏခရီးကြမ်း၊ သည်မေတ္တာလမ်း" စသော သရုပ်ပြလုံးချင်းစာအုပ်များကိုလည်း ရေးသားခဲ့သည်။

ယခုအခါတွင် ပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့ဝင် ရှေးခေတ်ဆရာတော်ဘုရားကြီးများ၏ ကျောင်းရာထုပ္ပတ်များကို ရေးသားလျှက်ရှိပါသည်။ မြို့နယ်များမှထုတ်ဝေသော မဂ္ဂဇင်းများတွင်လည်း ဝတ္ထုဆောင်းများရေးသားခဲ့ပါသည်။

**နေရပ်လိပ်စာ** - အမှတ် (၄၇)၊ ၁ လမ်း၊ ၁၂ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်။



**ဆရာကြီး ဦးစောစိန်**
**ကပ္ပတိန် သာစိန်**

အဖ ဦးပု၊ အမိ ဒေါ်စံမြခိုင်တို့က ၁၂၉၉ ခု၊ တပေါင်းလဆန်း (၁၁) ရက် (၁၁-၃-၁၉၃၈) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့၌ မွေးဖွားခဲ့သည်။ သားသမီး (၆) ဦးအနက် အငယ်ဆုံးဖြစ်သည်။

၁၉၅၇ ခု၊ တက္ကသိုလ်စာမေးပွဲ (မက်ထရစ်) အောင်မြင်ခဲ့သည်။ ၁၉၅၈-၆၀ခုနှစ်တွင် ကျောက်ဖြူကောလိပ်တွင် တက်ရောက် သင်ကြားခဲ့သည်။ ၁၉၆၀-၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် B.A ဝိဇ္ဇာဘွဲ့ရအောင် သင်ကြားခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ရေတပ်ဗိုလ်လောင်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် R.L မှတ်ပုံတင်ရှေ့နေစာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဗိုလ်မှူးအဆင့်ဖြင့် တပ်မတော်မှ အငြိမ်းစားယူပြီး နိုင်ငံခြားသင်္ဘောများတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် သင်္ဘောသားမိတ်ဆက်စာအုပ်ဖြင့် စာပေနယ်သို့ ဝင်လာပြီး သင်္ဘောသားပညာပေးစာအုပ် (၁၄) အုပ်၊ ဝတ္ထုနှင့်ဆောင်း

ပါးစာအုပ်ပေါင်း(၂၀) ကျော် ရေးသားထုတ်ဝေခဲ့သည်။

၁၉၉၆ ခုနှစ်တွင် နိုင်ငံခြားသင်္ဘောများ၌ ကပ္ပတိန် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် တာဝန်ထမ်းဆောင်မှုကို ရပ်ဆိုင်းခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကျောက်တော်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံပြီး ၂၀၁၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ယခုအခါတွင် စာပေဆောင်းပါးများရေးသားရင်း အမှတ် (၂၇၈)၊ (၇) လမ်း၊ (၁၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင် ဇနီးဒေါ်လှမြသိန်း၊ သား၊ သမီးများနှင့်အတူ နေထိုင်လျက်ရှိပါသည်။



## ဆရာကြီး ဦးထွန်းတင်
## (မောင်မောင်ထွန်း)

အဖ ဦးဖြူထွန်းမောင်၊ အမိ ဒေါ်အေးနုတို့က (၁၃-၅-၁၉၃၄) ရက်နေ့တွင် မာန်အောင်မြို့နယ်၊ ဆင်နားချောင်းရွာ၌ မွေးဖွားသည်။

မူလတန်းနှင့် အလယ်တန်းပညာများကို မာန်အောင်မြို့၊ အထက်တန်းကျောင်းတွင် သင်ယူခဲ့ပြီး ရှစ်တန်းမှ ၁၀ တန်းအထိ စစ်တွေမြို့၊ အစိုးရအထက်တန်းကျောင်းတွင် သင်ယူခဲ့သည်။ High School Final စာမေးပွဲနှင့် Matriculation တက္ကသိုလ်ဝင်စာမေးပွဲကို စစ်တွေအစိုးရအထက်တန်းကျောင်းမှ ၁၉၅၁ ခုနှစ်တွင် တစ်နှစ်တည်းအောင်မြင်ခဲ့သည်။

၁၉၅၁ ခုနှစ်မှ ၁၉၅၅ အထိ ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့သည်။ ရန်ကုန်တက္ကသိုလ်ရခိုင်ကျောင်းသားများ အသင်းမှ နှစ်စဉ်ထုတ်ဝေသော ရခိုင်တန်ဆောင်မဂ္ဂဇင်းတွင်

"ဆိုဗီယက်အိမ်ထောင်ရေးလောက" အမည်ရှိဆောင်းပါးတစ်ပုဒ်ကို မာန်အောင်ထွန်းတင်ကလောင်အမည်ဖြင့် ရေးသားခဲ့ပြီး စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂမှထုတ်ဝေသော အိုးဝေမဂ္ဂဇင်းတွင်လည်း တင်မင်းကလောင်အမည်ဖြင့် စစ်၏အနိဋ္ဌာရုံများကို ဖော်ပြသော "စစ်၏အဖြေ" ဟူ၍ ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့သည်။ ထို့နောက် ၁၉၅၅ ခုနှစ်မှစ၍ မေဂျာနယ်တွင် ကဗျာများအဆက်မပြတ် ရေးသားခဲ့သည်။ ပထမဆုံးထုတ်ဝေသောစာအုပ်မှာ ဥဒါန်းစာပေမှ "သင်္ဂြိုဟ်ရွှေစင်" အမည်ရှိ လုံးချင်းဝတ္ထုဖြစ်သည်။ မြန်မာနိုင်ငံစာရေး ဆရာအသင်းဝင်အမှတ်မှာ (၉၁၂၉) ဖြစ်သည်။ ယခုအခါ တွံတေး မြို့နယ် စာရေးဆရာအသင်းတွင် နာယကအဖြစ် ဆောင်ရွက်လျက် ရှိသည်။ မှတ်မိသလောက် ထုတ်ဝေပြီးသောစာအုပ်များမှာ (၁) သင်္ဂြိုဟ်ရွှေစင် လုံးချင်းဝတ္ထု (ဥဒါန်းစာပေ)၊ (၂) ချစ်တဲ့အကြောင်း များကို (ဥဒါန်းစာပေ)၊ (၃) နေရစ်တော့ကျွန်းဧကရီ (စာပေ ပေါင်းကူး)၊ (၄) မီးလျှံညီးညီး (ဘာသာပြန်) (ယမုံနာစာပေ)၊ (၅) ကမ္ဘာကျော်မိုင် ၈၀၀၀ စစ်ခရီးကြမ်းကြီး (ဘာသာပြန်) (ချိုးဖြူ စာပေ)၊ (၆) ကမ္ဘာကျော်ပုဂ္ဂိုလ်များ အတ္ထုပ္ပတ္တိအဘိဓာန် (ဘာသာ ပြန်) ၂၀၁၃ (စိတ်ကူးချိုချိုစာပေ)၊ (၇) ကမ္ဘာ့ဂန္ထဝင်ပုံပြင်များ (ဘာသာပြန်) ၂၀၁၃ (စိတ်ကူးချိုချိုစာပေ)၊ (၈) သင့်လုပ်ငန်း အောင်မြင်ရေးစိတ်ဓာတ်ရေးရာနည်းလမ်းများ၊ (၉) ခေါမဂန္ထဝင် ပုံပြင်များ (ဘာသာပြန်) ၂၀၁၃ (စိတ်ကူးချိုချိုစာပေ)၊ (၁၀) ဖောက်သည်ဝန်ဆောင်မှုစီမံခန့်ခွဲရေး (ဘာသာပြန်) ၂၀၁၃

(စိတ်ကူးချိုချိုစာပေ)၊ (၁၁) ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်း (ဘာသာပြန်) ၂၀၁၃ (စိတ်ကူးချိုချိုစာပေ)၊ (၁၂) ဆွေးနွေးညှိနှိုင်းရန် ဘာမဆို အောင်မြင်မယ် (ဘာသာပြန်) ၂၀၁၃ (နန်းဒေဝီစာပေ)၊ (၁၃) ပထမဆုံး တီထွင်မှုများ (ဘာသာပြန်) ၂၀၁၂ (မျဉ်းပြိုင်စာပေ)၊ (၁၄) အသင်းအဖွဲ့များ၏ လျှို့ဝှက်ချက် (ဘာသာပြန်) ၂၀၁၄ (စိတ်ကူးချိုချိုစာပေ)၊ (၁၅) အိမ်မှာအလုပ်လုပ်တဲ့ခေတ် (ဘာသာပြန်) ၂၀၁၄ (စိတ်ကူးချိုချိုစာပေ) ပေါင်း (၁၅) အုပ်ရေးသား ထုတ်ဝေခဲ့သည်။

ထို့ပြင် (၁) တိုင်းရင်းမေဂျာနယ် (၂) ရုပ်ရှင် ပဒေသာ မဂ္ဂဇင်း (၃) ရုပ်ရှင်မဂ္ဂဇင်း (၄) ဂီတပဒေသာမဂ္ဂဇင်း (၅) မိုးဝေ မဂ္ဂဇင်း (၆) မြတ်လေးမဂ္ဂဇင်း (၇) နဝဒေးမဂ္ဂဇင်း (၈) ဖျူးနီညီပြာ မဂ္ဂဇင်း (၉) လူထုဂျာနယ် (၁၀) သောင်းပြောင်းထွေလာရယ်စရာ မဂ္ဂဇင်း (၁၁) နွယ်နီမဂ္ဂဇင်း (၁၂) သရဖူမဂ္ဂဇင်း (၁၃) ပန်းအလင်္ကာ မဂ္ဂဇင်း (၁၄) ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း (၁၅) Wellness မနောမယ မဂ္ဂဇင်း (၁၆) Newswatch စောင့်ကြည့်ဂျာနယ်စသည်တို့တွင်လည်း ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - ကန်သာယာ (၄) လမ်း၊ တွံတေးမြို့။

(စိတ်ကူးချိုချိုစာပေ)၊ (၁၁) ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်း (ဘာသာပြန်) ၂၀၁၃ (စိတ်ကူးချိုချိုစာပေ)၊ (၁၂) ဆွေးနွေးညှိနှိုင်းရန် ဘာမဆို အောင်မြင်မယ် (ဘာသာပြန်) ၂၀၁၃ (နန်းဒေဝီစာပေ)၊ (၁၃) ပထမဆုံး တီထွင်မှုများ (ဘာသာပြန်) ၂၀၁၂ (မျဉ်းပြိုင်စာပေ)၊ (၁၄) အသင်းအဖွဲ့များ၏ လျှို့ဝှက်ချက် (ဘာသာပြန်) ၂၀၁၄ (စိတ်ကူးချိုချိုစာပေ)၊ (၁၅) အိမ်မှာအလုပ်လုပ်တဲ့ခေတ် (ဘာသာပြန်) ၂၀၁၄ (စိတ်ကူးချိုချိုစာပေ) ပေါင်း (၁၅) အုပ်ရေးသား ထုတ်ဝေခဲ့သည်။

ထို့ပြင် (၁) တိုင်းရင်းမေဂျာနယ် (၂) ရုပ်ရှင် ပဒေသာ မဂ္ဂဇင်း (၃) ရုပ်ရှင်မဂ္ဂဇင်း (၄) ဂီတပဒေသာမဂ္ဂဇင်း (၅) မိုးဝေ မဂ္ဂဇင်း (၆) မြတ်လေးမဂ္ဂဇင်း (၇) နဝဒေးမဂ္ဂဇင်း (၈) ဖျူနီညိုပြာ မဂ္ဂဇင်း (၉) လူထုဂျာနယ် (၁၀) သောင်းပြောင်းထွေလာရယ်စရာ မဂ္ဂဇင်း (၁၁) နွယ်နီမဂ္ဂဇင်း (၁၂) သရဖူမဂ္ဂဇင်း (၁၃) ပန်းအလင်္ကာ မဂ္ဂဇင်း (၁၄) ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း (၁၅) Wellness မနောမယ မဂ္ဂဇင်း (၁၆) Newswatch စောင့်ကြည့်ဂျာနယ်စသည်တို့တွင်လည်း ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - ကန်သာယာ (၄) လမ်း၊ တွံတေးမြို့။



## ဆရာကြီး ဦးခင်မောင်သောင်း (မိုးမိုးတာရောစန်)

၁၂၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ရက် (၁၈-၁၀-၁၉၂၆)တွင် အဖဦးစိန်၊ အမိ ဒေါ်တင် (ဒေါ်သိန်းတင်)တို့မှ စစ်ကိုင်းမြို့ တကောင်းဗညားရပ်တွင် မွေးဖွားခဲ့သည်။ မွေးချင်း (၈)ယောက် အနက် စတုတ္ထသားဖြစ်သည်။

စစ်ကိုင်းမြို့ ဦးခို ၄တန်းကျောင်း၊ စစ်ကိုင်းမြို့ အေဘီအမ် အင်္ဂလိပ်မြန်မာ အလယ်တန်းကျောင်း၊ မန္တလေးမြို့ ကယ်လီ အထက်တန်းကျောင်း၊ စစ်ကိုင်းမြို့ အစိုးရအထက်တန်းကျောင်းများတွင် ပညာသင်ကြားခဲ့သည်။

၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်ခဲ့သည်။

၁၉၄၄ ခုနှစ်၊ မတ်လမှ ၁၉၄၅ခုနှစ်၊ ဇူလိုင်လအထိ ဂျပန်နိုင်ငံ ဂျပန်ဘုရင့်စစ်တက္ကသိုလ်သို့ တက်ရောက်အောင်မြင်ခဲ့ပြီး ၁၉၄၆ခုနှစ်၊ ဇန်နဝါရီလ (၇)ရက်တွင် အသစ်ဖွဲ့စည်းခဲ့သော ဗမာ့တပ်မတော်တွင် ဒုတိယဗိုလ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ နည်းဗျူဟာမှူး စသည်ဖြင့်အဆင့်

ဆင့်တိုးမြှင့်တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။

၁၉၄၉ ခုနှစ် နိုဝင်ဘာလတွင် ဒေါ်ခင်အုန်းရီနှင့် လက်ထပ်ခဲ့သည်။

၁၉၈၆ ခုနှစ်တွင် သက်ပြည့်အငြိမ်းစားယူသည်အထိ ကုန်သွယ်ရေးဝန်ကြီးဌာနတွင် အမှုထမ်းခဲ့သည်။

လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်၊ နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်၊ ဇေယျကျော်ထင်ဘွဲ့တံဆိပ်များနှင့် စစ်မှုထမ်းဟောင်း တံဆိပ်များရရှိခဲ့သည်။

၁၉၈၃ ခုနှစ်မှစ၍ စစ်ပြန်၊ သပြေ၊ မြဝတီ၊ စန္ဒာ၊ ချယ်ရီ အစရှိသော မဂ္ဂဇင်းကြီးများနှင့် အခြားဂျာနယ်၊ စာစောင်များတွင် ဆောင်းပါးပေါင်း ၂၀၀ကျော် ရေးသားခဲ့သည်။

"မုန်တိုင်းကိုမမှု အန်တုလေသော်"၊ "ပန်းခင်းသောလမ်းမဟုတ်ပါ"၊ "ရွှေနိုင်ငံ၏အောင်စစ်သည်"၊ "တစ်ခါကရွှေထီးဆောင်းခဲ့တဲ့ မြန်မာ့ပြေးခုန်ပစ်" စာအုပ် (၄)အုပ်ကို ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ်-၆၁ (က)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။



ဆရာကြီး ဦးမြင့်စိုး (သိပ္ပံစိုးမှူး/မှူးစိုး)

၁၉၃၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် ကွမ်းခြံကုန်းမြို့၌ မွေးဖွားခဲ့ပြီး၊ နိုင်ငံသားစိစစ်ရေးအမှတ်မှာ ၁၂/ဗဟန (နိုင်) ဝ၀၈၅၉ ဖြစ်ပါသည်။ ပညာအရည်အချင်းမှာ B.Sc (၁၉၅၂) ဖြစ်ပါသည်။

နိုင်ငံတော်ဝန်ထမ်းအဖြစ် တပ်မတော် (လေ)တွင် ၁၉၅၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ဗိုလ်မှူးအဆင့်ဖြင့် စက်မှုလက်မှုအရာရှိတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

၁၉၇၄-၁၉၈၁ စစ်တောင်းစက္ကူစက် စက်ရုံမှူး၊ အမှတ် (၁) စက်မှုလက်မှု ဝန်ကြီးဌာနတွင်လည်းကောင်း၊ ၁၉၈၁-၁၉၈၆ ဦးဆောင်ညွှန်ကြားရေးမှူး၊ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ အမှတ် (၁) စက်မှုလက်မှုဝန်ကြီး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် လည်းကောင်း၊ ၁၉၈၆-၁၉၉၂ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ၁၉၉၂-၁၉၉၆ အကြံပေးပုဂ္ဂိုလ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်

ကြားရေးဝန်ကြီးဌာနတွင် လည်းကောင်း၊ တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

စာပေတာဝန်များအဖြစ် ၁၉၄၈-၁၉၅၀ မှစ၍ တက္ကသိုလ်မဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း၊ သောကြာ၊ သီလဝ စသည်တို့တွင် ၁၉၅၈ ခုနှစ်အထိ သိပ္ပံဖိုးမျှအမည်ဖြင့် စာညွှန့် ဝတ္ထုတိုနှင့် သရော်စာ (Satire)များ ရေးသားခဲ့သည်။

၁၉၈၆ နောက်ပိုင်းတွင် "မျှးစိုး" ကလောင်အမည်ဖြင့် သုတပဒေသာ၊ စစ်ပြန်၊ စာရေးဆရာမဂ္ဂဇင်း၊ နိုင်ငံ့ဂုဏ်ရည်၊ ရွှေသမင်၊ ရန်နံ့သစ်၊ သွားဖက်ဆိုင်ရာ ဆေးတက္ကသိုလ် မဂ္ဂဇင်းများတွင် ရေးသားခဲ့ပါသည်။ ကြေးမုံသတင်းစာတွင် ဆောင်းပါးများ ရေးသားခဲ့သည်။

စာပေနှင့်ပတ်သက်၍ နိုင်ငံတော်အတွက် လုပ်ဆောင်ခဲ့ရာတွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးတာဝန် ထမ်းဆောင်ခဲ့စဉ်က စာပေဗိမာန်အဖွဲ့ကို အုပ်ချုပ်ခဲ့ရပါသည်။ စာပေဗိမာန်စာမူဆု၊ အမျိုးသားစာပေဆု စသည်တို့တွင် အဖွဲ့ဝင်များရွေးချယ်ပေးခြင်း၊ နောက်ဆုံးဆုများ ရွေးချယ်ရေး အစည်းအဝေးပွဲများ၌ သဘာပတိအဖြစ်ဆောင်ရွက်၍ အဆုံးအဖြတ် ပါဝင်ဆွေးနွေးခြင်း၊ ဝန်ကြီးဌာနသို့ တာဝန်ခံတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် တပ်မတော်နေ့တွင် ဝတ္ထုရှည်ပြိုင်ပွဲ၌ အကဲဖြတ်အဖွဲ့ဝင်အဖြစ် ဦးမောင်မောင်ခင်၊ ဦးမြင့်ကြွယ်၊ ဒေါ်စောမုံညင်းတို့နှင့်အတူ တောက်လျှောက်ဆောင်ရွက်ခဲ့ပါသည်။

အမျိုးသားရေးဆောင်ပုဒ်နှင့် မူးယစ်ကာကွယ်ရေးဆောင်းပါး ပြိုင်ပွဲများတွင် အကဲဖြတ်အဖွဲ့ဝင်အဖြစ် ဆရာဦးလှထွန်း၊ ဆရာ

ဦးလှကြွယ်၊ ဆရာမကြီး ဒေါ်မြင့်သန်းတို့နှင့်အတူ ဆောင်ရွက်ခဲ့ပါသည်။

စစ်ပြန်မဂ္ဂဇင်းတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၉၁ ခုနှစ်တွင် စာရေးဆရာအဖွဲ့ဝင်အဖြစ် တရုတ်ပြည်ယူနန်သို့ ထီလာစစ်သူ၊ ညွန့်ဝေ (ကသာ)၊ ဦးမောင်မောင်လတ် (နောင်)၊ ဒေါက်တာမောင်မောင်ညို၊ လယ်တွင်းသားစောချစ်တို့နှင့်အတူ အဖွဲ့၏ ဒုတိယခေါင်းဆောင်အဖြစ် သွားရောက်ခဲ့ပါသည်။

ယခုအခါ ဒဂုံမြို့နယ်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့၌ အဖွဲ့ဝင်အမှတ် (၁၂၈၅)ဖြင့် နာယကကြီးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

**နေရပ်လိပ်စာ** - တိုက်အမှတ် (၃၂)၊ အခန်း (၁)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်။



## ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)
## ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

အဖ ဦးရော်အင်၊ အမိ ဒေါ်စိန်တန်တို့က မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်ရွာ၌ ၁၃-၁-၁၉၃၄ နေ့တွင် ဖွားမြင်သည်။
၁၉၅၁ ခုနှစ်တွင် မုဒုံအထကမှ အဆိုးရကျောင်းထွက်လက်မှတ်ရ စာမေးပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲတို့ကို သချ်ာ၊ အထွေထွေ သိပ္ပံဂုဏ်ထူးဖြင့် ပထမအဆင့်မှအောင်မြင်သည်။
၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ဥပစာတန်းစာမေးပွဲ၌ သချ်ာ ပထမ၊ ဓာတုဗေဒ ပထမ၊ တက္ကသိုလ်ဟိုးဝါးကိန်း ရွှေတံဆိပ်ဆုနှင့် တက္ကသိုလ်စကောလရှစ်ပညာချွန်ဆုတို့ကို ရရှိသည်။

၁၉၅၅ ခုနှစ် ရန်ကုန်တက္ကသိုလ်သိပ္ပံဘွဲ့စာမေးပွဲ၌ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒဂုဏ်ထူးများနှင့် တစ်တန်းလုံးတွင် ပထမရသဖြင့် တက္ကသိုလ်ဟာဂျီဘိုင်များရွှေတံဆိပ်ဆုနှင့် နိုင်ငံခြားပညာတော်သင်ဆုတို့ကို ရရှိသည်။ ရန်ကုန်တက္ကသိုလ်ဓာတုဗေဒဌာနတွင် အချိန်ပိုင်းသရုပ်ပြဆရာအဖြစ် ခန့်ထားခြင်းခံရသည်။

၁၉၅၆ ခုနှစ် ရန်ကုန်တက္ကသိုလ်သိပ္ပံဂုဏ်ထူးဘွဲ့စာမေးပွဲ၌ ဓာတုဗေဒဂုဏ်ထူးတန်းတွင် ပထမဆင့်မှအောင်မြင်ပြီး ပထမရသဖြင့် တက္ကသိုလ်ဦးရွှေလေးရွှေတံဆိပ်ဆုကိုရ၏။ ရန်ကုန်တက္ကသိုလ်တွင် လက်ထောက်ကထိကအဖြစ် ခန့်ထားခြင်းခံရသည်။

၁၉၅၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု အီလီနွိုက်တက္ကသိုလ်သို့သွား၍ အဆင့်မြင့်ပညာကို ဆည်းပူးရာ ၁၉၅၈ ခုနှစ်တွင် မဟာသိပ္ပံဘွဲ့၊ ၁၉၆၀ ခုနှစ်တွင် သိပ္ပံပါရဂူဘွဲ့တို့ကို ရရှိသည်။ ထို့အပြင် တက္ကသိုလ်သဟာယပညာချွန်ဆု (University Fellowship) ကို ၂ နှစ်ဆက်တိုက်ရရှိရာ အမေရိကန်ကျောင်းသူကျောင်းသားများထက် ပညာပိုထူးချွန်ကြောင်းကို ပြသနိုင်ခဲ့သည်။ Sigma Xi ဂုဏ်ထူးဆောင်အသင်းကိုလည်း ဝင်ခွင့်ရသည်။

ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်တို့တွင် ၁၉၅၅ ခုနှစ် ဇွန် ၁ ရက်မှစ၍ ၁၉၉၂ ခုနှစ် နိုဝင်ဘာလကုန်အထိ

သရုပ်ပြ၊ လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခတာဝန်အဆင့်ဆင့်ကို ၃၇ နှစ်ကျော် ထမ်းရွက်ပြီးနောက် ပါမောက္ခဘဝမှ အငြိမ်းစားယူသည်။

၁၉၉၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ ၂၀၀၈ ခုနှစ် ဇူလိုင် ၃၁ ရက်တိုင်အောင် သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်၊ ထို့နောက် အကြံပေးပညာရှင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခတာဝန်များကို ထမ်းဆောင်သည်။ နိုင်ငံ့တာဝန်ကို ၅၂ နှစ် ထမ်းရွက်ခဲ့သည်။

ပရိယတ္တိစာပေကို ဆရာကောင်းများထံ နည်းနာခံ၍ မိမိဘာသာဆည်းပူးလေ့လာပြီး စာမေးပွဲဖြေဆိုခဲ့ရာ-

၁၉၈၁ ခုနှစ် ဗုဒ္ဓအဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲ၌ တစ်ပြည်လုံး ပထမရွှေတံဆိပ်ဆု၊

၁၉၈၃ ခုနှစ် ဗုဒ္ဓအဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲ၌ တစ်ပြည်လုံးပထမရွှေတံဆိပ်ဆု၊

၁၉၈၄ ခုနှစ် ဝိသုဒ္ဓိမဂ္ဂ (သုံးကျမ်းပြည့်) စာမေးပွဲ၌ တစ်ပြည်လုံး ပထမရွှေတံဆိပ်ဆုတို့ကို ရရှိသည်။

တက္ကသိုလ်ကျောင်းသားဘဝမှစတင်ကာ ကဗျာ၊ စာညွှန်း၊ ဆောင်းပါးများကိုရေးသားခဲ့ရာ ယခုအခါ ပညာပေးစာအုပ် ၂၀၊ ဘာသာရေးစာအုပ် ၅၀၊ ဆောင်းပါး ၂၀၀ ကျော်တို့ကို ရေးသားခဲ့ပြီးဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ဓမ္မဗိမာန်တစ်သက်တာစာပေဆုဖြင့် ချီးမြှင့်ခံရသည်။

ရန်ကုန်ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊

မော်လမြိုင်တက္ကသိုလ်တို့တွင် ဗုဒ္ဓဘာသာအသင်းဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ ရန်ကုန်တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီးတွင် ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ အတွင်းရေးမှူးတာဝန်၊ ထို့နောက် ဥက္ကဋ္ဌတာဝန်တို့ကို ထမ်းရွက်ပြီး တက္ကသိုလ်နယ်မြေတွင် ဗုဒ္ဓဘာသာထွန်းတောက်ရန် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်။

မော်လမြိုင်တက္ကသိုလ် ခေတ်မီနှစ်ထပ်ဓမ္မာရုံကြီးနှင့် တက္ကသိုလ်စေတီတို့ကို ဦးဆောင်တည်ဆောက်ခဲ့သည်။ ၁၉၈၃ ခုနှစ်မှစ၍ တက္ကသိုလ်ဓမ္မာရုံတွင် ဗုဒ္ဓအဘိဓမ္မာသင်တန်းကို စတင်ပို့ချသည်။ ထို့နောက် မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် နိုင်ငံခြားတိုင်းပြည်များ၌ အဘိဓမ္မာသင်တန်း၊ ဝိသုဒ္ဓိမဂ်နှင့် တရားရှုနည်းသင်တန်း၊ ဗုဒ္ဓဓမ္မဟောပြောပွဲများကို မြန်မာ-မွန်-အင်္ဂလိပ်သုံးဘာသာဖြင့် စွမ်းစွမ်းတမံ သင်ပြဟောပြောသည်။ အဘိဓမ္မာသင်တန်း ၂၆၀ ကြိမ်၊ တရားပွဲ ၃၇၁၀ ကြိမ်၊ နာရီပေါင်း ၁၂၄၀၀ ကျော် ဟောပြောပို့ချခဲ့ပြီးဖြစ်သည်။

၁၉၉၄ ခုနှစ်၌ သဒ္ဓမ္မဇောတိကဓဇဘွဲ့၊ ၂၀၀၃ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တို့ကို နိုင်ငံတော်မှချီးမြှင့်သည်။ ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်စေတီအနီးတွင် အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာရိပ်သာကို ဦးဆောင်တည်ထောင်ပြီး ၁၉၉၈ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ တစ်နှစ်ပတ်လုံး အမြဲတမ်းဖွင့်လှစ်ထားသော ရိပ်သာကြီးတစ်ခုဖြစ်လာသည်။

၂၀၀၂ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာရိပ်သာများ၏ အနုဂ္ဂဟအဖွဲ့ချုပ်ကို ဖွဲ့စည်းပြီးသည့်အခါ ဥက္ကဋ္ဌတာဝန်ကို လက်ခံယူပြီး ပြည်တွင်းပြည်ပ ဗုဒ္ဓသာသနာတော်ပြန့်ပွားထွန်းတောက်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဒေါက်တာမင်းတင်မွန်သည် ပြည်သူများချစ်ခင်လေးစားသော စာပေပညာရှင်၊ သိပ္ပံပါမောက္ခ၊ ဘာသာရေးပါမောက္ခ၊ ဓမ္မကထိက၊ စာရေးဆရာနှင့် ပြည်တွင်းပြည်ပသာသနာပြု ပုဂ္ဂိုလ်ထူးဖြစ်သည်။ လုံးချင်း (၈၃) အုပ်ရေးသားခဲ့သည်။

၁၉၉၄ ခုနှစ်တွင် သဒ္ဓမ္မဇောတိကဓဇဘွဲ့၊ နိုင်ငံတော်က ချီးမြှင့်သည်။

၂၀၀၃ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ နိုင်ငံတော်က ချီးမြှင့်သည်။

၂၀၀၅ ခုနှစ်တွင် ဓမ္မဗိမာန်တစ်သက်တာစာပေဆုတို့ဖြင့် ချီးမြှင့်ခံခဲ့ရပါသည်။

**နေရပ်လိပ်စာ** - ဒဂုံမြို့နယ်။



## ဦးမြင့်သိန်းထွန်း
## နေမျိုးထွန်း (ထွန်းသစ်)

မော်လမြိုင်မြို့ မရမ်းကုန်းရပ် အောက်လမ်းမကြီးဇာတိ ဖြစ်သည်။ အဖ ဦးရွှေခင်၊ အမိ ဒေါ်သန်းစိန်တို့က ၁၉၃၆ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးမြင့်သိန်းထွန်း ဖြစ်သည်။ ၁၉၄၆ မှ ၁၉၅၁ အထိ မော်လမြိုင် 'ရှင်မဟာဗုဒ္ဓဃောသ အထက်တန်းကျောင်း' တွင် အလယ်တန်း အထိ၊ ၁၉၅၂ မှ ၁၉၅၅ အထိ မော်လမြိုင် 'St.Patrick's High School' ကျောင်းတွင် တက္ကသိုလ်ဝင်တန်းအထိ ဆက်လက်ပညာ သင်ယူခဲ့သည်။ တက္ကသိုလ်ဝင်တန်းကို ၁၉၅၅ တွင် သိပ္ပံဘာသာ တွဲဖြင့် အောင်မြင်ခဲ့သည်။ ဥပစာ အပိုင်း (ခ) ကို 'Moulmein Intermediate College' မှ ၁၉၅၇ တွင် အောင်မြင်ခဲ့ပြီး သိပ္ပံဘွဲ့ကို ၁၉၆၀ တွင် ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။

ဘွဲ့ရပြီးနောက် Myanmar Pharmaceutical Industry တွင် Medical Detailing/Sales Assistant အဖြစ်လည်းကောင်း၊ ၁၉၆၇ မှစ၍ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေး ဌာနစိတ်တွင် Press Intelligence Officer အဖြစ်လည်းကောင်း၊ ၁၉၇၄ မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန Press Scrutiny and Pulishing Department တွင် ဦးစီးအရာရှိအဖြစ်လည်းကောင်း အမှု ထမ်းခဲ့ရသည်။ စာပေနှင့် နှီးနွှယ်ပတ်သက်သော အလုပ်တာဝန် များကို ထမ်းဆောင်ရင်း စာပေရေးရာများ၌ စိတ်ပါဝင်စား မွေ့လျော်လာခဲ့ရသည်။

၁၉၅၂ ခုနှစ် မေလအတွင်း ထိုစဉ်က မြန်မာ့အလင်း သတင်းစာတွင် တစ်ပတ်တစ်ခါ ထည့်သွင်းဖော်ပြပေးခဲ့သော 'မြန်မာ့ရိုးရာစကားပုံ ပုံပြင်များ' အခန်းကဏ္ဍသို့ 'နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ' စကားပုံကို မောင်သိန်းထွန်း အမည်ဖြင့် ရေးသားပေးပို့ခဲ့ရာ ပထမဦးဆုံး ရွေးချယ်ပုံနှိပ်ဖော်ပြခြင်း ခံခဲ့ရဖူး သည်။

အများဆုံးပါဝင်ရေးသားခဲ့သောမဂ္ဂဇင်းများမှာ စန္ဒာ၊ သပြေ မိုးဝေ၊ ပေဖူးလွှာ၊ မဟေသီ၊ သင့်ဘဝ၊ မြဝတီ၊ ရင်မသည်းဖို့ မှုခင်းစုံ၊ ရုပ်ရှင်အောင်လံ၊ ရွှေအောင်လံ၊ မြင်ကွင်း၊ နွယ်နီ၊ ခနေ၊ မြန်မာ့ခနေ၊ သုတစွယ်စုံ၊ အာရောဂျံ၊ အပျိုစင်၊ 'ဂျိုဟ်တု' နိုင်ငံတကာသတင်း ဂျာနယ်အစရှိသည့် စာနယ်ဇင်းများဖြစ်သည်။


ကလောင်အမည် ထွန်းသစ်အပြင် နေမျိုးထွန်း၊ မောင်ကိုဝင်း၊ ရဲခေါင်းကျော်စွာ၊ ရဲမြတ်သူရိန်၊ ကျော်သော်ဇော်၊ အာကာ

ဟိန်းအောင် စသော ကလောင်ခွဲအမည်များဖြင့်လည်း သိပ္ပံ ရုပ်ရှင်၊ စာပေ၊ နိုင်ငံတကာရေးရာ၊ စီးပွားရေး၊ ဘဝတက်လမ်း၊ တစေ့တစောင်း ရုပ်ပုံလွှာများ၊ နိုင်ငံရေးအတ္ထုပ္ပတ္တိများ၊ ဘာသာပြန် ဝတ္ထုများနှင့် ဝတ္ထုတိုများကို ရေးသားခဲ့သည်။ ရေးသားဆဲရှိသည်။ လုံးချင်းပေါင်း (၃၂) အုပ်ရေးသားခဲ့သည်။

အစိုးရဝန်ထမ်းဘဝမှ ၁၉၉၁ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပြီးနောက် မြန်မာ့ခနေ မဂ္ဂဇင်းအယ်ဒီတာ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဖြိုဟ်တုနိုင်ငံတကာသတင်းဂျာနယ် ပင်တိုင်ဆောင်းပါးရှင်အဖြစ်လည်းကောင်း ပါဝင်ရေးသားဆောင်ရွက်ခဲ့သည်။

ယခုအခါ စာရေးခြင်း၊ စာဖတ်ခြင်း အလုပ်များတွင် မွေ့လျော်ရင်း ဇနီးဒေါ်ခင်လေးအုံး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှု (၁) ဝန်ကြီးဌာန (ငြိမ်း)၊ သားသမီးလေးယောက်တို့နှင့်အတူ အမှတ် ၆၂၆၊ အောင်သီရိလမ်း၊ ၂၈ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) ရှိ နေအိမ်တွင် နေထိုင်လျက်ရှိသည်။

**ဖုံးနံပါတ်** - ၀၉-၉၇၆၇၉၇၈၅၀



## ဦးမောင်မောင်အေး
## (ဓာတ်ပုံမောင်မောင်အေး)

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ကွမ်းခြံရွာတွင် အဖ ဦးအောင်ဒွေး၊ အမိ ဒေါ်ဖွားရှင်တို့က ၁၉၃၆ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်၊ တနင်္လာနေ့တွင် မွေးဖွားခဲ့သည်။

ကျောင်းနေအရွယ်တွင် ဒုတိယကမ္ဘာစစ်ကာလနှင့် ကြုံခဲ့သလို၊ လွတ်လပ်ရေးခေတ်တွင် ပြည်တွင်းသောင်းကျန်းမှုများဖြင့် ဆက်လက်ဆုံရပြန်သောကြောင့် ၁၉၅၈ ခုနှစ်တွင်မှ ဟိုက်စကူးဖိုင်နယ် အောင်မြင်ခဲ့သည်။

၁၉၅၉ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန (ဘ. ဓ. ရ) တွင် သယံဇာတလေ့လာရှာဖွေရေးတာဝန်များ

ထမ်းဆောင်ခဲ့ပြီး ၁၉၉၆ ခုနှစ် လုပ်သက် (၃၇) နှစ်တွင် လက်ထောက်မြေတိုင်းအရာရှိရာထူးမှ ပင်စင်ယူထဲ့သည်။

၁၉၈၀ ပြည့်နှစ်မှစ၍ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ကြေးမုံသတင်းစာ၊ ဗိုလ်တထောင်သတင်းစာ၊ မြန်မာ့အလင်း သတင်းစာများတွင် ဓာတ်သတ္တုသယံဇာတလေ့လာရှာဖွေရေးနှင့် ပတ်သက်သော လုပ်ငန်းအတွေ့အကြုံများ၊ ဘူမိဗေဒနှင့် ပတ်သက်သော ဗဟုသုတ၊ ဓာတ်ပုံဆောင်းပါးများ ပုဒ်ရေပေါင်း (၁၀၀) ကျော် ရေးသားခဲ့ပါသည်။ ထို့နောက် ဘာသာရေး၊ သုတ ရသဆောင်းပါးများ၊ ဝတ္ထုတိုများကို လျှို့ဝှက်ဆန်းကြယ်၊ ရောင်ပြန်၊ မနုစာရီ၊ ဂမ္ဘီရ၊ ဂန္ဓာရီ၊ လပြည့်ဝန်း၊ နက္ခတ္တရောင်ခြည်၊ ပါရမီ၊ သိဒ္ဓိမိုး၊ သူရဋ္ဌမဂ္ဂဇင်းများ၊ ဂျာနယ်၊ စာစောင်များတို့တွင် ပုဒ်ရေ (၂၅၀) ကျော် အဆက်မပြတ် ရေးသားခဲ့ပြီး ဆက်လက်၍လည်း ရေးသားနေဆဲ ဖြစ်ပါသည်။

ဇနီးဖြစ်သူ စာရေးဆရာမ တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်)၊ သား တင်အေးသော်တို့နှင့်အတူ အမှတ် ၆၆၁၊ နဝရတ်လမ်း၊ ၄၄ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းတွင် နေထိုင်လျက်ရှိသည်။



## ဆရာကြီး ဦးအောင်ကြည်
## (တက္ကသိုလ်ညိုတင့်)

၁၉၃၃ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် မုံရွာမြို့၌ ဖခင်ဦးညို၊ မိခင်ဒေါ်စံတင်တို့က မွေးဖွားခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် မုံရွာမြို့ အထက (၁) မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့၍ ရန်ကုန် တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ၁၉၅၃ ခုနှစ် အောက်တို ဘာလ ကျောင်းသားတစ်လပိတ်ရေး ကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်ခဲ့သဖြင့် တက္ကသိုလ်မှ ၂ နှစ် ကျောင်းထုတ်ခံရသည်။ ၁၉၅၃-၅၄ ခုနှစ်တွင် ဗကသများအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့တွင် နိုင်ငံခြားဆက်သွယ်ရေးဌာနရုံ အတွင်းရေးမှူးအဖြစ် ဆောင်ရွက် ခဲ့သည်။ ၁၉၅၄-၅၈ ခုနှစ်အထိ ဗီယက်နမ် ဒီမိုကရက်တစ် သမ္မတ နိုင်ငံသံရုံးတွင် ဘာသာပြန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၆-၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘောဂဗေဒအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဘောဂဗေဒ၊ သင်္ချာ၊ အသုံးချ သင်္ချာဘာသာတွဲဖြင့် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ၁၉၅၈-

၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာနတွင် နည်းပြ ဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၁ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ မြန်မာ့အသေးစားချေးငွေဌာနတွင် မန်နေဂျာအဖြစ် ဆောင်ရွက် ခဲ့သည်။

ရေးသားထုတ်ဝေခဲ့သော စာအုပ်များမှာ မေရီစတုပ်၏ "Marred love" စာအုပ်ကို "သိပ္ပံနည်းကျအိမ်ထောင်ရေးကျမ်း" အမည်ဖြင့် ဘာသာပြန်ဆိုထုတ်ဝေခဲ့သည်။ ၎င်းကို (၃) ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ "How to study" ဟူသော စာအုပ်ကို "သိပ္ပံနည်းကျလေ့လာနည်း" အဖြစ် ဘာသာပြန်ဆိုထုတ်ဝေခဲ့ သည်။ "Trachenberg" ၏ "Speed System of Mathematics" ကို "ဂဏန်းသင်္ချာအမြန်တွက်နည်း" နှင့် "အဖြေမှန် မမှန် ချိန်ကိုက်နည်း" ဖြင့် ဘာသာပြန်ဆို ထုတ်ဝေခဲ့သည်။ဂဏန်းသင်္ချာ အတွေးအခေါ် စာအုပ်ကို ပြုစုရေးသားခဲ့သည်။ "စီးပွားရေး ဝေါဟာရအဘိဓာန်" ကို "မောင်ဘောဂ" အမည်ဖြင့် ထုတ်ဝေ ခဲ့သည်။ "Common Mistake in English" စာအုပ်ကို "မှားလေ့ မှားထရှိသောအင်္ဂလိပ်စာ" အမည်ဖြင့် ထုတ်ဝေခဲ့သည်။ "ရှေ့ဆောင် အင်္ဂလိပ်-မြန်မာ အဘိဓာန်" ကို ပြုစုထုတ်ဝေခဲ့သည်။ အဆင့်မြင့် အင်္ဂလိပ်-မြန်မာ အဘိဓာန်ကို ပြုစုဆဲ ဖြစ်သည်။

၁၉၅၉ ခုနှစ်တွင် ဒေါ်အမာနှင့်လက်ထပ်ခဲ့သည်။ သားသမီး (၈) ယောက် ထွန်းကားခဲ့သည်။ ယခုအခါ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၅၀-ရပ်ကွက်၊ နေကြာ (၁) လမ်း၊ အမှတ် ၄၄၁ နေအိမ်၌ နေထိုင်လျက်ရှိပါသည်။



## ဦးချစ်ရီ (မင်းစိုး)

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဇာသပြင်ရွာနေ၊ အဖ (ဦးပါပု) + အမိ (ဒေါ်မကြည်) တို့က (၆-၇-၁၉၃၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဇာသပြင်ရွာ၊ မူလတန်းကျောင်းတွင်း စတင် ပညာသင်ကြားပြီး မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ် (၁) အ. ထ. က သို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့သည်။ ၁၉၅၃/၅၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ပြီး စာမေးပွဲရှုံး၍ ကျောင်းထွက်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် အင်းစိန် မီးရထားစက်ခေါင်းပြင်စက်ရုံ တွင် စက်မှုအလုပ်သင် (Apprentice) အဖြစ် လုပ်ကိုင်ခဲ့ပြီး ၁၉၅၇ ခုနှစ်မှာ အလုပ်ထွက်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် ပြည်ထောင်စုအာမခံစနစ်အဖွဲ့ (မြန်မာ့ အာမခံလုပ်ငန်း) တွင် အငယ်တန်းစာရေးအဖြစ် လုပ်ကိုင် ခဲ့သည်။ ဗဟိုဝန်ထမ်းတက္ကသိုလ်ဖောင်ကြီးတွင် (စာရေးလုပ်ငန်း

ကြီးကြပ်မှုသင်တန်း) တက်ရောက်ပြီးနောက် ဌာနအတွင်းမှာ ရာထူးအဆင့်ဆင့် တိုးမြှင့်ခံရသည်။

ကြီးကြပ်ရေးမှူး (ရုံးအုပ်) အဆင့်ထိ တိုးမြှင့်တာဝန်ပေးခံရပြီး ၁၉၇၉ ခုနှစ် ဧပြီလတွင် အထူးအခွင့်အရေးပင်စင် (၂/၁) ဖြင့် အငြိမ်းစားယူခဲ့သည်။

စာပေရေးသားခြင်းကို ဝါသနာပါ၍ ဆောင်းပါးနှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ရုပ်ရှင်ထူးမဂ္ဂဇင်းမှာ "သံလွင်ချစ်လွင်" ကလောင်အမည်ဖြင့် "တိမ်ဂဠုန်တိမ်နဂါးပမာ" ဝတ္ထုတိုကို စတင်ဖော်ပြခံရသည်။ ထို့နောက် အိုးဝေဂျာနယ်၊ ရှုထောင့်ဂျာနယ်များတွင် "မင်းစိုး" ကလောင်အမည်ဖြင့် ဆက်လက်ရေးသားခဲ့သည်။

နွယ်နီမဂ္ဂဇင်း၊ သုတစွယ်စုံမဂ္ဂဇင်းနှင့် အခြားမဂ္ဂဇင်းများတွင် ဆောင်းပါးနှင့်ဝတ္ထုတို (၄၀၀) ကျော် ရေးခဲ့ပါသည်။

လုံးချင်းစာအုပ်အဖြစ် "ဂျော်ဒန်ဘုရင်ဟူစိန်နှင့် အာရပ်ကမ္ဘာ" စာအုပ်ကို ၁၉၇၆ ခုနှစ်၊ စက်တင်ဘာလတွင် မြင့်မြင့်ဦး စာပေတိုက်မှ (ပထမအကြိမ်) ထုတ်ဝေခဲ့သည်။

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် "ပင်လယ်ဓားပြ"၊ PIRATE စာအုပ်ကို မြန်မာဘာသာပြန်၍ ဦးဆောက်ပန်းစာပေမှ (ပထမအကြိမ်) ထုတ်ဝေခဲ့ပါသည်။

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် "ဒိုင်နိုဆော" DINOSAUR စာအုပ်ကို မြန်မာဘာသာပြန်၍ ဦးဆောက်ပန်းစာပေမှ ပင် (ပထမအကြိမ်) ထုတ်ဝေခဲ့ပါသည်။



**ဆရာကြီး ဦးညွန့်မောင်**
**(မောင်မောင်ညွန့်- မန်းတက္ကသိုလ်)**

၁၂၉၁ ခုနှစ်၊ နတ်တော်လဆုတ် (၉)ရက်၊ (၂၄-၁၂-၁၉၂၉) တွင် အဖ ဦးဖိုး၊ အမိ ဒေါ်ကောက်တို့မှ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ နွားတဲရွာ၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးညွန့်မောင် ဖြစ်သည်။

နွားတဲရွာ ဘုန်းတော်ကြီးကျောင်း၊ ဇာကျမ်းရွာ အလယ်တန်းကျောင်းနှင့် တောင်သာ အထက်တန်းကျောင်းများတွင် ပညာသင်ကြားခဲ့ပြီး ဂျပန်ခေတ်၌ နွားတဲရွာ မင်္ဂလာမှန်ကျောင်းတွင် ရှင်သာမဏေဝတ်ပြီး ပိဋကတ်စာပေများ သင်ကြားခဲ့သည်။ မန္တလေးမြို့တွင် အထက်တန်းပိဋကတ်စာပေများဆက်လက် သင်ကြားခဲ့ပြီး အစိုးရ ဓမ္မာစရိယနှင့် သက္ကျသီဟ ဓမ္မာစရိယ စာမေးပွဲများအောင်မြင်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိပြီး ၁၉၇၅ ခုနှစ်တွင် စာကြည့်တိုက်ပညာဘွဲ့လွန် ဒီပလိုမာ ရရှိခဲ့သည်။

၁၉၇၁ ခုနှစ်မှစ၍ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် အမှုထမ်းခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် စာကြည့်တိုက်မှူး (၂)အဆင့်ဖြင့် အငြိမ်းစားယူခဲ့ပြီး ကျွမ်းကျင်ပညာရှင်အဖြစ် မြန်မာနိုင်ငံသမိုင်းသုတေသနဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

မြန်မာစာပေနှင့် ပညာရပ်ဆိုင်ရာ စာပေဆောင်းပါး (၄၀) ခန့်ရေးသားခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ကျမ်းစာဘာသာရပ်၌ "မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုအမွေ ပေစာ ပုရပိုက်" စာမူဖြင့် ပထမဆုကိုလည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ စာပေဆု သုတေသန ဘာသာရပ်၌ "မန်ကျည်းစေ့ ကမ္ဘဝါ ပန်းအကွာရာ" စာမူဖြင့် ပထမဆုကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ စာပေဆု ကျမ်းစာဘာသာရပ်၌ "မြန်မာနိုင်ငံ ပါဠိနှင့် ပိဋကတ်စာပေသမိုင်းသစ်" စာမူဖြင့် ပထမဆုကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ စာပေဆု ကျမ်းစာဘာသာရပ်၌ "ရှေးခေတ် မြန်မာစာပေဆိုင်ရာ ကျမ်းများလေ့လာမှု" စာမူဖြင့် ပထမဆုကို လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်း စာမူဆု ရှေးဟောင်းကျမ်း ဘာသာရပ်၌ "မြင်းခြံမြို့ဆရာကြီး ဦးနှင့် တိမ်မြုပ်နေသော သူ့စာပေများ" စာမူဖြင့် ပထမဆုကိုလည်းကောင်း ရရှိခဲ့ပြီး ယင်းကျမ်းများအားလုံး စာအုပ်အဖြစ် ထွက်ရှိပြီးဖြစ်သည်။

စာနယ်ဇင်းများတွင် ကိုယ်တိုင်ရေး ဆောင်းပါး (၄၀)ခန့်မှ (၃၃)စောင်ကို ၂၀၀၉ ခုနှစ်၌ "သုတရိပ်မြုံ စာရဂုံ" အမည်ဖြင့် ဆောင်းပါးပေါင်းချုပ် ထုတ်ဝေခဲ့ပြီးဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် ၄၇၅၊ ဗဟိုလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး။



**ဆရာကြီး ဦးတင်စိန်ငယ်**

အဖ ဦးဟူစိန်၊ အမိ ဒေါ်ညိမ်းတို့မှ မြန်မာသက္ကရာဇ် ၁၂၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၅ရက် (၂၆-၉-၁၉၂၆)ခုနှစ်တွင် မြန်အောင်မြို့၌ ဖွားမြင်ခဲ့သည်။

၁၉၄၆ခုနှစ်တွင် မြန်အောင်မြို့ အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းမှ (၁၀)တန်းစာမေးပွဲ အောင်မြင်ခဲ့သည်။ သက်ကြီးတက္ကသိုလ်တွင် ပညာဆက်လက်သင်ကြားခဲ့ရာ ၁၉၆၂ ခုနှစ်တွင် ဘီအေအောင်ခဲ့သည်။

စာတိုက်ဌာန၊ မီးရထားဌာန၊ စတလကနှင့် သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ အမှတ်(၃) သတ္တုလုပ်ငန်းဌာနမှ အုပ်ချုပ်ရေးအရာရှိ(ဒုဝယ်ယူရေး)အဆင့်မှ အငြိမ်းစားယူခဲ့သည်။

မြန်အောင်မြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ၊ မြောက်ဥက္ကလာပ စာပေ လုပ်သားအဖွဲ့ ဖြစ်မြောက်ရေး အမှုဆောင်နှင့် အမှတ် (၃) သတ္တုလုပ်ငန်း အလုပ်သမားအစည်းအရုံးတွင် ဒုတိယဥက္ကဋ္ဌ စသည့် လူမှုရေးလုပ်ငန်းများ ကို ဆောင်ရွက်ခဲ့သည်။

၁၉၇၆ ခုနှစ်၊ အမျိုးသားစာပေ (ဘာသာပြန်) တတိယဆုကို 'တော်စတွိုင်းဝတ္ထုနှစ်ပုဒ်' စာအုပ်ဖြင့် ရရှိခဲ့သည်။ စိန်သမိုင်းအပါအဝင် လုံးချင်း (၈)အုပ်ကို ဘာသာပြန်ရေးသားခဲ့သည်။

မြဝတီ၊ ဒို့ကျောင်းသား၊ သွေးသောက်၊ နွယ်နီ၊ မြို့တော်၊ ဝယ်သူစိတ်ကြိုက်၊ သောင်းပြောင်းထွေလာနှင့် ကြေးမုံသတင်းစာများတွင် ရေးသားခဲ့သည်။

'တင်စိန်ငယ်' ကလောင်အပြင်၊ မြန်အောင်သား၊ မြန်အောင်သူ ဟူသော အမည်များနှင့်လည်း စာနယ်ဇင်းမျိုးစုံတွင် ရေးသားဆဲဖြစ်သည်။

**နေရပ်လိပ်စာ** - ဦးတင်စိန်၊ သမီးဒေါ်ရီရီစိန်မှ တစ်ဆင့် အမှတ် (၁၇၃)၊ ကံ့ကော်မြိုင်လမ်း၊ ၄၉ရပ်ကွက်၊ ဒဂုံ(မြောက်)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



ဆရာမကြီး ဒေါ်ခင်ဆွေဦး(ခင်ဆွေဦး)

အဖ စာရေးဆရာကြီး မဟာဆွေ အမိ ဒေါ်ကြည်ကြည်တို့မှ သက္ကရာဇ် ၁၂၉၄ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ (၁-၁၂-၁၉၃၂) နေ့တွင် စစ်ကိုင်းမြို့၌ မွေးဖွားခဲ့သည်။

မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့သည်။ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဘီ၊ အီး၊ ဒီ ပညာရေးဘွဲ့ ရရှိခဲ့သည်။

အသက် ၁၂ နှစ်အရွယ်၌ သံတော်ဆင့်သတင်းစာ ကလေးစာပေကဏ္ဍတွင် ပထမဦးဆုံးဝတ္ထုတိုကို ရေးသားခဲ့သည်။ အသက် ၁၆ နှစ်အရွယ်တွင် "ဖူးစစ်ပယ်" ဝတ္ထုတိုကို သွေးသောက်မဂ္ဂဇင်းတွင် ရေးသားခဲ့ပြီးနောက် ရှုမဝ၊ ငွေတာရီ၊ မြဝတီ၊ နဝဒေး စသည့် လစဉ်ထုတ် မဂ္ဂဇင်းကြီးများတွင် ဝတ္ထုတိုနှင့် ဆောင်းပါးများစွာ ရေးသားခဲ့သည်။

ရန်ကုန်တက္ကသိုလ် သမဂ္ဂမဂ္ဂဇင်းတွင် မြန်မာစာလက်ထောက် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ပထမဦးဆုံးလုံးချင်းဝတ္ထုမှာ "ဒို့တိုင်းဌာနီ" ဖြစ်ပြီး အခြားထင်ရှားသော လုံးချင်း ဝတ္ထုများမှာ

"ဥမ္မာ"၊ "မိုးနှင့် ရေ"၊ "အင်ကြင်းရဂုံ"၊ "ပုလဲငုံ"၊ "ရွှေပြည်ကိုသာ လွမ်းတော့သည်"၊ "နှင်းဆီကမ္ဘေး"၊ "နေခြည်ဖြာမှ နွေးလိမ့်မည်"၊ "ချစ်ခြင်းဖွဲ့ဆိုမယ်"၊ "မပုံ့အကြောင်း"၊ "နန္ဒမည်သာ"၊ "တစ်ခိုင်နှစ်ခိုင် နှင်းပန်းခိုင်"၊ "သရဖီဦး"၊ "အိုဆာကာ"၊ "မိချိုဂန်"၊ "ဘွန်းမှသည် ပုဂံသူသို့" စသည်တို့ဖြစ်သည်။

အခြားထင်ရှားသော ကိုယ်ရေးမှတ်တမ်းများမှာ စစ်ကိုင်းသမီး ဒိုင်ယာရီ -----နှင့် ကျမ၊ ကုသိုလ်မြစ်တစ်စင်းတို့ ဖြစ်သည်။

မပန်သာသည် (ကေသီဦး)၊ ဆူးနှစ်ဆူး၊ ပျံသာပျံပါငှက်ရွှေဝါ၊ မောင့်အချစ်သီရိ၊ နေခြည်ဖြာမှ နွေးလိမ့်မည် ဝတ္ထုတို့ကို ရုပ်ရှင်ကားကြီးများအဖြစ် ရိုက်ကူးခဲ့သည်။

ယနေ့အထိ လုံးချင်းဝတ္ထု (၆၅ အုပ်)၊ ဝတ္ထုတို (၁၀၀၀) ကျော်နှင့် ဆောင်းပါး(၅၀၀) ခန့် ရေးသားခဲ့ပြီး ဖြစ်သည်။

စံပယ်ဖြူမဂ္ဂဇင်းထုတ်ဝေပြီး ကိုယ်တိုင်အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

ယခုအခါ မိသားစုနှင့်အတူနေထိုင်လျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ်(၅၅၇)၊ သရဖီ(၅) လမ်း၊ (၃၄ ) ရပ်ကွက်၊ မြောက်ဒဂုံ။



## ဆရာကြီး ဦးမြသိန်း (မြသိန်း၊ ဦးဦးသိန်း)

အဖ ဦးငွေကိုင်၊ အမိ ဒေါ်လုံးတင် တို့မှ ၁၂၉၅ ခုနှစ်၊ ဝါဆိုလဆုတ် (၁၅)ရက် (၂၇-၇-၁၉၃၃)တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့၌ မွေးဖွားသည်။ ဝိဇ္ဇာဘွဲ့ ရရှိသည်။

၁၉၆၀ ဝန်းကျင်နှစ်များမှစ၍ ရှုမဝ၊သွေးသောက်၊ မြဝတီ၊ ငွေတာရီ စုံထောက်မဂ္ဂဇင်းများတွင် မြသိန်း (တပ်မတော်ပညာရေး) ကလောင်အမည်ဖြင့် ဆောင်းပါး၊ ဝတ္ထုများ ရေးခဲ့သည်။

၁၉၆၉ ခုနှစ် အမျိုးသားစာပေဆုတွင် ပါးလ်အက်စ်ဘတ်၏ "Command The Morning" ကို ဘာသာပြန်သော 'နံနက်ခင်းကို စိုးမိုးသူ" စာမူဖြင့် ဘာသာပြန်ဒုတိယဆုရခဲ့သည်။ (ထိုစာမူကို ယဉ်ယဉ်လှဲ့စာပေမှ စာအုပ်ထုတ်ခဲ့သည်။)

၁၉၇၀ စာပေဗိမာန် စာမူဆုတွင် "အာရပ်ခေါင်းဆောင်ကြီး နာဆာ" စာမူဖြင့် စာပေဗိမာန် စာပဒေသာ ပထမဆုကို ဆွတ်ခူး ခဲ့သည်။ (ထိုစာမူကို စာပေဗိမာန်မှ စာအုပ်ထုတ်ခဲ့သည်။)

၁၉၇၅ စာပေဗိမာန် ဝတ္ထုရှည်စာမူဆုတွင် "တောင်တန်း

တွေကိုသက်သေထူမယ်" စာမူဖြင့် တတိယရခဲ့သည်။ (ထိုစာမူကို စာပေဗိမာန်မှ စာအုပ်ထုတ်ခဲ့သည်။)

၁၉၈၀တွင် "ရေဘေးအန္တရာယ်စုပေါင်းကာကွယ်"စာအုပ်နှင့် ၁၉၈၅တွင် "တော့တိုးချန်"ဘာသာပြန်စာအုပ်ကို မြဝတီပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့သည်။

၁၉၇၉ ဒီဇင်ဘာမှ ၁၉၈၇မတ်လထိ မြဝတီပုံနှိပ်တိုက် အယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ ၁၉၈၇မတ်လမှ ၁၉၈၇ မေလထိ ကြေးမုံသတင်းစာတိုက် ဒုတိယအယ်ဒီတာချုပ်-တာဝန်နှင့် ၁၉၈၇ မေလမှ ၁၉၈၈ ဒီဇင်ဘာလထိ ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သည်။

ယခုအခါ မြဝတီ၊ ငွေတာရီ၊ သုတပဒေသာ၊ စုံထောက်၊ ပြစ်မှု၊ ရောင်ပြန်၊ ဂမ္ဘီရဆန်းကြယ်၊ နရသိန်၊ သူရဠ သိဒ္ဓိမိုး၊ အကျိုးဆောင်၊ အတွေးသစ်၊ တော်ဝင်ပန်း၊ Revenue စသော မဂ္ဂဇင်း၊ ဂျာနယ်များ၌ ဆောင်းပါး၊ ဝတ္ထုများကို ရေးသားလျက်ရှိသည်။

**နေရပ်လိပ်စာ** - ၅၅၆၊ လုပ်သားလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး။



**ဆရာကြီး ဦးခင်ကျော်**
**(ခင်ကျော် ဓမ္မစရိယ ဘီအေ)**

သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ ခြင်ရုပ်ကွင်း ကျေးရွာ၌ အဖ ဦးကျော်ခန့်၊ အမိ ဒေါ်ချောတို့က (၄-၂-၁၉၃၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။

၁၉၄၅ ခုနှစ်တွင် ရှင်သာမဏေဘဝတွင် အစိုးရပထမပြန် စာမေးပွဲ၊ ပထမငယ်၊ ပထမ လတ်၊ ပထမကြီး စာမေးပွဲများကို အောင်မြင်ခဲ့သည်။

အသက် (၂၄) နှစ်အရွယ် ရဟန်းဘဝ (၁၃၁၉) ခုနှစ်တွင် ပါဠိတက္ကသိုလ်စာချတန်း သံယုတ္တနိကာယပါဠိ၊ အဋ္ဌကထာ၊ ဂုဏ်ထူးကျမ်းနှင့် အောင်မြင်ခဲ့သည်။ (၁၉၆၄) ခုနှစ်တွင် တက္ကသိုလ် ဝင်တန်း အောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်၍ (၁၉၆၈) ခုနှစ်တွင် (ဘီအေ) ဘွဲ့ကို ရရှိခဲ့သည်။

(၁၉၆၈) ခုနှစ်တွင် တရားရုံးချုပ်ရှိ ဗဟိုဥပဒေရုံး၊ ဥပဒေ ဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဌာန၌ လက်ထောက် ဥပဒေ ဘာသာပြန် (မြန်မာစာ) တာဝန်ဖြင့် (၁၉၈၁) ခုနှစ်ထိ (၁၃) နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။

သာသနာရေးဦးစီးဌာန ကျမ်းပြုဌာနတွင် (လက်ထောက်ကျမ်းပြုမှူး) (ဒု-ကျမ်းပြုမှူး) (ကျမ်းပြုမှူး) (ဦးစီးအရာရှိ) နှင့် ပါဠိ-မြန်မာ အဘိဓာန် ဌာနမှူးရာထူးစသဖြင့် နိုင်ငံ့ဝန်ထမ်းတာဝန်၊ စာပေတာဝန်များကို ထမ်းဆောင်ခဲ့ပြီး (၁၉၉၉) ခုနှစ်တွင် သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစား ယူခဲ့သည်။

သာသနာရေးဦးစီးဌာန ပါဠိ- မြန်မာ အဘိဓာန်ဌာနမှူးအဖြစ် - (၁) ဗုဒ္ဓသာဘာတရားတော် (အခြေခံအဆင့်) (၂) ဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်)၊ (၃) ဗုဒ္ဓဘာသာတရားတော် (အဆင့်မြင့်တန်း) (၄) ဘုရားရှင်အလိုတော်ကျ ကိုးကွယ်နည်း (၅) ဇာတက မြန်မာပြန် ဘုရားရှင်၏ ဖြစ်စဉ် အမှတ် (၁) မှ အမှတ်စဉ် (၈၀)ထိ ဇာတ်တော်ရှစ်ဆယ်၊ အုပ်ရေပေါင်း (၆) အုပ်ခန့် ရေးသား ပြုစုခဲ့သည်။ (၆) သာသနာ့ရောင်ခြည်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင် တာဝန်ခံ အယ်ဒီတာစသည့် တာဝန်များ ဆောင်ရွက်ခဲ့သည်။ (၇) ပါဠိ - မြန်မာ အဘိဓာန်ကျမ်း စသည့် ကျမ်းများကို ရေးသားပြုစုခဲ့သည်။

စာရေးဆရာ အသင်းဝင်အမှတ် (၄၄၅၈) ဖြစ်သည်။

**နေရပ်လိပ်စာ -** အမှတ် (၃၅၄)၊ သုခလမ်း၊ (၁၉/အေ) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



## ဆရာကြီး ဦးသိန်းမောင်
## (မောင်ယဉ်နွယ် (ခ) သုသုက)

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်းတုန်းမြို့နယ်၊ ချောင်းကြီး ကျေးရွာ၌ အဖ ဦးအောင်ခင်၊ အမိ ဒေါ်စိန်တင်တို့က (၂၀-၇-၁၉၃၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ စတုတ္ထမြောက်သားဖြစ်သည်။

၁၉၅၆-၅၇/၁၉၆၀-၆၁ ခုနှစ်တွင် သတင်းစာ ဒီပလိုမာဘွဲ့ ရခဲ့သည်။ စစ်ပြီးခေတ်၊ စီးပွားရေး၊ တိုးတက်ရေး၊ ရှေ့ဆောင်၊ ဗမာ့ခေတ်၊ သူရိယနှင့် ဟံသာဝတီသတင်းစာများ၌ ကဗျာများ စတင်ရေးသားခဲ့သည်။

၁၉၅၄ ခုနှစ်တွင် မြဝတီမဂ္ဂဇင်း၌ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၆ ခုနှစ်က စတင်ဖွင့်လှစ်သော စာပေဗိမာန် အသင်း၊ သတင်းစာအတတ်သင်ကျောင်းမှ သတင်းစာဒီပလိုမာဘွဲ့ ကို ရရှိခဲ့သည်။ ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မှ သတင်းစာ ဒီပလိုမာဘွဲ့ကို ထပ်မံရရှိခဲ့သည်။

၁၉၅၇ ခုနှစ်တွင် ပေဖူးလွှာမဂ္ဂဇင်း၌ အယ်ဒီတာအဖြစ် လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် မိုးကြိုးသတင်းစာ၌လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် တောင်သူလယ်သမားဂျာနယ်၌ အယ်ဒီတာအဖြစ် လည်းကောင်း စာပေတာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၈၉ ခုနှစ်တွင် ရိုးမအလှကဗျာစာအုပ်ဖြင့် အမျိုးသား စာပေဆုကို ရရှိခဲ့သည်။ ထို့အပြင် ၁၉၉၃၊ ၁၉၉၅၊ ၁၉၉၆ ခုနှစ်များ၌ တပ်မတော်နေ့ ကဗျာရှည်ဆုကြီးများကိုလည်း (၃) ကြိမ် တိတိ ရရှိခဲ့သည်။

၁၉၉၃ ခုနှစ်တွင် ပခုက္ကူ ဦးအုန်းဖေ ကဗျာစာပေဆုကို လည်း ထပ်မံရရှိခဲ့သည်။

စာနယ်ဇင်းများတွင် ကဗျာ၊ ဆောင်းပါးများ၊ ပညာပေး ကျမ်းပေါင်း (၂၆) အုပ် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

**နေရပ်လိပ်စာ -** အမှတ် (၈၉၀)၊ ဗိုလ်သုန်လမ်း၊ (၄၉) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၄၂၀၀ ၇၉၈၂၃



**ဆရာကြီး ဦးသက်တင်**
**(ထိပ်တင်သက်)**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၌ အဖ ဦးလူဖေ၊ အမိ ဒေါ်ထိန်တုပ် တို့က (၂၃-၆-၁၉၃၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။

ပညာရေးအနေဖြင့် B.A, H.G.P, R.L ဘွဲ့ရခဲ့ပြီး မြန်မာ့သစ်လုပ်ငန်းမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာမှ အငြိမ်းစားယူခဲ့သည်။ ယခုအခါ တရားလွှတ်တော်ရှေ့နေ (၃၅၇၇) အဖြစ် ဆောင်ရွက်နေသည်။

ကလောင်ခွဲများအဖြစ် နေလင်း၊ LMNOP၊ ချင်းဗိုလ် မောင်တက်တူ တို့ဖြင့် ရေးသားခဲ့သည်။

ထုတ်ဝေပြီးစာအုပ်များမှာ (၁) သမိုင်းကပြောတဲ့ မှန်နန်းတော်၊ (၂) ကမ္ဘာ့အမြင် မြန်မာ့ဆင်၊ (၃) လမ်းပြကြယ်နှင့် ပျောက်ဆုံးနေသောတ္တလန်တစ်တိုက်၊ (၄) ဘယ်သွားနေလဲ မောင်ရေခဲနှင့် အခြားရွှာစုဝတ္ထုများဖြစ်သည်။

စာပေလောကသို့ ပထမဆုံးခြေချခွင့်ရသော စာမူမှာ 'ရွှေဘူတာသူ' ဟူ၍ဖြစ်ပြီး မြဝတီမဂ္ဂဇင်း (၁၉၅၆)၊ ဖေဖော်ဝါရီထုတ်တွင်

ဖော်ပြခံခဲ့ရသည်။ ချယ်ရီမဂ္ဂဇင်း၊ ပိတောက်နွယ်မဂ္ဂဇင်း၊ သစ်လုပ်ငန်းမဂ္ဂဇင်း၊ Timber Digist မဂ္ဂဇင်းများတွင်လည်း ရေးသားခဲ့သည်။

စာရေးဆရာအသင်းဝင်အမှတ် (၈၃၈၁) ဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် (၉၆၂)၊ ပျဉ်းမမြိုင်လမ်း၊ (၃၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်။



တက္ကသိုလ်စိန်တင်

တောင်ငူခရိုင်၊ ဖြူးမြို့၌ မြန်မာသက္ကရာဇ် ၁၂၉၇ ခုနှစ်တွင် ဖခင် ကျောင်းဆရာ ဆရာညွန့်၊ မိခင် ကျောင်းဆရာမ ဒေါ်စုစုတို့က မွေးဖွားခဲ့သည်။ သားသမီး ငါးယောက်တွင် ဒုတိယ၊ အင်္ဂါနေ့ဖွား သားကို စာရေးဆရာဖြစ်စေချင်၍ နိုင်ငံကျော်စာရေးဆရာကြီး သိပ္ပံမောင်ဝ၏အမည်ရင်း ဦးစိန်တင်ကိုယူကာ မိဘများက မောင်စိန်တင်ဟု နာမည်မှည့်ခဲ့သည်။ ဖြူးမြို့ ဦးဘိုးထိုက်၊ မူလတန်းကျောင်း၊ ညောင်ဦးမြို့ အစိုးရအလယ်တန်းကျောင်း၊ မြစ်ကြည့်တိုက်၊ ဆရာတော်ဦးပဏ္ဍိတ၏ အင်္ဂလိပ်-မြန်မာ အလွတ်သင်ပညာကျောင်း၊ မင်းဘူးမြို့ အစိုးရအထက်တန်း ကျောင်းများတွင် ပညာသင်ကြားခဲ့ပြီး၊ ၁၉၅၄ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ တက္ကသိုလ်ပညာရေးကို (၁၀) နှစ်ကြာ လေ့လာဆည်းပူး၍ ၁၉၆၄ ခုနှစ်တွင် အင်္ဂလိပ်စာ၊ မြန်မာစာ၊ မြန်မာဝေါဟာရနှင့် အနုစာပေ၊ အရှေ့တိုင်းသမိုင်း၊ ဥရောပ သမိုင်းဘာသာရပ်များဖြင့် ဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလတွင် အမှတ် (၅) အင်းဝလမ်း၊ ကျောက်မြောင်း၊

ရန်ကုန်မြို့မှ ထုတ်ဝေသော သတင်းစုံဂျာနယ်၌ "ကြည်ညိုဖွယ် ကောင်းလို့ ခညောင်းတဲ့ပူဇော် မန်းရွှေစက်တော်" ခရီးသွား ဆောင်းပါးကိုရေးသား၍ ကလောင်အမည် မောင်စိန်တင်၊ တတိယတန်း၊ အစိုးရကျောင်း၊ မင်းဘူးမြို့ဟု ပထမဆုံး ပုံနှိပ် စာမူအဖြစ် ဖော်ပြခံခဲ့ရသည်။ မင်းဘူးမြို့တွင် ပညာသင်ကြားစဉ် ဗမာ့ခေတ်သတင်းထောက်၊ ရန်ကုန်နေ့စဉ်သတင်းထောက်၊ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ရန်ကင်းကောလိပ်၊ ဗမာ့ခေတ် သတင်းထောက်၊ အိုးဝေသတင်းစာနှင့်ဂျာနယ်၊ တာဝန်ခံ အယ်ဒီတာ၊ ရုပ်ရှင်ကြေးမုံ မဂ္ဂဇင်း၊ ဒေါင်းမြန်မာဂျာနယ်တို့တွင် ထုတ်ဝေသူနှင့် အယ်ဒီတာချုပ်တာဝန် ယူခဲ့သည်။ စာရေးဆရာမ စိမ့် (ပညာရေး) နှင့် ၁၉၆၅ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး ၂၀၀၁ ခုနှစ်၊ အိန္ဒိယနှင့်နီပေါနိုင်ငံ ဗုဒ္ဓ၏သံဝေဇနီယလေးဌာနသို့ ဘုရားဖူး ခရီးထွက်ခဲ့၍ ၂၀၀၁ ခုနှစ်၊ အိန္ဒိယ-နီပေါ ဗုဒ္ဓဂယာခမ္မခရီးသည် စာအုပ်ကို စိမ့် (ပညာရေး) နှင့် ပူးတွဲရေးသားခဲ့သည်။ အတ္ထုပ္ပတ္တိနှင့် သမိုင်းဆိုင်ရာစာအုပ် (၄၄) အုပ် ရေးသားခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ ဦးသန့်၊ ရဲဘော်သုံးကျိပ် မော်ကွန်း၊ အိုဘယ့်အနော်ရထာ၊ ဗိုလ်ကြီးအောင်ဆန်း၊ သူရိယတိုက်ချွန်း၊ ပုဂံ ရှာပုံတော် (၁) (၂) (၃) စာအုပ်များမှာ ထင်ရှားခဲ့သည်။ ဖခင်ထံမှ "မကြောက် တရားနှင့်ဇွဲ"၊ မိခင်ထံမှ "မေတ္တာတရား" တို့ကို ဆုပ်ဆုပ် ပိုင်ပိုင်ဆွဲကာ ဘဝတာခရီးတွင် အမှန်တရားဘက်မှရပ်၍ ကျေနပ် အားရစွာ လျှောက်လှမ်းခဲ့သည်။ အသင်းဝင်အမှတ် ၈၈၈၇ ဖြစ်သည်။

နေရပ်လိပ်စာ - ၁၁၅၇/၁၁၅၈၊ မိုးမခလမ်း၊ (၄၆) ရပ်ကွက်၊ ဒဂုံမြောက်။



ဒေါ်တင်စိန် (စိမ့်-ပညာရေး)

မော်လမြိုင်မြို့၌ ဦးဘမှန် (လျှပ်စစ်အဖွဲ့-ငြိမ်း) နှင့် ဒေါ်နှင်းရွှေတို့က မွေးဖွားခဲ့သည်။ သားသမီး (၆) ဦးတွင် အကြီးဆုံး သမီးဖြစ်သည်။

ငယ်စဉ်က မော်လမြိုင်မြို့၊ မော်တင်လိန်းမိန်းကလေး ကျောင်း၊ အစိုးရ အထက်တန်းကျောင်းအမှတ် (၁)၊ မော်လမြိုင် ဥပစာကောလိပ်တို့တွင် ပညာ သင်ကြားခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ ၁၉၆၄ ခုနှစ်တွင် ရန်ကုန်ပညာရေးမဟာဌာနမှ ဘီအီးဒီဘွဲ့၊ ၁၉၇၆ ခုနှစ်တွင် ရန်ကုန်ပညာရေး တက္ကသိုလ်မှ မဟာပညာရေးဘွဲ့များ ရရှိခဲ့သည်။

၁၉၅၅ ခုနှစ်တွင် မော်လမြိုင်မြို့၊ အမှတ် (၁) အထက်တန်း ကျောင်း၌ အထက်တန်းပြဆရာမအဖြစ် အမှုထမ်း၍ ၁၉၆၅ ခုနှစ်တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အစိုးရအထက်တန်းကျောင်း အမှတ် (၃)၊ တာမွေမြို့နယ်၊ အစိုးရ အထက်တန်းကျောင်း အမှတ်

(၃)၊ အင်းစိန်မြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၄) တို့တွင် အမှုထမ်းခဲ့သည်။

၁၉၇၁ ခုနှစ်တွင် ပညာရေးတက္ကသိုလ်သို့ ပြောင်းရွှေ့ အမှုထမ်းပြီး ကထိကရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။

တိုင်းရင်းမေဂျာနယ်၊ ယုဝတီဂျာနယ်၊ သင့်ဘဝမဂ္ဂဇင်း စသည်တို့တွင် တင်ဝဇီ (ရွှေမြို့င်) ကလောင်နာမည်ဖြင့် ဆောင်းပါး၊ ကဗျာများရေးသားခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် စိမ့် (ပညာရေး) ကလောင်အမည်ဖြင့် "ဒိုင်းခင်ခင်" (ရတနာပုံ နန်းတွင်းလျှို့ဝှက်ဇာတ်လမ်းများ)၊ ပုဂံရွှေရုပ်လွှာ (၁) နှင့် (၂)၊ ပတ္တမြားငမောက်၊ ရာဇဓာတုကလျာ၊ ကနောင်မင်းသားနှင့်လှိုင်ထိပ်ခေါင်တင်၊ ပန်ထွာဘုရင်မ၊ မင်းဆက်ငါးသွယ်ရှင်ဘို့မယ်၊ ကေရီဘုရင်မကြီး ရှင်စောပု၊ ရှမ်းမင်းသမီးလေး စောမွန်လှစသည့် လုံးချင်းဝတ္ထုများ ရေးခဲ့သည်။

၂၀၀၁ ခုနှစ်တွင် အိန္ဒိယ၊ နီပေါ ဗုဒ္ဓဂယာဓမ္မခရီးသည် စာအုပ်နှင့် တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲစာအုပ်တို့ကို တက္ကသိုလ်စိန်တင်နှင့်တွဲဖက်၍ ရေးသားခဲ့သည်။ အသင်းဝင်အမှတ် ၉၃၉၇ ဖြစ်သည်။

နေရပ်လိပ်စာ - ၁၁၅၇/၁၁၅၈၊ မိုးမခလမ်း၊ (၄၆) ရပ်ကွက်၊ ဒဂုံမြောက်။



## ဒေါက်တာထွန်းတင့်

၁၆-၃-၁၉၃၅ ရက်နေ့တွင် အဖ ဦးသာကြွယ်၊ အမိ ရွှေမတို့က မွေးဖွားသန့်စင်ခဲ့သည်။

မြန်မာပင့်ရစ်ခွဲထားရကန်၊ မော်စီတုံးကဗျာ (မြန်မာပြန်ကဗျာ)၊ မြန်မာစကားနက်အဖွင့်ရကန်၊ အသုံးများ ရှဥ္စီစကား (တွဲဖက်ပြုစု) မြဝတီမဂ္ဂဇင်းဆောင်းပါးများ (၁၀) ပုဒ်ခန့်၊ သံတော်ဆင့်ဂျာနယ်ဆောင်းပါးများ (၁၀) ပုဒ်ခန့်၊ မြန်မာစာ မြန်မာစကား ဆောင်းပါးများ (၈) ပုဒ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

မြန်မာစာအဖွဲ့က မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း၊ မြန်မာအဘိဓာန်များ၊ မြန်မာ-အင်္ဂလိပ်အဘိဓာန်၊ အင်္ဂလိပ်-မြန်မာအဘိဓာန်၊ ကျောင်းသုံးမြန်မာသဒ္ဒါများ၊ မြန်မာစကားပုံ၊ မြန်မာဆိုရိုးစကား စသည့်ကျမ်းများပြုစုရာတွင် ပါဝင်ခဲ့ပြီး၊ ပါဝင်ဆောင်ရွက်ဆဲဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် ၄၂၂၊ ဗိုလ်ဉာဏလမ်း၊ ၃၁ ရပ်ကွက်၊ မြောက်/ဒဂုံ။



ဆရာကြီး ဦးရဲထွန်း (တပ်မတော် မင်းရဲထွန်း)

ရောဝတီတိုင်းဒေသကြီး၊ ငသိုင်းချောင်းမြို့နယ်၊ ချောင်းဝ ရွာတွင် အဖ ဦးထွား၊ အမိ ဒေါ်စောတင်တို့မှ သက္ကရာဇ် (၁၂၉၄)ခု သီတင်းကျွတ်လဆန်း (၅)ရက်၌ ဖွားမြင်ခဲ့သည်။

ငယ်နာမည်မောင်လှထွန်း၊ မောင်ရဲထွန်းဖြစ်ပြီး ချောင်းဝ တွင် မူလတန်းကျောင်းအောင်မြင်ခဲ့ကာ ငသိုင်းချောင်းမြို့၌ အမျိုး သားအထက်တန်းကျောင်းတွင် (ဟိုက်စကူး)ပညာရေး သတ္တမတန်း အောင်မြင်ခဲ့သည်။

(၁၉၄၈)ခု နိုဝင်ဘာလတွင် ဗိုလ်မှူးစိန်မှန် ယန္တယားတပ် (BTF)၌ အမှုထမ်းခဲ့သည်။ တပ်ရင်း (၃၀)မှာ တပ်ကြပ်ကြီးစာရေး အဖြစ် အမှုထမ်းဆောင်ရင်း ကျောင်းတက်ခဲ့၍ (၁၀)တန်း စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့ရာ မော်လမြိုင်ဆရာ အတတ်သင်သိပ္ပံကျောင်း၌ သင်တန်းတက်ပြီး ယိုးဒယားကျေးရွာတွင် ကျောင်းဆရာ (၂)နှစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အလုပ်မှထွက် ခဲ့သည်။


လျှပ်စစ်လုံခြုံရေး၊ တပ်တွင်းပညာရေး ကျောင်းအုပ်ဆရာ ကြီးအဖြစ် ကလေးများနှင့်ရဲဘော်စစ်သားများကို သင်ကြားပြသ

ပေးခဲ့ရသည်။

(၁၉၅၃)ခုနှစ်များတွင် ရွှေဆိုင်းရောင်းခြင်း၊ ဇာတ်ကန့်ထရိုက်နှင့် ဝါသနာပါရာ အနုပညာလုပ်ငန်းများလုပ်ခဲ့ပြီး စာရေးသားခြင်း၊ ကဗျာရေးသားခြင်းကို ဟသ်ာတ၊ ရွှေဟသ်ာ သတင်းစာမှာ စတင်ရေးသားခဲ့သည်။

(၁၉၅၉)ခုနှစ်တွင် ဗဟိုဆေးတပ်သို့ ဝင်ရောက်ခဲ့ပြီး တပ်ကြပ်ကြီးစာရေးသင်တန်းတက်ရောက်ပြီး ဗဟိုဆေးတပ် သီဟတပ်ခွဲ၌ စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ကာ စာပေများကိုလည်း ဆက်လက်ရေးသားခဲ့ရာ 'တပ်မတော်မင်းရဲထွန်း'အမည်ခံကာ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်အဖြင့် 'မျှော်လင့်ပါ မိမိငယ်'၊ 'တစ်ခွန်းသူကို ပြောလိုက်ပါ'၊ 'မိုးမဆုံး မြေမဆုံး'၊ 'အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ' စသော လုံးချင်းဝတ္ထု အပါအဝင် စာအုပ်ပေါင်း (၁၀၀)ကျော် ရေးသားခဲ့သည်။ ယနေ့အထိစာပေရေးသားခြင်းဖြင့် အများအကျိုးပြုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**နေရပ်လိပ်စာ** - ၊



## ဆရာကြီး ဦးသိန်းအောင် (သိန်းအောင်-ဗာရာဏသီ)

အဖ ဦးမြ၊ အမိ ဒေါ်ချိတ်မိ တို့က စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ သပြေသာရွာ၌ ၁၂-၁၀-၁၉၃၄ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ ၁၉၄၉ ခုနှစ်တွင် ရှင်သာမဏေပြုခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ရဟန်းပြုခဲ့ပါသည်။

အစိုးရပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း အောင်မြင်ခဲ့ပါသည်။ ၁၉၅၄ ခုနှစ်တွင် သာသနဓဇမွှစရိယဘွဲ့၊ ၁၉၆၁ ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့ ရခဲ့ပါသည်။ ၁၉၆၄ ခုနှစ်တွင် ကိုလံဘိုစီမံကိန်း-ပညာသင်ဆုရ၍ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့မှ သက္ကဋ ဒီပလိုမာဘွဲ့ရခဲ့ပါသည်။

၁၉၆၈ ခုနှစ်တွင် ရဟန်းဘဝမှလူထွက်ပြီး ၁၉၆၉ ခုနှစ်တွင် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် အထက်တန်းစာရေးကြီးအဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် နိုင်ငံခြားသို့ ပညာတော်သင် (၃) နှစ် သွားရောက် သင်ကြားခဲ့ပါသည်။ ၁၉၇၆ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (F1) ၁၉၈၁ ခုနှစ် တွင် မဟာဝိဇ္ဇာဘွဲ့ရခဲ့ပါသည်။ ယင်းနှစ်တွင် ဒုတိယညွှန်ကြားရေးမှူး

ရာထူးတိုးမြင့်ခံခဲ့ရပြီး ၁၉၈၄ ခုနှစ်တွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် သက်ပြည့်အငြိမ်းစားယူခဲ့ပါသည်။

ရေးသားခဲ့သော စာပေကျမ်းဂန်များမှာ ၁၉၆၅ ခုနှစ်တွင် နည်းပြမြန်မာသဒ္ဒါ၊ ၁၉၈၆မှ ၁၉၉၄ ထိ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေခဲ့သော သာသနာ့ရောင်ခြည်စာစောင်ကို စာတည်းအဖွဲ့ ဥက္ကဋ္ဌ (အယ်ဒီတာချုပ်) အဖြစ် ခေါင်းကြီးပိုင်း (၅၀) ကျော်နှင့် ဆောင်းပါးပေါင်း (၁၀၀) ကျော် ရေးခဲ့သည်။

၁၉၉၁ ခုနှစ်တွင် ဗုဒ္ဓဘာသာလက်စွဲကျမ်း ပထမတွဲတွင် (သီလခန်း) နှင့် ၁၉၉၃ ခုနှစ်တွင် ဒုတိယတွဲတွင်လည်း ပါဝင်ရေးသားခဲ့ပါသည်။ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် စည်းမျဉ်းစာအုပ်များ၊ ၂၀၀၅ ခုနှစ်တွင်၊ နိဒါန်းသံယုတ် အမေးအဖြေ စာအုပ်နှင့် မဟာဝဂ္ဂသံယုတ်အမေးအဖြေ စာအုပ်များရေးခဲ့ပါသည်။

၂၀၁၃ ခုနှစ်မှစ၍ ယခုအချိန်ထိ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဌာနစု (၄) တွင် အင်္ဂလိပ်သာသာပြန် ဗုဒ္ဓစာပေများတည်းဖြတ်ရာတွင် (၁၀) နှစ်ကျော် ဓမ္မရေးရာ အတိုင်ပင်ခံအဖြစ် လည်းကောင်း (ရွှေသုဝဏ်ကျောင်းဆရာတော်) ဦးသဒ္ဒိယတိပိဋကကျမ်းစာအုပ်များ ရိုက်ရာတွင် ဓမ္မရေးရာ အတိုင်ပင်ခံ ပညာရှင်အဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

သာသနာပြုလုပ်ငန်းဆောင်ရွက်ရာမှာ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း ကျမ်းစာများ၊ ဓမ္မစရိယစာချတန်း ကျမ်းစာများပို့ချခဲ့ခြင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ဖွင့်လှစ်ရန် စီစဉ်သောအခါ တက္ကသိုလ်တွင် သင်ကြားမည့် သင်ကြား/စီမံဆရာတော်များအား (၆) လသင်တန်း (၁) ကြိမ်၊ (၃) လ သင်တန်း

(၁) ကြိမ် ဝိသုဒ္ဓိမဂ်နှင့် အဘိဓမ္မာဆရာအဖြစ်သင်တန်းများပို့ချခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၅) ရပ်ကွက်တွင် သံယုတ်သင်တန်းများ ပို့ချခဲ့ပါသည်။

တောင်တန်းဒေသ ချင်းပြည်နယ် မင်းတပ်၊ ကန်ပက်လက်၊ မတူပီမြို့၊ ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ မချမ်းဘော၊ ခန္တီး၊ ဗန်းမော်မြို့၊ ရခိုင်ပြည်နယ်၊ စစ်တွေ၊ မောင်းတော၊ ဘူးသီးတောင် မြို့များသို့ သွားရောက်သာသနာပြုခဲ့ပါသည်။

၁၉၇၂-၇၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့၌ ဆရာတော်ဦးစန္ဒိမာနှင့်အတူ ဟိန္ဒူဘာသာဝင် (၂၀) တို့ကို ဗုဒ္ဓဘာသာသို့ ကူးပြောင်းပေးခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကုသိနာရုံသို့သွားရောက်၍ ဆရာတော် ဦးဝဏ္ဏသိရိ ကုသိနာရုံ ဆရာတော်ဦးဉာဏိဿရတို့နှင့်အတူ ဟိန္ဒူဘာသာဝင် (၁) သိန်းကျော်တို့အား ဗုဒ္ဓဘာသာသို့ ကူးပြောင်းပေးခဲ့သည့်အပြင် ၎င်းတို့အထဲမှ (၂၅) ဦးအား ရဟန်းခံရန် ဆောင်ရွက်ပေးခဲ့ပါသည်။

၁၉၈၆ ခုနှစ်မှစ၍ ယခုချိန်ထိ ဘာသာရေးနှင့်ပတ်သက်သော စာပေကျမ်းဂန်များကို ရေးသားပြုစုခြင်း၊ တည်းဖြတ်ခြင်းများအပြင် သာသနာပြုလုပ်ငန်းများကိုလည်း ပြည်တွင်းတွင်သာမက ပြည်ပအထိပါ သွားရောက်ဆောင်ရွက်ခဲ့ပါသည်။

နေရပ်လိပ်စာ - အမှတ် (၇၀၆)၊ သမိန်ဗရမ်းလမ်း၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်။
ဖုန်း- ၀၉၄၂၀၀၇၂၇၁၈



## ဆရာကြီး ဦးကျော်သန်း (ကျော်သန်း-တိုင်းရင်းဆေး)

အဖ ဦးဖိုးစော၊ အမိ ဒေါ်အေးပုတို့က ၁၉၃၇ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက် တနင်္လာနေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူ ခရိုင်၊ ကျောက်ဖြူမြို့နယ်၊ ကပိုင်ချောင်းရွာ၌ မွေးဖွားခဲ့သည်။

ကျောင်းနေအရွယ်မှာ လွတ်လပ်ရေးရပြီးစဖြစ်သည်။ အသက် (၁၆) သားအရွယ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

၁၉၅၅ ခုနှစ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှာ ဒု-ဦးစီးနှင့် (၃) နှစ်ခန့် လုပ်ကိုင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ပညာဆက်သင်၍ ဝန်ထမ်းတပ်ဖွဲ့၌ ပြင်ပဝန်ထမ်းအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၆၃ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် ကုန်လမ်းပို့ဆောင်ရေး၌ အောက်တန်းစာရေးအဖြစ် လုပ်ခဲ့သည်။

၁၉၆၇ ခုနှစ်၊ ဇွန်လမှစ၍ ဗိုလ်တထောင်သတင်းစာ၌ ဆောင်းပါးများရေးသား၍ (၁၀) ပုဒ် ပြည့်သောအခါ စာပေလုပ်သားအဖွဲ့သို့ ဝင်ရောက်ခဲ့သည်။

၁၉၇၄ ခုနှစ်၊ ပန်းတောင်းမြို့ (ကပရ) တွင် တာဝန်ထမ်းဆောင်စဉ် မြို့နယ်စာပေလုပ်သားအဖွဲ့တွင် စာရေးဆရာ မောင်မြေကြီးက ဥက္ကဋ္ဌ၊ ကျွန်တော်က အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။

၁၉၉၅ ခုနှစ်မှစ၍ စောက်ချ၍၊ ဘာသာရေး၊ သုတ၊ ရသ၊ ဆောင်းပါးများ၊ ဝတ္ထုတိုများ ရောင်ပြန်၊ မနုစာရီ၊ ဂမ္ဘီရ၊ ဂမ္ဘီရဆန်းကြယ်၊ လပြည့်ဝန်း၊ သုရဋ္ဌမဂ္ဂဇင်းသီလဝ၊ မမ္မဒူတဘာသာရေးမဂ္ဂဇင်းနှင့် ယတြာဓာတ်ဆင်ဓာတ်ရိုက်များ၊ "ဥပဒ်ကပ်ဘေးအန္တရာယ် ကုထုံး" လုံးချင်းစာအုပ်ရေးသားထုတ်ဝေခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၉၈၉)၊ ဘုရင့်နောင်လမ်း၊ ၃၂ ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း ၄၂၀၁၈၃၈၈၀



## ဆရာကြီး ဦးလွင်ထွန်း (ကျောက်ထက်ထွန်း)

အဖ ဦးကြည်မောင်၊ အမိ ဒေါ်မြသွင်တို့က ၁၉၃၇ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် ဇီးကုန်းမြို့၌ မွေးဖွားခဲ့သည်။ ပညာအရည်အချင်းမှာ B.A, B.L ဘွဲ့ရခဲ့သည်။

အလုပ်တာဝန်များအဖြစ် ၁၉၆၀-၆၂ ခုနှစ်တွင် မြန်မာနှစ်ချင်းခရစ်ယာန် အထက်တန်းကျောင်း၊ ဇီးကုန်းမြို့၌ အထက်တန်းပြ/ကျောင်းအုပ်အဖြစ်လည်းကောင်း၊ ၁၉၆၂-၆၃ ခုနှစ်တွင် ဒဿနိကဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်တွင် နည်းပြအဖြစ်လည်းကောင်း၊ ၁၉၆၃-၆၇ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၌ အကြီးတန်းသတင်းထောက်/သုတေသနအရာရှိအဖြစ်လည်းကောင်း၊ ၁၉၆၇-၉၇ ခုနှစ်တွင် ပြန်ကြားရေး/ ပြည်ထဲရေးဝန်ကြီးဌာနတွင် စာပေစိစစ်ရေးမှူး/ဦးစီးအရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

စာပေအတွေ့အကြုံများအနေဖြင့် ၁၉၆၄ ခုနှစ်တွင် Working People's Daily သတင်းစာတွင် နိုင်ငံတကာရေးရာဝေဖန်ရေးဆောင်းပါးများ စတင်ရေးသားခဲ့ရာမှ စာရေးဆရာဘဝ

စတင်ခဲ့သည်။ ယခုထိဘာသာပြန်ဆောင်းပါး ဝတ္ထုတို ၁၀၀ ကျော်စီ ရေးသားခဲ့ပြီးဖြစ်ပါသည်။ သာသာပြန်လုံးချင်းစာအုပ် (၃၀) ကျော် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယခုထိသာသာပြန်ဆောင်းပါး ဝတ္ထုတို ၁၀၀ကျော်စီ ရေးခဲ့ပြီးဖြစ်ပါသည်။ ဘာသာပြန်လုံးချင်း စာအုပ် (၃၀) ကျော် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။

ကလောင်အမည် ကျော်ထက်ထွန်းအပြင် ထွန်းလွင်ဦး၊ ဝင်းလွင်ထွန်း၊ ကျော်လွင်ဦး ဟူသော ကလောင်အမည်များနှင့် လည်း ရေးသားခဲ့သည်။

စာရေးဆရာအသင်းဝင်အမှတ် (၄၄၄၁) ဖြစ်ပါသည်။

နေရပ်လိပ်စာ - အမှတ် (၂၂၉)၊ သမာဓိလမ်း၊ (၃၅) ရပ်ကွက်၊
မြောက်ဒဂုံမြို့နယ်။ ဖုန်း - ၀၉ ၂၅၄၃၁၁၂၄၅၊
၀၉ ၇၃၀ ၆၃၄၆၇



## ဆရာကြီး ဗဟိုသိမ်းဆောင်

အဖ ဦးတင် (ကြံခင်း)၊ အမိ ဒေါ်ချစ်ကြည်တို့က (၂၃-၉-၁၉၃၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ မြန်မာ့အလင်း၊ မဏ္ဍိုင်၊ ပြည်တော်စိုး၊ ဟံသာဝတီ (ရန်ကုန်) ဗိုလ်တထောင်၊ ကြေးမုံ၊ လုပ်သားပြည်သူ့နေ့စဉ်၊ ခေတ် သစ္စာ သတင်းစာများတွင် လည်းကောင်း၊ တံခွန်၊ သက်လုံ၊ အိုလံပစ်၊ ဂိုးလ်၊ ရှေ့သို့ (မြန်မာ၊ အင်္ဂလိပ်)၊ အားကာယ၊ ကာယဗလ၊ မြောက်ပိုင်းကြယ်၊ ပေါ်ပြူလာ၊ ရွှေတူ၊ Eleven,Sports၊ အလင်းတန်းဂျာနယ်တို့အပြင် မြဝတီ၊ ငွေတာရီ ကေသီပန်၊ နဝ ဒေး၊ စုံထောက်၊ လျှို့ဝှက်သည်းဖို၊ ပြည်သူ့တပ်မတော် စာစဉ်တို့ တွင် ရေးသားခဲ့သည်။

ကဗျာပုဒ်ရေ (၄၀)၊ ဆောင်းပါးပုဒ်ရေ ၁၀၀၀၀ ကျော်၊ ဝတ္ထုတိုပုဒ်ရေ (၄၀) ကျော်၊ အခန်းဆက် ဝတ္ထုရှည် (၁) ပုဒ်၊ လုံးချင်း ဝတ္ထု (၆၀) ကျော်၊ အားကစားလုံးချင်း (၅) အုပ် (စောင်ရေ အမြင့်ဆုံး ၂၅၀၀၀) အပြင် ရုပ်ရှင်၊ ဝတ္ထု၊ ဇာတ်လမ်း ဇာတ်ညွှန်း၊ ပုဒ်ရေ (၃၀) ရေးသားခဲ့သည်။

ဖခင်မှာ ၁၉၁၄ ခုထုတ် မြန်မာ့အလင်းသတင်းစာတွင် အယ်ဒီတာချုပ် ဦးစိမ်းနှင့်တွဲ၍ တာဝန်ခံအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သူ ဦးတင် (ကြံခင်း)၊ ယောဂီသွေးဆေးနှင့် သူဌေးဖြစ်သူ (ဦးဝင်းတင် ဟံသာဝတီ) အညွှန်းခံ ယောဂီဦးတင်ဖြစ်ပါသည်။

ဖော်ပြပါ စာနယ်ဇင်းများတွင် အယ်ဒီတာချုပ်၊ ထုတ်ဝေသူ၊ [illegible]၊ သတင်းထောက်၊ ကဗျာရှင်အဖြစ် စာပေတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

**နေရပ်လိပ်စာ** - (၂၆၀/၂၆၁)၊ ကြာဖြူလမ်း၊ (၄၁) ရပ်ကွက်၊
ဒဂုံမြို့သစ် (မြောက်ပိုင်း)။
ဖုန်း ၀၉ ၄၂၁၁၄၄၉၁၈



ဆရာမကြီး ဒေါ်ကြွယ်ကြွယ်(မကြွယ်ကြွယ်)

၁၂၉၅ ခုနှစ်၊ တန်ခူးလဆုတ် (၉)ရက် (၁၈-၄-၁၉၃၃) တွင် ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းရွာ၌ ဖွားမြင်ခဲ့ပါသည်။ ဖခင်မှာ ကျောင်းအုပ်ဆရာကြီး ဦးဘိုးချစ်ဖြစ်ပြီး၊ မိခင်မှာ ဒေါ်စိန်မေဖြစ်သည်။

ငယ်စဉ်က ဖခင်၊ ဦးလေး၊ အစ်ကို အစ်မတို့၏ စာသင်ပေးမှုဖြင့် စတင်ပညာသင်ခဲ့ရသည်။ နောင်တွင် ပဲခူးမြို့ အစိုးရ အထက်တန်း ကျောင်းတွင် ပညာသင်ယူခဲ့ပြီး ဆရာကြီး ဦးဖေအောင်၊ ဆရာကြီး ဦးစပ်ထွန်းမှတ်ဝင်း၊ ဆရာကြီး ဦးတင်ဦးတို့၏ ကြီးကြပ်မှုဖြင့် International Institute for Advanced Buddhist Studies တွင် အထက်တန်း ကျမ်းပြုသုတေသန အရာရှိသင်တန်း တက်ရောက်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်းအနေဖြင့် ကျောင်းဆရာမ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ်တွင် သတင်းထောက် (အယ်ဒီတာအဖွဲ့ဝင်)၊ စာပြု လက်ထောက်အယ်ဒီတာ၊ အယ်ဒီတာ အလုပ်တို့ကို နှစ် (၃၀)ခန့် တာဝန်ယူလုပ်ခဲ့သည်။ နိုင်ငံတော်မှ ပေးအပ်သော တရား ဥပဒေစိုးမိုးရေးတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်တို့ကို ၁၉၈၅

ခုနှစ်တွင် လက်ခံရရှိခဲ့သည်။

၁၉၅၀ မတ်လထုတ် လင်းယုန်ဂျာနယ်တွင် ဖော်ပြခြင်းခံခဲ့ရသည့် "မောင်းသံ" ဝတ္ထုတိုမှာ ပထမဆုံးပုံနှိပ်ခံရသည့် ဝတ္ထုတိုဖြစ်သည်။

စာရေးစက ကြွယ်ကြွယ်အမည်နှင့် ရေးခဲ့သော်လည်း ၁၉၇၀ မတ်လအတွင်းက ဗိုလ်တထောင်သတင်းစာတွင် ရေးခဲ့သည့် ဆောင်းပါးမှစ၍ အမည်ရှေ့တွင် 'မ'တပ်ပြီး မကြွယ်ကြွယ် အမည်ဖြင့် ရေးသားသည်။ ဖြူဖြူ ခိုင်ခိုင်ဝင်းရွှေ ဝင်းလဲ့ခင် အမည်များဖြင့်လည်း တစ်ခါတစ်ရံ ရေးခဲ့သည်။

ယခုအခါတွင် ဝတ္ထုတို ၆၀၀ ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည် ၃၀ပုဒ်၊ လုံးချင်းဝတ္ထု (၆)အုပ် (ဟောင်းရွက်ကြွေလျှင်၊ သမင်ဖြူကျမတို့မိန်းမသား၊ လိုက်လာရင် ရွံ့စင်ရော့မယ်၊ မေတ္တာမဏ္ဍိုင်၊ မြပွင့်မွှေး) ရေးခဲ့ပြီး၊ ဘာသာရေးစာအုပ်များဖြစ်သော ၁။လူငယ်ကြေးမုံရတနာ့သုံးပုံ ၂။ ပရိတ်တော်နှင့်ကိုယ်တွေ့ဖြစ်ရပ်များ၊ ၃။ ကြံတိုင်းအောင် ဆန္ဒပြည့်ဂါထာတော်များ၊ ၄။ ဣန္ဒသာယ ဂုဏ်တော်ဖြစ်ရပ်ဆန်း၊ ၅။ ကျိုက္ကလွန်ပွန်းစေတီတော် သမိုင်း၊ ၇။ ဒေးစွန်ပါစေတီတော် သမိုင်း၊ ၈။ ပထမဆုံး နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌဖြစ်သော ပဲခူးမြို့မ ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိ အပါအဝင် ၈-အုပ်၊ ကလေးကဗျာ ၁-အုပ်၊ ပုံပြင်စာအုပ် ၁-အုပ်တို့ကို ထုတ်ဝေခဲ့ပြီး၊ ဘာသာရေးဆောင်းပါးပေါင်း ၁၀၀၀-ခန့်၊ နိုင်ငံရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှုရှေးဟောင်း သုတေသန၊ ပန်းချီပညာရပ် ဆိုင်ရာ ဆောင်းပါးများ ၁၅၀၀ ခန့် ရေးပြီး ဖြစ်ပါသည်။ ကဗျာပုဒ်ရေ ၂၀၀-ခန့် ပုံနှိပ်ပြီးဖြစ်ပါသည်။

ဂျာမဏီနိုင်ငံ ဘွန်းမြို့တက္ကသိုလ် ဝိဇ္ဇာတန်းတွင် အရှေ့တိုင်း

ဘာသာဌာန (မြန်မာ)သင်ရိုးအတွက် စာရေးသူ၏ "သူရဲကောင်းတို့စိတ်ဓာတ်" စာအုပ်ကို ကျောင်းသုံးပြဋ္ဌာန်းခံခဲ့ရသည်။ ဂျာမဏီနိုင်ငံ ဒရက်စ်ဒင့်မြို့မှ မစ္စစ်အန်းနက် မာရီယာအက်ရှယ်၏ ပါရဂူဘွဲ့ယူ သမိုင်းနောက်ခံ မြန်မာဝတ္ထုများစာတမ်းကို ကြီးကြပ်အကြံပြုခြင်း၊ ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ မစ္စတာနာကာရှီနီ၏ ပါရဂူဘွဲ့ယူစာတမ်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖြစ်ပေါ်တိုးတက်မှုနှင့် ပြိုကွဲမှုအပေါ် သုံးသပ်ခြင်းစာတမ်းကိုလည်း ကြီးကြပ်အကြံပြုပေးခဲ့သည်။

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌအဖြစ် (၁၄)နှစ် တာဝန်ယူခဲ့ပြီး မြို့နယ်အတွင်းရှိ ဘာသာရေးအဖွဲ့အစည်းများတွင် နာယကအဖြစ် ဘာသာရေးလုပ်ငန်းများလုပ်ရင်း စာပေများရေးသားနေဆဲဖြစ်ပါသည်။

နေရပ်လိပ်စာ - အမှတ် (၆၀/က)၊ ရာဇမိရာဇ်လမ်း၊ အမှတ် (၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် နေထိုင်ပါသည်။



## ဒေါ်တင်တင်
## (ဒေါက်တာမင်းလဲ့ရီ)

အဖ မြန်မာကျောင်းဆရာကြီး ဦးအေးမောင်နှင့် အမိ ဒေါ်လေးငွေတို့က ၈-၇-၁၉၃၆ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ မန်ကျည်းတောကျေးရွာ၌ မွေးဖွားခဲ့ သည်။ ကျွန်းလှ၊ ကန့်ဘလူနှင့် မန္တလေးမြို့တို့တွင် ပညာသင်ကြား ခဲ့ပြီး မန္တလေးဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ (ဆေးပညာဘွဲ့) ကို ရရှိခဲ့သည်။

မန္တလေးမြို့ အမှတ် (၁) အ. ထ. က ၌ ပညာ သင်ကြားစဉ် အဋ္ဌမတန်းကျောင်းသူဘဝတွင် မြန်မာကဗျာ လေးချိုးလေး တစ်ပုဒ်စတင်ရေးသားခဲ့သည်။ မိမိပညာရေးအတွက် ဖားပြုတ်လေး တစ်ကောင်ကို ခွဲစိတ်လေ့လာရင်း သံဝေဂဖြစ်သဖြင့် သံသရာတွင်

ထိုဖားသူငယ်နှင့် ဆုံစည်းပါက ၎င်းအား အပြစ်မှခွင့်လွှတ်ရန် တောင်းပန်သော "လွှတ်ခွင့်ပန်ထွာ" အမည်ရှိပါသည်။ ကဗျာသည် ၁၉၅၄ ခုနှစ်၊ မန္တလေးတိုင်း ပညာ့တံခွန် ရွှေတံဆိပ်ပထမဆု ရရှိခဲ့သည်။ မရှေးမနှောင်းပင် "မက်ထရစ်စာစီစာကုံးရွှေတံဆိပ် ပထမဆုကို ပြိုင်ပွဲဝင် (၃၀) အတွင်းမှ ထပ်မံရရှိသဖြင့် ဆယ်ကျော်သက်အရွယ်တွင် တစ်နှစ်အတွင်း စာပေနှင့်ပတ်သက်၍ ရွှေတံဆိပ် (၂) ဆု ရခဲ့ဖူးသည်။

၁၉၉၃ ခုနှစ်တွင် "ဇာပါနှင်းမှုန်တောင်ငွေ့လုံး၍" အမည်ရှိ ဝတ္ထုတိုပေါင်းချုပ်ဖြင့် စာပေဗိမာန်မှ ချီးမြှင့်သောဆုကို ၂၄-၉-၁၉၉၄ နေ့တွင် ရယူခဲ့သည်။

အငြိမ်းစားဘဝတစ်လျှောက် ကဗျာများ၊ ဝတ္ထုများ၊ ဆောင်းပါးများ မြောက်မြားစွာရေး၍ မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းနှင့် အနုပညာနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ထုတ်ဝေသော ယဉ်ကျေးမှုမဂ္ဂဇင်းတို့တွင် ပင်တိုင်စာမူရှင်အဖြစ် နှစ်အတော်ကြာ ရေးသားခဲ့သည်။

ဘာသာရေးမဂ္ဂဇင်းများအနေဖြင့် သာသနာ့ရောင်ခြည်၊ ဇမ္ဗူ့ရတနာ၊ ဓမ္မရံသီ ဓမ္မရတနာတို့တွင် နှစ်နှင့်ချီ၍ ပင်တိုင်ဆောင်းပါးရှင်အဖြစ် ရေးသားခဲ့သည့် ပြင်သူ့ခေတ်သူ့ခါအလိုက်ထွက်သောမဂ္ဂဇင်းများတွင် အပြုသဘောစာပေများကို ဝတ္ထု၊ ဆောင်းပါး၊ ကဗျာပုံစံတို့ဖြင့် ရေးသားခဲ့ပါသည်။

မြန်မာနိုင်ငံသာမက ကမ္ဘာတစ်လွှားတိုင် သာသနာပြုထိပ်သီးမဟာထေရ်ကြီးများအား ပူဇော်သော ဂုဏပူဇာမြန်မာ

မဟာကဗျာများစွာကို ရေးသားခဲ့ရေးသားဆဲဖြစ်ပါသည်။ ကျောင်းသားကျောင်းသူငယ်များနှင့် ဆယ်ကျော်သက်များအတွက် ယဉ်ကျေးလိမ္မာမြန်မာကဗျာများကိုလည်း ရေးသားလျက် စာပေပညာရှင်များ၏ စာပေများ၊ ဘွဲ့လွန်စာတမ်းများနှင့် ဓမ္မစာပေအချို့အား မြန်မာမှ အင်္ဂလိပ်ဘာသာပြန်ဆိုလျက် တိုးတက်လာမည့် မိမိတို့လူငယ်များအတွက် အကျိုးသက်ရောက်စေရန် ရည်ရွယ်ပါသည်။

၁၉၉၄ ခုနှစ်တွင် ဝတ္ထုတိုပေါင်းချုပ်ဆု (ဇာပါးနှင်းမှုန်တောင်ငွေ့လုံး၍)၊ ၂၀၁၃ ခုနှစ်တွင် ကဗျာဆု (သင်းပျံ့ထုံလွင်မြိုင်တောယဉ်) ရရှိခဲ့ပါသည်။

ပုံနှိပ်ထုတ်ဝေပြီးသောစာအုပ်များမှာ ၁၉၉၄ ခုနှစ်တွင် ဇာပါးနှင်းမှုန် တောင်ငွေ့လုံး၍ (ဝတ္ထုတိုပေါင်းချုပ်)၊ ၂၀၀၇ ခုနှစ်တွင် ကျေးလက်အလှ သုခုမ (ယဉ်ကျေးမှုဆောင်းပါးများ)၊ ၂၀၀၇ ခုနှစ်တွင် တိမ်ညိုကင်းသောလရောင်များ (ဓမ္မစာပေဆောင်းပါးများ)၊ ၂၀၀၈ ခုနှစ်တွင် ယုန်စန္ဒာနှင့် စုံကန္တာ ကဗျာများ (မြန်မာကဗျာမျိုးစုံ)၊ ၂၀၁၄ ခုနှစ်တွင် မြန်မာ့ရိုးရာတေးသီချင်းများနှင့် ကျေးလက်ယဉ်ကျေးမှု (MYANMAR TRADITIONAL SONGS & FOLK CULTURE) တို့ဖြစ်ကြသည်။

**နေရပ်လိပ်စာ** - အမှတ် (၁၈) (၁၀) ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ ဒဂုံမြို့သစ်အရှေ့။



## ဦးကျော်အောင် (ကျော်စိန်ညွန့်)

၁၂၉၆ ခုနှစ်၊ တန်ခူးလဆန်း (၅) ရက်၊ (၁၉-၃-၁၉၃၄) နေ့တွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်ရပ်၌ (အဖ) ဦးဘာဘာ၊ (အမိ) ဒေါ်စိန်ညွန့်တို့က မွေးဖွားသည်။ ငယ်စဉ်က မြို့မ အမျိုးသား၊ အမျိုးသမီးအထက်တန်းကျောင်း၊ ဗဟန်းအစိုးရ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။

၁၉၅၃ ခုနှစ်တွင် သန်းခေါင်စာရင်းမင်းကြီးရုံး၊ နောက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင် အငယ်တန်းစာရေးအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ သည်။ ဝန်ထမ်းတာဝန်ထမ်းဆောင်နေစဉ်အတွင်း လုပ်သားများကောလိပ်မှ ဝိဇ္ဇာဘွဲ့ (သမိုင်းအဓိက) ကို မဟာဝိဇ္ဇာအရည်အချင်းစစ် အဆင့် (၂) ဖြင့် အောင်မြင်ခဲ့သည်။ ထို့နောက် မှတ်ပုံတင်ရှေ့နေ (R.L) စာမေးပွဲအောင်မြင်ခဲ့သည်။

၁၉၉၃ ခုနှစ်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဆတ်ခရိုင်တွင် ဦးစီးအရာရှိ ခရိုင်မှူးတာဝန်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မိုင်းဆတ်ပရဟိတကျောင်းဆောင်းပါးဖြင့် စာပေစတင်ရေးသားခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ဧပြီတွင် မိုင်းဆတ်ခရိုင်တွင် တာဝန်ထမ်းဆောင်နေစဉ် သက်ပြည့်အငြိမ်းစားယူခဲ့သည်။ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၀

အငြိမ်းစားယူပြီးနောက် တရားလွှတ်တော်ရှေ့နေအဖြစ်ဆောင်ရွက်နေစဉ် စာပေများဆက်လက်ရေးသားခဲ့သည်။ ရတနာမွန် မဂ္ဂဇင်း၊ ရတနာတံခွန်မဂ္ဂဇင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ဝေသော ရွှေတံခါးမှူးမဂ္ဂဇင်း၊ သုတ ပဒေသာစာစောင်၊ မှုခင်းရေးရာသတင်းဂျာနယ်၊ တကယ့်ဖြစ်ရပ် မှန်မဂ္ဂဇင်း၊ သုံးခွမြို့နယ်အသင်းမဂ္ဂဇင်း၊ ရဲကြေးမုံမဂ္ဂဇင်း၊ ပြစ်မှု မဂ္ဂဇင်း၊ ရွှေမောင်းသံဂျာနယ်၊ ရွှေဒေါပုံမဂ္ဂဇင်း၊ ပဲခူးတိုင်းအမျိုးသမီးရေးရာမဂ္ဂဇင်း၊ လင်းရောင်ခြည်မဂ္ဂဇင်း (USIS) Health for All မဂ္ဂဇင်းတို့တွင် ဆောင်းပါး၊ ဝတ္ထုတိုနှင့် ဘာသာပြန်ပုဒ်ရေ စုစုပေါင်း (၈၃) ပုဒ် ရေးသားခဲ့ပြီးဖြစ်သည်။ ဒေါပုံမြို့နယ်စာရေးဆရာအသင်း၌ နာယက ဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ထုတ်ဝေသော "ရွှေတံခါးမှူးမဂ္ဂဇင်း" တွင် စာတည်းအဖွဲ့ဝင် (အင်္ဂလိပ်ဘာသာ) အဖြစ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် သထုံခရိုင်အတွင်းရှိ ပအိုဝ်းတိုင်းရင်းသားလူမျိုးများအား ကွင်းဆင်းလေ့လာခဲ့ပြီး၊ "ပအိုဝ်း

**အစ သထုံက"** ဟူသော စာမူကို စာပေဗိမာန်စာမူပြိုင်ပွဲသို့ (၂၃-၇-၂၀၁၅) နေ့တွင် တင်ပြထားပါသည်။

**နေရပ်လိပ်စာ-** ၂၂၄၊ အောင်သုခလမ်း၊ သဘော်ကျောင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။ (ဖုန်း-၀၉-၇၃၂၄၄၀၇၇)



ဆရာကြီး ဦးတင်မြင့် (လူအောင်)

အဖ ပန်းထိမ်ဆရာကြီး ဦးလှဘော်+ ဒေါ်ဝွမ်းယုန် (ဒေါ်ရွှေစင်) တို့က ၉-၅-၁၉၃၆ ရက်နေ့တွင် ရေကျော်၊ ၅၂ လမ်း၊ ရန်ကုန်၌ မွေးဖွားခဲ့သည်။

မွေးချင်းငါးယောက်အနက် ဒုတိယဖြစ်သည်။ စစ်ပြီးခေတ်၊ လွတ်လပ်ရေးအကြိုကာလ (၁၉၄၆ ဝန်းကျင်) တွင် ကျောက်မြောင်း၊ ဘယသုဒ္ဓိလမ်းရှိ ဘုန်းကြီးကျောင်းနှင့်တွဲလျက် မြူနီစီပါယ်ကျောင်းတွင် ဗုဒ္ဓဘာသာစာပေနှင့် အတန်းပညာသင်ယူသည်။ ၁၉၅၀ ဝန်းကျင်အစိုးရစစ် စတုတ္ထတန်း အောင်သည်။ ၁၉၅၁-၅၃ နှစ်များတွင် ကျောက်မြောင်း၊ ဆရာစိုးအလွတ်ပညာသင်ကျောင်း၌ အလယ်တန်းပညာသင်ယူသည်။ ၁၉၅၃-၅၄ ခုနှစ်တွင် ကန်တော်ကြီး၊ ကနေဒီပွိုင့်အနီး "မြန်မာ-မူစလင်" အထက်တန်းကျောင်း၌ ပညာသင်ကြားသည်။ ၁၉၅၅-၅၆ ခုနှစ်တွင် ကျောက်မြောင်း၊ ကျားကွက်သစ်လမ်းရှိ ဆရာကြီးဦးဘလှအောင်၏ အလွတ်ပညာသင် ကျောင်းမှ ၁၀ တန်းအောင်သည်။

၁၉၅၆-၅၇ နှင့် ၁၉၅၇-၅၈ ပညာသင်နှစ်များတွင် ပုဇွန်တောင်ရှိ "သက်ကြီးတက္ကသိုလ်" ၌ ဥပစာဝိဇ္ဇာအပိုင်း (ခ) အထိ ပညာသင်ကြားသည်။

နိုင်ငံတော်လက်ကားသမဝါယမအဖွဲ့ချုပ်၊ ကာကွယ်ရေး (၃) ညွှန်ကြားရေးမှူး ငွေစာရင်းရုံး၊ ထိုစဉ်က ဘီ၊ ပီ၊ အိုင် လက်အောက်ခံဖြစ်သော ရန်ကုန်ဆေးတိုက် (နောင်ဆေးနှင့် ဆေးပစ္စည်းကော်ပိုရေးရှင်း)၊ ကော်ပိုရေးရှင်း ၁၂ (ယာဉ်နှင့် အပိုပစ္စည်း) စသည့်ရုံးများ၌ အမှုထမ်းခဲ့ဖူးသည်။

ယခုလက်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နှစ်ပတ်တစ်ကြိမ်ထုတ် 'အလှဆင်သူဂျာနယ်' တွင် ၂၀၁၂ ခုနှစ်မှ စ၍ အယ်ဒီတာအဖြစ် အမှုထမ်းဆဲရှိသည်။

၁၉၅၉ ခုနှစ်၊ မတ်လထုတ် 'စုံထောက်ဝတ္ထုမဂ္ဂဇင်း' တွင် ပထမဆုံး ဝတ္ထုတိုဖော်ပြခံရသည်။ ဆရာမိုးဝေ၏ တာဝန်ပေးချက်အရ 'တင်တင်မြင့်' ဟူသော ကလောင်အမည်ဖြင့် စုံထောက်ဝတ္ထုများ ဆက်တိုက်ရေးဖြစ်ခဲ့သည်။ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် 'သွေးသောက်မဂ္ဂဇင်း' တွင် 'လူအောင်' အမည်စတင်ယူသည်။ ထိုအမည်ဖြင့် ဆက်၍ တောက်လျှောက်ရေးသားလာခဲ့သည်။

၁၉၆၃-၆၄ ခုနှစ်တွင် 'လျှို့ဝှက်သည်းဖို' မဂ္ဂဇင်း၌ အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ လျှို့ဝှက်သည်းဖို စိတ္တဇအချစ် ဝတ္ထုများအရေးများခဲ့သည်။ ဝတ္ထုတို၊ ဝတ္ထုရှည်၊ သုတ/ရသ ဆောင်းပါး၊ ဘာသာပြန်ဆောင်းပါးများ မဂ္ဂဇင်းအစုံ၌ (ခန့်မှန်း) ပုဒ်ရေ ၉၀၀ ကျော်မျှရေးသားဖြစ်ခဲ့သည်။ သို့ရေးသားရာတွင် တစ်ခါတစ်ရံ 'မောင်ရင်ဆိုင်းတန်း' ကလောင်ခွဲအမည်ဖြင့်လည်း ရေးသားခဲ့သည်။

၁၉၇၀ ပြည့်လွန် နှစ်များတွင် မြတ်မဂ္ဂဇင်း၊ မိုးကောင်းမဂ္ဂဇင်း စသည့်မြို့နယ်အထူးထုတ်မဂ္ဂဇင်းများအတွက် စာရေးဆရာ မောင်သိန်းဆိုင်နှင့်အတူ တွဲ၍ဆောင်ရွက်ပေးခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် 'သည်းဦးပန်း' မဂ္ဂဇင်းကို အထောက်တော်လှအောင်နှင့် တွဲ၍ ရေးသူ-ဝေဖန်သူ (ဆရာအောင်သင်း) ကြား ပုံစံသစ် တစ်ရပ်ဖြင့် ကြိုးပမ်းကြည့်ကြသည်။ မဂ္ဂဇင်းဝတ္ထုစာပေဖောမက်အသစ်အနေဖြင့် စာပေလောကတွင် အလှုပ်လှုပ်အရှားရှားဖြစ်ရသည်အထိ ပြောစမှတ်တွင် ခဲ့သည့်တိုင် စီးပွားရေးအားဖြင့် မြတ်ငြိမ်းနှင့်အတူ အလူးအလဲဖြစ်ခဲ့ရသည်။

၁၉၇၂ ခုနှစ်တွင် လုံးချင်းဝတ္ထုများစတင်ရေးသားခဲ့ရာ (၁၁) အုပ်ဖြစ်ပါသည်။ ၁၉၇၅ ခုနှစ်တွင် ပင်ကိုလုံးချင်းအရေးရပ်သွားသည်။ ဘာသာပြန် (၁၁) အုပ် ရေးသားခဲ့သည်။

နေရပ်လိပ်စာ - အမှတ် (၃၀၀)၊ လမ်းသွယ် ၁ (၁၁) လမ်း၊ ယမုံနာ (၁) ရပ်ကွက်၊ ဒေါပုံမြို့နယ်။



## ဆရာကြီးဦး ကျော်ဇင်ညွန့်
## (တက္ကသိုလ် မြတ်သူ + အခြားကလောင်ခွဲ ၁၈၅ ခု)

အဖ ဦးကံညွန့် (ကျန်းမာရေးအရာရှိ)၊ အမိ ကျောင်းဆရာမကြီး ဒေါ်မြဇင်တို့မှ ၁-၆-၁၉၃၁ နေ့တွင် မြင်းခြံမြို့၌ မွေးဖွားခဲ့သည်။ မြင်းခြံအထကမှ တက္ကသိုလ်ဝင်တန်းအောင်သည်။ (၁၉၅၀-၅၁)၊ မန္တလေးတက္ကသိုလ် ဥပစာတန်းတက်သည်။ (၁၉၅၁-၅၂)၊ HGP အထက်တန်းရှေ့နေ စာမေးပွဲအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ ဥပဒေဘွဲ့ LLB ရသည်။

၁၉၅၂-၅၃ ရန်ကုန်ငွေစာရင်းမင်းကြီးရုံး (စာရေး)၊ ၁၉၅၄ ခုနှစ် ရန်ကုန်ပညာမင်းကြီးရုံး (စာရေး)၊ ၁၉၅၅-၅၇ ခုနှစ် အလယ်တန်းပြဆရာ၊ ပန်းအိုင်ရွာ၊ မလှိုင်မြို့နယ်၊ မိတ္ထီလာခရိုင်၊ ၁၉၅၇ ခုနှစ် ဇွန်လမှ ၁၉၈၇ ခုနှစ်မေလအထိပြည်တော်စိုး၊ ခေတ်သစ္စာ၊ ဗိုးဝေ၊ အမျိုးသား၊ ပိုလ်တထောင်၊ လုပ်သားပြည်သူ့နေ့စဉ်၊ ကြေးမုံ၊ မြန်မာ့ အလင်း၊ ဟံသာဝတီသတင်းစာ (၉)စောင်တွင် သတင်းထောက်၊ အယ်ဒီတာ၊ တာဝန်ခံအယ်ဒီတာ၊ ဒုတိယအယ်ဒီတာချုပ်၊ အယ်ဒီတာချုပ်တာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၉၉၇ မှ ၂၀၁၂ အထိ အကြံပေးအရာရှိ ပြန်ကြားရေး ဝန်ကြီးဌာန၊ သီလဝစာစောင်၊ ရုပ်ရှင်ကြေးမုံသတင်းစာ၊ ရွှေဝါရောင်ဂျာနယ် တို့ကို ကိုယ်တိုင်တည်းဖြတ် ထုတ်ဝေခဲ့သည်။ စာပေဗိမာန်အဖွဲ့- မြင်းခြံအထက၊ အမှုဆောင် - မန္တလေးတက္ကသိုလ် ရာဇဝင်အသင်း၊ အတွင်းရေးမှူး- မန္တလေးတက္ကသိုလ် ပါဠိအသင်း၊ အတွင်းရေးမှူး - မန္တလေးတက္ကသိုလ်တူရိယာအဖွဲ့၊ နိုင်ငံခြားဆက်သွယ်ရေးမှူး ကလောင်သစ်အဖွဲ့ချုပ်၊ အမှုဆောင်၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာရေးဆရာများအသင်း၊ သဘာပတိအဖွဲ့ဝင်၊ စာပေလေ့လာရေးအဖွဲ့ဌာနချုပ်၊ ဒု-ဥက္ကဋ္ဌ၊ ပြည်သူ့ကဗျာဆရာများအသင်း၊ ဆော်ဩရေးမှူး - မြန်မာစာအဖွဲ့- ပုဇွန်တောင်၊ ကော်မတီဝင်၊ စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီ၊ ကော်မတီဝင်၊ စာပေလုပ်သားစည်းရုံးရေးကော်မတီ၊ ဆော်ဩရေးမှူး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ အောင်မြင်ရေးစာပေအနုပညာ အဖွဲ့အစည်းပေါင်းစုံ လှုံ့ဆော်ရေးဗဟိုအဖွဲ့၊ သတင်းစာတိုက်ပေါင်းစုံ အလုပ်သမားသမဂ္ဂများ ပူးတွဲကော်မတီ၊ ဥက္ကဋ္ဌ၊ စာသုံးသူသမဝါယမ၊ ရပ်ကွက် (၃)ပုဇွန်တောင်၊ ကော်မတီဝင်၊ ရန်ကုန်တိုင်းစီးပွားရေး စီမံကိန်းအကောင်အထည်ဖော်ရေး ကော်မတီ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဈာပန (ဗဟိုကော်မတီ) အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။ ၁၉၄၅-၄၆တွင် ကဗျာစတင်ရေးသည်။ မန္တလေးတက္ကသိုလ်တွင် ကဗျာပြိုင်ပွဲ၊ ပြဇာတ်ရေးပြိုင်ပွဲ ပထမဆုရသည်။

မန္တလေးတက္ကသိုလ်မဂ္ဂဇင်း (၁၉၅၂)တွင် ကဗျာပုံနှိပ်ဖော်ပြခံရသည်။ ရှုမဝ၊ မြဝတီ၊ သွေးသောက်၊ စုံထောက်၊ ကာနယ်ဇင်း၊ နဝဒေး၊ ဖြူနီညိုပြာ မဂ္ဂဇင်းများတွင် ကဗျာပုဒ်ရေ ၃၀၀ ကျော် ရေးဖြစ်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ရွှေစေတီသံကဗျာများ စာအုပ်ဖြင့်

အမျိုးသားစာပေဆု ရရှိသည်။ ၁၉၅၇ ခုနှစ် သတင်းစာလောက စဝင်ပြီးနောက်၊ သတင်းစာများတွင် ဆောင်းပါးခေါင်းကြီး (အယ်ဒီတာ့အာဘော်)ပုဒ်ရေ ထောင်ချီရေးဖြစ်သည်။

၁၉၅၈ ခုနှစ်တွင် မကြွေပါနဲ့ ဝတ္ထုစာအုပ် ၂၀ ခန့် ဝတ္ထု မဟုတ်သော အနုပညာ၊ ခရီးသွားမှတ်တမ်း၊ နိုင်ငံရေး၊ သုတစာအုပ် ၂၅အုပ်ခန့် ရေးသားထုတ်ဝေခဲ့သည်။ ကလောင်အမည် ၁၈၆ ခုဖြင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိက စာနယ်ဇင်းများတွင် ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး ပုဒ်ရေ နှစ်သောင်းကျော်ရေးခဲ့သည်။

၁၉၉၇ ခုနှစ်တွင် နိုင်ငံတော်က တိုင်းကျိုးပြည်ပြု ကလောင် ရှင်ဆုချီးမြှင့်သည်။ ၂၀၀၇ ခုနှစ်တွင် လူမှုထူးချွန် ဒုတိယဆု ရရှိသည်။ ၂၀၁၂ ခုနှစ်၊ လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတက စည်သူတံ့ပေးအပ် ချီးမြှင့်သည်။

စာရေးဆရာကိုယ်စားလှယ်အဖြစ်၊ ၁၉၅၈ ခုနှစ်က ဆိုဗီယက်သို့ အာရှအာဖရိက စာရေးဆရာညီလာခံတက်ပြီး တရုတ်စာရေးဆရာကြီး မော်တွန်း ဖိတ်ကြားချက်အရ တရုတ်ပြည် သို့တစ်လကြာ လိုက်ပါလေ့လာသည်။ ၁၉၆၂ ခုနှစ်က ဖင်လန်နိုင်ငံ၊ ဟယ်လ်ဆင်ကီသို့ ကမ္ဘာ့ကျောင်းသားလူငယ်ပွဲတော်သို့ စာရေးဆရာ လူငယ်အဖြစ်တက်ရောက်ရင်း တရုတ်၊ ဆိုဗီယက် ဖင်လန်၊ ဟန်ဂေရီနိုင်ငံတို့သို့ လည်ပတ်လေ့လာခဲ့သည်။

၁၉၉၃ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်စာရေးဆရာ အသင်းဖိတ်ကြားချက်အရ စာရေးဆရာကိုယ်စားလှယ်အဖြစ် သွား ရောက်လေ့လာခဲ့သည်။ ၂၀၀၇ ခုနှစ်၊ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် အာဆီယံပင်နီညာဉ် စာတမ်းရေးဆွဲရာ၌ လူမှုရေးရှုထောင့်မှ အကြံ ပြုရန်သွားရောက်ခဲ့သည်။ ၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၁ တို့တွင်

စက်ာပူနိုင်ငံသို့ စာရေးဆရာအဖြစ် သွားရောက်လေ့လာခဲ့သည်။

သတင်းစာဆရာကိုယ်စားလှယ်အဖြစ် ၁၉၇၃ ခုနှစ်တွင် ပိုလန်နှင့်ဆိုဗီယက်သို့ သတင်းစာဆရာအဖြစ် သွားရောက်လေ့လာခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ဂျီဒီအာခေါ် အရှေ့ဂျာမနီသို့ သတင်းစာလေ့လာရေးခရီး သွားရောက်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုအစိုးရ ဖိတ်ကြားချက်အရ ကြေးမုံသတင်းစာအယ်ဒီတာချုပ်အဖြစ် အမေရိကန်ပြည်ထောင်စု နှစ် ၂၀၀ ပြည့် မွေးနေ့လေ့လာရန်နှင့် အမေရိကန်သမ္မတရွေးကောက်ပွဲ လေ့လာရန် ၄၅ ရက်ကြာ သွားရောက်ခဲ့သည်။

၁၉၉၈ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပသော အာဆီယံသတင်းစာဆရာများနှီးနှောဖလှယ်ပွဲသို့ သွားရောက်ဆွေးနွေးခဲ့သည်။ ၁၉၉၉ ခုနှစ် နှင့် ၂၀၀၁ ခုနှစ်၊ တိုကျိုမြို့၊ အာရှအနာဂတ် နိုင်ငံတကာညီလာခံသို့ သတင်းစာဆရာအဖြစ် တက်ရောက်ခဲ့သည်။ ပြည်တွင်းလေ့လာရေး ခရီးစဉ်များ၊ စစ်ဆင်ရေးလေ့လာမှုခရီးစဉ်များ၊ လူရည်ချွန်စီမံကိန်းနှင့် အသုံးလုံးအောင်ပွဲခရီးစဉ်များ၊ စာပေဟောပြောပွဲခရီးစဉ်များ၊ ဆန္ဒခံယူပွဲခရီးစဉ်များ အများအပြား သွားရောက်ခဲ့သည်။

၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ရက်မှ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ရက်နေ့အထိ အမျိုးသားညီလာခံကျင်းပရာ၌ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်အဖြစ် ညီလာခံအစအဆုံးတက်ရောက်ကာ၊ ညီလာခံဂုဏ်ပြုဆောင်းပါးများစွာ၊ ညီလာခံဂုဏ်ပြုတေးသီချင်း 'လရောက်ဆမ်းမှ လန်းသောပန်း'နှင့် 'ရှက်စုံဖွင့်၍တက်ပြိုင်လှော်' နှစ်ပုဒ်ရေးစပ်ခဲ့သည်။ တေးသီချင်း ၁၅ ပုဒ်ရေးစပ်ခဲ့သည်။

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာ ၃ရက်မှ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ရက်အထိ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်တွင် အချိန်ပြည့်ပါဝင်ရေးဆွဲခဲ့သည်။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်မှ ဇွန်လကုန်အထိ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အား ပြည်လုံးကျွတ်ဆန္ဒခံယူရေးအတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကော်မရှင်တွင် ပါဝင်ကာ ရန်ကုန်တိုင်း တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၉၅ ခုနှစ် အမျိုးသားစာပေ (ကဗျာ)ဆု၊ ၁၉၉၇ ခုနှစ် တိုင်းကျိုးပြည်ပြု ဆောင်းပါးရှင်ဆု၊ ၂၀၀၇ ခုနှစ် လူမှုရေးထူးချွန်-ဒုတိယအဆင့်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ စည်သူဘွဲ့နှင့် ဘွဲ့တံဆိပ်များ ရရှိခဲ့သည်။ သင်တန်းပေါင်း ၃၀၀ ကျော်တွင် သတင်းစာပညာရပ်၊ ကဗျာစာပေအရေးအသား၊ အမျိုးသား ယဉ်ကျေးမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုစိတ်ဓါတ်၊ အမျိုးသားနိုင်ငံရေး၊ ဗိုတာဝန်အရေးသုံးပါးဘာသာရပ်များကို ပို့ချခဲ့သည်။ လုံးချင်းစာအုပ်ပေါင်း (၅၀)နီးပါးနှင့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ခရီးသွားမှတ်တမ်း စာပေဆောင်းပါး ပုဒ်ရေ နှစ်သောင်းကျော်ကို ကလောင်အမည် အမျိုးမျိုးဖြင့် ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - တိုက်၅၊ အခန်း(၂၀)၊ ပြည်တော်သစ် ရိပ်သာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဆရာကြီး ဦးခင်မောင်လေး
## (ဖိုးသောကြာ-ခေတ်+မိုး)

အဖ ဦးမောင်မောင်ခင်၊ အမိ ဒေါ်နန်းအေးသွယ်တို့က ၁၂၉၅ ခုနှစ်၊ ကဆုန်လဆန်း (၁၂) ရက် (၄-၆-၁၉၃၃) နေ့တွင် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ မွေးဖွားခဲ့သည်။

ဂျပန်ခေတ်တွင် ဂျပန်အစိုးရ အထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့သည်။ ညောင်တုန်းမြို့ အစိုးရအထက်တန်းကျောင်းမှ အစိုးရစစ်တန်းမြင့်ကျောင်းထွက် (S.L.C) စာမေးပွဲကို ၁၉၅၀ ပြည့်နှစ်တွင် အောင်မြင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့တက်ရောက်ပြီး စီးပွားရေးသတင်းစာ၊ သမာဓိသတင်းစာ၊ ဗမာ့ခေတ်သတင်းစာ၊ လူထုသတင်းစာ (မန္တလေး) တို့၏ ကော်လံစား သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့ပြီး သတင်းစာလောကသို့ ဝင်ရောက်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ဗမာ့ခေတ်သတင်းစာ တာဝန်ခံအယ်ဒီတာနှင့် ၁၉၆၀ ပြည့်နှစ်တွင် မိုးကြိုးသတင်းစာ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၆ ခုနှစ် မြန်မာနိုင်ငံသတင်းထောက်များအသင်း အကောင်းဆုံးသတင်းရေးသားသူဆုကို ချီးမြှင့်ခံရသည်။

တရုတ်ပြည် မန်ချူးမြို့၊ အိန္ဒိယနိုင်ငံ ဒေလီမြို့၊ ဂျပန်နှင့် ထိုင်းနိုင်ငံများသို့ သတင်းစာဆရာအဖြစ် နိုင်ငံတော်အစိုးရက

စေလွှတ်ခြင်းခံရသည်။

နက္ခတ္တသိပ္ပံဆောင်းပါးများ၊ သတင်းသမားနှင့် သတင်းဝက်ပါနှင့် ဘာသာပြန်စာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။ ယနေ့အထိ ဆောင်းပါး၊ ဘာသာပြန်ဝတ္ထုနှင့် ကဗျာပုဒ်ရေ တစ်ထောင်ကျော်ကို ရေးသားခဲ့ပြီး လစဉ်ထုတ်၊ အပတ်စဉ်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆက်လက်ရေးသားနေဆဲဖြစ်သည်။ ထို့ပြင် ထုတ်ဝေသူ၊ ကြီးကြပ်စီမံသူ စာတည်းမှူးချုပ်အဖြစ် ဖေးဗရိတ်သတင်းဂျာနယ်နှင့် သတင်းသစ် သတင်းဂျာနယ် ဂျာနယ်နှစ်စောင်ကို ထုတ်ဝေခဲ့ပြီး ၂၀၁၃ ခုနှစ်၊ မတ်လ၌ ခေတ်မိုးနေ့စဉ် သတင်းစာထုတ်ဝေခွင့်ရရှိခဲ့သည်။ နိုင်ငံတော်အစိုးရက ပုဂ္ဂလိက သတင်းစာများကို စတင်ထုတ်ဝေခွင့်ပြုသော ၂၀၁၃ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စ၍ ရွှေနိုင်ငံသစ် ပုဂ္ဂလိက နေ့စဉ်သတင်းစာကို စီမံကြီးကြပ်တည်းဖြတ်သူ (အယ်ဒီတာချုပ်) အဖြစ် တာဝန်ယူ၍ ယခုတိုင် ဆောင်ရွက်ထုတ်ဝေလျက်ရှိသည်။

စာပေတာဝန်များအဖြစ် မြန်မာပြည်သတင်းထောက်များအသင်း (BRA) အမှုဆောင် (၁၉၅၆-၅၈)၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း (BJA) အတွင်းရေးမှူးနှင့် အမှုဆောင် (၁၉၆၀-၆၄)၊ မြို့နယ်စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌ (၁၉၇၆-၈၀)၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ (၂၀၁၁-၂၀၁၂) နာယက၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ဒုတိယဥက္ကဋ္ဌ (၂၀၁၂ မှ စ)၊ အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၂၀၁၃ ခုနှစ်အတွက်၊ သုတစွယ်စုံတစ်သက်တာစာပေဆုရခဲ့သည်။ ၂၀၁၃မှ ၂၀၁၅ အထိ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ဒုတိယဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံသတင်းမီဒီယာကောင်စီ ဥပဒေအရ ရွေးချယ်တင်မြောက်သော မြန်မာသတင်းမီဒီယာကောင်စီဥက္ကဋ္ဌအဖြစ်၊ ၂၀၁၅ ခုနှစ်မှ ယနေ့ အထိ တာဝန်ထမ်းဆောင်ဆဲဖြစ်သည်။

**နေရပ်လိပ်စာ -** အမှတ် (၁၉)၊ မဟာဇေယျလမ်း၊ ရေကျော် (၇) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။



ကျော့ရှင်း

သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်တွင် ဦးစံယဉ် + ဒေါ်ငွေယဉ် မိဘနှစ်ပါးက ၁၉၃၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။

၁၉၅၀ ခုနှစ်မှာ အိုးဝေ သတင်းစာတိုက်တွင် ကဗျာများ ရေးရင်းမှ စာပေနယ်သို့ စတင် ဝင်ရောက်ခဲ့ပါသည်။

အိုးဝေသတင်းစာတိုက်တွင် ကဗျာများရေးခွင့်ရခြင်းမှာ ဆရာကတော် ဒေါ်ခင်သန်းနွဲ့က ဆရာဦးညိုမြအား ၎င်းကို အပ်ပေးသော ကျေးဇူးကြောင့် အိုးဝေသတင်းစာတွင် ကဗျာများ ရေးသားခွင့်ရခဲ့ပါသည်။

ထို့နောက် အိုးဝေသတင်းစာတိုက်တွင် ကဗျာကဏ္ဍ အယ်ဒီတာအဖြစ် တာဝန်ပေးခြင်းခံရပြီး ကိုတင်စိုး (သာကဒိုး) တို့နှင့်အတူ အိုးဝေသတင်းစာတိုက်၏ လုပ်ဖော်ကိုင်ဖက်များ ဖြစ်ခဲ့ကြပါသည်။

လုံးချင်းဝတ္ထုများကို ၁၉၅၁ နှစ်လယ်လောက်မှစ၍ "ရွှေဝါဖူး"၊ "မထားရက်ပါနဲ့ ထား"၊ "မိုးအလှနှင့်သူ့မျက်နှာ" စသည့် လုံးချင်းဝတ္ထုများကို ရေးသားခဲ့ရာ ယနေ့အထိ အုပ်ရေ (၇၀) ခန့်

ရေးသားခဲ့သည့် လုံးချင်းများထဲတွင် ၁၉၉၂ ခုနှစ်က ထုတ်ဝေခဲ့သည့် "အလွမ်းကလေးတွေ" လုံးချင်းဝတ္ထုနှင့် ၁၉၉၅ ခုနှစ်တွင်ထုတ်ခဲ့သည့် "ပန်းလိုပန်ပါ့မယ်" လုံးချင်းဝတ္ထုတို့သည် ရောင်းအားအကောင်းဆုံးနှင့် စံချိန်တင်လျက် အအောင်မြင်ဆုံး လုံးချင်းဝတ္ထုများအဖြစ် မှတ်တိုင်ထူခဲ့ပြီး ယခု ၂၀၁၄ ခုနှစ်၊ မတ်လတွင် "တစ်လှေထဲစီးသွား ညီအစ်ကို မောင်နှမများ" လုံးချင်း၊ အော်ပရာ ပြဇာတ်ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသား ထုတ်ဝေခဲ့ပါသည်။ အဖွဲ့ဝင်အမှတ် ၂၆၃၆ ဖြစ်ပါသည်။

နေရပ်လိပ်စာ - အမှတ် (၈၈)၊ မြောင်းကြီးလမ်း၊
ရေကျော်၊ ပုဇွန်တောင်မြို့နယ်။



ဆရာကြီး ဦးချစ်လှိုင် (ကိုကိုမောင်ကြီး)

အဖ စာတိုက်အင်စပက်တော် ဦးညို၊ အမိ ဒေါ်တင်တို့မှ ၁၂၈၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ရက် (၁၅-၃-၁၉၂၆)ရက်တွင် ကသာခရိုင်၊ မော်လူးရွာ၌ မွေးဖွားသည်။

မန္တလေးမြို့ ဖားသားလဖုံးကျောင်း၊ ကသာမြို့ အစိုးရ အထက်တန်းကျောင်း၊ မိုးကုတ်မြို့ အစိုးရအထက်တန်းကျောင်းများတွင် ဒသမတန်းအထိ ပညာသင်ကြားခဲ့သည်။ ပြင်သစ်နိုင်ငံ ပါရီမြို့ဆော်ဘွန်းတက္ကသိုလ် စာပေပညာမဟာဌာန၊ ဆိုဗီယက်ရုရှားနိုင်ငံ မော်စကိုမြို့ ဆိုဗီယက်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီကဖွင့်လှစ်သော ကွန်မြူနစ်ပါတီ တက္ကသိုလ်တွင် ဘောဂဗေဒဘာသာရပ်နှင့် နိုင်ငံရေးသိပ္ပံဘာသာရပ်များ သင်ယူခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ စိတ်ဓာတ်စစ်ဆင်ရေးဌာန မဂ်လာဒုံတွင် ၁၉၅၆ခုနှစ်မှ ၁၉၇၂ခုနှစ်အထိ သုတေသနအရာရှိချုပ်အဖြစ်လည်းကောင်း၊ တော်လှန်ရေးကောင်စီခေတ်တွင် ဗဟိုနိုင်ငံရေးသိပ္ပံနည်းပြချုပ် အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီ စနေနဂါးဂျာနယ်တွင် မိုးကုတ်

မောင်ကလောင်အမည်ဖြင့် စတင်ရေးသားခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဂျာနယ်ကျော်၌ မောင်သစ္စာကလောင်အမည်ဖြင့် ဆောင်းပါးများရေးသားခဲ့သည်။

ပထမအကြိမ်ထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ကိုကိုမောင်၊ မောင်ချစ်ကြည်၊ ရဲဘော်ချစ်ကြည်၊ မောင်ချစ်လှိုင်စသည့် ကလောင်အမည်များဖြင့် ရေးသားခဲ့သည်။

ကိုကိုမောင်အမည်ဖြင့် 'ပါရီတွင် သောင်တင်ခဲ့စဉ်က' 'အာကာကိုလွှာပုံ ပြုပါလို့' 'မဟာအချစ်ခရီးသည်' စသည့်လူကြိုက်များထင်ရှားသော လုံးချင်းဝတ္ထုများရေးသားခဲ့သည်။

ရဲဘော်ချစ်ကြည်ကလောင်အမည်ဖြင့် 'မာ့စ်လီနင်ဝါဒကျမ်း' အပါအဝင် ကျမ်းစာအုပ် (၄)အုပ် ရေးသားခဲ့သည်။ တော်လှန်ရေးကောင်စီ၏ ဝါဒသဘောထားကြေညာချက် 'လူနှင့်ပတ်ဝန်းကျင်တို့၏ အညမညကျမ်း' နှင့် ဗဟိုနိုင်ငံရေးသိပ္ပံတွင် သင်ကြားပို့ချရန် သင်ရိုးညွှန်းတမ်းဝင်စာစဉ်များ၊ စာစုများကို ရေးသားညွှန်ကြား၊ တည်းဖြတ်ပြင်ဆင်ပေးခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် BIA,BDA,BNA တပ်မတော်တို့တွင် တပ်သားအဆင့်မှ ဗိုလ်အဆင့်အထိ အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။

လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်၊ ဇေယျကျော်ထင်ဘွဲ့နှင့် နိုင်ငံဂုဏ်ရည် ပထမဆင့်တို့ ချီးမြှင့်ခြင်းခံခဲ့ရသည်။

နေရပ်လိပ်စာ - အမှတ် (၆)၊ ၅ လွှာ၊ ၅၄ လမ်း၊
ပုဇွန်တောင်မြို့နယ်။



ဆရာကြီး ဦးလှကွယ်
တက္ကသိုလ်လှကွယ်

အဖ ဦးကျင်ဟုတ် (ကွယ်လွန်)၊ အမိ ဒေါ်တင်ရီ (ကွယ်လွန်) တို့က ၁၉-၅-၁၉၃၇ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ သိပ္ပံဘွဲ့ (သတ္တဗေဒ) ရခဲ့သည်။

မြဝတီစာပေတိုက်တွင် လက်ထောက်အယ်ဒီတာ၊ အယ်ဒီတာ၊ အမှုဆောင်အယ်ဒီတာ၊ ဒုတိယအယ်ဒီတာချုပ်၊ တာဝန်များ ထမ်းဆောင်ခဲ့ပြီး ယခုအခါ အယ်ဒီတာချုပ် (Revenue ဂျာနယ်)၊ (ပြည်တွင်းအခွန်များဦးစီးဌာန) အဖြစ် ဆောင်ရွက်နေပါသည်။


စာအုပ်ထုတ်ဝေရေးသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ ဖောင်ကြီးဗဟိုဝန် ထမ်းတက္ကသိုလ်များသို့ တက်ရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (စာနယ်ဇင်းကိုယ်စားလှယ်အဖွဲ့ဝင်) အဖြစ် သွားရောက်ခဲ့ပါသည်။

ထုတ်ဝေခဲ့သောစာအုပ်များမှာ ရှောက်ချိုသီးမေတ္တာစာနှင့် ဘာသာပြန်ဝတ္ထုတိုများ၊ ရှန်ဂရီလာရှာပုံတော်နှင့် ဘာသာပြန် ဝတ္ထုတိုများ၊ နတ်သမီးပုံပြင်စုဆောင်းသူများနှင့် ဘာသာပြန်ဝတ္ထုတို

များဖြစ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်အမှတ် (၀၈၈၆) ဖြစ်ပါသည်။

**နေရပ်လိပ်စာ** - အမှတ် (၂၈)၊ ပထမထပ်၊ ရေကျော် ဝတ်ကျောင်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။



## ဆရာကြီး ဦးတင်အေး (ဦးတင်အေး-ထားဝယ်)

(၁၂၉၁) ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၅-၄-၁၉၃၀)တွင် ထားဝယ်မြို့ ဇရပ်ရပ်၌ အဖ ဦးညွန့်ခင်၊ အမိ ဒေါ်ကျင်စီတို့မှ မွေးဖွားခဲ့သည်။

(၁၉၃၅) ခုနှစ်တွင် ထားဝယ်မြို့၊ နေရှင်နယ် အမျိုးသမီး အလယ်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ (၁၉၄၇) ခုနှစ်တွင် (၇)တန်းအောင်မြင်ခဲ့သည်။

(၁၉၃၈)ခုနှစ်တွင် ထားဝယ်မြို့၊ မြန်မာပြည် အပျော်တမ်းရဲတပ် (Green Army) သို့ ဝင်ရောက်ပြီး ရဲညွန့်ဘင်ခရာအဖွဲ့တွင် ပလွေ၊ အတီး၊ အမှုတ် (Flute and Side Drum) တို့ကို သင်ယူတတ်မြောက်ခဲ့သည်။ ဗဟိုမီးသတ်ဘင်ခရာ တီးဝိုင်းတွင် Cornet ကို သင်ယူတတ်မြောက်ခဲ့သည်။

(၁၉၄၈) ခုနှစ်၊ ဇန်နဝါရီလ၊ (၄)ရက်၊ နံနက် (၄း၂၀) နာရီ အချိန်တွင် လွတ်လပ်ရေးအောင်ပွဲအထိမ်းအမှတ် နိုင်ငံတော်အလံတင် အခမ်းအနား (ထားဝယ်မြို့) တွင် နိုင်ငံတော်သီချင်းကို စတင်တီးမှုတ်ခဲ့သည်။

(၁၉၅၀) ပြည့်နှစ်တွင် ဆရာ ဦးမောင်ကြီး၊ ဆရာ ဦးသက်မှန်တို့ထံတွင် Clarinet နှင့် Saxophone ၊ အနောက်တိုင်းလေမှုတ်တူရိယာနှင့် ကမ္ဘာ့သင်္ကေတတို့ကို သင်ယူတတ်မြောက်ခဲ့သည်။

(၁၉၅၈) ခုနှစ်တွင် ရန်ကုန်မြို့သို့ မိသားစုနှင့်အတူ ပြောင်းရွှေ့နေထိုင်ကာ မြန်မာ့အသံ အပျော်တမ်းအဖွဲ့များ၊ ရုပ်ရှင်၊ ပြဇာတ်၊ အငြိမ့်အဖွဲ့များနှင့် ဧည့်ခံဖျော်ဖြေပွဲများတွင် ကြေးစားလေမှုတ်ပညာရှင်အဖြစ် ပါဝင်တီးမှုတ်ခဲ့သည်။

(၁၉၆၃) ခုနှစ်တွင် ဥယျာဉ်နှင့် ခြံမြေထွက်ပစ္စည်းရောင်းဝယ်ရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး (၁၉၈၃) ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ထိုနှစ်မှာပင် မြဝတီ၊ သပြေ၊ စပယ်ဖြူ ရုပ်ရှင်အောင်လံ မဂ္ဂဇင်းများတွင် ရဲစိတ်ရဲမာန် တက်ကြွစေသည့် လှုံ့ဆော်ရေး တေးဂီတသီချင်းများနှင့် စပ်လျဉ်းသော ဆောင်းပါး (၁၄)ပုဒ် ရေးသားခဲ့သည်။

ကိုယ်တိုင်ပြုစုရေးသားခဲ့သော ဂီတပညာရပ်ဆိုင်ရာ ပညာပေးစာအုပ် (၇)အုပ် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် (၁၄၂)၊ ဒုတိယထပ်၊ (၃၂)လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်။



ဆရာကြီး ဦးဝင်းမောင် (မင်းယုဝေ)

အမည်ရင်း ဦးဝင်းမောင် ဖြစ်သည်။ (၁၉၂၈) ခုနှစ်၊ စက်တင်ဘာလ၊ (၂၆)ရက်နေ့တွင် ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့၌ ဖွားမြင်သည်။ အဖ ဦးထွန်းဆိုင်၊ အမိ ဒေါ်သင်တို့ ဖြစ်သည်။

(၁၉၄၆) ခုနှစ်တွင် ပုသိမ်မြို့ အမျိုးသားအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ခဲ့သည်။ (၁၉၅၁) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မြန်မာစာပေ၊ အင်္ဂလိပ်စာပေ၊ ပါဠိစာပေတို့ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ (၁၉၅၅-၅၆) ခုနှစ်တွင် ဗြိတိသျှကောင်စီ ပညာသင်ဆုရ၍ လန်ဒန်တက္ကသိုလ်၌ 'အဘိဓာန်ပညာ' ကို သွားရောက်ဆည်းပူးခဲ့သည်။

ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေး ဌာနတွင် လက်ထောက်စာတည်းတာဝန်ကို ထမ်းဆောင်နေစဉ် ဇနီးဖြစ်သူ စာဆို ငွေတာရီသည် (၁၉၅၈)ခုနှစ်တွင် ကွယ်လွန်သွားသည်။ (၁၉၅၉)ခုနှစ်တွင် လက်ထောက်စာတည်းအလုပ်မှ နုတ်ထွက်လိုက်သည်။ ကွယ်လွန်သူ ငွေတာရီအထိမ်းအမှတ်အဖြစ် "ငွေတာရီမဂ္ဂဇင်း" ကို တည်းဖြတ်ထုတ်ဝေသည်။ ငွေတာရီတာဝန်ခံ

အယ်ဒီတာတာဝန်ကို ထမ်းဆောင်သည်။ (၁၉၆၁) ခုနှစ်တွင် "ငွေတာရီမဂ္ဂဇင်း" ကို မြဝတီစာပေတိုက်သို့ လွှဲပြောင်းပေးအပ်သည်။ ထုတ်ဝေရေးတာဝန်မယူဘဲ တာဝန်ခံအယ်ဒီတာ တာဝန်ကိုဆက်လက်ယူသည်။ (၁၉၆၈)ခုနှစ်တွင် မြဝတီစာပေတိုက်၏ အယ်ဒီတာချုပ်တာဝန်ကို ထမ်းဆောင်ရသည်။ မြဝတီမဂ္ဂဇင်း၊ ငွေတာရီ မဂ္ဂဇင်း၊ ရွှေဆောင်လူငယ် ဂျာနယ်၊ ဗိုကျောင်းသားစာစောင်၊ တေဇရုပ်စုံတို့ကို ကြီးကြပ်၊ တည်းဖြတ်၊ ထုတ်ဝေရသည်။

(၁၉၇၉) ခုနှစ်တွင် မြဝတီစာပေတိုက် အယ်ဒီတာချုပ်တာဝန်မှ အငြိမ်းစားယူခဲ့သည်။ မြတ်မင်္ဂလာ ဓမ္မစာစောင်နှင့် မင်္ဂလာမောင်မယ် စာစောင်တို့တွင် အယ်ဒီတာချုပ်တာဝန်ကို ထမ်းဆောင်နေသည်မှာ ယနေ့တိုင်ဖြစ်သည်။

**နေရပ်လိပ်စာ -**



ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ - ညောင်ဦး)

အဖ ဦးညို၊ အမိ ဒေါ်သိန်းညွန့်တို့မှ ၁၂၉၄ခုနှစ်၊ တပေါင်းလဆုတ် (၁၅)ရက်နေ့ (၂၅-၃-၁၉၃၃)နေ့တွင် ညောင်ဦးမြို့၊ လမ်းမတော် ကျောင်းစုရပ်တွင် မွေးဖွားခဲ့သည်။

ဘုန်းတော်ကြီးကျောင်းတွင် စတင်ပညာသင်ယူခဲ့ပြီး အသက် (၇)နှစ်အရွယ်မှစ၍ ညောင်ဦးမြို့၊ အမျိုးသားအထက်တန်းကျောင်း၌ ပညာသင်ယူဆဲ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ သတ္တမတန်းအထိသာ ပညာသင်ယူခဲ့ရသည်။

၁၉၅၀ပြည့်နှစ်တွင် တိုင်းရင်းမေဂျာနယ်တွင် "ဩကာသလောက" ခေါင်းစဉ်ဖြင့် ကဗျာရေးသားကာ စာပေနယ်သို့ စတင်ခြေချခဲ့သည်။ ထိုကာလအတွင်း ကဗျာ (၁၀)ပုဒ်ခန့်နှင့် "တောင်တော်ရွှေပုပ္ပါးသွားကြမလား" ဆောင်းပါးတစ်ပုဒ်ရေးဖြစ်ခဲ့သည်။

၁၉၅၄ခုနှစ်တွင် ဗိုလ်မှူးကြီးခင်မောင်ဝင်းနှင့် လက်ထပ်ခဲ့သည်။ သားသမီး (၄)ဦး ထွန်းကားခဲ့သည်။

၁၉၈၀ ခုနှစ်တွင်"အမေချစ်တဲ့ အဖေတူသား" ဝတ္ထုတိုကို

"မြဝတီမဂ္ဂဇင်း"တွင် ရေးသားကာ စာပေနယ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ မြဝတီ၊ ငွေတာရီ၊ စစ်ပြန်၊ ချယ်ရီ၊ မဟေသီ၊ ကလျာ၊ လုံမလေး၊ နိုင်ငံ့ဂုဏ်ရည်၊ ပိတောက်နွယ်၊ နွယ်သာကီ၊ စာပေလုပ်သား၊ ရုပ်ရှင်မဂ္ဂဇင်းနှင့် စန္ဒာ မဂ္ဂဇင်းများတွင် ဝတ္ထုတိုရှည် (၁၅၀)ခန့် ရေးသားခဲ့သည်။

လုံမလေးမဂ္ဂဇင်းတွင် "မြန်ရာဟင်းကောင်း" ခေါင်းစဉ်ဖြင့် ဟင်းချက်နည်းများ (၃)နှစ်ခန့်လစဉ် ရေးသားခဲ့သည်။ ၁၉၈၅ခုနှစ်တွင် "မောင်ရွှေ့သို့တည့်တည့်လျှောက်ရင်လေ" အခန်းဆက်ဝတ္ထုရှည်ကို စန္ဒာမဂ္ဂဇင်း၌ (၆)လ ဆက်တိုက်ရေးသားခဲ့ပြီးနောက် ယင်းဝတ္ထုရှည်ကို လုံးချင်းစာအုပ်အဖြစ် ရိုက်နှိပ်၍ မြန်မာတစ်ပြည်လုံးရှိ တိုင်းတပ်ရင်းများသို့ လှူဒါန်းဖြန့်ဝေခဲ့သည်။ "နေဝင်ချိန်တိမ်တောက်သလိုပ" ဘာသာရေးစာအုပ်ကိုလည်းထုတ်ဝေခဲ့သည်။

မြတ်မင်္ဂလာ စာစောင်နှင့် မြတ်ပန်းရဂုံ မဂ္ဂဇင်းများတွင် ဘာသာရေးဆောင်းပါး အပုဒ် (၃၀)ခန့် ရေးသားခဲ့သည့်အပြင် ယခုအချိန်အထိ အာယုဒီဃ ဂျာနယ်တွင် ကျန်းမာရေးဆောင်းပါးများနှင့် မနသိဒ္ဓိ ဂျာနယ်တွင် ဘာသာရေးဆောင်းပါး အပုဒ် (၈၀)ခန့် ရေးသားပြီးဖြစ်သည်။

သားသမီး ၄ ဦးထွန်းကားခဲ့သည့်အနက် သမီးအကြီးဆုံး ဒေါက်တာ မေသက်ဦး (ပါမောက္ခ၊ ရက္ခဗေဒဌာန၊ မိတ္ထီလာတက္ကသိုလ်) သည် မေသက်ဦး ကလောင်အမည်ဖြင့် အတွေးအမြင်စာစောင်တွင် ဆောင်းပါးများ ရေးသားလျက်ရှိသည့် စာပေမျိုးဆက်သစ်ဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် ၇၀/ဟ၊ ငွေဝတ်မှုံရပ်ကွက်၊ ရွှေတောင်ကြား (၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။



ဆရာကြီး ဒေါက်တာ ခင်မောင်ညွန့်

အနုပညာဦးစီးဌာန (၁၉၇၅ ခုနှစ်မှ ၁၉၈၃ ခုနှစ်) ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံသမိုင်းသုတေသန ဦးစီးဌာန (၁၉၇၅ ခုနှစ်မှ ၁၉၈၃ ခုနှစ်)ညွှန်ကြားရေးမှူးချုပ်၊ တစ်ချိန်တည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ရှေးဟောင်းသုတေသနဦးစီးဌာန (၁၉၈၇ ခုနှစ်မှ ၁၉၈၉ ခုနှစ်) ဥက္ကဋ္ဌ၊ မြန်မာ့သမိုင်း ဖြစ်ရပ်အမှန် ပြုစုရေးကော်မရှင် (၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်)၊ မြန်မာ့သမိုင်းကော်မရှင်အဖွဲ့ (၁၉၉၃ ခုနှစ်မှ ယနေ့အထိ)၊ မြန်မာနိုင်ငံစာရေးဆရာနှင့် သတင်းစာဆရာများအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (၁၉၈၉ ခုနှစ်မှ ယနေ့အထိ) ၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် (၁၉၉၀ ပြည့်နှစ်မှ ယနေ့အထိ)၊ စာဆိုတော်နေ့၊ စာပေဟောပြောပွဲ၊ သုတဘာဏ် စာတမ်းဖတ်ပွဲများ၌ ပါဝင်ဟောပြောခဲ့သည်။

အမျိုးသားညီလာခံ ညောင်နှစ်ပင်စခန်းအဖွဲ့ခွဲ(၈) အဖွဲ့ဝင် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်ပြီးမြောက်သည်အထိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်တွင် ဒီဇင်ဘာ ၂၀၀၇ ခုနှစ်- ဖေဖော်ဝါရီ ၂၀၀၈ခုနှစ် ပြီးမြောက်သည်အထိ တာဝန်ယူထမ်းဆောင်

ခဲ့သည်။

ဂျီနီဗာ၊ ဘာလင်၊ ရောမ၊ ပါရီ ဘောကျင်း၊ မော်စကို၊ နယူးဒေလီ၊ တိုကျို၊ ဆိုးလ်၊ မနီလာ၊ ဘန်ကောက်၊ ဂျပေါဘာဟု၊ ကွာလာလမ်ပူ၊ ဂျာကာတာ၊ ဘာလီ၊ နန်နန်း (တရုတ်ပြည်သူ့သမ္မတနိုင်ငံ)၊ ဖိလစ်ပိုင်နိုင်ငံများတွင် ကျင်းပသော နိုင်ငံတကာညီလာခံများ၊ အာဆီယံဆိုင်ရာ ဆင်မီနာများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ နိုင်ငံတော်တာဝန်ပေးချက်များအရ သုတေသနစာတမ်း တင်သွင်းဖတ်ကြားခြင်း၊ ပါဝင်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ကောလိပ်ကျောင်းသုံးစာအုပ်များ၊ လမ်းညွှန်စာအုပ်များ၊ သုတေသနစာတမ်းများ၊ စာနယ်ဇင်းများတွင် အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် ယနေ့အထိ ဆောင်းပါးပေါင်းတစ်ထောင်ကျော် ရေးခဲ့သည်။ စာအုပ်ပေါင်း (၃၆)အုပ်ရေးပြီးဖြစ်သည်။

'ဒေါက်တာခင်မောင်ညွန့်' အပြင် အခြားကလောင်အမည်မှာ (၁)ရွှေမန်းမောင်၊ (၂) မောင်ကျော်ဇော၊ (၃)မောင်လူဇော်၊ (၄)ငွေခြည်၊ (၅) Moon beam တို့ဖြစ်သည်။

သမိုင်းယဉ်ကျေးမှု၊ ရှေးဟောင်းသုတေသန အနုပညာများအကြောင်း အသံလွှင့်ခဲ့သည်။ အမျိုးသားကာကွယ်ရေးတက္ကသိုလ် (N.D.C) ရန်ကုန်တွင် အမျိုးသားရေးဝါဒဘာသာပို့ချခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာသင်တန်းများတွင် မြန်မာ့နိုင်ငံခြားရေးဝါဒ၊ သံတမန်ရေးရာနှင့် နိုင်ငံတကာဆက်ဆံရေးဘာသာများပို့ချခဲ့သည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ ဧည့်လမ်းညွှန်သင်တန်းများတွင် ယနေ့အထိ မြန်မာ့ယဉ်ကျေးမှုဘာသာကို ပို့ချလျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများစတင်ကျင်းပသော ၁၉၉၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အတိုင်ပင်ခံအကြံပေးနှင့် ဦးစီးကော်မတီဝင်အဖြစ် တာဝန်ထမ်းခဲ့ပြီး ဆောင်းပါးများ ရေးခဲ့သည်။ နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့တံဆိပ်၊ စလွယ်များဆိုင်ရာ အကြံပေးအဖွဲ့၊ နေပြည်တော်တွင် ပါဝင်ဆောင်ရွက်သည်။ သမိုင်း၊ ရှေးဟောင်းသုတေသနပညာနှင့် နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်များတွင် ဒေါက်တာဘွဲ့ယူကျမ်းများကို ကြီးကြပ်သည်။ ၂၀၀၈ ခုနှစ် အောက်တိုဘာ မှစ၍ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီ၏ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်အစိုးရက တာဝန်ပေးသည်။

နိုင်ငံတော်နှင့် စာပေအဖွဲ့အစည်းများကချီးမြှင့်သည့် ၁၉၉၂ခုနှစ်တွင် လူမှုထူးချွန် (ဒုတိယအဆင့်)၊ ၂၀၀၁ ခုနှစ်တွင် စီမံထူးချွန် (ပထမအဆင့်)၊ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာထူးချွန် (ဒုတိယအဆင့်)၊ ၂၀၀၅ ခုနှစ်တွင် ဆရာဝန်တင်ရွှေ စာပေဆု၊ ၂၀၀၆ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ ၂၀၀၉ ခုနှစ်တွင် သုတစွယ်စုံစာပေ တစ်သက်တာစာပေဆု၊ ၂၀၁၁ ခုနှစ်တွင် အမျိုးသားစာပေ တစ်သက်တာဆုနှင့် ၂၀၁၂ခုနှစ်တွင် စည်သူ ဘွဲ့များကိုချီးမြှင့်ခြင်း ခံခဲ့ရသည်။

**နေရပ်လိပ်စာ** - အမှတ် (၄၄၉/အိပ်က်စ်)၊ မိုးမခလမ်း၊ ဗိုလ်ချို (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်။ ဖုန်း- ၅၄၅၅၃၆



## ဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီ-ခင်ဦး)

အဖ ဆရာဝန်ကြီးဦးလှမောင်၊ အမိဒေါ်ခင်ရီတို့မှ ၁၂၉၂ ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက် (၂-၇-၁၉၃၀)နေ့တွင် မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ရီရီလှ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ကျောက်ဆည်မြို့ ဝက်ဆလီယံကျောင်း၊ တွံတေးမြို့ မက်သဒစ်ကျောင်း၊ မန္တလေး စိန့်ဂျိုးဇက်ကွန်ဗင့်ကျောင်း၊ ရေနံချောင်းမြို့ အစိုးရအထက်တန်း ကျောင်းနှင့် ရန်ကုန်မြို့ မြို့မအမျိုးသမီးကျောင်းများတွင် ပဉ္စမတန်း အထိပညာသင်ကြားခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ ရန်ကုန်မြို့ရှိ စိန့်ဖီလိုမီနာကျောင်းနှင့် စိန့်မေရီ ဒိုင်အိုစီဇင်ကျောင်းတို့တွင် သတ္တမတန်း အထိ ပညာသင်ကြားခဲ့ပြီးနောက် မြို့မကျောင်းသို့ပြောင်း၍ ၁၉၄၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။

ဂျပန်ခေတ် အသက် (၁၂)နှစ်အရွယ်တွင် ကွမ်းခြံကုန်းမြို့ နယ်၌ အာရှလူငယ်အစည်းအရုံးဝင်ဖြစ်ခဲ့သည်။

အသက် (၁၄)နှစ် အရွယ်မှစ၍ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုများ ရေးသားခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ယုဝတီကလောင်ရှင်ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ယုဝတီဘွဲ့ရရှိခဲ့၍ ယုဝတီခင်ဦးဖြစ်လာခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဒိုးဝေမဂ္ဂဇင်းတွင် အမှုဆောင်ဖြစ်ခဲ့သည်။ ဆရာမကြီးဒဂုန်ခေါ်ခင်ခင်လေး ဖွဲ့စည်းသော မြန်မာအမျိုးသမီး ကလောင်ရှင်အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ခဲ့သည်။

၁၉၅၂ ခုနှစ်တွင် ကမာရွတ်မဂ္ဂဇင်း၊ ဆေးသိပ္ပံမဂ္ဂဇင်းနှင့် မြန်မာအမျိုးသမီး မဂ္ဂဇင်းတို့တွင် တွဲဖက်စာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။ မြဝတီ၊ ရှုမဝ၊ သွေးသောက်၊ ကလောင်စုံ၊ မိုးဝေ၊ ကလျာနှင့် စုံထောက်မဂ္ဂဇင်းတို့တွင် ဝတ္ထုတို၊ ဝတ္ထုရှည်များရေးသားခဲ့သည်။ ကျန်းမာရေးနှင့်ပတ်သက်သောစာအုပ်များ၊ လုံးချင်းဝတ္ထုများရေးခဲ့သည်။

၁၉၅၇ ခုနှစ်တွင် ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ကလေးအထူးကုဆရာဝန်ကြီး **D.C.G,F.N.C.P (UNU)** ဘွဲ့ကို ရရှိခဲ့သည်။ ကလေးဆေးရုံတွင်တာဝန်ကျစဉ် ကလေးအာဟာရဖွံ့ဖြိုးရေးယူနစ်ကို စတင်တည်ထောင်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသို့အရှေ့တောင်အာရှနိုင်ငံ (၆)နိုင်ငံတို့ကို **(W.H.O)** မှ ပညာသင်စေလွှတ်၍ ပါဝင်ယှဉ်ပြိုင်စေခဲ့ရာ **(F.N.C.P)** ဘွဲ့ရရှိခဲ့သည့်အပြင် ကျေးရွာဒေသဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကိုယ်စားပြု ပထမဆု ရရှိခဲ့၍ **(Fellowship)** ကို ချီးမြှင့်ခဲ့သည်။

၁၉၅၉ ခုနှစ် **Industrial Development Corporation** မှ လက်ထောက်ညွှန်ကြားရေးမှူးလည်းဖြစ်၊ စက်မှုလက်မှုဝန်ကြီးဌာန အထူးအရာရှိလည်းဖြစ်သော 'ဦးဝင်းဆွေ' နှင့် လက်ထပ်ခဲ့ပြီး

သားတစ်ဦး မွေးဖွားခဲ့သည်။ **(W.Y.Z Pte Ltd)** မိသားစုကုမ္ပဏီကို တည်ထောင်ခဲ့သည်။

ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနတွင် မိခင်နှင့်ကလေး ဆရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့၍ ၁၉၉၁ ခုနှစ်တွင် ပင်စင်ယူပြီး ကျန်းမာရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ် အဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီး ဆရာဝန်များအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် (၇)နှစ်တာဝန်ထမ်းဆောင် ခဲ့သည်။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်စသည့်အသင်းအဖွဲ့များတွင်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်မှ ချီးမြှင့်သော 'သီဟသုမဟာ်ဂီဘွဲ့'ကို ၂၀၀၃ ခုနှစ်တွင် ရရှိခဲ့သည်။ ၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆုကို 'ရွှေနိုင်ငံ၏ အလှသစ္စာများ' စာအုပ်ဖြင့် ရရှိခဲ့သည်။ နတ်ရေကန်ရွှေစောင်းဆုကိုလည်း နတ်ရေကန်ဦး တင်မောင်ထွေးက ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၂၁)၊ ရွှေတောင်ကြားရိပ်သာ၊ ငွေဝတ်မှုံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။



**ဆရာကြီး ဦးဝင်းဖေ (မြဇင်)**

မဟာသရေစည်သူ ဦးဘိုးအုံးနှင့် ဒေါ်ထားရင်တို့မှ (၁၂၈၉) ခုနှစ်၊ နယုန်လဆုတ် (၈)ရက် (၁၅-၆-၁၉၂၇) နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ **B.A (Hons;) Yangon, Master of Public Administration (Harvard)** ဘွဲ့များရရှိခဲ့သည်။ အထွေထွေ အုပ်ချုပ်ရေးဌာန၊ အမျိုးသား စီမံကိန်းဌာန၊ တော်လှန်ရေး အစိုးရအဖွဲ့ ဥက္ကဋ္ဌရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သုတေသနလုပ်ငန်းများဆိုင်ရာ မူဝါဒညွှန်ကြားရေးအဖွဲ့၊ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန၊ အနုပညာဦးစီးဌာနနှင့် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနများတွင် တာဝန် ထမ်းဆောင်ခဲ့ပြီး မြန်မာစာအဖွဲ့ဝင်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

ဝဏ္ဏကျော်ထင်ဘွဲ့၊ စီမံထူးချွန်တံဆိပ် (ပထမအဆင့်) ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (ပထမအဆင့်)များ ချီးမြှင့်ခြင်း ခံရသည်။

The Working People Daily, Editorial Writer, Weekly columnist: A Pot of Plain Tea (Po Yaza): The Bamboo Clapper

(Zagadaungzar): Science and Technology (epsilon) ဝွန်းလွန်း ဝိပဿနာ၊ Shwe Dagon Pagoda (1972), Emerald Lake (Classical Myanmar Poems), Modern Burmese Poetry (Translations) ကဗျာ့နရီနှင့် နိမိတ်ပုံ၊ The Yellow Robe and Other Poems (Original)၊ ရာမနှင့်ဆုံစည်းခြင်း၊ (Translation of Arthur Clarks Novel), Do's and Don'ts in Myanmar Yangon, Green City of Grace (Coffee-Table Book for YCDC)၊ စစ်တောင်းတံတားကြီး ချိုးခဲ့စဉ်က (ဘာသာပြန် ဝတ္ထုရှည်)များကို ရေးသားခဲ့သည်။

နေရပ်လိပ်စာ - တိုက် (၅၀၇-ဒီ)၊ (၆) လွှာ၊ ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်။



# ဦးလှမောင်
# (သံအမတ်ကြီးဦးလှမောင်)

အဘ ဦးပြား၊ အမိ ဒေါ်အမာတို့က (၈-၁၁-၁၉၃၂) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ပျဉ်းမနားမြို့၌ မွေးဖွားခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ဝိဇ္ဇာ (ဘောဂ ဗေဒ/ရန်ကုန်တက္ကသိုလ်) ရရှိခဲ့သည်။ ၁၉၆၁ ခုနှစ်နှင့် ၁၉၆၂ ခုနှစ်တွင် မဟာဝိဇ္ဇာ (ဘောဂဗေဒ/Vanderbilt/USA) နှင့် (DED) စီးပွားရေးဖွံ့ဖြိုးမှု ဒီပလိုမာ (Vanderbilt/USA) ရရှိခဲ့သည်။

၁၉၅၅ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ၊ ၁၉၇၀ ခုနှစ်မှစ၍ ညွှန်ကြားရေးမှူးချုပ် (စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)၊ ၁၉၇၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်ထိ အာရှဖွံ့ဖြိုးရေးဘဏ်တွင် အမှုဆောင် ဒါရိုက်တာ (၄) နှစ်ခန့်၊ ၁၉၈၄ မှစတင်၍ (၁၄) နှစ်ခန့် မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် (UK, Norway, Sweden, Denmark, Yugoslavia, Romania, Bulgaria, Albania & Philippine) တို့တွင် တာဝန်

ထမ်းဆောင်ခဲ့သည်။ ၁၉၉၇ ခုနှစ်မှ (၇) နှစ်ခန့် နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာ-ဂျပန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့တွင် အမှုဆောင်အဖွဲ့ဝင်၊ မြန်မာ-ထိုင်းယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့တွင် အမှုဆောင်အဖွဲ့ဝင်၊ မြန်မာ-ကိုရီးယားယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ တာဝန်များ ထမ်းဆောင်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း၊ နိုင်ငံတကာစီးပွားရေးဘာသာရပ် သင်ကြားပို့ချမှု (၂၀၀၁ ခုနှစ်မှ ယနေ့တိုင်)၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီများအုပ်စု (အကြံပေးအဖွဲ့ခေါင်းဆောင်)၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (အကြံပေးပုဂ္ဂိုလ်)၊ Asia Pacific Consultancy Ltd တွင် ဥက္ကဋ္ဌ၊ မြတ်မွန်ရတနာ ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်းတွင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့ (အဖွဲ့ဝင်)/ဘောဂဗေဒဘာသာရပ်ဆိုင်ရာအဖွဲ့ (ဥက္ကဋ္ဌ)၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (အမှုဆောင်အဖွဲ့ဝင်)၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းအကြံပေးအဖွဲ့ (အဖွဲ့ဝင်)၊ ဘာသာပေါင်းစုံချစ်ကြည်ရေးနှင့် ညီညွတ်ရေးအဖွဲ့ (ဦးစီးနာယက)၊ သီရိမွန်ဖောင်ဒေးရှင်း (ဦးစီးနာယက)၊ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ် (ဦးသျှောင်နာယက) တာဝန်များကိုထမ်းဆောင်လျက်ရှိသည်။

ငြိမ်ဝပ်ပိပြားရေး တရားဥပဒေစိုးမိုးရေးတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်၊ ၂၀၀၂ ခုနှစ်တွင် စီမံထူးချွန်ဆု ပထမဆင့်ဟု ချီးမြှင့်ခြင်းခံရပါသည်။

"ရွှေနားမောင် (ဘောဂ)"

"လှလေးမောင် (ဘောဂ)"


"တက္ကသိုလ်သဇင်မောင်"

"သံအမတ်ကြီးဦးလှမောင်"

"သံအမတ်ကြီး ဦးလှမောင် (ဘောဂ)"

ကလောင်အမည်များဖြင့် စာပေမျိုးစုံရေးသားခဲ့ပါသည်။

**နေရပ်လိပ်စာ** - ၆၇ (ဒီ-၁) နတ်မောက်လမ်းသွယ် (၁)၊ ဖိုးစိန်လမ်း၊ ဗဟန်း။



## ဆရာကြီး ဦးအုန်းသွင် (ချောင်းဆုံ-အုန်းသွင်)

အဖ ဦးဘိုးထွန်း၊ အမိ ဒေါ်စာရီတို့မှ ၁၂၉၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၂) ရက် (၄-၁-၁၉၃၁) တွင် မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့တွင် ဖွားမြင်ခဲ့သည်။

မူလတန်းပညာကို မူးယစ်ကြီးရွာ ဆရာကြီး ဦးကြာညို၏ ကျောင်း (ဆုကျောင်း) တွင် သင်ခဲ့သည်။ အလယ်တန်းနှင့် အထက်တန်းပညာကို အလွတ်ပညာသင်ကျောင်းများတွင် သင်ယူခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်း အောင်ခဲ့သည်။

၁၃၁၅ ခုနှစ် ဝါဆိုလပြည့်နေ့ အထူးထုတ်ဟံသာဝတီ သတင်းစာတွင် 'ရေလျှံသော ဝါဆို' ဆောင်းပါးဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် မဏ္ဍိုင်သတင်းစာတွင် အယ်ဒီတာအဖြစ် အလုပ်လုပ်ခဲ့သည်။ ထိုနှစ်တွင် မြေယာ ကျေးလက်ကြီးပွားရေးကော်ပိုရေးရှင်းတွင် အငယ်တန်းအမှုဆောင်

အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ပြည်ထောင်စုနေ့စဉ်သတင်းစာ အယ်ဒီတာ၊ ၁၉၆၁-၆၂ ခုနှစ်အထိ အိုးဝေသတင်းစာ အုပ်ချုပ်မှု အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်တွင် စာပြု၊ စာပြုတာဝန်ခံ၊ အယ်ဒီတာ၊ အမှုဆောင်အယ်ဒီတာ၊ အယ်ဒီတာချုပ် (ပါတီပုံနှိပ်ဌာနခွဲမှူး၊ ပူးတွဲတာဝန်အဖြစ်) အမှုထမ်းခဲ့သည်။

၁၉၈၉-၂၀၀၀ ပြည့်နှစ်အထိ အုံ့ဖွယ်သုတမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ၊ ခေတ်မြန်မာဂျာနယ် အုပ်ချုပ်မှုအယ်ဒီတာ၊ မြတ်သတိဝါဒီ၊ သဒ္ဓမ္မမဂ္ဂဇင်းအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ရှုမဝ၊ ငွေတာရီ မြဝတီ မဂ္ဂဇင်းများ၊ အိုးဝေ၊ ခေတ်မြန်မာ၊ နေလ၊ အကျိုးဆောင်၊ ပြည်မြန်မာ၊ မြတ်မင်္ဂလာစသော စာနယ်ဇင်းများနှင့် လုပ်သားပြည်သူ့နေ့စဉ်၊ အိုးဝေ၊ မဏ္ဍိုင်၊ ကြေးမုံသတင်းစာများတွင် ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဆောင်းပါးများရေးသားခဲ့သည်။

ဝတ္ထုတို၊ ဝတ္ထုရှည် (၃၀၀) ကျော်နှင့် ဆောင်းပါး (၃၀၀၀၀) ကျော် ရေးသားခဲ့ပြီး လုံးချင်းစာအုပ် (၁၂) အုပ် ပြုစုရေးသားထုတ်ဝေခဲ့ပြီး ဖြစ်သည်။

**နေရပ်လိပ်စာ-** အမှတ် (၁၁) ရေအရင်းအမြစ်ဝန်ထမ်းအိမ်ရာ၊ အရာရှိရိပ်သာလိုင်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်း။



ဆရာကြီး ဦးဆွေမြင့်
(ဆွေမြင့်)

အဖအမည် ဦးညို၊ အမိ ဒေါ်မြသင်တို့က ၁၂၉၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ အမှတ် (၁၆)၊ ဗိုလ်မိုးလမ်း၌ မွေးဖွားခဲ့သည်။

ဦးဝိစာရ လမ်း၊ မစ္စစ်နယ်လ်ဆင်ကျောင်းတွင် JU NIOR A တန်းအထိ သင်ယူခဲ့သည်။ ကျွန်းတောလမ်း BASIC EDUCATION PRIVATE ကျောင်းမှ ၁၉၅၁ မက်ထရစ်စာမေးပွဲ ဖြေဆိုပြီး ၁၉၅၁ ခုနှစ်မှစ၍ ၁၉၈၀ ခုနှစ်အထိ၊ တပ်မတော် (လေတပ်)တွင် စစ်မှုထမ်း ဆောင်ရွက်ခဲ့သည်။ တပ်မတော် (လေတပ်) မှ ရွေးချယ် စေလွှတ်ချက်အရ ၁၉၅၁ ခုနှစ်၊ ၁၉၅၂ ခုနှစ် တို့တွင် ဗြိတိန်နိုင်ငံ RAF WELLESBOURNE MOUNTFORD, WARWICKSHIRE တွင် AERIAL RECONNAISSANCE PHOTOGRAPHY တက်ရောက်အောင်မြင်ခဲ့ပြီး၊ RAF THORNY ISLAND တွင် လက်တွေ့လုပ်ကိုင် ဆောင်ရွက်ခဲ့သည်။ စာတွေ့၊ လက်တွေ့သင်ကြားတက်မြောက်ခဲ့ပြီး AD-

VANCE COURSE နှင့် INSTRUCTOR COURSE များကိုလည်း တက်ရောက်ခဲ့သည်။ ထို့နောက် တပ်မတော် (လေတပ်) လေ့ကျင့်ရေးစခန်း၊ မိတ္ထီလာမြို့ တွင် နည်းပြဆရာအဖြစ် အရာရှိနှင့် အခြားအဆင့်များအား သင်တန်းပို့ချခြင်းနှင့် စစ်ဆင်ရေးနယ်မြေများတွင် (စစ်ဆင်ရေး မပြုလုပ်မီ)လေကြောင်း ဓာတ်ပုံရိုက်ကူး၍ ထိပ်တန်းလျှို့ဝှက် MOSAIC များကို အရေးပေါ်ဆောင်ရွက်ခဲ့သည်။ မိုးပါလျှို စစ်ဆင်ရေး အပါအဝင် အခြားစစ်ဆင်ရေးများအတွက်လည်း ဆောင်ရွက်ခဲ့သောကြောင့် ၁၉၇၉ ခုနှစ်၊ နိုင်ငံတော် စစ်မှုထမ်း ကောင်းတံဆိပ်၊ ပြည်ပရန်နှိမ် တံဆိပ်၊ ပြည်သူ့စစ်တိုက်ပွဲဝင် တံဆိပ်များနှင့် ၁၉၈၀ ခုနှစ်တွင် စစ်မှုထမ်းကောင်းတံဆိပ်များ ချီးမြှင့်ခံခဲ့ရသည်။

တပ်မတော်တွင် စစ်မှုထမ်းဆောင်စဉ် ၁၉၅၆ ခုနှစ်၊ စုံထောက်မဂ္ဂဇင်းတွင် "ရွှေလက်အောင်ရှိန်" ဝတ္ထုတို စတင်ရေးသားဖော်ပြခြင်းခံရသည်။ မဂ္ဂဇင်းဝတ္ထုတို-ရှည် စုစုပေါင်း ၃၀၀၀ ကျော် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

လုံးချင်းဝတ္ထုအဖြစ် ၁၉၆၆ ခုနှစ်မှစ၍ (ဆွေမြင့်)ကလောင် အမည်ဖြင့်"အနီးကပ်ပစ်ကွင်း" မှစတင်ကာ ပင်ကိုရေး (၃၇) အုပ်၊ မြန်မာ ပြန် (၄၂)အုပ်၊ ကလောင်ခွဲ (ထွန်းခေါင်မင်း) အမည်ဖြင့် (၂) အုပ်၊ ကလောင်ခွဲ (စွမ်းထက်အောင်) အမည်ဖြင့် (၁) အုပ်၊ စုစုပေါင်း (၈၃) အုပ် ထုတ်ဝေဖြန့်ချိပြီး ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်မှစ၍ တပ်မတော် (လေတပ်)မှ သက်ပြည့် အငြိမ်းစားယူခဲ့ပြီးနောက်၊ စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေပါသည်။ စာရေးဆရာအသင်း အသင်းဝင် အမှတ် - ၁၈၅၆ ဖြင့် စာပေတာဝန်များ ထမ်းဆောင်ဆဲ ဖြစ်ပါသည်။

**နေရပ်လိပ်စာ** - အမှတ် (၄၈)၊ ဦးဖိုးရွှေလမ်း၊ ဆရာစံ မ/န ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



ဆရာကြီးဦးကျော်ခင်း (မင်းကျော်ခင်း)

၁၉၃၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် အဖ ဦးတင်မောင်နှင့် အမိ ဒေါ်တင်ဦးတို့က မိတ္ထီလာမြို့တွင် မွေးဖွားခဲ့သည်။

၁၉၅၁ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင် ဥပစာ (ခ) အောင်မြင်သည်အထိ ပညာသင်ယူခဲ့သည်။ မြန်မာ့အသံ၊ အင်္ဂလိပ်ပိုင်းအစီအစဉ်တွင် သတင်းကြေညာသူ၊ အစီအစဉ်လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၄ ခုနှစ်အထိ အမေရိကန်ပြည်ထောင်စုရှိ အမေရိကန်အသံ (Voice of America) မြန်မာပိုင်းအစီအစဉ်တွင် အသံလွှင့်သူ၊ ဘာသာပြန်အဖြစ် လေးနှစ်တာ လုပ်ဆောင်ခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လာကာ အင်္ဂလိပ်စာပြဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြန်မာ့သတင်းစဉ် (နိုင်ငံခြား) တွင် စာတည်းတာဝန်ဖြင့် အစိုးရအမှုထမ်းဘဝ ပြန်လည် စတင်ခဲ့သည်။ ၎င်းမှတစ်ဆင့် The Working People's Daily, The Guardian Daily တွင် စာတည်းမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်

ငြိမ်ဝပ်ပိပြားရေးခေတ်တွင် ပေါ်လာသည့် The New Light of Myanmar သတင်းစာတွင် စာတည်းမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် အငြိမ်းစားယူခဲ့သော်လည်း စာတည်းမှူးချုပ်အဖြစ်လည်းကောင်း၊ ဝန်ကြီးအကြံပေးအရာရှိအဖြစ် လည်းကောင်း ၂၀၀၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

နှစ်ပေါင်း ၆၀ နီးပါး စာရေးခဲ့ပြီး The Guardian သတင်းစာ၏ အပတ်စဉ် အင်္ဂလိပ်ဘာသာပင်တိုင်ဆောင်းပါးရှင် ဖြစ်ခဲ့သည်။ The Guardian လစဉ်မဂ္ဂဇင်းတွင်လည်း ပင်တိုင်ဆောင်းပါးရှင် ဖြစ်ခဲ့သည်။

အငြိမ်းစားမယူမီအထိ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် မျိုးဆက်သစ်များအား အင်္ဂလိပ်စာပေများ ပို့ချပေးခဲ့ပြီး သမီးနှင့်တွဲဖက်၍ အင်္ဂလိပ်စာပေ သင်ခန်းစာများကို တစ်ပတ်လျှင် နှစ်ကြိမ် ပို့ချပေးခဲ့သည်။

ထုတ်ဝေခဲ့သောစာအုပ်များအနက် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း "ဒေါက်တာ မဟာသီရာ" ဘာသာပြန်စာအုပ်မှာ အထူး ထင်ရှားလူကြိုက်များခဲ့သည်။

စာပေလုပ်သားအဖွဲ့ကြီးတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီတာဝန် ယူခဲ့သည့်အပြင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ပထမအကြိမ်မှ တတိယအကြိမ်) အထိ ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ် (၁၂) နှစ်ကျော်ကျော် စာပေတာဝန်ထမ်းဆောင်ခဲ့သည်။

တာဝန်များထမ်းဆောင်စဉ် တာဝန်အရ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနိုင်ငံ၊ အနောက်ဂျာမနီ၊ တရုတ်ပြည်သူ့

သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ သွားရောက်ခဲ့သည်။

နေရပ်လိပ်စာ - အမှတ် ၅၇ (စီ-၃)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဆရာကြီးဦးတင်ထွန်း (တင်ထွန်း-တောင်ကုတ်)

၁၂၉၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ (၇-၇-၁၉၂၈) စနေနေ့တွင် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊ ကူးတို့ဆိပ်ရွာ၌ အဖ ကုန်သည် ဦးရွှေပြား၊ အမိ ဒေါ်အေးယဉ် တို့က မွေးဖွားခဲ့သည်။

၁၉၅၁ ခုနှစ်တွင် သံတွဲမြို့ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲကို ဒုတိယအဆင့်မှ အောင်မြင်သည်။ ယင်းနှစ်မှာပင် ကျောက်ဖြူမြို့ အစိုးရအထက်တန်းကျောင်းမှ ဟိုက်စကူးဖိုင်နယ် စာမေးပွဲကို အောင်မြင်ခဲ့သည်။ ၁၉၅၇ ခုနှစ် တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

လွတ်လပ်ရေးတိုက်ပွဲကာလက တောင်ကုတ်မြို့နယ်၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်၊ မိုးမောင်းတိုက်နယ် စည်းရုံးရေးမှူးနှင့် အရေးပေါ်စစ်သင်တန်းမှူးတာဝန် စသည်တို့ကို ဆောင်ရွက်ခဲ့ သည်။ တောင်ကုတ်မြို့ နိုးကြားရေးစာဖတ်အသင်း၏ စာကြည့် တိုက်မှူးနှင့် တွဲဖက်အတွင်းရေးမှူးတာဝန်တို့ကိုလည်း ထမ်းဆောင် ခဲ့သည်။

၁၇၀၀ ပြည့်အရေးတော်ပုံ ၁၉၃၈ ခုနှစ်မှစ၍ ၁၉၅၇ ခုနှစ်ထိ ကျောင်းသားလူငယ်ကဏ္ဍတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည်။ တောင်ကုတ်မြို့နယ်၊ ကျောင်းသားများသမဂ္ဂအတွင်းရေးမှူး၊ ကျောင်းသားရဲဘော်တာဝန်ခံ၊ သံတွဲခရိုင်နှင့် ရခိုင်တိုင်း ကျောင်းသားသမဂ္ဂအမှုဆောင် တာဝန်တို့ကိုလည်း ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ရန်ကုန်တက္ကသိုလ် လူမျိုးစုကျောင်းသားများအဖွဲ့ ခေါင်းဆောင်၊ တကသအမှုဆောင်၊ တကသ ၂၅ နှစ်မြောက် ငွေရတုသဘင်ကျင်းပရေး ဗဟိုကော်မတီဝင်၊ အခမ်းအနားပြင်ဆင်ရေး၊ နေရာချထားရေးနှင့် ညှိနှိုင်းရေးဆပ်ကော်မတီဥက္ကဋ္ဌတာဝန် စသည်တို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် တက္ကသိုလ်ပညာကို ဆည်းပူးခွင့်ရရှိပြီးနောက် ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း ၁၉၅၁-၅၂ မှာ "ခေတ်ဆန်းမေတ္တာစာ" ကို "မစ္စတာဝါယော" ကလောင်အမည်ဖြင့် ဗွေခေတ်ဦး လက်တည့်စမ်း၍ စာပေနယ်သို့ ခြေချခဲ့သည်။ ဆက်လက်၍ ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၊ ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်းစသည်တို့တွင် ဟာသမေတ္တာစာ၊ သရော်စာ၊ ဘာသာပြန်နှင့်ဆောင်းပါးများကို မစ္စတာဝါယော၊ သူတော်ဝါယော၊ နေမျိုးတင်၊ တင်ထွန်း (တောင်ကုတ်) ကလောင်အမည်များဖြင့် ကလောင်သွေးခဲ့သည်။ ရခိုင့်တန်ဆောင်မဂ္ဂဇင်း ၁၉၅၄-၅၅ တွင် တွဲဖက်မြန်မာစာ စာတည်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

တက္ကသိုလ်မှထွက်ပြီးနောက် ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်ဌာန (D.C.A) တွင် အလုပ်သင်အထက်တန်းစာရင်းစစ်၊ အလွတ်ပညာသင်ကျောင်း သမိုင်းနှင့်မြန်မာစာအထက်တန်းပြ

ဆရာ၊ ဗိုလ်တထောင်မြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌ၊ ပါတီညီလာခံကိုယ်စားလှယ်၊ ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး အကြံပေးအဖွဲ့ဝင်၊ အလွတ်ပညာသင်အင်္ဂလိပ်စာပြဆရာ စသည်ဖြင့် ဘဝတော်တော်များများတွင် ကျင်လည်ခဲ့ရသည်။

လုပ်ငန်းအားလုံးမှ လုံးဝအနားယူပြီးနောက် ဝါသနာအလျောက် ကလောင်အမည် တင်ထွန်း (တောင်ကုတ်)၊ ထွန်းချေ (ကူးတို့ဆိပ်)၊ မောင်ထွန်းရွှေ (တန်းလွဲ)၊ မောင်ထွန်းယဉ် (ကူးတို့ဆိပ်) တို့ဖြင့် ဘာသာပြန်ဝတ္ထုတိုများ၊ ဆောင်းပါးများနှင့် ဘာသာပြန်ဆောင်းပါးများကို ဂျာနယ်နှင့်မဂ္ဂဇင်း အတော်များများတွင် အဆက်မပြတ် ရေးသားခဲ့သည်။

ယခုအချိန်ထိ ကိုယ်တိုင်ရေးသားပြုစုထုတ်ဝေပြီးသော လုံးချင်းစာအုပ်များမှာ (၁) စာဆိုတော်ဦးကြင်ဥ၏ ပဒေသာသီချင်းများ ဝေဖန်ချက် (၁၉၆၂)၊ (၂) ကမ္ဘာကျော်စာပေနိုဘယ်ဆုရှင်များ (ဘာသာပြန်၊ ၂၀၀၄)၊ (၃) နိုင်ငံတကာစာပေပညာရှင်များ (ဘာသာပြန်၊ ၂၀၀၅)၊ (၄) အလုပ်များသော ပွဲစားကြီး၏အချစ်ရေးနှင့် အခြားဝတ္ထုတိုများ (ဘာသာပြန်ဝတ္ထုတိုပေါင်းချုပ်၊ ၂၀၀၆)၊ (၅) သုတရောင်ခြည်အမှတ် - ၁ (ဆောင်းပါးပေါင်းချုပ်၊ ၂၀၀၆)၊ (၆) သုတရောင်ခြည်အမှတ် - ၂ (ဘာသာပြန်ဆောင်းပါးပေါင်းချုပ်၊ ၂၀၀၇)၊ (၇) သုတရောင်ခြည်အမှတ် - ၃ (ဘာသာပြန်ဆောင်းပါးပေါင်းချုပ်၊ ၂၀၀၇)နှင့် (၈) ဆက်ဒမ်၏ဘဝနှင့်မလှသော နိဂုံး (ဘာသာပြန်၊ ၂၀၀၉) ဟူ၍ စုစုပေါင်း (၈) အုပ်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံစာရေးဆရာအသင်း ကန်တော့ခံသက်ကြီးစာပေပညာရှင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်

မြို့နယ်၊ စာရေးဆရာအသင်းနာယကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရင်း စာပေများကို ကြိုကြားကြိုကြား ရေးသားပြုစုလျက်ရှိပါသည်။

နေရပ်လိပ်စာ - အမှတ် (၄၃၆/၁၁)၊ ကုန်သည်လမ်း၊
အမှတ် (၈) ရပ်ကွက်၊ ဗိုလ်တထောင်
မြို့နယ်၊ ရန်ကုန်မြို့။



## ဦးအောင်သူ (ပထမံဆရာကြီးအောင်သူ)

ဦးအောင်သူကို အဖ ဦးဖိုးအေး+အမိ ဒေါ်မယ်တင်တို့က ၁၂၉၇ ခုနှစ်၊ တပို့တွဲလတွင် မွေးဖွားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် (၁၀) တန်းအောင်ခဲ့သည်။ စာရေးခြင်းကို ၁၉၅၆ ခုနှစ်တွင် တိုင်းရင်းမေ မဂ္ဂဇင်း၀တ္ထု၊ ကဗျာ၊ ဆောင်းပါးများကို ရေးသားခဲ့သည်။


ယနေ့အချိန်အထိ ရောင်ပြန်မဂ္ဂဇင်း၊ ဘုန်းရောင်ဂျာနယ်တို့တွင် ဆက်လက်ရေးသားလျက် ရှိနေပါသည်။

ဂမ္ဘီရဆန်းကြယ်၊ နက္ခတ္တ၊ လပြည့်ဝန်း၊ ၀ိဇ္ဇာမဂ္ဂဇင်း၊ ရောင်ပြန်မဂ္ဂဇင်း၊ ဘုန်းရောင်ဂျာနယ်တို့တွင်လည်း ရေးသားဆဲဖြစ်ပါသည်။

အထူးသဖြင့် လက်ရှိတွင် ရောင်ပြန်မဂ္ဂဇင်းတွင် အခန်းဆက်ရေးနေခြင်း၊ ဘုန်းရောင်ဂျာနယ်တွင် အပတ်စဉ်ဆောင်းပါးများ ရေးနေသည်။ ဘာသာရေးဆောင်းပါးအပုဒ် (၁၀၀) ကျော်

ရှိနေပါပြီ။ လက်ရှိတွင် ဆိပ်ကမ်းမြို့နယ် စာရေးဆရာအသင်းတွင် ဘဏ္ဍာရေးမှူးတာဝန်ကို ဆောင်ရွက်နေပါသည်။

**နေရပ်လိပ်စာ-** အမှတ်-၂၇၊ ၅၂-လမ်း၊ ဗိုလ်တထောင်မြို့နယ်။



## ဆရာကြီး ဦးမောင်မောင် (မောင်ချမ်းငြိမ်း - ဖျာပုံ)

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့တွင် ၁၂၉၂ ခုနှစ် (၂၂-၁၂-၁၉၃၀) ရက်နေ့တွင် မွေးဖွားသည်။ အဖ ဦးဘကျော်၊ အမိ ဒေါ်ကျင်ရွှေ တို့၏ တတိယမြောက်သားဖြစ်သည်။ ဖျာပုံမြို့ အစိုးရအထက် တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ဂျပန်ခေတ်တွင် အာရှ လုလင်ကင်းထောက်အဖြစ်လည်းကောင်း၊ စစ်ပြီးကာလကျောင်းသားဘဝတွင်ဖျာပုံခရိုင်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ အဖြစ်လည်း ကောင်းဆောင်ရွက်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ပညာ ဆက်လက်သင်ကြားခဲ့ရာ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ ဥပဒေ ဝိဇ္ဇာဘွဲ့နှင့် စီးပွားရေးတက္ကသိုလ်မှ စီမံခန့်ခွဲမှု ဒီပလိုမာဘွဲ့များ ရရှိခဲ့သည်။

၁၉၅၂ ခုနှစ်တွင် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနၗ အငယ်တန်းအရာရှိအဖြစ် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၇၂ခုနှစ်တွင် လက်ထောက်ညွှန်ကြားရေးမှူး တာဝန်ဖြင့် အင်္ဂလန် နိုင်ငံ လန်ဒန်မြို့တွင် ဌာနဆိုင်ရာ သင်တန်းတက်ရောက်ခဲ့သည်။

၁၉၇၉ ခုနှစ်တွင် အကောက်ခွန်ဦးစီးဌာနသို့ ညွှန်ကြားရေးမှူးတာဝန်ဖြင့် ပြောင်းရွှေ့တာဝန်ပေးခြင်းခံခဲ့ရသည်။ တာဝန်ဖြင့် အမေရိကန်၊ ထိုင်း၊ အိန္ဒိယနိုင်ငံများသို့ ဆွေးနွေးပွဲများ တက်ရောက်ရန် သွားရောက်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် နှစ်ပြည့် အငြိမ်းစားယူခဲ့သည်။

အငြိမ်းစားယူပြီးနောက် ပုံနှိပ်နှင့် စက္ကူလုပ်ငန်း လုပ်ကိုင်ခဲ့ရာ ၁၉၈၉ခုနှစ်တွင် ဖက်စပ်ကော်ပိုရေးရှင်း အမှတ် (၃)၌ အုပ်ချုပ်မှု ဒါရိုက်တာဥက္ကဋ္ဌ တာဝန်များကို ၁၉၉၇ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ မြန်မာနိုင်ငံသားများဘဏ်တွင် ဒါရိုက်တာအဖြစ် တာဝန်ပေးခြင်းခံရသည်။

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းတွင် ၁၉၉၀ပြည့်နှစ်မှ ၂၀၀၉ ခုနှစ်အထိ ဒုဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ကုန်သည်/စက်မှုအသင်းချုပ်တွင် ၁၉၉၁ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဗဟို အလုပ်အမှုဆောင်အထွေထွေ အတွင်းရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ၊ အမျိုးသားညီလာခံ ဗိုလ်တထောင်မြို့နယ် တိုင်းရင်းသားလူမျိုးစု အဖွဲ့ကိုယ်စားလှယ် အဖြစ်တက်ရောက်ခဲ့သည်။

၁၉၉၄ ခုနှစ်တွင် ဇီဝိတဒါန သံဃာ့ဆေးရုံ အုပ်ချုပ်ရေး အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး အတွင်းရေးမှူးအဖြစ် ၂၀၀၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိလည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ယနေ့အထိ ဥက္ကဋ္ဌတာဝန်ကိုလည်းကောင်း ထမ်းဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌအဖြစ်၊ ၂၀၁၀ ခုနှစ်မှလည်းကောင်း၊ ကုန်သည်/စက်မှုအသင်းချုပ် အကြံ

ပေးပုဂ္ဂိုလ်အဖြစ် ၂၀၁၁ ခုနှစ်မှလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် ရွေးချယ်တင်မြှောက်ရေးကော်မရှင် အဖွဲ့ဝင်အဖြစ် ၂၀၁၀ခုနှစ်မှ လည်းကောင်းဆောင်ရွက်ခဲ့သည်။

အကောက်ခွန်မဂ္ဂဇင်း၊ ကုန်သည်/စက်မှု အသင်းချုပ် နှစ်ပတ်လည် မဂ္ဂဇင်း၊ စစ်ပြန်မဂ္ဂဇင်း၊ အကောက်ခွန် သတင်းဂျာနယ်၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်း သတင်းစာလွှာ၊ အထူးစုံစမ်း စစ်ဆေးရေး ဦးစီးဌာန၊ ရွှေရတုသဘင် မဂ္ဂဇင်းများတွင် သုတ၊ ရသဆောင်းပါးများကို မောင်ချမ်းငြိမ်း (ဖျာပုံ)၊ မောင်မောင် (ဗိုလ်တထောင်) အမည်ဖြင့် ရေးသားခဲ့သည်။ ယခုအခါ ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်း နာယက တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ် ၆၂၊ ဘိုကလေးဈေးလမ်း၊ ပထမထပ်။ ဖုန်း -၃၉၂၁၃၅



**ဆရာမကြီး ဒေါ်စောနန်းမြင့်**
**(ခင်ပြည်ချစ်/စောနန်းမြင့် - စိန့်ဂျွန်း)**

၁၂၉၅ ခုနှစ် ကဆုန်လဆုတ် (၅)ရက်၊ (၁၃-၅-၁၉၃၃)နေ့တွင် ဖခင် စောဂွါလာ (နောင်ဌကရင် ၁၉၁၄-၁၈ ပထမကမ္ဘာစစ်ပြန်) နှင့် မိခင် (စစ်တွေရခိုင်)ဒေါ်ဆွေမြတို့မှ ကရင်ပြည်နယ်၊ ဖာပွန်မြို့၌ မွေးဖွားသည်။ ဖခင်ဖြစ်သူသည် ပခုက္ကူမြို့၌ ဝန်ထောက်ကြီးအဖြစ် တာဝန်တိုးမြှင့်ခံရသဖြင့် ပခုက္ကူမြို့သို့ မိသားစုလိုက် ပြောင်းရွှေ့နေထိုင်ခဲ့သည်။

၁၉၅၂ ခုနှစ်တွင် (အ. ထ. က-၁)ပခုက္ကူမြို့မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် B.A Dip.Ed ကို အောင်မြင်ခဲ့သည်။

၁၉၅၇-၅၈ ခုနှစ်တွင် ရန်ကုန်၊ ကန်ပဲ့ဆရာအတတ်သင်သိပ္ပံမှ အလယ်တန်းဆရာဖြစ်အောင်မြင်ခဲ့သည်။ ၁၉၅၇-၅၈ မှ ၁၉၇၅ ခုနှစ်အထိ၊ ရန်ကုန်မြို့ စိန့်ဂျွန်းယောက်ျားလေးကျောင်းတွင် အလယ်တန်းပြ ဆရာမတာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၅ မှ ၁၉၇၇ ခုနှစ်အထိ ရန်ကုန်တိုင်းဒေသကြီး တွံတေး (အ. ထ. က-၁)တွင် အထက်တန်းပြအဖြစ် တိုးမြှင့်တာဝန်ထမ်းဆောင်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင် (အ. ထ. က-၁)သို့ ၁၉၇၇မှ ၁၉၇၉အထိ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

(အ. ထ. က-၁၅)မန္တလေးမြို့တွင် ၁၉၇၉မှ ၁၉၈၁ ခုနှစ် ဧပြီလအထိလည်းကောင်း၊ ၁၉၈၁ ခုနှစ် မေလမှ အောက်တိုဘာလအထိ ကချင်ပြည်နယ်၊ ရွှေကူ (အ. လ. က)ကျောင်းအုပ်အဖြစ်လည်းကောင်း၊ ၁၉၈၁မှ ၁၉၈၄ခုနှစ်အထိ မန္တလေး (အ. လ. က-၅) သို့ အလယ်တန်းကျောင်းအုပ်အဖြစ်လည်းကောင်း၊ ၁၉၈၄မှ ၁၉၈၇ ခုနှစ်အထိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာ (အ. လ. က-၃)တွင်လည်းကောင်း၊ ၁၉၈၇မှ ၁၉၉၂ ခုနှစ်ထိတောင်ဥက္ကလာ (အ. လ. က-၈) တွင် ကျောင်းအုပ်အဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် (အ. ထ. က-၂) ဒလတွင်အထက်တန်းကျောင်းအုပ်အဖြစ် လည်းကောင်းအဆင့်ဆင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၃ ခုနှစ် မေလ (၁၃)ရက်နေ့တွင် ပညာရေးဌာနမှ သက်ပြည့်အငြိမ်းစားယူခဲ့သည်။

ငယ်ရွယ်စဉ်မှစ၍ ဆောင်းပါးများစတင်ရေးသားခဲ့ပြီး (အ. ထ. က-၁)ပခုက္ကူမဂ္ဂဇင်းတွင် "ဖြေပြေပါနိုင်" ဝတ္ထုတိုနှင့် ဆောင်းပါးများရေးခဲ့သည်။ "ပြန်လာခဲ့ပါ ကလေးတို့ရယ်"၊ "ပန်းတိုင်းပွင့်၍လှပါစေ"၊ "ပွင့်သောပန်းတိုင်းမွေးပါစေ" ၊ "ပီတိဖြာဝေ မေတ္တာမြေ"၊ "သူတို့သိကြပါစေ"၊ "တောလှမှ မြို့လှမယ်"၊ "တစ်နိုင်ငံလုံးကျောင်းဖွင့်သောနေ့"၊ "စေလိုရာစေ"၊ "ပညာရေးတင့်မှ နိုင်ငံမြင့်မည်"၊ "ခရေပင်တန်းနှင့် မြေနီလမ်း"၊ "မုတ်သုံနှင့်အတူ သူတို့

ပြန်လာကြပြီ”၊ “ပျင်းပျော်ပြန်ပြေးမြို့တွဲတေး” စသည့် ဆောင်းပါးများကိုလည်း ရေးသားခဲ့သည်။ စိန်ဂွန်းကျောင်းမဂ္ဂဇင်း၊ တွံတေးကျောင်းမဂ္ဂဇင်း၊ စန္ဒာရုပ်စုံမဂ္ဂဇင်း နှင့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် နိုင်ငံတော်အကျိုး ပြုဆောင်းပါးများကို ကလောင်အမည် “စောနန်းမြင့်-စိန်ဂွန်း” နှင့် “ခင်ပြည်ချစ်” အမည်များဖြင့်ရေးသားခဲ့သည်။

ပညာရေးဌာနတွင် (၃၆)နှစ် တာဝန်ထမ်းဆောင်စဉ်အတွင်း မန္တလေးတိုင်း အရှေ့တောင်မြို့နယ်တွင် ကျောင်းသားဘောလုံး ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျောင်းအားကစားပြိုင်ပွဲများတွင် အားကစားပြိုင်ပွဲ အုပ်ချုပ်သူအဖြစ်လည်းကောင်း တာဝန်များထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်မှ ချီးမြှင့်သည့် ဝန်ထမ်းကောင်းတံဆိပ် ရရှိခဲ့သည်။ ယခုအခါ ဗိုလ်တထောင်မြို့နယ်စာရေးဆရာအသင်း၏ နာယကတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ် ၃၉/၄၁၊ ၅၃လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



ရွှေဘိုတင်အောင်

ရွှေဘိုမြို့နေ အငြိမ်းစားရဲဝန်ထောက် ဦးဖေခင်နှင့် ဒေါ်သန်းဖေတို့က ၁၄-၉-၁၉၃၅ ခုနှစ်တွင် ဆရာရွှေဘိုတင်အောင်အား ရွှေဘိုမြို့၌ မွေးဖွားသည်။ မွေးချင်း (၇) ယောက်အနက် (၅) ယောက်မြောက်သားဖြစ်သည်။ ရွှေဘိုမြို့ အစိုးရအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ရေဦးမြို့သူ ဒေါ်ခင်ပြုံးနှင့် အိမ်ထောင်ကျပြီး သား သမီး သုံးယောက်ထွန်းကားခဲ့သည်။

၁၉၅၈ ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေးဌာနသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၈၃ ခုနှစ်တွင် အလုပ်မှ အငြိမ်းစားယူခဲ့သည်။

စာပေလောကသို့ ၁၉၆၄ ခုနှစ်တွင် ရေဒီယိုချိုတေးသံစာစောင်၌ ကဗျာတိုလေးတစ်ပုဒ်ဖြင့် စတင်ဝင်ရောက်ခဲ့သည်။ မဂ္ဂဇင်းများ၊ အခြား စာစောင်များတွင်လည်း ကဗျာများရေးသားခဲ့သည်။

၂၀၀၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ်စာမူ (တတိယဆု) ရရှိခဲ့သည်။ မြန်မာ့လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ မြန်မာ့တပ်မတော်နေ့တို့တွင်လည်း ကဗျာပြိုင်ပွဲဆုများ အသီးသီး ရရှိခဲ့ဖူးသည်။

၂၀၀၇ ခုနှစ်တွင် ကဗျာလုံးချင်း (၆၅) ပုဒ်၊ နှစ်ဦးဆုမွန်ကဗျာများ။

၂၀၀၈ ခုနှစ်တွင် ကဗျာလုံးချင်း (၇၅) ပုဒ်၊ နှလုံးသားမှ အချစ်ဒဏ်ရာကဗျာများ။

၂၀၁၀ ခုနှစ်တွင် ကဗျာလုံးချင်း (၈၀) ပုဒ်၊ အသည်းပန်း ရတနာကဗျာများ။

၂၀၁၃ ခုနှစ်တွင် ကဗျာလုံးချင်း (၆၄) ပုဒ်၊ လူဆိုသော လူနှင့် အခြားကဗျာများတို့ကို အသီးသီးရေးသား ရိုက်နှိပ် ထုတ်ဝေဖြန့်ချိခဲ့သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ စာရေးဆရာများ အသင်း (နာယက) အဖြစ် ဆောင်ရွက်လျက်ရှိပြီး မိသားစုနှင့်အတူနေထိုင်ကာ အကျိုးပြုစာပေများ ရေးသားလျက် ရှိသည်။

နေရပ်လိပ်စာ - ခြံအမှတ် (၉)၊ အောင်ချမ်းသာလမ်း၊
သနွှေပင်ကျေးရွာ၊ မှော်ဘီမြို့နယ်။



**ဆရာကြီး ဦးအုန်း**

(၁၉၂၇)ခုနှစ်၊ ဝါခေါင်လဆန်း (၁၀)ရက်၊ (၇-၈-၁၉၂၇) ရက်တွင် စစ်ကိုင်းမြို့ မန်ကျည်းဇင် တင်းတိတ်ရွာတွင် မွေးဖွားသည်။ သိမ်တော်ရွာမူလတန်း ကျောင်း၊ စစ်ကိုင်းမြို့ အစိုးရအထက်တန်း ကျောင်းတွင် ပညာသင်ယူခဲ့ပြီး (၁၉၄၇) ခုနှစ်တွင် တက္ကသိုလ် ဝင်တန်းစာမေးပွဲကို အောင်မြင်ခဲ့သည်။ မန္တလေး တက္ကသိုလ်မှ ဘီအက်စ်စီဘွဲ့ကို ရရှိခဲ့သည်။


စစ်ကိုင်းမြို့အမှတ် (၁)အထက်တန်းကျောင်းတွင် (၁၉၅၁)မှ (၁၉၅၂)အထိ အထက်တန်းပြဆရာလုပ်ခဲ့သည်။ (၁၉၅၂)မှ (၁၉၅၆)တွင် အင်္ဂလန်နိုင်ငံ မြောက်ဝေလတက္ကသိုလ်တွင် သစ်တောပညာဘာသာရပ်ကို သင်ကြားခဲ့သည်။ (၁၉၅၆) ခုနှစ်တွင် ဘီအက်စ်စီ (သစ်တောဂုဏ်ထူးဘွဲ့)ကို ရရှိခဲ့သည်။ (၁၉၅၇)မှ (၁၉၈၈) ခုနှစ်အထိ မြန်မာနိုင်ငံသစ်တောဦးစီးဌာနတွင် သစ်တောဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆက်လက်၍ သစ်တောဝန်ထောက်၊ သစ်တောညွှန်ကြား ရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ (၁၉၆၄)မှ (၁၉၇၃)ခုနှစ်များ အတွင်း ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် သစ်တောပညာရပ်ဌာနတွင် တွဲဖက်ပါမောက္ခအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ (၁၉၈၈)မှ (၁၉၉၃)ခုနှစ်အထိ

သစ်တောဦးစီးဌာနတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

အမေရိကန်၊ ဥရောပ၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ထိုင်း၊ စင်ကာပူ နိုင်ငံများသို့ (၈)ကြိမ်သွားရောက်၍ သစ်တောသုတေသန၊ ကွန်ပျူတာ၊ သဘာဝထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးပညာရပ်များ လေ့လာဆည်းပူးခဲ့သည်။ သုတေသနစာစောင် (၁၅)စောင်ပြုစု၍ သစ်တောပညာရပ်ဆိုင်ရာ စာအုပ်တစ်အုပ်ရေးသားခဲ့သည်။နိုင်ငံခြားသို့ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများအတွက် အကြိမ်ကြိမ်သွားရောက်ခဲ့သည်။ **Inernational Union of Conservation Natural Resoures (IUCN)** ၏ အသင်းဝင်အဖြစ် (၁၉၈၆)မှ ယခုအထိဆောင်ရွက်ခဲ့သည်။ **International Society of Man Grove Ecosystem (ISME)** ၏ ရာသက်ပန်အသင်းသားဖြစ်သည်။ ယခုအခါ သစ်တော သယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက် ရေးအသင်း **Forest Resources Envrenment and Conservation Association (FIRECA)** တွင် အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ဆဲဖြစ်သည်။ သစ်တောဂျာနယ်၊ မြန်မာတိုင်း၊ **Flower News** တို့တွင် ဆောင်းပါးအများအပြား ရေးခဲ့သည်။

(၁၉၈၂)ခုနှစ်မှ (၁၉၈၆)ခုနှစ် ပုပ္ပါးတောင်စိမ်းလန်းရေးနှင့် ဒီရေတောများ ထိန်းသိမ်းမှုများပြုလုပ်ခဲ့သည့်အတွက် ဂျပန်နိုင်ငံမှ **One of the 100 Earth Learning People** ဘွဲ့ကို(၂၀၀၅) **(Expo 2005)** တွင် ချီးမြှင့်ခဲ့သည်။ (၁၉၉၆) ခုနှစ်တွင် သုတ (သိပ္ပံ) စာပေဗိမာန် စာမူဆုကို သဘာဝသစ်တောများနှင့် ရင်ပေါင်တန်းလာသော သစ်တောစိုက်ခင်းများစာမူဖြင့် ပထမဆုရရှိခဲ့သည်။

နေရပ်လိပ်စာ - အမှတ် (၃၅-ဃ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။



## ဆရာကြီး ဦးမြရွှေ (မြရွှေ- ပြည်)

အဖဦးဘိုးဆိုင်၊ အမိ ဒေါ်ဆောင်းတို့မှ (၁၂၈၈)ခုနှစ်၊ ပထမဝါဆို လဆန်း (၈)ရက် (၁၇-၆-၁၉၂၆)ရက်တွင် အောင်လံမြို့၌ မွေးဖွားခဲ့သည်။

ဖ. ဆ. ပ. လခေတ်တွင် အထောက်တော်၊ မဏ္ဍိုင်၊ အမျိုးသား၊ ကြေးမုံ၊ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာများတွင် သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ကာ စာပေနယ် သို့ ဝင်ရောက်ခဲ့သည်။ ခေတ်အဆက်ဆက် ထုတ်ဝေဖြန့်ချိခဲ့သည့် သတင်းစာနှင့် ဂျာနယ်များတွင် သတင်းနှင့် ဆောင်းပါးများ ရေးသားခဲ့သည်။

(၁၉၆၀)ပြည့်နှစ်ဝန်းကျင်တွင် ပြည်ခရိုင်သတင်းထောက်များအသင်းဥက္ကဋ္ဌနှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် ပြည်မြို့နယ် စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ယခုအထိ သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ရင်း သတင်းနှင့် သတင်းဆောင်းပါးများ ဆက်လက်ရေးသားလျက်ရှိသည်။

နေရပ်လိပ်စာ - အမှတ် (၁၄၆)ယ၊ စန္ဒာသီရိလမ်းသွယ်၊ (၈)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



ဆရာကြီး ဦးမင်းအောင်
(မောင်မင်း၊ သူတော်စင် မင်းအောင်)

အဖ ဦးမောင်ငယ်၊ အမိ ဒေါ်ဂေါက်တို့မှ (၁၂၈၄)ခုနှစ်၊ တန်ခူးလ ဆန်း(၃)ရက် (၁၉-၃-၁၉၂၃)တွင် ဝါးခယ်မမြို့၌ မွေးဖွား ခဲ့သည်။ ဝါးခယ်မ မြို့ မူလတန်းလွန်ကျောင်းမှ ဆယ်တန်းအောင် မြင်ခဲ့ပြီး မန္တလေးတက္ကသိုလ်မှ အိုင်အေအထက်တန်း အောင်မြင် ခဲ့သည်။

လူထုပညာရေးသင်တန်းတက်ရောက်ပြီး လူထုပညာရေး မှူး တာဝန် ကိုထမ်းဆောင်ခဲ့သည်။ (၁၉၅၄)ခုနှစ်မှစ၍ လူထု ပညာစာစောင်နှင့် သင့်ဘဝမဂ္ဂဇင်းတို့တွင် ဆောင်းပါးများ ရေးသားခဲ့သည်။ (၁၉၅၉)ခုနှစ်တွင် ရန်ကုန်နေ့စဉ် သတင်းစာ၊ မိုးကြိုး သတင်းစာနှင့် ပြည်ထောင်စုနေ့စဉ် သတင်းစာတို့တွင် မြင်းခြံခရိုင်သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင် ခဲ့သည်။

(၂၀၀၂)ခုနှစ်၊ ပခုက္ကူဦးအုံးဖေစာပေဆုတွင် "လူထုပညာ" ကျမ်းစာပေကို 'မောင်မင်း' ကလောင်အမည်ဖြင့် တင်သွင်းခဲ့ရာ

အမှုထမ်း၍ စာကြည့်တိုက်နှင့်ပေစာဌာနစိတ်တာဝန်ခံ အရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။

(၁၉၆၉) ခုနှစ်တွင် ဂျာမန်ပြည်ထောင်စု သမ္မတနိုင်ငံ ဂေါ်တင်ဂန် တက္ကသိုလ်တွင် မြန်မာစာနှင့် ပါဠိလက်ရေးမူ ကထိကအဖြစ် ပြင်ပဝန်ထမ်းအနေဖြင့် (၄)နှစ်ခန့် သွားရောက်အမှုထမ်းခဲ့သည်။

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ဌာနတွင် ပြင်ပအထိကအဖြစ် (၁၅)နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့သည်။

ကမ္ဘာအေးသာသနာရေးဦးစီးဌာနမှ သုတေသနနှင့်ကျမ်းပြုဌာန၊ တွဲဖက်ညွှန်ကြားရေးမှူး တာဝန်မှ သက်ပြည့်အငြိမ်းစားယူခဲ့သည်။

ကျမ်းပြုစာရင်းအဖြစ် အချို့ကိုဖော်ပြရလျှင် မြန်မာ့စွယ်စုံကျမ်းတွင် "ပေစာနှင့် ပုရပိုက်"၊ မြန်မာ့သုတေသနအသင်းထုတ် "ပိသုကာကျမ်း"(၁၉၆၆)၊ အမျိုးသားယဉ်ကျေးမှုစာစောင် အမှတ် (၁)တွင် "မြန်မာ ပုရပိုက်" (၁၉၆၂)နှင့် ဒေါက်တာရှပ်နှင့် တွဲဖက်ပြုစုခဲ့သည်။ "Burmese Manuscripts"

နေရပ်လိပ်စာ - အမှတ် (ခ/၁၉) ဘုရင့်နောင်လမ်း၊ ကျောက်ရေတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။



ဦးသောင်းမြင့် (ဦးသောင်းမြင့်-ဝိဇ္ဇာဓရ)

မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် အဖ ဦးစံငြိမ်း၊ အမိ ဒေါ်အေးကြည်တို့က ၁၂၉၆ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ပညာ အရည်အချင်းမှာ BA,H.G.P.R.L ဖြစ်သည်။ ဆ. စ. တ. က စာရင်းကိုင်သင်တန်း၊ ဗဟိုပြည်သူ့ဝန်ထမ်း ကျောင်း (ဖောင်ကြီး) အခြေခံပြည်သူ့ရေးရာ အရာရှိဝန်ထမ်းလောင်း၊ သူနာပြုသင်တန်း၊ ကမာရွတ်မြို့နယ် သမဝါယမဦးစီးဌာန အဆင့် (၃) အမှုဆောင် များ ရက်တိုသင်တန်း၊ တိုင်းရင်းဆေးဘာသာ ဆေးသင်တန်းတို့ကို တက်ရောက်ခဲ့ပြီး စာရင်းကိုင်စာရေး၊ ဗိုလ်တထောင်ဒေသစိတ် ကုန်သွယ်ရေး၊ ဘွဲ့ရအလုပ်သင်ဝန်ထမ်း ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ဗဟိုပို့ဆောင် ဆက်သွယ်ရေးသင်တန်း ကျောင်း (မိတ္ထီလာ) တို့တွင် တာဝန် ထမ်းဆောင်ခဲ့သည်။ စာနယ်ဇင်းမျိုးစုံတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ စုစုပေါင်း ပုဒ်ရေ ၆၀၀ ကျော် ပုံနှိပ်ဖော်ပြခဲ့ရပြီး ဖြစ်သည်။

ဦးသောင်းမြင့်၊ ဝိဇ္ဇာဓရကလောင်အမည်အပြင် သောင်းမြင့် (သထုံ)၊ သိဒ္ဓိရှင်၊ မနောမယသိဒ္ဓိရှင် ကလောင်များ

ဖြင့်လည်း ရေးသားလျက်ရှိပြီး ဦးသောင်းမြင့် (ဝိဇ္ဇာဓရ) အမည်ဖြင့် ၁၉၉၅ ခုနှစ်တွင် စာမူခွင့်ပြုချက်အမှတ် ၃၇၁/၉၅ (၆)၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၈၇/၉ (၈) ဖြင့် ထွန်းလှကျော် စာပေမှ ထုတ်ဝေသည့် အနာသိလျှင် ဆေးရှိသည်စာအုပ်၊ ၁၉၉၇ ခုနှစ်တွင် စာမူခွင့်ပြုချက်အမှတ် ၃/၉၉ (၁)၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၇/၉၉ (၂) ဖြင့် ဦးအုံးရွှေ (ဥတ္တမ) ကမာရွတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ထုတ်ဝေသည့် မေတ္တာဝါဒီဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့်မေတ္တာပွားပုံနည်းမျိုးစုံစာအုပ်၊ ၂၀၁၁ ခုနှစ်တွင် စာမူခွင့်ပြုချက်အမှတ် (၃၂၀၃၁၆၀၆၀၃)၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၃၂၀၇၅၀၀၆၁) ဖြင့် သာသနာရေးဦးစီးဌာန ၀၃၄/၀၆ (၁) ဖြင့် မေတ္တာဝါဒီဆရာတော်ဘုရားကြီး၏ တန်ခိုးကြီးသည့် ကပ္ပဋ္ဌိတိပရိတ်တရားတော်များစာအုပ် တို့ကို ရေးသားထုတ်ဝေပြီးဖြစ်သည်။ မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းဝင်တစ်ဦးဖြစ်ပြီး၊ အသင်းဝင်အမှတ်မှာ (၁၂၄၀) ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် (၅၉)၊ ဦးဘဟန်လမ်းသွယ်၊
(၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။



ဆရာကြီးဦးအုန်းမြင့် (ဓနလုလင်)

အဖ ရက္ခန်းဆရာကြီးဦးဘစိုး၊ အမိ ဒေါ်အုန်းသွင်တို့မှ ၂၃-၈-၁၉၃၀ ရက်နေ့တွင် မွေးဖွားခဲ့သည်။ အခြေခံပညာအထက်တန်းအဆင့်အထိ အောင်မြင်ခဲ့ပြီး အသက် ၃၂ နှစ်အရွယ်တွင် ဗေဒင်ပညာများ သင်ယူတတ်မြောက်ခဲ့သည်။ ၁၉၆၀ ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး မင်္ဂလာဗျူဟာအသင်းချုပ်ကြီးကို စတင်တည်ထောင်ခဲ့သော ဒီးဒုတ်ဦးသာဒင်နှင့် သိကျွမ်းရင်းနှီးခဲ့ရာမှ မင်္ဂလာဗျူဟာအသင်းချုပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ရာ ၁၉၆၃ ခုနှစ်မှစ၍ စည်းရုံးရေးအမှုဆောင်လူကြီးအဖြစ် အသိအမှတ်ပြု တင်မြှောက်ခြင်းခံခဲ့ရာ ယနေ့အထိဖြစ်သည်။

၁၃၃၂ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် စတင်ဖွဲ့စည်းခဲ့သော မေတ္တာဗျူဟာအဖွဲ့တွင် အတွင်းရေးမှူးအဖြစ် ၁၅ နှစ်တိုင်တိုင် ဆောင်ရွက်ခဲ့သည်။ တိမ်မြုပ်နေသော ပိဋကတ်ကျမ်းစာများကို ပြန်လည်ရိုက်နှိပ်ရန်ရည်ရွယ်ချက်ဖြင့် ၁၉၈၀ ပြည့်နှစ်မှစ၍ မိမိကိုယ်ပိုင်ငွေဖြင့် စတင် မတည် တည်ထောင်ခဲ့ရာ ယခုအခါ ပုလဲရတုမော်ကွန်းစာစောင်အထိ ထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်သည်။

ဆရာကြီး ဒီးဒုတ်ဦးသာဒင်နှင့်လက်တွဲ၍ သံဃာတော်အရှင်မြတ်များ၏ဂုဏ်ကို ထုတ်ဖော်ပူဇော်အပ်သော သံဃာတော်နေ့ (သာမညဖလအခါတော်နေ့) အားလည်းကောင်း၊ ဗုဒ္ဓ၏ဩဝါဒ ပါတိမောက်ဟောကြားတော်မူရာ တပို့တွဲလပြည့်နေ့တွင် ဩဝါဒ ပါတိမောက်အခါတော်နေ့ဟုလည်းကောင်း သတ်မှတ်၍ ဩဝါဒ ပါတိမောက် ဓမ္မစေတီတော်များ မြန်မာနိုင်ငံအနှံ့ တည်ထားပူဇော်ကြရန်နှင့် ကမ္ဘာ့ဒေသအသီးသီးသို့ ရောက်ရှိပျံ့နှံ့အောင် မေတ္တာဗျူဟာအဖွဲ့မှ စီစဉ်ရာတွင် ဦးဆောင်သူအဖြစ် ပါဝင်ခဲ့သည်။ ၁၃၃၅ ခုနှစ်၊ တော်သလင်းလပြည့်နေ့မှစ၍ ရွှေတိဂုံစေတီတော်ရာဟုထောင့်ရှိ သံတန်ဆောင်းတော်ကြီးတွင် ပထမအကြိမ် ဂရုဓမ္မ အခါတော်နေ့ ပြုလုပ်ခဲ့ရာတွင်လည်း ဦးဆောင်ခဲ့သည်။

မင်္ဂလာဗျူဟာအသင်းချုပ်ကြီး၏ နှစ် ၅၀ ပြည့်၊ ရွှေရတုအထိမ်းအမှတ်အဖြစ် ရွှေရတုမင်္ဂလာဂုဏ်ပြုလွှာတေးထပ်ကိုလည်းကောင်း၊ ပိဋကဗျူဟာအဖွဲ့ကြီး၏ နှစ် ၃၀ ပြည့် ပုလဲရတုမော်ကွန်းအထိမ်းအမှတ် ပိဋကဗျူဟာဂုဏ်ပြုလွှာ ရှစ်ဆယ်ပေါ်တေးထပ်ကိုလည်းကောင်း၊ မေတ္တာဗျူဟာအဖွဲ့ကြီး၏ ၂၅ နှစ်ပြည့် ငွေရတုမော်ကွန်းအထိမ်းအမှတ် မေတ္တာဗျူဟာငွေရတု အချိန်အခါ ဂုဏ်ပြုလွှာတေးထပ်ကိုလည်းကောင်း ရေးသားခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် အသက် ၈၀ ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် မဟာဗောဓိပူဇာစာတမ်းနှင့် ကိုယ်တွေ့ဖြစ်စဉ်များ စာအုပ်ကို ချမ်းသာစာပေမှ ထုတ်ဝေခဲ့သည်။

မရမ်းကုန်းမြို့နယ်၊ စာရေးဆရာအသင်း၏ နာယကအဖွဲ့ဝင်ဖြစ်ပြီး စာရေးဆရာအသင်းဝင်အမှတ်မှာ ၈၆၀၂ ဖြစ်သည်။

ယခုအခါ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ အောင်မင်္ဂလာ (၄) လမ်းတွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိပါသည်။



ဦးလှသောင်း (မောင်လှသောင်း-ဘဏ်)

ညောင်လေးပင်မြို့နေ အဖ ဦးဘိုးဝင်း၊ အမိ ဒေါ်စိန်ခင်တို့က မွေးဖွားခဲ့သည်။ ပညာအရည်အချင်းမှာ BA,RL, DMA (II) ဖြစ်ပြီး မြန်မာ့ရောင်းဝယ်ရေးဘဏ်တွင် အထွေထွေ မန်နေဂျာအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

စာပေလောကသို့ ၁၉၅၆ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး မျိုးမြန်မာဂျာနယ်၊ ပြည်မြန်မာဂျာနယ်၊ သက်တန့်ရောင်ဂျာနယ်၊ သတင်းလွှာဂျာနယ်၊ ရွှေပြည်တန်ဂျာနယ်၊ VOICE ဂျာနယ်၊ ရွှေစည်းစိမ်မဂ္ဂဇင်း၊ မြန်မာ့ဓနမဂ္ဂဇင်း၊ သုတစွယ်စုံမဂ္ဂဇင်း၊ IT Magazing (English) BUSINESS Magazine (English) မြန်မာ့ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးမဂ္ဂဇင်းစသည်တို့တွင် သုတရသဆောင်းပါးများ ရေးသားခဲ့သည်။ ရန်ကုန်ဆေးတက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတွင် ကြဉ်လျက်မကြဉ်သာ ခေါင်းစဉ်ဖြင့် ဝတ္ထုတိုရေးသားခဲ့ပြီး လယ်ယာဦးကြီးများ စိုက်ပျိုးချေးငွေပြန်ဆပ်ကြလော့ ဆောင်းပါးကို ဗိုလ်တထောင်သတင်းစာတွင် ပုံနှိပ်ဖော်ပြခြင်းခံခဲ့ရသည်။

ရေးသားထုတ်ဝေခဲ့ပြီးသောစာအုပ်များမှာ ၂၀၀၇ ခုနှစ်တွင် ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ ဝေါဟာရအဘိဓာန်စာအုပ်၊ ၂၀၀၉ ခုနှစ်တွင် စာမူခွင့်ပြုချက်အမှတ် (၄၀၀၁၈၀၀၂၀၉) မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၀၀၄၀၁၀၃၀၉) ဖြင့် သင်းစာပေမှထုတ်ဝေသည့် ဘဏ်လုပ်ငန်းဆိုင်ရာ အထင်ကရ စီရင်ထုံးဥပဒေ၊ ပြဋ္ဌာန်းဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လိမ်မည်မှုများစာအုပ်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလတွင် စာမူခွင့်ပြုချက်အမှတ် (၄၁၁၀၄၁၀၈၁၁) မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၁၀၉၆၀၀၈၁၁) ဖြင့် ပန်းဝေဝေစာပေမှထုတ်ဝေသည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအတွက် ငွေကြေးအထောက်အပံ့စာအုပ်၊ အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝေါဟာရအဘိဓာန်စာအုပ်၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ပန်းဝေဝေစာပေမှထုတ်ဝေသည့် သုတဆောင်းပါးပဒေသာ စုစည်းမှု (မြန်မာအင်္ဂလိပ်နှစ်ဘာသာ) စာအုပ်တို့ကို ရေးသားခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ဘဏ်လုပ်ငန်းဘဏ္ဍာရေးဆိုင်ရာအဘိဓာန် စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု (ရည်ညွှန်းစာပေ) ဆုအားလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ဘဏ်လုပ်ငန်းဆိုင်ရာ အထင်ကရစီရင်ထုံးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လိမ်လည်မှုများစာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆု (စီးပွားရေး) ဆုအားလည်းကောင်း ရရှိခဲ့ပြီး ၄-၁-၁၉၉၆ ခုနှစ်တွင် နိုင်ငံတော်မှချီးမြှင့်ပေးအပ်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ ရရှိခဲ့သည်။

မောင်လှသောင်း (ဘဏ်) ကလောင်အမည်အပြင် မောင်ကြည်သွင် (ညောင်လေးပင်၊ တက္ကသိုလ်မောင်ကြည်သွင်)

ကလောင်အမည်များနှင့်လည်း စာနယ်ဇင်းမျိုးစုံတွင် ရေးသားလျက်ရှိသည်။ စာရေးဆရာအသင်းဝင်အမှတ်မှာ ၉၆၀၉ ဖြစ်သည်။ ယခုအခါ မိသားစုနှင့်အတူ အမှတ် ၄၈၊ အောင်တေဇလမ်း၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိသည်။



ဆရာကြီး ဗိုလ်မှူးချုပ်တင့်ဆွေ (တင့်ဆွေ - ဖျာပုံ)

အဖ ဦးဘသောင်နှင့် အမိ ဒေါ်သင်တို့မှ ၁၉၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖျာပုံမြို့၌ မွေးဖွားခဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင် ဖျာပုံမြို့ အထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့သည်။ ၁၉၄၃ ခုနှစ် မတ်လတွင် ဗမာ့ကာကွယ်ရေး တပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်း ဒုတိယအပတ်စဉ်သို့ တက်ရောက်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ဂျပန်နိုင်ငံ ဘုရင့်စစ်တက္ကသိုလ်သို့ တက်ရောက်အောင်မြင်ခဲ့သည်။ ၁၉၄၆ မှ ၁၉၆၉ ခုနှစ်အထိ တပ်မတော်တွင် တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ စစ်ဦးစီးမှူး၊ တိုင်းဦးစီးချုပ်၊ တပ်မ (၇၇) တပ်မမှူးနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ၁၉၇၅ ခုနှစ်တွင် ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး၊ ၁၉၇၆ မှ ၁၉၈၈ ခုနှစ်အထိ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ စစ်မှု

ထမ်းကောင်းတံဆိပ်၊ ပြည်သူ့စစ် တိုက်ပွဲဝင်တံဆိပ်၊ ပြည်ပရန်နှိမ်တံဆိပ်၊ နိုင်ငံတော်စစ်မှုထမ်းတံဆိပ်တို့ ရရှိခဲ့သည်။

၂၀၁၀ ခုနှစ်တွင် "ကျောပိုးအိတ်လေးကိုချီကာလွယ်' ဖြင့် အမျိုးသားစာပေ (စာပဒေသာ)ဆု ရရှိခဲ့သည်။

နိုင်ငံတာဝန်ဖြင့် နိုင်ငံပေါင်း ၁၈ နိုင်ငံသို့ သွားရောက်ခဲ့သည်။ သောင်းကျန်းမှု နှိမ်နင်းရေးလက်စွဲ လေ့ကျင့်ရေးစာစောင်ကို ရေးသားကာ စာပေလောကသို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် 'မထိကန်သာ ရေကြည်ရှာခဲ့' လုံးချင်းစာအုပ် ထုတ်ဝေခဲ့သည်။

အမည်ရင်း ဗိုလ်မှူးချုပ်တင့်ဆွေ (ငြိမ်း) ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် (၄)၊ အနော်ကမြောလမ်းသွယ် (၂)၊ အမှတ် (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။



## ဆရာကြီးဦးအုန်းလွင်
## (ဂီတနက်သန်ဦးအုန်းလွင်)

ဖျာပုံခရိုင်၊ သမိန်ထောရွာတွင် အဖဦးသန်းဖေ၊ အမိဒေါ်ယဉ်တို့က မြန်မာသက္ကရာဇ် (၁၂၈၈) ခု၊ တန်ခူးလဆန်း (၁)ရက် (၁၃-၃-၁၉၂၆) တွင် မွေးဖွားခဲ့သည်။ (၁၉၄၀-၄၅) ခုနှစ်မှ စတင်၍ ဂီတနက်သန်ကိုစောညိန်းနှင့်အတူ ဂီတလောကတွင် ဂီတနက်သန်အဖွဲ့တည်ထောင်လျက် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ နှစ်စဉ်ကျင်းပသော စာဆိုတော်နေ့အထိမ်းအမှတ် စာရေးဆရာများပါဝင်သော ပြဇာတ်တင်ဆက်ရာတွင် ဂီတနက်သန်ကိုစောညိန်း၊ စာရေးဆရာအောင်လင်းတို့နှင့်အတူ သီချင်းများရေးစပ်ခဲ့သည်။ သီချင်းများမှာ ၁။ မြဝတီ ဦးစ၊ ၂။ ဦးပုညာ၊ ၃။ နတ်သျှင်နောင်၊ ၄။ မောင်ဖေငယ်၊ ၅။ လက်ဝဲသုန္ဒြရတို့ဖြစ်သည်။ ပြဇာတ်များမှာ ၁။ မဲဇာမြိုင်၊ ၂။ မှာလိုက်လေမလားတို့ဖြစ်ပါသည်။ ဂီတရသဓမ္မတေးများလည်း ရေးစပ်ခဲ့ပြီး အိုးဝေ

ဂျာနယ်၊ ရှုထောင့်ဂျာနယ်၊ အင်တာဗျူးဂျာနယ်၊ ဂီတကမ္ဘာဂျာနယ်၊ လျှပ်တစ်ပြက်ဂျာနယ်၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းစသည်တို့တွင် ဂီတနှင့် အခြားသုတရသဆိုင်ရာ ဆောင်းပါးအပုဒ်ရေ တစ်ရာကျော် ရေးသားခဲ့ပြီးဖြစ်သည်။ ယနေ့အထိလည်း ရေးသားလျက်ရှိပါသည်။

(၁၉၇၁) ခုနှစ်တွင် ဘိုကလေးဆရာအတတ်သင်သိပ္ပံကျောင်း၌ ဂီတဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၇၄-၇၅) ခုနှစ်၌ မြန်မာနိုင်ငံဂီတကောင်စီဥက္ကဋ္ဌ ဂီတအစည်းအရုံး (ဗဟို) ဒုဥက္ကဋ္ဌတာဝန်များထမ်းဆောင်ရင်း နိုင်ငံတော်မှကျင်းပပြုလုပ်သော ဆိုကရေးတီးပြိုင်ပွဲ၊ မြန်မာဂီတာအတီးပြိုင်ပွဲကာလ၌ ဗဟိုအတည်းအဖြတ်တာဝန်ယူခဲ့ပါသည်။

မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက် ဦးအောင်မင်းလမ်းသွယ်ခဝဲခြံ (၁) လမ်း၊ အမှတ် (၁၄) တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိပါသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်အမှတ်မှာ (၉၆၁၀) ဖြစ်ပါသည်။



## ဒေါ်တင်တင်စိန်
## (ကမ္ဘာလှည့်တင်တင်စိန်)

၁၂၉၇ ခု၊ နှောင်းတန်ခူးလပြည့်နေ့တွင် (အဖ) ထောင်ပိုင်ကြီး ဦးစကင်းနား၊ (အမိ) ဒေါ်လှမေ (ခ) ကာရိုလိုင်းဂျိမ်း (စ်) တို့က ရခိုင်ပြည်နယ် စစ်တွေမြို့တွင် မွေးဖွားခဲ့ပါသည်။

B.A,R.A,MA၊ CMA (London)၊ TEA (London) ဘွဲ့ရသည်အထိ ပညာသင်ယူခဲ့ပြီး ၁၉၅၅-၅၆ ခုနှစ်တွင် ခင်ပွန်း ဖြစ်သူ ဦးဘတုတ်နှင့်အတူ စစ်ကျန် B.S.A မော်တော်ဆိုင်ကယ် ဖြင့် နိုင်ငံပေါင်း (၃၀) သို့ လှည့်လည်ခဲ့သဖြင့် မြန်မာ့ပထမဆုံး မော်တော်ဆိုင်ကယ်ဖြင့် ကမ္ဘာကို ပတ်၍ စွန့်စားဝံ့သူအဖြစ် ကမ္ဘာကျော်ခဲ့ပါသည်။

နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်သားများကောလိပ်တွင် အင်္ဂလိပ်၊ သမိုင်း၊ ဒဿနိကဗေဒနှင့် အားကစားဆရာအဖြစ်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနတွင် ငွေစာရင်းအရာရှိအဖြစ်ဖြင့်

လည်းကောင်း၊ သစ်လုပ်ငန်းကော်ပိုရေးရှင်းတွင် ဒု-မန်နေဂျာအဆင့်ထိလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၅၈ ခုနှစ်မှစ၍ ယနေ့အထိ စွန်းလွန်းဝိပဿနာနည်းဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်လွှားတွင် တရားဟောခြင်းနှင့် တရားပြသခဲ့ပါသည်။

လူမှုရေးလုပ်ငန်းအဖြစ် (၁၉၅၇) ခုနှစ်မှ (၁၉၆၂) ခုနှစ် အထိ ရခိုင်တိုင်းကင်းထောက်နာယက၊ ရခိုင်တိုင်းကြက်ခြေနီ ဥက္ကဋ္ဌ၊ ရခိုင်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး တာဝန်များဖြင့် လေဘေးရေဘေး ကယ်ဆယ် ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် နိုင်ငံတော်အား လက်နက်စွဲကိုင်ပုန်ကန်နေသော သူပုန်ခေါင်းဆောင် ဘုံပေါက်သာကျော်အား လက်နက်စွန့်လွှတ်ရေးအတွက် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခဲ့ရာ (၁၉၅၉) ခုနှစ်တွင် ဘုံပေါက်သာကျော်နှင့် တစ်ဖွဲ့လုံး လက်နက်စွန့်၍ ငြိမ်းချမ်းရေးရယူခဲ့ပါသည်။ (၁၉၈၅) ခုနှစ်ခန့်ကတည်းက စာနယ်ဇင်းမျိုးစုံတွင် ကမ္ဘာလှည့်အတွေ့အကြုံအကြောင်းအရာများ၊ ဘာသာရေးနှင့် အခြားသုတဖြစ်ဖွယ်ရာ အကြောင်းအရာများအား ယနေ့အထိ ရေးသားလျက် ရှိပါသည်။

ပေါင်းချုပ်စာအုပ်ထုတ်ဝေမှုအဖြစ်

(၁) ၁၉၉၇ ခုနှစ်တွင် ရွှေမာန်ဦးစာပေမှ ငွေကမ္ဘာ (၁)

(၂) ၁၉၉၇ ခုနှစ်တွင် ရွှေမာန်ဦးစာပေမှ ပြောပြစမ်းချင် အမေရိကတစ်ခွင်

(၃) ၁၉၉၈ ခုနှစ်တွင် ရွှေမာန်ဦးစာပေမှ ပြောပြစမ်းချင် အင်ဒိုနီးရှားတစ်ခွင်
(၄) ၁၉၉၈ ခုနှစ်တွင် ရတနာဂုဏ်ရည်စာပေမှ ပြောပြစမ်းချင် ဂျပန်တစ်ခွင်
(၅) ၁၉၉၈ ခုနှစ်တွင် မုံရွေးစာပေတိုက်မှ ပြောပြစမ်းချင် မဒ္ဒီမတစ်ခွင်
(၆) ၁၉၉၈ ခုနှစ်တွင် မုံရွေးစာပေတိုက်မှ ပြောပြစမ်းချင် ကမ္ဘောဒီးယားတစ်ခွင်
(၇) ၁၉၉၈ ခုနှစ် မုံရွေးစာပေတိုက်မှ ပြောပြစမ်းချင် ထိုင်းလင်းတစ်ခွင်
(၈) ၁၉၉၈ ခုနှစ်တွင် ရာပြည့်စာပေတိုက်မှ ပြောပြစမ်းချင်နီပေါတစ်ခွင်
(၉) ၁၉၉၈ ခုနှစ်တွင် ရတနာဂုဏ်ရည်စာပေမှ ပြောပြစမ်းချင် သီရိလင်္ကာတစ်ခွင်
(၁၀) ၁၉၉၈ ခုနှစ်တွင် ရတနာဂုဏ်ရည်စာပေမှ ပြောပြစမ်းချင် အင်္ဂလန်တစ်ခွင်
(၁၁) ၁၉၉၉ ခုနှစ်တွင် ရွှေမာန်ဦးစာပေမှ ငွေကမ္ဘာ (၂)
(၁၂) ၂၀၀၀ ပြည့်နှစ်တွင် ပညာရွှေတောင်စာပေမှ ငွေကမ္ဘာ (၃)
(၁၃) ၂၀၀၅ ခုနှစ်တွင် မုံရွေးစာပေမှ ငွေကမ္ဘာ (၄)
(၁၄) ၂၀၁၂ ခုနှစ်တွင် ရတနာဂုဏ်ရည်စာပေမှ ပြောပြစမ်းချင် Venice တစ်ခွင်

(၁၅) ၂၀၁၂ ခုနှစ်တွင် Top စာပေမှ ပြောပြစမ်းချင်နာဂ တစ်ခွင်

(၁၆) ၂၀၁၄ ခုနှစ်တွင် ဝင်းရတနာစာပေမှ ဘိုးတော် အောင်တေဇအတ္ထုပ္ပတ္တိ

(၁၇) ၂၀၁၄ ခုနှစ်တွင် Digost မီဒီယာစာပေမှ မြန်မာမှ ပထမဆုံး မော်တော်ဆိုင်ကယ်နှင့် ကမ္ဘာတစ်လွှား စွန့်စားခြင်း စုစုပေါင်းလုံးချင်းစာအုပ် (၁၇) အုပ် ထုတ်ဝေပြီး ဖြစ်ပါသည်။

မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်း၏ နာယကဖြစ်ပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်အမှတ်မှာ (၄၆၁၈) ဖြစ်ပါသည်။

**နေရပ်လိပ်စာ**-(၆၉/အေ)၊ အခန်း (၁၄)၊ စိန်နဂါးအိမ်ရာ၊ ရန်ကုန်အင်းစိန်လမ်း၊ (၉) ရပ်ကွက်၊ လှိုင်မြို့နယ်နှင့် မြတ်ပုဂံဟိုတယ်၊ ပုဂံမြို့တို့တွင် နေထိုင်လျက်ရှိပါသည်။



## ဆရာကြီး ဦးအေးကို
## (မောင်အေးကို-ယမုံနာ)

အဖ ဦးစောမောင်၊ အမိ ဒေါ်ဖွားရှင်တို့က မြန်မာသက္ကရာဇ်(၁၂၉၇) ခုနှစ်၊ တပို့တွဲလဆန်း (၁၁) ရက် (၂-၂-၁၉၃၆) ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ပင်ကတောရွာ၌ မွေးဖွားခဲ့သည်။ အလယ်တန်းအဆင့်အထိ ပညာသင်ကြားခဲ့ပြီး သာမဏေဘဝ၊ ရဟန်းဘဝဖြင့် ပထမလတ်တန်း အောင်မြင်သည်အထိ သင်ကြားခဲ့ပါသည်။

(၁၉၆၇) ခုနှစ်တွင် စာပေနယ်သို့ စတင်ဝင်ရောက်ပြီး ဆရာနီလေးမောင်၏ ပြစ်မှုမဂ္ဂဇင်းတွင် "လောဘရမ္မက်" အမည်ရှိ ဝတ္ထုတိုမှာ ပထမဦးဆုံး ပုံနှိပ်ဖော်ပြခံရသော စာမူဖြစ်ပါသည်။ ဖြစ်ရပ်မှန်မှုခင်းဝတ္ထုဆောင်းပါးများရေးသားရင်း (၁၉၈၈) ခုနှစ်နောက်ပိုင်းတွင် မရမ်းကုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ အေးချမ်း

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွင် အဖွဲ့ဝင် (၁)၊ ဥက္ကဋ္ဌတာဝန်များအားလည်းကောင်း၊ အနောက်ပိုင်းခရိုင် ငြိမ်းချမ်းရေးမော်တော်ယာဉ်လိုင်းအမှတ် (၁၆၈) ဥက္ကဋ္ဌတာဝန်များအားလည်းကောင်း၊ ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်) တွင်ဘဏ္ဍာရေးမှူးတာဝန်များအားလည်းကောင်း ထမ်းဆောင်ခဲ့ပါသည်။

စာပေရေးသားမှုအဖြစ် ငွေတာရီ မြဝတီ၊ မှုခင်းရှုထောင့်၊ လပြည့်ဝန်း၊ ပြစ်မှု၊ မနုစာရီ ရောင်ပြန်၊ ပေါင်းတည်မဂ္ဂဇင်း၊ မြန်မာ့ဂုဏ်ရည်၊ ကိုးနဝင်း၊ ဘုရင့်နောင်၊ ခရီးဖော်၊ စာရေးဆရာအသင်းမဂ္ဂဇင်း၊ ရတနာမွန်၊ ရတနာတံခွန်စသည်တို့တွင် ဘာသာရေး၊ ဘဝသရုပ်ဖော်နှင့် အတွေးအမြင်ဝတ္ထုများ၊ ဆောင်းပါးများရေးသားလျက်ရှိပါသည်။

လုံးချင်းနှင့်ပေါင်းချုပ်စာအုပ်ထုတ်ဝေမှုအဖြစ် (၂၀၁၁) ခုနှစ်၊ ဇန်နဝါရီလတွင် "ပွင့်သောပန်းတိုင်းလှစေမည်" အမည်ရှိဝတ္ထုတိုပေါင်းချုပ်စာအုပ်အား ရှင်မတောင်စာပေမှလည်းကောင်း၊ (၂၀၁၁) ခုနှစ် မေလတွင် "မေတ္တာလှလှ ပန်းလှလှ" အမည်ရှိလုံးချင်းဝတ္ထုအား ဂန္ဓဝါမြိုင်စာပေမှလည်းကောင်း၊ (၂၀၁၅) ခုမေလတွင် "သူလိုသူနှင့် ဓမ္မရသဝတ္ထုများ" စာအုပ်အား ညီမေတ္တာစာပေမှလည်းကောင်းအသီးသီးထုတ်ဝေခဲ့ပါသည်။

ယခုအခါ ဆရာကြီးသည် သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်တွင် နာယက၊ အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်ဂေါပကအဖွဲ့ဝင်၊ ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ၊

မရမ်းကုန်းမြို့နယ်စာရေးဆရာအသင်းတွင် ဒုဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်လျက် အမှတ် (၁၇)၊ ရန်ကုန်အင်းစိန်လမ်းမကြီး (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်တွင် မိသားစုနှင့်အတူ နေထိုင်လျက် ရှိပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်အမှတ်မှာ (၆၀၆၃) ဖြစ်ပြီး တယ်လီဖုန်းအမှတ်မှာ ၀၉-၂၅၀၅၁၆၂၀၆ ဖြစ်ပါသည်။



ဆရာကြီး ဦးမျိုးညွန့် (ရဲဘော် ဦးမျိုးညွန့်)
ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့် (ငြိမ်း)

(၁၂၉၁)ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၇)ရက်၊ (၁၃-၆-၁၉၂၉) တွင် အဖ ဦးဘလေး၊ အမိ ဒေါ်စောချယ်တို့မှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့၌ မွေးဖွားခဲ့သည်။

အမှတ် (၁)တပ်ပေါင်းစု ခြေလျင်တပ်ရင်း (ယခုအမှတ် (၁)ခြေလျင် တပ်ရင်း)တွင် တပ်သားအဆင့်မှ တပ်ကြပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၅၈) ခုနှစ်တွင် ဗိုလ်၊ (၁၉၆၅)ခုနှစ်တွင် ဗိုလ်ကြီး၊ (၁၉၇၂)ခုနှစ် တွင် ဗိုလ်မှူး၊ (၁၉၇၅) ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီး၊ (၁၉၇၉) ဗိုလ်မှူးကြီး၊ ဒုတိုင်းမှူးအဆင့်မှ (၁၉၈၅)ခုနှစ်တွင် တိုင်းမှူးတာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၈၆) တွင် ဗိုလ်မှူးချုပ်၊ (၁၉၉၀)ခုနှစ်တွင် ဗိုလ်ချုပ်၊ (၁၉၉၃)ခုနှစ်တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်ဆောင်ခဲ့သူလည်း

ဖြစ်သည်။ မော်လမြိုင်မြို့ ဆရာအတတ်သင် သိပ္ပံကျောင်းတွင် ဆရာဖြစ်သင်တန်း တက်ရောက်ခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်(ငြိမ်း)ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကာလတွင် ဗိုလ်ချုပ်မှူးကြီးစောမောင်က ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်ရေး၌ စွမ်းစွမ်းတမံ ရှေ့ဆောင်ရှေ့ရွက် ထမ်းဆောင်ခဲ့သည့်အတွက် (၁၉၉၁)ခုနှစ်၊ မတ်လ (၂၇)ရက်၊ (၁၃၅၂)ခုနှစ် နှောင်းတန်ခူးလဆန်း (၁၃)ရက်နေ့တွင် တံခွန်ဆုဘွဲ့ကို ချီးမြှင့်ခဲ့သည်။

ဓမ္မရတနာစာစောင်၊ ဓမ္မရံသီစာစောင်၊ သာထွန်းပြန့် ဓမ္မစာစောင်များတွင် ဘာသာရေးဆောင်းပါးများကိုလည်းကောင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင် စစ်ရေး၊ နိုင်ငံရေးဆောင်းပါးများကိုလည်းကောင်း ရေးသားခဲ့သည်။

ပုံနှိပ်ထုတ်ဝေခဲ့သည့်စာအုပ်များမှာ -

၁။ နှလုံးလှ ဝတ်ရွတ်စဉ်
၂။ ရင်နှစ်သည်းခြာ နိုင်ငံရတနာ
၃။ ၃၈ ဖြာမင်္ဂလာ
၄။ ဘုရားဂုဏ်တော် ၉ ပါး
၅။ ငါးပါးသီလ
၆။ သံဝေဂမပါ တရားမရှာနှင့်
၇။ ဘဝကူးကောင်းရန် အသေတတ်နည်း
၈။ သုတရတနာ အလိမ္မာစာဥယျာဉ် စသည့် စာအုပ် (၈)အုပ် ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၁၅)၊ နဝဒေးသွယ်၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။



## ဆရာကြီးဦးထွန်းလွင် (ဗိုလ်လုံ)


အဖ ဦးလှမောင်၊ အမိ ဒေါ်မမကြီးတို့က (၁၂၉၇) ခု တပေါင်းလဆန်း (၆) ရက် (၂၆-၂-၁၉၃၆) နေ့တွင် စစ်ကိုင်းမြို့ ရွာမရွာတွင် မွေးဖွားခဲ့သည်။ ငယ်စဉ်က ရွာမရွာ လယ်ကြီးရွာနှင့် ရွာသစ်ကြီးရွာ ဘုန်းတော်ကြီးကျောင်းများတွင် ဘုန်းကြီးစာများ သင်ကြားခဲ့သည်။

(၁၉၅၃) ခုနှစ်တွင် (၁၀) တန်းအောင်မြင်ပြီး ထိုနှစ်မှာပင် မိသားစုနှင့်အတူ ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ကာ ကမာရွတ်မြို့နယ် လှည်းတန်းရှောက်ပင်ခြံရပ်တွင် အခြေချနေထိုင်ရင်း ရန်ကုန် တက္ကသိုလ်တွင် ပညာဆက်လက်သင်ယူခဲ့ရာ (၁၉၆၀) ပြည့်နှစ် တွင် ရန်ကုန်တက္ကသိုလ် အင်ဂျင်နီယာမဟာဌာနမှ ဘီအက်စ်၊ အင်ဂျင်နီယာ (ဗိသုကာ) ဘွဲ့ ရရှိခဲ့သည်။ ထိုနှစ်မှာပင် တပ်မတော် (ကြည်း) အင်ဂျင်နီယာတပ်ဖွဲ့တွင် ပြန်တမ်းဝင်အရာရှိအဖြစ် အမှုထမ်းခဲ့သည်။

ယာဘက်မျက်လုံးဒဏ်ရာရရှိခဲ့သောကြောင့် အမြဲတမ်းဆေးအဆင့်နိမ့်ကျခဲ့သည်။ ထို့ကြောင့် (၁၉၇၈) ခုနှစ်တွင် ဗိုလ်ကြီးအဆင့်ဖြင့် အကျဉ်းဦးစီးဌာနသို့ ပြောင်းရွှေ့အမှုထမ်းခဲ့ရသည်။ (၁၉၅၅) ခုနှစ်တွင် ညွှန်ကြားရေးမှူးအဆင့်ဖြင့် သက်ပြည့်အငြိမ်းစားယူခဲ့ပါသည်။

မြို့တော်မဂ္ဂဇင်းတွင် ဆောင်းပါးများစတင်ရေးသားခဲ့ပြီး အခြားသော စာနယ်ဇင်းမျိုးစုံတွင် အားကစား၊ ကျန်းမာရေးနှင့် သုတရသဆိုင်ရာ စာပေများကို ယနေ့အထိ ရေးသားလျက်ရှိပါသည်။ လုံးချင်းစာများရေးသားမှုအဖြစ် (၂၀၀၂) ခုနှစ်တွင် ဘုန်းကြီးကျောင်းသားကလောင်အမည်ဖြင့် ဗျတ်ဝိစာအုပ်၊ (၂၀၀၃) ခုနှစ်တွင် မြားပစ်မုဆိုးမြို့တော်ဝန်၊ ဗိုလ်လုံကလောင်အမည်ဖြင့် (၂၀၀၂) ခုနှစ်တွင် မြို့တော်ပုံနှိပ်တိုက်မှ လူသားဝါဒ၊ (၂၀၀၄) ခုနှစ်တွင် သုခပုံနှိပ်တိုက်မှ စကြဝဠာနှင့် သံသရာ၊ (၂၀၀၄) ခုနှစ်တွင် မကြံ့အပ်ရာ ဤလေးဖြာ (အစိမ့်ဆွေယျလေးပါး)၊ (၂၀၀၅) ခုနှစ်တွင် ဂုဏ်လင်းကျော်စာပေမှ မုဆိုးလက်စွဲ၊ (၂၀၀၇) ခုနှစ်တွင် ဂုဏ်လင်းကျော်စာပေမှ အင်္ဂလိပ်မြန်မာပထမစစ်ပွဲ (၁၈၂၄-၂၆)၊ (၂၀၀၉) ခုနှစ်တွင် ဂုဏ်လင်းကျော်စာပေမှ သူ့ကျွန် အဖြစ်နှံ့နစ်မခံ၊ (၂၀၀၉) ခုနှစ်တွင် ဂုဏ်လင်းကျော်စာပေမှ ရဲရဲတောက်အညာသားလေး၊ စုစုပေါင်းလုံးချင်း (၉) အုပ်ရေးသား ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်အမှတ်မှာ (၈၉၂၇) ဖြစ်ပြီး အမှတ် (၅၆)၊ သာယာအေးလမ်း (၃) ရပ်ကွက် မရမ်းကုန်းမြို့နယ်တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိပါသည်။



## ဦးသိန်းမြင့် (ရဲဘော်ဘခက်)

မြန်မာသက္ကရာဇ် (၁၂၉၇) ခုနှစ် တပို့တွဲလပြည့်ကျော် (၁) ရက် ခရစ်နှစ် (၇-၂-၁၉၃၆) ရက်နေ့တွင် အဖဦးအောင်စိန်၊ အမိ ဒေါ်ဦးတို့က ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာတွင် မွေးဖွားခဲ့သည်။ ငယ်နာမည်မှာ သိန်းမြင့် (ခ) မောင်အောင်ဖြစ်သည်။

ဂျပန်ခေတ်တွင် အတန်းပညာမသင်ရဘဲ ဆိပ်ခွန်ရွာ အရှေ့ဘက် "ရေလည်ဘုံပျံကျောင်းတိုက်" တွင် ကကြီးကခွေး စတင်သင်ယူပြီး (၁၉၄၄) ခုနှစ်တွင် အစိုးရကျောင်းများပြန်ဖွင့်သဖြင့် တတိယတန်းမှစ၍ ပညာသင်ယူခွင့်ရရှိကာ (၁၉၄၇) ခုနှစ်တွင် စတုတ္ထတန်းသို့တက်ရသည်။ (၁၉၄၈) ခုနှစ်တွင် ဖခင် ဦးအောင်စိန်နှင့် ရင်းနှီးခင်မင်သူ ရန်ကုန်ရှိ ပြည်ထောင်စုရာထူးဝန် ဥက္ကဋ္ဌ သခင်လွန်းဘော်အိမ်သို့ ရောက်ရှိပြီး မြို့မကျောင်းတွင် တတိယတန်းမှစ၍ ပညာသင်ယူခွင့်ရရှိခဲ့သည်။ (၁၉၄၉) ခုနှစ်တွင်

မြို့မအထက်တန်းကျောင်းမှ စမ်းချောင်းစပါယ်ရှယ်လစ်ကောလိပ်၊ ထို့နောက် တီတီစီကျောင်းသို့ အဆင့်ဆင့်ပြောင်းရွှေ့ပညာသင်ကြားခဲ့ရပြီး ဆဋ္ဌမတန်းပညာသင်ယူနေစဉ် (၁၉၅၀) ပြည့်နှစ် အစပိုင်း အသက် (၁၄) နှစ်အရွယ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့ပါသည်။ ပါတီသက် နှစ် (၂၀) ခန့်တွင် ဗမာပြည်ကွန်မြူနစ်ပါတီကော်မတီအဖွဲ့ဝင်နှင့် ရုံးအုပ်တာဝန်များ ထမ်းဆောင်နေစဉ် ပါတီ၏ခေါင်းဆောင်ပိုင်းတွင် အယူအဆသဘောထားကွဲပြားကြရာမှ ရဲဘော်ဘတင် (ဂိုရှယ်)၊ ရဲဘော်ဌေးတို့နှင့်အတူ ဗကပအကျဉ်းသားအဖြစ် ရောက်ရှိခဲ့ရပြီး ထိုနှစ် ဇွန်လ (၆) ရက်နေ့တွင် ဗကပအချုပ်မှ ထွက်ပြေးခဲ့ရသဖြင့် သေကံမရောက် သက်မပျောက်ဘဲ ယနေ့ထိတိုင် အသက်ရှင်လျက်ရှိနေပါသည်။

စာနယ်ဇင်းမျိုးစုံတွင်လည်း အင်တာဗျူးများ၊ နိုင်ငံရေးဆိုင်ရာဆောင်းပါးများ ရေးသားလျက်ရှိပြီး ရေးသားခဲ့ပြီးသည့် လုံးချင်းစာအုပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁၉၆၉) ခုနှစ်တွင် မြရာပင်စာပေတိုက်မှ သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ (ပ-ဒု တွဲ)၊ (၁၉၇၀) ပြည့်နှစ်တွင် မြရာပင်စာပေတိုက်မှ တင်+ချစ် နောက်ဆုံး၊ (၁၉၇၀) ပြည့်နှစ်တွင် မြရာပင် စာပေတိုက်မှ သုံးပါတီဟူသည်မှာ၊ (၁၉၇၁) ခုနှစ်တွင် မြရာပင်စာပေတိုက်မှ သုံးပါတီ (နောက်ဆုံးပေါ်)၊ (၁၉၇၂) ခုနှစ်တွင် မြရာပင်စာပေတိုက်မှ ပြည်သူ့ကျားနှင့်အတူ၊ (၁၉၇၂) ခုနှစ်တွင် မြရာပင်စာပေတိုက်မှ ပြည်သူ့စစ်ဒို့စစ်-ဒို့စစ်၊ (၂၀၁၂)

ခုနှစ်တွင် အားမာန်သစ်စာပေတိုက်မှ ဘခက်အကြောင်း စုစုပေါင်း လုံးချင်း (၇) အုပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

အမှတ် ၁၄/ခ ကမ္ဘာအေးဘုရားလမ်း (၇) ရပ်ကွက် မရမ်းကုန်းမြို့နယ်တွင် မိသားစုနှင့်နေထိုင်လျက် ရှိပါသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်အမှတ်မှာ (၉၀၆၂) ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးအမှတ်မှာ ၁၂/မရက (နိုင်) ၀၀၆၉၈၄ ဖြစ်ပါသည်။



## ဆရာကြီး ဦးကျော်ဆန်း(ရဲဘော်ကျော်ဆန်း)

အမည်ရင်း ဦးကျော်ဆန်း ဖြစ်ပြီး ကလောင်အမည် ရဲဘော်ကျော်ဆန်း (ခ)နန္ဒကျော်ဇင်ဦး ဖြစ်သည်။ အဖ ဦးလှ (နေပြည်တော်ဆရာလှ - နက္ခတ်ဗေဒ - ဗေဒင်ပညာရှင်)နှင့် အမိ ဒေါ်သန်းရင်တို့မှ ၁၂၉၅ ခုနှစ်၊ တန်ခူးလဆုတ် (၁)ရက် (၁၁-၄-၁၉၃၃)တွင် မော်လမြိုင်ကျွန်းမြို့၌ မွေးဖွားခဲ့သည်။

မော်လမြိုင်ကျွန်းမြို့တွင် အလယ်တန်းအောင်ပြီး မြောင်းမြမြို့ ၁၉၄၉ ခုနှစ်၊ အထက်တန်းပညာသင်ယူအောင်မြင်သည်။

၁၉၅၂ ခုနှစ် အိမ်မဲမြို့ နိုင်ငံတော်ကောက်ပဲသီးနှံရုံး (S.A.M.B) စပါးဝယ်ယူရေးဌာန စပါးဒိုင်မှူး (Inspector) အဖြစ် စတင်ဆောင်ရွက်သည်။၁၉၅၅ ခုနှစ်၊ ရန်ကုန်မြို့သို့ ရောက်ရှိပြီး ဟံသာဝတီ ထရေးဒင်းပါတနာရှိ ဂျာမဏီအေးဂျင်းနှင့် ပရင့်စ်အော်တိုမိုတစ်ဆားဗစ် (စ်) ကုမ္ပဏီတွင် စာရင်းကိုင်အဖြစ် လုပ်ကိုင်သည်။

၁၉၅၈ ခုနှစ် (ဖ. ဆ. ပ. လ)သန့်ရှင်းတည်မြဲကွဲသော ကာလမှ ထွက်ပေါ်လာသော ရန်ကုန်ဘဆွေ၏ မီးဒုတ်ဂျာနယ်၊

မြန်မာ့အလင်း၊ ဗမာ့ခေတ်၊ ကြေးမုံသတင်းစာများတွင် သတင်းထောက် အဖြစ်လုပ်ရာမှ စာပေလောကသို့ ရောက်ရှိခဲ့သည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီတက်လာပြီး ၁၉၆၄ ခုနှစ် ပထမအကြိမ်အလုပ်သမားနေ့ (မေဒေး) ချောက်ရေနံချောင်းတွင် ကျင်းပသော အလုပ်သမားအခမ်းအနားသို့ မင်္ဂလာတောင်ညွန့်မြို့နယ်မှ အလုပ်သမားကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရသည်။

၁၉၇၅ ခုနှစ်တွင် ဒေါ်ဒဂုန်ခင်ခင်လေး၏ ယုဝတီဂျာနယ် ဒုတိယအကြိမ် ပြန်လည်ထွက်လာသောအခါ ယုဝတီ အမျိုးသမီးဂျာနယ်တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။

၎င်းနောက် ပျော်တော်ဆက်ဂျာနယ်တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ စာပေလုပ်သားဖွဲ့၍ စက်ရုံ အလုပ်ရုံကျောင်းများ ဟောပြောစေခဲ့ရာ မင်္ဂလာတောင်ညွန့်မြို့နယ် အရှေ့ပိုင်းတွင် တာဝန်ယူဦးဆောင် ဆောင်ရွက်ခဲ့သည်။

၎င်းနောက်မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ ဒုတိယအကြိမ် ကြီးမှူးကျင်းပသော စာပေလုပ်သား ညီလာခံ (ကျိုက်ကဆံ)ကွင်း ညီလာခံသို့ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေလုပ်သား ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရသည်။

"မုန်တိုင်းကြားက ပန်းရိုင်းတစ်ပွင့်"၊ "မြင်းညိုရှင်"၊ "မယားနေစကြောင်သေမှ" စသည်များကို ရေးသားခဲ့သည်။

'အလုပ်လက်မဲ့လမ်းညွှန်'၊ 'တကယ်လုပ်အဟုတ်ဖြစ်ရမည်'။ 'လူ . လူ . လူ . တကယ့်လူ'စသည့်တက်ကျမ်းများရေးသားခဲ့သည်။ 'ယနေ့အာရှနှင့် အာရှတိုက်ခေါင်းဆောင်များ'၊ 'ကိုလိုနီခေတ်

တိုင်းရင်းသားတော်လှန်ရေးခေါင်းဆောင်များ' စသည့်သမိုင်းစာအုပ်နှင့် 'သေရွာကိုနှစ်ခေါက်'၊ 'သေမင်းခေါ်သံ'၊ 'သေမင်းလက်မှ မိန်းကလေး'၊ 'ကျားပေါ်တဲ့ စုံမြိုင်လယ်'၊ 'ကျားသားစားမဲ့ အပျိုမ'၊ 'ဘီလူးတစ်ကောင်၊ လူတစ်ယောက်၊ ကျောက်ရိုင်းတစ်ပွင့်' လျှို့ဝှက်သည်းဖို ဝတ္ထုများကို ရေးသားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် (ဒေဝစက္ခု) နတ်မျက်စိမဂ္ဂဇင်းကို ကိုယ်တိုင်ဦးစီးထုတ်ဝေခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း၏ နာယကအဖြစ် ဆောင်ရွက်လျက် ထုတ်ဝေသူဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း) ရဲအောင်စာပေတိုက်ဖြင့် စာအုပ်များထုတ်ဝေလျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ် (၂)၊ ချွန်း (၁)လမ်း၊ ပုသိမ်ညွန့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။



## ဆရာကြီး ဦးမောင်မောင်လတ်
## (မောင်မောင်လတ်-နောင်)

အဖ ဦးထွန်းစိန်၊ အမိ ဒေါ်မမလေးတို့မှ ၁၂၉၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၈-၅-၁၉၃၃)ရက်နေ့တွင် မကွေးတိုင်း၊ စလင်းမြို့၌ မွေးဖွားသည်။

၁၉၅၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။

၁၉၄၉ ခုနှစ်၊ အထက်တန်းကျောင်းသားဘဝမှ စတင်၍ စလင်းမောင်မိုးဆွေ ကလောင်အမည်ဖြင့် ကဗျာများရေးသားခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် သွေးသောက်၊ ရှုမဝစသည့်မဂ္ဂဇင်းများတွင် "နောင်" ကလောင်အမည်ဖြင့် ကဗျာများနှင့်ဝတ္ထုတိုများရေးသားခဲ့သည်။ "မောင်မောင်လတ်" အမည်ဖြင့် ဘာသာပြန်ဝတ္ထုတိုများ ရေးသားခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် Brett Hante's Short Stories စာအုပ်ကို ရှုမဝမဂ္ဂဇင်းတိုက်မှ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။ ယခုအခါ မောင်မောင်လတ်(နောင်) အမည်ဖြင့် တေးဂီတ ဆောင်းပါးများရေးသားလျက်ရှိသည်။



ဆရာကြီး ဦးချမ်းအေး (မောင်စူးစမ်း)

၁၂၈၉ခုနှစ်၊ တော်သလင်းလဆုတ် (၁၄)ရက် (၂၄-၉-၁၉၂၇) တွင် အဖ ဦးလှိုင်၊ အမိ ဒေါ်စိန်တို့မှ ပျဉ်းမနားမြို့တွင် မွေးဖွား သည်။ အမည်ရင်းမှာ ဦးချမ်းအေးဖြစ်ပြီး ကလောင်အမည် များမှာ 'မောင်စူးစမ်း၊ ချမ်းအေး၊ မောင်သာဓု' တို့ဖြစ်သည်။

ငယ်စဉ်က ဦးဘိုးအိမ် ကန်တော်ကလေး မြူနီစီပယ်ကျောင်း တွင် ပညာသင်ကြားခဲ့ပြီး ထိုမှတစ်ဆင့် ရန်ကုန်ဟိုက်စကူးကျောင်း၊ ဂျပန်ခေတ်စစ်တက္ကသိုလ် တို့တွင် ပညာသင်ကြားခဲ့သည်။ ဘီအေ၊ ဘီအယ်လ် ဘွဲ့ရရှိခဲ့ပြီး လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယအဆင့် ချီးမြှင့်ခြင်းခံရသည်။

အမျိုးသားစီမံကိန်းဝန်ကြီးဌာနတွင် အထူးအရာရှိ နိုင်ငံ တော်ကူးသန်းရောင်းဝယ်ရေးဘဏ် ဒါရိုက်တာအဖွဲ့ဝင်၊ စီးပွားရေး တက္ကသိုလ်ပညာရေးဘုတ်အဖွဲ့ဝင်၊ စီးပွားရေးတက္ကသိုလ် ပြင်ပ စာစစ်မှူး၊ ဗဟိုတရားရုံးရှေ့နေ စသည့် တာဝန်များကို ထမ်းဆောင် ခဲ့ပြီး ယခုအခါ စာရေးဆရာတစ်ဦးအဖြစ် ရပ်တည်လျက်ရှိသည်။

လုံးချင်းစာအုပ် (၆၀)ခန့် ထုတ်ဝေခဲ့ပြီး (၁၉၆၂)ခုနှစ်တွင်

၁၉၅၁ ခုနှစ်မှစ၍ တက္ကသိုလ်တေးယဉ်ယဉ် အပျော်တမ်း တူရိယာအဖွဲ့နှင့် ဂီတဥလီ တူရိယာအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းပြီး မြန်မာ့အသံမှ အသံလွှင့်ခဲ့သည်။ အေဝမ်းရုပ်ရှင်မှစ၍ ရုပ်ရှင်တေး သီချင်းများ၊ ရောင်းတမ်းခေတ်ပြားတေးသီချင်းများနှင့် "တိမ်တမန်" သီချင်းအပါအဝင် ရေဒီယိုတေးသီချင်းများ ရေးသားခဲ့သည့်အပြင် ကိုယ်တိုင်သီဆို အသံလွှင့်ခဲ့သည်။

မြန်မာနိုင်ငံဂီတ အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အရေးဘာသာရပ်) တွင် ဗဟိုအကဲဖြတ်ဥက္ကဋ္ဌ၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ မဟာဂီတသီချင်းကြီးစိစစ်ရေးနှင့် သင်္ကေတပြုစုရေး အဖွဲ့ အဖွဲ့ဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်အကယ်ဒမီ ဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်၊  မြန်မာ့အသံခေတ်ပေါ် တေးဂီတ စိစစ်ရေးအဖွဲ့အဖွဲ့ဝင်၊ ခေတ်ဟောင်းဓာတ်ပြား တေးသီချင်းများနှင့် ၁၉၄၈ခုနှစ်နောက်ပိုင်း နှောင်းခေတ်ကာလပေါ် တေးသီချင်းများ စိစစ်ပြုစုထုတ်ဝေရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် အနုပညာတာဝန်များကို ထမ်း ဆောင်ခဲ့သည်။

၁၉၃၃ ခုနှစ်အတွက် အမျိုးသားစာပေဆု ချီးမြှင့်ခြင်းခံရ သည့် "မနက်ဖြန်အတွက် လှုလက်ဆောင်" အပြင် ကဗျာစာအုပ်၊ "ဗာလ၏ ဗလာများ" ကဗျာစာအုပ်နှင့် "တတိယရာသီ" ကဗျာ စာအုပ်များကို ထုတ်ဝေခဲ့သည်။

၂၀၀၄ ခုနှစ်တွင် လူမှုထူးချွန်ဆု (ပထမအဆင့်) နှင့် ၂၀၀၇ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်ဆု (ဒုတိယအဆင့်) ချီးမြှင့်ခြင်းခံရသည်။

**နေရပ်လိပ်စာ** - တိုက်(၆၈)၊ အခန်း(၅)၊ ရေနံရိပ်သာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

စာပေဗိမာန်စာမူ (အမျိုးသား စာပေဆု)ကို ရရှိခဲ့ပါသည်။ ယခုအခါ ဇနီးဖြစ်သူ ဒေါ်ခင်ချစ် (ပညာရေးဌာန - ငြိမ်း)နှင့်အတူ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

နေရပ်လိပ်စာ - တိုက် (၇၇/၇၃)၊ အခန်း (၂၂)၊ မန္တလေးလမ်း၊ ကန့်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



## ဆရာကြီး ဦးသက်ဆွေ (ရွှေဆောင်တင်ဆွေ)

သမားတော်ကြီး ဒေါက်တာသက်ဆွေအား ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ မရက်-အုံးခါးကျေးရွာတွင် မြန်မာနှစ် (၁၂၉၉) ခု၊ ခရစ်နှစ် (၁၉-၇-၁၉၃၇) တွင် ကျောင်းဆရာကြီးဦးဘတင်၊ ဆရာမကြီး ဒေါ်ငွေသယ်တို့က မွေးဖွားသည်။ မရက်အကျင်းပင်ကျောင်းမှ မန္တလေးမြို့သို့ ကျောင်းဆက်တက်သည်။

၁၉၅၇ ခုနှစ် မြတ်ရတနာ မဂ္ဂဇင်းတိုက် သတင်းထောက်နှင့် ဖြန့်ချိရေးမှူးလုပ်ခဲ့သည်။ ၁၉၅၈ ခု မန္တလေး ဗမာ့ရွှေဆောင် သတင်းစာတိုက် သတင်းထောက်နှင့် သတင်းအယ်ဒီတာအဖြစ် လုပ်ခဲ့ပြီး ရွှေဆောင်တင်ဆွေက ကလောင်အမည်ဖြင့် ဆောင်းပါးများရေးပြီး သူရိန်ဆွေ (ရွှေမန်း) ဝတ္ထုရေးမောင်သာတင့် ကလောင်အမည်ဖြင့် ကဗျာရေးခဲ့သည်။

၁၉၅၉ မန္တလေး သူရိယသတင်းစာတိုက် သတင်းအယ်ဒီတာ၊ ၁၉၆၀ ခု၊ ရန်ကုန်ပြည်ကျော်သတင်းစာတိုက် သတင်းအယ်ဒီတာ (၁၉၆၂) တော်လှန်ရေးကောင်စီတက်ပြီး၊ ၁၉၆၃ ခု၊ မြစ်ဝကျွန်းပေါ် အေဂျင်စီ-မန်နေဂျာ၊ ၁၉၆၉ တိုင်းရင်းဆေး (၃) သာသာ

အောင် ဆေးဆရာဖြစ်၊ ၁၉၇၀ ဆေးလောကဝင် ဆေးဆရာဖြစ်ပြီး ထိုစဉ်မှစ၍ ယနေ့ထိ ဆေးကျမ်း (၇) ကျမ်း၊ နက္ခတ်ကျမ်း (၁) အတ္ထုပ္ပတ္တိ (၁) ပြုစုရေးသားခဲ့ပြီး ၁၉၈၉ ခုနှစ် သမားတော်ကြီး ဇီဝကဂုဏ်ပြုသောအားဖြင့် ဇီဝက ကျန်းမာရေးအလှအပ သုတ ရသ မဂ္ဂဇင်းထုတ်ခဲ့သည်မှာ ယနေ့ထက်တိုင် လစဉ်ထုတ်ဝေလျက် ရှိပါသည်။ ဆေးကျမ်းများလည်း ဇီဝကအယ်ဒီတာအဖွဲ့မှ နှစ်စဉ် ထုတ်ဝေသွားမည်ဖြစ်ပါသည်။

Y.M.B.A ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ်ကြီး နာယက၊ မင်္ဂလာတောင်ညွန့်မြို့နယ် တိုင်းရင်းသမားတော်အသင်း နာယက၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စာရေးဆရာအသင်း နာယက၊ မြန်မာနိုင်ငံ ရဲယိုမိသားစုကလပ်သင်းဥက္ကဋ္ဌ၊ ဇီဝက ကျန်းမာရေး အလှအပ သုတရသမဂ္ဂဇင်း စာတည်းမှူးချုပ်၊ ဝေဒနာရှင်များအား ခေတ်မီသိပ္ပံနည်းကျ (E.m.s) စက်ဖြင့် ကုသပေးလျက်ရှိ မျိုးဆက် သစ်တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေး ဝါသနာရှင်များအား E.m.s စက်ဖြင့် လက်တွေ့ကုထုံး အခမဲ့ပညာပါရမီဖြည့် သင်ပေး ပြီးစက်များပါ ဈေးရင်းအတိုင်း ရောင်းချပေးလျက်ရှိပါသည်။ ဇီဝက မဂ္ဂဇင်းတိုက် အယ်ဒီတာအဖွဲ့မှ ပြုပြင်တည်းဖြတ်ပြီး နှစ်ဉ် ထုတ် ဝေမည့် စာအုပ်များ (ပြုစုပြီး အဆင်သင့်ဖြစ်နေပါသည်)။ ဆေးဖက် ဝင်အပင်များ ဆေးကျမ်း၊ တိရစ္ဆာန်များမှ လူသားများအကျိုးပြု ပုံများ၊ ဆောင်းပါးပေါင်းချုပ် (သုတ-ရသ)၊ Y.M.B.A ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းချုပ်ကြီး၏ သမိုင်း မော်ကွန်းစာအုပ်ကြီး (ပြည်တွင်း-ပြည်ပဖြန့်မည်)။

**နေရပ်လိပ်စာ** - အမှတ် (၆-က)၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံ။



## ဆရာကြီး ဦးလှမြင့် (မောင်မဟာ)

အဖ ဦးဘအုန်း (ကွယ်လွန်)၊ အမိ ဒေါ်လှစိန် (ကွယ်လွန်) တို့က (၂-၆-၁၉၃၇) ရက်နေ့ ၁၂၉၉ ခုနှစ်၊ နယုန်လဆုတ် (၁၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ လုပ်သားများကောလိပ်မှ ဝိဇ္ဇာဘွဲ့ (စနစ်ဟောင်း) ရခဲ့ပြီး အလုပ်ရုံခွဲမှူး (စီမံခန့်ခွဲရေး) (ငြိမ်း) အုတ်စက်ရုံအမှတ် (၁)၊ တညင်းကုန်း၊ အင်းစိန်မြို့၊ မြန်မာ့ကြွေထည်လုပ်ငန်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ခုနှစ်၊ ပြည်သူ့ဝန်ထမ်းကောင်း ရခဲ့သည်။

စာပေနယ်သို့ ၁၉၅၅ ခုနှစ် ဝန်းကျင်က စတင်ဝင်ရောက်သည်။ ပထမဆုံးပုံနှိပ်စာမူမှာ ရန်ကုန်မြို့ မက်သဒစ် (ယခု ဗိုလ်တထောင် ၃) ကျောင်း၊ နှစ်ပတ်လည်မဂ္ဂဇင်းတွင် ရေးသားပါရှိသော "လမ်းဆုံး" အမည်ရှိ စာညွန့်ဖြစ်သည်။

ဟံသာဝတီ နေ့စဉ်သတင်းစာ ကျောင်းသားကဏ္ဍတွင် ကဗျာတိုများ ရေးသား၊ ၁၉၅၆ ခုနှစ်တွင် "နော်ရထာ" စာစောင်၌ "ကျေးဇူးရှင်" အမည်ရှိ စာညွန့်းဖော်ပြခံရ၊ "မောင်ယမုန်"၊ "သစ်မောင်" အမည်များကို သုံးစွဲရေးသားခဲ့သည်။

ကလောင်အမည်တူရှိနေနှင့်သည်ကိုနောက်ကျမှသိရှိလာရ၍ "မောင်မဟာ" ဟူသော ကလောင်အမည်သို့ ပြောင်းလဲသုံးစွဲ၊ (၁၃-၄-၁၉၅၉) နေ့ထုတ် 'ဘွင်းဘွင်း' နေ့စဉ်သတင်းစာမှ 'သကြၤန်နှင့်ဆင်ခြင်ဖွယ်' ဆောင်းပါးမှ အစပြု၍ "မောင်မဟာ"

ကလောင်အမည်ဖြင့် ပြောင်းလဲရေးသားခဲ့ရာ ယနေ့အထိတိုင်ဖြစ်သည်။

ရေးသားခဲ့သော စာပေအမျိုးအစားများမှာ ဝတ္ထုတို၊ ဆောင်းပါး (ပင်ကိုယ်ရေး)၊ ဆောင်းပါး (ဘာသာပြန်)၊ စာညွှန်း၊ ကဗျာ၊ တစ်ခန်းရပ်ပြဇာတ်၊ သုတရသ၊ ဟာသ၊ ကလေးစာပေများကို သွေးသောက်၊ ငွေတာရီ၊ မြဝတီမဂ္ဂဇင်းများနှင့် လုပ်သားဂျာနယ်များတွင် ရေးသားခဲ့သည်။

ထို့ပြင် ရှုမဝ၊ စန္ဒာ၊ တိုင်းရင်းမေ၊ ချိုတေးရှင်၊ သင့်ဘဝ၊ နွယ်နီ၊ မြတ်ကြေးမုံ၊ လုံမလေး၊ ပီတောက်နွယ်၊ ဟာသဂျာနယ်၊ အိုးဝေဂျာနယ်၊ ဘားမားဂျာနယ်၊ အချစ်တော်ဂျာနယ်၊ တော်ဝင်ပန်းဂျာနယ်များတွင် ရေးသားခဲ့ပြီး ဟံသာဝတီသတင်းစာ၊ မြန်မာ့အလင်း၊ ပြည်ထောင်စုနေ့စဉ်၊ ခေတ်သစ္စာ နေ့စဉ်၊ သုတစွယ်စုံ၊ ပြစ်မှုနှင့် စံတော်ချိန်နေ့စဉ် သတင်းစာစသည်တို့တွင် ရေးသားခဲ့သည်။

စာပေဆုများအဖြစ် ၁၉၈၉ ခုနှစ်၊ မြဝတီပုံနှိပ်တိုက်မှ ကျင်းပသည့် "တပ်နှင့်ပြည်သူလက်တွဲကူ" ဆောင်းပါးပြိုင်ပွဲ၊ တတိယဆု၊ ၂၀၁၁ ခုနှစ်၊ ယာဉ်စည်းကမ်း။ လမ်းစည်းကမ်း၊ ပညာပေးမြှင့်တင်ရေးပြပွဲ ပြိုင်ပွဲ၏ ဆောင်းပါးပြိုင်ပွဲ၊ နှစ်သိမ့်ဆု၊ ၇၅ နှစ်မြောက် စိန်ရတုသဘင် မြန်မာ့ရုပ်ရှင်ဆောင်းပါးပြိုင်ပွဲ၊ နှစ်သိမ့်ဆုများ ရခဲ့သည်။

လုံးချင်းဝတ္ထုများအဖြစ် ၂၀၀၉ ခုနှစ်၊ ဧပြီလမှသည် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအထိ ခုနစ်နှစ်အတွင်း လုံးချင်းစာအုပ်ပေါင်း (၅၁) အုပ်ရေးသားထုတ်ဝေခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စာရေးဆရာအသင်း၊ အသင်းဝင်အမှတ် ၁၈၂၈ တာဝန်မှာ အသင်းဝင်ဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် (၂၃) ကျောင်းလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ အထက်ပုဇွန်တောင်၊ ပုဇွန်တောင်စာတိုက်ရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။



## ဆရာကြီး ဒေါက်တာမင်းသိမ်း (မျက်စိ)

အဖ ဦးဘအိုင်နှင့် အမိ ဒေါ်သိန်းဆင့်တို့က ၁၂၉၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၅) ရက် (၂-၁၂-၁၉၃၇) နေ့တွင် သံတွဲမြို့၊ တောင်ပိုင်းရပ်၌ ဖွားမြင်ခဲ့သည်။

ရန်ကုန်မြို့၊ မြို့မအမျိုးသားကျောင်းတွင် Pre Medical Class 2 nd Batch အဖြစ် ၁၉၅၃ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ တက်ရောက်ပညာသင်ကြားခဲ့ပြီး တက္ကသိုလ်ဝင်တန်းကို ၁၉၅၅ ခုနှစ်တွင် အောင်မြင်ခဲ့သည်။ ၎င်းနှစ်တွင်ပင် ရန်ကုန်တက္ကသိုလ်မှ ဆက်လက်ပညာသင်ကြားခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် စာပေသင်ကြားနေစဉ် ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ပြီး၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားညီညွတ်ရေး တပ်ဦး (SUF) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

၁၉၅၉-၆၀ ပညာသင်နှစ်နှင့် တပ်ဦး (SUF) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၅၉-၆၀ ပညာသင်နှစ်နှင့် ၁၉၆၀-၆၁ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ (တကသ) အမှုဆောင်အဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်

၁၉၆၂ ခုနှစ်၊ ဇူလိုင် (၇) ရက် ကျောင်းသားအရေးအခင်းတွင် ဦးဆောင်ပါဝင်ခဲ့ပြီး ထိန်းသိမ်းခံခဲ့ရရာ ၁၉၆၃ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့တွင် ထုတ်ပြန်ကြေညာသော အထွေထွေလွတ်ငြိမ်း

ချမ်းသာခွင့်အမိန့်အရ ရေကြည်အိုင် ထိန်းသိမ်းရေးစခန်းမှ ပြန်လွတ်ခဲ့ပါသည်။

၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဆေးသိပ္ပံမဟာဌာနမှ M.B.B.S ဘွဲ့ကိုရရှိခဲ့ပြီး ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီတွင် အစိုးရဝန်ထမ်းဆရာဝန်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၆၇ ခုနှစ် ဇူလိုင်လတွင် ဖြစ်ပွားခဲ့သော တရုတ်-မြန်မာ အရေးအခင်းကာလအတွင်း မြန်မာနိုင်ငံတစ်ဝှမ်းရှိ လက်ဝဲယိမ်း နိုင်ငံရေးအယူအဆရှိသူများ တစ်ရာကျော်ကို ထိန်းသိမ်းခဲ့ရာ၊ ဒုတိယမြောက် ထပ်မံ အထိန်းသိမ်းခံခဲ့ရပါသည်။

၁၉၆၉ ခုနှစ် ဇန်နဝါရီလ (၁၇) ရက်နေ့တွင် ထိန်းသိမ်းထားရာမှ ပြန်လည်လွတ်မြောက်လာပြီး အစိုးရဝန်ထမ်းဆရာဝန် အဖြစ် ပြန်လည်တာဝန်ထမ်းဆောင်ခဲ့ရာ ၁၉၈၁ ခုနှစ်တွင် မျက်စိရောဂါ ဒီပလိုမာဘွဲ့ (D.O) ကို လည်းကောင်း၊ ၁၉၈၄ ခုနှစ်တွင် ဆေးပညာမဟာသိပ္ပံ (မျက်စိ) M.Med. Sc. (Ophth) ဘွဲ့ကို လည်းကောင်း ရရှိခဲ့ပါသည်။

အမေရိကန်နိုင်ငံ ချီကာကိုမြို့ရှိ International College of Surgeons မှ FICS (၁၉၉၇) နှင့် American College of Surgeons မှ FACS (၁၉၉၈) ကို ချီးမြှင့်ခြင်းခံရသည်။

၁၉၆၆ မှ ၇၈ အထိ လောပိတ၊ ရမည်းသင်း၊ ကလေး ဝ၊ ရွာသစ်ကြီး၊ ရေဦးမြို့ဆေးရုံများတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၈ မှ ၉၇ အထိ မျက်စိအထူးကုဆရာဝန်အဖြစ် ရန်ကုန်မျက်စိဆေးရုံ ပြည်ဆေးရုံ မိတ္ထီလာမျက်ခန်းစပ်၊ လားရှိုးဆေးရုံ အလုပ်သမားဆေးရုံကြီးတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလတွင် အလုပ်သမားဆေးရုံကြီးတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလတွင် အလုပ်သမား ဆေးရုံကြီးမှ ကထိက/မျက်စိအထူးကု ဆရာဝန်ကြီးရာထူးဖြင့် သက်ပြည့်ပင်စင်ယူခဲ့ပါသည်။

လုံးချင်း (၅) အုပ် ရေးသားထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်များ အနက် "လေဆာရောင်ခြည်နှင့် မျက်မှန်ပါဝါလျော့ချခြင်းနှင့် အခြားမျက်မှန်ဆိုင်ရာ ဆောင်းပါးများ" စာအုပ်သည် "နဝမအကြိမ် (၂၀၁၂ ခုနှစ်အတွက်) ဒီးမြင့် သော "သုတစွယ်စုံစာပေဆု (အသုံးချသိပ္ပံ)" ကို ရရှိခဲ့ပါသည်။

ကျောင်းသားအခွင့်အရေးများ ပြန်လည်ရရှိရေး၊ ကျောင်းသားသမဂ္ဂများ တရားဝင်ဖွဲ့စည်းခွင့်ရရေး ဆောင်းပါးများကို ပြည်သူ့ခေတ်ဂျာနယ်၊ ပြည်သူ့အရေးဂျာနယ်၊ သူရိယနေဝင်းဂျာနယ်၊ နိုင်ငံအရေး နိုင်ငံရေးမဂ္ဂဇင်းနှင့် Daily Eleven သတင်းစာတို့တွင် ဘိုးသိမ်း ကလောင်အမည်ဖြင့် ရေးသားခဲ့သည်။

ယခုအခါ NNER တွင် ကျောင်းသားအခွင့်အရေး၊ ကျောင်းသားသမဂ္ဂအရေး၊ အဆင့်မြင့်ပညာရေး (တက္ကသိုလ်ပညာရေး) ဆိုင်ရာ ပညာရှင်အဖြစ် ပါဝင်ဆောင်ရွက်နေပြီး ပညာရေးလေးပွင့်ဆိုင်ဆွေးနွေးပွဲများနှင့် အမျိုးသားလွှတ်တော်ပညာရေး ဥပဒေကြားနာပွဲတို့တွင် ပါဝင်ဆွေးနွေးခဲ့ပါသည်။

ယခု မိသားစုနှင့်အတူ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ် (၃၅) တွင် နေထိုင်လျက်ရှိသည်။

ဖုန်း- ၀၁ ၃၉၄၀၆၁၊ ၃၉၄၇၀၃၊ ၀၉ ၄၃၁၈၅၄၈၅



ဆရာကြီး ဦးလေးမြိုင် (လေးမြိုင်)

မိတ္ထီလာခရိုင် သာစည်မြို့နယ်၊ ဟံဇားရွာကြီးတွင် (၁၂၈၆) ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၂၁-၉-၁၉၂၄)နေ့တွင် အဖ ဦးပေါ်မြိုင်၊ အမိ ဒေါ်လေးကြီးတို့မှ မွေးဖွားသည်။ ဟံဇားဘုန်းတော်ကြီးကျောင်းတွင် ရှင်သာမဏေဝတ်ခဲ့ပြီး ဂျပန်ခေတ်တွင် အသက် (၂၀) ပြည့်၍ ရဟန်းအဖြစ် ကူးပြောင်းခဲ့သည်။ စစ်ပြီးခေတ်တွင် မန္တလေး၊ အမရပူရမြို့များသို့ ရောက်ရှိပြီး ပရိယတ္တိစာပေများ သင်ကြားခဲ့သည်။ အစိုးရပါဠိ ပထမပြန်စာမေးပွဲ အငယ်၊ အလတ်၊ အကြီးတန်းအထိ ဖြေဆိုအောင်မြင်ကာ အသက် (၃၀)အရွယ်တွင် လူဝတ်လဲခဲ့သည်။ (၁၉၄၇)ခုနှစ်တွင် မန္တလေးထုတ် စာနယ်ဇင်းများတွင် ကဗျာသုံးပုဒ်၊ ဝတ္ထုသုံးပုဒ်နှင့် ဆောင်းပါး အပုဒ် (၃၀)ကျော် ဖော်ပြခံရသည်။

ရဟန်းအဖြစ်မှ လူဝတ်လဲပြီးနောက် ရန်ကုန်စာပေလောကသို့ဝင်ရောက် ဆည်းပူးလေ့လာခဲ့သည်။ ရှုမဝ၊ ငွေတာရီ၊ မြဝတီ၊ ပေဖူးလွှာ မဂ္ဂဇင်းများနှင့် ကြေးမုံသတင်းစာတို့၌ စာပြင်ဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ငွေတာရီမဂ္ဂဇင်းတွင် လက်ထောက်အယ်ဒီတာ၊

တာဝန်ခံအယ်ဒီတာ၊ အမှုဆောင်အယ်ဒီတာစသည်ဖြင့် အဆင့်ဆင့် ဆောင်ရွက်ခဲ့သည်။ ထို့နောက် မြဝတီတိုက်တွင် ဒုတိယအယ်ဒီတာချုပ် အဖြစ် ၁၀နှစ်ခန့် ထမ်းဆောင်ခဲ့သည်။ မိုးသောက်ပန်းစာစောင်၊ အသုရာစာစောင်နှင့် မူးယစ်မဂ္ဂဇင်း၊ မြို့တော်ဝန် ရန်ကုန်မဂ္ဂဇင်း များ စတင်ထုတ်ဝေရာ၌ ဦးဆောင် စီစဉ်ခဲ့သည်။

ဓမ္မပဒ၊ ငါးရာ့ငါးဆယ်နိပါတ်၊ မိလိန္ဒပဉှာစသော ကျမ်းစာ အုပ် (၂၀)ကျော်ကိုလည်း ဦးဆောင်စီစဉ် ထုတ်ဝေခဲ့သည်။ ယခု အခါ ဓမ္မရံသီနှင့် ဓမ္မရတနာ ဓမ္မမဂ္ဂဇင်းနှစ်စောင်ကို အယ်ဒီတာချုပ် အဖြစ် ဦးဆောင်စီစဉ်ပေးလျက်ရှိသည်။ဘိုးဝဇီရစာပေ၊ ဗုဒ္ဓ၏ ဥပမာတစ်ထောင်၊ ထေရီထေရာ၊ မဟောသဓ ဖြတ်ထုံး၊ စကား ကြီးဆယ်မျိုး၊ ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ၊ လောကကြေးမုံ စသည့်စာအုပ် များ ရေးသားပြုစုခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၂၄၇)၊ သိတာလမ်း၊ (၅)ရပ်ကွက်၊ ဝေဘာဂီမြို့နယ်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။



## ဆရာကြီး ဦးဌေးမောင် (ဌေးမောင်)

အဖ ဦးတိုင်းကျော်၊ အမိ ဒေါ်ငွေခဲတို့မှ (၁၂၈၈)ခုနှစ်၊ ပြာသိုလဆုတ် (၂)ရက်၊ (၁၉-၁-၁၉၂၇) ငယ်မည်မှာ မောင်လှ၊ မွေးချင်းခုနစ်ယောက်ရှိ၍ ပဉ္စမမြောက်သားဖြစ်သည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ ချောက်မြို့ အထက်တန်းကျောင်း၊ စစ်အတွင်း ရေနံချောင်းမြို့ အင်ဂျင်နီယာကျောင်း၊ (၁၉၆၆)ခုနှစ် မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးတက္ကသိုလ်တို့၌ ပညာသင်ကြားခဲ့သည်။

(၁၉၄၇)ခုနှစ်၊ ဧပြီလ (၂၀)ရက်ထုတ် ပြည်သူ့ရဲဘော်ဂျာနယ်တွင် "သင်းတို့လောက" ဝတ္ထုတိုစတင်ရေးသားသည်။ ကလောင်အမည်မှာ "ရေနံမြေမှ ရဲဘော်" ဖြစ်သည်။ ဆက်လက်၍ 'ဌေးမောင်၊ မောင်မြတ်စံ' ကလောင်အမည်ဖြင့် ရှုမဝ၊ သွေးသောက်၊ မြဝတီ မဂ္ဂဇင်းများတွင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ စာညွှန့်များ ရေးသားခဲ့သည်။

(၁၉၅၀)ပြည့်နှစ်၊ ဧပြီလတွင် ဒေါ်ငွေဆိုင်နှင့် အိမ်ထောင်ကျသည်။ သား(၆)ယောက် ထွန်းကားသည်။ (၁၉၅၂)ခုနှစ်၊

ဇူလိုင်လ၌ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာသည်။ သွေးသောက်၊ မြဝတီ၊ ငွေတာရီ၊ သပြေနှင့် သိပ္ပံမဂ္ဂဇင်းတို့၌ အယ်ဒီတာအဖြစ် နှစ်ပေါင်း (၅၀)ကြာမျှ ဆောင်ရွက်ခဲ့သည်။

(၁၉၅၄)ခုနှစ်၌ "အရေးတော်ပုံ" ဝတ္ထုဖြင့် အမျိုးသားစာပေဆုရသည်။ (၁၉၆၅)ခုနှစ်၌ "တိုက်ပွဲခေါ်သံ" ဝတ္ထုဖြင့် ဒုတိယအကြိမ် အမျိုးသားစာပေဆုရသည်။

(၂၀၀၃)ခုနှစ်အတွက် တစ်သက်တာ စာပေဆုရသည်။

(၁၉၇၀)ပြည့်နှစ်တွင် ဆရာဇဝန၊ သာဂဒိုး၊ လေသူရဲတစ်ဦး၊ ဦးတင်ဦးတို့နှင့်အတူ ဩစတေးလျနိုင်ငံနှင့် နယူးဂီနီ ပါပူးဝါးသို့ လေ့လာရေးခရီးသွားခဲ့သည်။ မြဝတီမဂ္ဂဇင်းတိုက်၌ (၂၄)နှစ်ခန့် လုပ်ကိုင်ပြီးနောက် အငြိမ်းစားယူခဲ့သည်။

မြောက်ဥက္ကလာပမြို့နယ်၌ စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌအဖြစ် (၈)နှစ်၊ စာပေနှင့်စာနယ်ဇင်း ဥက္ကဋ္ဌအဖြစ် (၄)နှစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ စာပေရေးသားခြင်းဖြင့် ရပ်တည်လျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ် (၆၀)၊ အောင်သစ္စာလမ်း၊ (၅၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။ ရန်ကုန်မြို့။



ဆရာကြီး ဦးမြင့် (ကျိုက်လတ် - မိုးမြင့်)

(၁၂၉၁)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀)ရက် (၂-၅-၁၉၂၆) နေ့တွင် အဖ ဦးငယ်၊ အမိ ဒေါ်ခန့်တို့မှ ကျိုက်လတ်မြို့အပိုင်၊ ဥယျာဉ်ချောင်း၊ ကပ်ကရုံရွာတွင် မွေးဖွားခဲ့သည်။

ကျိုက်လတ်မြို့ ပဋ္ဌိမာရုံမဟာရွှေကျောင်းတိုက် ဘုန်းတော်ကြီး ဦးဥက္ကံသ ထံတွင် ပညာသင်ကြားခဲ့သည်။

ငယ်စဉ်က အလုပ်သမားဘဝ၊ လယ်သမားဘဝများဖြင့် ကျင်လည်လုပ်ကိုင်ခဲ့သည်။

(၁၉၅၂)ခုနှစ်မှစ၍ ကြေးမုံသတင်းစာ စာပြင်ဌာနတွင် လုပ်ကိုင်ခဲ့ပြီး "စံပြလုပ်သား" တတိယအဆင့်ရရှိခဲ့သည်။

(၁၉၅၇)ခုနှစ်မှစ၍ သတင်း၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် လယ်ယာနှင့်ပတ်သက်သော ဆောင်းပါးနှင့် ဝတ္ထုများရေးသားခဲ့သည်။

(၁၉၇၄)ခုနှစ်၊ မတ်လမှ (၁၉၈၅)ခုနှစ် နိုဝင်ဘာလအထိ မြောက်ဥက္ကလာပမြို့နယ် တရားသူကြီးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပြီး (၁၉၉၅-၂၀၀၀)ပြည့်နှစ်အထိ ဆုတောင်းပြည့် မယ်လမု စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

(၁၉၈၃)ခုနှစ်တွင် "ကျွဲတို့၏ ဘဝဇာတ်လမ်းစုံ" ဝတ္ထုတို ပေါင်းချုပ်၊ (၁၉၉၅)ခုနှစ်တွင် "ဆုတောင်းပြည့် မယ်လမုစေတီတော် သမိုင်း"၊ (၁၉၉၇)ခုနှစ်တွင် "ယာဉ် လမ်းပေါ်မှာ စက္ကန့်သုံး"၊ (၂၀၀၄) ခုနှစ်တွင် "ငါးဆယ်ကျော် ကျန်းမာရေး" စာအုပ်များ ရေးသားထုတ် ဝေခဲ့ပြီး ယနေ့တိုင်စာပေများရေးသားဆဲဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် (၅၆၆)၊ ဣန္ဒာ (၃)လမ်း၊ (၈) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



## ဆရာကြီး ဦးဌေးအောင် (အောင်ကျော်ကျော်)

ကလောင်အမည် အောင်ကျော်ကျော်၊ အမည်ရင်း ဦးဌေးအောင် ဖြစ်သည်။ အဖ ဦးဘဒင်၊ အမိ ဒေါ်မမတို့မှ (၄-၁-၁၉၃၃) တွင် မန္တလေးမြို့၌ မွေးဖွားခဲ့သည်။ မန္တလေး ဗဟိုအမျိုးသားကျောင်းနှင့် ရန်ကုန်တက္ကသိုလ် (သက်ကြီးတက္ကသိုလ်)များတွင် ပညာသင်ကြားခဲ့သည်။ ဝိဇ္ဇာဘွဲ့ရရှိသည်။ ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဝန်ထမ်းအဆင့် ၄ ဖြစ်သည်။ လုံးချင်း ဝတ္ထုအုပ် ၃၀ ကျော်ရေးသားခဲ့သည်။

"လောင်းရိပ်ပန်း" ဘာသာပြန် ဝတ္ထုဖြင့် ၁၉၆၆ ခုနှစ်တွင် အမျိုးသားစာပေဆု ရရှိခဲ့သည်။ "ကြယ်မစုံ လမသာ" ပင်ကိုယ်ရေး ဝတ္ထုကို ရုပ်ရှင်ရိုက်ခဲ့သည်။ ကလောင်အမည်ခွဲမှာ "ရဲမွန်သူ" ဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် (၉၀)၊ ဝေပုလ္လ(၂)လမ်း၊ ဃ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



ဆရာကြီး ဦးတင်ရှိန်
(မင်းကြော့ရှိန်၊ ကျောက်ဖိုး-ထုံးဘို)

အဖ ဦးပန်းကျော်၊ အမိ ဒေါ်စောရင်တို့မှ ၁၂၉၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၆)ရက် (၁၅-၄-၁၉၃၃)နေ့တွင် ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ထုံးဘိုမြို့၌ မွေးဖွားသည်။


အစိုးရ မူလတန်းကျောင်း၊ (ထုံးဘိုမြို့) အစိုးရမူလတန်းလွန်ကျောင်း၊ (ပန်းတောင်းမြို့)၊ ပေါ်ပြူလာ အလွတ်ပညာသင်ကျောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ်များတွင် ပညာသင်ကြားခဲ့သည်။ B.A.Ed; B.Ed ဘွဲ့များရရှိခဲ့သည်။ မြို့နယ်ပညာရေးမှူး အဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။

အောက်ပါစာအုပ်များရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။

၁။ နှစ်သစ်အကူး ဆုထူးပန်ခွေ (ကိုယ်တိုင်ရေးကဗျာပေါင်းချုပ်)
၂။ ချစ်သူ့အယူခံ (နိုင်ငံရပ်ခြား ဘာသာပြန်ကဗျာများ)
၃။ ကံကြမ္မာကို ဆန့်ကျင်မိလေလျှင်နှင့် လူမှုရေးဆောင်းပါးပေါင်းချုပ်
၄။ ဘဝတန်ဆာနှင့် ဓမ္မရသစာစုများ (ဆောင်းပါးပေါင်းချုပ်)
၅။ အမွေနှင့် အခြားကဗျာများ (ကိုယ်တိုင်ရေးနှင့်ဘာသာပြန်)

၆။ မေတ္တာမီးအိမ် (နိုင်ငံရပ်ခြားကဗျာများ-ဘာသာပြန်)
၇။ စိမ်းလန်းမြပင်အိုရိပ်မှာနှင့်အခြားကဗျာများ (ဘာသာပြန်ကဗျာပေါင်းချုပ်)

နေရပ်လိပ်စာ - ၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



## ဆရာကြီး ဦးညိန်းဝင်း (သိပ္ပံညိုထွေး)

အဖ ဦးချစ်ပု၊ အမိ ဒေါ်မယ်သ (ဒေါ်သ) တို့က ၁၉၃၃၊ ဇူလိုင် (၁၁) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ဇရပ်ဆိပ်ကျေးရွာ၌ မွေးဖွားခဲ့သည်။ ငယ်နာမည် မောင်ညိမ်းမောင် ဖြစ်ပြီး တစ်ဦးတည်းသောသားဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်နှင့် ပြည်တွင်းစစ်တို့ဒဏ်ချက်ကြောင့် ပထမတန်းကိုပင် မဖြေဆိုရခင် စစ်ရှောင်ဒုက္ခသည်အဖြစ် ပုသိမ်မြို့သို့ တိမ်းရှောင်နေရသဖြင့် ၁၉၄၆ ခုနှစ်လောက်မှ စတင်ပြီး ကွင်းကျောင်းဘုန်းတော်ကြီးကျောင်းတွင် ဘာသာရေးစာပေများ သင်ယူခဲ့ရာ ၁၉၅၁ ခုနှစ်တွင် ပထမငယ်တန်း အောင်မြင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် လုပ်သားများကောလိပ် (ယခင် သက်ကြီးတက္ကသိုလ်) မှ သိပ္ပံဘွဲ့ကိုလည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် ညနေပိုင်း အင်ဂျင်နီယာသင်တန်းကျောင်း (နတ်မောက်လမ်း) မှ လျှပ်စစ်အင်ဂျင်နီယာဒီပလိုမာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပါသည်။ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နှင့် အစိုးရစာရင်းစစ်နှင့် စာရင်းကိုင်သင်တန်းကျောင်းတို့တွင်လည်း ပင်စင်အထူးသင်တန်း၊ အဆင့်

(၂)
သင်တန်းများ တက်ရောက်ခဲ့ပါသည်။

၁၉၅၅ ခုနှစ်တွင် ဗဟိုသုတေသနလုပ်ငန်းအဖွဲ့တွင် ဓာတ်ခွဲခန်းလုလင်မှ ဌာနခွဲမှူးအထိ နှစ်ပေါင်း (၃၃) နှစ် အလုပ်လုပ်ခဲ့ပြီး ၁၉၈၈ ခုနှစ်၊ ဩဂုတ်လတွင် နှစ်ပြည့်ပင်စင် ယူခဲ့ပါသည်။

ဂီတ၊ ကဗျာ၊ စာပေ (အရေးသက်သက်ကို) ဝါသနာထုံခဲ့သဖြင့် သက်ကြီးတက္ကသိုလ် မြန်မာစာပေအသင်းမှ ပြုလုပ်ခဲ့သော စာပေပြိုင်ပွဲများတွင် ကဗျာဆုများရရှိခဲ့ရာ၊ ၁၉၆၀ ပြည့်နှစ် ဆောင်း၏ ညဥ့်ယံကဗျာဖြင့် နှစ်သိမ့်ဆု၊ ၁၉၆၁ ခုနှစ်တွင် မြန်မာ့သားကောင်းဦးသန့်ကဗျာဖြင့် ဒုတိယဆု၊ ၁၉၆၂ ခုနှစ်တွင် နှင်းမြူစိုရွဲ တပို့တွဲ ကဗျာဖြင့်နှစ်သိမ့်ဆုများရရှိခဲ့ပါသည်။ ဝါသနာအရ ကဗျာစာပေ၊ ဆောင်းပါးများကို မြန်မာ့အလင်းသတင်းစာ၊ ခေတ်သစ်စာသတင်းစာ၊ ချိုတေးသံ၊ မေ့တွက်တာ၊ မေ အမျိုးသမီးမဂ္ဂဇင်း၊ မြဝတီ၊ ရှုမဝ၊ သောကြာ၊ လူထုပညာရေးစာစောင်များတွင် ကလောင်အမည် မင်းဥဒဆွေ၊ မိုးကျရွှေကိုယ်၊ သိပ္ပံညိုထွေးအမည်များဖြင့် အပုဒ်ပေါင်း (၉၀) ကျော်ခန့် ရေးသားခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ ဧပြီလလယ်လောက်က ဆန်းသစ်ကဗျာရေးဖွဲ့နည်းစာအုပ်ကို ထုတ်ဝေခဲ့ပြီး ယခင်ရေးသားခဲ့သော ကဗျာများထဲမှ မှတ်မိသလောက် ကဗျာပေါင်းချုပ်စာအုပ်ကိုလည်း ဆက်လက်ထုတ်ဝေရန် စီစဉ်လျက်ရှိပါသည်။

ယခုအခါ မင်္ဂလာဒုံ စာရေးဆရာအသင်းဝင်တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းတွင်လည်း အသင်းဝင်အမှတ် ၁၀၁၃၃ ဖြင့် အသင်းဝင်ထားပြီးဖြစ်ပါသည်။ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ ဓမ္မရိပ်သာလမ်း၊ အမှတ် (၈/၇၇) တွင် နေထိုင်လျက်ရှိပါသည်။ ဖုန်းအမှတ်မှာ ၀၉၂၅၁၀၅၃၅၀၄ ဖြစ်ပါသည်။



ဆရာကြီး ဦးထိန်လင်း

(၁၂၈၃)ခုနှစ်၊ တပေါင်းလဆုတ် (၈)ရက် (၂၀-၃-၁၉၂၂) တွင် ဟံသာဝတီခရိုင်၊ ခရမ်းမြို့နယ်၊ ညောင်ပင်ရွာ၌ အဖ ဦးမြ၊ အမိ ဒေါ်အေးဆင်တို့မှ မွေးဖွားသည်။ ရန်ကုန်တက္ကသိုလ်တွင် ဥပစာအထက်တန်းအထိ ပညာသင်ကြားခဲ့သည်။ (၁၉၆၃)ခုနှစ်မှစ၍ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် လက်ထောက်အယ်ဒီတာတာဝန် ထမ်းဆောင်ခဲ့သည်။ ထို့နောက်ခေါင်းကြီးပိုင်းအယ်ဒီတာတာဝန်ကို ပြောင်းလဲတာဝန်ယူခဲ့သည်။ (၁၉၆၆)မှ (၁၉၇၁) ခုနှစ်အထိ အမှုဆောင်အယ်ဒီတာတာဝန်ကို လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် ထမ်းဆောင်ခဲ့သည်။ (၁၉၇၁) ခုနှစ်မှ (၁၉၈၂)ခုနှစ်အထိ ဗိုလ်တထောင်သတင်းစာတွင် အယ်ဒီတာချုပ်တာဝန်ကို တိုးမြှင့်ထမ်းဆောင်ခဲ့သည်။

သတင်းစာခေါင်းကြီးပိုင်းနှင့် ဆောင်းပါးများစွာကို ရေးသားခဲ့သည်။ ကလောင်အမည်များမှာ 'မောင်အေး၊ အယ်ဒီတာအဖွဲ့ဝင်တစ်ဦး၊ တော်လှန်ရေး ရဲဘော်တစ်ဦး၊ ကိုကိုထွန်း' စသည်တို့ဖြစ်သည်။ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် "ရွှေ့သို့

ချိုလေသောအခါ" ဆောင်းပါးများ၊ လုပ်သားပြည်သူ့နေ့စဉ်အထူးထုတ်များတွင် တော်လှန်ရေး ရဲဘော်တစ်ဦး၊ အယ်ဒီတာအဖွဲ့ဝင်တစ်ဦး ဟူသော ကလောင်အမည်များဖြင့် ဆောင်းပါးများရေးခဲ့သည်။

(၁၉၆၉-၇၀)ခုနှစ်ခန့်မှစ၍ 'မောင်အေး'ကလောင်အမည်ဖြင့် 'ကုန်ထုတ်လုပ်ရေးနှင့် မြေယာပြုပြင်ရေး' ဆိုင်ရာဆောင်းပါးများကို မြဝတီမဂ္ဂဇင်းတွင် ရေးသားခဲ့ပြီး 'ကိုကိုထွန်း' ဟူသောအမည်ဖြင့် စာပေလုပ်သား စည်းရုံးရေးဆိုင်ရာ ဆောင်းပါးများကို ငွေတာရီမဂ္ဂဇင်း၊ အတွေးနှင့် အရေးစာစောင်များတွင် ရေးသားခဲ့သည်။ ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်တာဝန်မှ အငြိမ်းစားယူခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၉)၊ မြသီတာလမ်း၊ (၁၆)ရပ်ကွက်၊ ပြည်သာယာ၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။



ဆရာကြီး ဦးကျော်ဝင်း (ညိုဝင်း)

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံရှမ်းစုရွာတွင် အဖဦးဘိုးရှင်း (ကျောင်းအုပ်ဆရာကြီး)၊ အမိ ဒေါ်ရွှေရည်တို့မှ (၁၂၈၅)ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက် (၁၁-၂-၁၉၂၄)နေ့တွင် ဖွားမြင်သည်။ မြန်မာအထက်တန်း ဆရာဖြစ် အောင်ခဲ့သည်။

(၁၃၀၀)ပြည့်တွင် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုများ စတင်ရေးသားသည်။ (၁၉၄၈)ခုနှစ်တွင် လွတ်လပ်ရေးရရှိပြီးနောက် မြို့နယ်ပြည်သူ့ရဲဘော် အတွင်းရေးမှူးအဖြစ်မှ အနားယူပြီး စာပေနယ်သို့ ဝင်ရောက်သည်။ ၎င်းနှစ် အောက်တိုဘာလတွင် စာရေးဆရာ သန်းဆွေနှင့်အတူ သွေးသောက်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။(၁၉၅၀-၅၁)ခုနှစ်တွင် ဆရာသန်းဆွေ၊ ဆရာစိန်ခင်မောင်ရီတို့နှင့် ကြေးမုံမဂ္ဂဇင်းတွင် လုပ်ကိုင်ခဲ့သည်။ ယင်းနှစ်စာဆိုတော်နေ့တွင် ကျင်းပသော စာပေပြိုင်ပွဲတွင် ကဗျာ ပထမရွှေတံဆိပ်ဆု ရရှိသဖြင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကိုယ်တိုင် ဆုချီးမြှင့်ခြင်းခံရသည်။

(၁၉၅၂-၅၃)ခုနှစ်တွင် မြဝတီမဂ္ဂဇင်းစတင်ထုတ်ဝေရာ

အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ (၁၉၅၄-၅၅)ခုနှစ်တွင် အစိုးရရုပ်ရှင်နှင့် ပြဇာတ်ဌာနခွဲ တာဝန်ခံအရာရှိနှင့် (၁၉၅၅)ခုနှစ်မှ (၁၉၆၀)ပြည့်နှစ်မေလအထိ ကယားပြည်နယ် ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းတွင် အလုပ်အမားအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၃ခုနှစ် 'ဘဝကဗျာများ' စာအုပ်ကို စတင်ရေးသားထုတ်ဝေခဲ့သည်။ (၁၉၆၁)ခုနှစ်မှ (၁၉၆၃)ခုနှစ်အထိ ရဲကြေးမုံ 'မှုခင်း' မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ (၁၉၆၃)ခုနှစ်တွင် စာရေးဆရာပုလိပ်အရာရှိတစ်ဦးနှင့်အတူ 'ပြစ်မှု'မဂ္ဂဇင်းကို စတင်တည်ထောင်ထုတ်ဝေသည်။ (၁၉၆၆)မှ (၆၈)ခုနှစ်အထိ မြစာပေတိုက် မန်နေဂျာအဖြစ် လုပ်ကိုင်ရင်း 'မှောင်လွန်းသော ညများ' ဝတ္ထုကို ရေးသားခဲ့ရာ ထိုဝတ္ထုမှာ (၁၉၆၇)ခုနှစ် အမျိုးသားစာပေဆုရရှိခဲ့သည်။ (၁၉၆၈)မှ (၁၉၇၀)ပြည့်နှစ်များအထိ ကိုယ်ပိုင်ရတနာမိုး စာပေနှင့် ပုံနှိပ်တိုက်တည်ထောင်ပြီး ဝတ္ထုများရေးသားခဲ့ရာ လုံးချင်းဝတ္ထုပေါင်း (၁၅၀)ခန့်နှင့် ကဗျာ၊ ဝတ္ထုတို/ရှည်များကို မဂ္ဂဇင်း များတွင် ရေးသားခဲ့သည်။

ရန်ကင်းမြို့နယ် စာပေလုပ်သားအဖွဲ့တွင် အမှုဆောင်တာဝန်နှင့် မြန်မာစာအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ (၁၉၉၉) ခုနှစ်၊ (၄၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်စာပေပြိုင်ပွဲ နှင့် 'သမိုင်းဖြစ်မှန် ထာဝရ အဓိဋ္ဌာန်' ကဗျာရှည်ဖြင့်ကဗျာရှည် အဆင့် (၁)တွင် ပထမရရှိခဲ့သည်။ (၃၁-၁၂-၂၀၀၀)ပြည့်နှစ်တွင် 'ကျေးဇူးသစ္စာမြတ်ပဏ္ဏာ' ရန်ပုံငွေအဖွဲ့မှရွေးချယ်သော စာပေနှင့် အနုပညာရှင်ကြီးများနှင့် တိုင်းကျိုးပြည်ကျိုးစာပေအကျိုး သယ်ပိုးမှုအတွက် ဂုဏ်ပြုချီးမြှင့်ငွေ

ကျပ်တစ်သိန်းကို ငွေပဒေသာပင် စိုက်ထူပေးခဲ့သည်။ ရေးသားခဲ့သော ဝတ္ထုများအနက်မှ ဝတ္ထု (၁၄)ပုဒ်ကို ရုပ်ရှင်အဖြစ်နှင့် ဝတ္ထုနှစ်ပုဒ်ကို ဗီဒီယိုအဖြစ် ရိုက်ကူးပြသခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ်-၃၁၅၊ ကန်ဘဲ့ဘုတာရုံလမ်း၊ (၁၁) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ **ဖုန်း - ၅၇၉၃၄၈။**



ဆရာမကြီး ဒေါ်သန်းရှိန် (ခင်သန့်စင်- ရေးမြို့)

အဖ ဦးဖိုးစံ၊ အမိ ဒေါ်အုံးကြွယ်တို့မှ (၁၂၈၉)ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် (၆)ရက် (၁၆-၁၀-၁၉၂၇)နေ့တွင် ရေးမြို့၌ မွေးဖွားခဲ့သည်။

(၁၉၅၅)ခုနှစ်တွင် ရေးမြို့ အစိုးရအထက်တန်းကျောင်းမှ ဆယ်တန်း အောင်မြင်ခဲ့ပြီး (၁၉၇၉)ခုနှစ်တွင် နိုင်ငံခြားဘာသာသင် သိပ္ပံမှ (ဂျပန်ဘာသာ ဒီပလိုမာ) အောင်မြင်ခဲ့သည်။ (၁၉၈၇)ခုနှစ်တွင် အဘိဓမ္မာတောင်သာ ဆေးတက္ကသိုလ် စာမေးပွဲအောင်မြင်ခဲ့သည်။

(၁၉၅၅)ခုနှစ်တွင် တေးပဒေသာ စာစောင်တွင် ကဗျာများ ရေးသားခြင်းဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ မဂ္ဂဇင်း ဝတ္ထုရှည်၊ ဘာသာပြန်ဝတ္ထု၊ ရုပ်ရှင်ဇာတ်လမ်းများနှင့် လုံးချင်းဝတ္ထုရှည် (၆)အုပ် ပြုစုရေးသား ထုတ်ဝေခဲ့ပြီးဖြစ်သည်။

'မာရီ' ဝတ္ထုတိုမှာ တနင်္ဂနွေရီတိုင်း၊ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ပြီး "စိုးရိမ်မိတယ် သိင်္ဂီလေးရယ်" ဝတ္ထုတိုမှာ မြဝတီ

ကလောင်ဆွေအဖွဲ့ ချုပ်မှ ကြီးမှူးကျင်းပသော စာပေပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည်။ "ဂုဏ်ဆိုတာ ဘာကိုခေါ်တာလဲအစ်ကို" ဇာတ်လမ်းကို ပန်းသာရုပ်ရှင်မှ ရုပ်ရှင်ရိုက်ကူးခဲ့သည်။

နေရပ်လိပ်စာ - သုတရတနာစာပေတိုက်၊ တိုက်အမှတ် (၂၉)၊ အခန်း (၆)၊ အရှေ့ရန်ကင်း၊ ရန်ကုန်မြို့။



ဦးအောင်သန့် (သံအမတ်ကြီး - ငြိမ်း)

အဖ ဦးစောလှိုင် (ရေနံတွင်းစား) နှင့် အမိ ဒေါ်အေးခင် တို့က ၁၂၉၁၊ နယုန်လဆုတ် ၈ ရက်တွင် ရေနံချောင်းမြို့၊ ဂျူပွင် ရွာ၌ မွေးဖွားခဲ့သည်။ အမည်ရင်း ဦးအောင်သန့်ဖြစ်သည်။

ရေနံချောင်းမြို့၊ ဂျူပွင်ရွာ B.O.C မူလတန်းကျောင်းနှင့် တောင်တွင်းကြီးမြို့၊ ဗုဒ္ဓဘာသာ သာသနာပြုအမျိုးသားအထက် တန်းကျောင်းတွင် အင်္ဂလိပ်-မြန်မာ စတုတ္ထတန်းအထိ နေခဲ့သည်။ ရန်ကုန်မြို့၊ ဒေါက်တာမောင်မောင်ပြေ၏ ခေတ္တရာအလွတ်ပညာ သင်ကျောင်းမှ ၁၉၅၀ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင် ခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်စာပေ၊ ဘောဂဗေဒ နှင့် နိုင်ငံရေးသိပ္ပံဘာသာတွဲဖြင့် ရန်ကုန်တက္ကသိုလ်မှ ရခဲ့သည်။

နိုင်ငံခြားရေးဝန်ထမ်းစာမေးပွဲကို အောင်မြင်သဖြင့် ၁၉၅၆ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင် တာဝန်ထမ်းဆောင် ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ရန်ကုန်မြို့တွင် လက်ထောက်ညွှန်ကြားရေးမှူးရာထူးမှ ညွှန်ကြားရေးမှူးချုပ်ရာထူးအဆင့်အထိ တာဝန် ထမ်းဆောင်ခဲ့သည်။

ပြည်ပတွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး နယူးယောက်မြို့၊ ထို့အပြင် မြန်မာသံရုံး ဘဲလ်ဂရိတ်မြို့၊ မြန်မာသံရုံး ဘန်ကောက်မြို့နှင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျနီဗာမြို့ (ဆွစ်ဇာလန်နိုင်ငံ) တို့တွင် တတိယအတွင်းဝန်ရာထူးမှ သံအမတ်ကြီးရာထူးအထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၁ ခုနှစ်၊ မေလတွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

တက္ကသိုလ်ကျောင်းသားဘဝကပင် ဂါဒီယန်လစဉ်ထုတ် အင်္ဂလိပ်မဂ္ဂဇင်း၊ ဆရာကြီးတက်တိုးထုတ်ဝေသော ကွန်မင်တေတာ (ခေါ်) နှစ်ပတ်တစ်ကြိမ်ထုတ် အင်္ဂလိပ်စာစောင် (ကျောင်းသားအခန်း) နှင့် သင့်ဘဝမဂ္ဂဇင်းတို့တွင် အောင်သန့်၊ မိုးစွေအမည်များဖြင့် စာပေအနည်းငယ် လက်တည့်စမ်း စတင်ရေးသားခဲ့သည်။

၁၉၉၄ တွင် စာပေဗိမာန် သုတပဒေသာဝိဇ္ဇာ (စာမူ) ပထမဆု၊ ၁၉၉၇ တွင် အမျိုးသားစာပေဆုနှင့် ပခုက္ကူဦးအုံးဖေ (ကျမ်းစာပေ) ဒုတိယဆု၊ ၂၀၀၈ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းစာပေ ရည်ညွှန်းကျမ်းဆုတို့ ရရှိခဲ့သည်။

Oscar Wilde ၏ Ideal Husband ပြဇာတ်ကို "သီလဝ" ကလောင်အမည်ဖြင့် "စံပြလင်" ဟု မြန်မာဘာသာပြန်ဆို ထုတ်ဝေ

ခဲ့သည်။ John Steinback ၏ The Moon Is Down ဝတ္ထုကို "အောင်သန့်" ကလောင်အမည်ဖြင့် "လမိုက်ည" ဟု မြန်မာဘာသာပြန်ဆို ထုတ်ဝေခဲ့သည်။

၁၉၉၁ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကျရောက်သော တပ်မတော်နေ့၌ နိုင်ငံဝန်ထမ်းစီမံထူးချွန် (ပထမအဆင့်) ချီးမြှင့်ခြင်း ခံရသည်။

အမှတ် ၄၆၊ အောင်ဇေယျလမ်း (၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ် (ကျောက်ကုန်း)၊ ရန်ကုန်မြို့တွင်နေထိုင်ရင်း တတ်စွမ်းသမျှ စာပေများ ပြုစုရေးသားလျက်ရှိသည်။



**ဆရာမကြီး ဒေါ်ကြင်တိုး (တိုးတိုး)**

အဖ ဦးစိတ်ကောင်း၊ အမိ ဒေါ်စောတို့မှ (၁၂၉၂)ခုနှစ်၊ နတ်တော်လဆန်း (၇)ရက် (၂၆-၁၁-၁၉၃၀)ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ဖောင်ရိုးချောင်းကျေးရွာတွင် မွေးဖွားခဲ့သည်။

ငယ်စဉ်ကတည်းက စာပေဝါသနာပါခဲ့ပြီး (၁၉၆၈)ခုနှစ်တွင် ယုဝတီဂျာနယ်၌ 'မေတ္တာ၏ အာနိသင်' ဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ထို့နောက် (၁၉၆၉)ခုနှစ်တွင် စန္ဒာမဂ္ဂဇင်းတွင် 'အညုပညာသည်' ဝတ္ထုဖြင့် မဂ္ဂဇင်း စာရေးဆရာဖြစ်ခဲ့သည်။ စန္ဒာမဂ္ဂဇင်းတွင် ဝတ္ထုတိုများအပြင် ပြဇာတ်များပါ ရေးသားခဲ့ပြီး (၁၉၇၂-၁၉၈၀)အထိ ငွေတာရီနှင့် မြဝတီမဂ္ဂဇင်းများတွင် ဝတ္ထုတို၊ ဝတ္ထုရှည်များစွာ ရေးသားခဲ့သည်။

'ပြန်ကြစို့ ဒို့ဌာနီ'၊ 'ရင်ခုန်မြို့တော်'၊ 'မေ့ပါနိုင်' ဝတ္ထုတိုများကို "Working People's Daily" တွင် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုဖော်ပြခဲ့သည်။ ဝတ္ထုတိုအချို့ကို မြန်မာ့အသံမှ ဇာတ်လမ်းပမာအဖြစ်လည်းကောင်း၊ 'စမ်းရေပမာ မိဘမေတ္တာ' ဝတ္ထုတိုကို အသံလွှင့်

ဇာတ်အဖြစ်လည်းကောင်း ထုတ်လွှင့်ခဲ့သည်။ 'စမ်းရေပမာ မိဘမေတ္တာ' ဇာတ်လမ်းကို 'ထိပ်တန်းရုပ်ရှင်' မှ ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ရိုက်ကူးပြသရာ အောင်မြင်မှုရရှိခဲ့သည်။

(၁၉၈၀)ပြည့်နှစ်တွင် 'ပန်းပိတောက်နှင့်ရွှေမိုးညို' လုံးချင်းဝတ္ထုကို 'တမာမြိုင်စာပေ' မှ ထုတ်ဝေခဲ့သည်။ (၁၉၉၃)ခုနှစ်တွင် ပင်ကိုရေးဝတ္ထုတိုပေါင်းချုပ်ဖြစ်သော 'ယောက်ျားသားတို့အမေနှင့် အခြားဝတ္ထုတိုများ' စာမူဖြင့် စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ် 'တတိယ' ဆုရရှိခဲ့သည်။

(၁၉၉၅)မှ (၂၀၀၆)ခုနှစ်အထိ လုံမလေးမဂ္ဂဇင်းတွင် ဝတ္ထုတို၊ ဝတ္ထုရှည်များရေးသားခဲ့ပြီး (၂၀၀၀)ပြည့်နှစ်မှ ယနေ့အထိ ဘာသာရေးဝတ္ထုများ၊ ဟာသနှင့် ပညာပေးဝတ္ထုများ ရေးသားနေဆဲဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် (၇)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



## ဆရာမကြီး ဒေါ်ခင်မိမိ (ကြည်သင်း- ရမည်းသင်း)

အဖ ဦးဖေထွန်း၊ အမိ ဒေါ်ကြည်တို့မှ (၁၂၈၉)ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၃)ရက် (၂-၄-၁၉၂၈)နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့တွင် မွေးဖွားခဲ့သည်။

(၁၉၄၅)ခုနှစ်တွင် ရမည်းသင်းမြို့၊ ဦးခင်မောင် အလွတ်ပညာသင်ကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားခဲ့ရာ (၁၉၅၈)ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ (၁၉၅၉)ခုနှစ်တွင် ပညာရေးဒီပလိုမာ (D.T)၊ (၁၉၆၅)ခုနှစ်တွင် ဥပဒေဝိဇ္ဇာ (B.L) ဘွဲ့များရရှိခဲ့သည်။ (၁၉၅၉)ခုနှစ် ဇွန်လမှစ၍ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် စာပြု (နည်းပြ)အဖြစ်မှစ၍ လက်ထောက်စာတည်း၊ စာတည်းရာထူးအဆင့်ဆင့်ဖြင့် နှစ်ပေါင်း (၃၃)နှစ် တာဝန်ထမ်းဆောင်နေခဲ့စဉ် နိုင်ငံတော်ကချီးမြှင့်သည့် ဝန်ထမ်းကောင်းဆုတံဆိပ် ရရှိခဲ့သည်။ (၁၉၉၂)ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် ဘာဝန်ထမ်းဆောင်နေစဉ်အတွင်း တက္ကသိုလ်မြန်မာအဘိဓာန် လုပ်ငန်း၊ မြန်မာစာ ရေးထုံးလုပ်ငန်း၊ မြန်မာသဒ္ဒါပြုစုရေးလုပ်ငန်း၊

တက္ကသိုလ်များတွင် မြန်မာဘာသာဖြင့် သင်ကြားရန် ပြဋ္ဌာန်းစာအုပ်များ တည်းဖြတ်ရေးလုပ်ငန်း၊ တက္ကသိုလ်စာပေးစာယူ ပြဋ္ဌာန်းစာအုပ်များ တည်းဖြတ်မှုလုပ်ငန်း၊ ပညာရပ်ဝေါဟာရများ ပြုစုမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

(၁၉၈၂)ခုနှစ်တွင် ဂျပန်နိုင်ငံ နိုင်ငံခြားဘာသာသင်တက္ကသိုလ်မှ မြန်မာစာပါမောက္ခ မစ္စတာအိုနိုတိုရှနှင့် မြန်မာနိုင်ငံ၊ နိုင်ငံခြားဘာသာသိပ္ပံမှ ဆရာ ဦးအေးချိုတို့ သုတေသနပြုစု ရေးသားထားသော နိုင်ငံခြားဘာသာသိပ္ပံအတွက် ပထမဦးဆုံး ဂျပန်-မြန်မာ အဘိဓာန်ကို နိုင်ငံတကာ အဘိဓာန်ပုံစံကြီးဝင်အောင် တည်းဖြတ်ပြုစုပေးခဲ့သည်။

"ကြည်သင်း-ရမည်းသင်း" ကလောင်အမည်ဖြင့် (၁၉၅၂) ခုနှစ်က ဗမာ့ခေတ် သတင်းစာ၊ ယုဝတီကဏ္ဍတွင် "ကိုဖြိုး" ဝတ္ထုတိုနှင့် လူထုဂျာနယ်တွင် "ကိုပေါတွေ့သည့် ရွှေကောက်ပွဲ" ဝတ္ထုတိုများကို စတင်ရေးသားခဲ့ပြီးနောက် မြဝတီ၊ ပဒေသာ၊ သွေးသောက်၊ ရှုမဝ၊ ချယ်ရီ ပေဖူးလွှာ၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ တက္ကသိုလ်မဂ္ဂဇင်းများတွင် ကဗျာ၊ စာညွန်း၊ ဆောင်းပါးနှင့် ဝတ္ထုတိုများဆက်လက် ရေးသား ခဲ့သည်။

(၁၉၆၈)ခုနှစ်ထုတ် တက္ကသိုလ်ပညာပဒေသာစာစောင်တွင် 'ဒေါ်ခင်မိမိ'အမည်ဖြင့် ရေးသားခဲ့သော "တက္ကသိုလ်မြန်မာ အဘိဓာန်ပြုစုပုံ" ဆောင်းပါးကို (၁၉၆၉-၇၀)ခုနှစ်မြန်မာစာ အဓိကယူသည့် စာသင်သားများအတွက် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနက ပြဋ္ဌာန်းခဲ့သည်။

နေရပ်လိပ်စာ - အခန်း(၈)၊ တိုက် (၂၆၇)၊ (၂)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ ရန်ကုန်တိုင်းဒေသကြီး။



ဆရာကြီး ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး)

အဖ ဦးဘိုးချစ်၊ အမိ ဒေါ်သန်းတို့မှ (၁၂၉၃)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃)ရက် (၁၂-၁၁-၁၉၃၁)နေ့တွင် ပြည်မြို့၌ မွေးဖွားခဲ့သည်။

(၁၉၅၃)ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (ဂုဏ်ထူးတန်း) အောင်မြင်၍ ဘွဲ့ရရှိခဲ့ပြီး (၁၉၆၀) ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

(၁၅-၆-၁၉၅၃)ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် နည်းပြဆရာအဖြစ်မှ စတင်တာဝန်ထမ်းဆောင်ခဲ့ရာ (၁၉၈၂) ခုနှစ် ကထိကဖြစ်သည်အထိ ဖြစ်သည်။ (၁၉၉၁)ခုနှစ်တွင် မြန်မာစာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။

မြန်မာစာအဖွဲ့တွင် အဖွဲ့ဝင်၊ ဝိဇ္ဇာသိပ္ပံပညာရှင်များအဖွဲ့ ဘာသာစကားဥက္ကဋ္ဌ၊ မြန်မာ ပါဠိရူကြီးကြပ်ရေး အဖွဲ့ဝင်၊ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်၊ အခြေခံပညာ မြန်မာစာသင်ရိုးအဖွဲ့ဝင်၊ ယဉ်ကျေးမှုတက္ကသိုလ်များကောင်စီဝင်၊ မဟာဂီတ သီချင်းကြီးများစိစစ်ရေးနှင့် မှတ်တမ်းပြုစုရေးအဖွဲ့ ဥက္ကဋ္ဌ

အဖြစ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်မှ ချီးမြှင့်သော ဝိဇ္ဇာပညာထူးချွန်ဆု ဒုတိယ အဆင့်ကို (၂၀၀၄)ခုနှစ်တွင် ရရှိခဲ့သည်။

(၂၀၀၂)ခုနှစ်တွင် 'တေးဂီတ အနုစာပေသမိုင်း' စာအုပ်ဖြင့် အမျိုးသားစာပေဆု ချီးမြှင့်ခြင်းခံရသည်။

'စာပေနှင့်ဂီတ၊ ဂီတနှင့်စာပေ' စာအုပ်ကို ပုံနှိပ်ဆဲ ဖြစ်သည်။

**နေရပ်လိပ်စာ** - တိုက် (၃၆၁)၊ အခန်း (၂၄)၊ အနောက် ရန်ကင်း၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၅၅၄၆၇၈



**ဆရာကြီး ဗိုလ်မှူးကြီး ခင်မောင်အေး**
**(ခင်မောင်အေး- မန္တလေး)**

အဖ ဦးဖိုးညွှင်း၊ အမိ ဒေါ်ဖွားစုတို့မှ (၁၂၉၂)ခုနှစ်၊ တပို့တွဲလဆုတ် (၈)ရက် (၉-၂-၁၉၃၁) နေ့တွင် ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၌ မွေးဖွားခဲ့သည်။

ငယ်စဉ်က မြောင်းမြမြို့ အစိုးရအထက်တန်းကျောင်းနှင့် ရန်ကုန်မြို့မ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။

(၁၉၅၀)ပြည့်နှစ်တွင် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ တပ်မတော်တွင် ဗိုလ်မှူးကြီးအဆင့်သို့ ဝင်ရောက်အမှုထမ်းခဲ့ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် (၁၉၇၉)မှ (၁၉၈၉) ခုနှစ်အထိ ဦးဆောင်ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၈၁)မှ (၁၉၈၂)ခုနှစ်အထိ မြဝတီမဂ္ဂဇင်းတိုက် အယ်ဒီတာချုပ် တာဝန်ကိုပါ ပူးတွဲထမ်းဆောင်ခဲ့သည်။ နတ်မောက်မြို့နယ် အမှတ် (၂)၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

(၁၉၄၉)ခုနှစ်မှစ၍ ကဗျာနှင့် ဝတ္ထုများစတင်ရေးသားသည်။ သေနတ်ပစ်၊ တောလိုက် ဝါသနာပါ၍ ထိုအတွေ့အကြုံများကို အခြေခံကာ ဝါသနာအလျှောက် စာပေများရေးသားခဲ့သည်။ စာနယ်ဇင်းများ၌ ဆောင်းပါးပုဒ်ရေ (၁၅၀)ခန့်နှင့် ဝတ္ထုတို ဝတ္ထုရှည် (၄၀၀)ကျော်ခန့် ရေးသားခဲ့ပြီး ဖြစ်သည်။ လုံးချင်းဝတ္ထု (၈)အုပ် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ ကလောင်အမည်ခွဲများမှာ 'စိုင်းဆေးနော်' နှင့် 'ညိုမင်းလွင်' ဖြစ်သည်။

(၁၉၆၅)ခုနှစ် အမျိုးသားစာပေဆု တတိယဆုကို 'ကျားနှင့် မုဆိုး" ဝတ္ထုဖြင့် ရရှိခဲ့သည်။

**နေရပ်လိပ်စာ** - အခန်း (၁၇)၊ တိုက် (၃၃၁)၊ ရန်အေး လမ်းသွယ် (၂)၊ အနောက်ရန်ကင်း၊ ရန်ကုန်တိုင်းဒေသကြီး။



## ဆရာကြီး ဦးဝင်းမြင့် (စာရေးဆရာ- မင်းသားကြီး)

(၁၂၉၁)ခုနှစ်၊ တပို့တွဲလဆန်း (၁)ရက်တွင် အဖ ဦးငွေဆိုင် အမိ ဒေါ်ဆင့်တို့မှ ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ (၁၉၅၀)ခုနှစ် သွေးသောက်မဂ္ဂဇင်းတွင် 'သတင်းထောက်ဝင်းမြင့်' ကလောင်အမည်ဖြင့်ဆောင်းပါးများ စတင်ရေးသားခဲ့ပြီး 'မြို့မမြင့်လွင်' ကလောင်အမည်နှင့်လည်း 'ကဗျာ' များရေးသားခဲ့သည်။ သွေးသောက်ပိုင်ရှင် ကိုကျော်ရှိန် (စာရေးဆရာပြည့်စုံ)က 'ခရီးသည် အယ်ဒီတာ' အခန်းဖွင့်ပြီး ဓာတ်ပုံနှင့်တွဲလျက် ဆောင်းပါးများရေးရန် တိုက်တွန်းသဖြင့် သွေးသောက်မဂ္ဂဇင်းတွင် ပင်တိုင်စာရေးဆရာအဖြစ် လစဉ်ရေးသားခဲ့သည်။

(၁၉၅၂)ခုနှစ်မှစ၍ 'စုံထောက်မဂ္ဂဇင်း' ပေါ်ထွက်လာရာ 'ဝင်းမြင့်' ကလောင်အမည်နှင့် မှုခင်းဝတ္ထုများ လစဉ်ရေးသားခဲ့သည်။ နောက်ပိုင်းပေါ်ထွက်လာသော ဆိုရှယ်လစ်ပါတီမှ ဦးစိုးမြင့် ဦးစီးထုတ်ဝေသော 'တော်ဝင်မဂ္ဂဇင်း'၊ ကိုလှခင် ထုတ်ဝေသော 'ဆန်းညွန့်ဦးမဂ္ဂဇင်း'၊ ဗိုလ်မှူးစိုးရ ထုတ်ဝေသော 'ကလောင်စုံ' မဂ္ဂဇင်းတို့တွင်လည်း လစဉ်ရေးသားခဲ့သည်။ ရှုမဝမဂ္ဂဇင်းတွင်လည်း

ဦးကျော်၏တာဝန်ပေးချက်အရ အယ်ဒီတာအဖွဲ့ဝင်အဖြစ် လှုပ်ရှားခဲ့ရပြီး ပါဝင်ရေးသားခဲ့သည်။ ယနေ့ခေတ်တွင်လည်း နံနက်ခင်းဂျာနယ်တွင် 'မင်းသားကြီးဝင်းမြင့်' ကလောင်အမည်ဖြင့် ရှေးဟောင်း နှောင်းဖြစ် ဆောင်းပါးများကို အပတ်စဉ် သုံးနှစ်နီးပါးမျှ ရေးသားခဲ့သည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးဘချို (ဒီးဒုတ်ဦးဘချို)မှာ 'ဖိုးလေး' တော်စပ်သဖြင့် စစ်ကြိုခေတ် ဒီးဒုတ်ဂျာနယ်တွင်လည်း 'မြင့်ဝတ်ရည်' ကလောင်အမည်ဖြင့် အတန်း (၇)တန်း အရွယ်ကပင် ကဗျာများရေးသားထည့်သွင်းဖော်ပြခံရဖူးသည်။

**နေရပ်လိပ်စာ** - တိုက် (၂၁၇)၊ အခန်း (၁၀)၊ (၁၂)လုံးတန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။



**ဆရာမကြီး ဒေါ်တင်နွဲ့အေး**

**တင်နွဲ့အေး(ပညာရေးတက္ကသိုလ်)**

အဖ ဦးအေးမောင်၊ အမိ ဒေါ်မြတင်တို့မှ ၁၂၈၉ခုနှစ်၊ သီတင်းကျွတ်လဆန်း (၆)ရက်(၁-၁၀-၁၉၂၇) နေ့တွင် ရေနံချောင်းမြို့၌ ဖွားမြင်ခဲ့သည်။

B.A.Ed၊ B.Ed, BA, M.Ed, H.G.P ဘွဲ့များရရှိခဲ့သည်။ ပညာရေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ကထိကရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။

၁၉၄၉-၅၀ခုနှစ်တွင် ဝတ္ထုတိုများရေးသား၍ စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ တော်လှန်ရေးကောင်စီလက်ထက်တွင် THE WORKING PEOPLE'S DAILY သတင်းစာနှင့် THE GUARDIAN MAGAZINE တွင် အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။

ပညာတန်ဆောင်မဂ္ဂဇင်းတွင် ဆောင်းပါးအပုဒ် (၂၀) ကျော်နှင့် ကဗျာ (၅)ပုဒ်ခန့်ရေးသားခဲ့သည့်အပြင် ရောင်ပြန် မဂ္ဂဇင်းတွင်လည်း ဆောင်းပါးများရေးသားခဲ့ပါသည်။

မဟာစည်သာသနာ့ရိပ်သာမှ ထုတ်ဝေသော NEWS LETTER (လစဉ်ထုတ်)စာစောင်တွင် တရားစမ္မဆိုင်ရာ သတင်းများနှင့် သံဃာတော်အချို့ ဟောကြားခဲ့သော တရားတော်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့ပါသည်။

**နေရပ်လိပ်စာ** - အမှတ် (၂၄)၊ မဥ္ဇူလမ်း၊ လမ်းသွယ် (၁)၊ (မြောက်ဘက်ခြမ်း)၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။



## ဆရာကြီး ဦးမြထွေး
## (မင်းလှမြတ်ထွေး)

အဖ ဦးဖိုးအိ၊ အမိ ဒေါ်အုန်းနုတို့က (၁၆-၇-၁၉၃၄) ရက်နေ့တွင် သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ လက်ဆက်ရွာ၌ မွေးဖွားခဲ့သည်။

သာယာဝတီခရိုင်၊ မင်းလှမြို့၊ အထက်တန်းကျောင်းနှင့် ဇီးကုန်းမြို့အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ဇီးကုန်းအထက်တန်းကျောင်းမှ အထက်တန်းအောင်မြင်ပြီးနောက် ရန်ကုန်မြို့၊ ကမ္ဘာအေး (ချော်တွင်းကုန်း)၌ လူမှုရေးဒီပလိုမာ (၃) နှစ် သင်တန်းတက်ခဲ့သည်။ လူမှုရေးဒီပလိုမာ (D.S.W)နှင့် အထက်တန်းရှေ့နေ (H.G.P) အောင်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်းအဖြစ် ကျောင်းဆရာ၊ လက်ထောက်မြို့ပိုင်၊ ကုန်သွယ်ရေးဦးစီးမန်နေဂျာ၊ မန်နေဂျာ (စား/ဖျော်) တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ တိုင်းမန်နေဂျာ တာဝန်မှ သက်ပြည့် အငြိမ်းစားယူခဲ့သည်။

"တောကျောင်းသားတစ်ဦး" ကလောင်အမည်ဖြင့် လူထုပညာမဂ္ဂဇင်း၌ ၁၉၅၃ ခုနှစ်တွင် ဆောင်းပါးရေးသားခဲ့ရာမှ စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။

နောင်တွင် "မင်းလှမြတ်ထွေး" ကလောင်အမည်ဖြင့် ဆောင်းပါးပုဒ်ရေ (၈၀၀) ကျော် ဝတ္ထုတို (၁၀) ပုဒ် ရေးသားခဲ့သည်။

ပုံနှိပ်ထုတ်ဝေပြီးစာအုပ်များမှာ - (၁) ဦးပဂိုဂို (တိုးတက်ရေး ဦးစိန်) သူ့ဘဝ၊ သူ့စာ၊ သူ့တရား၊ ထွန်းဖောင်ဒေးရှင်းဘဏ်က ချီးမြှင့်သော (အတ္ထုပ္ပတ္တိဘာသာရပ်၊ စာမူဆု ၂၀၀၈) ရခဲ့သည်။ စာအုပ်အဖြစ် ၂၀၁၀ ခုနှစ်တွင် ထုတ်ဝေသည်။ (၂) ဘုရားဟော ဂါထာတန်ခိုး ကိုယ်တွေ့အကျိုးအမျိုးမျိုး၊ ၁၉၉၅ ခုနှစ်ထုတ်၊ (၃) ဗုဒ္ဓ၊ ဓမ္မ၊ သံဃရသစာစု၊ ၁၉၉၆ ခုနှစ်ထုတ်၊ (၄) ဦးပဂိုဂိုရာပြည့် အထိမ်းအမှတ်စာ မော်ကွန်း၊ ၁၉၉၉ ခုနှစ်ထုတ်၊ (၅) အမေ့တမလွန် ဘဝ၊ ၂၀၀၁ ခုနှစ်ထုတ်၊ (၆) ပုန်းလျှိုးကွယ်လည်း မနေရပါ၊ ၂၀၀၅ ခုနှစ်ထုတ်၊ (၇) မင်းလှမြတ်ထွေး၏ မသေခင်မှာတမ်း၊ ၂၀၀၉ ခုနှစ် ထုတ် (စာရေးသူ၏ အသက် (၇၅)နှစ်ပြည့်အထိမ်းအမှတ်)တို့ ဖြစ်သည်။

ချမ်းအေးဓမ္မစာဆိုရှင်ကြီးများ ပူဇော်ဂုဏ်ပြုရေးအဖွဲ့၏ ချမ်းအေးဓမ္မစာဆိုပူဇော်ပွဲတွင် ဓမ္မစာဆိုရှင်အဖြစ် (၁၁-၉-၂၀၁၁) ရက်နေ့၌ အပူဇော်ခံခဲ့သည်။ မင်းလှမြို့နယ်အသင်း၊ ဇီးကုန်းမြို့နယ် အသင်းတို့၏ နှစ်စဉ်အပူဇော်ခံပုဂ္ဂိုလ်ဖြစ်သည်။

စာပေတာဝန်အနေဖြင့် (၁၉၈၀ - ၁၉၈၄) ခုနှစ်အထိ ဧရာ ဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ စာပေလုပ်သားအဖွဲ့ အလုပ် အမှုဆောင် (ထုတ်လုပ်ရေး) တာဝန်ယူခဲ့သည်။ ဂျာနယ်တစ်စောင် အဖြစ် "ပင်ဇရာဂျာနယ်" ကို တာဝန်ယူထုတ်ဝေခဲ့သည်။ (၂၀၀၂- ၂၀၀၆) ခုနှစ်အထိ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ စာပေနှင့်စာနယ် ဇင်းအဖွဲ့ အလုပ်အမှုဆောင် တာဝန်ထမ်းဆောင်ခဲ့သည်။ ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် အမှုဆောင်တာဝန်ထမ်းစဉ် စာတည်း တာဝန်ယူခဲ့သည်။

၂၀၁၄ ခုနှစ် ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့၏ တတိယ အကြိမ် ဖိတ်ခေါ်စာမူပြိုင်ပွဲတွင် တတိယဆုရရှိသည်။

ယနေ့အထိ နေလပမာ ထင်ရှားသော ဆရာတော်ဘုရားကြီးများ၏ ဂုဏပူဇာစာစောင်များ၊ ဓမ္မရံသီ၊ ဓမ္မရတနာ၊ မြတ်မင်္ဂလာစာစောင်၊ မေတ္တာရှင်ဘာသာရေး မဂ္ဂဇင်း၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ ဓမ္မဒူတဘာသာရေး မဂ္ဂဇင်း၊ ဂမ္ဘီရ မဂ္ဂဇင်း၊ သူရဿတီ မဂ္ဂဇင်း၊ ရောင်ပြန်မဂ္ဂဇင်း၊ နေလဂမ္ဘီရဂျာနယ်၊ တော်ဝင်ပန်းအနုပညာဂျာနယ်တို့တွင် ဗုဒ္ဓဘာသာရေး၊ သာသနာရေးဆောင်းပါးများ ရေးသားလျက်ရှိသည်။

နေရပ်လိပ်စာ- တိုက် (၂၃)၊ အခန်းအမှတ် (၁၂)၊ ရန်ကင်း ရွှေအုန်းပင်အိမ်ရာ၊ အမှတ် (၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



ဦးခင်မောင်ကို (ရဲခေါင်ပလ)

၁၅-၁၀-၁၉၃၅ နေ့တွင် အဖ ဦးအောင်ကြီး၊ အမိ ဒေါ်မြသွေးတို့က မွေးဖွားသည်။ ၁၉၅၃ ခုနှစ်တွင် ပထမနှစ်၊ ဥပစာတန်း (ပြည်ကျောင်းဆောင်တွင်) ရှိစဉ်ကာလ "ဇာတိရွက်ဝါ" အမည်ရှိ စာညွှန့်တစ်ပုဒ် ရေးသားခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ဗဟိုနိုင်ငံရေးတက္ကသိုလ် (လက်ထောက်ကထိကဘဝ တွင်) ရှိစဉ် မြဝတီမဂ္ဂဇင်းတွင် "အတ္တငါးကြီးများလွတ်နေသည်" ဆောင်းပါးကို ရွှေဝါမိုးကလောင်အမည်ဖြင့် ရေးသားဖော်ပြခြင်းခံရသည်။

၁၉၇၀ ခုနှစ်၊ ပြည်လမ်း၊ စာပေဗိမာန်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ဖွင့်လှစ်ခဲ့သော သ◌ ◌င်းစာသင်တန်းအမှတ်စဉ် (၄) သို့ တက်ရောက်သင်ကြား ခဲ့ပြီး (ထူးချွန်ဒုတိယအဆင့်) ဖြင့် အောင်မြင်ပြီးမြောက်ခဲ့သည်။

၁၉၇၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ပါတီစာနယ်ဇင်းဌာနကြီး စတင်ဖွင့်လှစ် သဖြင့် ဌာနကြီးမှူးအဖြစ် ပါတီဗဟိုကော်မတီဝင် ဆရာဦးစောဦး (နိုင်ငံကျော် သတင်းစာဆရာ၊ စာရေးဆရာ

ဂျာနယ်ကျော်ဦးချစ်မောင်၏တပည့်) က တာဝန်ယူထုတ်ဝေခဲ့သည့် ပါတီရေးရာစာစောင်၊ နိုင်ငံတကာရေးရာစာစောင်နှင့် လမ်းစဉ်သတင်းဂျာနယ် (တစ်လနှစ်ကြိမ်ထုတ်) ရှိသည့်အနက်၊ လမ်းစဉ်သတင်းဂျာနယ် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူရန် ပြောင်းရွှေ့ပြီး၊ ၁၉၈၈ ခုနှစ်၊ အရေးအခင်းအပြီးအထိ တာဝန်ယူခဲ့သည်။

၁၉၇၅ ခုနှစ်၊ ဆရာဦးစောဦး အနားယူသွားသောအခါ အယ်ဒီတာချုပ်တာဝန်သည် စီမံခန့်ခွဲမှုတာဝန်အပြင် ဆရာ ဒိုင်ခံဆောင်ရွက်ပြီး လက်တွေ့ သင်ကြားပြသပေးခဲ့သော လစဉ် အချိန်အခါအလိုက် ဆောင်းပါးခေါင်းစဉ် ရွေးချယ်တာဝန်ပေးခြင်း၊ တင်လာသမျှစာမူတိုင်းကို မိမိဂျာနယ်၏ ချမှတ်ထားသော (House Style)၊ ရေးသားတင်ပြပုံ၊ ခေါင်းစဉ်ပေးပုံ၊ အချက်အလက်ပြည့်စုံမှု ရှိ၊ မရှိ၊ ဆောင်းပါးဆိုင်ရာ ဓာတ်ပုံရွေးချယ်မှုကအစ အားလုံး တာဝန်ယူ ဆောင်ရွက်ခဲ့ရသည်။

အယ်ဒီတာချုပ်ဘဝတွင် တာဝန်ယူ ရေးသားခဲ့သော ဆောင်းပါးများမှာ တစ်နှစ်လျှင် ဂျာနယ် (၂၄) စောင်ထွက်ရှိရာ၌ (၁၀) စောင်ခန့်၊ ဆောင်းပါး (၁၀) ပုဒ်ခန့်ရေးသားခဲ့သည်ဟု မှန်းဆမိပါသည်။ အယ်ဒီတာချုပ်တာဝန်ယူခဲ့ သည့် (၁၆) နှစ်တာကာလအတွင်း တစ်နှစ် (၁၀) ပုဒ်နှုန်းဖြင့် တွက်ချက်ပါက ဆောင်းပါးပုဒ်ရေ (၁၆၀) ခန့်ဟု ခန့်မှန်းမိပါသည်။

အယ်ဒီတာချုပ်တာဝန် ထမ်းဆောင်ဆဲကာလ၌ မိမိ၏ ဆန္ဒဖြင့် နေ့စဉ်ထုတ် သတင်းစာများဖြစ်ကြသော "လုပ်သားပြည်သူ့နေ့စဉ်"၊ "မြန်မာ့အလင်း" တို့တွင်လည်း ကြိုကြားကြိုကြား

ရေးသားခဲ့ဖူးရာ (ရဲခေါင်ဗလ) ကလောင်အမည်ဖြင့် ဆောင်းပါး ပုဒ်ရေ (၂၀) ကျော်ခန့်ရှိခဲ့သည်။

စာပေလုပ်သားအဖွဲ့အစည်းမှ စာပေစာနယ်ဇင်းအဖွဲ့၊ စာရေးဆရာအသင်းစသည့် ခေတ်အဆက်ဆက် မြို့နယ်အဖွဲ့ အစည်းတိုင်းတွင် အလုပ်အမှုဆောင်အဖြစ်ဖြင့်သော်လည်းကောင်း၊ သာမန် အဖွဲ့ဝင် အဖြစ်ဖြင့်သော်လည်းကောင်း စာပေတာဝန်ကို ထမ်းဆောင်ဆဲ ဖြစ်ပါသည်။

အဖွဲ့ဝင်အမှတ် ဝ၉၂၁ ဖြစ်သည်။

နေရပ်လိပ်စာ - တိုက် ၂၂၄၊ အခန်း ၁၄၊ (၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ်။



**ဆရာကြီး ဦးအောင်ကျော်**
**(မောင်ကြာညို)**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ သရက်ကောင်းပင်ရွာ၌ (၁၈-၂-၁၉၃၄) ရက်နေ့တွင် အဖ ဦးဘိုးကြည်၊ အမိ ဒေါ်ဖွားမြတို့က မွေးဖွားခဲ့သည်။

ငယ်စဉ်က ကျေးရွာမူလတန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ကျေးရွာ ဘုန်းကြီးကျောင်းတွင် ဝါတွင်း၊ ဝါပ စုစုပေါင်း ခြောက်လကို ကိုရင်ဝတ်ခဲ့ပြီး အခြေခံဘာသာရေးစာပေများကို သင်ကြားလေ့လာခဲ့သည်။

အသက် ၁၃ နှစ်အရွယ်တွင် ရန်ကုန်မြို့နေ ဦးလေးဖြစ်သူ ဟံသာဝတီ (ထွန်း-နေ့စဉ်သတင်းစာ အယ်ဒီတာဦးထွန်းဖေ)၏ အိမ်၌နေ၍ ပညာဆက်လက်သင်ကြားခဲ့သည်။ ပြန်ကြားရေးဝန်ကြီး ဖြစ်လာသော ဦးလေး၏အိမ်တွင် မြန်မာစာအုပ်များသာမက အင်္ဂလိပ်စာဖတ်သည့် အကျင့်ပါရလာသည်။

ထို့နောက် ရန်ကုန်၊ ဦးဝိစာရလမ်းရှိ Mrs. G.G. Nelson's Private English School တွင် အခြေခံတန်းမှစ၍ ကျောင်းတက်ခဲ့သည်။ အတန်းထဲ၌ အစမ်းစာမေးပွဲနှင့် စာမေးပွဲကြီးတွင် ပထမရ

သဖြင့် တစ်နှစ်လျှင်နှစ်တန်း၊ သုံးတန်းတက်ခဲ့ရသည်။ သို့အတွက် တတိယနှစ်တွင် တက္ကသိုလ်ဝင်တန်းသို့ တက်ရောက်ခဲ့သည်၊ သို့သော် တတိယနှစ်တွင် တက္ကသိုလ် ဝင်တန်းမဖြေဖြစ်ခဲ့ချေ။ နောက်တစ်နှစ်တွင် တီတီစီကျောင်းသို့ ပြောင်းရွှေ့ပညာ သင်ကြားခဲ့ပြီး တက္ကသိုလ်ဝင် စာမေးပွဲကို ၁၉၅၁ ခုနှစ်တွင် အောင်မြင်ခဲ့သည်။

တီတီစီတွင်တက်ရောက်နေခိုက် အမှတ် (၆၈)၊ ဦးဝိစာရလမ်းတွင် တည်ရှိသော ခရစ်ယာန်သာသနာပြုဂိုဏ်း တစ်ဂိုဏ်းမှ ပို့ချသည့် The Voice of Prophecy (ဗျာဒိတ်တော်အသံ) ခေါ် စာပေးစာယူသင်တန်းကို တက်ရောက်ဖြစ်ရာ ခရစ်ယာန်ဘာသာရေးစာပေများနှင့် ရင်းနှီးခဲ့သည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီးနောက် ၁၉၅၁ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ မန္တလေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခဲ့သည်။ ပထမနှစ်တွင်သာသနာပြုကျောင်းသူ၊ ကျောင်းသားဟောင်းများအသင်းက ကျင်းပသော အင်္ဂလိပ်စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု ဆွတ်ခူးရရှိခဲ့သည်။ စာစီစာကုံးခေါင်းစဉ်မှာ Stray Thoughts (တွေ့ရာစိတ်ကူး) ဖြစ်သည်။ ဒုတိယနှစ်တက်နေစဉ် တက္ကသိုလ်ဝင်တန်းညကျောင်းတစ်ကျောင်း၌ အင်္ဂလိပ်စာပြဆရာဖြစ်လာသည်။ စေတနာရှင်ကြီးတစ်ဦးဖြစ်သည့် ဦးကျော်လှဦးစီးဖွင့်လှစ်သော အခမဲ့ English Speaking Club တွင် ပါဝင်လှုပ်ရှားခဲ့သည်။ ထိုခေတ်က Intermediate of Arts ခေါ် ဒုတိယနှစ်စာမေးပွဲတွင် တစ်ကျောင်းလုံး၌ အင်္ဂလိပ်စာ၊ မြန်မာစာနှင့် Logic (ယုတ္တိဗေဒ) ဘာသာများတွင် အမှတ်အများဆုံးရရှိ၍ တက္ကသိုလ်မြန်မာစာအသင်းက ရွှေတံဆိပ်ဆုချီးမြှင့်ခြင်းကို ခံယူရရှိသည်။ တက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်းနှင့် နံရံကပ်စာစောင်များတွင် ပါဝင်ရေးသားခဲ့သည်။

ဒုတိယနှစ်စာမေးပွဲအောင်မြင်ပြီးနောက် အင်္ဂလိပ်စာဂုဏ်ထူးတန်းတက်ရန် ရန်ကုန်သို့ဆင်းလာခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ရိုးရိုးဘီအေဘွဲ့နှင့် ၁၉၅၆ ခုနှစ်တွင် အင်္ဂလိပ်စာဂုဏ်ထူးဘွဲ့ရရှိခဲ့သည်။ ထို့အပြင် နှစ်အတော်ကြာတွင် B.L ဘွဲ့ကို ထပ်မံရရှိခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ကျောင်းနေဖက်မိတ်ဆွေ ဦးဟုတ်လှိုင်နှင့်တွဲဖက် ဘဝသစ်အထက်တန်းကျောင်းကို (တက္ကသိုလ်တက်နေရင်း) တည်ထောင်သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ကျောင်းကို ပြည်သူပိုင်အသိမ်းခံရသောအခါ အင်္ဂလိပ်စာ ကျူရှင်ဆရာဖြစ်လာခဲ့သည်။

၁၉၈၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဗီအိုအေအသံလွှင့်ဌာနသို့သွားရောက်အမှုထမ်းခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် မိမိဆန္ဒအလျောက် ဗီအိုအေမှ နုတ်ထွက်ခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လာခဲ့သည်။

စာပေရေးသားခြင်းကို ၁၉၅၀ ပြည့်လွန်နှစ်များမှစခဲ့သည်။ မိုးဝေ၊ ချယ်ရီ၊ စန္ဒာ၊ သင့်ဘဝ၊ စာမော်ကွန်း၊ နွယ်နီ၊ စံပယ်ဖြူ၊ လှပ၊ အပျိုစင်၊ သောင်းပြောင်းထွေလာ၊ ရတနာပန်းခင်း၊ The Best English, Englisg for All, The Light of English, The International, Lifestyle, Today စာစောင်များတွင် နိုင်ငံတကာရေးရာ၊ အတွေးအမြင်၊ ခရီးသွားအတွေ့အကြုံ၊ မြန်မာမှုနှင့် အင်္ဂလိပ်စာပညာပေးဆောင်းပါးများရေးသားခဲ့သည်။

မောင်ကြာညို (ဘဝသစ်ဦးအောင်ကျော်) ကလောင်အမည်ဖြင့် အင်္ဂလိပ်ဘာသာ အထူးပြုလုံးချင်းများ အပါအဝင် လုံးချင်း (၂၄) အုပ် ရေးသားခဲ့သည်။

**နေရပ်လိပ်စာ -** အမှတ် (၂၅/၅)၊ သီရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေး စေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



မာလေး (တက္ကသိုလ်ဝင့်မာ)

၂၄-၂-၁၉၃၅ ခုနှစ်တွင် အဖ ဦးစန်း၊ အမိ ဒေါ်စောတို့က မွေးဖွားခဲ့သည်။ ပြည်လမ်း၊ တီတီစီကျောင်းသူဘဝက စီးပွားရေး သတင်းစာ၊ တီတီစီဝေဦးအမည်ဖြင့် ကလေးပုံပြင်များရေးသား ခဲ့သည်။

၁၉၅၄ မှစတင်၍ တက္ကသိုလ်ဝင့်မာအမည်ဖြင့် ရေးသား ခဲ့သည်။ ၁၉၅၅ ခုနှစ်၊ ဒဂုန်ခင်ခင်လေးဦးစီးသော ယုဝတီ ဂျာနယ်က ပင်းယမြေ၊ နုသဇင် (သင်းရိပ်သာ) တို့နှင့်အတူ "ယုဝတီကလောင်ရှင်" ဘွဲ့ရခဲ့သည်။

၁၉၅၇ခုနှစ်တွင် တိုင်းရင်းမေဂျာနယ်တွင် "ပိနန်စင်ကာပူ သွားခဲ့ကြအတူတူ" ဆောင်းပါး၊ ကဗျာများရေးသားခဲ့သည်။ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၊ ခရိုင်မြို့နယ်မဂ္ဂဇင်းများ၌ ဆောင်းပါး၊ ကဗျာများ ရေးသားခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် တက္ကသိုလ် နှစ်လည် မဂ္ဂဇင်းလက်ထောက် စာတည်းမှူးအဖြစ် တာဝန်ထမ်းဆောင် ခဲ့သည်။

၁၉၇၇ တွင် စာပေဗိမာန် ပြည်သူ့စာစဉ်၊ မာလေး အမည် ရင်းဖြင့် မြန်မာ့ဆွေမျိုး၏ဝေါဟာရများစာအုပ် ထုတ်ဝေခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ဝေခဲ့သော "သားကောင်း တမန်" မဂ္ဂဇင်း ၂၀၀၃၊ ၂၀၀၄ မော်စကိုဆိုင်ရာဆောင်းပါး "မ မိ မေ မ" သုတေသန ဆောင်းပါး ရေးသားခဲ့သည်။

အခါအားလျော်စွာ ကဗျာမြို့တော်မဂ္ဂဇင်း၊ ဒီမိုကရေစီ ဂျာနယ်၊ ကလျာ မဂ္ဂဇင်း၊ ရှုမဝရုပ်စုံမဂ္ဂဇင်းများ၌ ကြိုကြားကြိုကြား ရေးသားခဲ့သည်။

ရုပ်ရှင်တေးကဗျာ ဩဂုတ်လ၊ ၂၀၁၂၊ အတွဲ -၂၈၊ အမှတ် - ၈၊ ပါမောက္ခ ဦးဖေမောင် (၂၇-၁-၁၉၀၅-၁-၂-၁၉၈၅) ဆောင်းပါး ရေးသားခဲ့သည်။ အဖွဲ့ဝင်အမှတ် ၂၄၀၅ ဖြစ်ပါသည်။

နေရပ်လိပ်စာ - အခန်း ၁၀၊ တိုက် ၂၉၁၊ အရှေ့ရန်ကင်း၊ ရန်ကုန်။



ဆရာကြီး ဦးဖေသိန်း (ဖေသိန်း-BSc Engg Elect)

အဖ ဦးအေးမောင်၊ အမိ ဒေါ်ထွေးစိန်တို့က မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၌ မွေးဖွားခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် ပျော်ဘွယ်မြို့ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့၍ ၁၉၅၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘီ၊ အို၊ စီအင်ဂျင်နီယားရင်းကောလိပ်မှ ဘီ၊ အက်(စ)စီ အင်ဂျင်နီယာလျှပ်စစ်ဘွဲ့ကို ရရှိခဲ့သည်။

၁၉၅၆ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်များအတွင်း ပြည်ထောင်စုလျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၌ လက်ထောက်တိုင်း လျှပ်စစ်အင်ဂျင်နီယာအဖြစ် (၃) နှစ်၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာအဖြစ် (၃) နှစ်ခန့်၊ စက်မှု၊ စိုက်ပျိုး၊ သက်မွေးပညာဦးစီးဌာန စက်မှုလက်မှုကျောင်းအုပ်ကြီးအဖြစ် (၁၃) ခန့်နှင့် စက်ပစ္စည်းကြီးကြပ်ရေးအဖွဲ့၌ ဒုတိယအမှုဆောင်အရာရှိချုပ်အဖြစ် (၃) နှစ်၊ စုစုပေါင်း (၂၂) နှစ်ခန့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် လောပိတရေအားလျှပ်စစ်စီမံကိန်းအတွက် ဂျပန်နိုင်ငံသို့ ပညာတော်သင် (၉) လခန့်မျှ သွားရောက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ အင်္ဂလန်နိုင်ငံရှိကြီး

ကြပ်မှုလျှပ်စစ်အင်ဂျင်နီယာအသင်းကြီး (A.S.E.E) ၏ တင်းပြည့် အဖွဲ့ဝင် ဖြစ်ခဲ့သည်။

၁၉၇၄ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ အင်းစိန်မြို့နယ်၊ မြန်မာစာအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး မြန်မာ့အသံလုပ်သား ပညာပေးကဏ္ဍမှလည်း အတတ်ပညာပိုင်းဆိုင်ရာ ဟောပြောမှု ပေါင်း အကြိမ် (၄၀) ခန့်မျှ ပြုလုပ်ခဲ့ဖူးသည်။

၁၉၅၆ ခုနှစ်မှ ယနေ့အထိ လျှပ်စစ်၊ အီလက်ထရွန်းနစ်နှင့် မော်တော်ယာဉ်ပညာပေးကျမ်းပေါင်း (၁၇) အုပ်မျှ ရေးသားထုတ် ဝေခဲ့ပြီးဖြစ်သည်။ ၁၉၉၂ ခုနှစ်က ထုတ်ဝေခဲ့သော "လျှပ်စစ်ပညာ သဘောတရားနှင့်လက်တွေ့" ကျမ်းကြီးအတွက် အမျိုးသားစာပေ ဆုကြီး ချီးမြှင့်ခြင်းခံခဲ့ရသည်။ နေ့စဉ်သတင်းစာကြီးများနှင့်ထင်ရှား သော လစဉ်ထုတ်မဂ္ဂဇင်း၊ ဂျာနယ်တို့တွင် ပညာပေးဆောင်းပါးများ ရေးသားခဲ့ဖူးသည့်အပြင် ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း စီးပွား၊ သိပ္ပံ၊ နည်းပညာအမည်ဖြင့် မဂ္ဂဇင်း (၈) အုပ်မျှကို ဦးစီး၊ စီစဉ်ပါဝင် ရေးသား၊ တည်းဖြတ်၊ ကြီးကြပ်ထုတ်ဝေခဲ့ဖူးသည်။

၁၉၉၅ ခုနှစ်မှ ၂၀၀၅ ခုနှစ်များအတွင်း၌ မြန်မာနိုင်ငံ စက်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဌာနဆိုင်ရာအဆင့်၊ ဝန်ကြီးဌာန အဆင့် စာတမ်းများရေးသားဖတ်ကြားခြင်း၊ နိုင်ငံအတွင်းရှိ စက်မှု ဇုန်များသို့ သွားရောက်ဟောပြောခြင်း၊ နိုင်ငံတော်အဆင့်၊ ဝန်ကြီး ဌာနအဆင့်၊ ခရိုင်အဆင့်၊ စက်မှုလက်မှုပြပွဲကြီးငယ်တို့တွင် ပါဝင် ပြသခြင်း၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြု ချက်ဖြင့် ဖွဲ့စည်းခဲ့သော လျှပ်စစ်ဝါယာကြိုးများ စံချိန်စံညွှန်းရေးဆွဲ ရေးအဖွဲ့နှင့် ထရန်(စ)ဖော်မာ စံချိန်စံညွှန်းရေးဆွဲရေးအဖွဲ့တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ရေးဆွဲခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် မိမိဆန္ဒအလျောက် နိုင်ငံဝန်ထမ်း

အဖြစ်မှ နုတ်ထွက်ခဲ့ပြီး UPT အမှတ်တံဆိပ်ဖြင့် ကိုယ်ပိုင်လျှပ်စစ် လုပ်ငန်း ထူထောင်လုပ်ကိုင်ခဲ့ရာ ပြည်တွင်းဈေးကွက်၌ အောင်မြင်မှုရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်၌ အီလက်ထရွန်းနစ်ပစ္စည်းများကိုပါ တိုးချဲ့ထုတ်လုပ်ခဲ့သည်။ ၁၉၉၆ ခုနှစ်၊ မေလတွင် မိသားစုများသာ ပါဝင်သော ကုန်ထုတ်သမဝါယမအသင်းလီမိတက်အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ယခုအခါ ပြည်ပသွင်းကုန်အစားထိုး လျှပ်စစ်နှင့် အီလက်ထရွန်းနစ်ပစ္စည်း (၁၀) မျိုးနှင့် အမျိုးကွဲ (၁၀၀) ကျော်တို့ကို "ပြည်တွင်းမှာ တစ်ကျပ်ဖိုးထုတ်လုပ်တိုင်း ပြည်ပသွင်းကုန် တစ်ကျပ်ဖိုးသက်သာပါတယ်" ဟူသော ဆောင်ပုဒ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးလျက် ရှိနေသည်။

၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက ဂျပန်၊ ကိုးရီးယား၊ အမေရိကန်၊ ပြင်သစ်၊ မလေးရှား၊ ကနေဒါအပါအဝင် များစွာသော နိုင်ငံခြားကုမ္ပဏီလီမိတက်များနှင့် သံရုံးဝန်ထမ်းများ၊ ကုလသမဂ္ဂအဖွဲ့ခွဲများ၏ ဝယ်ယူအားပေးမှု ရရှိခဲ့သည်။

၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလမှစ၍ မြို့ပြ၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံကြီးများတွင် အသုံးပြုရသော ၆၆၀၀ ဗို့၊ ၁၁၀၀၀ ဗို့နှင့် ၃၃၀၀၀ ဗို့ ထရန်(စ)ဖော်မာကြီးများ အရွယ်အစားအမျိုးမျိုးတို့ကို JIS, BS, IECစသော နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကိုယ်တိုင်ဒီဇိုင်းရေး ဆွဲတွက်ချက်၍ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိနေပါသည်။

မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏ မန္တလေးနှင့် ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ဆောက်ရေးလုပ်ငန်းတို့၌ စတင်ခဲ့ချိန်မှစ၍ ၁၉၈၈ ခုနှစ်အထိ (၄) နှစ်ခန့်မျှနှင့် စစ်ကိုင်းတောင်ရိုးမြောက်ပိုင်းခြမ်းမင်းကွန်းအရပ် သာသနာ့နယ်မြေတစ်ခုလုံး ရေ-မီးစီမံကိန်းလုပ်ငန်းများ၌ ၁၉၈၃

ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ (၅) နှစ်ခန့်မျှ ကုသိုလ်ဖြစ်ပါဝင် လုပ်ကိုင်ပေးခဲ့သည်။

အလားတူပင် စစ်ကိုင်းတောင်ရိုး အသောကသီတဂူ သပိတ်အိုင်ဆရာတော်ဘုရားကြီး၏ ရေစီမံကိန်းနှင့်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးစီမံကိန်းလုပ်ငန်းတို့တွင်လည်း အတိုင်းအတာ တစ်ခုအထိ ကုသိုလ်ဖြစ်ပါဝင် ကူညီခဲ့ဖူးသည်။

ရန်ကင်းမြို့နယ်၊ နိကယ်သာသနာထွန်းကားရေးအသင်းကြီးတွင် ဒုတိယဥက္ကဋ္ဌအဖြစ် (၄) နှစ်ခန့်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တိရစ္ဆာန်များ ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်ရေးအသင်းကြီးတွင် ဒုတိယဥက္ကဋ္ဌအဖြစ် (၆) နှစ်ခန့် လုပ်ကိုင်ခဲ့ဖူးသည်။ လုံးချင်းစာအုပ်ပေါင်း (၂၃) အုပ် ထုတ်ဝေခဲ့ပြီး၊ သုံးအုပ်ကို ဆက်လက်ထုတ်ဝေရန် စီစဉ်နေဆဲဖြစ်သည်။

**နေရပ်လိပ်စာ -**



## ဆရာကြီး ဦးမြင့်အောင်
## (ရှေးဟောင်းသုတေသီ)

အဖ ဦးပေါက်တူး၊ အမိ ဒေါ်ကျင်ရှိန်တို့မှ ၁၂၉၅ ခုနှစ်၊ တော်သလင်းလဆန်း (၁၃) ရက် (၁-၉-၁၉၃၃) ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ သရက်တောကျောင်းတိုက်၊ ဦးပရမ အမျိုးသားအထက်တန်းကျောင်း၊ မက်သဒစ်အလယ်တန်းကျောင်း၊ လမ်းမတော်ကျောင်းတို့တွင် ပညာဆည်းပူးခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သည်။ ၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်။

၁၉၅၇ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန၌ သုတေသနဝန်ထောက်အဖြစ် စတင်အမှုထမ်းသည်။ ၁၉၅၈-၅၉ ခုနှစ်နှင့် ၁၉၆၈-၇၀ ခုနှစ်တို့တွင် အိန္ဒိယ ရှေးဟောင်းသုတေသနဌာန၊ အလ္လာဟာဘတ်တက္ကသိုလ်၊ ပူးနားမြို့ ဒက္ခိဏကောလိပ်ဘွဲ့လွန်သုတေသနဗိမာန် (Deccan

College Post-Graduate and Research Institute, Poona) တွင် မဟာဝိဇ္ဇာအဆင့် ရှေးဟောင်းသုတေသနပညာနှင့် ကျောက်ခေတ် သုတေသနပညာ (Prehistory) တို့ကို ဆည်းပူးခဲ့သည်။ ၁၉၇၄ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုသို့ ရှေးဟောင်းသုတေသန လေ့လာရေးသွားရောက်ခဲ့သည်။

ရှေးဟောင်းသုတေသနဌာနတွင် အမှုထမ်းစဉ် ရှေးဟောင်းမြို့တော်များဖြစ်သည့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ လက်ပံခြေပေါ်၊ အရက်သည်မဝင်းကနှင့် ဝေသာလီမြို့ ဟောင်းများကို တူးဖော်လေ့လာခဲ့ပြီး ထိုရလဒ်များကို မြန်မာနိုင်ငံ သုတေသနဆွေးနွေးပွဲများနှင့် မြန်မာနိုင်ငံ သုတေသနအသင်းတို့ တွင် ၁၉၆၈၊ ၁၉၇၂၊ ၁၉၇၆ နှင့် ၁၉၈၀ ခုနှစ်များတွင် စာတမ်း ဖတ်ကြားခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် သုတေသနမှူးရာထူးမှ အငြိမ်းစားယူခဲ့သည်။

၁၉၉၄-၉၅ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်တို့တွင် ရန်ကုန် တက္ကသိုလ်ရှေးဟောင်းသုတေသနပညာဌာန၌ အချိန်ပိုင်းကထိက အဖြစ် သင်ကြားပို့ချခဲ့သည်။

၁၉၇၈ ခုနှစ်တွင် "မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု သုတေသန" စာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဂျပန်နိုင်ငံ ကာဂို ရှီးမားတက္ကသိုလ်က ထုတ်ဝေသော Shiroku စာစောင်၊ အိန္ဒိယ နိုင်ငံ အလ္လဟာဘတ်တက္ကသိုလ်မဂ္ဂဇင်း၊ မြန်မာနိုင်ငံ သုတေသန အသင်းဂျာနယ်၊ လူထုဂျာနယ်၊ တက္ကသိုလ်ပညာပဒေသာ စာစောင်၊ ငွေတာရီ၊ ပေဖူးလွှာ၊ ဇေယျာ၊ စာပေလုပ်သား၊

စစ်ပြန်နှင့် အခြားမဂ္ဂဇင်းဆိုင်ရာဆောင်းပါး ၁၆၀ ကျော် ရေးသားခဲ့သည်။

ဦးမြင့်အောင်၏ စာစောင်၊ မဂ္ဂဇင်းများတွင် ရေးသားခဲ့သော သုတေသနဆောင်းပါးများကို စုပေါင်း၍ Revealing Myanmar's Past: An Anthalogy of Archaelogical Articles စာမူစာအုပ်ကို ၂၀၁၀ ခုနှစ်တွင် Tun Foundation စာပေအဖွဲ့က စာမူဆုပေးခဲ့သည်။ ထွန်းဖောင်ဒေးရှင်းက ထုတ်ဝေသော ထိုစာအုပ်ကိုပင် နိုင်ငံတော်ကချီးမြှင့်သော ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေဆု အင်္ဂလိပ်ဘာသာ (သုတ) ရရှိခဲ့သည်။ ထို့အတူ ထိုစာအုပ်ကို Australia ပညာရှင်များ အကူအညီဖြင့် St.Clements Technological University of British West Indies က M.A (Archaeology) ဘွဲ့ကို ၂၀၁၃ ခုနှစ်တွင် ပေးအပ်ခဲ့သည်။

ယခုအခါ ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနတွင် အချိန်ပိုင်းကထိကအဖြစ် သင်ကြားပို့ချရင်း သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် အမှတ် (၂၁၇)၊ အခန်း (၉)၊ ရန်ကင်း ၁၂ လုံးတန်း၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိပါသည်။



**ဆရာကြီး ဦးဟန်ညွန့် (ရှင်စိုးမိုး)**

အဖ ဦးဘသောင်းနှင့် အမိဒေါ်-----တို့က (၁၈-၃-၁၉၃၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ဥပဒေ (ပထမနှစ်) အထိ ပညာသင်ကြားခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဌာနချုပ်နှင့် နိုင်ငံတကာရေးရာ အယ်ဒီတာချုပ်၊ လမ်းစဉ်သတင်းစာစောင်တွင် အယ်ဒီတာအဖွဲ့ဝင်၊ ပါတီတွင် စာအုပ်စာစောင်များ၏ ထုတ်လုပ်ရေးမှူး တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၈ တွင် နိုင်ငံတော်မှ ဖွင့်လှစ်ခဲ့သော သတင်းစာဆရာသင်တန်းအမှတ်စဉ် (၁)ကို တက်ရောက်အောင်မြင်ခဲ့ပြီး Position ဒုတိယဆုရကာ ရွှေဖောင်တိန်ဆုချီးမြှင့်ခံရပါသည်။ ရေးသားထုတ်ဝေခဲ့သောစာအုပ်များမှာ မောင်ကြွက်နှင့် မနီ ခေတ်ပြောင်းတော်လှန်ရေး ဝတ္ထုတိုစာအုပ်ကို ၁၉၇၁ ခုနှစ်တွင် . . . . ရုံးမှ ထုတ်ဝေပေးခဲ့ပါသည်။

စည်းရုံးရေးနှင့် တန်ပြန်စည်းရုံးရေးစာအုပ်ကို လမ်းစဉ်ပါတီ၊ ပါတီဌာနတွင်း ဌာနကြီးမှ ထုတ်ဝေပေးခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်က. . . . တွင် ၂၀၀၆ ခုမှယနေ့ တိုင်ရေးသားနေကာ 'မဇ္ဈိမဒေသသို့ ပထမအကြိမ်ဆောင်းပါး ပေါင်းချုပ်၊ ဂရိသွားဆောင်းပါးကို စာအုပ်ထုတ်ဝေရန်

စိုင်းပြင်းနေပါသည်။

ပြည်သူပိုင်သတင်းစာကြီးတွင် ဆောင်းပါးပုဒ်ရေ ၁၀၀ ကျော် ရေးသားခဲ့သည်။ ရေဒီယိုအသံလွှင့်ဇာတ် (၂၅) ပုဒ်ကို မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့ခြင်း၊ ရုပ်မြင်သံကြားဇာတ်လမ်းများအဖြစ် မတူညီသော တူညီခြင်း၊ စံပယ်ဖြူဖြူမွေး၊ ကနင်ကဖော့ချစ်သူ၊ တိမ်စင်လနှယ် များကို တီဗွီမှ ထုတ် လွှင့်ခဲ့ခြင်း၊ ထေရဝါဒဓမ္မစာစောင်တွင် မဇ္ဈိမဒေသသို့ ပထမ အကြိမ် ခေါင်းစဉ်ပါ ခရီးသွားဆောင်းပါးရှည် (၆၄) ပုဒ်ကို ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ၊ ၄ မှသည် ယနေ့တိုင်ရေးသားလျက်ရှိသည်။

လမ်းစဉ်ပါတီမှကျင်းပသော ပါတီညီလာခံများ၏ ဆက်သွယ်ရေးနှင့်သတင်းထုတ်ပြန်ရေး . . . ရေးမှူးကို တာဝန်ယူ၍ ပြန်ကြား/လှုံ့ဆော်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်မှ ကျင်းပသော ပြည်သူ့လွှတ်တော်အထွေထွေရွေးကောက်ပွဲများ၏ ပြန်ကြားရေးလုပ်ငန်းများ၏ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ရန်ကင်းမြို့နယ်စာရေးဆရာအသင်းနာယကအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ အသင်းဝင်အမှတ် ၂၆၆၆ ဖြစ်သည်။

**နေရပ်လိပ်စာ** - ရန်ကင်းတိုက်အမှတ် (၂၂၇)၊ အခန်း (၈)။



## ဆရာကြီး ဦးမြင့်ဆွေ (မြတ်လင်းဆွေ)

အဖ ဦးညို (ကွယ်လွန်)၊ (ရေနံမြေစီမံကိန်းမန်နေဂျာ)၊ အမိ ဒေါ်မြ (ကွယ်လွန်) မှဖွားတို့က ၂၈-၇-၁၉၃၂ ရက်နေ့တွင် ရေနံချောင်း မြို့၊ မကွေးတိုင်းဒေသကြီး၌ မွေးဖွားခဲ့သည်။

မွေးချင်း (၆) ယောက်အနက် ဒုတိယမြောက်သားဖြစ် သည်။ ၁၉၅၂-၅၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင် ပြီး ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့ရာ ဥပစာ ဝိဇ္ဇာတန်း (၁၉၅၄-၅၅) ထို့နောက်ရဲအတတ်သင် သိပ္ပံ (မန္တလေး)သို့ ၁၉၅၈ ခုနှစ်တွင် တက်ရောက်ပြီး၊ ဥပဒေဘာသာရပ်များသင်ယူခဲ့ ပါသည်။ ၁၉၇၄ ခုနှစ်တွင် နိုင်ငံရေးသိပ္ပံဘာသာရပ်သင်တန်းကို သင်ယူခဲ့ပါသည်။ ၁၉၇၉ ခုနှစ်တွင် ပြည်ပထိုင်းနိုင်ငံ/ဟောင်ကောင် သို့ စုံစမ်းရေးတာဝန်နှင့် လေ့လာရေးတာဝန်ဖြင့် စေလွှတ်ခြင်းခံရ ပါသည်။ နိုင်ငံ့ဝန်ထမ်းအဖြစ် ၁၉၅၅ ခုနှစ်တွင် အငယ်တန်းအရာရှိ (စုံစမ်းရေးမှူး)အဆင့်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ် ဆေးရေးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံ့တာဝန်ကို အနှစ် (၄၀) မျှ၊ ရာထူးအဆင့်ဆင့် ပြည်နယ်တိုင်းဌာန၊ ဒေသများသို့ ပြောင်း ရွှေ့တာဝန်ထမ်းဆောင်ရပြီးနောက် ၁၉၉၂ ခုနှစ်တွင် တိုင်းညွှန် ကြားရေးမှူး အဆင့်ဖြင့် သက်ပြည့်အငြိမ်းစားရယူခဲ့သည်။

အငြိမ်းစားရယူချိန်တွင် မိမိလေ့လာဆည်းပူးထားရှိသော အမှုထုံးစစ်ဆေးရေးပညာရပ်၊ ဥပဒေဘာသာရပ်များကို မျိုးဆက်သစ်လူငယ်များ လေ့လာဆည်းပူးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဥပဒေဆိုင်ရာဆောင်းပါးတွဲလျက် လက်စွဲစာအုပ် (၃) အုပ် ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

ယခုအချိန်တွင် မှုခင်းသတင်းဂျာနယ် (Crime News Journal ) ဗုဒ္ဓဟူးနေ့ထုတ် ဂျာနယ်၌ ဥပဒေဆိုင်ရာဆွေးနွေးမှု ဗဟုသုတဆောင်းပါးများကို (ကလောင်အမည်-မြတ်လင်းဆွေ) စဉ်ဆက်မပြတ်ရေးသားလျက်ရှိပါသည်။

(ချမ်းသာစာပေတိုက်မှ ထုတ်ဝေဖြန့်ချီသည့် ပြစ်မှု၊ ကျင့်ထုံး၊ သက်သေခံဥပဒေဆောင်းပါးအထွေထွေ၊ လက်တွေ့အသုံးချမှတ်စု ဆောင်းပါးများ စာအုပ်၊ ထုတ်ဝေခဲ့ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းဝင် (၉၆၁၇)

နေရပ်လိပ်စာ - တိုက် (၂၉၃/အခန်း (၇)၊ အရှေ့ရန်ကင်း (၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်။



**ဆရာမကြီး ဒေါ်နီနီ (နီနီ-ဗ. လ. စ)**

အဖ ဦးအောင်လှ၊ အမိ ဒေါ်လှသင်တို့က ၁၂-၁၀-၁၉၃၃ ခုနှစ်တွင် ရွှေဘိုမြို့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဒေါ်နီနီဖြစ်သည်။

လမ်းစဉ်ပါတီဌာနချုပ်တွင် တာဝန်ထမ်းဆောင်ရင်း လမ်းစဉ်ပါတီသတင်းနှင့် ဝါဒဖြန့်ချိရေးသတင်းများရေးသားခဲ့ပြီး သတင်းဆောင်းပါး အပုဒ်ပေါင်းများစွာကို ဗိုလ်တထောင်၊ လုပ်သားပြည်သူ့နေ့စဉ်နှင့် ကြေးမုံသတင်းစာများတွင် ရေးသားခဲ့သည်။ အသုံးလုံးကြေ လုပ်အားပေးဇာတ်လမ်းများကို မြန်မာ့အသံမှ အသံလွှင့်ရာ၌ အသံလွှင့်သူ အဖြစ် တင်ဆက်ခဲ့သည်။ ဗဟိုနိုင်ငံရေးတက္ကသိုလ်သို့ တက်ရောက်စဉ် ကျပန်းစကားပြောပွဲများ၌ ပါဝင်ဟောပြောခဲ့သည်။ ထို့ပြင် ကန်တော်လေးရပ်ကွက် စကားရည်လုပွဲ၌လည်းကောင်း၊ T.J.C ကောလိပ် ဟောပြောပွဲတွင်လည်းကောင်း၊ ပါဝင်ပြောကြားခဲ့သည်။ လယ်သမားဗဟိုဦးစီးဌာနချုပ်၊ ဌာနခွဲမှူးအနေဖြင့် "အလုပ်သမား လယ်သမားမဟာမိတ် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သလို ဆောင်းပါးများရေးသားခဲ့သည်။


၁၉၅၀ ပြည့်နှစ်များတွင် တိုင်းရင်းမေဂျာနယ်တွင် ဗန်ဒိုဗန်ရှည်ဆောင်းပါးများကို ဗ. လ. စ နီနီအမည်ဖြင့် အခန်းဆက်

အပတ်စဉ် ရေးသားခဲ့သည်။

လုံးချင်းစာအုပ်အဖြစ် ၁၉၅၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့စွဲဖြင့် "တိုင်းရင်းမေ ဗန်ဒို" စာအုပ်ကို ပြုစုရေးသားခဲ့ပြီး စာအုပ်ကို ဦးချစ်သန်း (ဗ. လ. စ) က တည်းဖြတ်၍ ထုတ်ဝေခဲ့သည်။ ဗန်ဒို နည်းပေါင်း ၁၀၀ ကို သရုပ်ပြပုံ ၁၆၆ ပုံဖြင့် ပြုစုရေးသားသူ မနီနီ ဟု ဖော်ပြထုတ်ဝေခဲ့သည်။

ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံး ဌာနချုပ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်တွင် တာဝန်ထမ်းဆောင်ရင်း နီနီ၊ နီနီရွှေဦး၊ နီနီအောင်၊ နီနီ (ဗ. လ. စ) စသောကလောင်အမည်များဖြင့် စာပေသတင်းဆောင်းပါးများကို ရေးသားခဲ့သည်။ "တိုင်းရင်းမေဗန်ဒို" စာအုပ်မှာ တိုင်းရင်းမေတွင် ရေးသားခဲ့သော ဆောင်းပါးများကို စုပေါင်း၍ ပြန်ထုတ်ခြင်းဖြစ်သည်။

**နေရပ်လိပ်စာ - တိုက် (၂၈၂) အခန်း (၄)၊ ရန်ကင်း။**



## ဆရာကြီး ဦးတင်အေး (တောင်တွင်းတင်အေး)

အဖ ဦးသိ (ဘိုကုန်းရွာ-အာဏာရသူကြီး)၊ အမိ ဒေါ်ထွေး တို့က ၁၂၉၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၄) ရက်၊ စနေနေ့တွင် မွေးဖွားခဲ့သည်။ မြို့မ မူလတန်းကျောင်းမှသည် အ. ထ. က (၁) တောင်တွင်းကြီးမြို့၌ နေထိုင်ပညာသင်ကြားခဲ့ပြီး၊ ၁၉၅၇ ခုနှစ်၊ ရဲအရာရှိ သိပ္ပံ၊ မန္တလေးမြို့တွင် တစ်နှစ်သင်တန်းတက်ရောက် ခဲ့သည်။

ဒုတိယရဲမှူးကြီး (ငြိမ်း)၊ မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့ ရဲဌာနချုပ်၊ ၁၉၅၈ ခုနှစ်မှစ၍ ကမာရွတ်ရဲစခန်း၊ တာမွေရဲစခန်း၊ ဗဟန်းရဲစခန်း၊ ရဲအုပ် (စီအိုင်ဒီ)၊ ရဲအုပ်၊ မှုခင်းစုံစမ်းစစ်ဆေးဖော်ထုတ်ရေးဌာနစိပ်မှူး၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး၊ ဗဟန်းရဲစခန်း၊ နယ်စီးလုံခြုံရေးမှူး၊ လသာ၊ လမ်းမတော်၊ ပန်းဘဲတန်း ရဲစခန်း (၃) ခု နယ်စီးလုံခြုံရေးမှူး၊ ရန်ကင်း၊ သယ်န်းကျွန်း၊ သုဝဏ္ဏရဲစခန်း နယ်စီးလုံခြုံရေးမှူး၊ ကျောက်တန်းရဲစခန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားပြည်နယ်ရုံး (ဦးစီး) ရဲမှူး၊ ဗန်းမော်မြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲချုပ်ရုံး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (မှုခင်းရဲမှူး) များတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဒုရဲအုပ်ရာထူးဖြင့် တာဝန်ထမ်းဆောင်စဉ်ကြိုးစားမှုဖြင့်

ပေါ်ပေါက်ခဲ့သော အမှုကြီးများအတွက် ဆုလက်မှတ် (၁၇) စောင်နှင့် ငွေသား၊ နှစ်ပတ်လည် အမှုထမ်းကောင်းဆုအဖြစ် (ဆုလက်မှတ်နှင့်ဖောင်တိန်) အမှုကြီး (၁၄) မှု ပေါ်ပေါက်ခဲ့သည့်အတွက် သက်စွန့်ကြိုးပမ်းဆုအဖြစ် နာရီနှင့် ဆုလက်မှတ် (၂) စောင်တို့ကို ရရှိခဲ့ပါသည်။

ရဲချုပ်ရုံး (လုံခြုံရေးစစ်ဆေးရေး၊ ထောက်လှမ်းရေးဌာနမှူး)၊ ဒုတိယရဲမှူးကြီး အဆင့်ဖြင့် တာဝန်ထမ်းဆောင်နေရင်း ၁၉၈၈ ခုနှစ်၊ အရေးအခင်းပြီးနောက် ပြည်ထဲရေးဝန်ကြီး (၃) ဦး၊ ရဲချုပ်၊ ဒု-ချုပ်၊ ညွှန်မှူးဦးစီးရဲမှူးကြီး၊ သတင်းရဲတပ်ဖွဲ့ ဒုရဲမှူးကြီးတစ်ဦးနှင့်အတူ (၂-၂-၁၉၈၉) နေ့မှစ၍ အငြိမ်းစားပေးခြင်းခံရပါသည်။

စာနယ်ဇင်းမျိုးစုံတွင် ဝတ္ထုတိုနှင့်ဆောင်းပါးများ စဉ်ဆက်မပြတ်ရေးသားခဲ့သည်။ မိမိရေးသောဖြစ်ရပ်မှန်ဝတ္ထုဖြင့် (အာလဝီမောင်ရှိန်) ဇီဒီယိုဇာတ်ကားအား မင်းသားကျော်ဟိန်းဖြင့် (ဒါရိုက်တာ ရဲဝန်ထမ်းဟောင်းတစ်ဦးဖြင့်) ရိုက်ကူးခဲ့ပါသည်။ (ငါတရားခံလား) ဗီဒီယိုဇာတ်ကားကိုလည်း ကျော်ဟိန်းနှင့်ပင် ရိုက်ကူးခဲ့ပါသည်။

**နေရပ်လိပ်စာ** - အမှတ် (၁/စ) မမှာရုံလမ်း၊ ၁၅ ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်။



## ဆရာကြီးဦးအုန်းကြိုင် (ဟံသာဝတီ - ဦးအုန်းကြိုင်)

အဖ ဦးဘိုးဆင်၊ အမိ ဒေါ်နှင်းကျင်တို့မှ (၁၂၉၃)ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၄)ရက်၊ (၂၈-၆-၁၉၃၁)နေ့တွင် အင်းစိန်မြို့နယ်၌ မွေးဖွားခဲ့သည်။

(၁၉၃၄-၃၅)ခုနှစ်တွင် အင်းစိန်မြို့နယ်၊ မြုနီစပယ် မူလတန်းကျောင်း၌ စတင်ပညာသင်ကြားခဲ့ပြီး (၁၉၃၈)ခုနှစ်တွင် အင်းစိန်ဟိုက်စကူးကျောင်း၌ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ပညာများ ဆက်လက်ဆည်းပူးခဲ့သည်။ (၁၉၄၄-၄၅)ခုနှစ်တွင် (၁၀)တန်းအောင်မြင်ခဲ့သည်။

(၁၉၄၅)ခုနှစ်မှစတင်၍ ဟံသာဝတီသတင်းစာတိုက်တွင် သတင်းထောက်အဖြစ် အမှုထမ်းခဲ့သည်။ (၁၉၅၀-၅၁)ခုနှစ် ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ် ပြင်ပဝိဇ္ဇာတန်း၌ ဆက်လက်၍ ပညာဆည်းပူးခဲ့သည်။

(၁၉၅၂-၅၃)ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က စတင်တည်ထောင်ဖွင့်လှစ်သင်ကြားသော သတင်းစာပညာ ဒီပလိုမာသင်တန်းသို့ တက်ရောက်သင်ယူခဲ့သည်။ (၁၉၅၃-၅၄)ခုနှစ်တွင် ဟံသာဝတီသတင်းစာတိုက်တွင် နိုင်ငံရေးသတင်းထောက်တာဝန်နှင့်

လက်ထောက်အယ်ဒီတာ တာဝန်များကို စတင်ထမ်းဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ "ဟံသာဝတီအုန်းကြိုင်" ဟူသော ကလောင်အမည်ကိုယူ၍ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

(၁၉၅၈)ခုနှစ်တွင် "သီတာစာပုံနှိပ်တိုက်" ကိုတည်ထောင်၍ (၁၉၉၂)ခုနှစ်အထိ လုပ်ကိုင်ခဲ့သည်။

(၁၉၆၃)မှ (၁၉၆၇)ခုနှစ်အထိ (ရတည)ရခိုင်အမျိုးသားခေါင်းဆောင် ဦးလှထွန်းဖြူပိုင်သော "အမျိုးသားသတင်းစာတိုက်" တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

(၁၉၆၆-၂၀၀၄)ခုနှစ်အထိ "နက္ခတ္တရောင်ခြည်မဂ္ဂဇင်း" "သူရဇ္ဇမဂ္ဂဇင်း" စသည့် လစဉ်ထုတ်မဂ္ဂဇင်းများတွင် ဘာသာရေးဆောင်းပါးများ လစဉ်ရေးသားခဲ့သည်။


(၂၀၀၀)ပြည့်နှစ်မှ (၂၀၀၇)ခုနှစ်အထိ ရွှေပြည်သာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် နာယကအဖြစ်ဆောင်ရွက်ခဲ့သည်။

(၂၀၀၅)ခုနှစ်တွင် ရှေးဟောင်းသမိုင်းဝင် "သာမုဆံတော်ရှင်စေတီတော်မြတ်ကြီးသမိုင်း" ကျမ်းတစ်ဆူကို ရေးသားပြုစုထုတ်ဝေခဲ့သည်။

(၂၀၀၈)ခုနှစ်တွင် မှော်ဘီမြို့ ဘုရားလမ်း၊ ကျိုက်ဒေးတောင်ပေါ်ရှိ သုရှင်ဒကာရွှတ်ပိမင်း ကုသိုလ်တော် "ကျိုက်ဒေးဒလွန်" စေတီတော်ကြီးသမိုင်းကျမ်း နှစ်စောင်ကို ရေးသားခဲ့သည်။

(၂၀၀၄)ခုနှစ်မှ (၂၀၁၀)ခုနှစ်အထိ "ဓမ္မဝီရဂျာနယ်" တိုက်တွင် အယ်ဒီတာအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ယနေ့တိုင် ဘာသာရေး၊ သာသနာရေး ဆောင်းပါးများကို ရေးသားဆဲဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် (၂၃၄/ပင်းယလမ်း)၊ ပင်းယပန်းခြံ၊ (၆/၉) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။



ဆရာကြီးဦးလှမြိုင်
ဗိုလ်မှူးလှမြိုင် (မောင်တက္ကသိုလ်)

ဖခင် ဦးလှအောင်၊ မိခင် ဒေါ်သန်းရှင်တို့က ၁၂၉၄ ခုနှစ်၊ ၁-၂-၁၉၃၃ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ မွေးဖွားခဲ့သည်။ သားချင်း လေးယောက်တွင် တတိယမြောက်သားဖြစ်သည်။ ဝံသာနုခေတ် GCBA အမျိုးသားခေါင်းဆောင်ကြီး ဦးချစ်လှိုင်၏မြေးဖြစ်သည်။

ကျောင်းနေစဉ် အထက်တန်းကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ၊ မော်လမြိုင်အရှေ့ပိုင်းအားကစားမှူး၊ မင်းတန်းရပ်၊ သဟာယနှင့် စာဖတ်အသင်းဥက္ကဋ္ဌ၊ အရှေ့ပိုင်းလူငယ်များ ဘောလုံးအသင်းခေါင်းဆောင်တာဝန်များ ထမ်းဆောင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ ၁၉၆၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ မြန်မာ့တပ်မတော်တွင် ၁၉၆၄ ခုနှစ်မှစ၍ ကိုယ်ပိုင်အမှတ် ကြည်း ၉၇၉၀ ဖြင့် စတင်ထမ်းဆောင်ပြီး ၁၉၈၈ ခုနှစ်တွင် ဗိုလ်မှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ တပ်မတော်သားဖြစ်ခဲ့၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်တစ်ဦး ဖြစ်ခဲ့ဖူးသည်မှအပ ယနေ့

အထိ မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းတွင်မှ လုံးဝ မပါဝင်ခဲ့ပါ။

စာပေရေးသားမှုတွင် ကျောင်းသားဘဝကပင် ဆောင်းပါးများစွာကို ရေးသားခဲ့သည်။ "ကမ္ဘာ့ဆေးလိပ်မသောက်ရနေ့" ဆောင်းပါးကို ၇-၅-၁၉၈၈ ခုနှစ်တွင် ကြေးမုံသတင်းစာ၌ ဖော်ပြပြီး မြန်မာ့အသံ ဖတ်စရာမှတ်စရာ ဗဟုသုတအခန်းမှ ထုတ်လွှင့်ခဲ့သည်။ ယနေ့အထိ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး ပညာပေးဆောင်းပါးများကို ရေးသားနေဆဲဖြစ်သည်။

တပ်မတော်ကြည်းတပ်တွင် ဒုတိယတပ်ရင်းမှူးရာထူးဖြင့် တာဝန်ထမ်းဆောင်နေစဉ် ၁-၁၁-၈၃ နေ့စွဲဖြင့် ရခိုင်အမျိုးသားညီအစ်ကိုမောင်နှမတို့၏ ဘဝအခြေအနေနှင့် တစ်ဖက်နိုင်ငံမှ ကျူးကျော်ဝင်ရောက်လာကြသော ဘင်္ဂါလီမွတ်ဆလင်ဘာသာဝင်တို့သည် မြန်မာ့တိုင်းရင်းသားမျိုးနွယ်စု ရိုဟင်ဂျာ (ရွာဟောင်းသား) များဟု လုပ်ဇာတ်ခင်းကျင်းပြသနေကြကြောင်း အသေးစိတ်အပြင် ပါတီကောင်စီဌာနဆိုင်ရာတို့ သစ္စာကင်းမဲ့စွာ တာဝန်ပျက်ကွက်နေကြသောကြောင့် မိမိတို့နိုင်ငံတော်နှင့်လူမျိုးတွင် အန္တရာယ်ကြီးစွာကျရောက်တော့မည်ဖြစ်ကြောင်းဖြင့် မာတိကာခေါင်းစဉ် (၁၅) ချက်နှင့် စာမျက်နှာပေါင်း (၅၂) မျက်နှာ ပါဝင်သော စာတမ်းကို ပြုစုခဲ့သည်။ ထိုစာတမ်းပါစာအုပ်ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးဦးနေဝင်းနှင့် သမ္မတကြီးဦးစန်းယုတို့ထံ (THROUGH PROPER CHANAL) ဖြင့် မပေးပို့ပါ။ တိုက်ရိုက်ပေးပို့ခဲ့သည်။ ထိုကဲ့သို့ (T-P-C) ဖြင့် မပို့သည့် ပျက်ကွက်မှုအတွက် ဒုတိယတပ်ရင်းမှူးရာထူးမှ ဌာနချုပ်တပ်ခွဲမှူးရာထူးသို့ လျော့ချခြင်း၊ အဆင့်တိုးမြှင့်မှုကို တစ်သက်တာ ရပ်စဲလိုက်ခြင်း၊ လက်ရှိ

တပ်ရင်းမှ ပြောင်းရွှေ့စေပြီး အခြား တပ်မ တပ်ရင်းနယ်မြေဒေသသို့ ပြောင်းရွှေ့တာဝန်ပေးခြင်း အပြစ်ဒဏ်ပေးခံခဲ့ရသည်။ ဆောင်းပါးပုဒ်ရေ (၅၀၀) ခန့် ရေးသားခဲ့သည်။ ဝတ္ထု၊ ကဗျာများလည်း များစွာ ရေးသားခဲ့သည်။ ရေးသားနေဆဲလည်း ဖြစ်ပါသည်။

နေရပ်လိပ်စာ - အမှတ် ၂၁၅၊ (၈/၅) ရပ်ကွက်၊
ဦးအောင်ဇေယျလမ်း၊ အထကကျောင်း
(၃) အနီး၊ ရွှေပြည်သာမြို့၊ ရန်ကုန်တိုင်း
ဒေသကြီး။ ဖုန်း- ၀၉ ၂၅၄၂ ၁၆၂၉၇



## ဦးလှဝင်း (နိုင်ဘောဂလှဝင်း)

အဖ ဦးသန်းနှင့် အမိ ဒေါ်သိန်းတို့က ၂၄-၆-၁၉၃၆ နေ့၌ မွေးဖွားခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် (၁၀) တန်းကို ရေတာရှည် အ. ထ. ကမှ အောင်မြင်၍ ပထမနှစ် အိုင်အက်စ်စီ (ဥပစာသိပ္ပံ "က") ကို ရန်ကင်းကောလိပ်၌ တက်ပါသည်။

၁၉၅၈-၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် တောင်ငူအသင်းမှ နတ်သျှင်နောင်မဂ္ဂဇင်းကို ထုတ်ဝေရာ ထိုမဂ္ဂဇင်းကော်မတီ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး နတ်သျှင်နောင်မဂ္ဂဇင်းတွင် ဆောင်းပါး (၂) ပုဒ် ဝတ္ထုတို (၁) ပုဒ်ရေးဖြစ်ခဲ့ပါသည်။ ကလောင်အမည်များမှာ ဝင်းသန္တာ၊ မောင်သီတာတို့ ဖြစ်ပါသည်။

၁၉၆၀ ပြည့်နှစ်၌ တောင်ငူမြို့နယ်တွင် ဖွင့်လှစ်သော လူငယ့်တက္ကသိုလ် အလွတ်ပညာသင်အထက်တန်းကျောင်း၌ ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

၁၉၆၂-၆၃ ခုနှစ်ခန့်တွင် တောင်ငူခရိုင်ကလောင်အသင်း ဖွဲ့စည်းရာ ဥက္ကဋ္ဌတာဝန်ယူရပြီး ထိုအသင်းမှ ထုတ်ဝေသော "ခေတ်ဦးမဂ္ဂဇင်း"၌ စာတည်းချုပ် တာဝန်ယူခဲ့ပါသည်။

သတင်းစာသင်တန်းအမှတ်စဉ် (၄) ရန်ကုန်စာပေဗိမာန် အဆောက်အအုံ (၁၈-၁-၁၉၇၁ မှ ၇-၉-၁၉၇၁) စီးပွားရေး စီမံကိန်း ဒီပလိုမာသင်တန်း (DEP) ရန်ကုန်စီးပွားရေးတက္ကသိုလ် (၁၉၇၇-၁၉၇၉) တို့ကို တက်ရောက်ခဲ့ပါသည်။

ဗဟိုနိုင်ငံရေးတက္ကသိုလ်မှ တာဝန်ပေးချက်အရ ပြည်သူ့ တပ်မတော်စာစဉ် ပြည်သူ့စီးပွားရေးရာကဏ္ဍ၌ ၁၉၇၀ ပြည့်နှစ် အတွဲ (၇) မှစ၍ ၁၉၇၈ ခုနှစ်ကုန်အထိ လစဉ်တစ်ပုဒ်ကျ ရေးသားခဲ့ရသဖြင့် စာရေးသားခြင်းအရှိန်ကို ရစေခဲ့ပါသည်။ ကလောင်အမည် မတပ်ခဲ့ရပါ။

မြန်မာ့အသံမှ တနင်္ဂနွေနေ့ နေ့လယ် ၁၂ နာရီတွင် ထုတ်လွှင့်သော ပုံပြင်ကဏ္ဍ၌ နှစ်ကြိမ်၊ အင်္ဂါနေ့ ည (၇း၁၅) မိနစ်အချိန်တွင် ထုတ်လွှင့်သော ဘဝကြေးမုံဇာတ်လမ်းအစုံ အခန်း၌ သုံးကြိမ်စာမူများ ရေးသားပေးပို့ ထုတ်လွှင့်ခြင်းခံခဲ့ရ ပါသည်။ ကလောင်အမည် နတ်သျှင်ဝင်း ဖြစ်ပါသည်။

(က) မြန်မာ့အလင်းသတင်းစာ တနင်္ဂနွေနေ့ထုတ် ကလေး များကဏ္ဍ၌ ကလောင်အမည် မောင်ဝင်းသန္တာ အမည်ဖြင့် နှစ်ပတ်လျှင် တစ်ကြိမ်ခန့် ပင်တိုင်နီးပါး ကလေးစာပေများကို ရေးသားခဲ့ပါသည်။

(ခ) မြန်မာ့အလင်း ဗိုလ်တထောင် ကြေးမုံသတင်းစာများ တွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆောင်းပါးများ ကို နိုင်ဘောဂလှဝင်းအမည်ဖြင့် ဆောင်းပါးအပုဒ် (၂၀၀) ကျော် ရေးသားခဲ့ပါသည်။

(ဂ) ထို့အပြင် လုပ်သားဂျာနယ် တိုင်းရင်းမေဂျာနယ် သမ ဝါယမဂျာနယ်နှင့် ရုပ်ရှင်စာစောင်တို့တွင်လည်း ဆောင်းပါးများကို အခါအားလျော်စွာ ရေးသားခဲ့ပါ သည်။

"ကျိန်စာသင့်သော ခေါင်းလောင်းသံ" ဘာသာပြန်ဝတ္ထုကို တက္ကသိုလ်မောင်သက်စိန် ကလောင်အမည်ဖြင့် ဂုဏ်ထူးစာပေ ထုတ်ဝေခဲ့ပါသည်။

တောင်ဥက္ကလာပမြို့နယ် စာပေလုပ်သားအဖွဲ့တွင် အမှု ဆောင်တာဝန်ယူခဲ့ရပြီး (၃-၄-၁၉၈၀ မှ ၅-၄-၁၉၈၀) အထိ ကမ္ဘာအေးကုန်းမြေ၌ ကျင်းပသော ပထမအကြိမ် စာပေ လုပ်သားညီလာခံသို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ရ သည်။

ဟော်တယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန စားသောက်ဆိုင်နှင့် အဖျော်ယမကာလုပ်ငန်းဝန်ထမ်းများ သက်သာအဖွဲ့မှ ၁၉၈၉ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ထုတ်ဝေခဲ့ သော ရွှေဝတ်မှုန်မဂ္ဂဇင်းတွင် စာတည်းချုပ်အဖြစ် တာဝန်ယူခဲ့ သည်။

ရွှေဝတ်မှုန်မဂ္ဂဇင်းတွင် နိုင်နိုင်မွန်ကလောင်အမည်ဖြင့် လစဉ်ရေးသားခဲ့သော "သူတို့ဆီက ဟာသများ" ကို ၎င်းခေါင်းစီး

ဖြင့်ပင် ၂၀၁၂ ခုနှစ် မတ်လ၌ လုံးချင်းစာအုပ်ထုတ်ခဲ့ပါသည်။

လက်ရှိကာလစာပေအဖွဲ့အစည်းတာဝန်များမှာ -

(က) ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းနာယက

(ခ) ရွှေပြည်သာမြို့နယ်သတင်းစာဆရာအသင်းနာယက ဖြစ်ပါသည်။

**နေရပ်လိပ်စာ**-၆/၁၄/၂၅၄ ရွှေလီလမ်းနှင့် သံလွင်လမ်းထောင့်၊ ဘားအံပန်းခြံ၊ ရွှေပြည်သာမြို့။



**ဆရာကြီး ဦးစိုးပိုင်**
**စိုးပိုင် (ကညွတ်ကွင်း)**

အဖ ဦးဘိုးလူ၊ အမိ ဒေါ်ငွေစိန်တို့က (၁၂၉၈) ခုနှစ်၊ တပို့တွဲလဆုတ် (၈) ရက်၊ အင်္ဂါနေ့ (၂-၂-၁၉၃၇) တွင် တောင်ငူခရိုင်၊ ကညွတ်ကွင်းမြို့၌ မွေးဖွားခဲ့ပြီး သားချင်း (၄) ယောက်တွင် အငယ်ဆုံးဖြစ်သည်။

ငယ်နာမည် (ကျောင်းနာမည်) စိုးမြင့်ဖြစ်သည်။ ငယ်စဉ်က ကညွတ်ကွင်းမြို့၊ ဗောဓိကျောင်း ဘုန်းတော်ကြီးဦးဇဝနထံတွင် ကိုရင်ဝတ်ခဲ့ဖြင့် သဒ္ဒါနှင့် သင်္ဂြိုဟ် စာဝါများတက်ခဲ့ပြီး ၁၀ နှစ်၊ ၁၁ နှစ်သားအရွယ်တွင် သောင်းကျန်းသူများ၏ ဘေးရန်ကြောင့် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းခဲ့သည်။

မူလတန်း (စတုတ္ထတန်း) ကို ကန်တော်ကလေး၊ ဓမ္မာရုံဖြတ်လမ်းရှိ ဆရာကြီး ဦးမှိန်ကျောင်းမှ အောင်မြင်ခဲ့ပြီး၊ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအနီး ပိုက်လုံးလမ်းရှိ ဆရာမကြီး ဒေါ်ပုလေး၏ အလယ်တန်းကျောင်းတွင် ဆက်လက်ပညာသင်ယူခဲ့သည်။ ဗဟန်းအထကတွင် ဆက်လက်ပညာသင်ကြားနေစဉ် သန်လျက်

စွန်း ဘီအိုစီကုမ္ပဏီ၌ အလုပ်လုပ်ရန်အတွက် ကျောင်းထွက်ခဲ့ရသည်။

ဘီအိုစီကုမ္ပဏီတွင် တစ်နှစ်ကျော်ခန့် အလုပ်လုပ်ခဲ့ပြီး ၁၉၅၇ ခုနှစ်ခန့်တွင် စာပေနှင့်ရုပ်ရှင်လောကသို့ ခြေချခဲ့သည်။

ပထမဦးဆုံးဖော်ပြခံရ သည့် ကဗျာမှာ ကဗျာဆရာမြင့်သြ ထုတ်ဝေတည်းဖြတ်သော "ကဗျာ့မြို့တော်" စာအုပ်တွင် ဖြစ်သည်။ ထို့နောက် "ဆန်းညွန့်ဦး" ဂျာနယ်နှင့် "ရုပ်ရှင်ပဒေသာ" မဂ္ဂဇင်းများတွင် ကဗျာများ ဆက်လက်ဖော်ပြခံရသည်။

စာရေးဆရာ သခင်မြသန်း၏ "စိုးပိုင်" ဝတ္ထုထွက်ရှိပြီး ထိုနာမည်ကို နှစ်သက်သဖြင့် ၁၉၅၈ ခုနှစ်တွင် အမျိုးသားမှတ်ပုံတင်ရာ၌ လူအမည်ကို "စိုးပိုင်" ဟု ခံယူလိုက်ပြီး ယင်းနာမည်ဖြင့်ပင် ကလောင်အမည်ယူခဲ့ပါ၏။

ရုပ်ရှင်သတင်းဦး (၁၀ ပြားတန်)၊ အကယ်ဒမီစာစောင် ၂၅ ပြားတန်၊ သစ်ဆန်း စာစောင် အပတ်စဉ်ထုတ်။ (၂၅) ပြားတန်၊ ပြည်သူ့ရုပ်ရှင်မဂ္ဂဇင်း (ထုတ်ဝေသူ၊ အယ်ဒီတာ) ၁/တန် မဂ္ဂဇင်း၊ ရုပ်ရှင်ပဒေသာ၊ ရုပ်ရှင်တံခွန်၊ မျက်ဝန်းသစ်ရုပ်ရှင်၊ ရုပ်ရှင်သစ်၊ လူထုရုပ်ရှင်၊ သောင်းပြောင်းထွေလာ ရယ်စရာ၊ ပန်းတိုင်၊ မမ္မပဒေသာ ဘာသာရေး၊ မေတ္တာရှင် ဘာသာရေး၊ လပြည့်ဝန်းများနှင့် ရွှေမျက်လုံးဂျာနယ်တွင် တာဝန်ခံအယ်ဒီတာ၊ အမှုဆောင် အယ်ဒီတာ၊ အကြံပေးအယ်ဒီတာ စသဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်ပါသည်။ လုံးချင်းဝတ္ထု (၁၀) အုပ်ရေးသားခဲ့ သည်။

၁၉၅၈ ခုနှစ်တွင် စတင် ထုတ်ဝေသော "ဘွင်းဘွင်း" သတင်းစာမှ စတင်ကာ၊ အမျိုးသား သတင်းစာ၊ "ပြည်ကျော်" ညနေထုတ်သတင်းစာ၊ "မြန်မာ့အလင်း" သတင်းစာများတွင် ရုပ်ရှင်

သတင်းထောက်၊ အထွေထွေ သတင်းထောက်၊ မြို့နယ်သတင်းထောက် စသဖြင့် သတင်းများ ရေးသားခဲ့သည်။

ဗွီဒီယိုဇာတ်ညွှန်းများအဖြစ် သာအေးရဲ့နွယ် (ဝတ္ထု+ဇာတ်ညွှန်း)၊ လှံ့တန်ခိုးရှင် မောင်ကံ (ဝတ္ထုဇာတ်ညွှန်း)၊ မေတ္တာစစ်နှင့် ချစ်ခဲ့တာပါ ကိုကို (ဝတ္ထုဇာတ်ညွှန်း)၊ ညောင်ညိုရိပ်ဝယ် ဇာတ်ညွှန်း (ဒါရိုက်တာ မောင်သက်ခိုင်) များ ရေးသားခဲ့သည်။

မှုခင်း ပပျောက်ရေးအတွက် ခင်မောင်ထွန်း (လမ်းမတော်)၏ ဇာတ်လမ်းကို ဒါရိုက်တာအောင်မင်းသိန်း ရိုက်ကူးပြီး ဇာတ်ညွှန်းရေးခဲ့ပါသည်။ "အပြစ်ရှာ ကိုယ်မှာတွေ့" ဖြစ် ပါသည်။

၁၉၈၇ ခုနှစ်တွင် "လပြည့်ဝန်း" မဂ္ဂဇင်းကို ထုတ်ဝေခွင့်ရခဲ့ပြီး၊ ယနေ့အချိန်အထိ ထုတ်ဝေဆဲဖြစ်သည်။ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်၊ မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း (MJAYGN 062) ဝင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဇာတ်ညွှန်းအလွှာမှ အဖွဲ့ဝင် စသည်ဖြင့် ပါဝင်ဆောင်ရွက်နေပြီး အသက်မွေးဝမ်းကျောင်း အလုပ်များဖြင့် လုပ်ကိုင်လျက်ရှိပါသည်။

ယခုလက်ရှိတွင်မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးပြတိုက်ကော်မတီဝင်၊ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းနှင့် ရွှေပြည်သာမြို့နယ် သတင်းစာဆရာအသင်းနာယကအဖြစ် ထမ်းဆောင်နေပါသည်။

**နေရပ်လိပ်စာ** - ၅/၇၊ ၈၈ (ခ) ကျောက်စိမ်းလမ်းနှင့် စိန်ပန်းလမ်းထောင့် (စိန်ပန်းပန်းခြံ)၊ ရွှေပြည်သာမြို့၊ ရန်ကုန်။



## ဆရာကြီး ဦးဆိုက်ကျောင်
## (ဆိုက်ကျောင် သတင်းထောက်)

(၁၂၈၁)ခုနှစ်၊ တန်ခူးလဆန်း (၁)ရက် (၁၉-၃-၁၉၂၀)ရက်တွင် ဦးဘိုးရှမ်း၊ ဒေါ်ဖွားခင်တို့မှ ရန်ကုန်တိုင်းဒေသကြီး၊ ဟံသာဝတီခရိုင်၊ သုံးခွမြို့တွင် မွေးဖွားခဲ့သည်။

ရန်ကုန်မြို့မြို့မအထက်တန်းကျောင်းတွင် (၇)တန်း အထိ ပညာသင်ခဲ့သည်။ ရန်ကုန်သတင်းစာ၊ ကြေးမုံသတင်းစာ၊ ယုဝတီသတင်းစာ၊ နိုင်ငံသစ်သတင်းစာ၊ မြန်မာ့အလင်း သတင်းစာ၊ သံတော်ဆင့်သတင်းစာ၊ မန္တလေးလူထု သတင်းစာ၊ ဟံသာဝတီသတင်းစာများတွင် ဖြန့်ချိရေးနှင့် သတင်းထောက်လုပ်ငန်းကို တွဲဖက်လုပ်ကိုင်ခဲ့ရာ ယခုအချိန်အထိဖြစ်သည်။

စာပေညီလာခံသို့ သုံးခွမြို့မှ ညီလာခံကိုယ်စားလှယ်အဖြစ် (၁၉၉၇)ခုနှစ်တွင် တက်ရောက်ခဲ့သည်။ သုံးခွမြို့နယ် စာရေးဆရာအသင်းနာယကဖြစ်သည်။

နေရပ်လိပ်စာ- အမှတ် (၁)၊ ဓမ္မစေတီလမ်း၊ (၁၁)ရပ်ကွက်၊ သုံးခွမြို့။



ဒေါက်တာချစ် (ထပ်ဆင့်အမျိုးသားစာပေဆုရ)

မလှိုင်မြို့နယ်၊ ဘောက်ခွေးတောရွာတွင် ဦးမြတ်ထွန်း၊ ဒေါ်နှင်းချယ် တို့က ၁၉၃၅ ခုနှစ်တွင် မွေးဖွားခဲ့သည်။ စိုက်ပျိုးရေး တက္ကသိုလ်များမှ သိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့ ရရှိခဲ့သည်။

၁၉၆၀ ခုနှစ်မှစ၍ မြေယာကျေးလက် ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းတွင် မိတ္တီလာခရိုင်တာဝန်ခံမှ အထွေထွေမန်နေဂျာ (သုတေသန) အဖြစ် ၁၆ နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ပြည်သူ့လွှတ်တော်ရေးရာ အတွင်းရေးမှူး၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံတော် ဆန်စပါး ကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံတော် သမဝါယမကောင်စီဝင်၊ တောင်သူလယ်သမားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်၊ ဗဟိုသမဝါယမ အသင်းဥက္ကဋ္ဌ၊ သမဝါယမဝန်ကြီး ဌာန ဒုတိယဝန်ကြီး စသည့်တာဝန်များကို ၁၂ နှစ်ကြာထမ်းဆောင် ခဲ့သည်။

ပြည်တွင်းတွင် နေရာဒေသအနှံ့အပြားနှင့် ပြည်ပတွင် ရုရှားဖက်ဒရေးရှင်း၊ ဥဇဘက်ကစ္စတန်၊ ယူကရိန်း၊ အမေရိကန်၊

မက္ကဆီကို၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ ချက်၊ ဆလိုဗက်၊ ဘူလ်ဂေးရီးယား၊ ဂျာမနီ၊ အိန္ဒိယ၊ တရုတ်၊ တောင် ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ စသော နိုင်ငံများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သမဝါယမ၊ ယဉ်ကျေးမှုနှင့် လူမှုစီးပွားရေး များကို ၂၈ ကြိမ်ခန့် သွားရောက်လေ့လာခဲ့သည်။

ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးတံဆိပ် (၁၉၈၄) များနှင့် အမျိုးသားစာပေဆု (သုတ ပဒေသာ အသုံးချသိပ္ပံ-၂၀၀၄ ခုနှစ်၊ ၂၀၀၇ ခုနှစ်) နှစ်ဆုနှင့် လူမှုဆက်ဆံရေးဆိုင်ရာ "ကမ္ဘာ့ထုံးတမ်း စဉ်လာများ" စာအုပ်၊ သီးနှံဈေးကွက်တိုးချဲ့ဖို့ တာရှည်ခံအောင်လုပ်ကြစို့ စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆုတို့ကို ရရှိခဲ့ ပါသည်။

လိမ္မော်နှင့် နှစ်ရှည်သီးပင်စိုက်ပျိုးရေးစာအုပ် (စာပေဆုရ)၊ သိပ္ပံနည်းကျ ဝါစိုက်ပျိုးရေးစာအုပ်၊ ကျေးလက်စီးပွား ပြည်သူ့အား စာအုပ် (စာပေဆုရ) နှင့် လူမှုဆက်ဆံရေးဆိုင်ရာ ကမ္ဘာ့ထုံးတမ်း စဉ်လာများစာအုပ် (စာပေဆုရ) နှင့် အရှေ့အနောက် ဒီတစ်ခေါက်၊ သီးနှံဈေးကွက်တိုးချဲ့ဖို့ တာရှည်ခံအောင်လုပ်ကြစို့၊ ဘဝဇာတ်ခုံ ကကြိုးစုံ၊ စားဖို့ စိုက်ဖို့ ဈေးကွက်တိုးချဲ့ဖို့ (အတွဲ-၁) စာအုပ် တို့ကို ထုတ်ဝေခဲ့သည်။

ဇနီး ဒေါ်ကြည်ကြည်ညွန့်၊ သမီး ဒေါ်စန္ဒာခင်၊ ဒေါ်သီတာခင် နှင့် သား ဦးနေလင်း၊ မြေး မောင်ကျော်သက်နှင့် မနှင်းဦးခင်တို့ရှိပြီး ယခုအခါ စာပေများ ဆက်လက် ရေးသား ပြုစုလျက် ရှိသည်။

နေရပ်လိပ်စာ - အမှတ် ၃၈၊ သံသုမာလမ်း၊
၂၃ ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။



## ဆရာကြီး ဦးရဲမြင့် (ရဲဘော်ရဲမြင့်)

မြန်မာသက္ကရာဇ်(၁၂၉၀)ပြည့်နှစ်၊ တပေါင်းလဆုတ်(၇) ရက် (၁-၃-၁၉၂၉)တွင် အဖ ဦးဖိုးစံ၊ အမိ ဒေါ်အုန်းပုတို့မှ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာအနောက်ပိုင်း၊ ထန်းတောကျေးရွာတွင် မွေးဖွားခဲ့သည်။

ငယ်စဉ်က ချောင်းနားရွာလယ် ဦးဝိမလကျောင်းတွင် မူလတန်းပညာကို ကိုရင်ဝတ်ဖြင့် သင်ကြားခဲ့ပြီး ဗုဒ္ဓဘာသာစာပေကို သဂြိုဟ်အထိ သင်ကြားခဲ့သည်။

ဂျပန်ခေတ်တွင် လူဝတ်လဲပြီး မိတ္ထီလာမြို့ ရာရှင်စကောအိုယရှုအိထံတွင် ဂျပန်စကားသင်ပြီး ပေါက်ချောင်းရပ်တွင် ဖွင့်ထားသော မိုးရိဆင်းကျောင်းတွင် ဂျပန်စာသင်ခဲ့သည်။ အင်္ဂလိပ်ပြန်ဝင်လာသောအခါ မြင်းခြံမြို့ ဦးပေါ၏ အလွတ်ပညာသင်ကျောင်း၌ အင်္ဂလိပ်၊ မြန်မာစာ သင်ကာ ရန်ကုန်မြို့ 'သိန်းထွန်းအေး'ကောလိပ်တွင် အလွတ်ပညာသင်ကြားခဲ့သည်။

(၁၉၄၇)ခုနှစ်၊ လွတ်လပ်ရေးတိုက်ပွဲဝင်ရန် တပ်နီတပ်ဖွဲ့၌ 'ရဲဘော်ရဲမြင့်' အမည်ဖြင့် အဖွဲ့ဝင်ခဲ့သည်။

(၁၉၅၀)ခုနှစ် မန္တလေးမြို့ ဗုဒ္ဓဝါဒီ မြန်မာပြန်အသင်းချုပ်တွင် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ညီညွတ်ရေးလမ်းစဉ်စာအုပ်ကို ဦးသိန်းအောင်အမည်ဖြင့် ရေးသားထုတ်ဝေခဲ့သည်။

(၁၉၅၄)ခုနှစ်တွင် 'ဒေါ်ခင်မေရီမြင့်'အမည်ဖြင့် ပြည့်တန်ဆာစနစ်ပပျောက်ရေး၊ တိုင်းပြည်အတွက် သားကောင်းမိခင်များစာအုပ်ကို ထုတ်ဝေခဲ့သည်။

(၁၉၅၅)ခုနှစ်တွင် စာရိတ္တပြုပြင်ရေးအတွက် 'အမျိုးသမီးတိုင်း တိုင်းပြည်အုပ်ချုပ် ခေါင်းဆောင်လုပ်နိုင်ရမည်'စာအုပ်ကို ထုတ်ခဲ့ပြီး ယင်းနှစ်မှာပင် 'ဗိမ်လောက'စာအုပ်၊ 'လူကုန်သည်'စာအုပ်၊ 'စီးပွားရေးတိုက်ပွဲ'စာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။

(၁၉၆၃)ခုနှစ်တွင် 'ပွင့်သစ်စ'စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ (၁၉၆၁)ခုနှစ်တွင် 'လူကုန်သည်' ဒုတိယစာအုပ်ကို ထုတ်ဝေခဲ့သည်။ (၁၉၆၄)ခုနှစ်တွင် ပြည်တွင်းငြိမ်းချမ်းရေး၏ အတွင်းရေးများစာအုပ်ကို ထုတ်ဝေခဲ့သည်။

(၁၉၅၆-၅၇)ခုနှစ်တွင် 'ပြည်တွင်းငြိမ်းချမ်းရေး'စာအုပ်ကို ပထမတွဲနှင့် ဒုတိယတွဲ နှစ်အုပ်ထုတ်ခဲ့သည်။

(၁၉၅၆-၅၇)ခုနှစ်တွင် စာပေဗိမာန်တွင် သတင်းစာပညာတစ်နှစ်သင်တန်း တက်ရောက်သင်ယူကာ ဒီပလိုမာ ရရှိခဲ့သည်။

(၁၉၅၈-၅၉)ခုနှစ်တွင် 'အမျိုးသားရေး ဒီမိုကရေစီ'စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပြီး မိတ္ထီလာအနောက်ပိုင်းမှ 'နေတစ်စင်းထွက်လာပြီ'ဆိုသော ကိုယ်ရေး အတ္ထုပ္ပတ္တိ စာအုပ်ကို ဖြန့်ဖြူးခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၃၇၄)၊ (၁)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။



## ဆရာကြီး ဦးဘသန်း (ဦးဘသန်း-မဟာဝိဇ္ဇာ)

(၁၂၉၁)ခုနှစ်၊ တပေါင်းလဆုတ် (၇)ရက်၊ (၂၀-၃-၁၉၃၀) တွင် အဖ ဦးစိန်ရက်၊ အမိ ဒေါ်စိန်စိန်တို့မှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဘော်တွင်းမြို့တွင် မွေးဖွားသည်။

(၁၉၃၈)ခုနှစ်မှ (၁၉၄၂)ခုနှစ် ကာလတွင် မန္တလေးစိန့်ပီတာ အင်္ဂလိပ်ကျောင်းတွင် အခြေခံ ပညာသင်ကြားသည်။ (၁၉၄၇)ခုနှစ် တွင် တက္ကသိုလ်စာမေးပွဲအောင်သည်။ (၁၉၅၁)ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာပေ)နှင့် (၁၉၅၅)ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ကို ရန်ကုန် တက္ကသိုလ်မှ အောင်သည်။ (၁၉၆၁-၆၂)တွင် အမေရိကန် ပြည်ထောင်စု ဟားဘတ်တက္ကသိုလ်နှင့် ဝီလျံကောလိပ်တွင် မဟာဝိဇ္ဇာ (စီးပွား ဖွံ့ဖြိုးရေး) တက်ရောက်အောင်မြင်ခဲ့သည်။

မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်များတွင် အင်္ဂလိပ် စာ နည်းပြ မြန်မာနိုင်ငံ (အထက်တန်း)အဆင့်ဖြင့် အုပ်ချုပ်ရေးလောက တွင် မြို့ပိုင်နယ်ပိုင်မှ အစပြု၍ ဒု-အတွင်းဝန်ရာထူးများဖြင့် တာဝန် ထမ်းဆောင်ခဲ့သည်။ အကောက်ခွန်ဦးစီးဌာန၌ လက်ထောက်

အကောက်ခွန်မင်းကြီး ရာထူးဖြင့်(၁၉၆၃-၁၉၇၆)ထိ (၁၂)နှစ်တိတိ တာဝန်ထမ်းဆောင်ခဲ့သည်။ ပြည်သူ့အုပ်ချုပ်ရေးဝန်ထမ်းရေးဌာန တွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် (၁၉၇၇)ခုနှစ်မှ (၁၉၈၈)ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် (၁၉၈၈) ခုနှစ်တွင် ခန့်အပ်ခြင်းခံရသည်။ (၁၉၉၁)ခုနှစ်တွင် ညွှန်ကြားရေးမှူးချုပ်တာဝန်မှ အငြိမ်းစားယူခဲ့သည်။

ပြည်သူ့အုပ်ချုပ်ရေး ဝန်ထမ်းလေ့ကျင့်ရေးတာဝန်များဖြင့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ စင်ကာပူနိုင်ငံများ သို့ အဆင့်မြင့်လေ့လာရေး ခရီးသွားရောက်ခဲ့သည်။

တက္ကသိုလ်ကျောင်းသားဘဝမှစ၍ အင်္ဂလိပ်စာဆောင်းပါး များ၊ ပြည်သူ့အုပ်ချုပ်ရေး စီမံခန့်ခွဲရေး ဝန်ထမ်းလေ့ကျင့်ရေး လူ့ စွမ်းအားဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်းပါး (၁၀၀)ခန့်ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးသားခဲ့သည်။ မြန်မာနိုင်ငံ ဝန်ထမ်းရွေးချယ်ရေး သမိုင်း (၄)အုပ်တွဲကို မြန်မာဘာသာဖြင့် ဦးဆောင်၍ ပူးတွဲပြုစု ခဲ့သည်။ Myanmar Land of Courtesy and Opportunity ပုံပြ စာအုပ်ကို ခရီးသွားမြှင့်တင်ရေးအတွက် အင်္ဂလိပ်ဘာသာဖြင့် ပူးတွဲ ပြုစုခဲ့သည်။ Myanmar Perspective အင်္ဂလိပ်ဂျာနယ်နှင့် Internet Publication တွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် (၈)နှစ်ကျော် ရေးသားခဲ့သည်။ အတ္ထုပ္ပတ္တိဘာသာပြန်စာအုပ်များကို မြန်မာမှ အင်္ဂလိပ်သို့၊ အင်္ဂလိပ်မှ မြန်မာသို့ ရေးသားပြန်ဆိုခဲ့သည်။ ပြည်တွင်း ပြည်ပဆွေးနွေးပွဲများတွင် သဘာပတိအဖြစ် ဆောင်ရွက်

ခဲ့သည်။ ပါဝင်ဆွေးနွေးခဲ့သည်။

မဟာဝိဇ္ဇာဘွဲ့လွန်ပညာ ပြည်သူ့အုပ်ချုပ်ရေး ဝန်ထမ်းလေ့ကျင့် ပညာပေးရေးလေ့လာရန် အိန္ဒိယ၊ အင်ဒိုနီးရှား၊ စင်ကာပူနိုင်ငံများသို့ လေ့လာရေးခရီးကို ဦးဆောင် သွားရောက်ခဲ့သည်။

အငြိမ်းစားဝန်ထမ်းဟောင်းများအသင်း နာယက၊ သဃ်န်းကျွန်းမြို့နယ်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက၊ စာပေ ညီလာခံ ရွေးချယ်တင်မြှောက်ပွဲ ကော်မရှင်အဖွဲ့ဝင်၊ ပခုက္ကူ ဦးအုံးဖေ စာပေဆုရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်၊ နှင်းဆီကုန်းဘုံးဘွား ရိပ်သာစောင့်ရှောက်ရေးအဖွဲ့ အဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင် ခဲ့သည်။

(၁၉၅၆)ခုနှစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင် လက်မှတ်၊ (၁၉၉၁)ခုနှစ် စီမံထူးချွန်တံဆိပ် (ပထမအဆင့်)၊ (၂၀၀၈) ခုနှစ် ဝိဇ္ဇာပညာထူးချွန် တံဆိပ် (ဒုတိယအဆင့်)များ ချီးမြှင့်ခံရသည်။

(၁၉၉၀)ခုနှစ် စာပေဗိမာန် ဘာသာပြန်စာမူဆု (ပထမဆု)၊ ၂၀၀၅ခုနှစ် ဆရာဝန်တင်ရွှေ စာပေဆု (Myanmar's Attractions and Delights)များ ရရှိခဲ့သည်။

ယခုအခါ ဇနီးဒေါ်ခင်မိမိ M.Sc (Zoology) ကထိက (ငြိမ်း) ရန်ကုန်တက္ကသိုလ်၊ သမီး (၃)ယောက်တို့နှင့်အတူ နေထိုင်လျက် ရှိသည်။

**နေရပ်လိပ်စာ** -အမှတ် ၁၁၉၊ သစ်ရာပင်လမ်းသွယ်(၃)၊ သုဝဏ္ဏမြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၇၉၁၀၄



# ဆရာကြီး ဦးလှမြင့်
# (တက္ကသိုလ်လှမြင့်ဦး)

အဖ ကျောင်းအုပ်ဆရာကြီး ဦးရွှေမြိုင်၊ အမိ ဒေါ်ကျော့မှုံတို့က ၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၌ မွေးဖွားခဲ့သည်။ စာရေးသူ၏ အမည်ရင်းမှာ ဦးလှမြင့်ဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ၁၉၅၆ ခုနှစ်တွင် သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် မြေတိုင်းဦးစီးဌာန၌ မြေတိုင်းဝန်ထောက်အဖြစ် စတင်ထမ်းဆောင်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် မြန်မာ/တရုတ်နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး (ဘာဘစစ်ဆင်ရေး) ၌ အစမှ အဆုံးတိုင် ရှေ့တန်းမြေတိုင်းတာဝန်များကို နယ်စပ်တွင် ထမ်းဆောင်ခဲ့သဖြင့် ၁၉၆၁ ခုနှစ်၌ "ဝဏ္ဏကျော်ထင်" ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။

၁၉၆၈ ခုနှစ်၊ စက်တင်ဘာလတွင် အမေရိကန်ပြည်ထောင်စုသို့ "ဘူမိပမာဏမြေတိုင်းပညာရပ်" ကို တစ်နှစ်တာ သွားရောက်သင်ကြားအောင်မြင်ခဲ့သည်။ ပြန်လည်ရောက်ရှိပြီး မကြာမီ ၁၉၆၉ ခုနှစ်၊ စက်တင်ဘာလတွင်ပင် မြန်မာအိန္ဒိယ နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး (အောင်နိမိတ်စစ်ဆင်ရေး) တွင် မြေတိုင်းတာဝန်ခံအဖြစ် ၁၉၇၂ ခုနှစ်အထိ နယ်တွင် ထမ်းဆောင်ခဲ့ရသည်။ ယင်းလုပ်ငန်း၏ နောက်ဆက်တွဲအဖြစ် ၁၉၇၇ ခုနှစ် တစ်ကြိမ်၊ ၁၉၇၆ ခုနှစ်တွင် နှစ်ကြိမ် အိန္ဒိယနိုင်ငံတွင် သွားရောက်၍ လုပ်ကိုင်ခဲ့သည်။ ၁၉၇၈ ခုနှစ်၊ ဇူလိုင်လ၌ မြန်မာဘင်္ဂလားဒေ့ရှ် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးအတွက် ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်၍ နယ်နိမိတ်စာချုပ် ချုပ်ဆိုရာတွင် အဖွဲ့ဝင်အဖြစ် သွားရောက်ခဲ့သည်။ ၁၉၇၈ ခုနှစ်၊ ဩဂုတ်လတွင် ဥပဒေဝန်ထမ်းအဆင့် (၂) တာဝန်ဝတ္တရားများကို ပြောင်းရွှေ့ထမ်းဆောင်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့သည်။

အငြိမ်းစားယူပြီးနောက် မြေပြင်မြေတိုင်းလုပ်ငန်းကို တည်ထောင်၍ တစ်နိုင်ငံလုံးမြေတိုင်းတာပေးခြင်းအပြင် ဧည့်ခရီးလမ်းပြညွှန်မြေပုံများကို အင်္ဂလိပ်-မြန်မာဘာသာများဖြင့် မြန်မာနိုင်ငံ၌ စတင်၍ ထုတ်ဝေခဲ့သည်။

စာပေနယ်သို့ (၁၉၆၀) ပြည့်နှစ်၊ ရန်ကုန်တက္ကသိုလ် ဥပဒေနှစ်လည်မဂ္ဂဇင်း၌ လှမြင့်အမည်ရင်းနှင့် "မြန်မာနိုင်ငံနှင့် တရားဥပဒေ" ဆောင်းပါးဖြင့် စတင်ဝင်ရောက်ခဲ့ရာ အငြိမ်းစား

ယူပြီးနောက် ၁၉၈၃ ခုနှစ်တွင် "မြေပုံနှင့်အခြေခံသဘော" စာအုပ်ကို စာပေဗိမာန်မှ ထုတ်ဝေခဲ့သည်။


"တိမ်ဦး" ကလောင်အမည်ဖြင့် "မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေးနယ်နိမိတ်တိုင်းတာသတ်မှတ်ရေး ကိုယ်တွေ့မှတ်တမ်း" အခန်းဆက်ဆောင်းပါးကို ရန်ကုန်တိုင်းအပတ်စဉ်ဂျာနယ်၌ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (အတွဲ ၅၊ အမှတ် ၅၀) မှစ၍ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (အတွဲ ၆၊ အမှတ် ၈) အထိ ရေးသားထုတ်ဝေပြီး ယခုအခါ ယင်းစာအုပ်ကို အပြီးရေးသား၍ "ရွှေရတုစစ်ဆင်ရေး" အမည်နှင့် ၂၀၁၀ ပြည့်နှစ် "ထွန်းဖောင်ဒေးရှင်း" ၌ စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စာမူဆုရရှိခဲ့သည်။

၂၀၁၃ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် 'ရွှေရတုဘဘစစ်ဆင်ရေး (သို့) သမိုင်းဝင်မြန်မာတရုတ် ချစ်ကြည်ရေးနယ်နိမိတ်သတ်မှတ်မှုကိုယ်တွေ့မှတ်တမ်း' စာအုပ်ဖြင့် အမျိုးသားစာပေ (နိုင်ငံရေးစာပေ) ဆုကို ရရှိခဲ့ပါသည်။

၂၀၁၁ ခုနှစ် မကုန်မီအတွင်း "နိုင်ငံတကာသုံးကြယ်များရွေးချယ်ဖတ်ရှုနည်း"၊ "တိမ်ဦး" ကလောင်အမည်ဖြင့် ထပ်မံရေးသားပြီး လက်ရှိစာအုပ်ဆိုင်များတွင် တင်၍ ရောင်းချလျက်ရှိနေသည်။ မှူခင်းစုံမဂ္ဂဇင်းတွင် "နေ့စဉ်သုံးဥပဒေ" အခန်းဆက်ဆောင်းပါးများကို (၅) နှစ်ခန့် ရေးသားပြီးစီး၍ စာအုပ်အဖြစ်ဆက်လက်ထုတ်ဝေသွားရေးကိုလည်း စီစဉ်နေသည်။ အခါအားလျော်စွာ "ငွေတာရီမဂ္ဂဇင်း"၊ "ချယ်ရီမဂ္ဂဇင်း" နှင့် "ရွှေအမြုတေမဂ္ဂဇင်း"၊ "ရနံ့သစ်မဂ္ဂဇင်း" တို့၌ ဆောင်းပါးများကိုလည်း

"လှမြင့်ဦး"၊ "တိမ်ဦး" ကလောင်အမည်ဖြင့်လည်း [illegible]သားလျက်ရှိပါသည်။

**နေရပ်လိပ်စာ** - အမှတ် (၈၃)၊ ရွှေဝတ်မှုံလမ်း (မြဝတ်ရည်လမ်းသွယ်)၊ ၂၉-ရပ်ကွက်၊ သုဝဏ္ဏမြို့၊ သယ်န်းကျွန်းမြို့နယ်



ဆရာကြီး ဦးရဲမြင့်
(ရဲမြင့်သစ်တော)

အဖ နယ်စီးတောအုပ်ကြီး ဦးအောင်ဂျမ်း၊ အမိ ဒေါ်စိန်မြ တို့က ၁၉၃၂ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့တွင် ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၌ မွေးဖွားသည်။


မူလတန်းပညာကို သရက်မြို့နှင့်ပန်းတောင်းမြို့တို့တွင် သင်ကြားခဲ့ပြီး အလယ်တန်းနှင့်အထက်တန်းပညာတို့ကို ပြည်မြို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၄၉ ခုနှစ်တို့တွင် တက္ကသိုလ်ဝင် သင်တန်းအောင်မြင်ခဲ့၍ ၁၉၉၅ ခုနှစ်တွင် သိပ္ပံဘွဲ့ (သစ်တော) ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ်တွင် သစ်တောပညာရပ်များအတွက် ထပ်မံ သင်တန်းတက်ခဲ့ရသည်။

၁၉၅၅ ခုနှစ် သစ်တောသိပ္ပံဘွဲ့ရပြီးနောက် သစ်တော ဌာနတွင် သစ်တောဝန်ထောက်အလုပ်ကို စတင်ဆောင်ရွက်ခဲ့ပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အထိ တာဝန်ထမ်းဆောင် ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ညွှန်ကြားရေးမှူးချုပ်ဘဝဖြင့် သက်ပြည့် အငြိမ်းစားယူခဲ့ပါသည်။ ၎င်းနောက် သစ်တောရေးရာဝန်ကြီးဌာန

တွင် အကြံပေးပုဂ္ဂိုလ်အဖြစ် ၁၉၉၂ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

သစ်တောဌာနတွင် အမှုထမ်းခဲ့စဉ်က သစ်တောပညာရေး ဆောင်းပါးများကို သစ်တောရေးရာဝန်ကြီးဌာနမှ ထုတ်ဝေခဲ့သော "ရတနာသစ်မဂ္ဂဇင်း" စိမ်းရောင်လွှင်မဂ္ဂဇင်း (Forestry Magazine) တို့တွင် တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း၊ ထုတ်ဝေသူ အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ အောင်ပင် လယ်လူမှုပတ်ဝန်းကျင်မဂ္ဂဇင်းတွင် နာယကအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ်ထုတ် မြန်မာ့သစ်တော သမားတစ်ဦး၏ ရင်ဖွင့်သံများ စာအုပ်အပါအဝင်လုံးချင်း(၅) အုပ် ရေးသားထုတ်ဝေခဲ့ပြီး ထိုစာအုပ် (၅) အုပ်အနက် ကျွန်တော်မြန်မာ့ သစ်တောသမားနှင့်လက်ရွေးစင်ဆောင်းပါးများ စာအုပ်ဖြင့် ပထမ အကြိမ် ထွန်းဖောင်ဒေးရှင်းစာပေဆုချီးမြှင့်ခံခဲ့ရသည်။ ယခုအချိန်၌ သစ်တောပညာဆောင်းပါးများကို ဂျာနယ်များတွင် ဆက်လက်ရေး သားလျက် ရှိပါသည်။

**နေရပ်လိပ်စာ** - အမှတ် (၈၃)၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။



## ဆရာကြီး ဦးစိုင်းအောင်ထွန်း

အဖ ဦးစံမိုး၊ အမိ ဒေါ်နန်းထွန်းတို့မှ ၁၂၉၄ ခုနှစ်၊ ဝါဆိုလဆန်း (၁)ရက် (၃-၇-၁၉၃၂)နေ့တွင် မွေးဖွားခဲ့ပါသည်။

၁၉၅၂ ခုနှစ်တွင် သီပေါမြို့အစိုးရ အထက်တန်းကျောင်းတွင် ၁၀တန်းအောင်မြင်ခဲ့သည်။ ၁၉၅၇ တွင် ဘီအေဂုဏ်ထူးတန်းအောင်ပြီး သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်တွင် နည်းပြဆရာအဖြစ် စတင်လုပ်ကိုင်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် အမေရိကန်နိုင်ငံတွင် ပညာသင်သွားရောက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံတကာဆက်ဆံရေးပညာရပ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။ (ဒင်ဗာတက္ကသိုလ် ကိုလိုလာဒိုပြည်နယ်) ၁၉၆၁ ခုနှစ်တွင် တောင်ကြီးကောလိပ်သမိုင်းဌာနမှူး၊ မန္တလေးနှင့် ဝိဇ္ဇာတက္ကသိုလ် သမိုင်းဌာနလက်ထောက်ကထိက၊ မကွေးကောလိပ်သမိုင်းဌာနမှူး၊ ပြည်ကောလိပ်ကျောင်းအုပ်ကြီး၊ ၁၉၈၅ ခုနှစ်တွင် နိုင်ငံခြားဘာသာသိပ္ပံကျောင်းအုပ်ကြီး၊ ၁၉၈၅-၈၈ အထိ နိုင်ငံတော်ကောင်စီဝင်၊ ၁၉၉၂-၂၀၀၄ အထိ မြန်မာ့သမိုင်းကော်မရှင် ဒုတိယဥက္ကဋ္ဌ ၊ အမျိုးသားညီလာခံ အခြေခံ ဥပဒေရေးဆွဲရေးနှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ပြုစုရေးသားခဲ့သော စာအုပ်စာတမ်းများမှာ-

1. History of the Shan State from origin to 1962 Chian Mai, Silkworm Books, 2009.
2. Selected writings of U Sai Aung Tun, Ministry of Education, 2004.
3. Myanmar politics, 1958-1962 Vol.IV, Translated from Myanma English, Yangon.
   Dept of Historical Research, 2011.

ဆောင်းပါးများ

1. A multi Ethnic Myanmar and the challenge of the 21st Century.
2. Language of the palace
3. Shan-Myanmar Relation as found in the History and Chronicle.
4. The Tai Ethnic migration and Settlement in Myanmar.
5. The multi Ethnic settlements of the Shan State (Myanmar) along the Mekong River.
6. Khamti Shan and their Traditional Laws (Dhammathat).
7. Traditional culture in the creation of comtemporary of Myanmar.
8. The practical Technique of Vipassana Meditation and other.

နေရပ်လိပ်စာ - သုဝဏ္ဏ၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့



ဦးဟာန်ဒွေး (သုတေသန)

၁၉၃၀ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကြို့ပင်ကောက်မြို့၌ ဖွားမြင်ခဲ့ပြီး၊ သာယာဝတီမြို့ ABM ကျောင်းမှ ၁၉၄၆ တွင် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေဘွဲ့ ရရှိခဲ့သည်။ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်တွင် သုတေသနပြုနည်း၊ စာကြည့်တိုက်ပညာ၊ ကမ္ဘာ့ ဘာသာကြီးများမှ နှိုင်းယှဉ်ချက်တို့ကို သင်ယူခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ သုတေသနဒီပလိုမာဘွဲ့ ရရှိခဲ့သည်။ သာသနာရေးဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူခဲ့ပြီး သက်ပြည့်အငြိမ်းစားယူပြီးနောက် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တာမွေ၊ နတ်ချောင်း၊ မဟာသန္တိသုခကျောင်းတွင် ရဟန်းသံဃာလူပုဂ္ဂိုလ်များအား ဗုဒ္ဓဘာသာတရားစာပေများ အင်္ဂလိပ်စာ သင်ကြားခဲ့သည်။

ရေးသားပြုစုခဲ့သော ကျမ်း၊ စာအုပ်များမှာ ဗုဒ္ဓဘာသာ (ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်စာတမ်း)၊ ဝေဘူကမ္မဋ္ဌာန်း (အင်္ဂလိပ်

ဘာသာပြန်)၊ တောင်ပုလုဝိပဿနာ (အင်္ဂလိပ်ဘာသာပြန်)၊ စွန်းလွန်းကျင့်စဉ်နှင့် ကိုယ်တွေ့အမြင် (မြန်မာ)၊ ဗုဒ္ဓဘာသာကောင်း တစ်ယောက် (အင်္ဂလိပ်ဘာသာပြန်)၊ ဗုဒ္ဓဘာသာအပေါ် နိုင်ငံခြားသုတေသီများအမြင် (အင်္ဂလိပ်-မြန်မာ)၊ ရှိုးစတိန်းဝိပဿနာ (မြန်မာ)၊ အမြိုက်ဝိပဿနာကမ္မဋ္ဌာန်း (အင်္ဂလိပ်ဘာသာပြန်)၊ မဟာစည် ညောင်ကန်အေးဆရာတော် ဝိပဿနာရှုနည်းစာအုပ် (အင်္ဂလိပ်ဘာသာပြန်)၊ ဒဿနပါရဂူကျမ်း (အင်္ဂလိပ်ဘာသာပြန်)၊ နိဗ္ဗာနမဂ္ဂအာနာပါန ဝိနိစ္ဆယ (ခေါ်) ဓမ္မစကျူကျမ်း (အင်္ဂလိပ်ဘာသာပြန်) စသည်တို့ဖြစ်သည်။

ဗုဒ္ဓဓမ္မလောကစာစောင်တွင် ဆောင်းပါး (၂၀၀) ခန့်၊ ဓမ္မရောင်ခြည် (သာသနာရေးဦးစီးဌာန) တွင် ဆောင်းပါး (၄၀၀) ခန့် ရေးသားခဲ့ပြီး ရတနာမွန်၊ မြတ်မင်္ဂလာ၊ အပ္ပမာဒ စသည့် ဘာသာရေးမဂ္ဂဇင်းတို့တွင် ဆောင်းပါးများစွာ ရေးသားခဲ့သည်။ ရတနာသုံးပါးဆိုင်ရာ ဗုဒ္ဓစာပေများ ဆက်လက်ရေးသားနေဆဲဖြစ်သည်။

ကလောင်အမည်မှာ ဦးဟန်ငွေး (သုတေသန) ဖြစ်ပြီး ကလောင်ခွဲမှာ မင်းငွေးဖြစ်သည်။ စာရေးဆရာအသင်းဝင်အမှတ် ၃၁၇၄ ဖြစ်သည်။ ဒုတိယအကြိမ် ချမ်းအေးဓမ္မစာပေ စာပေပြိုင်ပွဲတွင် (သာသနာပြုခြင်း) ခေါင်းစဉ်ဖြင့် အထူးဆုရရှိခဲ့ပြီး ချမ်းအေးသက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ပွဲ တစ်ကြိမ် ရရှိခဲ့သည်။

နေရပ်လိပ်စာ - တိုက် -၂၊ အခန်း ၅၃၊ မလိခအိမ်ရာ၊
ရတနာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။



## ဗိုလ်မှူးကြီးညွန့်ဆွေ(ငြိမ်း) (မောင်ဆွေသက်)

၁၉၃၅ ခုနှစ်၊ အောက်တိုဘာလတွင် စစ်ကိုင်းမြို့၌ အဖ ခရိုင်ရဲဝန် ဦးငွေဆိုင် (စာရေးဆရာငွေစိုး)၊ အမိ ဒေါ်ဆင့် တို့က မွေးဖွားခဲ့သည်။

၁၉၅၄ ခုနှစ်၊ မတ်လတွင် တပ်မတော်သို့ ဗိုလ်လောင်းအဖြစ် ဝင်ရောက်ခဲ့သည်။ ၁၉၅၅ ခုနှစ်၊ ဇန်နဝါရီလတွင် တပ်မတော်ပြန်တမ်း ဝင်အရာရှိဖြစ်သည်။ ဗမာ့တပ်မတော် ဗိုလ်သင်တန်းကျောင်း နည်းပြအရာရှိအဖြစ်လည်းကောင်း၊ အမှတ် (၁၀၅) ခြေမြန်တပ်ရင်း၊ တပ်စုမှူး၊ တပ်ခွဲမှူး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ စစ်ဦးစီးမှူး (တတိယတန်း)အဖြစ်လည်းကောင်း၊ အမှတ် (၄၇) ခြေလျင်တပ်ရင်း၊ တပ်ခွဲမှူး (ဗိုလ်မှူး)အဖြစ်လည်းကောင်း၊ မဟာဗျူဟာကွပ်ကဲမှုဌာနချုပ်၊ စစ်ဦးစီးမှူး (ဒုတိယတန်း)အဖြစ်လည်းကောင်း၊ အမှတ် (၄) ခြေလျင်တပ်ရင်း (ဖိုးဂေါ် ရခါးတပ်) တပ်ရင်းမှူး၊ အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် ညှိနှိုင်းကွပ်ကဲရေးမှူး၊ နည်းဗျူဟာမှူး၊ ဒုတိယတပ်မမှူး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူးအဖြစ်လည်းကောင်း၊ ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကုန်သွယ်ရေး

ဝန်ကြီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၈၆ ခုနှစ်၊ မေလတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် (ဒုတိယဝန်ကြီး) အဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်၊ မေလတွင် ဒုတိယဝန်ကြီးအဆင့်မှ အငြိမ်းစားယူခဲ့ပြီး နိုင်ငံရေးပင်စင် အပြည့်ရရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

စာပေလှုပ်ရှားမှုအဖြစ် ၁၉၅၁-၅၂ ခုနှစ်များတွင် ဖုန်းညွှန့်အေးအမည်နှင့် ကဗျာရေးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် နဝဒေးမဂ္ဂဇင်းတွင် ဝတ္ထုတိုစရေးသည်။ ၁၉၇၈ ခုနှစ်တွင် မောင်ဆွေသက်အမည်ဖြင့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများကို ဆက်လက်ရေးသားနေသည်။ (ဇနီးသရက်မသက်ဆွေနှင့်အတူ ပေါ်ပြူလာနယူးစ် ဂျာနယ်တွင် အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိသည်။

လူမှုရေးလုပ်ငန်းများအဖြစ် ၁။ ကမ္ဘာ့ရတနာဘဏ် (ယခင်မွေး/ရေဘဏ်) ဒါရိုက်တာအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာ-ထိုင်းချစ်ကြည်ရေးအသင်း၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်းတာဝန်ထမ်းဆောင်ခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၄၄-A)၊ အင်ကြင်းမြိုင်လမ်း၊
သုဝဏ္ဏ၊ သယ်ာန်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၉၅၁-၅၇၈၇၁၆၊ ၅၇၇၁၂၆



## ဆရာမကြီး သရက် မသက်ဆွေ
## (ယုဝတီကလောင်ရှင် သက်မှူ)

အဖ ဦးအောင်သိန်းနှင့် အမိဒေါ်နီတို့က ၁၉၃၇ ခုနှစ်၊ မေလ (၈) ရက်နေ့တွင် သရက်မြို့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ပြီး ပြည်သူ့သိပ္ပံ၊ Sacred Heart၊ ဆရာဆော်လမွန်စသော ကျောင်းများတွင် အထက်တန်းပညာသင်ကြားပြီး ၁၉၅၆ တွင် တက္ကသိုလ်ဝင်တန်းအောင်သည်။ လက်ထောက်ငွေစာရင်းဝန်ရုံး (ရန်ကုန်) ၌ အလုပ်လုပ်ရင်း သက်ကြီးတက္ကသိုလ်မှ ဥပစာဝိဇ္ဇာတန်းအောင်သည်။ အိမ်ထောင်ကျပြီး ပညာဆက်သင်ရာ ၁၉၆၆ ခုနှစ်တွင် ပထမဆုံးမြန်မာစာအဓိကနှင့် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ကျောင်းဆရာမတာဝန်ထမ်းဆောင်ရင်း ခင်ပွန်းသည် ပြောင်းရွှေ့နေရာများသို့ လိုက်ပါခဲ့ရသဖြင့် မကြာခဏ ကျောင်းပြောင်းရွှေ့ရသည့် အခက်အခဲများကြောင့် လုပ်သက် (၅) နှစ်ခန့်နှင့် အလုပ်ထွက်ခဲ့ရသည်။

၁၉၅၃ ခုနှစ်တွင် “သက်မှူ” ကလောင်အမည်နှင့် တိုင်းရင်းမေဂျာနယ်တွင် ကဗျာများစတင်ရေးသားခဲ့သည်။ ၁၉၅၇ ခုနှစ်စတွင် ယုဝတီဂျာနယ်၌ ကဗျာ၊ ဝတ္ထုပေါင်းစုံပါဝင်ရေးသားခဲ့ပြီး ၁၉၅၈ နှစ်ဆန်းတွင် ယုဝတီကလောင်ရှင်ဘွဲ့ရခဲ့သည်။

“သက်မှူ၊ ယုဝတီကလောင်ရှင်သက်မှူ၊ တက္ကသိုလ် ဆွေ

သက်ဝေ၊ သရက် မသက်ဆွေ" စသော ကလောင်ခွဲများနှင့် မြဝတီ၊ ငွေတာရီ၊ နဝဒေးစသော မဂ္ဂဇင်းများနှင့် စစ်ပြန်၊ မဟေသီရောင်ပြန်၊ ရွှေအမြုတေ၊ ရတီစသည့် မဂ္ဂဇင်းများစွာတို့၌ ကဗျာဝတ္ထုများ ရေးခဲ့ဖူးသည်။ အလင်းတန်း၊ အချစ်၊ မဟာ၊ လျှပ်တစ်ပြက်စသော ဂျာနယ်များ၌လည်း မကြာခဏရေးခဲ့သည်။

ယခင်ငယ်စဉ်ကပင် ကဗျာမြို့တော် မဂ္ဂဇင်း၊ ဒီမိုကရေစီ ဂျာနယ်၊ သားကောင်းတမန်၊ ဖောင်ကြီးနှစ်ပတ်လည်မဂ္ဂဇင်းတို့၌ ကြိုးကြားကြိုးကြားရေးခဲ့ပါသည်။

မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ၊ အမျိုးသမီးအားကစား အဖွဲ့ချုပ်ဗဟိုဌာနများ၌လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခု ချိန်တိုင် စန္ဒီဒေဝီသူနာပြု ဝန်ဆောင်ဌာန၌လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ပေါ်ပြူလာနယူးစ် ဂျာနယ်၌လည်း ခင်ပွန်း သည်မောင်ဆွေသက်နှင့်အတူ အကြံပေး အဖွဲ့ဝင် ဖြစ်ပါသည်။

အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တင်ဆက်သော "အလှဆုံး အချိန်ပြဇာတ်" ကို ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင် ဦးစီး၍ ဖြစ်မြောက်ရေးအဖွဲ့ခေါင်းဆောင်အနေဖြင့်အောင်မြင်စွာ တင် ဆက်ခဲ့ပါသည်။

၂၀၁၀ ခုနှစ်တွင် ခင်ပွန်းဖြစ်သူ မောင်သက်ဆွေနှင့်တွဲပြီး "ရွှေလက်ဆောင်" ဝတ္ထုစုစည်းမှုထုတ်ဝေခဲ့သည်။

၂၀၁၄ ခုနှစ်တွင် မြေးအရွယ်ခေတ်ပေါ် ကဗျာဆရာကြီး များနှင့်တွဲ၍ "မြေးတွေနဲ့ဘွားမေရဲ့စိတ်အမြုတေ" ကဗျာစုစည်းမှု ကို ထုတ်ဝေခဲ့ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း အဖွဲ့ဝင်အမှတ် (၇၂၈၈) ဖြစ်ပါသည်။

**နေရပ်လိပ်စာ** - အမှတ် (၄၄-A)၊ အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။



ဆရာကြီး ဦးရဲဒွေး

အဖ ဦးဖိုးလတ် (ယဉ်ကျေးမှုအတွင်းဝန်)၊ အမိ ဒေါ်လှရွှေ တို့က ၁၉၃၆ ခုနှစ်၊ ဩဂုတ်လတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်ခြံ လွင်မြို့၌ မွေးဖွားခဲ့သည်။

၁၉၅၁ ခုနှစ်မှစတင်၍ မြန်မာသီချင်းကြီးများကို စန္ဒရားဖြင့် ဆရာမြိုင်ထံမှလည်းကောင်း၊ အနောက်တိုင်း ဂန္တဝင်ဂီတကို လတ် ဗီးယားလူမျိုး မဟာယာနဘုန်းတော်ကြီး ရှင်အာနန္ဒထံမှလည်း ကောင်း၊ သင်ကြားခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ချက်ကိုစလိုဗက် နိုင်ငံ ရုပ်သေးမွမ်းမံသင်တန်းသို့ တက်ရောက်ခဲ့သည်။

၁၉၆၅ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ဒဂုံအောင်အမည်ရှိ ရုပ်သေးအဖွဲ့ တည်ထောင်ကပြခဲ့သည်။ ၁၉၇၅ ခုနှစ်မှစ၍ သဘင်နှင့်ရုပ်သေးဆောင်းပါးများကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာ ဖြင့် စတင်ရေးသားခဲ့သည်။

၁၉၈၀ ပြည့်နှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာနိုင်ငံသဘင် ကောင်စီ စည်းရုံးရေးအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၃ ခုနှစ်-၁၉၆၆ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်-၂၀၀၇ ခုနှစ်များတွင် အမျိုးသားညီလာခံ အသိပညာရှင်/အတတ်ပညာရှင်များ အစု အဖွဲ့၌ ပါဝင်ခဲ့ပြီး ၁၉၃၃ ခုနှစ်မှစတင်၍အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများနှင့် ၂၀၀၂ ခုနှစ်မှစတင်၍ ရုပ်သေးအကဲဖြတ်

လုပ်ငန်းအဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် လူမှုထူးချွန် (ပထမအဆင့်) ချီးမြှင့်ခြင်းခံရသည်။

၂၀၁၂ ခုနှစ်တွင် Marionettes of Myanmar စာမူဖြင့် စာပေဗိမာန်စာမူဆု၊ အင်္ဂလိပ်ဘာသာ (သုတ) ပထမဆု ရရှိခဲ့သည်။ ယင်းစာအုပ်ဖြင့် ၂၀၁၃ ခုနှစ်တွင် အမျိုးသားစာပေဆု ချီးမြှင့်ခံရသည်။

မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဆိုင်း၊ ဇာတ်၊ အငြိမ့်၊ ရုပ်သေးသဘင်များနှင့်ပတ်သက်၍ စာအုပ်များပြုစုလျက်ရှိပါသည်။

အမည်ရင်း ဦးရဲဒွေးဖြစ်သည်။

နေရပ်လိပ်စာ - တိုက် T-1၊ အခန်း ၁၀၁၊ သုမင်္ဂလာအိမ်ရာ ၂၊ နန္ဒင်းကုန်းရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



**ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း (ငြိမ်း)**
**ကျော်စောဟန်**

အဖ ဦးသွင်၊ အမိ ဒေါ်နှဲ့တို့က ၁၂၉၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၉) ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်းဆယ်ယောက်အနက် သတ္တမမြောက်သားဖြစ်သည်။ အမည်ရင်းမှာ ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း (အငြိမ်းစား) ဖြစ်သည်။ ၁၉၅၆ ခုနှစ်တွင် အမှတ် (၂) အစိုးရအထက်တန်းကျောင်း၊ ကြည့်မြင်တိုင် (ဟုမ်းလမ်း) မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။ အလွတ်ပညာသင်ကျောင်းများတွင် တက္ကသိုလ်ဝင်တန်းအဆင့်ကို မြန်မာစာသင်ကြားပို့ချခဲ့သည်။

၁၉၆၄ ခုနှစ်တွင် တပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉) (မှော်ဘီ) တွင် သင်တန်းတက်ရောက်ခဲ့သည်။ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာ (၁၇) ရက်နေ့တွင် ပြန်တမ်းဝင်အရာရှိ ဒုတိယဗိုလ်အဖြစ် ခန့်အပ်ခြင်းခံရပြီး၊ အမှတ် (၂) ကချင်သေနတ်ကိုင်တပ်ရင်း (ဘားအံ) နှင့် အမှတ် (၃) ကချင်

သေနတ်ကိုင်တပ်ရင်း (ဖြူးမြို့) (ကွန်လုံမြို့) တို့တွင် တပ်စုမှူး/တပ်ခွဲမှူးအဖြစ်လည်းကောင်း၊ စစ်ဦးစီးမှူး (တ) ဗိုလ်ကြီးတာဝန်ဖြင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ကာကွယ်ရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ အမှတ် (၁) ဗမာ့သေနတ်ကိုင်တပ်ရင်းတွင် တပ်ခွဲမှူးအဖြစ်လည်းကောင်း အဆင့်ဆင့် အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၇ ခုနှစ်တွင် အမှတ် (၂၀) ခြေလျင်တပ်ရင်း (စစ်တွေ) တွင် တပ်ခွဲမှူး (ဗိုလ်မှူး)အဖြစ်လည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် အမှတ် (၃၄) ခြေလျင်တပ်ရင်း (ကျောက်ဖြူ) တွင် ဒုတိယတပ်ရင်းမှူးအဖြစ်လည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် အမှတ် (၁၄) ခြေမြန်တပ်ရင်း (ကျောက်ဆည်) တွင် တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီးအဖြစ်လည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးရာဌာနခွဲတွင် စစ်ဦးစီးမှူး(ပထမတန်း) အဖြစ် လည်းကောင်း တာဝန်များအသီးသီးထမ်းဆောင်ခဲ့သည်။

၁၉၈၈ ခုနှစ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံးနှင့် ဥက္ကဋ္ဌရုံးတို့တွင် အထူးအရာရှိအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ် နိုဝင်ဘာလမှစ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဥက္ကဋ္ဌရုံးတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဩဂုတ်လ (၄) ရက်နေ့တွင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ စစ်မှုထမ်းကောင်းတံဆိပ်နှင့် စီမံထူးချွန်တံဆိပ် (ပထမဆင့်) ကို နိုင်ငံတော်က ချီးမြှင့်ခဲ့သည်။

၁၉၆၇ ခုနှစ်မှစ၍ ရဲဘော်ညီညီကလောင်အမည်ဖြင့် ငွေတာရီ မြဝတီ လမ်းစဉ်သတင်းဂျာနယ် မန္တလေး ဟံသာဝတီသတင်း

စာတို့တွင် ကဗျာများ ကြိုကြားကြိုကြားရေးသားခဲ့သည်။ ၁၉၈၅ ခုနှစ်မှစ၍ ကျော်စောဟန်ကလောင်အမည်ဖြင့် ငွေတာရီ မြဝတီ မဂ္ဂဇင်း၊ မြဝတီဂျာနယ်၊ ရွှေမြန်မာဂျာနယ်နှင့် နှစ်ပတ်လည်မဂ္ဂဇင်းများတွင်လည်းကောင်း၊ မြန်မာ့အလင်း၊ ကြေးမုံနေ့စဉ် သတင်းစာများတွင် ကျော်စောဟန်၊ မောင်ဖိုးထောင် ကလောင်အမည်များဖြင့်လည်းကောင်း၊ ယနေ့တိုင် ကဗျာများရေးသားလျက်ရှိသည်။

ကျော်စောဟန်၊ စောဟန်နိုင်၊ မောင်မင်းစိုး အမည်များဖြင့် သတင်းစာများ၊ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါးများလည်း ရေးသားခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် "ဗေဒါ၏ မုဒိတာနှင့် ခြွေခြွေ ခူးခူးဝေဦးမှာ ကဗျာစု" စာအုပ်ဖြင့် အမျိုးသားစာပေ (ကဗျာပေါင်းချုပ်) ဆုကို နိုင်ငံတော်က ချီးမြှင့်ခဲ့သည်။

ယခုအခါ အမှတ် ၁၁၄၊ သစ်ရာပင်လမ်း၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်တွင် နေထိုင်ရင်း စာပေများကို ဆက်လက် ရေးသားလျက်ရှိသည်။



## ဆရာမကြီး ဒေါ်ကြန် (မကြန်)

အဖဦးကျော်ထွန်း၊ အမိ ဒေါ်ငွေနှစ်တို့မှ ၁၂၈၃ခုနှစ်၊ ဝါဆိုလဆန်း (၁)ရက် (၁-၇-၁၉၁၉)နေ့တွင် သံတွဲမြို့၌ မွေးဖွားသည်။ သံတွဲမြို့အစိုးရဟိုက်စကူးကျောင်းမှ ဟိုက်စကူးဖိုက်နယ် ခေါ် ဆယ်တန်းကို ၁၉၃၅ခုနှစ်တွင် (က)အဆင့်မှ အောင်မြင်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်၍ ပညာဆက်လက်ဆည်းပူးခဲ့သည်။ S.class ခေါ် အထူးတန်းအခွင့် အရေးရသဖြင့် သုံးနှစ်နှင့် ဝိဇ္ဇာဘွဲ့ကို ၁၉၅၄ခုနှစ်တွင် ရခဲ့သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြအဖြစ် (၂)နှစ် ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၅၆ ခုနှစ်တွင် သမိုင်းကော်မရှင် (နောင် သမိုင်းသုတေသနဦးစီးဌာန)တွင် ကျမ်းပြုအရာရှိအဖြစ် ခန့်ထားခံရသည်။ ထိုသို့ အမှုထမ်းရင်း သမိုင်းမဟာဝိဇ္ဇာတန်းကို တက်ရောက်၍ ၁၉၅၉ခုနှစ်တွင် မဟာဝိဇ္ဇာ (သမိုင်း)ဘွဲ့ရသည်။

နိုင်ငံသမိုင်းသုတေသနဦးစီးဌာနတွင် အကြီးတန်းသုတေသန မှူးအဖြစ် အမှုထမ်းစဉ် မြန်မာ့သမိုင်း ကူးယူစုဆောင်းရေး စီမံကိန်း အရ ၁၉၅၇ခုနှစ်နှင့် ၁၉၅၉ခုနှစ်များတွင် အင်္ဂလန်နိုင်ငံသို့

သွားရောက်တာဝန်ထမ်းဆောင်ခဲ့ရသည်။ ၁၉၇၇နှစ်တွင် Cultural Award Scheme ဖြင့် ဩစတေးလျနိုင်ငံမြို့ကြီးများသို့ သွားရောက်လေ့လာရသည်။ သက်ပြည့်အငြိမ်းစားယူပြီးနောက် သမိုင်းသုတေသန မှာပင် အကြံပေးပုဂ္ဂိုလ်အဖြစ် (၄)နှစ်ဆက်လက် တာဝန်ထမ်းသည်။

သမိုင်းသုတေသန စာတမ်းကြီးငယ်များ၊ ဆောင်းပါးများ ရေးသားသည်။ မြန်မာနိုင်ငံအခြေအနေ (၁၈၈၅-၈၆)နှင့် ပဒေသရာဇ် မြန်မာနိုင်ငံဇာတ်သိမ်း စာအုပ်တို့ကို ပြုစုသည်။ 'ဘင်္ဂလားသွားစာတမ်း'၊ 'ရတနာသိခ်ထွက် ရဲတင်းမော်ကွန်း' တို့ကို တည်းဖြတ်သည်။ 'ရွှေတိဂုံစေတီတော်မြတ်ကြီးမှ ကြေးအုတ်များ' စာတမ်းကို ဒေါက်တာရီရီနှင့် ပူးတွဲတင်ပြသည်။ မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေး (၁၈၈၆-၁၈၉၇)လက်ရေးစာမူကို အငြိမ်းစားယူစဉ်က ရုံးသို့အပ်ခဲ့သည်။ မြန်မာနိုင်ငံအခြေအနေ (၁၈၈၅-၈၆)စာအုပ်ဖြင့် ၁၉၇၈ခုနှစ် အမျိုးသားစာပေဆု (ပထမဆု)၊ ၂၀၀၂ 'သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ' စာအုပ်ဖြင့် အမျိုးသားစာပေဆု (သုတဝိဇ္ဇာဆု)၊၂၀၀၃ 'မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး' စာအုပ်ဖြင့် အမျိုးသားစာပေဆု (သုတဝိဇ္ဇာဆု)၊ ၂၀၀၅'ကိုလိုနီခေတ်ဦး ကျေးရွာအုပ်ချုပ်ရေး (၁၈၈၆-၉၇)' စာအုပ်ဖြင့်အမျိုးသားစာပေဆု (သုတဝိဇ္ဇာဆု)နှင့် ၂၀၀၆ အမျိုးသားစာပေ တစ်သက်တာဆုတို့ ချီးမြှင့်ခံရသည်။ ၂၀၁၁ခုနှစ်တွင် **စည်သူဘွဲ့** ချီးမြှင့်ခြင်းခံရသည်။

အငြိမ်းစားယူပြီးနောက် အမှတ် (၁)စက်မှုဝန်ကြီးဌာနတွင် 'မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်း' (၆-အုပ်)ကို အကြံပေးပုဂ္ဂိုလ်အဖြစ် ဝင်ရောက်ရေးသားပြုစုခဲ့သည်။

ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မြန်မာစာစစ်အဖွဲ့ဦးစီးဌာနတွင် အချိန်ပြည့်မြန်မာစာအဖွဲ့ဝင်အဖြစ်တာဝန်ထမ်းဆောင်လျက်ရှိသည်။

**နေရပ်လိပ်စာ** - တိုက်-၅၊ အခန်း ၂၀၂ ရတနာမွန်လမ်းမကြီး၊ ၄ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။



ဆရာကြီး ဦးတင်မောင်ဌေး (ဌေးမောင်တင်ဦး)

(၁၉၃၁)ခုနှစ်၊ ဇူလိုင်လ (၅)ရက် သံတွဲမြို့၌ ဦးဦးသာနှင့် ဒေါ်အောင်တို့မှ ဖွားမြင်ခဲ့သည်။ သံတွဲမြို့ ဇာတိဖြစ်ပြီး ငယ်မည်မှာ 'ကိုလေး' ဖြစ်သည်။

မဟာဝိဇ္ဇာ (ဂုဏ်ထူး) ပထမရွှေတံဆိပ်ဆုရသည်။ မြန်မာစာဂုဏ်ထူးတန်း၊ ကျောင်းသားဘဝမှ မြန်မာစာဌာန ဆရာဘဝအထိ ဦးတင်မောင်ဌေး၊ ဌေးမောင်တင်ဦး၊ နောင် 'သာအောင်' စသည့် ကလောင်အမည်များဖြင့် စာများစွာ ရေးခဲ့သည်။ မြဝတီမဂ္ဂဇင်း၊ မြန်မာစာကျာနယ်များ၊ မြန်မာနိုင်ငံ သုတေသနအသင်း၊ စာပေဗိမာန် စာတမ်းဖတ်ပွဲများ၌ စာတမ်းများ ပြုစုရေးသား ဖတ်ကြားခဲ့သည်။ မြန်မာစာဌာမှ ကထိကရာထူးဖြင့် အငြိမ်းစား ယူခဲ့သည်။

အငြိမ်းစားယူပြီးသည့်နောက် Ph.D ပါရဂူဘွဲ့ကြိုသင်တန်းများတွင် သင်ကြားပေးခြင်း၊ ပါရဂူစာတမ်းများ၊ ပါရဂူကျမ်းများကို ကြီးကြပ်စစ်ဆေးပေးခြင်း ပြုလုပ်ခဲ့သည်။

နေရပ်လိပ်စာ - အခန်း(၁၀၄)၊ တိုက် (၁၇)၊ မြနန္ဒာအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။



## ဆရာကြီး ဦးလှရွှေ (လှရွှေ-လှည်းကူး)

အဖ ဦးချစ်ဦး၊ အမိ ဒေါ်သိန်းမေတို့က ၁၂၉၁ ခု၊ ပြာသို လဆုတ် (၂) ရက်နေ့တွင် ပြည်တော်သာ (၈) လမ်း၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၌ မွေးဖွားခဲ့သည်။

၁၃၁၅ ခုနှစ်တွင် ထိုစဉ်က တက္ကသိုလ်ဗျူဟာ၊ ဗမာ့ခေတ်၊ မိုးကြိုး၊ ဟံသာဝတီ၊ ထွန်းနေ့စဉ်၊ ရန်ကုန်၊ ကြေးမုံ၊ မြန်မာ့အလင်း၊ နှစ်ဘက်ချွန်၊ ဘားမင်း-သတင်းစာများတွင် သတင်းနှင့်ဆောင်းပါးများ ရေးသားခဲ့သည်။

(၁၉၈၈) ခုနှစ် နောက်ပိုင်းတွင် ကြေးမုံ၊ မြန်မာ့အလင်း၊ ပြည်ထောင်စုနေ့စဉ်၊ သတင်းစာများနှင့် လက်ရှိကြေးမုံ၊ မြန်မာ့အလင်း၊ ပြည်ထောင်စုနေ့စဉ် သတင်းစာ၊ ပြည်မြန်မာဂျာနယ်၊ မှုခင်းမဂ္ဂဇင်း၊ ရောင်ပြန်မဂ္ဂဇင်းတို့တွင် ဆောင်းပါးနှင့် ဝတ္ထုတိုများ ရေးသားနေပြီး (၁၉၆၆) ခုနှစ်က ရွှင်ကြည်ကြည် စာပေတိုက်မှ အန္တရာယ်ကြားမှ သတင်းသမား၊ ၁၉၆၇ ခုနှစ်က ခေတ်ပြင်စာပေတိုက်မှ သတင်းထောက်မှတ်တမ်း၊ ၁၉၆၈ ခုနှစ်မှ ပင်းယစာပေ

တိုက်မှ ဘယ်မှာ၊ ဘယ်လို၊ ဘယ်သို့ စသော ဝတ္ထု (၃) အုပ် ထုတ်ဝေဖြန့်ချိခဲ့ပါသည်။

ယခုအခါ ပြည်တော်သာ (၈) လမ်း၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့နယ်တွင် မိသားစုနှင့် နေထိုင်လျက်ရှိပါသည်။



ဆရာကြီး ဦးမောင်မောင် (ဂုရုအောင်)

အဖ ကျောင်းဆရာကြီး ဦးနောက်၊ အမိ ဒေါ်စိန်ထားတို့က ၁၂၉၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းတိုက်နယ်၊ ငှက်ပျောတောကျေးရွာ၌ မွေးဖွားခဲ့သည်။ မွေးချင်း ညီအစ်ကိုနှစ်ယောက်အနက် အကြီးဖြစ်သည်။

ငယ်စဉ်က ကျွဲဇင်း ရွာဦးဘုန်းတော်ကြီးကျောင်းတွင် လောကုတ္တရာစာပေများကို စတင်သင်ကြားခဲ့သည်။ အသက် ၁၉ နှစ်အရွယ်တွင် ရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပြီး ပထမငယ်နှင့် ပထမလတ်စာမေးပွဲများ ဖြေဆိုအောင်မြင်ခဲ့သည်။ ထို့နောက် လူထွက်ကာ အလွတ်ပညာသင်ကျောင်းတွင် အင်္ဂလိပ်- မြန်မာ ဒသမတန်းအထိ ပညာသင်ကြားခဲ့သည်။ ထို့နောက် နိုင်ငံကျော် လျှပ်စစ်ဗေဒင်ဆရာကြီး ဦးအုန်းသင်ထံတွင် (၃) နှစ်တိတိ ဗေဒင်ပညာရပ်များကို သင်ယူတတ်မြောက်ခဲ့သည်။

ဗေဒင်ဟောပြောခြင်းနှင့် ဗေဒင်ပညာရပ်ဆိုင်ရာ ဆောင်းပါးများကို အလျဉ်းသင့်သလို ရေးသားခြင်းကို ယနေ့တိုင်

လုပ်ကိုင်ဆောင်ရွက်နေဆဲ ဖြစ်သည်။ ဆောင်းပါးပုဒ်ရေ (၁၀၀) ကျော်ကိုလည်း မဂ္ဂဇင်း၊ ဂျာနယ်တို့တွင် ရေးသားခဲ့ပြီးဖြစ်ပါသည်။

လင်းလက်ကြယ်စာပေကို တရားဝင်မှတ်ပုံတင်ဖြင့် ကိုယ်တိုင်ဦးစီး ဆောင်ရွက်လျက်ရှိပြီး ကိုယ်တိုင်ရေးဗေဒင်ပညာရပ်ဆိုင်ရာ စာအုပ်များကို ရေးသားထုတ်ဝေခဲ့ပြီး ဆက်လက်ထုတ်ဝေသွားရန် စီစဉ်လျက်ရှိပါသည်။ ထို့အပြင် လှိုင်သာယာမြို့နယ် စာရေးဆရာ အသင်း၏ နယကတာဝန်ကိုပါ ထမ်းဆောင်လျက် ရှိပါသည်။

နေရပ်လိပ်စာ - လင်းလက်ကြယ်စာပေတိုက်၊ ၁၂၈ (က)၊ မြသီရိလမ်း၊ ၁၆ ရပ်ကွက်၊ လှိုင်သာယာ။



## ဆရာကြီး ဗိုလ်ကလေးတင့်အောင်

ဖျာပုံခရိုင်၊ ဘိုကလေးမြို့၊ ဒုတိယလမ်းနေ ဦးဘသင်၊ ဒေါ်ဖွားသိန်းတို့မှ ၁၂၈၄ခု၊ နယုန်လဆန်း ၉ရက် (၃-၆-၁၉၂၂)နေ့တွင် ဖွားမြင်သည်။

ဘိုကလေးမြို့၊ ကျုံမငေးမြို့၊ ကျိုက်လတ်မြို့များတွင် ပညာသင်ကြားခဲ့သည်။ ၁၉၃၈ခုနှစ် (၈)တန်းအထိ ပညာသင်ယူခဲ့ပြီး ကျောင်းထွက်ခဲ့သည်။ ၁၉၄၀ပြည့်နှစ်၌ ဂီတပညာလေ့လာ၍ သီချင်းများကို စတင်ရေးသားခဲ့သည်။

၁၉၄၇ခုနှစ်တွင် ရေဘေးပြဿနာသီချင်းများရေးသား အသံလွှင့်ခဲ့သည်။ ၁၉၄၈-၄၉ တွင် ဘိုကလေးမြို့၌ စင်တင်ပြဇာတ်များ တင်ဆက်ခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ရန်ကုန်မြို့သို့ပြောင်းရွှေ့လာကာ ဒဂုန်ဆရာတင်ထံ၌ ပြဇာတ်ပညာသင်ကြား၍ ပြဇာတ်သီချင်းရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ တွဲဖက်- ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သည်။ ဝင်းဝင်းပြဇာတ်ရုံ၌ ပြဇာတ်ဇာတ်ညွှန်းပေါင်း (၅၀)ခန့် ရေးသားတင်ဆက်ခဲ့သည်။

၁၉၅၇ခုနှစ်တွင် ရုပ်ရှင်ဘက်သို့ကူးပြောင်းကာ ဇာတ်ညွှန်း (၂၂)ထုပ်ရေးသားခဲ့ပြီး ကိုယ်တိုင်ဒါရိုက်တာအဖြစ် ဇာတ်ကား (၁၂) ထုပ်ရိုက်ကူးခဲ့သည်။

၁၉၅၈ခုနှစ်တွင် ရန်ကုန်မြို့သို့ပြောင်းရွှေ့လာကာ သတင်းစာဆောင်းပါးများစွာ ရေးသားခဲ့သည်။ (၁၉၈၀-၈၂)အထိ ဂီတပဒေသာ မဂ္ဂဇင်း၌ ပန်းဝက်ပါ ဆောင်းပါးရှည်ရေးသားခဲ့သည်။ အဆိုပါ ဆောင်းပါးများကို စုပေါင်း၍ စာအုပ်အဖြစ်ထုတ်ဝေခဲ့ရာ ၁၉၉၆ခုနှစ်အတွက် အမျိုးသားစာပေ (စာပဒေသာ)ဆုရရှိခဲ့သည်။

မဟေသီမဂ္ဂဇင်းတွင် 'ပန်းဝက်ပါမှ ဇာတ်လမ်းများ' ဆောင်းပါးရှည်ကို ရေးသားခဲ့သည်။ 'လှည်းတန်းလမ်း ကိုတင့်' အမည်ဖြင့်လည်း ကဗျာများကို ရေးသားလျက်ရှိသည်။

မြန်မာ့အသံ၌ အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ဆဲဖြစ်သည်။ နိုင်ငံတော်မှ လူမှုထူးချွန် ပထမအဆင့် ချီးမြှင့်ခြင်းခံရသည်။

**နေရပ်လိပ်စာ** - အမှတ် (၉)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။



**ဆရာကြီး ဦးဖိုးကျား**
**(ဖိုးကျား-ဆေးဝါး)**


ရခိုင်ပြည်နယ်၊ သံတွဲမြို့၌ အဖ ဦးညိမ်းနှင့် အမိ ဒေါ်တင်တို့က (၁၀-၄-၁၉၃၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ပညာရေးအနေဖြင့် သိပ္ပံဘွဲ့ (ဓာတုဗေဒနှင့် ဇီဝဗေဒ) ရန်ကုန်တက္ကသိုလ် (၁၉၅၅)၊ Ph.C (လန်ဒန်တက္ကသိုလ်) (ဆေးဝါးထုတ်လုပ်မှု ဓာတုဗေဒပညာရှင်ဘွဲ့) (၁၉၅၈)၊ M.R.Pharm.S. (U.K) ဆေးဝါးထုတ်လုပ်မှုဆိုင်ရာတော်ဝင်ပညာရှင်များအဖွဲ့ -စာမေးပွဲအောင် (၁၉၅၉)၊ D.M.A (စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဘွဲ့လွန်ဒီပလိုမာ) (၁၉၆၃) (ရန်ကုန်တက္ကသိုလ်) F.L.S (London) (ဆေးဘက်ဝင်အပင်များနှင့် ဇီဝဗေဒသုတေသီများအဖွဲ့ဝင်) (၁၉၆၉) (by thesis) F.R.Pharm.S (U.K) (ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ အကြီးတန်းတော်ဝင်ပညာရှင်များအဖွဲ့ဝင်) (၁၉၈၁) (with distinction) စသည်တို့ ရရှိဆောင်ရွက်ခဲ့ပါသည်။

၁၉၆၂ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်အတွက် အဆင့်မြင့်တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ထူးချွန်စွာ ထမ်းဆောင်ခဲ့သည့်အပြင်

ယခုအခါ မြန်မာနိုင်ငံ ဆေးဝါးပညာရှင်များအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေပါသည်။

၁၉၇၉ ခုနှစ်တွင် "စိုက်ပျိုးကုန်ထုတ်မှ စက်မှုကုန်ကြမ်းသို့" စာအုပ်ကို ရေးသားခဲ့ရာ ဂုဏ်ထူးစာပေမှ ထုတ်ဝေခဲ့သည်။ စာတမ်း (၂၅) စောင် ဖတ်ကြားခဲ့ပြီး သတင်းစာများတွင် ဆောင်းပါးများရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၅၅)၊ ကုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



## ဆရာကြီး ဦးချစ်သန်းမြင့် (ချစ်သန်းမြင့်)

၁၂၉၁ခုနှစ် တန်ဆောင်မုန်းလဆုတ် (၁၄)ရက် (၂၉-၁၁-၁၉၂၉)ခုနှစ်တွင် အဖ ဦးဖိုးကျား၊ အမိ ဒေါ်သိန်းမြတို့မှ ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ်တွင် မွေးဖွားသည်။ ငယ်နာမည်မှာ မောင်သန်းမြင့်ဖြစ်သည်။

ငယ်စဉ်က ဟင်္သာတမြို့၊ လယ်တီကျောင်း၊ လယ်တီမြန်မာ အထက်တန်းကျောင်းတွင် အဋ္ဌမတန်းအထိ ပညာသင်ခဲ့ပြီး ၁၉၄၇ ခုနှစ်မှစ၍ ပုသိမ်မြို့၊ ABM ကျောင်းတွင် ဒသမတန်းအထိ ပညာ သင်ခဲ့သည်။

၁၉၅၀ပြည့်နှစ်တွင် တပ်မတော်ဆေးတပ်ဖွဲ့သို့ ဝင်ရောက် အမှုထမ်းခဲ့သည်။ ဆေးတပ်ဖွဲ့တွင် အမှုထမ်းစဉ် ၁၉၅၅ခုနှစ်မှ ၁၉၅၇အထိ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ RAMC College, Physiotherapy ကျောင်းတွင် Physiotherapist ပညာနှင့် ရိုဟန်တန် ခြေတုလက်တု တပ်ဆင်ရေးဌာနတွင် ခြေတုလက်တုနှင့်အားပြု ကိရိယာများတပ်ဆင်ကုသခြင်း ပညာရပ်ကို သင်ကြားခဲ့ပြီး မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီးတွင် ဌာနမှူးနှင့် အလုပ်ရုံမှူးအဖြစ် တာဝန်

ထမ်းဆောင်ခဲ့သည်။

တပ်မတော်တွင် အမှုထမ်းစဉ် ၁၉၅၈ခုနှစ်မှစ၍ သစ္စာဂျာနယ်တွင် ဆေးဆောင်းပါးရေးခြင်း၊ သောတရှင်၊ မြဝတီ၊ ရုပ်ရှင်ပဒေသာမဂ္ဂဇင်းများတွင် ဝတ္ထုတိုများရေးခြင်း၊ ယမုံနာစာစောင်တိုက်တွင် 'ခြေထောက်တစ်ဖက်နှင့် အသည်းပျက်တစ်ခြမ်း' နှင့် အခြားတစ်ကျပ်တန်လုံးချင်းဝတ္ထုများ ရေးသားခြင်းဖြင့် စာပေဘဝခရီး စတင်ခဲ့သည်။ ယမုံနာစာပေတွင် 'ချစ်သန်းမြင့်' နာမည်ဖြင့် လုံးချင်း ဝတ္ထု (၁၃)အုပ်၊ 'စစ်သည်အောင်စွာ'အမည်ဖြင့် 'အောင်မြေကြော့ကြော့' လုံးချင်းဝတ္ထု၊ ပုဂံစာအုပ်တိုက်မှ 'မမင်းဖြူ မှန်မှန်ပြော' လုံးချင်း ဝတ္ထုများရေးသားခဲ့သည်။

၁၉၆၈ခုနှစ်တွင် တပ်မတော်မှ ပင်စင်ယူခဲ့ပြီး ဝတ္ထု ဆောင်းပါး၊ ရုပ်ရှင်ဇာတ်ညွှန်းများရေးသားခဲ့သည်။ စန္ဒာမဂ္ဂဇင်းအယ်ဒီတာ၊ ဝင်းရွှေစင် ပုံနှိပ်တိုက်မှ တာဝန်ယူဆောင်ရွက်ခဲ့သော မိုးဝေမဂ္ဂဇင်းနှင့် စာပေလုပ်သားမဂ္ဂဇင်းအယ်ဒီတာ၊ ရုပ်ရှင်အစည်းအရုံးမှ ထုတ်ဝေသော ရုပ်ရှင်မဂ္ဂဇင်းနှင့် စာစောင်တို့တွင် အယ်ဒီတာများအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၈၂ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ သန်လျင်မြို့နယ်၊ စာပေလုပ်သားဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၃ခုနှစ် ရုပ်ရှင်အစည်းအရုံး အမှုဆောင် (ပြန်ကြားရေးမှူး)၊ ၁၉၉၅ခုနှစ် မြန်မာ့ရုပ်ရှင်၊ စိန်ရတုသဘင်ကျင်းပရေးကော်မတီ ပြန်ကြားရေးမှူး၊ ရုပ်ရှင်သမိုင်းပြုစုရေးအဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ကာ ၁၉၂၀ ပြည့်နှစ်မှ ၁၉၉၅ခုနှစ်အထိ ရုပ်ရှင်သမိုင်းများကို ပြုစုရေးသားခဲ့သည်။

ရုပ်ရှင်သမိုင်းပြုစုခြင်း၊ မိမိစီစဉ်သော 'စုံဆယ်ဖြာ'စာစဉ်များဖြင့် ဝတ္ထုတိုစာအုပ်များ၊ 'သန္တိသုခလမ်းခွဲ' တရားစာအုပ်တို့ကို

ရေးသားထုတ်ဝေခဲ့သည်။ "ရုပ်ရှင်ဒါရိုက်တာကြီးများနှင့် ကျွန်တော်' စာအုပ်ကိုထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နေရပ်လိပ်စာ - အမှတ် (၃)၊လမ်းသွယ် (၂)၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်း ဒေသကြီး။



ဆရာကြီး ဦးအောင်ဇေယျ
(ဧည၀တီအောင်ဇေယျ)

အဖ ဦးစံလှ၊ အမိဒေါ်မစန်းနုတို့က (၅-၁၁-၁၉၃၅) ရက်နေ့တွင် မြောက်ဦးမြို့၌ မွေးဖွားခဲ့ပါသည်။ မွေးချင်း (၅) ဦးအနက် စတုတ္ထ မြောက်သား ဖြစ်ပါသည်။

ကျောင်းပညာကို မြောက်ဦးမြို့၊ ရေပေါက်၀ မူလတန်းကျောင်း၊ မြောက်ဦးမြို့ အထက်တန်းကျောင်းတို့တွင် အဌမတန်းအထိ သင်ကြားခဲ့ပြီး (၁၉၅၄) ခုနှစ်တွင် ကျောက်ဖြူဆရာ အတတ်သင်ကျောင်း၌ တက်ရောက်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှစတင်ကာ မူလတန်းလက်ထောက်ဆရာ၊ မူလတန်းကျောင်းအုပ်ဆရာကြီးများအဖြစ် (၃၁) တိုင် တာ၀န်ထမ်းဆောင်ခဲ့သည်။

သျှစ်သောင်းဘုရားနှင့် ပြန်တမ်း၀င်ဘုရားများ ဂေါပကအဖွဲ့၀င်၊ မြောက်ဦးမြို့ နန်းတော်ကုန်းပြတိုက် စေတနာ့၀န်ထမ်း၊ မြောက်ဦးမြို့နယ်၊ မြို့နယ်ကောင်စီရုံး၊ လုပ်ငန်းစစ်ဆေးရေးအချိန်ပြည့်အဖွဲ့၀င်၊ စပါးသယ်ယူရေးဒိုင်မှူးတာ၀န်များ ထမ်းဆောင်ခဲ့

ပါသည်။

၁၉၉၄ ခုနှစ်တွင် ဒုလ္လဘာရဟန်း (၃) ဝါ ဝတ်ခဲ့သည်။

ရေးသားထုတ်ဝေပြီးစာအုပ်များမှာ ရက္ခ ပူရကြေးမုံ ကျောင်း (၁၉၉၇ ခုနှစ်တွင် ပထမအကြိမ် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် တတိယအကြိမ်အဖြစ် ထုတ်ဝေခဲ့ပြီးဖြစ်သည်)။ ရခိုင်မင်းဆက်များနှင့် ဗုဒ္ဓသာသနာတော် (၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ် ထုတ်ဝေပြီးဖြစ်သည်။)။ သီဟဒီပကျွန်း ဗုဒ္ဓပဗ္ဗတကုန်းတော်နှင့် ဥတ္တရဂ်ကုန်းတော်သမိုင်း (၂၀၁၄ ခုနှစ်တွင် တတိယအကြိမ် ထုတ်ဝေပြီးဖြစ်သည်။)

ဆရာကြီးသည် ယခုအခါ သားသမီးများနှင့်အတူ ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့နယ်တွင် နေထိုင်လျက်ရှိသည်။



ဆရာကြီး ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)

အဖ ယာသမားကြီး ဦးရွှေစံ၊ အမိ ဒေါ်ငွေစင်တို့မှ မင်းဘူး ခရိုင်၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ ရွာသစ်ကြီးကျေးရွာတွင် ၁၂၉၀ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ရက် (၅-၁၁-၁၉၂၈) နေ့တွင် မွေးဖွားသည်။ သားသမီးလေးယောက်အနက် တတိယ သားဖြစ်သည်။ အမည်ရင်းမှာ ဦးကြည်အေးဖြစ်သည်။

ရှေးဦးကလောင်အမည်မှာ 'ရွှေဇင်' ဖြစ်သည်။ ရုပ်ရှင် ဒါရိုက်တာလှအောင် ထုတ်ဝေသော 'တိုင်းသစ်ဂျာနယ်' တွင် ထိုကလောင်ဖြင့် ၁၉၅၂ခုနှစ်၌ ကဗျာစတင်ရေးသားခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် 'ဆင်ဖြူကျွန်းအောင်သိန်း' အမည်ကိုပြောင်းကာ ကဗျာရော စကားပြေပါ ရေးသားသည်။ ဆင်ဖြူကျွန်းအောင်သိန်း၏ ပထမဆုံး ဝတ္ထုတိုမှာ 'စွပ်ကြယ်' အမည်ရှိ ကိုဆေးရိုးဝတ္ထုဖြစ်သည်။ ပထမဆုံးလုံးချင်းဝတ္ထုမှာ 'လွမ်းယမုန်ဦး' (စာပန်းချီစာအုပ်တိုက်ထုတ်) ဖြစ်သည်။ ၁၉၅၆ခုနှစ်မှစပြီး ရုပ်ရှင်ပဒေသာမဂ္ဂဇင်း၊ ယနေ့ရုပ်ရှင် ဂျာနယ်၊ ဗမာ့ရုပ်ရှင်၊ နတ်ရှင်နောင် မဂ္ဂဇင်း၊ ရုပ်ရှင်လောကမဂ္ဂဇင်း ၊ ကာနယ်ဇင်းမဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ဖူးသည်။

၁၉၅၉ခုနှစ်မှ ၁၉၆၂ခုနှစ်ထိ ဇာတ်လမ်းမှတ်တမ်းတင်သူ၊ တွဲဖက် ဒါရိုက်တာ စသည်ဖြင့် လုပ်ကိုင်ခဲ့သည်။

၁၉၉၀ပြည့်နှစ်တွင် 'ကိုဆေးရိုး' (၄)နှင့် အမျိုးသားစာပေဆု (ဝတ္ထုတိုပေါင်းချုပ်)၊ ၁၉၉၆ခုနှစ်တွင် ကိုဆေးရိုး (၆)ဖြင့် အမျိုးသား စာပေဆု (ဝတ္ထုတိုပေါင်းချုပ်)ရရှိခဲ့သည်။ ၁၉၉၈ခုနှစ်တွင် S.E.A Write Award ဆုကို လက်ခံရယူခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၁)၊အောင်သပြေအနောက် (၅) လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။



ဆရာကြီး ဦးလှသွင် (မင်းလှ လှသွင်)

၁၂၈၇ခုနှစ်၊ ဝါခေါင်လဆန်း၊ (၁၂)ရက် (၃၀-၇-၁၉၂၅) နေ့တွင် ဦးဘိုးအိ၊ အမိ ဒေါ်အုန်းနုတို့မှ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ လက်ဆက်ကျေးရွာတွင် ဖွားမြင်ခဲ့သည်။

မင်းလှမြို့ အထက်တန်းကျောင်းမှ (၁၀)တန်းအောင်မြင်ပြီးချိန်တွင် ဒုတိယကမ္ဘာစစ်ဖြစ်လာ၍ ဗမာ့လွတ်လပ်ရေးတပ်မတော် (B.I.A) တပ်ထဲသို့ (၃၀-၁-၁၉၄၂)ခုနှစ်တွင် ဝင်ရောက်ခဲ့သည်။ ရွှေတောင်တိုက်ပွဲကြီးတွင် သက်စွန့်ဆံဖျား ပါဝင်တိုက်ခိုက်ခဲ့သည်။

အင်္ဂလိပ်တို့ကို တိုက်ထုတ်ပြီးသောအခါ ၁၉၄၅ခုနှစ်၊ မတ်လ (၁၇)ရက်တွင် ရန်ကုန်မြို့ ဦးဝိစာရပန်းခြံ၌ စစ်သေနာပတိချုပ်၏ စစ်ထွက်မိန့်ခွန်းနာခံရာတွင် တပ်ခွဲမှူးတာဝန်ယူခဲ့သည်။ ပဲခူးတိုင်း၊ သာယာဝတီခရိုင်အတွင်းတွင်လည်း တပ်ခွဲမှူးတာဝန်ကိုထမ်းဆောင်ခဲ့သည်။

မင်းလှမြို့ အရှေ့ဘက်တွင်ရှိသော ဂျပန်တို့ဖိုးမိုးထားသည့် လေယာဉ်ကွင်းကို တိုက်ခိုက်၍ အောင်မြင်ခဲ့သည်။

လွတ်လပ်ရေးရယူမှု သမိုင်းသက်တမ်းတစ်လျှောက် အတွေ့အကြုံများကို မိမိ၏ စာပေဝါသနာအရ မှတ်တမ်းမှတ်ရာများ မှတ်ထားကာ ကိုယ်တွေ့အဖြစ်အပျက်များကို ရေးသားခဲ့သည်။ သီလဝမဂ္ဂဇင်း၊ စစ်ပြန်မဂ္ဂဇင်းနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းများတွင် ဆောင်းပါးပေါင်း (၅၀)ကျော်ရေးသားခဲ့ပြီးဖြစ်၍ ယခုအသက် (၈၀) ကျော်သည်အထိ တိုင်းကျိုးပြည်ပြုစာပေများကို ဆက်လက်ရေးသား လျက်ရှိသည်။

နိုင်ငံတော်မှ ချီးမြှင့်သည့် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်)ကိုလည်းရရှိခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၂၁)၊ အောင်သပြေလမ်း၊ အရှေ့ (၂)လမ်းထောင့်၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။



## ဆရာမကြီးပါမောက္ခ ဒေါ်ကြည်ကြည်လှ (ကြည်ကြည်လှ)

အဘ ဦးလှဖေ၊ အမိ ဒေါ်လှကြည်တို့မှ (၁၉၃၂)ခုနှစ်၊ မတ်လ (၂၈)ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ (၁၉၄၈)ခုနှစ်တွင် ရွှေဘိုမြို့ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး (၁၉၅၄)ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဒဿနိကဗေဒအဓိကဖြင့် ဝိဇ္ဇာဂုဏ်ထူးတန်းကိုလည်းကောင်း၊ (၁၉၅၇)ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်းရရှိခဲ့သည်။

(၁၉၅၄)ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနတွင် နည်းပြအဖြစ် စတင် တာဝန်ထမ်းဆောင်ပြီး လက်ထောက်ကထိက၊ ကထိက၊ ပါမောက္ခစသည့် ရာထူးအဆင့်ဆင့်ကို (၁၉၈၀)ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ထိုင်း၊ ဂျပန်၊ အိန္ဒိယ၊ လာဩ၊ ဘော့ဆွာနာ နိုင်ငံများသို့ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ သွားရောက်ခဲ့သည်။

(၁၉၄၈)ခုနှစ်မှ စတင်လျက် မန္တလေးဒီဂရီကောလိပ်မဂ္ဂဇင်းတွင် အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများစတင်ရေးသားသည်။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော Myanmar

Pespective Megazine တွင် ဦးထင်ကြီး၊ ဦးဝင်းဖေ၊ ဦးသော်ကောင်း၊ ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာစိန်တူ စသည့် ဆရာကြီးများနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ၊ မြန်မာ့ယဉ်ကျေးမှု နီတိဆိုင်ရာ ဆောင်းပါးများ ရေးသားသည့်အပြင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရား၊ မြန်မာဘာသာစကားနှင့် ယုတ္တိဗေဒ အခြေခံမှုများ၊ ဒဿနိကဗေဒနှင့် လူမှုရေးသိပ္ပံ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မြန်မာ့နီတိ စသည့်စာတမ်းများအပါအဝင် ပညာရပ်စာတမ်းများစွာ ရေးသားဖတ်ကြားခဲ့သည်။ (၂၀၀၉)ခုနှစ်တွင် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ဆရာမကြီးအဖြစ် ချီးမြှင့်ခြင်းခံရသည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ အင်္ဂလိပ်စာ စာအုပ်များ ထုတ်ဝေရာတွင် ဘာသာပြန်သူ၊ တည်းဖြတ်သူအဖြစ် ဆောင်ရွက်ခဲ့သည်။

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဒဿနိကဗေဒဌာနပါမောက္ခ/ ဌာနမှူးအဖြစ်မှ အငြိမ်းစားယူပြီး ယခုအခါ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့ အမှုဆောင်အဖွဲ့ဝင်၊ ပါရဂူဘွဲ့ ကျမ်းပြုများကြီးကြပ်သူ၊ ထွန်းဖောင်ဒေးရှင်း အဘိဓာန်ပြုစုရေးအဖွဲ့ဝင် စသည်များ ဆောင်ရွက်လျက်ရှိပြီး သားကောင်းတမန်မဂ္ဂဇင်း၊ အောင်ပင်လယ်မဂ္ဂဇင်းနှင့် အခြားဂျာနယ်တို့တွင် စာပေများရေးသားလျက်ရှိသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့သော စာအုပ်များမှာ -

(1) Yangon the Garden City

Published by Yangon City Development Committee

(2) Shwedagon, Symbol of Strength and Serenity (In collaboration with Prof.Dr.Sein Tu)

(Published by Yangon City Development Committee)

(3) A Myanmar Papestry (A Collection of articles on Myanmar Culture)

Published by Taw Win PublishingHouse,May2004

(ဆရာဝန်တင်ရွှေ စာပေဆု- ၂၀၀၄ရရှိသည်)

(4) The Ethics of Environmental Conservation

Published by The Myanmar Acaedmy of Arts and Science,2010

(5) The Great Donors of Bagan and their Religious Monuments (Translation)

Published by Nant Chit Kyi Sarpay-December 1910

**နေရပ်လိပ်စာ** - အမှတ် (၁၂/အေ)၊ အခန်း (၁၀၁)၊ ကမာကြည်အိမ်ရာစခန်း၊ ရွှေခင်းသာလမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်။



## ဆရာကြီးဦးတိုး (တက္ကသီလာ)

အဖ အဖ ဦးဘငြိမ်း (လက်ထောက်အတွင်းဝန်) ရာထူးဝန်အဖွဲ့၊ အမိ ဒေါ်ညွန့်တို့က မြန်မာသက္ကရာဇ် ၁၂၉၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၁) ရက်နေ့ (၁၀-၉-၃၆) တွင် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ မွေးဖွားခဲ့သည်။ သာကေတမြို့နယ်၊ စာရေးဆရာအသင်းဝင်၊ အလုပ်အမှုဆောင်အဖွဲ့မှ နာယကတစ်ဦးဖြစ်ပါသည်။ ၁၉၉၉ ခုနှစ်ကတည်းက စာရေးဆရာအသင်းဝင်အဖြစ် အဖွဲ့ဝင်အမှတ် ၅၂၅၈ ဖြင့် စာရင်းဝင်နေသူဖြစ်သည်။

၁၉၅၇ ခုနှစ်မှစတင်၍ ဆည်မြောင်းဌာနမဂ္ဂဇင်းတွင် ဆောင်းပါးများစတင်ရေးသားခဲ့သည်။ ရွှေမြန်မာဂျာနယ်၊ ရွှေဇရာဂျာနယ်တွင် အယ်ဒီတာ (ဘာသာပြန်) အဖြစ် တာဝန်ဆောင်ရွက်နေသည်မှာ (၁၁) နှစ် ရှိနေပြီဖြစ်ပါသည်။ ရွှေမြန်မာဂျာနယ်တွင် ၁၁ နှစ်၊ ရွှေဇရာဂျာနယ်တွင် ၃ နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်တွင် ကန်နန်န-ဘာသာပြန်လုံးချင်းစာအုပ်ထုတ်ဝေခဲ့ပြီးဖြစ်သည့်အပြင် ကြေးမုံ၊ နိုင်ငံတကာသတင်းဂျာနယ်၊ မြဝတီသတင်းစာ၊ စံတော်ချိန်သတင်းစာနေ့စဉ်သတင်းစာတို့တွင်

သတင်းဆောင်းပါး (၇၅) ပုဒ်၊ ပေါ်ပြူလာ (၂) ပုဒ်၊ မနောမယ (၁၅) ပုဒ်၊ ဘုန်းရောင် (၂) ပုဒ်၊ ပုဂံသား (၅) ပုဒ်၊ နိုင်ငံတကာရေးရာ (၁) ပုဒ်၊ စိမ်းလဲ့ရွှေပြည် (၃) ပုဒ်၊ ပြစ်မှုသတင်း (၃၉) ပုဒ် Flower News (ပန်းသတင်းဂျာနယ်) (၁) ပုဒ်၊ မှုခင်းရေး ရာ (၁) ပုဒ်၊ Current Times (၁) ပုဒ်၊ ရှင်မ (၁) ပုဒ် ရေးသားခဲ့ပြီး ပြီဖြစ်ပါသည်။

ယခုလက်ရှိကာလတွင် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်း၊ လပြည့်ဝန်းမဂ္ဂဇင်း၊ ရတနာတံခွန်၊ ရတနာမွန်မဂ္ဂဇင်းများ၊ ဂမ္ဘီရ မဂ္ဂဇင်း၊ Academic Weekly ၊ လောကအလင်းမဂ္ဂဇင်း၊ STYLEDOLL မဂ္ဂဇင်းစသည်တို့တွင် ရေးသားနေဆဲဖြစ်ပါသည်။

သာကေတမြကျွန်းသာမဂ္ဂဇင်းနှင့် အနောက်တံခါးမှူး (လဝက) မဂ္ဂဇင်းများတွင် နှစ်စဉ်ရေးသားခဲ့သူဖြစ်ပါသည်။

ယနေ့အထိ သတင်းစာဂျာနယ်၊ မဂ္ဂဇင်းနှင့် ရွှေမြန်မာ၊ ရွှေဇရာတို့တွင် ဆောင်းပါးပေါင်း ၂၀၀၀ ခန့်ရှိနေပြီဖြစ်သည့်အပြင် Essays and Letter writing for all students ဘာသာပြန်စာအုပ်ကို ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၄၄)၊ ထူပါရုံ (၅) လမ်းအရှေ့၊ ၁/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၅၄၃၂၈၆



## ဆရာကြီး ဦးစောလွင်
## ညိမ်းလွင်ဦး (ဝေါ)

အဖ ဦးကုလားလေး၊ အမိ ဒေါ်အေးခင်တို့မှ ၁၂၉၃ခုနှစ်၊ တပို့တွဲလဆန်း (၆)ရက် (၁၂-၂-၁၉၃၂)နေ့တွင် ကမာကဘန်ရပ်၊ ဘုရားပျို့ရွာ၊ ဝေါမြို့နယ်တွင် မွေးဖွားခဲ့သည်။

၁၉၇၆ ခုနှစ်တွင် လက်ဝှေ့ပွဲအကြောင်းဆောင်းပါးကို တံခွန်ဂျာနယ်တွင် စတင်ရေးသားခဲ့ပြီး အားကစားအကြောင်း ဆောင်းပါးများကို ရေးဖြစ်ခဲ့သည်။

ဒေါပုံမြို့နယ်စာပေလုပ်သားအဖွဲ့ အလုပ်အမှုဆောင်အဖြစ် လည်းကောင်း၊ သာကေတမြို့နယ် စာနယ်ဇင်းအဖွဲ့အလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ပေးခြင်းခံခဲ့ရသည်။

မူခင်းမဂ္ဂဇင်းတွင် မူခင်းဆောင်းပါးများနှင့် အားကစား ဆောင်းပါးများကို ဆက်လက်ရေးသားခဲ့သည်။ မောင်မောင်သိန်း ဦးစီးသော မြင်ကွင်းစုံမဂ္ဂဇင်းတွင် အားကစားကဏ္ဍ တာဝန်ခံအယ်ဒီတာအဖြစ် ငါးနှစ်တိတိတာဝန်ထမ်းဆောင်ခဲ့သည်။

ရွှေမြန်မာဂျာနယ်နှင့် ရွှေဇရာဂျာနယ်များတွင် အားကစား အကြောင်းနှင့် ဘောလုံးဒိုင်လူကြီးများအကြောင်းနှင့် ဘောလုံး သမားမဟာဒူး၊ ဂို း တင်အောင်တို့အကြောင်းများ ရေးသားခဲ့ပြီး နေပြည်တော်၌ ကျင်းပသော မြန်မာ့ဘောလုံးစွမ်းရေ တိုးတက် မြင့်မားရေး စာတမ်းဖတ်ပွဲတွင်လည်း စာတမ်းတင်ခဲ့သည်။

မြို့နယ်စာပေရန်ပုံငွေရရှိရေးအတွက် မြို့နယ်အတွင်းရှိ သက်ကြီးစာပေသမားနှင့် မြန်မာလက်ရွေးစင်များပါရှိသော သန်လျင်ရေနံစက်ရုံ အမျိုးသမီးဘောလုံးအသင်းတို့ သာကေတအား ကစားကွင်းတွင် ယှဉ်ပြိုင်ကစားခြင်းဖြင့် ရန်ပုံငွေရှာခဲ့သည်။

ရေးသားခဲ့သောဂျာနယ်၊ မဂ္ဂဇင်း၊ ဆောင်းပါးများကို စုပေါင်း၍ "ကျွန်မအလှည့်ဘယ်တော့လဲနှင့်ကိုယ်တွေ့ဖြစ်ရပ်များ" လုံးချင်းစာအုပ်ထုတ်ဝေခဲ့ပြီး ၂၀၁၁ခုနှစ် သက်ကြီး စာပေပညာရှင် များ ပူဇော်ကန်တော့ပွဲတွင် လှူဒါန်းခဲ့သည်။

**နေရပ်လိပ်စာ - သာကေတမြို့နယ်။**




### ဆရာကြီး ဦးမြခင် (နှစ်တစ်ရာ ကိုသံချောင်း)


အဖ ဦးလှမောင်၊ အမိ ဒေါ်ကျင်တို့က ၁၂၉၈ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် မြောင်းမြခရိုင်၊ မော်လမြိုင်ကျွန်း၊ ကျိုက်မိရွာတွင် မွေးဖွားခဲ့ပါသည်။ ဦးအောင်ကို အလွတ်ပညာသင်ကျောင်း (စမ်းချောင်း) ညောင်တုန်းလမ်းတွင် နဝမတန်းအင်္ဂလိပ်/မြန်မာ (၂) ဘာသာဖြင့် ပညာသင်ကြားခဲ့ပါသည်။ အသက် (၁၆) နှစ်တွင် အမြောက်တပ်သို့ဝင်ရောက်ခဲ့ပါသည်။

တောင်ပိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော၊ တပ်မဟာ (၂) ဗိုလ်မှူးကြီးစိန်ဝင်း၊ မိုကြီးစစ်ဆင်ရေးအမှတ် (၂) ဖြင့် တောင်ငူခရိုင်၊ သံတောင်ရေသိုးကြီးဘောဂလိသို့ စစ်ဆင်ရေးထွက်ရပါသည်။ ပြောင်းရွှေ့အမှုထမ်းရသော တပ်များမှာ အမှတ် (၁) မြေပြင်ပစ်အမြောက်တပ်၊ ဘောက်ထော်၊ (ဗိုလ်မှူးကြီး ဘရွှေ)၊ အမှတ် (၄) တောင်ပေါ်ပစ် အမြောက်တပ်၊ အောင်ပန်း၊ (ဗိုလ်မှူး တင်ထွဋ်)၊ လေယာဉ်ပစ် အမြောက်တပ်ခွဲ ဆယ်မိုင်ကုန်း၊ မင်္ဂလာဒုံ (ဗိုလ်ကြီးခင်ညို) တို့ဖြစ်ပါသည်။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ အာရောဂျ ကျန်းမာရေးမဂ္ဂဇင်း (ဒေါက်တာတင်ထွန်းဦး) စီစဉ်တည်းဖြတ်သော မဂ္ဂဇင်းတွင် ဆောင်းပါးများ (စောင်ရေ ၁၀၀) ခန့်ပါဝင်ရေးခဲ့ပါသည်။ အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော အားကစားမဂ္ဂဇင်းများတွင် အငြိမ်းစားတစ်ဦး၊ နှစ်တစ်ရာ ကိုသံချောင်းကလောင်အမည်ဖြင့် ပင်တိုင်ဆောင်းပါးများ ၂၀၀ ခန့် ရေးသားခဲ့ပါသည်။

ထို့ပြင် သာကေတမြို့နယ်၊ ကျွန်းမြသာ သုတရသစုံ မဂ္ဂဇင်းစာစောင် (၁) မှ (၆) အထိ ပါဝင်ရေးသားခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဧပြီလ၌ အသက်ရှည်ကြောင်း နည်းလမ်းကောင်းများ စာအုပ်၊ ကျန်းမာပါစေစာအုပ် လုံးချင်း စာအုပ်များရေးသားထုတ်ဝေခဲ့ပါသည်။ စာရေးဆရာအသင်းဝင်အမှတ် ၅၈၇၂ ဖြစ်ပါသည်။

**နေရပ်လိပ်စာ** - အမှတ် (၁၂)၊ ရန်ပြေ (၂၂) လမ်း၊ ၃ ရပ်ကွက်၊
သာကေတမြို့နယ်။ ဖုန်း ၀၉-၂၅၀၆၄၄၉၉၄



## ဆရာကြီး ဦးထွန်းရီ (ထွန်းရီ-ရှေးဟောင်းသုတေသီ)

ရောဝတီတိုင်း မြန်အောင်မြို့၌ ဖခင် ဦးသိန်း၊ မိခင် ဒေါ်စောခင်တို့က ၁၉-၇-၁၉၃၄ (ကျောင်းမှတ်တမ်းတွင်မူ ၂၀ ဇူလိုင် ၁၉၃၄) ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်။ မြန်အောင်မြို့တွင် အထက်တန်းကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်မြင်ပြီးနောက် ရန်ကုန်သို့ ပြောင်းရွှေ့ကာ တက္ကသိုလ်ဝင်တန်းအတွက် အင်္ဂလိပ်စာ တစ်ဘာသာထပ်မံဖြေဆိုခဲ့ရသည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (စာပေနှင့်သမိုင်း) ရရှိခဲ့သည်။

၁၉၅၃ တွင် ကိုယ်ပိုင်စာကြည့်တိုက် စတင်တည်ထောင်သည်။ ၁၉၆၅ ဇွန်လတွင် ရှားပါးတိမ်မြုပ်နေသည့် ရှေးဟောင်းစာပေနှင့် မှတ်စာများကို "မြန်မာမှုဗိမာန် စာပေဘဏ်" ဟု ကမ္ပည်းတင်ပြီး သရုပ်ဖော်ပုံ၊ မှတ်စု၊ မှတ်ချက်များကို ပူးတွဲ၍ စာတွဲများ ပြုစုဖြန့်ဝေခဲ့သည်။ ၁၉၉၃ ခု၊ မေလအထိ စာတွဲပေါင်း ၂၅၂ ထုတ်ဝေပြီးစီးခဲ့သည်။ ၁၉၉၃-၂၀၀၃ အတွင်း ဂျပန်နိုင်ငံ Aichi University တွင် Vistiting Reseacher/Research Fellow အဖြစ် နေထိုင်ခဲ့စဉ် ရတနာပုံခေတ် ဥပဒေများ စာစု၊ စာတွဲ ၄ တွဲ (၁၉၉၉)၊

ကုန်း ဘောင်ခေတ် ငွေချေး သက္ကရာဇ်စာချုပ်များ စာစု၊ စာတွဲ ၃ တွဲ (၁၉၉၉)၊ ကုန်းဘောင်ခေတ် စာရင်းပဒေသာ စာစု၊ စာတွဲ ၄ တွဲ (၂၀၀၃) ပြုစုခဲ့သည်။ မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီးနောက် ကုန်းဘောင်ခေတ် ဖြတ်စာပေါင်းချုပ်စာစု၊ စာတွဲ ၅ တွဲ (၂၀၀၆) ကို ပြုစုခဲ့သည်။

ပြုစုထုတ်ဝေခဲ့ပြီးသော စာအုပ်များမှာ အချုပ်တန်း ဆရာဖေ၏ ကဗျာပေါင်းချုပ် (၁၉၇၀)၊ မင်းနှစ်မင်း၊ စာဆို ၂ စုံတွဲ ကဗျာပေါင်းချုပ် (၁၉၇၁)၊ စလေနှင့် ညောင်ပင်သာ ဦးပုညတို့၏ ဘဝနှင့်စာပေ (၁၉၇၂)၊ ရှေးက စာပေဆုများ (၁၉၇၂) စာပေဂီတနှင့် ဝန်ကြီးပဒေသရာဇာ (၁၉၇၄)၊ မြို့ရန်ကုန် ဘုရားစုံသမိုင်း (၁၉၇၆)၊ ပြည်သူ့စာဆို မောင်းထောင်ဦးကျော်လှ ဘဝနှင့်စာပေ (၁၉၇၇)၊ မြန်မာစာပေ အမြုတေနှင့် စာဆိုတော်ကြီးများ (၁၉၈၀)၊ ကုန်းဘောင်ခေတ် ဘုရင်များ မုဒ္ဒါဘိသိက်ခံယူပုံ စာပေါင်းချုပ် (၂၀၀၉) တို့ ဖြစ်ကြသည်။

ရှေးဟောင်းသုတေသီတစ်ဦး၊ မင်းမဟော်၊ မောင်ကောက်သင်း ကလောင်အမည်ခွဲများကိုလည်း အသုံးပြုသည်။ ယခုအခါ 'မင်းမဟော်' အမည်တူ ရှိနေသောကြောင့် 'မင်းမဟော်ထွန်း' သို့ ပြောင်းလဲခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၅၆/ခ)၊ မြို့မ ၁၅ လမ်း၊ ၄ ရပ်ကွက်၊ သာကေတမြို့နယ်။



ဦးသောင်းတင် (ရွှေမြိတ်သောင်းတင်)

၁-၃-၁၉၃၅ ခုနှစ်၊ (၁၂၉၆ ခုနှစ်၊ တပို့တွဲလဆုတ် ၁၂ ရက်နေ့) တွင် မြိတ်မြို့၊ ကံဖျားရပ်၌ အဖ ဦးစံမင်း၊ အမိ ဒေါ်ပေါရင်တို့က မွေးဖွားခဲ့ပါသည်။ ကလောင်ခွဲများမှာ ဗိုလ်သံမဏိ၊ မောင်သင်းမြဖြစ်သည်။

၁၉၅၇ ခုနှစ်၊ ရွှေမြိတ်သောင်းတင်အမည်ဖြင့် စုံထောက်မဂ္ဂဇင်းတွင် တောဝက်ရန်စွယ်ဝတ္ထုဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။

၁၉၅၇ ခုနှစ်များတွင် ဝတ္ထုကဗျာများရေးခြင်း၊ ရန်ကုန်မြို့အနောက်ကမာရွတ်တွင် နေထိုင်ရင်း ယင်းရပ်ကွက်ရှိ စာကြည့်တိုက်တွင် ပြန်ကြားရေးမှူးတာဝန် ထမ်းဆောင်ခဲ့ကာ စတင်လှုပ်ရှားမှု ပြုခဲ့သည်။

မောင်သင်းမြကလောင်ခွဲဖြင့် ကဗျာရေးပြီး၊ ဗိုလ်သံမဏိကလောင်ခွဲဖြင့် စုံထောက်ဝတ္ထုများ ရေးခဲ့သည်။ ရွှေမြိတ်သောင်းတင်ကလောင်ဖြင့် ၁၉၉၆ မှ ၁၉၇၈၊ ယခု ၂၀၁၃ အထိ လုံးချင်းဝတ္ထု (၇၀) အုပ်ခန့် ရေးသားခဲ့သည်။

ရှမ၀၊ မြ၀တီ၊ ငွေတာရီ စုံထောက်၊ ရုပ်ရှင်မဂ္ဂဇင်းများတွင် ဝတ္ထုတို၊ ရှည်၊ ကဗျာများရေးသားခဲ့သည်။ ပြည်သူ့ဂျာနယ်၊ လင်းယုန်ဂျာနယ်၊ အိုးဝေဂျာနယ်တို့တွင် ဝတ္ထုကဗျာများ ရေးခဲ့သည်။

ရုပ်ရှင်အောင်လံမဂ္ဂဇင်း၊ လုံမလေးမဂ္ဂဇင်း၊ ချယ်ရီမဂ္ဂဇင်း၊ သားရွှေစင်မဂ္ဂဇင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှထုတ်ဝေသော သဲပွင့်ဖြူမဂ္ဂဇင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၊ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဦးစီးဌာနမှ ထုတ်ဝေသော ပြည်သာယာမဂ္ဂဇင်းများတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ သည်။

ယခုအခါတွင် တော်ဝင်ပန်းဂျာနယ်၌ အတိုင်ပင်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်လျက်ရှိပြီး ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ များ ရေးသားလျက်ရှိသည်။ အမည်ရင်း ဦးသောင်းတင်ဖြစ်ပြီး ယခုအခါ ဇနီးဒေါ်သန်းလှ၊ သားသမီး (၃) ယောက်နှင့်အတူ နေထိုင်ပါသည်။

နေရပ်လိပ်စာ - အမှတ် (၁၀၅၁)၊ စံပယ်ရုံလမ်း၊ အရှေ့ ရွာမ၊ အင်းစိန်၊ ရန်ကုန်တိုင်းဒေသကြီး တွင် နေထိုင်လျက်ရှိသည်။



ဆရာကြီး ဦးတင်မောင် (တက္ကသိုလ်ဇော်မင်း)

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့တွင် အဖ ဦးမောင်မောင်ကြီး၊ အမိ ဒေါ်ရွှေတို့မှ ၁၂၈၄ခုနှစ်၊ တပေါင်းလပြည့်ကျော် (၇)ရက် (၈-၃-၁၉၂၃)နေ့တွင် မွေးဖွားခဲ့သည်။

ဝိဇ္ဇာဘွဲ့၊ ပညာရေးဒီပလိုမာဘွဲ့များရရှိခဲ့ပြီး လူထုပညာရေးလက်ထောက်တိုင်းမှူး၊ အထက်တန်းပြဆရာ၊ အလယ်တန်းကျောင်းအုပ်ကြီးစသည့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

(၁၉၅၀-၅၁)ခုနှစ်တွင် လူထုပညာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် လူထုပညာစာစောင်၌ စတင်ရေးသားခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် စုံထောက်မဂ္ဂဇင်းတွင် 'အရိုင်း၏သစ္စာ' ဝတ္ထုတိုဖြင့် စာပေနယ်သို့ ရောက်ရှိခဲ့သည်။ 'သိပ္ပံသူရဲကောင်းများ' ပထမတွဲနှင့် ဒုတိယတွဲ၊ 'ဆိုင်ပန်ကျွန်းတိုက်ပွဲ' ဘာသာပြန်စာအုပ်များမှာ ထင်ရှားသည်။ သရဖူမဂ္ဂဇင်း၊ ရွှေဥဒေါင်းမဂ္ဂဇင်း၊ သုတပဒေသာစာစောင်၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ မနောကြာဖြူမဂ္ဂဇင်း၊ မနုစာရီမဂ္ဂဇင်းနှင့် အကျိုးဆောင်ဂျာနယ်တို့တွင် စာပေများရေးသားဆဲဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် (၈၅၅)၊ အောက်မင်္ဂလာဒုံ (၂)လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့။



ဆရာကြီး ဦးသန်းဦး (ပြည်စိုးမင်း)

အဖ ဦးဘိုးသောင်၊ အမိ ဒေါ်အိုတို့မှ ၁၂၉၀ခုနှစ်၊ တန်ခူး လဆုတ် ၉ရက် (၁၃-၄-၁၉၂၈)နေ့၌ ပဲနူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ချောင်းနားတန်းရွာတွင် မွေးဖွားခဲ့သည်။

ပြည်မြို့ အမျိုးသားအထက်တန်းကျောင်းတွင် သတ္တမတန်း အထိ၊ ပြည်မြို့ နိုင်ငံတော်တန်းမြင့်ကျောင်းတွင် တက္ကသိုလ်ဝင်တန်း အထိ ပညာသင်ကြားခဲ့သည်။ ၁၉၅၀မှ ၁၉၆၀ပြည့်နှစ်အထိ ရန်ကုန် တက္ကသိုလ်ပညာရေး မဟာဌာနတွင် ဥပစာတန်းမှ စတင်ပညာသင် ကြားခဲ့ရာ ဘီအေအီးဒီ၊ ဘီးအီးဒီဘွဲ့ရရှိခဲ့ပြီး၊ ၁၉၅၂မှ ၁၉၆၃ခုနှစ် ထိ အမေရိကန်ပြည်ထောင်စု၊ ဟာဝိုင်ယီ တက္ကသိုလ်၊ ဟိုနိုလူလူ တွင် ပညာဆက်လက်သင်ကြားခဲ့ရာမှ အမ်အီးဒီဘွဲ့ရရှိခဲ့သည်။ ဘီအီးဒီဘွဲ့စာမေးပွဲတွင် ပထမရရှိအောင်မြင်ခြင်းကြောင့် ဒေါက်တာဦးဘ၏ ရွှေတံဆိပ်ဆုချီးမြှင့်ခံရသည်။

သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့၊ အစိုးရအထက်တန်းကျောင်း၊ အုတ်ဖိုမြို့နယ်၊ အုတ်ဖိုမြို့၊ အစိုးရအထက်တန်းကျောင်း၊ ပုသိမ်

မြို့ဆရာအတတ်သင်ကျောင်းများတွင် ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ပညာမင်းကြီးရုံးတွင် လက်ထောက်ကျောင်းများ အုပ်ချုပ်ရေးမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ပညာရေးသုတေသနဗျူရိုတွင် လက်ထောက်ပညာရေးသုတေသနအရာရှိမှ ယာယီညွှန်ကြားရေးမှူးအဖြစ် ရာထူးအဆင့်ဆင့်တိုးမြှင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ်၊ တာဝန်ထမ်းဆောင်ခဲ့ပြီး ပညာရေးဝန်ကြီးဌာန၊ အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ယနေ့အထိ တာဝန်ထမ်းဆောင်ဆဲဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် ၆(ဃ)၄၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၆၄၀၃၈၀



ဆရာကြီး ဦးရှိန်အောင်ဗိုလ်

အဖ ဦးမဲ (ထားဝယ်မြို့နီစပယ်ဈေးကြီး အုပ်ချုပ်ရေးမှူး)နှင့် အမိ ဒေါ်သန်းကြွယ်တို့မှ ၁၂၉၀ပြည့်နှစ်၊ နတ်တော်လဆန်း (၁၀) ရက် (၂၁-၁၁-၁၉၂၈)နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင်မွေးဖွားသည်။

အသက် (၁၃)နှစ်အထိ နေရှင်နယ် အမျိုးသမီးကျောင်းတွင် (၇)တန်းအောင်သည်အထိ နေခဲ့သည်။ စစ်ပြီးခေတ်တွင် အစိုးရ အထက်တန်းကျောင်း၌ ဆက်လက်ပညာသင်ကြားပြီး ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်ရင်း တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၄၈ခုနှစ် လွတ်လပ်ရေးရသည့်နှစ်မှစ၍ ထားဝယ်စစ်ဝန်ထမ်းတပ်၊ မော်လမြိုင်စစ်ရဲတပ်၊ စစ်ရဲအချက်ပြတပ်၊ရန်ကုန်ပြည်စောင့်ရဲတပ်၊ တပ်မတော် အမှတ် (၃၂)ခြေလျင်တပ်၊ မော်လမြိုင်၊ ခြေမြန်တပ်ရင်း (၁၀၉)လားရှိုးတပ်၊ မော်လမြိုင်အရှေ့တောင်တိုင်းစစ်ဌာနချုပ်တို့တွင် ဗိုလ်ကြီးအဆင့်နှင့် ၁၉၇၂ ခုနှစ်အထိ တာဝန်

ထမ်းဆောင်ခဲ့သည်။ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးတာဝန်ထမ်း ဆောင်ခဲ့ပြီး ၁၉၈၄ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

၁၉၇၂ ခုနှစ်မှစ၍ စာပေများရေးသားခဲ့သည်။ ၁၉၉၈ခုနှစ်တွင် အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအထိ အင်းစိန်မြို့နယ် စာရေးဆရာအသင်း၏နာယကအဖြစ် တာဝန်ထမ်းဆောင်ဆဲဖြစ်သည်။

၂၀၀၀ပြည့်နှစ်တွင် မင်းဓမ္မမဂ္ဂဇင်းနှင့်ဂျာနယ် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အမျိုးသားရေး၊ ဘာသာရေး၊ လူမှုရေးဆောင်းပါး (၁၂၆)ပုဒ်နှင့် 'လောကချမ်းသာ အဘယလာဘမုနိ' ရုပ်ပွားတော်မြတ်ကြီး သမိုင်းမှတ်တမ်း ကျမ်းစာအုပ် ရေးသားထုတ်ဝေခဲ့သည်။

၂၀၀၂ခုနှစ်တွင် 'မဟာသဒ္ဓမ္မဇောတိကဓဇ' ဘွဲ့တံဆိပ်ကိုနိုင်ငံတော်မှ ချီးမြှင့်ခဲ့သည်။ ၂၀၀၅ခုနှစ် ကျန်းမာရေးဝန်ကြီးဌာန၏ ပထမအကြိမ် ခြင်းလုံးဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည်။

နေရပ်လိပ်စာ - အမှတ် (၁၃၃)၊ (၂)လမ်းမြောက်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း -၆၄၁၆၃၀



## ဆရာကြီး ဦးထွန်းအောင်ချိန်

အဖ ဒေါက်တာဘသန်းချိန်၊ အမိဒေါ်လူစီချိန်တို့က ၇-၁-၁၉၃၃ ရက်နေ့တွင် မြိတ်မြို့၌ မွေးဖွားသည်။

ပုသိမ်မြို့ စိန့်ဂျိုးဆက်ကွန်ဗင့်ကျောင်းတွင် ၁၉၄၂ ခုနှစ်မှစ၍ ပညာသင်ကြားခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် ရန်ကုန်ဗဟန်းအထက်တန်းကျောင်း၌ အဌမတန်းအထိ ပညာဆက်လက်သင်ကြားခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ပုသိမ်စကောကရင် အထက်တန်းကျောင်းမှ ဒသမတန်း အောင်မြင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူးဘွဲ့နှင့် ၁၉၅၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့တို့ ရရှိခဲ့သည်။

၁၉၅၅ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနတွင် နည်းပြ၊ လက်ထောက်ကထိကနှင့် ကထိက၊ ၁၉၆၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ မော်လမြိုင်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ် သမိုင်းဌာနနှင့် ရန်ကုန်တက္ကသိုလ် သမိုင်းဌာနတို့တွင် ကထိက၊ ၁၉၇၈ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနတွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်၊ ၁၉၉၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး၊ ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့ပြီး ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန (SEAMEO Regional Centre for History and Tradition) ညွှန်ကြားရေးမှူးတာဝန်ကိုပါ ဆောင်ရွက်ခဲ့သည်။

ရေးသားပြုစုခဲ့သော စာအုပ်များမှ Shwedagon (၁၉၉၆) (ဦးသိန်းလှိုင်နှင့်တွဲဖက်)၊ Selected Writings of Tun Aung Chain (၂၀၀၄)၊ Broken Glass: Pieces of Myanmar History (၂၀၀၄)၊ Texts and Images: Glimpses of Myanmar History (၂၀၁၁) နှင့် ဘာသာပြန်စာအုပ်များဖြစ်သော The Minami Organ (၁၉၈၁) နှင့် Chronicle of Ayutthaya (၂၀၀၅) စာအုပ်တို့ဖြစ်သည်။ Maung Yin Maung Ma Mè Ma (Myanmar Knowledge Society (၂၀၁၄) ကို ရေးသားခဲ့ရာ အမျိုးသားစာပေ၊ အင်္ဂလိပ်ဘာသာ (ရသ) စာပေဆုကို ရရှိခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် အဖွဲ့ဝင်နှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

အမည်ရင်း ဦးထွန်းအောင်ချိန်ဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် (၆)၊ အောင်သပြေလမ်း၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။



## ဆရာကြီး ဦးချစ်ညွန့် (ချစ်ညွန့်ကျော်)

အဖဦးဘဇင်၊ အမိ ဒေါ်စောကျင်တို့က ၁၂၉၉ ခုနှစ်၊ နတ်တော်လဆန်း၊ (၁၁) ရက်၊ (၁၃-၁၂-၁၉၃၇) ရက်နေ့တွင် ကချင်ပြည်နယ်၊ ဆားမော်မြို့နယ်၌ မွေးဖွားခဲ့သည်။

၁၉၄၉ ခုနှစ်တွင် အင်းစိန်အစိုးရတန်းမြင့်ကျောင်း၌ စတင်ပညာသင်ကြားသည်။ ၁၉၆၀ ပြည့်နှစ်တွင် ကျောင်းထွက်သည်။ ၁၉၆၄ ခုနှစ်တွင် မြစ်ငယ်မီးရထားတွဲပြင်ဆောက်လုပ်ရေးစက်ရုံ၌ အလုပ်ဝင်သည်။ ၁၉၇၂ ခုနှစ်တွင် လုပ်သားဂျာနယ်၌ 'ကြိုဆိုပါ၏' ဝတ္ထုတိုဖြင့် စာပေလောကသို့ ဝင်သည်။

ထို့နောက် ဂျာနယ်မဂ္ဂဇင်းများတွင် ဝတ္ထု၊ ဆောင်းပါး၊ စာညွန့်များစွာရေးသားသည်။ မင်္ဂလာမောင်မယ် တာဝန်ခံအယ်ဒီတာ၊ မှုခင်းသတင်းဂျာနယ် လက်ထောက်စာတည်း၊ သစ္စာဘာသာရေး စာစောင် အယ်ဒီတာ၊ မြတ်ဂုဏ်ရည်ဘာသာရေးစာစောင်၊ ဝိမုတ္တိဘာသာရေးစာစောင်၊ မနောသုခဘာသာရေးမဂ္ဂဇင်းများတွင် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် အင်းစိန်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်အဖြစ်

ဆောင်ရွက်ခဲ့သည်။ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် အမှတ်မှာ ၁၈၉၅ ဖြစ်သည်။

၂၀၀၄ ခုနှစ်တွင် စာပေဗိမာန်စာမူဆုအဖြစ် 'မိုးခြည်တိမ်ခြေ ပျံနှင့်ချေ" ဝတ္ထုရှည်ဖြင့် တတိယဆုရရှိခဲ့သည်။ အခြားလုံးချင်းဝတ္ထု များကိုလည်း ချစ်ညွန့်ကျော်၊ ဟိန်းအောင်ကျော်၊ ဇင်ဘဦး၊ သင်း အေးချို၊ မောင်ရွှေခေတ် စသော ကလောင်ခွဲအမည်များဖြင့် ရေး သားလျက်ရှိသည်။

နေရပ်လိပ်စာ - အမှတ် (၂၀၅) က/၄ လမ်း၊ မြို့သစ် (က+ခ) ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၇၉၅၈၂၈၈၉၁



## ဆရာကြီး ဦးကျော်ခင် (မောင်သာဆွေ-အင်းစိန်)

အဖ ဦးခင်၊ အမိဒေါ် အုန်းခင်တို့က (၁၅-၅-၁၉၃၆) တွင် အင်းစိန်မြို့၊ ကွက်သစ်ရပ်ကွက် (၁) လမ်း၌ မွေးဖွားခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ်တွင် အင်းစိန်အထက (၁)မှ (၈) တန်းအောင်နှင့် ထွက်ခဲ့ပါသည်။ (၁-၁၂-၁၉၅၄) တွင် အင်းစိန်မီးရထားစက်ခေါင်းစက်ရုံ၊ လျှပ်စစ်ဌာနတွင် အလုပ်ဝင်ရောက်ခဲ့ပြီး (၁၅-၅-၁၉၉၆) တွင် အငြိမ်းစားယူခဲ့ပါသည်။ ၁၉၅၆ မှစတင်၍ ကဗျာများရေးသားပြီး စာပေလောကသို့ ဝင်ရောက်ခဲ့ပါသည်။ မြဝတီ၊ ငွေတာရီ၊ နိုင်ငံ့ဂုဏ်ရည်၊ တကယ့်ဖြစ်ရပ်မှန်မှုခင်း၊ စစ်ပြန်၊ ဒို့ကျေးရွာနှင့် မဂ်လာမောင်မယ်တို့တွင် ကဗျာများကို စဉ်ဆက်မပြတ်ရေးသားခဲ့၊ ရေးသားနေဆဲဖြစ်ပါသည်။

နေရပ်လိပ်စာ - အမှတ် (၃/၈၈)၊ ၅ခန်းတွဲ (၃) လမ်း၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်။



ဦးထွန်းလှိုင် (စာရေးဆရာ ဒါရိုက်တာထွန်းလှိုင်)

၁၉၃၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၌ အဘ ဦးအေး၊ အမိ ဒေါ်ကြည်ကြည်တို့က မွေးဖွားခဲ့သည်။

အလုံမြို့နယ်၊ ကူရှင်ကျောင်း၊ တီတီစီနှင့် သက်ကြီးတက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် အမေရိကန်နိုင်ငံတွင် ရုပ်ရှင်ကင်မရာ သင်တန်းကို တက်ရောက်အောင်မြင်ခဲ့သည်။ နိုင်ငံတော်အစိုးရ၏ မှတ်တမ်း ကားအဖြစ် နာဂတောင်တန်း၊ နယ်ခြား၌ မိုင်ပေါင်း ၂၅၀ ခရီးတွင် မှတ်တမ်းတင် ရိုက်ကူးခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ဗြိတိသျှဘာမား ရုပ်ရှင်၌ လခစား ဓာတ်ပုံ ဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။


၁၉၅၅ ခုနှစ်တွင် မန္တလေးရုပ်ရှင်မှ ဘဝသံသရာ၊ အတွေ့နှင့် သိကြားစေသက်သေညွှန်းရုပ်ရှင်ကားများကို ကင်မရာမင်းအဖြစ် ရိုက်ကူးခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဓာတ်ပုံအကယ်ဒမီဆုကို ရခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ဒါရိုက်တာဘဝဖြင့် ရုပ်ရှင်ကား ကိုးကား ရိုက်ခဲ့သည်။ ထိုကားများတွင် သွေးကိုဖွဲ့သော မေတ္တာ၊ သီတာသောင်ခြေဦး၊ ကျွန်မချစ်သူ သူ့အကြောင်း၊ အတူနေမယ်

ပြောတဲ့မောင်၊ တတိယလူ ဇာတ်ကားများ ပါဝင်သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ရုပ်ရှင်ကောင်စီတွင် တွဲဖက်အတွင်းရေးမှူးနှင့် အယ်ဒီတာချုပ်တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် မြဝတီရုပ်မြင်သံကြား သင်တန်းအပတ်စဉ် (၁) မှ (၁၂) အထိ သင်တန်းဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ ကကပြည့်တွင် စစ်ရုံးအကြံပေး ပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ မှ ၂၀၁၂ ခုနှစ်အထိ ရုပ်ရှင်အကယ်ဒမီရွေးချယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ယဉ်ကျေးမှုတက္ကသိုလ်၌ အချိန်ပိုင်းပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှစ၍ ဆရာကြီးရွှေဥဒေါင်း၊ ဦးသုခ၊ ဆရာနှင်းဦး၊ စစ်ကိုင်း အေးလွင်တို့၏ တိုက်တွန်းချက်ဖြင့် စာပေလောကသို့ဝင်ရောက်ခဲ့ပြီး သွေးသောက်မဂ္ဂဇင်းတွင်စတင်၍ စာပေများရေးသားခဲ့သည်။

မဂ္ဂဇင်း၊ စာစောင်များ၌ ရုပ်ရှင်ဆောင်းပါးများ၊ ဘာသာပြန်များ အများအပြားရေးသားခဲ့သည်။

စာရေးဆရာအသင်းဝင်အမှတ် ၉၅၇၀ ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် (၁၅)၊ ကျောင်းလမ်း၊ အလုံမြို့နယ်။



ဆရာကြီး ဦးအောင်ချစ် (ဆရာချစ်)

၁၇-၉-၁၉၃၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်ဆိပ်ရွာနေ အဘ ဦးပေါက်ဆိန်၊ အမိ ဒေါ်မညိုတို့က မွေးဖွားခဲ့သည်။ ၎င်းရွာ မူလတန်းကျောင်းတွင် အခြေခံပညာကို သင်ကြားခဲ့သည်။ ၁၃၀၉ ခုနှစ်မှစ၍ ၎င်းရွာဘုန်းတော်ကြီးကျောင်း ပဥ္စင်း ဦးပညာဝံသထံ နက္ခတ်ဗေဒင်များသင်ကြားခဲ့သည်။ ဆရာကြီး ဦးမှဲ့ညိုထံမှ တိုင်းရင်းဆေးပညာများ သင်ကြားခဲ့သည်။ ၎င်းရွာ ကျောင်းထိုင်ဆရာတော် ဗုဒ္ဓဆုပန် ဦးဉာဏထံ ရှင်ရဟန်းအဖြစ်ဖြင့် စာပေသင်ကြား၍ ၁၃၂၀ ခုနှစ်တွင် ဓမ္မာစရိယ စာချတန်း အောင်မြင်ခဲ့သည်။ ရန်ကုန်အနောက်အုတ်ကျင်း တိုးတက်ရေးသိပ္ပံနှင့် သမိုင်းစတန်ဒက် အလွတ်ပညာသင်ကျောင်းတို့တွင် အင်္ဂလိပ်၊ မြန်မာ ၁၀ တန်းထိ သင်ကြားခဲ့သည်။ မြန်မာတိုင်းရင်းဆေး အခြေခံပညာသင်တန်းကို ၁၉၈၁ မှ ၁၉၉၆ ထိ (၄) ကြိမ်တိုင် သင်တန်းဖွင့်၍ သင်ကြားပေးခဲ့သည်။ မြန်မာနိုင်ငံ၊ တိုင်းရင်းဆေး (ဗဟို) တွင် အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ရခိုင်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌအဖြစ် ၁၉၉၂

ခုနှစ်မှစ၍ ၂၀၁၃ ခုနှစ်အထိ ပါဝင်ဆောင်ရွက်ခဲ့သည်။ ပြက္ခဒိန်ပညာကို နိုင်ငံတော်ပြက္ခဒိန် အကြံပေးအဖွဲ့ဝင် ဦးထွန်းလှနိုင် (စစ်တွေ) ဆရာကြီးထံ နည်းခံ သင်ယူခဲ့ပြီး ၁၉၈၆ မှစ၍ အနုပညာဦးစီးဌာနယဉ်ကျေးမှုမှ ခန့်အပ် ခံခဲ့ရပြီး ယနေ့တိုင် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ဝင်အဖြစ် ပြက္ခဒိန်လုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်သည်။

၁၉၇၆ ခုနှစ်တွင် စစ်တွေမြို့နယ် စာပေယဉ်ကျေးမှုအဖွဲ့ နာယကအဖြစ်ပါဝင်ပြီး ၁၉၇၇ ခုနှစ်မှစ၍ ရခိုင်ပြည်နယ်ဒေသထုတ် မဂ္ဂဇင်းများနှင့်စာစောင်များတွင် မြန်မာရခိုင် တိုင်းရင်းဆေး ဆောင်းပါးများနှင့် နက္ခတ်ဗေဒင်ဆောင်းပါး၊ ဘာသာ သာသနာရေးနှင့် သမိုင်းစာပေဆိုင်ရာစသည်များကို ယနေ့တိုင်ရေးသားဆဲ ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်၊ ရခိုင်ဆေးသဒ္ဒါကျမ်းစာအုပ်၊ ၂၀၀၉ ခုနှစ်၊ ရခိုင်သုတပဒေသာစာအုပ်၊ ၂၀၁၃ ခုနှစ်၊ မြန်မာ-ရခိုင် အင်္ဂလိပ် နှစ်တရာပြက္ခဒိန်၊ (၁၂၇၃-၁၃၇၆) (၁၉၁၂-၂၀၁၄) စာအုပ်တို့ကို ထုတ်ဝေခဲ့သည်။ ၂၀၁၃ ခုနှစ်၊ ၃၉ နှစ်မြောက် ရခိုင်ပြည်နယ်နေ့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ယဉ်ကျေးမှု ရိုးရာစာပေ၊ အနုပညာသမိုင်းကိစ္စအသီးသီးတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးခဲ့သည်။ ယခု အခါ မိသားစုများနှင့်အတူ နေထိုင်လျှက်ရှိပြီး စာပေဆိုင်ရာပညာများကို ရေးသား ပြုစုနေဆဲဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် ၉၉၊ အလယ်လမ်း၊ ရွှေပြားရပ်၊ စစ်တွေမြို့။



ဆရာကြီး ဦးသိန်းသန်းထွန်း
(သိန်းသန်းထွန်း)

အဖ မူလတန်းကျောင်းအုပ် ဦးငွေထွန်း၊ အမိဒေါ်စောတို့က ၁၉၃၂ ခုနှစ်၊ နိုဝင်ဘာ (၁၁) ရက်နေ့တွင် ပုသိမ်ခရိုင်၊ ငသိုင်းချောင်းမြို့နယ်၊ ချောင်းဝရွာ၌ မွေးဖွားသည်။

မန္တလေးတက္ကသိုလ်နှင့်သမိုင်းဌာနတို့၏ ကန်တော့ခံသမိုင်းဆရာဖြစ်သည်။ တောင်ကြီးမြို့နယ်စာရေးဆရာအသင်းနာယကဖြစ်သည်။

ယခင်က ရန်ကုန်မြို့ ဟံသာဝတီသတင်းစာ၊ လက်ထောက်အယ်ဒီတာ (၁၉၅၉-၁၉၆၂)၊ ပထမပေဖူးလွှာမဂ္ဂဇင်း အယ်ဒီတာ (၁၉၅၇-၅၈) တက္ကသိုလ်မဂ္ဂဇင်းအယ်ဒီတာ၊ တက္ကသိုလ်ကလောင်အသင်းဥက္ကဋ္ဌ (၁၉၆၁-၆၃)၊ ညောင်ရွှေမြို့နယ် ရှေးစာပေအသင်းဥက္ကဋ္ဌ (၁၉၈၀-၈၃)၊ ရှေးမြန်မာမင်းအိပ်မက်များ (၃) ကြိမ်ပုံနှိပ်၊ ဒေါက်တာသန်းထွန်းနှင့်ပူးတွဲ၍ ပင်းတယရွှေဥမင်သမိုင်း (ဂူတွင်းအမြဲရောင်း)၊ ပုဂံခေတ် ဆိုတီးက သုတေသနစာတမ်း (စာပေဗိမာန်တွင်ဖတ်)

ဝတ္ထုများ- မိုးတခွေ (၁၉၅၇)၊ မပန်ပါနဲ့ကြွေချင်တယ် (၁၆၅၈)၊ အချစ်ရူးလေးရဲ့အချစ်ဦး (၁၉၆၃)၊ ဘယ်ပန်းချီရေးလို့မှမမီ (၁၉၆၄)၊ လမင်းငယ်ငယ်အပြုံးရှင်(၁၉၆၇)၊ ဒေါက်တာအနန္တခြသေ့(၂၀၀၉)၊ မြင့်မိုရ်တောင်ထိပ်ကပန်းပွင့်လေးတွေ (ရှုမဝ ၁၆ လ အခန်းဆက်) ရှုမဝ၊ ဒဂုံ၊ ချယ်ရီ ကလျာတို့တွင် ဝတ္ထုရှည်များ။

**နေရပ်လိပ်စာ -အထက- ၂ တောင်ကြီးမြို့။**



## ဆရာကြီး ဦးဘဟိန်း (မအူပင် ဗိုဟိန်း)

၁၂၉၀ပြည့်နှစ်၊တော်သလင်းလဆန်း (၁၀)ရက် (၁၂-၉-၁၉၂၈)တွင် အဖ ဦးကျင်၊ အမိ ဒေါ်ဝင်းတို့မှ မအူပင်မြို့၌ မွေးဖွား ခဲ့သည်။

မအူပင်မြို့ အထက်တန်းကျောင်းတွင် (၁၀)တန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၅၂ ခုနှစ်မှစ၍ အထောက်တောက်သတင်းစာ၊ ဗိုလ်တထောင်၊ ကြေးမုံ၊ ပြည်ထောင်စုနေ့စဉ်၊ မဏ္ဍိုင်သတင်းစာ၊ ဗမာ့ခေတ်၊ မြန်မာ့အလင်း၊ လုပ်သားပြည်သူ့နေ့စဉ်၊ နေးရှင်းနှင့် ဂါးဒီးယန်း သတင်းစာများတွင် သတင်းထောက်တာဝန် ထမ်းဆောင်ရင်း သတင်းများရေးသားခဲ့သည်။

၁၉၆၄ ခုနှစ်တွင် 'ဝသုန်ဏ္ဍြေသက်သေညွှန်း' လုံးချင်း စာအုပ်ထုတ်ဝေခဲ့သည်။

ယခုအခါ မအူပင်မြို့နယ် စာရေးဆရာအသင်း၏ နာယက ဖြစ်ပါသည်။

**နေရပ်လိပ်စာ** - အမှတ်၂၂၊ (၅)လမ်း၊ (၅)ရပ်ကွက်၊ မအူပင်မြို့။



## ဆရာကြီး ဦးစိန်လှိုင်
## (ဆရာဦးစိန်လှိုင်-မုဒိတာ-ကျိုက်လတ်)

အဖ ဦးရဲထွန်း (သခင်ရဲထွန်း၊ လွတ်လပ်ရေး မော်ကွန်းဝင်- ပထမအဆင့်)၊ အမိ ဒေါ်ခင်ညွန့် တို့မှ ၁၂၉၅ခုနှစ်၊ နယုန်လပြည့်ကျော်(၁၃) (၂၁-၆-၁၉၃၃) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့၌ မွေး ဖွားခဲ့သည်။

ကျိုက်လတ်မြို့ S.P.G ကျောင်းတွင် မူလတန်းပညာသင်ကြားခဲ့သည်။ ကျိုက်လတ်မြို့ အထက်တန်းကျောင်းနှင့် ရန်ကုန်မြို့ ဟိုက်စကူးကျောင်းတွင် အထက်တန်းပညာကိုသင်ကြားခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် ဟိုက်စကူးဖိုင်နယ် စာမေးပွဲကို အောင်မြင်ခဲ့သည်။

ရန်ကုန်မြို့ ဟိုက်ကုတ်တရားရုံး၊ ရှေ့နေချုပ်ရုံး၌ လည်းကောင်း ဗဟိုစာတိုက်ကြီး၌လည်းကောင်း ရန်ကုန်မြို့ ကောက်ပဲသီးနှံ ရုံးချုပ်၌လည်းကောင်း၊ အောက်တန်း စာရေးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

ရန်ကုန်မြို့ ဆရာအတတ်သင် ကောလိပ်ကျောင်း၌ အလယ်တန်းပြဆရာ (အထူးသိပ္ပံ-၂ နှစ် သင်တန်း-၁၉၅၂-၁၉၅၄) ကို တက်ရောက်ပြီး၊ ကျိုက်လတ်မြို့ အထက်တန်းကျောင်း ၌ အလယ်တန်းပြသိပ္ပံဆရာအဖြစ် ၁၉၅၄ ခုနှစ်မှာ ဝင်ရောက်လုပ်ကိုင်သည်။

၁၉၅၆ ခုနှစ်တွင် အထက်တန်းပြဆရာအဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်း ခံခဲ့ရသည်။

၁၉၅၄ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ၊ အနှစ် (၃၀) ကျော်အမှုထမ်းခဲ့ပြီး အငြိမ်းစားယူခဲ့သည်။

၁၉၅၉ ခုနှစ်မှစ၍ ကျိုက်လတ်မြို့တွင် မြို့နယ်အားကစားကော်မတီ အတွင်းရေးမှူး၊ ကျိုက်လတ်မြို့ မြန်မာ့သြဘာကလပ်၏ အတွင်းရေးမှူး၊ မြို့နယ်မြန်မာစာအဖွဲ့၏ ဥက္ကဋ္ဌ၊ ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ နာယက၊ မြို့နယ်ဆန်လှူအသင်းကြီး၏ဥက္ကဋ္ဌ၊ ကျိုက်လတ်မြို့၊ သုခမေတ္တာနာရေးကူညီမှုအသင်းကြီး၏ နာယကစသည့် လူမှုရေးဆောင်ရွက်ချက်များ ပါဝင်ဆောင်ရွက်ခဲ့သည်။

အားကစားနှင့်ပတ်သက်၍ မြို့နယ်တင်းနစ်ဆပ်ကော်မတီ ဥက္ကဋ္ဌ အဖြစ်၊ ယခုထိနှစ်ပေါင်း ၅၀ ကျော် ပါဝင်ကူညီခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး တင်းနစ်လက်ရွေးစင်အဖြစ်နှင့် (၁၉၇၀ (၁၉၇၁)ခုနှစ်တွင်ရွေးချယ်ခံရပြီး၊ ထိုနှစ်က ဧရာဝတီတိုင်းဒေသကြီး ကိုယ်စား ပါဝင်ကစားခဲ့သည်။

စာပေလောကသို့ ၁၉၈၄ ခုနှစ်၌ စတင်ဝင်ရောက်ခဲ့ပြီး၊ မြို့နယ်အသင်းမှ ထုတ်ဝေသော မဂ္ဂဇင်းများ၊ အထက်တန်းကျောင်း

ကြီး၏ ရွှေရတုမဂ္ဂဇင်း ထုတ်ဝေရာတွင် ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ရေးသားခဲ့သည်၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၊ ဝေဒမဂ္ဂဇင်း၊ နရသုခိမဂ္ဂဇင်း၊ ရောင်ပြန်မဂ္ဂဇင်း၊ မဟိဒ္ဓိမဂ္ဂဇင်း၊ သိဒ္ဓိမိုးမဂ္ဂဇင်းနှင့် သူရဋ္ဌမဂ္ဂဇင်း များတွင် ဆောင်းပါးများ ပါဝင်ရေးသားခဲ့ရာ ဆောင်းပါးပေါင်း (၃၅၀) ကျော်ရေးသားခဲ့သည်။

ယနေ့ထိ သိဒ္ဓိမိုးမဂ္ဂဇင်းနှင့် သူရဋ္ဌမဂ္ဂဇင်းများမှာ ပင်တိုင်ဆောင်းပါးရှင်အဖြစ် ရေးသားလျက်ရှိသည်။ HOT NEWS ဂျာနယ်နှင့် မြန်မာ့သံတော်ဆင့် ဂျာနယ်များတွင်လည်း သတင်းများ၊ ဆောင်းပါးများကို ရေးသားလျက်ရှိသည်။

ပညာရွှေတောင်စာအုပ်တိုက်မှ 'လိုသူများသုံးစေဖို့ ကောင်းကျိုးဖြာဝေ' အမည်နှင့် စာအုပ်ကိုထုတ်ဝေခဲ့ပါသည်။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်အမှတ်မှာ (၆၆၁၂) ဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ကျိုက်လတ်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဥက္ကဋ္ဌတာ ဝန်ထမ်းဆောင်၍ စတုတ္ထအကြိမ်၊ ပဥ္စမအကြိမ်စာပေညီလာခံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပြီး၊ ယနေ့ထိ ကျိုက်လတ်မြို့နယ် စာရေးဆရာအသင်း၏ ဥက္ကဋ္ဌအဖြစ် စာပေတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

နေရပ်လိပ်စာ - (၃)လမ်း၊ အမှတ်(၂) ရပ်ကွက်၊ကျိုက်လတ်မြို့။ ဖုန်း-၀၉-၄၂၂၄၅၃၇၂၂

## ၁၃၇၇–၁၃၇၈ ခုနှစ်
## သက်ကြီးကန်တော့ခံပညာရှင်များအနက်
## ကွယ်လွန်သူများစာရင်း

| စဉ် | အမည်/ကလောင်အမည် | မြို့နယ် | ကွယ်လွန်သည့်ရက် |
|---|---|---|---|
| ၁။ | ဒေါ်ရင်ရင်မော် (ရင်ရင်မော်)အာမခံ | မြောက်ဒဂုံ | ၁၇–၅–၂၀၁၆ |
| ၂။ | ဦးမြတ်ဦး (မြတ်ဦး) | တောင်ကြီး | ၁၅–၁၂–၂၀၁၄ |
| ၃။ | ဦးမြင့်ဦး (မောင်လင်းယုန်–ရှမ်းပြည်) | အင်းစိန် | ၂၆–၂–၂၀၁၆ |
| ၄။ | ဦးစန်းမောင် (မုံရွာစန်းမောင်) | မုံရွာ | –၆–၂၀၁၆ |
| ၅။ | ဦးချစ်ဆွေ (မေမြို့ချစ်ဆွေ) | ပြင်ဦးလွင် | –၄–၂၀၁၆ |
| ၆။ | ဦးဝမ်းတင် (ဟသ်ာ) | မုံ | ၁–၁–၂၀၁၆ |
| ၇။ | ဦးလှမြင့် (ကေသီပန်ဦးလှမြင့်) | စမ်းချောင်း | ၁၁–၇–၂၀၁၆ |
| ၈။ | ဒေါ်စုစု (စုစု–တပေဗိမာန်) | ဒဂုံ | ၂၈–၇–၂၀၁၆ |
| ၉။ | ဦးချစ်ဆွေ (နောင်စစ်သည်) | ဗဟန်း | ၂၈–၁၂–၂၀၁၅ |
| ၁၀။ | ဦးတင်ဦး (သခင်တင်ဦး) | မရမ်းကုန်း | ၁၀–၁၂–၂၀၁၅ |
| ၁၁။ | ဒေါ်ရီရီတင့် (နှင်းမှုံရီ) | မြောက်ဥက္ကလာပ | ၁၀–၅–၂၀၁၆ |
| ၁၂။ | ဦးခင်မောင် (ဓမ္မာစရိယဦးခင်မောင်) | မြောက်ဥက္ကလာပ | –၅–၂၀၁၆ |
| ၁၃။ | ဦးလှကြိုင် (ရဲဘော်လှမျိုး) | ရာပုံ | ၂၀–၅–၂၀၁၅ |
| ၁၄။ | ဦးမောင်မောင်ခင် (တက္ကသိုလ်မောင်မောင်ခင်) | စမ်းချောင်း | ၂၀၁၆ |
| ၁၅။ | ဦးလှမိုး (လှမိုး–ပညာရေး) | စမ်းချောင်း | ၂၀၁၆ |
| ၁၆။ | ဒေါ်တင်မျိုးနွယ် | လမ်းမတော် | ၃၀–၅–၂၀၁၆ |
| ၁၇။ | ဦးခင်မောင်ဇော် (တက္ကသိုလ်ခင်မောင်ဇော်) | ကမာရွတ် | ၂၀၁၆ |
| ၁၈။ | ဦးကျောင်း (ချစ်လှ) | စစ်ကိုင်း | ၁၃–၁၁–၂၀၁၆ |

## ၁၃၇၈ ခုနှစ် အတွက်
## သက်ကြီးကန်တော့ခံပညာရှင်များ
## အသစ်တင်ပြမှုစာရင်း

| စဉ် | အမည်/ကလောင်အမည် | မြို့နယ် |
|---|---|---|
| ၁။ | သရက်မသက်ဆွေ (ယုဝတီကလောင်ရှင်သက်မူ) | သယ်န်းကျွန်း |
| ၂။ | ခုတိယဗိုလ်မှူးကြီးဖေမြိမ်း (မြိမ်း)ကျော်စေတန် | သယ်န်းကျွန်း |
| ၃။ | ဦးရဲခွေး | သယ်န်းကျွန်း |
| ၄ | ဦးတင်ထွန်း ဒေါက်တာတင်ထွန်း(သထုံတင်ထွန်း) | ကမာရွတ် |
| ၅ | ဦးအောင်ဇေယျ (ညေဝတီအောင်ဇေယျ) | သန်လျင် |
| ၆ | ဦးတန်ညွှန့် (ရှင်စိုးမိုး) | ရန်ကင်း |
| ၇ | ဦးမြင့်ဆွေ (မြတ်လင်းဆွေ) | ရန်ကင်း |
| ၈ | ဒေါ်နီနီ (နီနီ –ဗလစ) | ရန်ကင်း |
| ၉ | ဦးတင်အေး (တောင်တွင်းတင်အေး) | ရန်ကင်း |
| ၁၀ | ဦးစိုးဝင်း (မှော်ဝန်းဝင်းမြတ်) | ကျောက်တန်း |
| ၁၁ | ဦးသက်ဆွေ (ရွှေဆောင်တင်ဆွေ) | မင်္ဂလာတောင်ညွန့် |
| ၁၂ | ဦးလှမြင့် (မောင်မတာ) | မင်္ဂလာတောင်ညွန့် |
| ၁၃ | ဦးမြဒင် (နှစ်တစ်ရာကိုသံချောင်း) | သာကေတ |
| ၁၄ | ဦးထွန်းရီ (ထွန်းရီ –ရွှေးဟောင်းသုတေသီ) | သာကေတ |
| ၁၅ | ဦးစိုးပိုင် (စိုးပိုင်–ကညွတ်ကွင်း) | ရွှေပြည်သာ |
| ၁၆ | ဒေါက်တာခင်မောင်ဆွေ (တက္ကသိုလ်မောင်သချာ) | တာမွေ |
| ၁၇ | ဦးတင်မြင့် (လူအောင်) | ဒေါပုံ |
| ၁၈ | ဦးသိန်းအောင် (သိန်းအောင်–ဗာရာဏသီ) | အုံ (မြောက်) |
| ၁၉ | ဦးကျော်သန်း (ကျော်သန်း–တိုင်းရင်းဆေး) | အုံ (မြောက်) |
| ၂၀ | ဦးလွင်ထွန်း (ကျော်ထက်ထွန်း) | အုံ (မြောက်) |
| ၂၁ | ဦးချစ်ညွန့် (ချစ်ညွန့်ကျော်) | အင်းစိန် |

| | | |
|---|---|---|
| ၂၂ | ဦးကျော်ခင် (မောင်သာချော–အင်းစိန်) | အင်းစိန် |
| ၂၃ | ဦးလှရွှေ (လှရွှေ–လှည်းကူး) | လှည်းကူး |
| ၂၄ | ဦးညိန်းထွေး (သိပ္ပံညိုထွေး) | မင်္ဂလာဒုံ |
| ၂၅ | ဦးခင်မောင်သန်း (ခင်မောင်သန်း–ရွှေဆောင်) | တောင်ဥက္ကလာ |
| ၂၆ | ဦးစောလွင် (ရွှေသို စောလွင်) | တောင်ဥက္ကလာ |
| ၂၇ | ဦးစောစိန် (ကဗ္ဗတိန်–သာစိန်) | တောင်ဥက္ကလာ |
| ၂၈ | ဦးလှကြွယ် (တက္ကသိုလ်လှကြွယ်) | ပုဇွန်တောင် |
| ၂၉ | ဦးကျော်သောင်း (ကျော်သောင်း–ဘုတလင်) | မှော်ဘီ |
| ၃၀ | ဦးအောင်ခန့် (ဝဏ္ဏသိရိ) | မှော်ဘီ |
| ၃၁ | ဦးရွှေသန်း (ရွှေသန်း –ကန်တော်) | ပဲခူး |
| ၃၂ | ဦးလှမြင့် (တက္ကသိုလ်လှမြင့်) | ပျဉ်းမနား |
| ၃၃ | ဒေါက်တာမင်းသိမ်း (ဒေါက်တာမင်းသိမ်း–မျက်စိ) | မင်္ဂလာတောင်ညွန့် |
| ၃၄ | ဗဟိုသိမ်းဆောင် (ဗဟိုသိမ်းဆောင်) | ဒဂုံ (မြောက်) |